
WILBUR SMITH
GOLD
ရွှေ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုအမှတ် - ၆၁၀/ ၂၀၀၄ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၇/ ၂၀၀၄ (၆)

❒

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - အောက်တိုဘာလ၊ ၂၀၀၄ခုနှစ်။
အုပ်ရေ - (၃၀၀၀)

❒

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❒

မျက်နှာဖုံးမန်းချီ
တင်မောင်မျိုး

❒

တန်ဖိုး
၁၈၀၀ ကျပ်

[၁]

အခန်းထောင့်တွင်ရှိသော လျှပ်စစ်ပန်ကာက လေမုန်တိုင်းတိုက်သလို လေတဟူးဟူး ထွက်အောင် မှုတ်ထုတ်ပေးနေသည့်တိုင်အောင် ရောဒ်အိုင်းရွှန်းဆိုက်ဒ်၏ ရုံးခန်းထဲတွင် ပူလောင်လောင် အိုက်စပ်စပ်ကြီး ဖြစ်နေသည်။

ရောဒ်သည် စားပွဲစွန်းတွင် တင်ထားသော ရေခဲရေဘူးကို လက်နှင့်လှမ်းကိုင်လိုက်၏။ သို့ရာတွင် ရေခဲရေဘူးကို လက်ဖျားကလေးများက မထိတွေ့ရသေးမီ ရေခဲရေဘူးသည် တုန်ခါပြီး လွတ်ထွက်သွားသောကြောင့် သူ လက်ရှုံ့သွားမိသည်။ သတ္တုနှင့် ပြုလုပ်ထားသော ရေခဲရေဘူးသည် စားပွဲပေါ်တွင် လိမ့်သွားသလို စားပွဲပေါ်ရှိနေသော စာရွက်စာတမ်းများပင် တရှဲရှဲမြည်၍ လှုပ်ခါသွားအောင် စားပွဲခုံသည်ပင်လျှင် လှုပ်ခါသွားလေသည်။ အခန်းနံရံများ တုန်ခါသွားကြသောကြောင့် ပြတင်းပေါက်မှန်များလည်း တချွမ်ချွမ်မြည်အောင် တုန်ခါသွားကြသည်။ ထိုကဲ့သို့ တုန်ခါမှုသည် လေးစက္ကန့် ကြာမြင့်သည်။ ထို့နောက် ငြိမ်ကျသွားတော့သည်။

"ဘုရားသခင်ကယ်တော်မူပါ"

ရောဒ်က ရေရွတ်လိုက်ပြီး စားပွဲပေါ်၌ရှိနေသော တယ်လီဖုန်းသုံးလုံးအနက် တယ်လီဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်၏။

"အခုပြောနေတာ မြေအောက်မန်နေဂျာပါ။ ကိုယ့်ကို ကျောက်သားသုတေသနဌာနနဲ့ ခပ်မြန်မြန် ဆက်ပေးစမ်းပါ"

ရောဒ်သည် တယ်လီဖုန်း ဆက်သွယ်ပေးမည့် အချိန်ကို စောင့်နေရစဉ် စိတ်မရှည်နိုင်သောကြောင့် စားပွဲကို လက်ချောင်းများနှင့် တဒေါက်ဒေါက်ခေါက်

နေသည်။ ရုံးခန်း နှစ်ခန်းအကြား၌ ရှိနေသော တံခါးသည် ပွင့်လာပြီး ဒီမီထရီ၏ ဦးခေါင်းသည် တံခါးရွက်နောက်မှ ပြူထွက်လာ၏။

"ရောဒ်၊ ခင်ဗျားကော သတိထားလိုက်မိသလား။ ဒီတစ်ခေါက် တော်တော်ဆိုးတာပဲ"

"ငါ သတိထားလိုက်မိတယ်"

ဤတွင် သူ့နားရွက်နားမှ တယ်လီဖုန်းစကားပြောခွက်က မြည်လာတော့သည်။

"ဒေါက်တာ ဝက်ဆာယ်ပါ"

"ပီတာ ကျုပ် ရောဒ်ပါ၊ ခင်ဗျား အဲဒါကို ရှာလို့ တွေ့ပြီလား။

"ကျုပ် အဲဒီနေရာကို ခုထက်ထိ ရှာလို့ မရသေးဘူး၊ ခင်ဗျား တစ်မိနစ် လောက် ကိုင်ထားပေးနိုင်မလား"

"ကျုပ် စောင့်ပါမယ်"

ရောဒ်သည် စိတ်မရှည်မှုကို ချုပ်တည်းထားလိုက်၏။ ကျောက်သားသုတေသနဌာနရှိ ရုပ်တွေးမြေ့လိုလှသော အီလက်ထရွန်းနစ် ကိရိယာများကို ဖတ်ရှု၍ အဓိပ္ပာယ်ဖော်နိုင်သူမှာ ဒေါက်တာပီတာဝက်ဆာယ် တစ်ဦးတည်းသာ ရှိကြောင်း သူ သိပါသည်။ ထိုကျောက်သား သုတေသနဌာနသည် ရွှေတူးဖော်ကြသော ကုမ္ပဏီကြီး လေးခုက ဖက်စပ်တည်ထောင်ထားသော သုတေသနဌာန ဖြစ်ပေသည်။ ထိုဌာနသည် ဗိအားဒဏ်ကို ခံနေရသော ကျောက်သားထု၏ တုန့်လှုပ်မှုကို တိတိကျကျ စုစမ်း ထောက်လှမ်းနိုင်ရန် ကုမ္ပဏီကြီး လေးခုက ရန်းငွေနှစ်သိန်းခွဲ အကုန်အကျခံ၍ တည်ဆောက်ထားသော သုတေသနပင် ဖြစ်သည်။ သူတို့က ထိုသုတေသန ဓာတ်ခွဲခန်းကို ဆွန်ဒါဒစ်၌ ရွှေတူးဖော်ရေးကုမ္ပဏီက ငှားရမ်းထားသော မြေပေါ်၌ ဆောက်လုပ်ရန် ရွေးချယ်ခဲ့ကြသည်။ ယခု ဒေါက်တာဝက်ဆာယ်သည် ပေ,ထောင်ပေါင်းများစွာ နက်သော မြေကြီးထဲ၌ မြှုပ်ထားသည့် မိုက်ခရိုဖုန်းများနှင့် တိပ်ရီကော်ဒါများ၊ ဂရပ်ဖ်နှင့် ပုံဖော်သောစက်များတို့၏ အကူအညီဖြင့် မြေအောက်မှ တုန်လှုပ်သွားသည့် နေရာကို အတိအကျ ဖော်ထုတ်နိုင်အောင် ရှာဖွေနေလေပြီ။

နောက်ထပ် တစ်မိနစ် ကုန်ဆုံးသွားသောအချိန်တွင် ရောဒ်သည် ဆုံလည်ကုလားထိုင်ကို လှည့်လိုက်ပြီးနောက် ပြတင်းပေါက်မှန်မှတစ်ဆင့် အထပ်ဆယ်ထပ် လောက်မြင့်သော အမှတ်တစ် တွင်းထိပ်မှ ဟက်ဒ်ဂီယာ မျှော်စင်ကြီးကို ငေး

ကြည့်နေသည်။

"ပြောပါတော့ ပီတာရယ်၊ မြန်မြန်ပြောပါတော့"

ရောဒ်က သူ့ကိုယ်သူ တိုးတိုးကလေး ရေရွတ်နေသည်။

"မြေကြီးထဲမှာ ကျုပ် ရဲဘော်တွေ တစ်သောင်း နှစ်ထောင်တောင် ရှိနေတယ်ဗျ"

တယ်လီဖုန်းစကားပြောခွက်ကို နားရွက်၌ ကပ်ထားရင်းကပင် ရောဒ်သည် လက်ပတ်နာရီကို လှမ်းကြည့်လိုက်၏။

"နှစ်နာရီခွဲ"

သူက ရေရွတ်လိုက်သည်။

"အဆိုးဝါးဆုံး အချိန်ပိုင်းပဲ၊ သူတို့အားလုံး တူးနေဆဲ လိုဏ်ခေါင်းတွေထဲမှာပဲ ရှိကြလိမ့်ဦးမယ်"

ရောဒ်သည် တစ်ဖက်မှ စကားပြောခွက်အား ကောက်ယူလိုက်သံကို ကြားလိုက်ရသည်သာမက ဒေါက်တာပီတာဝက်ဆာယ်၏ အသံကိုပါ ကြားလိုက်ရသည်။ ဒေါက်တာ့အသံသည် တောင်းပန်တိုးလျှိုးသံ ပေါက်နေသည်။

"ရောဒ်လား"

"ဟုတ်ပါတယ်"

"ဆောရီးပဲ ရောဒ်၊ မင်းတို့ဆီက ဖြစ်တာပဲ၊ ပေ ၉၅၀၀ အနက်က ရှူးဂါးဆဲတင်းချာလီတူး ဆက်တာမှာ အဆင့်ခုနစ်ရှိတဲ့ တုန်လှုပ်မှုတစ်ခု ဖြစ်သွားခဲ့တယ်။

"ဘုရား...ဘုရား"

ရောဒ်သည် စကားပြောခွက်ကို ပြန်ဆောင့်ချလိုက်၏။ သူသည် သူ့စားပွဲမှ ဖြုန်းကနဲ ထလိုက်သလို သူ့မျက်နှာထားကလည်း တင်းမာနေသည်။

"ဒီမီထရီ"

ရောဒ်သည် တံခါးဝ၌ပင် ရှိနေသေးသော သူ့လက်ထောက်အား လှမ်း ခေါ်လိုက်၏။

"ငါတို့က သူတို့လှမ်းခေါ်တဲ့အထိ စောင့်မနေနိုင်ဘူး။ ခုကိစ္စက အရေး အကြီးဆုံး အရေးပေါ်ကိစ္စ၊ ခုကိစ္စက အဆင့်ခုနစ်ရှိတဲ့ မြေငလျင်၊ ပေ ၉၅၀၀ က အရှေ့ဘက် နံရံရှည်အလယ်ခေါင်လောက်မှာ ဖြစ်နေတာ"

"ဖြစ်မှဖြစ်ရလေ"

ဒီမီထရီသည် သူ့ရုံးခန်းထဲသို့ ပြန်ပြေးဝင်သွားတော့သည်။ ဒီမီထရီသည် အရေးပေါ်ချိန်တွင် ဆက်သွယ်ရမည့် နေရာများအား ဆက်တိုက် ဆက်သွယ်နေသံကို ရော့ဒ် ကြားနေရသည်။

"သတ္တုတွင်းဆေးရုံ… အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ …လေသန့်စင်ရေး အင်ဂျင်နီယာချုပ်…ဂျင်နရယ်မန်နေဂျာ၏ ရုံးခန်း"

ရော့ဒ်၏ ရုံးခန်းတံခါး ပွင့်လာသောကြောင့် ရော့ဒ်က တံခါးပေါက်ဘက်သို့ ပြန်လှည့်လိုက်ချိန်တွင် ရော့ဒ်၏ လျှပ်စစ်အင်ဂျင်နီယာ ဂျင်နီပေတာဆန်သည် အခန်းထဲသို့ ဝင်လာတော့သည်။

"ကိုယ်လည်း သတိထားလိုက်မိတယ် ရော့ဒ်၊ ဘယ်လိုအခြေအနေမျိုးလဲ"

"ဆိုးတယ်"

ရော့ဒ်က ဖြေလိုက်၏။ ထို့နောက် လိုင်းမန်နေဂျာများသည် အခန်းထဲသို့ တိုးတိုးဖော့ဖော့ ဝင်လာကြပြီး စီးကရက်များကို မီးညှိရင်း စကားကို ခပ်တိုးတိုးပြောရင်း၊ ခပ်တိုးတိုးချောင်းဆိုးရင်း၊ အငြိမ်မနေနိုင်ကြဘဲ ကြမ်းပြင်ပေါ်တွင် ခြေထောက်ကို ဟိုဟိုဒီဒီ ရွှေ့ရင်း ရော့ဒ်၏ စားပွဲပေါ်မှ အဖြူရောင် တယ်လီဖုန်းကိုသာ စိုက်ကြည့်နေကြသည်။ မိနစ်များသည် ပက်ကျိလမ်းလျှောက်နေသလို နှေးကွေးစွာ ကုန်ဆုံးသွားသည်။

"ဒီမီထရီ"

စိတ်မသက်မသာ ဖြစ်နေရမှုကို လျော့ပါးသွားစေလိုသောကြောင့် ရော့ဒ် က လှမ်းအော်လိုက်၏။

"တွင်းဝမှာ ဓာတ်လှေကားတစ်ခုကို စောင့်ခိုင်းထားပြီးပြီလား"

"သူတို့က ကျုပ်တို့အတွက် 'မေရီအန်း'ကို စောင့်ခိုင်းထားပါတယ်"

"ကျုပ်က အဆင့် ၉၅ က ဓာတ်အားမြင့် ဓာတ်ကြိုးကို စစ်ဆေးဖို့ လူငါးယောက်ကို ခိုင်းထားပါတယ်"

ဂျင်နီပေတာဆန်က ပြောလိုက်၏။ သို့ရာတွင် အားလုံးက သူပြောသည့် စကားကို နားမထောင်ကြချေ။ အဖြူရောင်တယ်လီဖုန်းကိုသာ စိုက်ကြည့်နေသည်။

"မင်း တို့ဆရာကို ရှာလို့ တွေ့ပြီလား ဒီမီထရီ"

ရော့ဒ်က မေးလိုက်ပြန်သည်။ ရော့ဒ်သည် သူ့စားပွဲရှေ့၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူသည် အခြားသူများနှင့် ယှဉ်၍ရပ်လိုက်

သည့်အခါကျမှ သူ အရပ်ရှည်ကြောင်းကို သိကြရတော့သည်။

"သူက အောက်ဘက် တွင်းထဲမှာ ရှိနေတယ် ရော့ဒ်၊ သူ နေ့လယ်ဆယ့်နှစ်နာရီခွဲက အောက်ကို ဆင်းသွားတယ်"

"သူက ငါ့ကို ပြန်ဆက်သွယ်ပါလို့ အောက်မှာရှိတဲ့ ဌာနတိုင်းကို လှမ်း အကြောင်းကြားထားလိုက်"

"ကျုပ် အကြောင်းကြားထားပြီးပါပြီ"

အဖြူရောင် တယ်လီဖုန်းက မြည်လာလေပြီ။

ရော့ဒ်၏ တောင့်တင်းနေသော နာဗ်ကြောများ တုန်လှုပ်သွားအောင် တယ်လီဖုန်းက တစ်ကြိမ်သာ စူးစူးရှရှ မြည်လိုက်ရသည်။ ရော့ဒ်သည် စကားပြောခွက်ကို ကောက်ကိုင်ပြီး နားနှင့် ကပ်ထားလိုက်၏။ ရော့ဒ်က ပြောလိုက်သည်။

"မြေအောက် မန်နေဂျာပါ"

စကားပြောခွက်ထဲမှ စကားသံ ပေါ်မလာဘဲ ငြိမ်ကျသွားသည်။ တစ်ဖက်မှ ပုဂ္ဂိုလ်သည် အသက်ကို ပြင်းထန်စွာ ရှူနေရကြောင်း သူ ကြားနေရသည်။

"ပြောစမ်း ကိုယ့်လူ၊ မင်းပြောချင်တာ ဘာလဲ"

"ခေါင်မိုးကြီးတစ်ခုလုံး ပြိုကျလာတာဗျ"

ထိုအသံက ပြောလိုက်၏။ ထိုသူ၏ အသံတွင် ကြောက်စိတ်နှင့် ဖုန်မှုန့်များကြောင့် လည်ချောင်းသံ ပေါက်နေသည်။

ရော့ဒ်က မေးလိုက်၏။

"မင်း အခု ဘယ်က ပြောနေတာလဲ"

ထိုအသံက ဖြေသည်။

"သူတို့ အဲဒီအထဲမှာပဲ ရှိနေကြသေးတယ်၊ အသံကုန် အော်ဟစ်နေကြတယ်၊ ကျောက်ခဲတွေအောက်က အရမ်းအော်နေကြတယ်"

"မင်းတို့က ဘယ်နေရာမှာလဲ"

သွေးပျက်နေသော ထိုပုဂ္ဂိုလ် သတိပြန်ရလာစေရန် ရော့ဒ်က သူ့အသံကို မာကျောကျောဖြစ်အောင် တမင် ကြိုးစား၍ ပြောလိုက်သည်။

"အဲဒီ အမိုးကြီးတစ်ခုလုံး ပြိုကျလာတာဗျ၊ တစ်ခုလုံး ပြိုကျလာတာ"

"မင်း တော်တော်ညံ့တဲ့ အကောင်ပဲ၊ မင်း ဒီလောက်တောင် ညံ့ရသလားကွ"

ရောဒ်က တယ်လီဖုန်းစကားပြောခွက်ထဲသို့ အော်ပြောလိုက်၏။

“မင်းရှိတဲ့နေရာ ငါ့ကို ပြောစမ်း”

ခေတ္တမျှ ငြိမ်ကျသွားသည်။ ထို့နောက် ထိုပုဂ္ဂိုလ်သည် အဆဲခံလိုက်ရသောကြောင့် ဒေါပွသွားပြီး ပို၍ တည်ငြိမ်မှုရှိလာသော သူ့အသံကို ကြားရတော့သည်။

အဆောင် ၉၅၊ ပင်မ သယ်ယူရေးလိုဏ်ခေါင်း၊ ဆက်ရှင် လေးဆယ့်သုံး၊ အရှေ့ဘက် နံရံရှည်”

“ငါတို့ လာခဲ့မယ်”

ရောဒ်သည် စကားပြောခွက်ကို ပြန်တင်လိုက်ပြီးနောက် အဝါရောင် ဖိုင်ဘာဦးထုပ်နှင့် မီးခွက်တို့ကို စားပွဲပေါ်မှ ကောက်ယူလိုက်သည်။

“ဆက်ရှင် လေးဆယ့်သုံး၊ ခေါင်မိုးပြိုကျတယ်”

သူက ဒီမီထရီအား လှမ်းပြောလိုက်သည်။

“အသေအပျောက် ရှိသလား”

ထိုဂရိခ်လူမျိုးက မေးလိုက်သည်။

“သေချာတာပေါ့၊ ကျောက်ခဲတွေ အောက်က အော်ဟစ်နေတဲ့ လူတွေ ရှိတယ်လို့ ပြောတာပဲ”

ရောဒ်က ဦးထုပ်ကို ဆောင်းလိုက်၏။

“အပေါ်ဘက်မှာ မင်းပဲ ဆက်တာဝန်ယူလိုက် ဒီမီထရီ”

❐

[၂]

တွင်းထိပ်သို့ ရောက်ချိန်တွင် ရောဒ်သည် အဖြူရောင် အလုပ်သမားဝတ်စုံရှေ့ဘက်မှ ကြယ်သီးများကို တပ်နေရဆဲပင် ဖြစ်သည်။ သူသည် ဝင်ပေါက်၏ အထက်ဘက်၌ ရှိနေသော စာတန်းကို အလိုအလျောက် ဖတ်လိုက်မိ၏။

အမြဲ သတိရှိပါ။ အသက်ရှင်အောင် ကြိုးစားပါ။ သင်၏ ပူးပေါင်း

ကူညီမှုဖြင့် ဤသတ္တုတွင်းသည် အသေအပျောက်ကင်းသော ရက်ပေါင်း ဆယ့်ခြောက်ရက်အထိ အလုပ် လုပ်နိုင်ခဲ့သည်။

“ငါတို့က အဲဒီကိန်းဂဏန်းကို ပြောင်းပစ်ရတော့မှာပဲ”ဟု ရောဒ်က မကြည်မသာနှင့် တွေးလိုက်၏။

‘မေရီအန်း’ စောင့်နေပါသည်။ ထိုဓာတ်လှေကား အခန်းကလေးထဲတွင် အရေးပေါ် သူနာပြုတပ်ဖွဲ့ဝင်များ၊ အရေးပေါ် တူးဖော်ရေး အဖွဲ့ဝင်များနှင့် ပြည့်ကျပ်နေသည်။ ‘မေရီအန်း’ ဆိုသည်မှာ ဝန်ထမ်းများကို တွင်းထဲသို့ ပို့ပေးခြင်း၊ အပေါ်သို့ ပြန်တင်ပေးခြင်း စသော ကိစ္စများတွင် သုံးစွဲသည် ဓာတ်လှေကားအိမ်ကလေး ဖြစ်သည်။ မေရီအန်းက လူလေးဆယ်ကိုသာ သယ်ပို့ပေးနိုင်ချိန်တွင် တခေါက်တခေါက်၌ လူတစ်ရာနှစ်ဆယ်အထိ သယ်ပို့ပေးနိုင်သော ပို၍ ကြီးမားသည့် ဓာတ်လှေကားအိမ်နှစ်ခု ရှိပါသည်။ သို့ရာတွင် ယခုကိစ္စ၌ မေရီအန်းနှင့်သာ လုံလောက်ပါသည်။

“ကဲ၊ သွားကြရအောင်”

ဓာတ်လှေကားအိမ်ထဲသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ရောဒ်က ပြောလိုက်ရာ ဓာတ်လှေကားမောင်းသူက ဘီးတပ်ထားသော သံမဏိတံခါးကို ဆွဲပိတ်လိုက်လေတော့သည်။ ဓာတ်လှေကားမှ အချက်ပေး ခေါင်းလောင်းသည် တစ်ကြိမ် နှစ်ကြိမ်သာ မြည်ပြီး မေရီအန်းသည် အောက်ဘက်သို့ ဆင်းသက်စပြုတော့သည်။ ရောဒ်၏ ဝမ်းဗိုက်ထဲတွင် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်လာသည်။ သူတို့သည် မှောင်နေသောအောက်ဘက်သို့ တစ်ဆက်တည်း တောက်လျှောက် ဆင်းသွားကြသည်။ ဓာတ်လှေကားအိမ်သည် လှုပ်ခါနေသည်သာမက တကျည်ကျည်မြည်နေသလို ဓာတုဗေဒနည်းနှင့် လေကို ပို၍ သန့်စင်အောင် ပြုလုပ်ထားသောကြောင့် လေကို ရှူရသည့် အရသာကပါ ပြောင်းလဲသွားသည်။ အပူဓာတ်ကလည်း ပို၍ များပြားလာသည်။

ရောဒ်သည် သံလှောင်အိမ်၏ နံရံကို မှီရင်း လက်ပြင်ကို ကုန်း၍ ခပ်ခွေခွေ မတ်တတ်ရပ်နေသည်။ ဓာတ်လှေကားအိမ်မှာ အမိုးအထိ ခြောက်ပေ နှင့်သုံးလက်မသာ မြင့်သည်။ သို့ရာတွင် ဖိုင်ဘာခမောက်ကို ဆောင်းထား သော ရောဒ်၏ အရပ်သည် ထိုလှောင်အိမ်ထက် ပိုမြင့်နေသည်။ ‘ဒီကနေ့ မရောဂါ တရားက တို့ကို အလဲထိုးသွားပြန်ပြီ’ဟု ရောဒ်က ဒေါပွပွနှင့် တွေးလိုက်၏။

ထိုကဲ့သို့ မြေပြိုကျသောကြောင့် သေကြေပျက်စီးမှုဖြစ်ရသည့်အခါတိုင်း

ရောဒ်သည် အကြီးအကျယ် ဒေါပွလေ ရှိသည်။ အင်မတန် နက်ရှိုင်းသော မြေအောက်၌ ရှိသည် 'ဝစ်ဝါးတား စထရန်း'[၁] ခေါ် အနည်ကျသဲကျောက်မှ သတ္တုတူးဖော်ခဲ့ကြသော နှစ်ပေါင်းခြောက်ဆယ်ကာလအတွင်း လူသားတို့သည် သူတို့ရရှိခဲ့သည် အတွေ့အကြုံများနှင့် ကြံရည်ဖန်ရည်များအပေါ်တွင် မူတည်၍ သွေးထွက်နည်းအောင် တတ်နိုင်သမျှ ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် ပေ ရှစ်ထောင်ထက် ပို၍ နက်ရှိုင်းသော မြေအောက်သို့ ဆင်း၍ တူးဖော်နေကြသည် သာမက လစဉ်တန်ချိန် နှစ်သိန်းခွဲရှိသော ကျောက်သားထုကို အပေါ်သို့ သယ်ထုတ်နေကြသောကြောင့် မြေအောက်တွင် ပေထောင်ပေါင်းများစွာ ရှည်လျားသည် အမိုးခပ်နိမ့်နိမ့် ဥမင်လိုဏ်ခေါင်းများကို ဖြစ်ပေါ်စေလျက်ရှိရာ ကျောက်သားထု၏ ဖိအားသည် တစ်နေရာရာ၌ လာ၍ ဆုံမိချိန်တွင် မခံနိုင်တော့ဘဲ ကျိုးပဲ့သည် အနေအထားသို့ ရောက်ရှိပြီး ပြိုကျလေတော့သည်။ ထိုအချိန်မျိုးတွင် 'လူသေ' လေ ရှိပါသည်။

ဓာတ်လှေကားအိမ်သည် မီးရောင်များ ထိန်နေအောင် ထွန်းထားသော အဆင့် ၆၆ မှ 'စခန်း' ရှေ့၌ ရပ်တန့်လိုက်၏။

သူတို့သည် ဤအဆင့်တွင် ပင်မတွင်းဝကြီးဆီမှ ဒုတိယပင်မတွင်းဝဆီသို့ ကူးပြောင်း၍ ဓာတ်လှေကားစီးကြရမည် ဖြစ်ပေသည်။ ဓာတ်လှေကားတံခါးသည် တဒေါက်ဒေါက်မြည်၍ ပွင့်သွားလေရာ ရောဒ်သည် ဓာတ်လှေကားထဲမှ ထွက်ခဲ့ပြီး မီးရထား ဥမင်လိုဏ်ခေါင်းကြီးလောက် ကြီးမားသော ပစ္စည်းသယ်ယူရေး ပင်မလိုဏ်ခေါင်းကြီးအတိုင်း ဆက်လျှောက်သွားသည်။ ထိုပစ္စည်းသယ်ယူရေး ပင်မလိုဏ်ခေါင်းကြီးကို ကွန်ကရစ်လောင်း၍ ဆေးဖြူသုတ်ထားသည်သာမက ခေါင်မိုးတစ်လျှောက်တွင် မီးလုံးများကို စီ၍ ထိန်နေအောင် ထွန်းညှိထားသည်။ ထိုလိုဏ်ခေါင်းကြီးသည် ဘေးဘက်သို့ တဖြည်းဖြည်းနှင့် ကွေ့ထွက်သွားသည်။

အရေးပေါ်အဖွဲ့များသည် ရောဒ်နောက်မှ ကပ်၍ လိုက်ပါလာသည်။ ပြေး၍လိုက်လာကြခြင်းတော့ မဟုတ်။ သို့ရာတွင် 'အန္တရာယ်'ဆီသို့ ဦးတည်၍ သွားနေရသောကြောင့် ဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုကို ချုပ်တည်း၍ သွားနေကြသူများပင် ဖြစ်သည်။ ရောဒ်က ထိုပုဂ္ဂိုလ်များအား ဒုတိယပင်မ

၁။ Witwatersrand

တွင်းဝဆီသို့ ဦးဆောင်၍ ခေါ်သွားသည်။

မြေကြီးထဲတွင် တွင်းတစ်တွင်းကို တူးပြီးနောက် ထိုတွင်း၏ အောက်ခြေအထိ ဓာတ်လှေကား မောင်းနှင်နိုင်အောင် စီစဉ်ကြရာတွင် မည်မျှလောက် အနက်ပေအထိသာ ဓာတ်လှေကားကို တပ်ဆင်နိုင်မည်ဆိုသော အကန့်အသတ်ရှိပါသည်။ ထိုကန့်သတ်ချက်မှာ ပေခုနစ်ထောင်ခန့် အထိသာ ဖြစ်ပါသည်။

ထိုမျှလောက် နက်ရှိုင်းသောနေရာသို့ ရောက်ရှိလာခဲ့သည် ရှိသော် ကျောက်သားထုထဲတွင် ဒုတိယ ဓာတ်လှေကားကို မောင်းနှင်နိုင်သောစက် ထားရှိမည် ဟက်ဒ်ဂီယာအတွက် နေရာရရှိအောင် ဖောက်ထွင်းလိုက်ပြီးနောက် ဒုတိယဓာတ်လှေကားကို ဒုတိယတွင်းထဲတွင် ထပ်မံ၍ ချထားပေးရပေလိမ့်မည်။ ထိုတွင်းသည် ဒုတိယပင်မတွင်းပင် ဖြစ်တော့သည်။

ဒုတိယပင်မတွင်းဝမှ မေရီအန်းသည် သူတို့အတွက် စောင့်နေသည်ဖြစ်ရာ ရောဒ်က ထိုအဖွဲ့အား ဦးဆောင်၍ ဓာတ်လှေကားထဲသို့ ဝင်သွားသည်။ သူတို့လူစုသည် ဓာတ်လှေကားထဲတွင် ပခုံးချင်း ထိကပ်နေသည်အထိ တိုးတိုးခွေ့ခွေ့နှင့် ရပ်နေကြရသည်။ မေရီအန်း၏ တံခါးသည် တကျိုကျိုမြည်၍ ပိတ်သွားပြီးနောက် မှောင်နေသော အောက်ဘက်သို့ ထပ်၍ ဆင်းပြန်တော့သည်။

ရောဒ်သည် ဦးခေါင်းပေါ်မှ မီးခွက်ခလုတ်ကို ဖွင့်လိုက်၏။ ယခင်က သန့်ရှင်းနေခဲ့သော လေထုထဲတွင် ဖုန်မှုန့်ကလေးများ တွဲလွဲခိုနေကြသည်။

ဖုန်မှုန့်။ သတ္တုတွင်း အလုပ်သမားများအတွက် အလွန်ဆိုးဝါးသော အန္တရာယ်ပင်တည်း။ မြေပြိုကျရာမှ ထွက်ပေါ်လာသော ဖုန်ထု။ လေကို သန့်ရှင်းအောင် ပြုလုပ်ပေးနေသော စနစ်သည် ထိုဖုန်ထုကို ရှင်းလင်း မပေးနိုင်သေးပါ။

သူတို့လူစုသည် မဆုံးနိုင်သော အမှောင်ထုထဲသို့ ဆင်းသက်နေကြရသည် အပြင် ယခုအချိန်တွင် အလွန်ပူလောင်၍ လာလေပြီ။ 'စိုထိုင်းဆ'ကလည်း ပို၍များလာသည် ဖြစ်ရာ သူ့ပတ်ပတ်လည်တွင်ရှိသော မျက်လုံးအားလုံးသည် သူ့ခေါင်းပေါ်မှ မီးရောင်ထဲတွင် ချွေးပြန်နေကြလေသည်။

ယခုအချိန်တွင် ပို၍ ဖုန်ထူလာသည်။ တစ်ယောက်က ချောင်းဆိုးလိုက်၏။ လင်းထိန်နေအောင် မီးထွန်းထားသော စခန်းများကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်လာခဲ့ကြရသည်။ ၇၆ ...၇၇ ...၇၈ ...အောက်သို့ ...အောက်သို့။ ဖုန်ထုသည် ယခုအချိန်တွင် နှင်းမြူကဲ့သို့ပင် ထူထပ်လာသည်။ ၈၅ ...၈၆ ...၈၇။

ထိုဓာတ်လှေကားထဲသို့ ဝင်လာခဲ့ကြစဉ်ကစ၍ သူတို့အားလုံးသည် စကားတစ်ခွန်းမှ မပြောဖြစ်ခဲ့ကြချေ။ ၉၃ . . . ၉၄ . . . ၉၅။ အောက်ဘက်သို့ ဆင်းနေရမှုသည် ရပ်တန့်သွားလေပြီ။

ဓာတ်လှေကားတံခါးသည် တကျိကျိမြည်ပြီး ပွင့်သွားသည်။ သူတို့သည် မြေပြင်၏ အောက်ဘက် ပေကိုးထောင်ငါးရာနက်သည့် နေရာသို့ ရောက်ရှိနေကြလေပြီ။

ရောဒ်က ပြောလိုက်၏။

“လာကြကွာ”

❒

[၂]

အဆောင် ၉၅ စခန်းရုံးမှ လိုဏ်ခေါင်းကျယ်ကြီးထဲ၌ စုပြုံ၍နေကြသူ လူတစ်ရာငါးဆယ်မှ လူနှစ်ရာခန့်ထိ ရှိနေသည်။ ကျောက်ခဲများကို ဖောက်ခွဲနေသောလိုဏ်ခေါင်းထဲ၌ အလုပ်လုပ်ခဲ့ကြရသူများ ဖြစ်သောကြောင့် သူတို့၏ အဝတ်အစားများသည် ချွေးများနှင့် စိုရွှဲညစ်ပတ်နေသော်လည်း သူတို့သည် ကြောက်စရာကောင်းလှသော အန္တရာယ်မှ လောလောလတ်လတ် လွတ်မြောက်လာကြသူများပမာ ရယ်ရယ်မောမောနှင့် ကျွက်ကျွက်ညံအောင် စကားပြောနေကြသည်။

ထိုအခန်းကျယ်ကြီး၏ အလယ်ခေါင်ရှိ ရှင်းနေသောနေရာ၌ စီတန်း၍ ချထားသော ထမ်းစင်ငါးခုရှိနေပြီး ထမ်းစင်နှစ်ခုတွင် အနီရောင် ခြုံစောင်များအား မျက်နှာကို ဖုံးအုပ်မိသည်အထိ ဆွဲတင်ဖုံးအုပ်ထားသည်။ ကျန်သုံးယောက်၏ မျက်နှာများကမူ ဂျုံမှုန့်နှင့် အပက်ခံထားရသည်အလား ဖြူဖွေးနေကြသည်။

ရောဒ်က ညည်းညူလိုက်၏။

“ခုအချိန်ထိတော့ နှစ်ယောက် သွားရှာပြီ”

အဆောင် ၉၅ စခန်းရုံးသည် ရည်ရွယ်ချက်မရှိဘဲ ဟိုဟိုသည်သည်သို့ လျှောက်သွားနေကြသူများ၊ ပစ္စည်းများကို သယ်ထုတ်သော ပင်မ သယ်ယူရေး

လိုဏ်ခေါင်းကြီးထဲမှ ထပ်၍ ထပ်၍ ထွက်လာနေကြသော လူများနှင့် ရှုပ်ပွေနေသည်။

ရောဒ်သည် နံဘေးပတ်ဝန်းကျင်ကို လျင်မြန်စွာ လျှောက်ကြည့်လိုက်ရာ အလုပ်သမားခေါင်းဆောင်တစ်ယောက်၏ မျက်နှာကို သူ မှတ်မိသွားလေတော့သည်။ ရောဒ်က လှမ်းအော်လိုက်၏။

“မက်ဂီး၊ မင်းက ဒီမှာဆက်ပြီး တာဝန်ယူပေတော့၊ ဓာတ်လှေကားစီးဖို့ အဆင်သင့်ဖြစ်အောင် သူတို့ကို စနစ်တကျ တန်းစီပြီး ထိုင်နိုင်း၊ ငါတို့က သူတို့အဆိုင်းကို ချက်ချင်းပြန်ပို့ပစ်တော့မယ်၊ မင်းက ဓာတ်လှေကားမောင်းတဲ့ အခန်းနဲ့ ဆက်သွယ်ပြီး ‘ငါက ဒဏ်ရာရနေတဲ့ ထမ်းစင်ပေါ်က လူတွေကို ပထမဦးဆုံး သယ်ထုတ်ပေးစေချင်တယ်’ဆိုတဲ့ အကြောင်း ပြောလိုက်”

ရောဒ်က မက်ဂီးတစ်ယောက် ဆက်လက် စီစဉ်နေသည်ကို ခေတ္တမျှ စောင့်ကြည့်နေလိုက်သည်။ ရောဒ်က လက်ပတ်နာရီကို လှမ်းကြည့်လိုက်၏။ နှစ်နာရီငါးဆယ်ခြောက်မိနစ်။ သူ့အခန်းထဲတွင် မြေအောက်၌ တုန်လှုပ်သွားသည်ကို ခံစား သိရှိလိုက်ရချိန်မှ ယခုအချိန်အထိ နှစ်ဆယ်ခြောက်မိနစ်သာ ကြာမြင့်သေးကြောင်း သူ တအံ့တသြ တွေ့လိုက်ရသည်။

မက်ဂီးသည် ထိုစခန်းကို ပိုင်ပိုင်နိုင်နိုင် ကွပ်ကဲနိုင်စွမ်းရှိပုံ ပေါ်လေပြီ။ မက်ဂီးသည် ရောဒ်၏ ညွှန်ကြားချက်အတိုင်း စခန်းအမှတ် ၉၅ ကို ချက်ချင်းရှင်းပစ်နိုင်ရန် ဓာတ်လှေကားကို ဦးစားပေး သုံးစွဲလိုကြောင်း ဓာတ်လှေကားမောင်းသော ရုံးခန်းဆီသို့ တယ်လီဖုန်းနှင့် အော်ပြောနေသည်။

ရောဒ်က အရေးပေါ်အဖွဲ့မှ ပုဂ္ဂိုလ်များအား ပြောလိုက်၏။

“ဟုတ်သွားပြီ၊ ကဲ လာကြတော့”

ထို့နောက် ရောဒ်သည် ပင်မ သယ်ယူရေး လိုဏ်ခေါင်းကြီးထဲသို့ ဦးဆောင်၍ ဝင်သွားလေတော့သည်။

ဖုန်ထူလွန်းလှ၏။ သူ ချောင်းဆိုးတော့သည်။ ဥမင်ခေါင်မိုးသည် ဤနေရာ၌ ပိုနိမ့်သည်။

ဥမင်လိုဏ်ခေါင်းသည် ဘေးနှစ်ဖက်သို့ ဖြာထွက်သွားလေရာ ရောဒ်သည် မှားယွင်းမှုမရှိဘဲ ညာဘက် ဥမင်အတိုင်း ဆက်လျှောက်သွားသည်။ ရောဒ်သည် ဆွန်ဒါဒစ်ချ်သတ္တုတွင်းရှိ ဘာဖြစ်နိုင် ရှည်လျားသော ဥမင်လိုဏ်ခေါင်းများကို သုံးဖက်မြင်ပုံစံနှင့် တိတိကျကျ မှတ်မိနေသူ ဖြစ်သည်။ ပစ္စည်းသယ်

ထုတ်သော ဥမင်လိုဏ်ခေါင်းသည် 'တီ'ပုံသဏ္ဍာန် ဖြာထွက်သွားသည်သာမက ဘေးနှစ်ဖက်သို့ ဖြာထွက်သွားသော လိုဏ်ခေါင်းနှစ်ခုစလုံးသည် ပင်မလိုဏ်ခေါင်းထက် ပို၍ နိမ့်သည်။ ပို၍လည်း ကျဉ်းသည်။ ညာဘက်တွင် ဆက်ရှင် ၄၂ ရှိပြီး ဘယ်ဘက်တွင် ဆက်ရှင် ၄၃ ရှိသည်။ ထိုနေရာတွင် ဖုန်ထူလွန်းလှသောကြောင့် ရှေ့သို့ ဆယ်ပေအထိသာ မြင်နိုင်စွမ်းရှိသည်။ ဖုန်မှုန့်များသည် လေထဲတွင် တွဲလွဲခို၍ နေကြပြီး အောက်ဘက်သို့ မသိမသာ ကျဆင်းနေကြသည်။

"ဒီနေရာမှာ လေဝင်လေထွက်စနစ် ပျက်စီးသွားပြီပဲ"

ရောဒ်က နောက်ဘက်သို့ ခေါင်းလှည့်၍ လှမ်းအော်လိုက်၏။

"ဇန်ဒင်ဘတ်ခ်"

"ဟုတ်ကဲ့ ဆရာ"

အရေးပေါ် အဖွဲ့ခေါင်းဆောင်က သူ့နောက်နားသို့ တိုးကပ်လာသည်။

"ဟောဒီ ဥမင်ထဲကို လေဝင်အောင် လုပ်ချင်တယ်၊ ကဲ ဖြစ်နိုင်သမျှ နည်းတွေကို သုံးပြီး လေဝင်အောင် လုပ်စမ်း"

"ကောင်းပါပြီ"

"ပြီးတော့လည်း ဖုန်မှုန့်တွေကို ရေနဲ့ပက်နိုင်အောင် ရေပိုက်တွေကို အသုံးချချင်တယ်၊ စီစဉ်ပေးပါ"

"ကောင်းပါပြီ"

သူက ဥမင်လိုဏ်ခေါင်းဘက်သို့ ပြန်၍ မျက်နှာမူလိုက်၏။ ဤဥမင်၏ ကြမ်းပြင်နှင့် ဘေးဘက်မှ နံရံတို့သည် ကြမ်းတမ်းလွန်းလှသဖြင့် သူတို့လူစုသည် ခပ်ဖြည်းဖြည်းသာ ဆက်သွားနိုင်ကြသည်။ သူတို့သည် ဥမင်၏ အလယ်ခေါင်လမ်းကြောင်းတွင် သတ္တုရိုင်းများကို တင်ထားသော တသီတတန်းကြီး ရှိနေသည့် လှည်းကလေးများဆီသို့ ရောက်ရှိလာကြ၏။

"ဟောဒီ လှည်းတွေကို ဘေးဖယ်ပစ်လိုက်ကြစမ်းကွာ"

ခြေလှမ်းငါးဆယ်မျှ လျှောက်မိချိန်တွင် ရောဒ်တစ်ယောက် ဖြုန်းခနဲ ရပ်တန့်လိုက်မိတော့သည်။ သူ့လက်ဖျံပေါ်မှ အမွှေးအမျှင်များသည် ထောင်ထလာသည်ဟုပင် သူ ခံစားလိုက်ရသည်။ သူသည် ထိုအသံကို မည်မျှပင် ကြားရဖူးသည်ဖြစ်ပါစေ မည်သည့်အခါတွင်မှ နားထောင်၍ မရနိုင်ပါချေ။

ထိုအသံမှာ ခြေထောက်ပေါ်တွင် တန်ပေါင်းများစွာ လေးလံသော

ကျောက်ခဲအပိခံနေရသူများ၊ ကျောရိုးကျိုးနေသူများ၊ ဖုန်မှုန့်များကြောင့် အသက်ရှူ၍မရဘဲ မွန်းနေသူများ၊ လွတ်ထွက်နိုင်ဖွယ် မရှိအောင် ချောင်ပိတ်၍ မိနေသောကြောင့် ရူးမတတ် ကြောက်လန့်နေသူများက ဘုရားကို တ၍သော်လည်းကောင်း၊ ဇနီးမယား သို့မဟုတ် သားသမီးများ သို့မဟုတ် အမေ စသည်တို့ကို အော်ခေါ်ပြီး ကယ်ပါကူပါဟု အဆက်မပြတ် အော်ဟစ်နေသံများပင် ဖြစ်သည်။

ရောဒ်က ရှေ့သို့ ဆက်တိုးလိုက်ပြန်၏။ လူသံပင် မပေါက်တော့အောင် ကြောက်စရာကောင်းလှသော အော်သံနှင့် ငိုရှိုက်သံများသည် ပို၍ ကျယ်လာပြီးနောက် ရုတ်တရက် ငြိမ်သွားပြန်သည်။ ထို့နောက် ရိုးတွင်းခြင်ဆီထဲမှ သွေးများ ခဲသွားသည်အထိ လန့်စရာ ကောင်းလောက်အောင် စူးစူးရှရှ ရှိလှသော အော်သံသည် ထပ်မံ ထွက်ပေါ်လာပြန်သည်။

ရုတ်ခြည်းဆိုသလိုပင် ရောဒ်၏ ရှေ့ဘက်ရှိ ဥမင်ထဲ၌ လူပုဂ္ဂိုလ်များ၏ ပိုးတိုးဝါးတား ပုံပန်းသဏ္ဍာန်တို့ကို စတင်၍ မြင်ရလေတော့သည်။ ထိုပုဂ္ဂိုလ်များ၏ ပုံပန်းသဏ္ဍာန်သည် ဖုန်ထုထဲတွင် ကိုးရိုးကားရားနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသည်။

"အဲဒါ ဘယ်သူလဲဟေ့"

ရောဒ်က လှမ်းခေါ်လိုက်ရာ သူတို့က ရောဒ်၏ အသံကို မှတ်မိသွားလေတော့သည်။

"ခင်ဗျားလိုက်လာတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်"

"မင်း ဘယ်သူလဲ"

"ဘားနတ်ပါ"

ဆက်ရှင် ၄၃ ၏ အဆိုင်းကြပ်ပင်တည်း။

"ဘယ်လောက်လောက် ထိခိုက်သွားသလဲ"

"တူးနေတဲ့ လိုဏ်ခေါင်း ခေါင်မိုးတစ်ခုလုံး ပြိုကျလာတာပဲ"

"လိုဏ်ခေါင်းထဲမှာ လူဘယ်နှစ်ယောက် ရှိသလဲ"

"လေးဆယ့်နှစ်ယောက်"

"ခုအထိ ဘယ်လောက်လောက်အထဲမှာ ရှိသေးသလဲ"

"ခုအထိတော့ ဒဏ်ရာမရသူ ဆယ်ခြောက်ယောက်၊ နည်းနည်းပဲ ဒဏ်ရာရသူ ဆယ့်နှစ်ယောက်၊ ထမ်းစင်နဲ့ သယ်ရသူ သုံးယောက်၊ သေသွားတဲ့

လူနှစ်ယောက်"

စူးစူးရှရှအော်သံ ထွက်ပေါ်လာပြန်၏။ သို့ရာတွင် ထိုအော်သံသည် ယခင်ကထက် ပို၍ အားနည်းလာသည်။

ရောဒ်က မေးလိုက်၏။

"အဲဒီလူက ဘယ်လိုဖြစ်တာလဲ"

"သူ့ ဆီးခုံပေါ်မှာ ကျောက်ခဲ တန်နှစ်ဆယ်လောက် ပိနေတယ်၊ သူ့ကို မနာတဲ့ဆေးနှစ်လုံးထိုးပေးထားတယ်၊ ဒါပေမဲ့ အော်သံကတော့ ရပ်မသွားဘူး"

"မင်း အဲဒီလိုဏ်ခေါင်းထဲကို ဝင်လို့ရသလား"

"ရတယ်၊ တွားပြီးဝင်လို့ရတဲ့ အပေါက်ကလေးတစ်ပေါက် ရှိတယ်"

ဘားနတ်သည် ပြိုကျနေသော နံရံကြီးတစ်ခုပေမှာ ဥမင်လိုဏ်ခေါင်းကို ပိတ်ဆို့နေသော အပြာရောင် ကျောက်သလင်းကျောက်အပုံကြီးကို သူ့မီးခွက်နှင့် ထိုးပြလိုက်၏။ ထိုအပုံကြီးထဲတွင် အမဲလိုက်ခွေးတစ်ကောင် တွားသွားပြီး ဝင်နိုင်လောက်သော အပေါက်ကလေးတစ်ပေါက် ရှိနေသည်။ ထိုအပေါက်ငယ်ကလေးထဲမှ ကျောက်ခဲများကို ရွှေ့နေသံနှင့် အလုပ်သမားများ၏ စကားပြောသံသဲ့သဲ့ကို ကြားနေရသည်။

"အဲဒီအထဲမှာ မင်း အလုပ်သမား ဘယ်နှယောက်ကို ဝင်ပြီး အလုပ်လုပ်နိုင်းထားသလဲ ဘားနတ်"

"ကျွန်တော် ..."

ဘားနတ် တွန့်ဆုတ်ဖြစ်သွားသည်။

"ဆယ်ယောက်၊ ဒါမှမဟုတ် ဆယ့်နှစ်ယောက်လို့ ထင်ပါတယ်"

ဤတွင် ရောဒ်သည် ဘားနတ်၏ ရင်ဘတ်ပေါ်မှ အလုပ်သမားဝတ်စုံကို စုစည်း၍ ဆုပ်ကိုင်လိုက်ပြီးနောက် မြေပြင်ပေါ်မှ ကြွတက်လုနီးပါးဖြစ်အောင် ဆောင့်ဆွဲလိုက်၏။

"မင်းက ထင်ပါတယ်၊ ဟုတ်လား"

ဦးခေါင်းပေါ်ရှိ မီးခွက်မှ မီးရောင်ထဲတွင် ရောဒ်၏ မျက်နှာသည် ဒေါသကြောင့် ဖြူဖွေးနေသည်။

"မင်းက လူတွေကို မှတ်မထားဘဲ အထဲကို ဝင်နိုင်းလိုက်တယ်ပေါ့ ဟုတ်လား၊ မင်းက လူကိုးယောက်ကို ကယ်ဆယ်ဖို့ လူဆယ့်နှစ်ယောက်ကို

အထဲဝင်ပြီး စွန့်စားနိုင်းလိုက်တယ်ပေါ့"

ရောဒ်သည် အဆိုင်းကြပ်အား မြေကြီးနှင့် ခြေထောက်လွတ်ထွက်သွားအောင် ဆွဲမလိုက်ပြီးနောက် နံရံတွင် မလှုပ်နိုင်အောင် ဖိကပ်ထားလိုက်သည်။

"မင်း တော်တော် အသုံးမကျတဲ့အကောင်၊ အဲဒီကိုးယောက်ထဲက အတော်ခပ်များများဟာ အသက်ရှင်ဖို့ မလွယ်တော့ဘူး ဆိုတာ မင်းသိတယ်၊ အဲဒီလိုဏ်ခေါင်းဟာ အင်မတန် ကြောက်စရာကောင်းတဲ့ လူသတ်တွင်းဆိုတာကိုလည်း မင်းသိတယ်၊ အဲဒီဆယ်နှစ်ယောက်ကို မင်းက သေတွင်းထဲ လွှတ်လိုက်တာတောင် သူတို့ နံပါတ်တွေကို မှတ်မထားလိုက်ဘူး၊ ဟုတ်လား၊ အဲဒီလိုဏ်ခေါင်း နောက်တစ်ခါ ထပ်ပြီး ပြိုကျခဲ့ရင် ဘယ်သူ့ကို လိုက်ရှာရမလဲဆိုတာ ဘယ်လိုလုပ်ပြီး သိနိုင်ပါမလဲ"

ရောဒ်သည် အဆိုင်းကြပ်ကို လွှတ်ပေးလိုက်ပြီးနောက် နောက်ဘက်သို့ ပြန်ဆုတ်လိုက်၏။

"သူတို့ကို အဲဒီလိုဏ်ခေါင်းထဲက အကုန်ပြန်ထွက်နိုင်းလိုက်"

"ဒါပေမဲ့ ဂျင်နရယ်မန်နေဂျာ မစ္စတာလင်းမား အထဲကို ရောက်နေပါတယ် မစ္စတာအိုင်းရွန်းဆိုက်ဒ်၊ သူက လိုဏ်ခေါင်းထဲကို ဝင်ပြီး စစ်ဆေးနေတာပါ"

ရောဒ် ရုတ်တရက်ကြောင်သွားရသည်။ ထို့နောက် ရောဒ်က ခပ်ထန်ထန် ပြောလိုက်၏။

"အထဲမှာ သမ္မတကြီးပဲ ရောက်ချင် ရောက်နေပါစေ၊ ငါ ဂရုမစိုက်ဘူး၊ အဲဒီလိုဏ်ခေါင်းထဲကသာ ပြန်ထွက်နိုင်းလိုက်၊ ပြီးတော့မှ စနစ်တကျ ပြန်စရမယ်"

မိနစ်ပိုင်းအတွင်းမှာပင် အထဲသို့ ဝင်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသော အလုပ်သမားများသည် ဖုန်အလူးလူးနှင့် အပြင်သို့ ပြန်ထွက်လာကြသည်။

ရောဒ်ကပြောလိုက်၏။

"ကောင်းပြီ၊ ငါက တစ်ကြိမ်မှာ လေးယောက်ပဲ ဝင်ခွင့်ပြုမယ်"

သူက ဖုန်ပေနေသော အလုပ်သမားထဲမှ ပခုံးပေါ်တွင် အလုပ်သမားခေါင်းဖြစ်ကြောင်း ကြေးဝါတံဆိပ်ဆင်ထားသော ခပ်ထွားထွား အလုပ်သမားကြီးတစ်ယောက် အပါအဝင် လူလေးယောက်ကို ခပ်မြန်မြန်ရွေးလိုက်သည်။

"ဘစ်ကင်။ မင်း ဒီရောက်နေသလား"

ရောဒ်က မိုင်းတွင်းများ၌ လာရောက်၍ အလုပ်လုပ်ကိုင်နေကြသော လူမျိုးစုပေါင်း ၁၂ စုခန့်နှင့် ဆက်သွယ် ပြောကြားနိုင်သော ဖာနီကာလို ဘာသာစကားနှင့် ပြောလိုက်၏။

"ကျုပ် ဒီမှာ ရောက်နေပါတယ်"

ဘစ်ကင်းက ဖြေလိုက်သည်။

"မင်းက ဆုတွေ ဘာတွေ နောက်ထပ်ရအောင် မှန်းနေပြန်ပြီလား"

လွန်ခဲ့သောလက ဘစ်ကင်းသည် ပေနှစ်ရာ နက်သော တွင်းထဲသို့ ကြိုးနှင့်ဆင်း၍ လူဖြူမိုင်းတွင်း အလုပ်သမားတစ်ယောက်၏ အလောင်းကို ရအောင် ဆယ်တင်ပေးခဲ့သည်။ ကုမ္ပဏီက သူ့အား သတ္တိပြောင်မြောက်မှုဆုအဖြစ် ရန်း ငွေ ၁၀၀ ဆု ချီးမြှင့်ခဲ့သည်။

"ကမ္ဘာမြေကြီးက လူသားတွေကို ဝါးမျိုနေတဲ့ အချိန်မှာ ဘယ်သူက ဆုတွေ လာဘ်တွေကို မက်မောနေနိုင်ဦးမှာလဲ"

ဘစ်ကင်းက ရောဒ်အား သာသာနှင့် နာနာကလေး ပြန်နက်လိုက်၏။

"ဒါပေမဲ့ ဒီကနေ့ကိစ္စက ကလေးကစားစရာ အလုပ်ပါ။ ဆရာကော လိုဏ်ခေါင်းထဲကို ဝင်လိုက်မှာလား"

ဘစ်ကင်းက စိန်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

ရောဒ်၏ တာဝန်သည် လိုဏ်ခေါင်းထဲသို့ ဝင်၍ ဆောင်ရွက်ရန်မဟုတ်ချေ။ ရောဒ်သည် စိမ်ခန့်ခွဲသူ၊ ကြီးကြပ် ညွှန်ကြားသူသာ ဖြစ်သည်။ သို့တိုင်အောင် ရောဒ်သည် သူ့အား စိန်ခေါ်မှုကို မသိချင်ယောင်ဆောင်၍ မဖြစ်ပါ။ ရောဒ်သည် ကြောက်လန့်နေသောကြောင့် အထဲသို့ ဝင်မလိုက်ဘဲ အခြားပုဂ္ဂိုလ်များကိုသာ အသေခံရန် ဝင်ခိုင်းလိုက်သည်ဆိုသော သတင်းစကားမျိုးကို မည်သည့် 'ဘန်တု' လူမည်းမဆို ကြားမသွားစေလိုပါ။ ရောဒ်က ဖြေလိုက်၏။

"အေး၊ ကျုပ် လိုဏ်ခေါင်းထဲကို ဝင်မလို့ပဲ"

ရောဒ်က အားလုံးကို ဦးဆောင်၍ အထဲသို့ ဝင်သွားသည်။ ထိုအပေါက်သည် ရောဒ်၏ ကိုယ်လုံးကိုယ်ပေါက် ဝင်နိုင်ရုံအထိသာ ကျယ်ဝန်းသည်။ သူသည် သာမန်အရွယ်အစားခန့် ရှိသော အခန်းတစ်ခန်းထဲသို့ ရောက်နေသည်။ သို့ရာတွင် ခေါင်မိုးသည် သုံးပေခွဲမျှသာ မြင့်သည်။ သူက ခေါင်မိုးကို မီးခွက်နှင့် ထိုးကြည့်လိုက်၏။ ကျောက်သားများသည် ကွဲအက်နေသဖြင့် ကြောက်စရာကောင်းလွန်းလှပေသည်။

"သိပ်လှတာပဲ"

ရောဒ်က ငေါ့တော့တော့မှတ်ချက်ချလိုက်၏။

သွေးရူး သွေးတန်း အော်နေသူသည် ရောဒ်နှင့် လက်တစ်ကမ်းအကွာတွင် ရှိနေသည်။ သူ့ခန္ဓာကိုယ် အထက်ပိုင်းသည်သာ ကက်ဒီလက် မော်တော်ကား လောက်ရှိသော ကျောက်တုံးကြီးအောက်မှ ပေါ်ထွက်နေသည်။ တစ်ယောက်သော ပုဂ္ဂိုလ်က ထိုသူ၏ ကိုယ်ခန္ဓာအထက်ပိုင်းကို အနီရောင် စောင်တစ်ထည်နှင့် ရစ်ပတ်ပေးထားသည်။ ယခုအချိန်တွင် သူ ငြိမ်သက်နေလေပြီ။ သို့ရာတွင် ရောဒ်၏ မီးခွက်မှ မီးရောင်သည် သူ့မျက်နှာပေါ်သို့ ကျရောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသူက ဦးခေါင်းကို ကြွလိုက်၏။

သူ့မျက်လုံးများသည် ရောဒ်ကို မြင်ပုံ မရချေ။ ရူးသွပ်နေသူ၏ မျက်လုံးကြီးများပမာ ကြောင်တောင်တောင် ဖြစ်နေကြသည်။ ထိုသူက ပါးစပ်ကို ဟ၍ အော်လိုက်၏။ သို့ရာတွင် ထိုသူ၏ အော်သံသည် ပါးစပ်ထဲမှ ဝေါခနဲ ထွက်ကျလာသော သွေးများကြောင့် အသံ ပျောက်သွားရလေတော့သည်။

အသံမထွက်ဘဲ ပါးစပ်ကြီးကို ဟထားသော ထိုဘန်တုလူမည်းအမျိုးသားကို ရောဒ်က ထိတ်ထိတ်လန့်လန့်နှင့် ကြည့်နေစဉ် ထိုအလုပ်သမား၏ ဦးခေါင်းသည် နောက်သို့ ပြန်၍ လန်ကျသွားလေတော့သည်။ ရောဒ်သည် ထို အလုပ်သမားနားသို့ ရောက်အောင် တိုးကပ်သွားပြီးနောက် သူ့ဦးခေါင်းကို မ,ပြီး ခေါင်းအောက်တွင် အနီရောင် စောင်တစ်ထည်ကို ခေါင်းအုံးသဖွယ် သွင်းပေးလိုက်သည်။

ရောဒ်၏ လက်ပေါ်တွင် သွေးများ ပေကျံသွားရာ ထိုသွေးများကို အလုပ်သမားဝတ်စုံ၏ ရှေ့ပိုင်းတွင် သုတ်ပစ်လိုက်၏။

"ခုအထိတော့ သုံးယောက်ပဲ ရှိသေးတယ်"

ရောဒ်သည် ထိုလူ့ထံမှ ခွာထွက်လာခဲ့ပြီး ပြိုကျနေသော နေရာသို့ တိုးသွားလေတော့သည်။ ဘစ်ကင်းသည် သူ့နံဘေးသို့ တိုးကပ်လာပြီး သူယူ လာသော သံတူရွင်းကြီးနှစ်ချောင်းအနက် တစ်ချောင်းကို ရောဒ်အား လှမ်းပေး လိုက်သည်။

တစ်နာရီအတွင်းမှာပင် ဘစ်ကင်းနှင့် ရောဒ်တို့ အကြား၌ ကာယစွမ်း ရည် ယှဉ်ပြိုင်ပွဲအဆင့်သို့ ရောက်ရှိလာလေတော့သည်။ ရောဒ်နှင့် ဘစ်ကင်းတို့ က အပုံထဲမှ ဖဲ့ထုတ်ပေးလိုက်သော ကျောက်ခဲများကို သူတို့နှစ်ယောက်၏

နောက်ဘက်ရှိ ကျန်သုံးယောက်က ရှင်းလင်းပေးသည်။ ထိုနောက် ထိုသုံးယောက်က နောက်ဘက်သို့ သယ်ပို့ပေးကြသည်။ ရောဒ်က သူ၏အပြုအမူသည် ကလေးဆန်ကြောင်း၊ သူကိုယ်တိုင်သည် ပင်မသယ်ယူရေး လိုဏ်ခေါင်းထဲ၌နေ၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုလုပ်ပေးရန်နှင့် လိုအပ်သည့်အခါတွင် လိုအပ်သည် ဆုံးဖြတ်ချက်များကို ချမှတ်ပေးရန် ဖြစ်ကြောင်း သိပါသည်။ ကုမ္ပဏီက သူ့ဦးနှောက်ကို အသုံးပြုနိုင်ရန် သူ့ကို လခပေးထားခြင်း ဖြစ်သည်။ သူ့ကာယဗလအတွက် သူ့ကို ငှားရမ်းထားခြင်း မဟုတ်ပါ။

“ဖြစ်ချင်တာ ဖြစ်ပစေကွာ”

ရောဒ်က တွေးလိုက်သည်။

“ဒီကနေ့ညနေမှာ ယမ်းဘီလူး ဖောက်ခွဲရမယ့်ကိစ္စ၊ မလုပ်ဖြစ်ဘူးဘဲထား၊ ငါ ဒီမှာပဲ ဆက်နေတော့မယ်”

ရောဒ်က ဘစ်ကင်းအား လှမ်းကြည့်လိုက်ပြီး ပို၍ကြီးသော ကျောက်ခဲကြီးတစ်ခဲကို ပြိုကျနေသော အပုံထဲမှ ကလော်ထုတ်ရန် ရှေ့သို့ တိုးသွားလေတော့သည်။ ရောဒ်က ပထမတွင် လက်မောင်းအားကိုသာ သုံး၍ ကြိုးစားလိုက်သည်။ ထို့နောက် တစ်ကိုယ်လုံးတွင်ရှိသော ခွန်အားကို သုံးစွဲလိုက်၏။ သို့သော် ကျောက်ခဲက နိုင်လွန်းလှသည်။ ဘစ်ကင်းက ကျောက်တုံးကြီးကို လက်နှင့် ကိုင်လိုက်ပြီး နှစ်ယောက် အတူတူဆွဲယူလိုက်ရာ ကျောက်ခဲအသေးစားကလေးများ ပေါ်ခနဲ ထွက်ကျလာပြီး ထိုကျောက်ခဲကြီးသည် ပဲ့ထွက်လာလေတော့သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပြုံးလိုက်မိကြ၏။

ညခုနစ်နာရီ ထိုးသောအခါ ရောဒ်နှင့် ဘစ်ကင်းတို့သည် အသားညှပ်ပေါင်မုန့်စားရန်နှင့် အနားယူရန် လိုဏ်ခေါင်းကလေးထဲက ထွက်ခဲ့ကြသည်။ ဘစ်ကင်းသည် ဆင်းဒဝစ်ချ်စားရင်း ဓာတ်ဘူးထဲက ကော်ဖီကို သောက်နေစဉ် ရောဒ်သည် ထိုနေရာအထိ လာ၍ ချပေးထားသော တယ်လီဖုန်းနှင့် ဒီမီထရီထံ ဆက်သွယ် ပြောကြားနေသည်။

“ကျုပ်တို့က ယမ်းဘီလူးနဲ့ ဖောက်ခွဲဖို့အတွက် တွင်းနှစ်တွင်းစလုံးထဲက လူတွေကို ပြန်ထွက်ခိုင်းထားတယ်၊ ခင်ဗျားရောက်နေတဲ့ ဆက်ရှင် ၄၃ က လူတွေက လွဲရင်ပေါ့ဗျာ၊ ခင်ဗျားရောက်နေတဲ့ ဆက်ရှင် ၄၃ မှာ လူ၅၈ယောက် ရှိနေတယ်”

တယ်လီဖုန်းထဲက ထွက်ပေါ်လာသော ဒီမီထရီ၏ အသံသည် သံသေးသံကြောင့် ဖြစ်နေသည်။

“ခဏစောင့်ဦး”

ရောဒ်သည် အခြေအနေ အရပ်ရပ်ကို စိတ်ထဲက တွက်ချက်ချိန်ဆနေသည်။ သူသည် ကိုယ်ကာယသာမက စိတ်ပါ ပင်ပန်းနွမ်းနယ်နေသောကြောင့် ပြဿနာတစ်ခုကို အဖြေရှာရာတွင် ခါတိုင်းထက် ပို၍ ကြာမြင့်နေသည်။ ဆက်ရှင် ၄၃ တွင် နောက်ထပ် ကျောက်ခဲများ ပြိုကျလာမည်ကို စိုးရိမ်သောကြောင့် ထိုနေ့ညနေတွင် တွင်းနှစ်တွင်းစလုံး၌ ယမ်းဘီလူးနှင့် ဖောက်ခွဲမည့်ကိစ္စကို မဆောင်ရွက်ခဲ့ပါက နောက်တစ်နေ့တွင် အလုပ် လုပ်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကုမ္ပဏီအတွက် တစ်ရက်စာ ထုတ်လုပ်မှု ပျက်ပြီး နစ်နာသွားပေလိမ့်မည်။ သတ္တုရိုင်းတစ်တန်လျှင် ရန်းငွေ တစ်ဆယ့်ခြောက်ကျပ် တန်ဖိုးရှိသော သတ္တုရိုင်း တန်ချိန်ပေါင်း တစ်သောင်း၊ သို့တည်းမဟုတ် ရန်းငွေတစ်သိန်းခြောက်သောင်း သို့မဟုတ် စတာလင်ပေါင် ရှစ်သောင်း၊ သို့မဟုတ် အမေရိကန်ဒေါ်လာနှစ်သိန်း နစ်နာသွားပေလိမ့်မည်။

၎င်းအပြင် ဆက်ရှင် ၄၃ ထဲ၌ ရှိနေသူ အားလုံးသည် ယခုအချိန်တွင် သေကောင်းသေနေကြဖွယ်ရာ ရှိပါသည်။ ထို့အပြင် ပထမ ပြိုကျခဲ့စဉ်က ဖြစ်ပေါ်နေခဲ့သော ဒဏ်ချက်သည် ‘အစွမ်းကုန်’ သွားပြီ ဖြစ်သောကြောင့် နောက်တစ်ကြိမ် ထပ်မံ၍ ပြိုကျချင်မှ ကျပေလိမ့်မည်။

သို့တိုင်အောင် ထိုလိုဏ်ခေါင်းထဲ၌ အသက်ရှင်နေသေးသူ တစ်ယောက်ယောက် ကျန်ရှိနေနိုင်ပါသေးသည်။ ထိုအတူ ထိုလိုဏ်ခေါင်းထဲရှိ တစ်နေရာရာ၌ မလှုပ်နိုင်အောင် ပိနေရုံမျှသာမက အချိန်မရွေးပြိုကျလာနိုင်သော ကျောက်ခဲများက ခြိမ်းခြောက်နေသည်ကို ခံနေရသော ပုဂ္ဂိုလ်တစ်ဦးတလေလည်း ရှိနိုင်ပါသည်။ သူတို့က ဆွန်ဒါဒစ်ချ် မိုင်းတွင်းထဲ၌ ဖောက်ခွဲမည့်ခလုတ် အားလုံးကို ဖိနှိပ်လိုက်မည် ဆိုပါက ဒိုင်နာဂယ် ယမ်းဘီလူး ဆယ့်ရှစ်တန်သည် ထ၍ ပေါက်ကွဲကြပေလိမ့်မည်။ ထိုသို့ ဖောက်ခွဲမှုကြောင့် ဖြစ်ပေါ်လာသော တုန်လှုပ်မှု အရှိန်အဟုန်မှာ မသေးကွေးလှသည့်အပြင် တဲတဲကလေး ဖြစ်နေသော ခေါင်မိုးများကို ပြိုကျလာစေနိုင်ပါသည်။

ရောဒ်က ဆုံးဖြတ်ချက် ချလိုက်သည်။

“ဒီမီထရီ၊ အမှတ် ၂ တွင်းက နံရံအားလုံးကို ညခုနစ်နာရီခွဲတိတိမှာ

ဖောက်ခွဲပါ"

အမှတ် ၂ တွင်းသည် သုံးမိုင်ဝေးသော နေရာ၌ ရှိသည်။ ထိုသို့ ဖောက် ခွဲလိုက်ပါက ကုမ္ပဏီအတွက် ရန်းငွေ ၈၀၀၀၀ သက်သာ သွားပေလိမ့်မည်။

"အဲဒီ နောက်ပိုင်းကျရင် ငါးမိနစ်စီ ခြားပြီး နံပါတ် ၁ တွင်းက တောင် ဘက် မြောက်ဘက်နဲ့ အနောက်ဘက် နံရံရှည်တွေကို ဖောက်ခွဲပစ်လိုက်ပါ"

ပေါက်ကွဲမှုကို ထိုကဲ့သို့ ကွဲကွဲပြားပြား ဖြစ်အောင် ပြုလုပ်ပေးလိုက် မည်ဆိုပါက ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာမည့် 'ဒဏ်'သည် သက်သာသွား ပေလိမ့်မည်။ ယခုလို ဘေးဒုက္ခမျိုး ကြုံတွေ့ရချိန်တွင် ကုမ္ပဏီက စုစုပေါင်း ကုန်ကျမည့် ငွေကြေးပမာဏမှာ ရန်းငွေ နှစ်သောင်းခန့်မျှသာတည်း။ သိပ်မများ လှပါဘူး။ 'လူ့သွေး'က တော်တော်ဈေးသက်သာသားပဲဟု ရောဒ်က အငေါ် တူးသော စိတ်နှင့် တွေးလိုက်မိ၏။ သွေးတစ်ပိုင့်လျှင် ရန်းငွေသုံးရန်းနှင့် ဇဟို သွေးဘဏ်ကြီးတွင် အချိန်မရွေး ရရှိနိုင်ပေသည်။

"ကောင်းပြီလေ"

ရောဒ်သည် နာကျင်ကိုက်ခဲနေသော ပခုံးများကို အသောင်းအညာပြေ ရင်း ဆက်ပြောလိုက်၏။

"ငါတို့က ယမ်းဘီလူးနဲ့ ဖောက်ခွဲနေတုန်း လူတိုင်း လူတိုင်း အန္တရာယ် ကင်းတဲ့ တွင်းထိပ်ဆီကို ခေါ်ပြီး စုနိုင်းထားလိုက်မယ်"

❐

[၄]

ယမ်းဘီလူးနှင့် ဖောက်ခွဲမှုကြောင့် ဆက်တိုက်ဖြစ်ပေါ်သော တုန်ခါမှု များ ငြိမ်သက်သွားချိန်တွင် ရောဒ်သည် အလုပ်သမားအားလုံးကို လိုက်ခေါင်း ကလေးထဲသို့ ပြန်သွင်းလိုက်သည်။ ညကိုးနာရီတွင် မီးမီ အသုံးပြုသော လွန်တူး စက်နှင့် ပိုညက်ပြီး သေနေသော အလုပ်သမားနှစ်ယောက်၏ အလောင်းများကို ရှာတွေ့ကြရသည်။ ထိုနှစ်ယောက်နှင့် ဆယ်ပေခန့်အကွာတွင် လူဖြူအလုပ်သမား

တစ်ယောက်၏ အလောင်းကို တွေ့ကြရပြန်၏။ ထိုလူဖြူအလုပ်သမား၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာအနည်းငယ်မျှပင် မရှိသော်လည်း သူ့ဦးခေါင်းသည် ကြေမွပြီး ပြားချပ်နေသည်။

ညဆယ့်တစ်နာရီတွင် သူတို့သည် လွန်တူးစက်ကိုင် အလုပ်သမားနှစ် ယောက်၏ အလောင်းတို့ကို ထပ်တွေ့ရှိကြသည်။ ထိုနှစ်ယောက်၏ အလောင်း ကို အပေါက်ကလေးထဲမှ ဆွဲထုတ်လာကြစဉ် ရောဒ်သည် အပြင်ဘက်ရှိ အခန်းကြီးထဲတွင် ရှိနေသည်။ သူတို့နှစ်ယောက်စလုံးကို လူသားများအဖြစ် မှတ်မိနိုင်စရာ မရှိတော့ပါ။

ညသန်းခေါင်ယံကို ကျော်သောအခါ ရောဒ်နှင့် ဘစ်ကင်းတို့သည် ကျောက်ခဲပုံကြီးကို ဖြိုနေသော လူစုနှင့် လူချင်း လဲလှယ်ရန် အထဲသို့ ပြန် ဝင်သွားကြသည်။ နောက်ထပ် မိနစ်နှစ်ဆယ်ကြာသောအခါ သူတို့သည် ထို ကျောက်ခဲပုံထဲတွင် တစ်ဖက်သို့ပေါက်သော အပေါက်တစ်ပေါက်ကို ဖောက်နိုင် ခဲ့ကြသည်။ တစ်ဖက်တွင်ရှိနေသော အခန်းသည် ထူးထူးခြားခြားဆိုသလို ခေါင်မိုးပြိုကျခြင်း မရှိသေးပါ။

ထိုအခန်းထဲ၌ ရှိနေသော လေသည် ရေနွေးငွေ့ဖြစ်လုမတတ် ပူပြင်း လွန်းလှသည်။ ဝုန်းခနဲ အန်ထွက်လာသော ရွှံ့စရာကောင်းလှသည့် ထိုရေခိုး ရေငွေ့က မျက်နှာကိုလာ၍ ဟပ်သောကြောင့် ရောဒ်သည် မျက်နှာကို နောက် ဘက်သို့ ပြန်ရုပ်လိုက်မိ၏။ ထို့နောက် ရောဒ်သည် ရှေ့သို့ အတင်းတိုးသွား ပြီး အပေါက်ဝမှ အထဲသို့ လှမ်းကြည့်လိုက်သည်။

ဆယ်ပေခန့် ဝေးသောနေရာတွင် ဆွန်ဒါဒါစ်ချ်သတ္တုတွင်း၏ ဂျင်နရယ် မန်နေဂျာ ဖရင်လင်းမားတစ်ယောက် လဲကျနေသည်။ သူ့ခေါင်းပေါ်မှ ဗိုင်ဘာ ခမောက်သည် ခေါင်းပေါ်မှ ပြုတ်ထွက်နေသလို သူ့မျက်လုံးအပေါ်ဘက်ရှိ နဖူးပေါ်တွင် အတော်ကလေးနက်သော ဒဏ်ရာကြီးတစ်ခု ရှိနေသည်။ ထိုဒဏ်ရာ မှ သွေးများသည် သူ့ခေါင်းပေါ်မှ ဆံပင်ဖြူများထဲသို့ စီးကျနေပြီး ထိုသွေးများ သည် မည်းနက်နေအောင် ခဲ၍ နေလေပြီ။ ဖရင်လင်းမားက လင်းထိန်လှသော ရောဒ်၏ မီးရောင်ကြောင့် မျက်စိကို ပေကလပ် ပေကလပ်နှင့် ဖွင့်ကြည့်လိုက် ၏။ ရောဒ်က ထိုမီးရောင်ကို သူ့မျက်နှာပေါ်မှ ချက်ချင်းဖယ်ပစ်လိုက်သည်။ ရောဒ်က ခေါ်လိုက်၏။

"မစ္စတာ လင်းမား"

"မင်းက ကယ်ဆယ်ရေးအဖွဲ့နဲ့ ဒီမှာ ဘာလုပ်နေတာလဲ"

ဖရင့်လင်းမားက အသံသြကြီးနှင့် ကြိမ်းလိုက်၏။

"ဒါ မင်းအလုပ်မဟုတ်ဘူး၊ မင်းက သတ္တုတွင်းလုပ်ငန်းမှာ နှစ်ပေါင်းနှစ်ဆယ်ကြာအောင် အလုပ်လုပ်ခဲ့တာတောင် ဒါလောက်ကလေးကိုမှ သဘောမပေါက်တော့ဘူးလား"

"ဆရာ နေကောင်းရဲ့လား"

"ဒီအထဲကို ဆရာဝန်တစ်ယောက် ခေါ်လာခဲ့၊ ငါ့ကို ဟောဒီအောက်က လွတ်ထွက်သွားအောင် မင်းက ငါ့ကို ဖြတ်ထုတ်ပစ်ရလိမ့်မယ်"

ဖရင့်လင်းမားက ပြန်ဖြေသည်။

ရောဒ်သည် ဖရင့်လင်းမား ရှိနေသော နေရာဆီသို့ တွားသွားပြီး တိုးကပ်သွားရာ သူ ဆိုလိုသော အဓိပ္ပာယ်ကို နားလည်သွားတော့သည်။ ဖရင့်လင်းမား၏ လက်သည် တံတောင်ဆစ်မှစ၍ အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံးအောက်၌ ပိနေသည်။ ရောဒ်သည် ထိုကျောက်တုံးကြီးကို လက်နှင့် ကိုင်စမ်းကြည့်လိုက်၏။ ယမ်းဘီလူးနှင့် ဖောက်ခွဲပစ်မှသာ ထိုကျောက်တုံးကြီးကို ရွေ့သွားအောင် လုပ်နိုင်ပေလိမ့်မည်။ ထုံးစံအတိုင်း ဖရင့်လင်းမား ပြောသော စကားသည် မှန်စမြဲပင်တည်း။

ရောဒ်သည် အပေါက်ကျဉ်းကျဉ်းကလေးထဲမှ ပြန်၍ တိုးထွက်ခဲ့ပြီးနောက် သူ့ပခုံးပေါ်မှ ကျော်၍ အော်ပြောလိုက်၏။

"တယ်လီဖုန်းကို ဒီရောက်အောင် ယူခဲ့"

နောက်ထပ် မိနစ်အနည်းငယ်ကြာသောအခါ ရောဒ်သည် စကားပြောခွက်ကို ကိုင်၍ ရေ့တန်းကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသော အဆင့် ၉၅ မှ ရှေ့တန်းစခန်းနှင့် အဆက်အသွယ် ရရှိသွားတော့သည်။

"နဲ့ ပြောနေတာ အိုင်းရွန်းဆိုက်ဒ်ပါ၊ ဒေါက်တာစတန်းဒါးနဲ့ ပြောချင်တယ်"

"ခဏ စောင့်ပါဦး"

ခဏကြာသောအခါ စကားပြောခွက်မှ အသံပေါ်ထွက်လာသည်။

"ဟယ်လို ရောဒ်၊ ဒန် စကားပြောနေတယ်"

"ဒန် ကိုယ်တို့ဆရာသမားကို ရှာတွေ့ပြီ"

"သူ ဘယ်လိုနေသလဲ၊ သူ သတိရရဲ့လား"

"သတိရတယ်၊ ဒါပေမဲ့ ပိနေတယ်၊ မင်း သူ့ကို ဖြတ်ထုတ်ရလိမ့်မယ်"

"မင်းဦးစွာက သေချာရဲ့လား"

ဒန်စတန်းဒါးက မေးလိုက်၏။

"သိပ်သေချာတာပေါ့ကွ"

ရောဒ်ကလည်း ဒေါသနှင့် ပြန်ဖြေလိုက်သည်။

"ကောင်းပြီလေ၊ သူက ဘယ်နားမှာ ပိနေတာလဲ"

"လက်မှာ မင်းက တံတောင်ဆစ် အပေါ်ဘက်က ဖြတ်ရလိမ့်မယ်"

"ကောင်းလိုက်တာ"

"မင်းကို ငါ ဒီနေရာက စောင့်နေမယ်"

"ကောင်းပါပြီ၊ ငါ အဲဒီကို ငါးမိနစ်အတွင်း အရောက်လာခဲ့မယ်"

❒

[၅]

"တခြားလူတွေ အဖြတ်ခံခံနေရတာကို မကြာခဏ မြင်မြင်နေရပေမဲ့ ငါကိုယ်တိုင် အဖြတ်ခံရလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့တာကတော့ ရယ်စရာကောင်းလှတယ်ကွာ"

ဖရင့်လင်းမား၏ အသံသည် တည်တည်ငြိမ်ငြိမ်နှင့် ခပ်မှန်မှန်ပင် ရှိနေသည်။ သူ့လက်မောင်းသည် ထုံကျဉ်နေပေလိမ့်မည်ဟု ဖရင့်လင်းမားနံဘေးတွင် လှဲနေသော ရောဒ်က တွေးလိုက်၏။

ဖရင့်လင်းမားသည် သူ့ဘက်သို့ ဦးခေါင်းကို စောင်းပြီး ကြည့်လိုက်သည်။

"မင်းက ဘာဖြစ်လို့ လယ်သမား၊ ယာသမား မလုပ်ခဲ့တာလဲကွာ"

"ဘာဖြစ်လို့လဲဆိုတာ ခင်ဗျား သိပါတယ်လေ"

ရောဒ်က ပြန်ဖြေလိုက်၏။

"အင်း...ဟုတ်တယ်"

ဖရင်လင်းမားသည် နှုတ်ခမ်းကို ကွေးသည်ဆိုရုံ ပြုံးလိုက်၏။ ထို့နောက် လွှတ်နေသောလက်နှင့် ပါးစပ်ကို သုတ်လိုက်သည်။

"ငါ ပင်စင်သွားဖို့ သုံးလပဲ လိုတော့တယ်ဆိုတာ မင်း သိပါတယ်၊ ငါ ပင်စင်တောင် စားရတော့မလို့ပဲ၊ မင်းလည်းပဲ ဖုန်တောထဲမှာ အရိုးတွေ ကျိုးကြေပြီး ဒီလိုပဲ အဆုံးသတ်ရလိမ့်မယ် ကိုယ်လူ"

ရောဒ်က ပြန်ဖြေလိုက်၏။

"ဒါ လမ်းဆုံး မဟုတ်သေးပါဘူးလေ"

"မဟုတ်သေးဘူး၊ ဟုတ်လား"

ဖရင်လင်းမားက ပြန်မေးလိုက်၏။ သည်တစ်ချိတွင် ဖရင်လင်းမားက တဟားဟား ရယ်တော့သည်။

"ဘာတွေကို ရယ်နေကြတာလဲဗျ"

ဒန်စတန်းဒါးသည် အပေါက်ထဲသို့ ခေါင်းပြူရင်း လှမ်းမေးလိုက်၏။

"မင်း ဒီကိုလာတာကလည်း ကြာလိုက်တာကွာ"

ဖရင်လင်းမားက အသံကြီးနှင့် ပြောလိုက်သည်။

"ငါ့ကို ကူညီပါ ရောဒ်"

ဒန်က ဆေးအိတ်ကို လှမ်းပေးပြီး ရှေ့သို့ တွားလာရင်း ဖရင်လင်းမားကို လှမ်းပြောလိုက်၏။

"ယူနီယံစတီး (ရှယ်ယာ)တွေ ဒီကနေ့ည ကိုးဆယ့်ရှစ်ဆင့်အထိ ဈေး တက်သွားတယ်၊ ခင်ဗျားကို ကျုပ်က ဝယ်ပါ ဝယ်ပါလို့ ပြောခဲ့သားပဲ"

"ဈေးကြီးလွန်းလှတယ်ကွာ၊ ဓနရှင်ဆန်လွန်းလှတယ်"

ဖရင်လင်းမားက ပြန်ငေါလိုက်၏။ ဒန်သည် ဖုန်တောထဲတွင် ဘောတစောင်းလှဲအိပ်ရင်း သူ့ပစ္စည်းကိရိယာများကို အပြင်သို့ ထုတ်နေစဉ် ဖရင်လင်းမားနှင့် စတော့ရှယ်ယာများအကြောင်း အချေအတင် ဆွေးနွေးနေကြသည်။ ဒန်က ဆေးထိုးပြွန်ထဲတွင် ပင်တာသောလ်အပြည့် ထည့်လိုက်ပြီးနောက် ဆေးထိုးမည့် လက်မောင်း ကြွလိုလိုကလေးအား အရက်ပြန်နှင့် သုတ်ပေးနေစဉ် ဖရင်လင်းမားသည် ရောဒ်ဘက်သို့ ဦးခေါင်းကို စောင်းလိုက်ပြန်၏။

"မင်းနဲ့ ငါ ဒီသတ္တုတွင်းမှာ တော်တော်ကလေး အလုပ်ဖြစ်ခဲ့ကြတယ်၊ အခုဆိုရင် မင်းကို ငါ့နေရာမှာ ရာထူးတိုးပေးပါစေလို့ ငါ ဆုတောင်းပါတယ်၊ ဒါပေမဲ့ သူတို့က ပေးမှာတော့ မဟုတ်ဘူး၊ မင်းက ငယ်လွန်းသေးတယ်၊ ငါ့

နေရာမှာ ဘယ်သူ့ကိုပဲ ခန့်ခန့် မင်းက သူ့ကို ဂရုစိုက်ပြီး ထိန်းပေးဖို့တော့ လိုလိမ့်မယ်၊ မင်းက ဒီတွင်းအကြောင်း အစအဆုံး သိတယ်၊ အဲဒီလူက မဟုတ်တာရုတ်တွေ လျှောက်မလုပ်စေနဲ့ကွာ"

ဤတွင် ဆေးထိုးအပ်ကလေးသည် လက်ထဲသို့ ဝင်သွားလေတော့သည်။

ဒန်သည် ဖရင်လင်းမား၏ လက်မောင်းကို လေးမိနစ်ခွဲအတွင်း အပြီးအစီး ဖြတ်တောက်ခဲ့သည်။ နောက်ထပ် နှစ်ဆယ်ခုနစ် မိနစ်ကြာသောအခါ ဖရင်လင်းမားအား မေရီအန်းနှင့် အပေါ်သို့ တင်နေစဉ် ဖရင်လင်းမားသည် သွေးလန်မှု၊ သွေးလွန်မှုတို့ကြောင့် မေရီအန်းထဲမှာပင် ကွယ်လွန်ခဲ့ရှာလေတော့သည်။

❒

[၆]

ရောဒ်အိုင်းရွန်းဆိုက်ဒ်သည် ဖက်တီအား 'မယား' စရိတ်ပေးပြီးသည်နှင့် တစ်ပြိုင်နက် ရောဒ်၏ လစာတွင် အပိုအလျှံအဖြစ် သုံးစွဲရန် ငွေကြေး သိပ်မကျန်တော့ချေ။ ထိုသို့ ငွေကြေး အပိုအလျှံ သိပ်မရှိသည်ကြားမှ ရောဒ် သုံးစွဲနေသော ပစ္စည်းတစ်ခုမှာ နီနှစ်ရောင် 'မာဆီရာတီ' မော်တော်ကားကြီးပင် ဖြစ်သည်။ ထိုမော်တော်ကားသည် ၁၉၆၇ ခုနှစ်က ထုတ်လုပ်သော မော်တော်ကားဖြစ်ပြီး သူဝယ်ယူစဉ်က မိုင်ပေါင်းသုံးသောင်းနီးပါး မောင်းနှင်ပြီး ဖြစ်သည် တိုင်အောင် ထိုမော်တော်ကားအတွက် အရစ်ကျ ပေးနေရသော ငွေသည် ရောဒ်၏ လစာထဲမှ အတော်ခပ်များများကို ဖဲ့ထုတ်သွားလေ့ရှိသည်။

ယခုလို နံနက်ခင်းမျိုးတွင် ထိုအသုံးစရိတ်မှာ ထိုက်ထိုက်တန်တန် ကုန်ကျမှုမျိုး ဖြစ်သည်ဟု ရောဒ်က နှစ်နှစ်ခြိုက်ခြိုက် ကျေနပ်နေလေ့ရှိသည်။ သူသည် ကွေ့ကွေ့ကောက်ကောက်ရှိလှသော ကရားကော့ပ် တောင်ရိုးပေါ်မှ ဆင်းလာခဲ့ပြီးနောက် ဂျိုဟန်နာစဘာတ်ခ်မြို့ဆီသို့ သွားသော မော်တော်ကားလမ်းသည် တဖြောင့်တည်း ရှိနေချိန်တွင် ရောဒ်က မာဆီရာတီမော်တော်ကားကို ဇက်လွှတ်ပေးလိုက်တော့သည်။ ဤတွင် မော်တော်ကားအိပ်ဇောမှ အသံ

သည် မသိမသာ ပြောင်းလဲသွားသလို ထိုမော်တော်ကားသည် ပြေးနေသော ခြသေ့ံတစ်ကောင်ပမာ လမ်းပေါ်တွင် ပြားကပ်နေသည်ဟုပင် ထင်ရတော့သည်။

သာမန်အားဖြင့် ဆွန်ဒါဒစ်ချ်မိုင်းတွင်းမှ ဂျိုဟန်နာစဘတ်ခ်မြို့ထဲသို့ ရောက်အောင် တစ်နာရီကြာမျှ မောင်းနှင်ရလေ့ရှိသော်လည်း ရောဒ်ကမူ ထို ခရီးကို မိနစ်နှစ်ဆယ်ခန့် လျော့နည်းသွားအောင် မောင်းနှင်နိုင်လေ့ ရှိသည်။

ထိုနေ့သည် စနေနေ့ နံနက်ခင်း ဖြစ်သောကြောင့် ရောဒ်၏စိတ်သည် ကြည်လင်ပေါ့ပါးနေသည်။

ရောဒ်သည် ပက်တီနှင့် လင်မယား ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ ဒေါက်တာ ဂျက်ကဲလ်နှင့် မစ္စတာဟိုက်ဒ်လို ဘဝမျိုးတွင် ပျော်မွေ့ခဲ့သူဖြစ်သည်။ ရောဒ်သည် တစ်ပတ်တွင် ငါးရက်လုံးလုံး ကုမ္ပဏီမှ ထိပ်တန်းအရာရှိတစ်ဦးအဖြစ် တာဝန် ယူလေ့ရှိပြီး ထိုရက်သတ္တပတ်၏ နောက်ဆုံးနှစ်ရက်တွင်မူ ရောဒ်သည် ဟီးလ် ဘရိုးမှ အိပ်ခန်းသော့ကို အိတ်ထဲတွင် ထည့်၍ ကားနောက်ဘက် အံဖုံးထဲတွင် ဧကါက်သီးတုတ်တစ်စုံ ထည့်ထားသော မာဆီရာတီမော်တော်ကားကို မောင်းနှင် ရင်း ဂျိုဟန်နာစဘတ်ခ်မြို့သို့ သွားလေ့ရှိသည်။

ယနေ့အဖို့တွင် ရောဒ်အား တစ်ညနေလုံး ပြုစုမည့် ကိုယ်ဟန်ပြမယ် လေးတစ်ဦးနှင့် တွေ့ရန် ရှိနေသည်သာမက ဒေါက်တာမင်းဖရက်စတိုင်းနား၏ ထူးခြားသော ချိန်းဆိုမှုကြောင့် ရောဒ်အိုင်းရွန်းဆိုက်ဒ်သည် ပို၍ စိတ်အား ထက်သန်နေသည်။

ဒေါက်တာစတိုင်းနား၏ အတွင်းရေးမှူးဆိုသော အမျိုးသမီးကလေး တစ်ဦးက ရောဒ်အား ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ ထိုဆင့်ခေါ်ချက်သည် ဖရင့်လင်းမား ကို သကြိုဟ်ပြီး နောက်တစ်နေ့တွင် ရောဒ်ထံသို့ ရောက်ရှိလာခြင်း ဖြစ်ပြီး စနေနေ့နံနက် ဆယ်တစ်နာရီတွင် လာတွေ့ရမည်ဟု ဆိုပေသည်။

ရောဒ်သည် မင်းဖရက်စတိုင်းနားအကြောင်း ကြားဖူးထားသော်လည်း တစ်ခါမှ ဆုံခဲ့ဖူးခြင်း မရှိချေ။ ကုမ္ပဏီပေါင်းငါးဆယ်မှ ခြောက်ဆယ်အထိ စုစည်း၍ ဖွဲ့စည်းထားသော 'စင်ထရယ်ရန်းကွန်ဆိုလီဒိတ်တက်အုပ်စု'* မှ ကုမ္ပဏီ တစ်ခုခုတွင် အလုပ်လုပ်ကိုင်နေသူ မည်သူမဆို မင်းဖရက်စတိုင်းနားကို ကြား ဖူးရမည်သာ ဖြစ်သည်။ ဆွန်ဒါဒစ်ချ် ရွှေတူးဖော်ရေးကုမ္ပဏီသည် ထိုအုပ်စုမှ

* **Central Rand Consolidated Group** အတိုကောက် CRC

ကုမ္ပဏီတစ်ခု ဖြစ်သည်။

မင်းဖရက်စတိုင်းနားသည် ဘာလင်တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ ဝိဇ္ဇာဘွဲ့ကို ရရှိထားသလို ကော်နဲလ်တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ စီမံအုပ် ချုပ်မှု ပါရဂူဘွဲ့ကို ရရှိထားသူ ဖြစ်သည်။ မင်းဖရက်သည် လွန်ခဲ့သော ဆယ် နှစ်နှစ်၊ ၎င်းအသက်သုံးဆယ်အရွယ်က (စင်ထရယ်ရန်းကွန်ဆိုလီဒိတ်တက် အုပ်စုအတိုကောက် စီအာစီ) အဖွဲ့ထဲသို့ ရောက်ရှိလာသူဖြစ်ပြီး ယခု ရှေ့ဆုံး တန်းမှ ပြေးနေသော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပေသည်။ စီအာစီ၏ ချယ်ယာမင် ဟာရီဟာတ်ရှ်ဖဲလ်သည် ထိုနေရာတွင် တစ်သက်လုံး တာဝန် ထမ်းဆောင်မည်ဟု မကြာသေးမီက သွယ်သွယ်ဝိုက်ဝိုက်နှင့် အသိပေးခဲ့ဖူးသော်လည်း သူသည် ထို နေရာတွင် ထာဝရ တာဝန်ယူနိုင်လိမ့်မည် မဟုတ်ပါ။ ဟာရီဟာတ်ရှ်ဖဲလ်၏ နေရာတွင် မင်းဖရက်စတိုင်းနားသည် စီအာစီ ချယ်ယာမင်အဖြစ် ဆက်ခံရ လိမ့်မည်ဟု တစ်ပြေးနေလေသည်။

စီအာစီ၏ ချယ်ယာမင်ရာထူးသည် သွားရည်ကျလောက်သည့် နေရာပင် ဖြစ်သည်။ ထိုရာထူးတွင် ရောက်ရှိနေသူသည် အာဖရိကရှိ နိုင်ငံအကြီးအကဲ များ အပါအဝင် တန်ခိုးအာဏာ အထွားဆုံးပုဂ္ဂိုလ်ငါးဦးတွင် တစ်ဦးအဖြစ် အလိုအလျောက် ရောက်ရှိသွားလေ့ ရှိသည်။

အင်မတန် ကောင်းမွန်သော အကြောင်းပြချက်များက ဒေါက်တာစတိုင်း နားအား ထိုနေရာအတွက် 'အသာ'ပေးနေကြသည်။ သူသည် 'ကွန်ဖျူတာ'ဟု နောက်ပြောင်၍ ခေါ်ဝေါ်သည်ကို ခံရလောက်အောင် ထူးခြားသော ဦးနှောက် ပိုင်ရှင်ဖြစ်သည်။ သူ့ထံတွင် သာမန်ပုဂ္ဂိုလ်များထံ၌ တွေ့ရတတ်သော ပျော့ ညံ့ချက်များကို ရှာမတွေ့ကြရသည့်အပြင် ဒေါက်တာစတိုင်းနားသည် လွန်ခဲ့ သော ဆယ်နှစ်က ဟာရီဟာတ်ရှ်ဖဲလ်၏ တစ်ဦးတည်းသော 'မြေး'မကလေးနှင့် လက်ထပ်နိုင်ခဲ့သူ ဖြစ်သည်။

ဒေါက်တာစတိုင်းနားသည် အင်မတန် အခြေခိုင်သော နေရာတွင် ရှိနေ သူဖြစ်ရာ ရောဒ်သည် ဒေါက်တာစတိုင်းနားနှင့် တွေ့ရမည့်ကိစ္စကို တွေး၍ စိတ်ဝင်စားနေမိသည်။

သူသည် ကလောဖ် ရွှေတူးဖော်ရေး ကုမ္ပဏီပိုင် မြေပေါ်မှ ဖြတ်ကျော် မောင်းနှင်လာချိန်တွင် မာဆီရာတီသည် တစ်နာရီလျှင် ၁၂၅ မိုင်နှုန်းအထိ ရောက်ရှိနေသည်။

ရောဒ်က ခပ်ကျယ်ကျယ် ရယ်လိုက်၏။

"ဂျိုဟန်နာစဘာတ်ခ်ရေ၊ ငါလာပြီဟေ့"

ရောဒ်သည် ဂျိုဟန်နာစဘာတ်ခ်ဖြို့ ဆင်ခြေဖုံးမှ သီးသန့်ရပ်ကွက်ဖြစ်သော 'ဆန်းဒေါင်း'မှ ဒေါက်တာအမ်ကေစတိုင်းနားဟု ကြေးဝါပြားပေါ်မှ စာတန်းထိုးထားသော အိမ်ရှေ့သို့ ဆယ်တစ်နာရီထိုးရန် ဆယ်မိနစ်အလိုတွင် ရောက်ရှိလာသည်။ အိမ်ကို လမ်းပေါ်မှ မမြင်ရသဖြင့် ရောဒ်သည် 'ကိပ်ပ်ဒတ်ချ်' လက်ရာကို တုပထားသော မြင့်မားသည့် အဝင်ဂိတ်ဝ တိုင်ဖြူဖြူကြီးနှစ်ခု အကြားမှ မာဆီရာတီ မော်တော်ကားကို ခပ်ဖြည်းဖြည်း မောင်းနှင်၍ ဝင်လာခဲ့သည်။

အဝင်ဂိတ်ဝသည် အရပ်ဆိုးလွန်းလှသော်လည်း သူတို့၏ နောက်ဘက်ရှိ ပန်းခြံကမူ အလွန် လှပပေသည်ဟု ရောဒ်က ကောက်ချက်ချလိုက်သည်။ ရောဒ်သည် ကျောက်တုံးကျောက်ခဲများအကြောင်း ကောင်းကောင်း သိသော်လည်း ပန်းပင်များအကြောင်း သိသူ မဟုတ်ပါ။

"ဟူး"

ရောဒ်က တအံ့တသြနှင့် ပြောလိုက်၏။

"ဒီနေရာမှာ တစ်ယောက်ယောက်က တော်တော့်ကို အပင်ပန်းခံပြီး အလုပ်လုပ်ထားတာပဲ"

ကျောက်ခင်းထားသော လမ်းကွေး၏ နံဘေးတွင် ဒေါက်တာစတိုင်းနား၏ အိမ်ဂေဟာကြီး ရှိနေသည်။ ထိုအိမ်ကြီး၏ ဗိသုကာလက်ရာမှာ 'ကိပ်ပ်ဒတ်ချ်' လက်ရာပင် ဖြစ်ပြီး ဤအိမ်ဂေဟာကြီးကြောင့် ရောဒ်က အရုပ်ဆိုးလှသော အဝင်ဂိတ်ဝကို ခွင့်လွှတ်လိုက်လေသည်။

"ဟူး"

ရောဒ်က နောက်တစ်ကြိမ် ထပ်၍ ရေရွတ်လိုက်ပြီးနောက် မော်တော်ကားကို တန့်ခနဲ ရပ်သွားအောင် ဘရိတ်ဖမ်းလိုက်၏။

ကိပ်ပ်ဒတ်ချ် ဗိသုကာ လက်ရာသည် ထိထိရောက်ရောက်ဖြစ်အောင် ပုံတူကူးရန် အလွန်ခဲယဉ်းသော လက်ရာမျိုးဖြစ်သည်။ သို့ရာတွင် ယခု လက်ရာကမူ အပြစ် အနာ အဆာ မရှိအောင် ကောင်းမွန်နေသည်။

ရောဒ်သည် ထိုအိမ်ဂေဟာကြီးကို ကြည့်ရှုပြီးနောက် မနာလိုသောစိတ်သည် သူ့ခန္ဓာကိုယ်ထဲမှ ယားကျိကျိနှင့် ထွက်ပေါ်လာတော့သည်။ သူသည်

မာဆီရာတီ မော်တော်ကားကဲ့သို့ ပစ္စည်းအကောင်းစားများကို အလွန်နှစ်ခြိုက်သူဖြစ်သည်။ ယခု အိမ်ဂေဟာကမူ သူ မတွေ့ဖူးခဲ့သော ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် ဂုဏ်ယူလောက်သည့် ပစ္စည်းတစ်မျိုး ဖြစ်ပေသည်။ ရောဒ်၏ တစ်နှစ်စာဝင်ငွေသည် ထိုအိမ်ကြီးကို မဆိုထားဘိ၊ ထိုအိမ်ဆောက်လုပ်ထားသော မြေကွက်အား အရစ်ကျစနစ်နှင့် ဝယ်မည်ဆိုပါက ပထမဦးဆုံး ပေးချေရမည့် ငွေကြေးတစ်စိတ်တစ်ဒေသကိုပင် ကာမိလိမ့်မည် မဟုတ်ကြောင်း သိလိုက်သော ရောဒ်က ထိုအိမ်ရှင်ကို မနာလိုစိတ် ဖြစ်ပေါ်လာမိသည်။

"ငါ့ဆီမှာလဲ ငါ့အိမ်ခန်း ရှိသားပဲ"

ရောဒ်က သူ့ကိုယ်သူ နားချရင်း မော်တော်ကားကိုဒေါင်များ ရှေ့ဘက်ရှိ ကားရပ်ရန် နေရာဆီသို့ မောင်းနှင်လာခဲ့သည်။

ရောဒ်က လမ်းကွေ့အတိုင်း ချိုးကွေ့လာရာ လမ်းကွေ့တွင် ထူးခြားသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရလေသည်။ ထိုမြင်ကွင်းမှာ အသားကပ် ရေခဲပြင်လျှောစီး ဘောင်းဘီရှည်ကို ဝတ်ဆင်၍ ပန်းပင်စိုက်ပျိုးနေသော အမျိုးသမီးတစ်ဦးအား နောက်ဘက်မှ မြင်လိုက်ရခြင်းပင် ဖြစ်သည်။

ကြီးမားသော ပန်းပင်ကြီးနောက်ဘက်မှ ထွက်ပေါ်နေသော ထိုမြင်ကွင်းက ရောဒ်အား ဖမ်းစားထားသည်။ သူ့မြင်ကွင်းထဲမှ တင်ပါးကြီးများက လှိုင်းလုံးကြီးများပမာ လှုပ်ရှားနေသည်ကို ငေးကြည့်နေမိသည်။

ရုတ်ချည်းဆိုသလိုပင် ထိုအမျိုးသမီးက အမျိုးသမီးမဆန်သော လေသံနှင့် ပြောဆိုရေရွတ်ရင်း လက်ညှိုးကို ပါးစပ်ထဲတွင် ထည့်၍ ခါးပြန်မတ်လိုက်သည်ကို တွေ့လိုက်ရလေတော့သည်။

ထိုအမျိုးသမီးက လက်ညှိုးကို ပါးစပ်နှင့် စုပ်ရင်း မပွင့်တပွင့် ပြောနေ သည်။

"လက်ကို စူးတယ်ဟ၊ အဲဒီဆူးက လက်ကို လာစူးတယ်"

ရောဒ်က လှမ်းပြောလိုက်၏။

"အေးလေ၊ မင်းက သူတို့ကို သွားမစနဲ့ပေါ့"

ဤတွင် ထိုအမျိုးသမီးသည် ရောဒ်နှင့် ရင်ဆိုင်ရန် ချာခနဲ လှည့်လိုက်သည်။ ထိုအမျိုးသမီးနှင့် ပတ်သက်၍ ရောဒ် ပထမဦးဆုံး သတိထားလိုက်မိသည် ပစ္စည်းမှာ မျက်နှာနှင့် မလိုက်အောင် အလွန် ကြီးမားသော သူ့မျက်လုံးကြီးများ ဖြစ်သည်။

"ကျွန်မက စနေတာ မဟုတ် ..."

သူသည် စကား စပြောပြီးနောက် တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်လိုက်သည်။ လက်ညှိုးသည် သူ့ပါးစပ်ထဲမှ ပြန်ထွက်လာသည်။ သူ့လက်တစ်ဖက်သည် သူ့ဆံပင်ဆီသို့ အလိုအလျောက် ရောက်ရှိသွားသလို ကျန်လက်တစ်ဖက်က ဘလောက်စ်အင်္ကျီကို ပြုပြင်ရင်း အင်္ကျီပေါ်၌ ကပ်နေသော အမှိုက်သရိုက်ကလေးများကို ပွတ်သပ်ချလိုက်သည်။

"ရှင် ဘယ်သူလဲ"

ကြီးမားသော မျက်လုံးကြီးနှစ်လုံးက ရောဒ် တစ်ကိုယ်လုံးအား သိမ်းကျုံး၍ ကြည့်ရင်း မေးလိုက်၏။ ဤအပြုအမူမှာ ရောဒ်အား ပထမဦးဆုံးအကြိမ်တွေ့မြင်လိုက်ရသော အသက်ဆယ်ခြောက်နှစ်နှင့် အသက်ခြောက်ဆယ်အကြားရှိ မည်သည့်အမျိုးသမီးက မဆို တုံ့ပြန်ကြမည့် အပြုအမူဖြစ်လေရာ ရောဒ်က ကြွေခြွေရှိရှိနှင့် ပြန်ဖြေလိုက်သည်။

"ကျုပ်နာမည် ရောဒ်ဒနီအိုင်းရွန်းဆိုက်ဒ်ပါ။ ကျုပ် ဒေါက်တာစတိုင်းနားနဲ့ ချိန်းထားပါတယ်"

"အို"

သူသည် ဘောင်းဘီရှည်၏ အပြင်ဘက်သို့ ထွက်နေသော ရှပ်အင်္ကျီစများကို ဘောင်းဘီထဲသို့ ကပျာကယာ ထိုးသွင်းလိုက်သည်။

"ကျွန်မယောက်ျား သူ့စာကြည့်ခန်းထဲမှာ ရှိပါလိမ့်မယ်"

သူ မည်သူမည်ဝါဖြစ်ကြောင်း ရောဒ် သိပြီး ဖြစ်ပါသည်။ ရောဒ်သည် သူ့ဓာတ်ပုံကို စီအာစီအုပ်စုမှ ထုတ်ဝေသော သတင်းစာထဲ၌ အကြိမ်ပါးဆယ်မက တွေ့မြင်ပြီး ဖြစ်သည်။ သို့ရာတွင် လက်တစ်ဖက်၌ အပြာကလေးတစ်ခုပါသော ဘလောက်စ်အင်္ကျီ၊ သို့မဟုတ် အောက်သို့ တွဲလောင်းကျနေသော ကျစ်ဆံမြီးဆံပင်တို့နှင့် တွေ့မြင်ဖူးခြင်း မဟုတ်ဘဲ စိန်ရွှေ ရတနာများကို သီးနေအောင် ဝတ်ဆင်ထားပြီး ပွဲနေ ပွဲထိုင် အဝတ်အစားများနှင့်သာ တွေ့မြင်ဖူးခဲ့ခြင်း ဖြစ်သည်။ ဓာတ်ပုံထဲတွင် သူသည် မိတ်ကပ်ကြောင့် သပ်သပ်ရပ်ရပ်ရှိနေသော်လည်း ယခုအချိန်တွင်မူ သူသည် မိတ်ကပ်လိမ်းကျံထားခြင်း မရှိသည့်အပြင် သူ့မျက်နှာသည် နီရဲပြီး ချွေးသီးချွေးပေါက်များနှင့် သီးနေသည်။

"ကျွန်မက ပန်းခြံကို ရှင်းလင်းနေတာဆိုတော့ တော်တော်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်နေမှာပဲ"

သီရေစာစတိုင်းနားက မလိုအပ်ပါဘဲနှင့် ထပ်ပြောလိုက်သည်။

"မင်းက ကိုယ်တိုင် ဒီပန်းခြံကို ပြုပြင်ထားတာလား"

"ကျွန်မက အကွက်ရိုက်ပြီး ပုံဖော်ရသော အလုပ်လုပ်တာပါရှင်၊ ပင်ပင် ပန်းပန်း အလုပ်မျိုးကိုတော့ နည်းနည်းပါးပါးပဲ လုပ်ပါတယ်"

သီရေစာက ပြန်ဖြေလိုက်၏။ သူက ရောဒ်သည် အင်မတန် ထွားကျိုင်းပြီး အရုပ်ဆိုးသည်ဟု အကဲဖြတ်လိုက်သည်။ မဟုတ်သေးပါဘူးလေ။ သူက အရုပ်ဆိုးတာ မဟုတ်ပါဘူး။ ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရပုံ ပေါက်တာပါဟု ပြင်ဆင်၍ အကဲဖြတ်လိုက်သည်။

ရောဒ်က ပြောလိုက်၏။

"သိပ်လှတာပဲ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဟင်အင်း၊ သူက ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရပုံပေါက်တာ မဟုတ်ပါဘူး။ ရင်ဘတ်ပေါ်က တွန့်လိမ်နေသော ရင်ဘတ်မွေးများသည် လည်ပင်းကို ဖွင့်ထားသော ရှပ်အင်္ကျီနှင့် ဈွပ်ကျယ်အင်္ကျီအောက်မှ တစ်စွန်းတစ်စ ပေါ်ထွက်နေကြသည်။ သည်လူ တော်တော်သန်စွမ်းပုံရသည်ဟု သီရေစာက သူ့ယူဆချက်ကို ပြင်ဆင်ပစ်လိုက်လေသည်။

"အဲဒါ 'ပရိုတီး' မဟုတ်လား"

ရောဒ်သည် မကြာသေးခင်က သူအော်ဟာစ်ပြီး ထလာခဲ့သော ပန်းပင်ကို လက်ညှိုးထိုး၍ ပြလိုက်၏။ ရောဒ်က ရမ်းသန်းပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"နတာန်စ်ပါ"

ထိုအမျိုးသမီးက ဖြေလိုက်၏။ သူသည် အသက်သုံးဆယ်ကျော်သူဖြစ်ရမည်။ နားထင်စပ်၌ ဆံပင်ဖြူများကို တွေ့မြင်နေရသည်။

"ဗျာ၊ ကျုပ်က အဲဒါကို 'ပရိုတီး'လို့ ထင်လိုက်မိလို့ပါ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ 'နတာန်စ်'က အဲဒီပန်းပင်ရဲ့ နာမည်စစ်စစ်ပါ။ ပရိုတီးပန်းတွေထဲမှာ မျိုးကွဲပေါင်းနှစ်ရာကျော် ရှိတယ်"

ထိုအမျိုးသမီးက လေးလေးနက်နက် ဖြေလိုက်၏။ သူ့အသံသည် သူ့ ရုပ်သွင်နှင့် လုံးဝမဆီလျော်ဟု သီရေစာက ဆုံးဖြတ်လိုက်သည်။ သူသည် တံခွန်စိုက် လက်ဝှေ့သမားနှင့် တူသော်လည်း ရှေ့နေတစ်ယောက်လို စကားပြော

ကောင်းသူဖြစ်သည်။ ရှေ့နေတစ်ယောက်ပင် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ မင်းဖရက်နှင့် လာရောက်တွေ့ဆုံသူများသည် ရှေ့နေများနှင့် စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များသာ ဖြစ်ကြပေသည်။

"အဲဒီလိုလား။ သိပ်လှတာပဲဗျာ"

ရောဒ်က ပန်းပွင့်ကလေးတစ်ပွင့်ကို လက်နှင့် ထိလိုက်၏။

"ဟုတ်တယ်၊ သိပ်လှတယ်နော်။ ကျွန်မက မျိုးကွဲပေါင်းငါးဆယ်ကျော်ကို ဒီမှာ စိုက်ထားတယ်"

ထိုနောက် သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး အပြုံးချင်း ဖလှယ်မိကြတော့သည်။

သီရေစာစတိုင်းနားက ပြောလိုက်၏။

"ကျွန်မ ရှင့်ကို အိမ်အထိ လိုက်ပို့ပေးပါမယ်"

❐

[၇]

"မစ္စတာအိုင်းရွန်းဆိုက်ဒ် ရောက်နေပါပြီ မင်းဖရက်"

"ကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းဖရက်စတိုင်းနားသည် ကြမ်းတိုက်ဖယောင်းဆော်နံ့သော အခန်းထဲရှိ စားပွဲနောက်တွင် ထိုင်နေသည်။ မင်းဖရက်သည် ထိုင်နေရာမှ မတ်တတ်ရပ်ခြင်း မရှိပါ။

"ရှင် ကော်ဖီတစ်ခွက်လောက် လိုချင်ဦးမလား"

တံခါးဝတွင် ရှိနေသော သီရေစာက လှမ်းမေးလိုက်၏။

"ဒါမှမဟုတ် လက်ဖက်ရည်ပေါ့"

"မလိုပါဘူး။ ကျေးဇူးတင်ပါတယ်"

မင်းဖရက်သည် သီရေစာ၏ နံဘေးတွင် မတ်တတ်ရပ်နေသော ရောဒ် အား မေးမြန်းခြင်း အလျှင်းမရှိဘဲ ပြန်ဖြေလိုက်၏။

"ဒါဆိုရင် ကျွန်မသွားတော့မယ်"

"ကျေးဇူးတင်ပါတယ် သီရေစာ"

သူ ပြန်လှည့်ပြီး ထွက်သွားတော့သည်။ ရောဒ်သည် ထိုနေရာတွင် မတ်တတ်ဆက်ရပ်ရင်း သူ အလွန်ကြားဖူးနေသော ထိုပုဂ္ဂိုလ်ကို လေ့လာလိုက်သည်။

မင်းဖရက်စတိုင်းနားသည် အသက်လေးဆယ့်နှစ်နှစ်ထက် ပို၍ ငယ်ပုံရသည်။ မင်းဖရက်၏ဆံပင်သည် အညိုနုရောင်ဖြစ်ပြီး ရွှေရောင်ဘက်သို့ လှနေသည်။ သူက ထိုဆံပင်ကို နောက်ဘက်သို့ တည်တည်လှန် ဖြီးထားသည်။ သူသည် ကြီးမားထူထဲသော အနက်ရောင်ကော်ကိုင်းမျက်မှန်ကြီးကို တပ်ဆင်ထားပြီး သူ့မျက်နှာသည် မေးစေ့ပေါ်၌ မုတ်ဆိတ်မွေးတစ်ပင်မှ မရှိဘဲ မိန်းကလေးတစ်ယောက်၏ မျက်နှာကဲ့သို့ ချောမွေ့နူးညံ့နေပုံရသည်။ ပါလစ်သုတ်ထားသော စားပွဲပေါ်၌ တင်ထားသည် သူ့လက်များပေါ်တွင် အမွေးအမျှင်များ မရှိဘဲ ပြောင်ချောနေသောကြောင့် သူသည် အမွေးကျွတ်ဆေးကို သုံးစွဲလေရော သလားဟုပင် ရောဒ်က တွေးလိုက်မိသည်။

"ဝင်ခဲ့လေ"

သူက လှမ်းပြောလိုက်သောကြောင့် ရောဒ်က စားပွဲဆီသို့ ချဉ်းကပ်လာခဲ့သည်။ စတိုင်းနားသည် မီးပူတိုက်ထားသောကြောင့် ဖြစ်ပေါ်နေသော ခေါက်ရိုးကလေးများပင် မပြန်သေးသည့် ပိုးသားရှပ်အင်္ကျီဆွတ်ဆွတ်ဖြူတစ်ထည်ကို ဝတ်ဆင်ထားသည်။ သူသည် 'ရှိုင်ရယ်ဂျိုဟန်နာစဘတ်ခ် ဂေါက်ကလပ်'လည်စည်းကို ဝတ်ဆင်ထားပြီး မဟူရာ လက်ကြယ်သီးများကို တပ်ထားသည်။ ရုတ်ခြည်းဆိုသလိုပင် ထိုလည်စည်းနှင့် ထိုရှပ်အင်္ကျီတို့သည် ယခင်က တစ်ခါမှ မဝတ်ဆင်ဖူးသေးသောလည်စည်းနှင့် ရှပ်အင်္ကျီအသစ်များ ဖြစ်ကြောင်း ရောဒ် သဘောပေါက်သွားသည်။ သူကြားခဲ့ဖူးသော အချက်အလက်များထဲတွင် ထို အချက်မှန်ကန်ပေသည်။ စတိုင်းနားသည် သူ့အတွက် လက်နှင့် ချုပ်ထားသော ရှပ်အင်္ကျီများကို တစ်ကြိမ်လျှင် တကကျွတ် (၁၄၄ ထည်)စီ ဝယ်ယူလေ့ရှိပြီး တစ်ထည်ကို တစ်ရက်သာ ဝတ်ဆင်လေ့ ရှိသည်။

"ထိုင်ပါ၊ အိုင်းရွန်းဆိုက်ဒ်"

စတိုင်းနားက လေသံခပ်ဝဲဝဲကလေးနှင့် ပြောလိုက်၏။

"ဒေါက်တာစတိုင်းနား"

ရောဒ်က ခပ်တိုးတိုး ပြောလိုက်သည်။

"ခင်ဗျားအနေနဲ့ ကြိုက်ရာတစ်မျိုးမျိုးကို သုံးစွဲနိုင်ပါတယ်။ ခင်ဗျားက ကျုပ်ကို 'ရောဒ်ဒနီ'လို့ ခေါ်ချင်ခေါ်၊ ဒါမှမဟုတ်ရင်တော့ မစ္စတာအိုင်းရွန်းဆိုက်ဒ်လို့ ခေါ်ပါ"

စတိုင်းနား၏ အမူအရာ၊ သို့မဟုတ် အသံတွင် လုံးဝပြောင်းလဲမှု မရှိပါချေ။

"ကျုပ်တို့ ဆွေးနွေးမှုရဲ့ နိဒါန်းအနေနဲ့ မင်းရဲ့ နောက်ကြောင်းရာဇဝင်ကို နည်းနည်းလောက် ပြန်ပြီး သုံးသပ်ချင်တယ် မစ္စတာအိုင်းရွန်းဆိုက်ဒ် မင်းက ကန့်ကွက်ဖို့များ ရှိပါသလား"

"မရှိပါဘူး ဒေါက်တာစတိုင်းနား"

"မင်းကို ၁၉၃၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ ထရန်စကီနယ်မြေက ဘတ်တားဝယ်သ်မြို့မှာ မွေးဖွားခဲ့တယ်။ မင်းအဖေက အဲဒီဒေသက ဒေသခံကုန်သည်တစ်ယောက် မင်းအမေက ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလမှာ ကွယ်လွန်ခဲ့တယ်။ မင်းအဖေဟာ ဒါတန် မြေလျှင်တပ်မှာ ဗိုလ်ကြီးအဆင့်နဲ့ ဝင်ရောက် အမှုထမ်းဆောင်ခွင့်ရခဲ့တယ်။ မင်းဖခင်ဟာ ၁၉၄၄ ခုနှစ် ဆောင်းအတွင်းမှာ အီတလီနိုင်ငံက 'ပို'မြစ်တိုက်ပွဲမှာ ရရှိခဲ့တဲ့ ဒဏ်ရာတွေကြောင့် ကွယ်လွန်ခဲ့တယ်၊ မင်းကို လန်ဒန်အရှေ့ဘက်ပိုင်းမှာရှိတဲ့ မိခင်ဘက်က ဦးလေးတစ်ယောက်က ခေါ်ယူစောင့်ရှောက်ခဲ့တယ်။ ၁၉၄၇ ခုနှစ်မှာ ဂရာဟမ်ဟောင်းမြို့က ကွင်းစ်ကောလိပ်မှာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို အောင်မြင်ခဲ့တယ်။ ဒါပေမဲ့ ဝစ်ဝါးတားစ်ရန်းယူနီဗာစီတီမှာ သတ္တုတွင်း အင်ဂျင်နီယာဘွဲ့အတွက် သတ္တုတွင်းကုမ္ပဏီကြီးများအသင်းက ပေးတဲ့ စကောလားရှစ် (ပညာသင်ဆု) ကိုတော့ မရခဲ့ဘူး။ ဒါကြောင့် ဂျိုအမ်တီအက်စ် (အစိုးရက ဖွင့်လှစ်သော မိုင်းတွင်းလေ့ကျင့်ရေးကျောင်း)မှာ ကျောင်းသားအဖြစ် ဝင်ရောက်သင်ကြားပြီး ၁၉၄၉ ခုနှစ်မှာ မိုင်းတွင်း ဒီပလိုမာကို ရရှိခဲ့တယ်၊ အဲဒီအချိန်ကျတော့ မင်းက 'ဘလိုင်ဘူးရှစ်ဖစ်' ရွှေမိုင်းကုမ္ပဏီမှာ အလုပ်သင်မိုင်းတွင်း အလုပ်သမားအဖြစ် ဝင်ရောက် အမှုထမ်းဆောင်နေပြီလေ"

ဒေါက်တာစတိုင်းနားသည် စားပွဲမှထလိုက်ပြီးနောက် နံရံအပြည့် ဖျဉ်ပြားကပ်ထားသော နံရံဆီသို့ လျှောက်သွားပြီး မမြင်ရအောင် ပြုလုပ်ထားသော ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ရာ ဖျဉ်ပြားကပ်ထားသော နံရံ၏ တစ်စိတ်

တစ်ဒေသသည် ဘေးဘက်သို့ လျှော၍ ပွင့်ထွက်သွားပြီး လက်ဆေးဇလုံတစ်ခုနှင့် မျက်နှာသုတ်ပဝါများ တင်ထားသော စင်တစ်ခုကို တွေ့လိုက်ရလေတော့သည်။ ဒေါက်တာစတိုင်းနားသည် သူ့လက်ကို ဆပ်ပြာနှင့် စေ့စေ့စပ်စပ် ဆေးကြောရင်း စကားကို ဆက်ပြောသွားသည်။

"အဲဒီနှစ်မှာ မင်းကို မိုင်းအလုပ်သမားအဖြစ် ရာထူးတိုးပေးလိုက်ပြီး ၁၉၅၂ ခုနှစ်မှာ အဆိုင်းကြပ်၊ ပြီးတော့ ၁၉၅၄ ခုနှစ်မှာ မိုင်းအလုပ်သမားခေါင်းဆောင်အဖြစ် အဆင့်ဆင့် ရာထူးတိုးမြှင့်ပေးခံခဲ့ရတယ်၊ မင်းဟာ ၁၉၅၉ ခုနှစ်မှာ မိုင်းတွင်း မန်နေဂျာ စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှာ လက်ထောက်ကိုဏ်းမန်နေဂျာအဖြစ် ကျုပ်တို့ဆီ ရောက်လာတယ်၊ ၁၉၆၃ ခုနှစ်မှာ ကိုဏ်းမန်နေဂျာ၊ ၁၉၆၅ ခုနှစ်မှာ လက်ထောက်မြေအောက်မန်နေဂျာ၊ ပြီးတော့ ၁၉၆၈ ခုနှစ်မှာ မင်းရဲ့လက်ရှိရာထူးဖြစ်တဲ့ မြေအောက် မန်နေဂျာရာထူးကို ရခဲ့တယ်"

ဒေါက်တာစတိုင်းနားသည် သူ့လက်များကို ဆွတ်ဆွတ်ဖြူနေသော မျက်နှာသုတ်ပဝါနှင့် ရေခြောက်သွားအောင် စတင်သုတ်တော့သည်။ ရောဒ်က ဝန်ခံလိုက်၏။

"ခင်ဗျားက ကုမ္ပဏီမှာရှိတဲ့ ကျုပ်ရဲ့ ကိုယ်ရေးမှတ်တမ်းကို အသေးစိတ် အာဂုံဆောင်ထားနိုင်သားပဲ"

ဒေါက်တာစတိုင်းနားသည် မျက်နှာသုတ်ပဝါကို လုံးခြေပစ်လိုက်ပြီးနောက် လက်ဆေးကြွေဇလုံအောက်ဘက်တွင် ရှိနေသော ပုံးထဲသို့ ပစ်ထည့်လိုက်၏။ သူက ခလုတ်ကို ပြန်နှိပ်လိုက်ရာ ဖျဉ်ပြားနံရံသည် လျှောခနဲ ပြန်ရွေ့လျားလာပြီး ထိုနေရာသည် ပြန်ပိတ်သွားတော့သည်။ ထို့နောက် ဒေါက်တာစတိုင်းနားသည် ပါလစ်သုတ်ထားသော ကြမ်းပြင်ပေါ်တွင် လျှောက်၍ စားပွဲဆီသို့ ပြန်လာလေရာ ဒေါက်တာစတိုင်းနားသည် သူ့ဇနီးနှင့် အရပ်အမောင်း အတူတူခန့်ဖြစ်ပြီး ငါးပေခွဲထက် ပို၍ အရပ်မမြင့်ကြောင်း ရောဒ်က သတိပြုလိုက်မိတော့သည်။

စတိုင်းနားက ဆက်ပြောသည်။

"အဲဒါကို ထူးချွန်မှုလို့ ခေါ်ရလိမ့်မယ်၊ အခု မင်းက အသက် ၃၉ နှစ် တောင် မပြည့်တတ်သေးတဲ့အချိန်မှာ ဒီအုပ်စုတစ်ခုလုံးမှာရှိတဲ့ မြေအောက်မန်နေဂျာတွေထဲက ဒုတိယအသက်အငယ်ဆုံးပုဂ္ဂိုလ်ဟာ အသက်လေးဆယ်ခြောက်

နှစ်လောက် ရှိနေပြီ"

ရောဒ်က စတိုင်းနား၏ စကားကို အသိအမှတ်ပြုပြန်နှင့် ဦးခေါင်းကို ညိတ်လိုက်၏။

"ကဲ..."

ဒေါက်တာစတိုင်းနားသည် ပြန်ထိုင်လိုက်ပြီးနောက် လောလောဆယ် ဆေးကြောလာသော လက်နှစ်ဖက်ကို စားပွဲပေါ်တွင် တင်ရင်း ပြောလိုက်သည်။

"ကျုပ်က မင်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကလေးတွေကို နည်းနည်းလောက် ဆွေးနွေးချင်သေးတယ်၊ မင်းက ကန့်ကွက်ချင်သေးသလား"

ဤတစ်ကြိမ်တွင်လည်း ရောဒ်က ခေါင်းညိတ်၍ ပြလိုက်ပြန်၏။

"တက္ကသိုလ်ဝင်ခွင့် စာမေးပွဲတုန်းက ဘာသာရပ်တိုင်းမှာ အဆင့်အေတွေချည်း ရခဲ့ပေမဲ့ သတ္တုတွင်းကုမ္ပဏီကြီးများ အသင်းက မင်းကို စကောလားရှစ်ပေးဖို့ ငြင်းဆန်ခဲ့တဲ့အကြောင်းရင်းကတော့ မင်းရဲ့ ကျောင်းအုပ်ဆရာကြီးက မင်းဟာ စိတ်မှုမမှန်တဲ့အပြင် အကြမ်းဖက်တတ်တဲ့ စိတ်နေသဘောထားရှိတယ်လို့ သူ့ထောက်ခံစာမှာ ဖော်ပြထားလို့ပဲ"

"ခင်ဗျားက အဲဒါကို ဘယ်လိုလုပ်ပြီး သိသလဲ"

ရောဒ်က ဝင်ထောက်လိုက်၏။

"ကျုပ်က အဲဒီဘုတ်အဖွဲ့ရဲ့ မှတ်တမ်းတွေကို ယူကြည့်နိုင်ခွင့် ရှိတယ်၊ ဖြစ်ပုံကတော့ မင်းက တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို အောင်သွားတာနဲ့ တစ်ပြိုင်နက် မင်းက မင်းရဲ့ကျောင်းအုပ်ဆရာဟောင်းကြီးကို ချက်ချင်း ရန်မူတော့တာပဲ"

"ဟုတ်တယ်၊ ကျုပ် သူ့ကို ရန်မူခဲ့တယ်"

"တော်တော် တန်ဖိုးကြီးမားတဲ့ စိတ်အလိုလိုက်မှုတစ်ခုပဲပေါ့။ မစ္စတာအိုင်းရှန်းဆိုက်ဒ်ရယ်၊ မင်း အဲဒါကြောင့် တက္ကသိုလ်ကဘွဲ့၊ ဒီဂရီတစ်ခုခုကို မရခဲ့တာပေါ့"

ရောဒ်တစ်ယောက် ငြိမ်ကျသွားသည်။

"ဆက်ပြောရမယ်ဆိုရင် ၁၉၅၉ ခုနှစ်မှာ မင်းက ပက်ထရစ်ရှာ အင်နီဟာဗေး (ပက်တီ) ကို လက်ထပ်ခဲ့တယ်၊ အဲဒီနှစ်မှာပဲ သမီးကလေးတစ်ယောက် မွေးဖွားခဲ့တယ်၊ တိတိကျကျပြောရမယ်ဆိုရင် အိမ်ထောင်ကျပြီး ခုနှစ်လခွဲတိတိမှာ မွေးခဲ့တာပဲ"

ရောဒ်သည် ကုလားထိုင်ပေါ်တွင် နေရာရွှေ့၍ ထိုင်လိုက်၏။ ဤတွင် ဒေါက်တာစတိုင်းနားက ဆက်ပြောသွားသည်။

"အဲဒီအိမ်ထောင်ဟာ ၁၉၆၄ ခုနှစ်မှာ ကွာရှင်းပြတ်စဲခဲ့မှုနဲ့ အဆုံးသတ်သွားတယ်။ မင်းဇနီးက မင်းကို အငယ်အနှောင်းထားမှုနဲ့ တရားစွဲခဲ့တယ်၊ သူက သမီးကလေးကို ထိန်းသိမ်းခွင့်ရရှိသွားတဲ့အပြင် မယားစရိတ်အနေနဲ့ တစ်လကို ရန်းငွေလေးရာငါးဆယ် ရရှိသွားတယ်"

"ဒါတွေကို ဘာဖြစ်လို့ ပြောနေရတာလဲဗျ"

ရောဒ်က မကျေမနပ်နှင့် တောင်းဆိုလိုက်၏။

"ကျုပ်က မင်းရဲ့ လက်ရှိအခြေအနေကို တိတိကျကျ ပုံဖော်နိုင်အောင် ကြိုးစားနေတာပါ။ ဒီကိစ္စက သိပ်ကို လိုအပ်တယ်ဆိုတာ မင်း ယုံပါကွာ"

ဒေါက်တာစတိုင်းနားသည် မျက်မှန်ကို ချွတ်လိုက်ပြီးနောက် သန့်ရှင်းဖြူစင်သော လက်ကိုင်ပဝါတစ်ထည်နှင့် မှန်များကို တိုက်ချွတ်နေသည်။ ဒေါက်တာစတိုင်းနား၏ နှာခေါင်းရိုးပေါ်တွင် မျက်မှန်ရာများ ရှိနေသည်။

"ဒါဖြင့်ရင်လဲ ဆက်ပြောလေ"

ရောဒ်သည် မကျေမချမ်းဖြစ်နေမိသည့်တိုင်အောင် စတိုင်းနားက သူနှင့် ပတ်သက်၍ မည်မျှလောက်အထိ သိရှိထားကြောင်း သိချင်စိတ် လွန်လွန်ကဲကဲ ဖြစ်ပေါ်နေသည်။

"၁၉၆၈ ခုနှစ်မှာ မစ်(စ်)ဒိုင်ယာနီဂွန်ဆန်ဆိုသူက မင်းကို ကလေးစရိတ်ရလိုမှုနဲ့ တရားစွဲခဲ့တဲ့အတွက် မင်းက တစ်လရန်းငွေ ၁၅၀ ပေးဆေဖို့ အမိန့်ချမှတ်ခံရပြန်တယ်"

ရောဒ်သည် မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်သော်လည်း ငြိမ်နေသည်။

"ထိခိုက်နာကျင်စေမှုနဲ့ တရားစွဲခံရပေမဲ့ ကိုယ်ကိုယ်ကို ခုခံကာကွယ်မှုနဲ့ မင်းဘက်က အနိုင်ရရှိသွားတဲ့ အမှုနှစ်မှုအကြောင်းကိုတော့ ဆက်ပြောဖို့ လိုလိမ့်မယ်လို့ ကျုပ် မထင်ဘူး"

"ဒါ အကုန်ပဲလား"

ရောဒ်က ငေါ့တော့တော့နှင့် ပြောလိုက်၏။ ဒေါက်တာစတိုင်းနားက ဝန်ခံလိုက်သည်။

အကုန်လောက်နီးပါးပဲဆိုပါတော့ လစဉ် ပေးနေရတဲ့ ကုန်ကျစရိတ်တွေထဲမှာ ဥရောပတိုက်က ပြိုင်ကားကလေးတစ်စီးအတွက် လစဉ်အရစ်ကျ

ပေးရငွေ ရန်းငွေ ၁၅၀ နဲ့ ဟီးဘရီးကော်နာလိန်း ၅၉၆ ဂလင်းအဲလ်ပိုင်းအိုက် လမ်းက အိမ်ခအတွက် တစ်လကို အိမ်လခ ရန်းငွေ ၁၀၀ ပေးရတာတွေကို ထည့်ပြောဖို့ပဲ လိုပါတော့တယ်"

ရောဒ် အကြီးအကျယ် ဒေါပွသွားသည်။ စီအာစီအုပ်စုတွင် ရှိသော မည်သူကမျှ ထိုအိမ်ခန်းအကြောင်း သိထားခြင်း မရှိကြဟု သူက ယူဆထားသည်။

"ခင်ဗျား လွန်ပြီထင်တယ်၊ ခင်ဗျားက ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာတွေကို လိုက်စုံစမ်းနေတာပဲ"

"ဟုတ်ပါတယ်"

ဒေါက်တာစတိုင်းနားကလည်း အမှန်အတိုင်း ပြောလိုက်သည်။

"ကျုပ်မှာ အပြစ်ရှိပါတယ်၊ ဒါပေမဲ့ ကောင်းသော ရည်ရွယ်ချက်နဲ့ပါ၊ မင်းက ကျုပ်စကားကို သည်းခံပြီး နားထောင်မယ်ဆိုရင် ဘာကြောင့်လဲဆိုတာ မင်း သိလာပါလိမ့်မယ်"

ချက်ချင်းဆိုသလိုပင် ဒေါက်တာစတိုင်းနားသည် စားပွဲမှ ထလိုက်ပြီးနောက် သူ့လက်များကို ဆေးကြောရန် နံရံနောက်ဘက်တွင် ကွယ်ဝှက်ထားသော လက်ဆေးဇလုံဆီသို့ လျှောက်သွားပြီး လက်များကို စတင်၍ ဆေးကြောတော့သည်။ သူက လက်များကို သေသွေ့ခြောက်သွားအောင် မျက်နှာသုတ်ပဝါနှင့် သုတ်နေစဉ် ဆက်၍ ပြောပြန်၏။

"မင်း လစဉ်ပေးနေရမယ့် ငွေက ရန်းငွေ ၈၅၀ လောက် ရှိတယ်၊ မင်းရဲ့ လစာက အခွန်အခတွေကို နုတ်ပြီးပြီဆိုရင် တစ်လကို ရန်းတစ်ထောင်မကျော်ဘူး။ မင်းမှာ သဌေးတွင်းအင်ဂျင်နီယာဘွဲ့လည်း မရှိဘူး။ အဲဒီလို ဒီဂရီမရှိတဲ့အတွက် နောက်တစ်ဆင့်ဖြစ်တဲ့ ဂျင်နရယ် မန်နေဂျာရာထူးကို ရဖို့ဆိုတာ မင်းနဲ့ သိပ်ဝေးလွန်းသွားပြီ၊ ဒီမှာ မစ္စတာ အိုင်းရှန်းဆိုက်ဒ်၊ မင်း လမ်းဆုံးကို ရောက်နေပြီ၊ မင်းရဲ့ အရည်အချင်းသက်သက်နဲ့ဆိုရင် မင်းရှေ့ဆက် တိုးတက်ဖို့ လမ်းမရှိတော့ဘူး၊ နောက်ထပ် နှစ်ပေါင်းသုံးဆယ်ကြာရင် မင်းက စီအာစီအုပ်စုထဲမှာ အသက်အငယ်ဆုံး မြေအောက်မန်နေဂျာ မဟုတ်တော့ဘဲ အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်နေလိမ့်မယ်"

ဒေါက်တာစတိုင်းနားက ခေတ္တမျှ ရပ်တန့်လိုက်၏။

"အဲဒါကလည်း မင်းရဲ့ ဇိမ်ခံတတ်တဲ့ စရိုက်ကြောင့် ကြွေးရှင်တွေက တရားစွဲလို့ မင်းထောင်ထဲကို ရောက်မနေပါမှ ဒါမှမဟုတ် စိတ်တိုပြီး လက်မြန်တတ်တဲ့ မင်းစရိုက်၊ ဒါမှမဟုတ် အိုင်တွေ့ရင် ခြေဆော့တတ်တဲ့ မင်းရဲ့စရိုက်တွေကြောင့် ကြီးကြီးကျယ်ကျယ် ဒုက္ခမတွေ့ပါမှလို့ ပြောတာနော်"

ဒေါက်တာစတိုင်းနားသည် မျက်နှာသုတ်ပဝါကို ပုံးထဲသို့ ပစ်ထည့်လိုက်ပြီးနောက် ကုလားထိုင်ဆီသို့ ပြန်လျှောက်လာသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက်က အကဲခတ်ကြရင်း တစ်မိနစ်ခန့်ကြာအောင် ငြိမ်နေကြသည်။

"ခင်ဗျားက ဒါတွေကို ပြောပြဖို့ ကျုပ်ကို ဒီအထိလာခဲ့ပါလို့ ခေါ်ရသလား ဗျာ"

တစ်ကိုယ်လုံး တောင့်တင်းနေသော ရောဒ်က အသံကွဲကွဲနှင့် မေးလိုက်၏။ သူ့အား နောက်ထပ် တစ်အောင်စခန့် ပိုမို၍ ရန်စလိုက်မည်ဆိုပါက ရောဒ်သည် စားပွဲပေါ်မှ ခုန်ဖျံကျော်လွှားပြီး စတိုင်းနား၏ လည်ပင်းကို ဖျစ်ညှစ်မိပေလိမ့်မည်။

"မဟုတ်ပါဘူး"

ဒေါက်တာစတိုင်းနားက ခေါင်းခါလိုက်သည်။

"ကျုပ်က မင်းကို ဒီအထိခေါ်လိုက်ရတဲ့ ကိစ္စက ကျုပ်ဆီမှာရှိတဲ့ အရှိန် အဝါ၊ သြဇာ တိက္ကမတွေ၊ အဲဒါတွေကလည်း ကိုယ်ကိုယ်ကိုယ် ချီးမြှောက်ပြီး ပြောရမယ်ဆိုရင် နည်းနည်းပါးပါးမဟုတ်ပါဘူး။ အဲဒါတွေကို သုံးစွဲပြီး မင်းကို ဆွန်ဒါဒစ်ရှ် ရွှေတူးဖော်ရေးကုမ္ပဏီရဲ့ ဂျင်နရယ်မန်နေဂျာအဖြစ် ခန့်ထားနိုင်အောင် ...အဲလေ ...ချက်ချင်းခန့်ထားနိုင်အောင် ဆောင်ရွက်ပေးမယ်လို့ ပြောမလို့ပါ"

ဒေါက်တာစတိုင်းနားက သူ့အားတအံ့တဩနှင့်လှမ်းကြည့်လိုက်သည့်အလား ရောဒ်သည် သူ့ကုလားထိုင်ပေါ်တွင် နောက်ဘက်သို့ ဖြုန်းခနဲ လန့်သွားတော့သည်။ ရောဒ်က သူ့အား တအံ့တဩနှင့် ပြန်ကြည့်နေသည်။

နောက်ဆုံးတွင် ရောဒ်က မေးလိုက်၏။

"ဘာဖြစ်လို့လဲ၊ ခင်ဗျားက အပေးအယူအနေနဲ့ ဘာကို လိုချင်လို့လဲ"

"မင်းရဲ့ ကျေးဇူးတင်တာကိုလည်း မလိုချင်ဘူး၊ မိတ်ဆွေဖြစ်တာကိုလည်း မလိုချင်ဘူး"

ဒေါက်တာစတိုင်းနားက ပြန်ပြောလိုက်သည်။

"ဒါပေမဲ့ မင်းဟာ ကျုပ်လို လုံးလုံးလျားလျား ဖြစ်စေရမယ်၊ ကျုပ်ခိုင်းသမျှကို မေးမမြန်းဘဲ လိုက်နာရလိမ့်မယ်"

ရောဒ်က ကမန်းကတန်း တွေးတော စဉ်းစားနေစဉ် စတိုင်းနားအား ငေးကြည့်နေမိသည်။ စတိုင်းနားကသာ ကြားဝင်၍ ဆောင်ရွက်မပေးပါက သူသည် နောက်တစ်ဆင့် ရာထူးတိုးရန် အနည်းဆုံး ဆယ်နှစ်အထိ စောင့်ရပေလိမ့်မည်။ အဲဒါကလည်း ထိုရာထူး ပေါ်ပေါက်လာပါမှ သူ ထိုရာထူးကို လိုချင်ပါသည်။ သိပ်ကို လိုချင်ပါသည်။ အောင်မြင်မှု၊ ဝင်ငွေတိုးတက်လာမှု၊ ထိုရာထူးနှင့်အတူ ပါရှိလာမည့်သြဇာ၊ အာဏာ၊ တစ်နှစ်လျှင် နောက်ထပ်ရန်းငွေတစ်သောင်း ထပ်မံရရှိလာမည်သာမက အသက် သုံးဆယ်ရှစ်နှစ်တွင် (ရွှေ) တွင်းတစ်တွင်းကို ကိုယ်တိုင်ဦးစီး၍ ဆောင်ရွက်ခွင့် ရရှိပေတော့မည်။

သို့တိုင်အောင် မင်းဖရက်က တောင်းခံမည့် အဖိုးအခမှာ နည်းလိမ့်မည်ဟု ယူဆရလောက်အောင် ရောဒ်သည် ထူသူ၊ အသူ မဟုတ်ပါ။ သူက ခိုင်းစေသည့်အခါတွင် ထိုအလုပ်မှာ အလွန်ဆိုးဝါးသော လုပ်ငန်းမျိုး ဖြစ်ပေလိမ့်မည်။ သို့ရာတွင် သူသည် ထိုရာထူးကို ရရှိသည်နှင့် တစ်ပြိုင်နက် ထိုညွှန်ကြားချက်ကို ငြင်းဆန်နိုင်ပေလိမ့်မည်။ ထိုရာထူးကို ပထမဦးဆုံးရအောင် လုပ်၊ သူ့ညွှန်ကြားချက်ကို ရသည့်အခါကျမှ လိုက်နာရန် မလိုက်နာရန်ဆိုသော ကိစ္စကို ဆုံးဖြတ်ရပေတော့မည်။ သူက အဖြေပေးလိုက်၏။

"ကျုပ် လက်ခံပါတယ်"

ဒေါက်တာမင်းဖရက်စတိုင်းနားသည် သူ့စားပွဲမှ ထလိုက်သည်။

"မင်းကို ကျုပ် ဆက်သွယ်မယ်၊ မင်း အခု ပြန်နိုင်ပြီ"

❐

[၈]

ရောဒ်သည် မည်သည့်အရာကိုမှ မြင်လည်း မမြင်၊ ကြားလည်း မကြားဘဲ မြက်ခင်းပြင်ကို ကျော်ဖြတ်ရင်း မော်တော်ကားဆီသို့ သတိလက်လွတ် ပြန်

လျှောက်လာသည်။ တိရစ္ဆာန်အသေတစ်ကောင်အား တောခွေးများက အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်အောင် ဝိုင်း၍ ကိုက်ဖဲ့နေကြသည့်အလား သူ့စိတ်သည် မကြာသေးမီက ပြောခဲ့သော စကားများကို အပြန်ပြန် အလှန်လှန် စဉ်းစားနေမိသည်။ ထို့ကြောင့် သီရေစာကိုပင် မမြင်ဘဲ ဝင်တိုးမိတော့မည်ကဲ့သို့ ဖြစ်သွားရသည်။ သူ့ဦးနှောက်သည်လည်း ဂျင်နရယ် မန်နေဂျာရာထူးကို စဉ်းစားနေမိရာမှ ရုတ်တရက် ရပ်တန့်သွားရလေတော့သည်။

သီရေစာသည် သူနှင့် တွေ့ခဲ့ရသော နာရီဝက်အတွင်း မျက်နှာနှင့် မျက်စိသည် ပြုပြင် ခြယ်သပြီးနောက် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လာသည်။ ကျစ်ဆံမြီးများကိုလည်း ထုံးခြောက်ရောင် ခေါင်းစည်းပဝါအောက်၌ သေသေသပ်သပ် ရှိနေအောင် ဖုံးဖိထားသည်။ သီရေစာသည် လက်တစ်ဖက်က ပန်းခြင်းတစ်ခြင်းကို ကိုင်ရင်း ပန်းခင်းတစ်ခုပေါ်၌ ငုံ့နေသည်။ သူသည် တေးဆိုနေသော ငှက်ကလေးတစ်ကောင်ပမာ မြူးထူးပျော်ရွှင်နေသည်။

ထိုကဲ့သို့ ပြင်ဆင်ခြယ်သထားမှုများသည် သူ့အတွက်ဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်သော ရောဒ်သည် ဝမ်းသာအားရနှင့် ကြည်နူးသွားမိသည်။ သူသည် ထိုကဲ့သို့ တိုးတက်လာမှုကို အရေးသာခံတတ်အောင် ဝါရင့်သူတစ်ယောက် ဖြစ်ပေသည်။

"ဟဲလို"

သီရေစာက တအံ့တသြဖြစ်သွားဟန်နှင့် မော့ကြည့်လိုက်၏။ သူ့မျက်လုံးကြီးများသည် အမှန်တကယ်ကြီးမားသည့်အပြင် မိတ်ကပ်ကလည်း ကြီးမားသည်ကို ပေါ်လွင်အောင် ပြုပြင်ဖန်တီးထားပေသည်။

"မင်းကလေးက တော်တော် အလုပ်လုပ်တဲ့ အမျိုးသမီးကလေးပဲ"

ရောဒ်က သူ့အဝတ်အစားများကို ကျေနပ် နှစ်သက်ဟန်နှင့် လေ့လာလိုက်ရာ ရောဒ်၏အကြည့်ကြောင့် သူ့ပါးပြင်ပေါ်တွင် နှင်းဆီရောင် သမ်းသွားရလေတော့သည်။

"ရှင် ဆွေးနွေးခဲ့တာ အောင်အောင်မြင်မြင် ရှိခဲ့ရဲ့လား"

"သိပ်အောင်မြင်ပါတယ်"

"ရှင်က ရှေ့နေတစ်ယောက်လား"

"မဟုတ်ပါဘူး၊ ကိုယ်က မင်းအဘိုးအတွက် အလုပ်လုပ်ပါတယ်"

"ဘာလုပ်တာလဲ"

"သူ့ ရွှေတွေကို တူးဖော်ပေးတယ်လေ"

"ဘယ်မိုင်းတွင်းလဲ"

"ဆွန်ဒါဒစ်ချ်"

"ရှင့် ရာထူးအဆင့်က ဘာလဲ"

"အေးလေ၊ မင်းယောကျာ်းက ပြောလိုက်တဲ့ စကားအတိုင်းသာ မှန်တယ်ဆိုရင် ကိုယ်က ဂျင်နရယ် မန်နေဂျာ အသစ်ပဲ"

"ရှင်က သိပ်ပြီး အသက်ငယ်လွန်းတယ်"

သီရေစာက ပြောလိုက်၏။

"ကိုယ်လည်း အဲဒီလိုပဲ တွေးမိပါတယ်"

"ဒီကိစ္စမှာ 'အဘိုးကြီး' ကလည်း ပြောရေး ဆိုခွင့် ရှိလိမ့်မယ် ထင်တယ်"

"အဘိုးကြီး၊ ဟုတ်လား"

ရောဒ်က မေးလိုက်၏။

"ကျွန်မ ဘိုးဘိုးကို ပြောတာလေ"

ရောဒ်သည် သူ့ကိုယ်ကို မချုပ်တည်းနိုင်ဘဲ ရယ်ချလိုက်မိလေတော့သည်။

"ဘာကိစ္စနဲ့ ရယ်ရတာလဲ"

"စီအာစီရဲ့ ချယ်ယာမင်းကြီးကို 'အဘိုးကြီး' လို့ ခေါ်လို့ပေါ့"

"သူ့ကို အဲဒီလိုခေါ်တာ ကျွန်မ တစ်ယောက်ပဲ ရှိပါတယ်"

"ဟုတ်လိမ့်မယ်၊ ဟုတ်လိမ့်မယ်"

သူက ရယ်လိုက်မိပြန်၏။

"တကယ်တမ်း ပြောရရင် မင်းကလေးဟာ သူများ မလုပ်ရဲတဲ့ အလုပ် တွေကို လုပ်ရင်တောင် မင်းအတွက် ဘာအပြစ်မှ ဖြစ်မှာ မဟုတ်ဘူးလို့ ကိုယ် လောင်းရဲတယ်"

သူ ပြောလိုက်သော စကား၏ အဓိပ္ပာယ်နက်နဲပုံကို နှစ်ယောက်စလုံးက တွေးလိုက်မိသောကြောင့် နှစ်ယောက်စလုံး ငြိမ်ကျသွားတော့သည်။ သီရေစာသည် ဦးခေါင်းကို ငုံ့လိုက်ပြီးနောက် ပန်းပွင့်တစ်ပွင့်ကို ကတ်ကြေးနှင့် ကိုက်ဖြတ်နေသည်။

ရောဒ်က တောင်းပန်လိုက်၏။

"ကိုယ်က အဲဒီလိုဖြစ်ပါစေဆိုတဲ့ သဘောမျိုးနဲ့ ပြောလိုက်တာ မဟုတ် ပါဘူး"

"ဘယ်လိုသဘောမျိုးကို ပြောလိုက်တာလည်း မစ္စတာ အိုင်းရွှန်းဆိုက်ဒ်ရဲ့"

သီရေစာက အပြစ်ကင်းစင်သော မျက်နှာထားကလေးနှင့် မော့ကြည့်ပြီး ရှုတ်နောက်နောက် ပြန်မေးလိုက်ရာ နှစ်ယောက်စလုံး ပြိုင်တူ ရယ်လိုက်မိကြပြီး ရှိုးတိုးရှန့်တန့်ဖြစ်နေသော အမူအရာများသည် နောက်တစ်ကြိမ် ပျောက်ကွယ်သွားပြန်လေတော့သည်။

သီရေစာက ထိုကိစ္စမှာ သူပြုလုပ်ရမည့် သဘာဝကျသော လုပ်ရပ်တစ်ခု ဖြစ်လေဟန်ဖြင့် ရောဒ်နှင့်အတူ မော်တော်ကားဆီသို့ လမ်းလျှောက်၍ လိုက်လာခဲ့သည်။ ထို့နောက် ရောဒ်က ယာဉ်မောင်းသူ၏ ထိုင်ခုံပေါ်သို့ ဝင်ထိုင်လိုက်စဉ် သီရေစာက ပြောလိုက်သည်။

"နောက်တစ်ပတ်ကျရင် မင်းဖရက်နဲ့ ကျွန်မ ဆွန်ဒါဒစ်ချ်ကို လာဖို့ ရှိတယ်၊ မင်းဖရက်က ရှင်အလုပ်သမားတချို့ကို လုပ်သက်ဆုနဲ့ သတ္တိပြောင်မြောက်မှုဆုတွေကို ချီးမြှင့်ဖို့ရှိတယ်"

သီရေစာသည် မင်းဖရက်နှင့် အတူတူ မလိုက်လိုကြောင်း ငြင်းဆန်ခဲ့ပြီး ဖြစ်သည်။ ယခု သူ့အား မင်းဖရက်က ပြန်၍ ခေါ်ချင်လာအောင် တစ်မျိုးတစ်ဖုံ စီစဉ်ရပေတော့မည်။

"အဲဒီအချိန်ကျရင် ရှင့်ကို ကျွန်မ ပြန်တွေ့ကောင်း တွေ့ရပါလိမ့်မယ်"

"ကိုယ်က အဲဒါကို မျှော်လင့်နေပါမယ်လေ"

ရောဒ်က ပြန်ဖြေလိုက်ပြီး ကလပ်ချ်ကို လွှတ်လိုက်လေတော့သည်။

ရောဒ်သည် နောက်ကြည့်မှန်ထဲသို့ လှမ်းကြည့်လိုက်၏။ သီရေစာသည် ထူးထူးခြားခြား နွဲ့လမ်းစရာကောင်းသူ၊ ထူးထူးခြားခြား ညှို့ဓာတ်ပြင်းထန်သူ ဖြစ်ပေသည်။ မဆင်ခြင်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သူ့မျက်လုံးကြီးများကြောင့် ကောင်းကောင်းကြီး ဒုက္ခရောက် သွားနိုင်ပေသည်။

"ဒေါက်တာမင်းဖရက်စတိုင်းနားဆီမှာ သူနဲ့ ပတ်သက်တဲ့ ပြဿနာ တစ်ရပ် ရှိနေပြီ၊ ကျုပ်တို့ရဲ့ မိတ်ဆွေကြီးဟာ သူ့လက်တွေကို ဆပ်ပြာနဲ့ ဆေးကြောရင်း အချိန်ကုန်နေတဲ့အတွက် အဲဒီလက်တွေကို သိပ်အသုံးပြုဖြစ်မှာ မဟုတ်ဘူး"

ရောဒ်ဒနီ အိုင်းရွှန်းဆိုက်ဒ်က ဆုံးဖြတ်ချက် ချလိုက်လေသည်။

❐

[၉]

ဒေါက်တာစတိုင်းနားသည် ခြံဝင်းထဲမှ ပြန်ထွက်သွားသော မာဆီးဒီးကားကို ဖျတ်ခနဲ မြင်လိုက်ရပြီးနောက် အင်ဂျင်စက်သံ ပျောက်ကွယ်သွားသည်အထိ စောင့်နေလိုက်သည်။

သူသည် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး နားရွက်နှင့် မကပ်မီ စကားပြောခွက်ကို လက်ကိုင်ပဝါအဖြူနှင့် သုတ်လိုက်သည်။ သူက ဒိုင်ခွက်ကို လှည့်လိုက်ပြီးနောက် တစ်ဖက်တွင် ခေါင်းလောင်းသံမြည်နေစဉ် လွတ်နေသော အခြားလက်တစ်ဖက်မှ လက်သည်းများကို စေ့စေ့စပ်စပ် လေ့လာနေသည်။

"စတိုင်းနားပါ"

သူက စကားပြောခွက်ထဲသို့ ပြောလိုက်၏။

"ဟုတ်ကဲ့ ...ဟုတ်ကဲ့"

သူက နားထောင်နေသည်။

"ဟုတ်ကဲ့ ...သူ ...အခုပဲ ပြန်သွားပါတယ် ...ဟုတ်ကဲ့ ...စိတ်ချပါ၊ မဟုတ်ပါဘူး၊ အဲဒီကိစ္စမှာ ပြဿနာမရှိနိုင်ပါဘူးလို့ ကျုပ် ယုံကြည်စိတ်ချတယ်"

သူက စကားပြောနေစဉ် သူ့လက်ဖဝါးကို ပြန်ကြည့်နေလေရာ အရေပြားပေါ်၌ ချွေးသီးချွေးပေါက်ကလေးများ စို့ထွက်လာသည်ကို မြင်နေရသဖြင့် သူ့နှုတ်ခမ်းပေါ်၌ ရှုံ့ရှာသော အရိပ်အရောင်များ ဖြစ်ပေါ်လာသည်။

"ဖြစ်လာနိုင်တဲ့ အကျိုးဆက်တရားတွေကို ကျုပ်ကောင်းကောင်းကြီး နားလည်ပါတယ်၊ ကျုပ်သိပါတယ်လို့ ခင်ဗျားကို ပြောထားပြီးပြီပဲ"

တယ်လီဖုန်းစကားပြောခွက်ထဲက အသံများ ဆက်လက်ထွက်ပေါ်လာနေစဉ် သူသည် မျက်စိကို မှိတ်၍ တစ်မိနစ်ခန့်ကြာအောင် မလှုပ်မယှက် နားထောင်နေသည်။ ထို့နောက် သူက မျက်စိကို ပြန်ဖွင့်လိုက်၏။

"အဲဒီကိစ္စကို အချိန်မနှောင်းခင် လုပ်နိုင်မှာပါလို့ ခင်ဗျားကို ကျုပ်က ထပ်ပြီး ပြောတယ်ဗျာ၊ ဗွဒ်ဘိုင်"

သူသည် စကားပြောခွက်ကို ပြန်တင်လိုက်ပြီးနောက် သူ့လက်နှစ်ဖက်

ကို ဆေးကြောရန် လမ်းလျှောက်သွားတော့သည်။ သူက လက်ပေါ်တွင် ဆပ်ပြာမြှုပ်များနှင့် ပွတ်နေစဉ် 'အခုဆိုရင် အဘိုးကြီးရဲ့ သဘောတူညီချက် တစ်ခုပဲလိုတော့တယ်'ဟု တွေးလိုက်လေသည်။

❒

[၁၀]

သူ ယခု အိမ်မင်းနေလေပြီ။ သူသည် အသက်ခုနစ်ဆယ်ရှစ်နှစ်ရှိပြီဖြစ် သောကြောင့် အိမ်မင်းနေလေပြီ။ သူ့ဆံပင်များနှင့် သူ့မျက်ခုံးမွေးများသည် ဆွတ်ဆွတ်ဖြူနေကြသည်။ သူ့အသားအရေသည် အရေးအစင်းများ ဖြစ်ပေါ်သည့် နေရာတွင် ဖြစ်ပေါ်၍ တွန့်သည့်နေရာတွင် တွန့်နေကြသည်။ အချို့နေရာများတွင် မှဲ့ခြောက်များ၊ တင်းတိပ်များ ဖြစ်ပေါ်နေကြသည်။ မျက်စိနှင့် မစီအောက်ဘက်တို့၌ မျှော်လင့်မထားသော နေရာများတွင် အသားများ အိတ္တွဲကျနေကြသည်။

သူ့ခန္ဓာကိုယ်သည် ခြောက်သွေ့နေလေပြီ။ သူသည် လေတိုက်ခတ်သည့်ဘက်ကို မခံနိုင်တော့သော အရွက်မရှိသည့် သစ်ပင်ကြီးတစ်ပင်ပမာ ရှုံးကြီးဂေါင်ဂင်နှင့် လက်ပြင်ကုန်း၊ ခါးကုန်း၍ နေလေပြီ။ သို့ရာတွင် သူသွားပုံ၊ လာပုံမှာ လွန်ခဲ့သော အနှစ်ခြောက်ဆယ်က ရွှေတူးဖော်သည့် လုပ်ငန်းထဲသို့ သူဝင်လာခါစက ပုံစံအတိုင်း အလျင်စလိုနှင့် အလောသုံးဆယ်ဖြစ်နေဆဲပင်။

ဤတနင်္လာနေ့ နံနက်ခင်းတွင် သူသည် ခေါင်မိုးထပ်ပေါ်ရှိ သူ၏ ရုံးခန်းပြတင်းပေါက်ရှည်ကြီးများ ရှေ့၌ မတ်တတ်ရပ်ရင်း ဂျိုဟာန်နာစဘတ်ခ်မြို့ကို ငုံ့ကြည့်နေသည်။ ရိုဖ်ဂေဟာနှင့် ရှုလက်ဆင်ဂျာ အဆောက်အအုံတို့သည် မြို့ကို အပေါ်ကမိုးထားသော ဘရန်ဖောင်တိန် တောင်ကြောပေါ်တွင် ပခုံးချင်းယှဉ်၍ ရှိနေကြသည်။ ဤနေရာအမြင့်ဆီမှ ငုံ့ကြည့်လိုက်ပါက ဂျိုဟာန်နာစဘတ်ခ်မြို့သည် ဟာရီဟာတ်ရှ်ဖဲလ်၏ ခြေရင်းတွင် ပြားပြားဝပ်၍ နေသည်ဟု ထင်ရသည်။ တကယ်လည်း ပြားပြားဝပ်၍ နေရပေသည်။

၁၉၃၀ ပြည်နှစ်တစ်ဝိုက်က ဖြစ်ပေါ်ခဲ့သော စီးပွားပျက်ကပ်ကြီး မဖြစ်မီ အချိန်ကပင် ဟတ်ရှ်ဖဲလ်သည် သူ၏ ချမ်းသာကြွယ်ဝမှုကို 'ငွေကြေး'နှင့် တိုင်းတာလေ့ မရှိတော့ချေ။ သူသည် 'စင်ထရယ်ရန်းကွန်ဆိုလီဒိတ်တက်'က ရင်းနှီးမြှုပ်နှံမှုအဖြစ် ရောင်းချထားသော အစုရှယ်ယာများ၏ လေးပုံတစ်ပုံ သာသာကို တစ်ဦးတည်းပိုင်ထားသူ ဖြစ်သည်။ လက်ရှိပေါက်ဈေးဖြစ်သော တစ်ရှယ်ယာလျှင် ရန်းငွေ တစ်ရာနှစ်ဆယ်နှင့် တွက်မည်ဆိုပါက သူ ပိုင်ဆိုင်သော ငွေကြေးပမာဏသည် အလွန်များပြားသော ပမာဏ ဖြစ်ပေသည်။ ထို မျှသာမကသေး။ သူသည် အခြားသော နည်းမျိုးစုံဖြင့် ကုမ္ပဏီ၏ မဲပေးပိုင်ခွင့် နှစ်ဆယ်ရာခိုင်နှုန်းကို အသုံးပြုနိုင်သူလည်း ဖြစ်သည်။

ဦးခေါင်းပေါ်၌ ချိတ်ဆွဲထားသော အင်တာကွန်မှ ခပ်တိုးတိုးမြည်သံ ကလေးတစ်ချက်သည် နူးညံ့သော အဝတ်အထည်စများနှင့် ဆင်ပြင်ထားသော ရုံးခန်းထဲ၌ ပေါ်ထွက်လာလေရာ ဟာရီသည် အနည်းငယ် တုန်လှုပ်သွားရလေ တော့သည်။

“ပြောစမ်း”

သူက ပြတင်းပေါက်မှ ပြန်မလှည့်ဘဲ ပြောလိုက်၏။

“ဒေါက်တာစတိုင်းနား ဒီကို ရောက်နေပါတယ်။ မစ္စတာဟတ်ရှ်ဖဲလ်”

သူ့အတွင်းရေးမှူး၏ အသံသည် ထိုအခန်းတွင် ပျံ့နှံ့သွားတော့သည်။

သူက ခပ်ပြတ်ပြတ် ပြောလိုက်၏။ ထိုအင်တာကွန်က သူ့အား အမြဲ တမ်းလိုလို ကျောချမ်းသွားစေခဲ့သည်။ သည်အခန်းကြီးတစ်ခန်းလုံးက သူ့အား ကျောချမ်းနေစေခဲ့သည်။ ထိုအခန်းကြီးသည် သူ မကြာခဏ ပြောဖူးခဲ့သလို ဒဏ္ဍာရီပုံပြင်ထဲက ပြည်တန်ဆာဂေဟာနှင့် တူနေသည်။

သူသည် နှစ်ပေါင်းငါးဆယ်ငါးနှစ်လုံးလုံး ဝါစပြုနေသော ဓာတ်ပုံများကို နံရံပေါ်တွင် ချိတ်ဆွဲထားပြီး ကော်ဇောခင်းမထားသော မွဲခြောက်ခြောက် အခန်းထဲတွင် အလုပ်လုပ်ခဲ့သည်။ ထို့နောက် သူတို့သည် ဤနေရာသို့ ပြောင်း ရွှေ့လာခဲ့ကြသည်။ သူသည် ထိုရုံးခန်းထဲတွင် ငါးနှစ်နေခဲ့ရသည့်တိုင်အောင် မကျေနပ်နိုင်သေးဘဲ ထိုအခန်းကို မကျေမနပ်နှင့် မျက်စိကစားလိုက်၏။ သူ တို့က သူ့ကို ဘယ်လိုထင်ကြလို့လဲ အမျိုးသမီးတွေကို အလှပြင်ပေးနေသော ဆံပင်ညှပ်ဆရာဟု အောက်မေ့နေလေရောသလား။

နံရံပျဉ်ပြားနှင့် ကပ်ရိုက်ထားသော နံရံပေါ်မှ တံခါးသည် အသံမမြည်

ဘဲ နံဘေးဘက်သို့ ရွှေ့သွားပြီးနောက် ဒေါက်တာမင်းဖရက်စတိုင်းနားသည် အခန်းထဲသို့ ဝင်လာလေတော့သည်။

“မင်္ဂလာနံနက်ခင်းပါ ဘိုးဘိုး”

ဒေါက်တာစတိုင်းနားက နှုတ်ဆက်လိုက်၏။ မြေးဖြစ်သူတယ်ရီက မင်းဖရက်လို ပုဂ္ဂိုလ်မျိုးနှင့် မဆင်မခြင် အိမ်ထောင်ပြုခဲ့သည့် လွန်ခဲ့သော ဆယ်နှစ်တာကာလကစ၍ မင်းဖရက်က ဟာရီဟတ်ရှ်ဖဲလ်ကို 'ဘိုးဘိုး'ဟု ခေါ်လေ့ရှိပြီး ဟာရီဟတ်ရှ်ဖဲလ်ကလည်း ထိုကဲ့သို့ ခေါ်ဝေါ်သည်ကို အနည်း ငယ်မျှပင် မနှစ်မြို့ခဲ့ချေ။

“မင်းလိုချင်တာ ဘာပဲဖြစ်ဖြစ် ငါ သဘောမတူဘူးကွာ”

ဟာရီဟတ်ရှ်ဖဲလ်သည် ပြောပြောဆိုဆိုနှင့် လေအေးစက်မှ ခလုတ်များ ဆီသို့ လျှောက်သွားတော့သည်။ အပူပေးခလုတ်ကို လောလောဆယ်တွင် 'များ'နေရာ၌ ရွှေ့ထားသော်လည်း သူက 'အများဆုံး'ဟု ပြထားသော နေရာသို့ ရွှေ့ပစ်လိုက်၏။ ထိုအခန်းသည် မိနစ်ပိုင်းအတွင်းတွင် သစ်ခွပန်း များကို စိုက်ပျိုးရန် သင့်လျော်သော အပူရှိန်သို့ ရောက်ရှိလာပေတော့မည်။

“ဒီကနေ့မနက် နေကောင်းပါရဲ့လား ဘိုးဘိုး”

မင်းဖရက်သည် ဟာရီဟတ်ရှ်ဖဲလ် ပြောလိုက်သောစကားကို ကြားဟန် မပြသည့်အပြင် စားပွဲဆီသို့ လျှောက်လာပြီး စာရွက်များကို စားပွဲပေါ်သို့ တင် လိုက်သည်။ သူ့အမူအရာမှာ အေးအေးချမ်းချမ်းပင် ရှိနေသည်။

“နည်းနည်းမှ နေလို့မကောင်းဘူး”

ဟာရီက ပြောလိုက်၏။ သူ့ကို ပြန်လှန်ဆဲဆိုသည်အထိ ဒီငတိကို အမူအရာပျက်အောင် လုပ်ရန် မလွယ်ကူဟု တွေးလိုက်သည်။

“အဲဒီလိုကြားရတဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်”

မင်းဖရက်သည် လက်ကိုင်ပဝါကို ထုတ်ယူလိုက်ပြီးနောက် နဖူးနှင့် မေးစေ့ကို သုတ်လိုက်၏။

“ကျွန်တော့်ဆီမှာ အပတ်စဉ် အစီရင်ခံစာတွေ ပါလာပါတယ်”

ဟာရီသည် ထိုနေရာမှ ဆတ်ခနဲ ထွက်လာပြီး စားပွဲဆီသို့ လျှောက် သွားတော့သည်။ ယခုကိစ္စမှာ အလုပ်ကိစ္စဖြစ်သည်။ သူက ထိုင်ချလိုက်ပြီး အစီရင်ခံစာများကို လျင်မြန်စွာ ဖတ်လိုက်၏။ သူက ခပ်ပြတ်ပြတ်၊ ခပ်ဆတ် ဆတ်မေးသလို မင်းဖရက်က ချက်ချင်းပြန်၍ ဖြေခဲ့သည်။ သို့ရာတွင် မင်းဖရက်

သည် လက်ကိုင်ပဝါတစ်ထည်နှင့် အလုပ်ရှုပ်နေလေပြီ။ သူသည် နှစ်ကြိမ်တိုင်တိုင် မျက်မှန်ကို ချွတ်၍ မျက်မှန်ပေါ်၌ ကပ်နေသော ရေစိုးရေငွေ့များကို သုတ်ပစ်နေရသည်။

"ဘိုးဘိုး၊ ကျွန်တော် လေအေးစက်ကို နည်းနည်းလောက် လျှော့ချလို့ မရဘူးလား"

"မင်း သွားကိုင်လိုက်တာနဲ့ မင်းကို ငါက ထကန်မိလိမ့်မယ်"

ဟာရီက မော့မကြည့်ဘဲ ပြန်ပြောလိုက်၏။

နောက်ထပ် ငါးမိနစ်အကြာတွင် မင်းဖရက်သည် ဖြုန်းခနဲ မတ်တတ်ရပ်လိုက်တော့သည်။

"ကျွန်တော်ကို ခွင့်ပြုပါ ဘိုးဘိုး"

မင်းဖရက်သည် အခန်းကို ဖြတ်လျှောက်သွားပြီးနောက် ရုံးခန်းနှင့် ဆက်လျက်သားရှိနေသော ရေချိုးခန်းထဲသို့ ဝင်သွားသည်။ ဟာရီက ဦးခေါင်းကို ငုံစောင်း၍ နားထောင်လိုက်ပြီး ရေပိုက်ခေါင်းမှ ရေပန်း၍ထွက်လာသံကို ကြားလိုက်ရသည့်အခါတွင် သူက အားရဝမ်းသာ ပြုံးလိုက်သည်။ လေအေးစက်သည် မင်းဖရက်စတိုင်နားအား ဣန္ဒြေပျက်စေနိုင်သည် နည်းလမ်းတစ်မျိုးဖြစ်ကြောင်း သူသိထားသည်။ ထိုနည်းတူစွာပင် သူသည် ဆယ်နှစ်လုံးလုံး မင်းဖရက် ဣန္ဒြေပျက်စေမည် နည်းမျိုးစုံကို စမ်းသပ်နေခဲ့သူဖြစ်သည်။

"ဆပ်ပြာတွေကို အကုန်သုံးမပစ်နဲ့ကွ"

သူက ဝမ်းသာအားရ အော်ပြောလိုက်၏။

"မင်းက ရုံးအသုံးအဆောင်ပစ္စည်းတွေကို ဖြုန်းတီးတဲ့နေရာမှာ စံနမူနာတင်လောက်တဲ့ ပုဂ္ဂိုလ်ပဲ"

အာဖရိကတိုက်ရှိ အချမ်းသာဆုံးနှင့် သြဇာတိက္ကမ အရှိဆုံးပုဂ္ဂိုလ်တစ်ယောက်က သူ၏ ကိုယ်ရေးအတွင်းရေးမှူးအား စိတ်ဆိုးလာအောင်၊ အမူအရာပျက်သွားအောင် အချိန်ကုန်ခံ၊ အပင်ပန်းခံ၍ တကူးတက လုပ်ကိုင်နေရသည်ကို ဟာရီဟာတ်ရှိဖဲလ်သည် ရယ်စရာကောင်းသည်ဟု တစ်ခါဖူးမှ တွေးမိပုံမရချေ။

နံနက် ဆယ်တစ်နာရီတွင် မင်းဖရက် စတိုင်နားသည် သူ၏ စာရွက်များကို ပြန်လည်စုစည်းပြီး နာမည်ရေးထိုးထားသော ဝက်သားရေ လက်ဆွဲအိတ်ထဲသို့ စနစ်တကျ ပြန်ထည့်တော့သည်။

"ဆွန်ဒါဒစ်ချိုက မစ္စတာလင်းမားနေရာမှာ ဂျင်နရယ်မန်နေဂျာအသစ်တစ်ယောက် ဖြည့်စွက်ခန့်ထားဖို့ ကိစ္စနဲ့ ပတ်သက်ပြီး အမိကကျတဲ့ နေရာတွေမှာ လူငယ်တွေကို ခန့်ထားသင့်တယ် ဆိုတဲ့ ကျွန်တော့်မှတ်စုကို ပြန်သတိရမယ်ဆိုရင် . . ."

"အဲဒါကို ငါ ဘယ်တုန်းကမှ မဖတ်ခဲ့ဖူးဘူး"

ဟာရီဟာတ်ရှိဖဲလ်က ညာပြောလိုက်၏။ ဟာရီဟာတ်ရှိဖဲလ်သည် စာရွက်စာတမ်း မှန်သမျှကို ဖတ်ရှုသာမက မြင်သည့်အခါတွင်မှ မေ့တတ်သူ မဟုတ်ကြောင်း သူတို့နှစ်ယောက်စလုံး သိထားကြပေသည်။

"အင်းလေ . . ."

မင်းဖရက်သည် သူ့တင်ပြချက်ကို တစ်မိနစ်ခန့်ကြာအောင် ဆက်လက်တင်ပြပြီးနောက် . . .

"အဲဒါတွေကြောင့် ကျွန်တော်နဲ့ ကျွန်တော့်ဌာနတို့က လက်ရှိ မြေအောက်မန်နေဂျာ ရော့ဒ်ဒနီအိုင်းရှ်န်းဆိုက်ဒ်ကို ရာထူးတိုးမြှင့်ပေးသင့်ကြောင်း ထောက်ခံတင်ပြခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့က အဲဒီအဆိုပြုချက်ကို လာမယ်သောကြာနေ့ အစည်းအဝေးမှာ တင်ပြနိုင်အောင် ဒီအဆိုပြုချက်မှာ လက်မှတ်ရေးထိုးပေးလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်"

မင်းဖရက်က အဆုံးသတ်လိုက်သည်။

မင်းဖရက်သည် အဝါရောင် မှတ်စုစာရွက်ကို ဟာရီဟာတ်ရှိဖဲလ်ရှေ့မှောက်သို့ လိမ်လိမ်မာမာနှင့် တွန်းပို့ပေးလိုက်ပြီးနောက် သူ့ဖောင်တိန်၏ အဖုံးကို ဖွင့်ရင်း ဖောင်တိန်ကို ကမ်းပေးလိုက်သည်။ ဟာရီသည် ထိုမှတ်စုစာရွက်ကို အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ညစ်ပတ်ပေရေနေသော လက်ကိုင်ပဝါတစ်ထည်ပမာ လက်ညှိုး၊ လက်မတို့နှင့် ညှပ်ကိုင်လိုက်ပြီးနောက် စာရွက်စုတ်ထည့်သော ပုံးထဲသို့ လွှတ်ချလိုက်၏။

"မင်းနဲ့ မင်းရဲ့ စီမံကိန်းရေးဆွဲရေးဌာနက ဘယ်နည်းဘယ်ပုံ ဖန်တီးနိုင်ကြတယ်ဆိုတာ ငါက မင်းကို အသေးစိတ် ပြောပြရမလား"

ဟာရီက ပြန်မေးလိုက်သည်။

"ဒီမှာ ဘိုးဘိုး"

မင်းဖရက်က သိမ်သိမ်မွေ့မွေ့ကလေး ဆုံးမလိုက်၏။

"ဒီကုမ္ပဏီကို ခင်ဗျားက ဓားပြဗိုလ်ကြီးတစ်ယောက်လို တစ်ယောက်တည်းနဲ့ အုပ်ချုပ်လို့ မရနိုင်ဘူး၊ အဆင်မြင့်မြင့် လေ့ကျင့်သင်ကြားထားကြတဲ့ ခင်ဗျားရဲ့ အကြံပေး အရာရှိတွေကို ခင်ဗျားက ပစ်ပစ်ခါခါ ပစ်ပယ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ငါက ဒီကုမ္ပဏီကို အဲဒီနည်းနဲ့ နှစ်ပေါင်းငါးဆယ်တိတိ အုပ်ချုပ်ခဲ့တယ်။ အဲဒါကို ဘယ်သူက ပြောင်းလဲပစ်နိုင်မလဲဆိုတာ မင်းက ငါ့ကို လက်တွေ့ပြစမ်းပါ"

ဟာရီသည် ကျေနပ်အားရမှု အပြည့်အဝနှင့် ကုလားထိုင်ပေါ်တွင် ကျောမှီ၍ ထိုင်လိုက်ပြီးနောက် သူ၏ အတွင်းအိတ်ထဲမှ အလွန်ပြင်းပုံရသော ဆေးပြင်းလိပ်ကြီးတစ်လိပ်ကို ထုတ်ယူလိုက်သည်။

"ဘိုးဘိုး၊ အဲဒီဆေးပြင်းလိပ်ကြီးကို မသောက်ဖို့ ဆရာဝန်က ပြောထားတယ် မဟုတ်လား"

"အေး၊ ငါကလဲ ဆွန်ဒါဒစ်ချ်ရဲ့ ဂျင်နရယ်မန်နေဂျာအဖြစ် ဖရက်ဒ်ပလန်းမားကို ခန့်မယ်လို့ ပြောတယ်လေကွာ"

မင်းဖရက်က ကန့်ကွက်လိုက်၏။

"သူက နောက်နှစ်ကျရင် ပင်စင်ယူတော့မှာ"

"ဟုတ်တယ်လေ"

ဟာရီက ခေါင်းညိတ်လိုက်၏။

"ဒါပေမဲ့ အဲဒါက အဲဒီအခြေအနေကို ဘယ်လိုလုပ်ပြီး ပြောင်းလဲပစ်နိုင်မှာလဲ"

"သူက တုန်တုန်ချည့်ချည့်ဖြစ်နေတဲ့ အဘိုးကြီးအိုတစ်ယောက်ပါ"

မင်းဖရက်က နောက်တစ်ကြိမ် ကြိုးစားလိုက်ပြန်၏။ သူ့အသံတွင် သွေးရူးသွေးတန်းဖြစ်သံများ ပါရှိလာသည်။ အဘိုးကြီး၏ အူကြောင်ကြောင် စိတ်ကူးများက သူ့အကြံအစည်များကို ဖျက်ဆီးပစ်လိမ့်မည်ဟု သူ တစ်ခါမှ ကြိုမတွေးမိခဲ့ပါချေ။

"သူက ငါ့ထက် အသက်ဆယ်နှစ်နှစ်လောက် ငိုတယ်ကွ"

ဟာရီက မကျေမနပ်ဖြစ်သံနှင့် အော်ပြောလိုက်၏။

"သူက ဘယ်လိုလုပ်ပြီး တုန်တုန်ချည့်ချည့်ဖြစ်နေတဲ့ အဘိုးကြီး ဖြစ်နိုင်မတဲ့လဲ"

❐

[၁၁]

ရက်သတ္တပတ် နားရက်သည် ယခုအချိန်တွင် ကုန်ဆုံးသွားပြီ ဖြစ်သဖြင့် သူ့အိပ်ခန်းသည် ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်လာသည်ဟု ရောဒ်က ထင်လိုက်သည်။ သူ့အိပ်ခန်းထဲက ခပ်မြန်မြန် ပြန်ထွက်ချင်လေပြီ။

သူသည် မှန်ရှေ့၌ မတ်တတ်ရပ်ရင်း မုတ်ဆိတ်ကျင်စွယ်များကို ရိတ်ပယ်လိုက်၏။ သူသည် ဧည့်ခန်းစားပွဲပေါ်ရှိ ပြည့်လျှံနေသော ပြာခွက်များနှင့် တစ်ဝက်မပျက် ကျန်နေသော ဖန်ခွက်များထဲမှ အနံ့များကို ရှူရှိုက်လိုက်မိ သည်။ အိမ်ခန်းကို သန့်ရှင်းရေးပြုလုပ်ပေးရန်လာသော အမျိုးသမီးက ထိုအမှိုက်သရိုက်များကို ထုံးစံအတိုင်း ရှင်းလင်းရပေလိမ့်မည်။ လူ့ဝစ်ဘိုသာရိပ်သာလမ်း မှ မော်တော်ကားသံများသည် တဖြည်းဖြည်းနှင့် ပို၍ ဆူညံစ ပြုလာလေပြီ။ သူက လက်ပတ်နာရီကို လှမ်းကြည့်လိုက်၏။ နံနက်ခြောက်နာရီ ထိုးလေပြီ။ မိမိကိုယ်ကို ဝေဖန်ရန် အကောင်းဆုံး အချိန်ပင်တည်းဟု သူက ဆုံးဖြတ်လိုက် ပြီး မှန်ထဲမှ သူ့မျက်လုံးကို ပြန်ကြည့်လိုက်၏။

"မင်းဟာ ဒီလို နေပုံ ထိုင်ပုံနဲ့ မကိုက်ညီအောင် အသက်သိပ်ကြီးသွားပြီ ကွ"

သူက သူ့ကိုယ်သူ လေးလေးနက်နက် ပြောလိုက်သည်။

"မင်း ခုလို နေခဲ့တာ ထိုင်ခဲ့တာ လေးနှစ်ရှိသွားပြီ၊ လင်မယား ကွာရှင်း ပြတ်စဲပြီးကတည်းက လေးနှစ်လောက် ရှိခဲ့ပြီကွ။ ဒါဆိုရင် တော်လောက်ပြီပေါ့။ မင်းအမျိုးသမီးတစ်ယောက်တည်းနဲ့ အတူတူနေသင့်ပါပြီကွာ"

သူသည် သင်ဓုန်းဓားကို ရေနှင့် ဆေးကြောပြီးနောက် ရေချိုးခန်းထဲမှ ရေပိုက်ခေါင်းများကို ဖွင့်လိုက်၏။

"တကယ်လို့ ကျုပ်ရဲ့ ရဲဘော်ကြီး မင်းဖရက်က သူပြောတဲ့ အတိုင်း ဖြစ်အောင် လုပ်ပေးနိုင်မယ်ဆိုရင် မင်း နောက်ထပ် အိမ်ထောင်ပြုနိုင်ဦးမှာ ပေါ့ကွာ"

သူက မင်းဖရက်စတိုင်းနား၏ ကတိကို အကြွင်းမဲ့ ယုံကြည်ခြင်းမရှိပါ။ သူသည် မင်းဖရက်၏ စကားကို မယုံကြည်လှသော်လည်း စနေ၊ တနင်္ဂနွေ နှစ်ရက်အတွင်း စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်နေခဲ့သည်။

ရောဒ်သည် ရေပန်းအောက်သို့ ဝင်လိုက်ပြီးနောက် သူ့ခန္ဓာကိုယ်ကို

ဆပ်ပြာနှင့် ပွတ်တိုက်လိုက်ပြီး ရေအေးပိုက်ခေါင်းကို အကုန်ဖွင့်ချလိုက်သည်။ အသက်မရှူနိုင်အောင် ဖြစ်သွားသော ရောဒ်သည် ရေပိုက်ခေါင်းကို ပိတ်ပစ်လိုက်ပြီးနောက် မျက်နှာသုတ်ပဝါကို လှမ်းဆွဲလိုက်၏။ သူသည် သူ့ကိုယ်ကို ရေသွေ့ခြောက်သွားအောင် သုတ်ပစ်ရင်း အိပ်ခန်းထဲသို့ ပြန်ဝင်သွားပြီး ခုတင်ခြေရင်း၌ ရပ်နေလိုက်၏။ ထို့နောက် ရောဒ်သည် အိပ်ရာပေါ်မှ မိန်းကလေးနံဘေးတွင် ဝင်ထိုင်ပြီး ထိုမိန်းကလေးကို နှိုးလိုက်သည်။

"လူစီ၊ အိပ်ရာက ထတော့၊ သွားဖို့အချိန်ကျပြီ"

အမျိုးသမီးက မျက်လုံးများကို ဖွင့်လိုက်သည်။

"မင်္ဂလာနံနက်ခင်းပါကွာ"

သူက ပြောပြောဆိုဆိုနှင့် ညင်ညင်သာသာ နမ်းလိုက်၏။

"အင်း...ဟင်း...ဟင်း"

အမျိုးသမီးက မျက်တောင်ကို တဖျပ်ဖျပ် ခတ်လိုက်သည်။

"ဘယ်အချိန် ရှိပြီလဲ၊ ကျွန်မ အိပ်ရာက မထချင်သေးဘူး"

ရောဒ်က ဖြေလိုက်၏။

"ခြောက်နာရီ"

"အင်း...ကောင်းတယ်၊ အချိန်တွေ အများကြီး ရှိသေးတယ်"

အမျိုးသမီးက တစ်ဖက်သို့ လှိမ့်သွားပြီး အိပ်ရာဖုံးအောက်တွင် ထပ်ကွေးနေပြန်သည်။

"ဘယ်ရမလဲကွ"

ရောဒ်က သူ့တင်ပါးကို ခပ်သာသာကလေး ရိုက်လိုက်၏။

"ထတော့ ကလေးမရယ်၊ မင်း ချက်တတ် ပြုတ်တတ်သလား"

"ဟင့်အင်း"

ရောဒ်က ထိုင်ရာမှ ထလိုက်၏။

"ကဲ...သွားကြရအောင်"

"ရှင်သွားလေ၊ ကျွန်မ ပြန်တဲ့ အချိန်ကျရင် အိမ်ခန်းကို သော့ခတ်ပစ်ခဲ့မယ်"

"အဲဒီလိုတော့ မရဘူးဟော့"

သူ့အိမ်ခန်းထဲ၌ ထိုကဲ့သို့ ထားရစ်ခဲ့ဖူးသော နောက်ဆုံးအမျိုးသမီးကလေးသည် မီးဖိုချောင်မှ စားစရာ သောက်စရာများ၊ အရက်ပုလင်းများ၊

ဖန်ခွက်များ၊ မျက်နှာသုတ်ပဝါများနှင့် ဆပ်ပြာခွက်များပါ မကျန် အိမ်ခန်းတစ်ခုလုံး ပြောင်စင်သွားအောင် အလစ်သုတ်သွားခဲ့ဖူးသည်။

"အဝတ်အစားကို ဝတ်ဖို့ မင်းကို ငါးမိနစ် အချိန်ပေးမယ်"

ကံကောင်းချင်တော့ ထိုမိန်းကလေးသည် သူသွားမည့် လမ်းခရီးတွင် နေထိုင်သူဖြစ်သည်။

ရောဒ်က မာဆီရာတီ မော်တော်ကားကို ရပ်တန့်လိုက်ချိန်တွင် အမျိုးသမီး ကလေးက ပြောလိုက်၏။

"ကျွန်မက မျက်မမြင် ညီမကလေးသုံးယောက်ကို ကျောင်းထားနေရတာပါရှင်၊ ရှင်ကတော့ ကူညီချင်စိတ် ရှိပါသလား"

"သိပ်ရှိတာပေါ့"

ရောဒ်သည် သူ့ပိုက်ဆံအိတ်ထဲမှ ရန်းငွေ ငါးကျပ်တန် ငွေစက္ကူတစ်ရွက်ကို ထုတ်၍ ကမ်းပေးလိုက်၏။

"တယ်များပါကလားရှင်"

ထိုကလေးမကလေးသည် မော်တော်ကားပေါ်မှ ဆင်းလိုက်ပြီးနောက် ဆက်လျှောက်သွားသည်။ ထိုကလေးမကလေးသည် ရပ်ကွက်ထဲသို့ ရောက်ရှိပြီး ပျောက်ကွယ်သွားချိန်အထိ နောက်ဘက်သို့ တစ်ချက်မှ ပြန်လှည့်မကြည့်ခဲ့ချေ။ ဤတွင် အကျိုးအကြောင်းကို မယ်မယ်ရရ မဖော်ပြတတ်သော အထီးကျန်နိုင်မှုက ရောဒ်၏ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေတော့သည်။ အထီးကျန်နိုင်မှုသည် ပြင်းထန်လွန်းလှသောကြောင့် ရောဒ်သည် ထိုစိတ်ဓာတ်ကို ဖယ်ရှား၍ မပစ်နိုင်ခင် ထိုနေရာ၌ တစ်မိနစ်ခန့်ကြာအောင် ရပ်တန့်နေမိပြီးမှ မော်တော်ကားကို မောင်းနှင်၍ ထွက်ခွာလာခဲ့ရတော့သည်။

သူသည် နေမြင့်ခင် ကရားကောပ် တောင်ရိုးပေါ်သို့ ရောက်အောင် မော်တော်ကားကို ခပ်မြန်မြန်မောင်းနှင်ခဲ့သည်။ ထိုတောင်ရိုးပေါ်သို့ အရောက်တွင် ရောဒ်သည် မာဆီရာတီ မော်တော်ကားကို လမ်းဘေးတွင် ရပ်တန့်လိုက်ပြီးနောက် မော်တော်ကားထဲက ထွက်လိုက်၏။ သူသည် ဘောနက်ကို မှီရင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ခါးသက်သက် အရသာကြောင့် မျက်နှာကို ရှုံ့မဲ့ပစ်လိုက်မိပြီး တောင်ကြားထဲသို့ ငုံ့ကြည့်လိုက်သည်။

ဤမြေလွှာ၏ အောက်ဘက်တွင် ကြီးမားသော ရတနာသိုက်ကြီး ရှိနေသည်။ သို့ရာတွင် မြေအောက်၌ ရတနာသိုက်ရှိနေကြောင်း ဖော်ပြနေသော

ထူးခြားသည့် အမှတ်အသား တစ်စုံတစ်ရာကို မမြင်ပေါ်တွင် ရှာမတွေ့ရပါ။ ထိုနေရာသည် ထရန်စဗားနယ်မြေမှ မရေမတွက်နိုင်အောင် များပြားလှသော အခြားမြက်ခင်းလွင်ပြင်များနှင့် မခြားနားလှချေ။ ထိုမြက်ခင်းလွင်ပြင်၏ အလယ်တွင် ကစ်ချနားဗီးလ်မြို့ တည်ရှိသည်။ ဘိုးဝါးလူမျိုးတစ်ယောက်နောက်သို့ လိုက်လံနှိမ်နင်းသော လောဒ်ကစ်ချနားသည် ထိုနေရာ၌ တစ်ညအိပ်ရပ်နားသွားသည်ကို အကြောင်းပြု၍ နှစ်ပေါင်းငါးဆယ်ကြာအောင် ထိုကိစ္စကို ဂုဏ်ယူ၍ မဆုံးနိုင်အောင် ရှိခဲ့ကြသည်။ ထိုစဉ်က ထိုနေရာတွင် အဆောက်အအုံဟူ၍ သုံးဒါဇင်ခန့်သာ ရှိခဲ့ရာမှ ယခုအချိန်တွင် ကြီးကျယ်ခမ်းနားသော မြို့တော်ခန်းမကြီးတစ်ဆောင်နှင့် စတိုးဆိုင်များ၏ ပတ်ပတ်လည်တွင် အုံ့ဆိုင်းသော သစ်ပင်ကောင်းလောက်အောင် အိမ်ခြေသုံးထောင်အထိ တိုးတက်များပြားလာခဲ့သည်။ အများပြည်သူတို့ အပန်းဖြေရန် မြက်ခင်းများ၊ ပန်းခြံများ၊ ကျယ်ဝန်းသော လမ်းများ အပြင် မိုင်းတွင်းပိုင် အသစ်ကျပ်ချွတ်နေအိမ်များသည် ထိုမြို့တွင် အလျှိုအလျှို ပေါ်ပေါက်လာကြတော့သည်။

ထိုမြို့၏ ပတ်ပတ်လည်ရှိစိတ်ပျက်စရာကောင်းလှသော မြက်ခင်းများ၏ အလယ်တွင် ရွှေများကို တူးဖော်သော မိုင်းတွင်းများမှ ဟက်ဒ်ဂီယာမျှော်စင်ကြီးများ ရှိနေကြသည်။ ထိုဟက်ဒ်ဂီယာမျှော်စင်ကြီးများသည် ရွှေကို တပ်မက်သော လူသားတို့၏ ဆန္ဒကို ဖော်ပြနေကြသော ကြီးမားသည့် အထိမ်းအမှတ်ကြီးများပမာ ရှိနေကြသည်။ ထိုဟက်ဒ်ဂီယာမျှော်စင်ကြီးများ၏ ပတ်ပတ်လည်တွင် စက်ရုံများနှင့် ဝပ်ရှော့များသည် ပြွတ်သိပ်နေအောင် ရှိနေကြသည်။ ထိုတောင်ကြားလွင်ပြင်ထဲတွင် ဟက်ဒ်ဂီယာမျှော်စင်ကြီးပေါင်း တစ်ဆယ်လေးခု ရှိသည်။ ထိုတောင်ကြားလွင်ပြင်၌ ယခင်ကတည်ရှိခဲ့သော ယာမြေကြီးငါးခု ပေါ်တွင် အမြိုပြု၍ အကွက်ကြီးငါးကွက် ခွဲခြားသတ်မှတ်ပြီး **သွန်ဖွန်တိန် ရွှေတွင်း တူးဖော်ရေး၊ ဘလောဘတ် ရွှေတွင်း တူးဖော်ရေး၊ ဝက်စ်တွီးဖွန်တိန် ရွှေတွင်းတူးဖော်ရေး၊ ဒီပ်ကိုးလ် လယ်ဗယ်နှင့် ဆွန်ဒါဒစ်ချ် ရွှေတွင်း တူးဖော်ရေးကုမ္ပဏီ**ဟူ၍ ကုမ္ပဏီကြီး ငါးခုက တသီးတခြား တူးဖော်နေကြလေသည်။

ရှောဒ်သည် နောက်ဆုံး ကုမ္ပဏီဖြစ်သော ဆွန်ဒါဒစ်ချ် ရွှေတူးဖော်ရေး မိုင်းတွင်းဆီသို့ သူ့အာရုံကို ရှုစိုက်လိုက်၏။

"မင်း တော်တော် လှတာပဲကွာ"

သူ့မျက်စိထဲတွင် မိုင်းတွင်းကြီး၏ နံဘေး၌ ပုထားသော အပြာရောင်

ကျောက်ခဲပုံကြီးများသည် အလွန်လှပနေကြသောကြောင့် သူက တိုးတိုးကလေး ရေရွတ်လိုက်ခြင်း ဖြစ်သည်။

"ကျုပ်အတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးပါ မင်းဖရက်ရယ်"

သူက ကျယ်ကျယ်လောင်လောင် ရေရွတ်လိုက်သည်။

"ကျုပ် ဂျင်နရယ်မန်နေဂျာ ဖြစ်ချင်ပါတယ်။ ကျုပ် အဲဒီရာထူးကို သိပ်ပြီး လိုချင်ပါတယ်"

စတုရန်းမိုင် နှစ်ဆယ်ရှစ်မိုင်ရှိသော ဆွန်ဒါဒစ်ချ် နယ်မြေပေါ်တွင် လူပေါင်း တစ်သောင်းလေးထောင် နေထိုင်ကြသည်။ ထိုလူပေါင်း တစ်သောင်းလေးထောင်အနက် တစ်သောင်းနှစ်ထောင်သည် အာဖရိက တောင်ဘက်ပိုင်းမှ စည်းရုံးငှားရမ်းထားသော 'ဘန်တူ'လူမည်းများ ဖြစ်ကြသည်။

သူတို့သည် မိုင်းတွင်းထိပ်ဝအနားရှိ အထပ်ပေါင်းများစွာရှိသော အဆောင်များတွင် နေထိုင်ကြပြီး နေ့စဉ်နေ့တိုင်းပင် တွင်းပေါက်နှစ်ပေါက်မှ ယုံကြည်နိုင်စရာပင် မရှိသော အနက်ပေအထိ သူတို့ဆင်းသွားလေ့ ရှိကြသည်။ ထိုနောက် ထိုတွင်းပေါက်နှစ်ပေါက်မှပင် ပြန်တက်လာခဲ့ကြသည်။ နေ့စဉ် လူတစ်သောင်းနှစ်ထောင် ဆင်းသွားကြပြီး နေ့စဉ် လူတစ်သောင်းနှစ်ထောင် ပြန်တက်လာကြသည်။ ထိုသို့ ပြောရုံမျှနှင့် မပြည့်စုံသေးပါ။ ထိုတွင်းပေါက်နှစ်ပေါက်မှ တန်ချိန်တစ်သောင်းရှိသော ကျောက်ခဲများသည် နေ့စဉ် အပေါ်သို့ ရောက်ရှိလာကြသလို တန်ချိန်ပေါင်း များစွာရှိသော သစ်သားများ၊ ပစ္စည်းကိရိယာများ၊ ပိုက်များ၊ ဖောက်ခွဲရေးဆိုင်ရာ ပစ္စည်းများ စသည်တို့သည်လည်း အောက်ဘက်သို့ ဆင်းသွားလေ့ ရှိကြသည်။ ထိုလုပ်ငန်းကြီးကို အောင်မြင်အောင် ဆောင်ရွက်နိုင်သူများက ဂုဏ်ယူကြရမည့် လုပ်ငန်းမျိုးပင်တည်း။

ရှောဒ်က သူ့လက်ပတ်နာရီကို တစ်ချက် လှမ်းကြည့်လိုက်၏။ နံနက် ခုနစ်နာရီနှင့် သုံးဆယ်ငါးမိနစ် ရှိလေပြီ။ လူတစ်သောင်းနှစ်ထောင်စလုံး အောက်ဘက်သို့ ဆင်းသွားကြလေပြီ။ သူတို့သည် ထိုနေ့ နံနက် သုံးနာရီခွဲမှစ၍ ဆင်းသက်ကြမည် ဖြစ်ရာ ယခုအချိန်တွင် ထိုလုပ်ငန်း ပြီးစီးသွားလေပြီ။ လုပ်ငန်းအဆိုင်းများ စတင်၍ အလုပ်လုပ်နေကြလေပြီ။ ဆွန်ဒါဒစ်ချ်သည် ကျောက်ခဲများကို ထုခွဲပြီးနောက် အပေါ်သို့ သယ်ထုတ်နေလေပြီ။

ရှောဒ်က ပျော်ပျော်ရွှင်ရွှင် ပြုံးလိုက်၏။ လွန်ခဲ့သော တစ်နာရီက ဖြစ်ပေါ်ခံစားခဲ့ရသည့် အထီးကျန်နိုင်မှုနှင့် စိတ်ဓာတ်ကျဆင်းမှုတို့သည် ကြီးကျယ်

လှသော လုပ်ငန်းကြီး၏ ဝါးမျိုမှုကို ခံလိုက်ရသောကြောင့် ပျောက်ကွယ်သွားခဲ့ရလေပြီ။ သူက မျှော်စင်ကြီးများမှာ ကြီးမားသော ဘီးကြီးများ လည်သွားလိုက်၊ ခေတ္တမျှ ရပ်တန့်သွားလိုက်၊ ထို့နောက် လည်သွားလိုက် ဖြစ်နေကြသည်ကို စောင့်ကြည့်နေသည်။

ထိုတွင်းကြီးတစ်တွင်းသည် ရန်းငွေ သိန်းပေါင်းငါးဆယ်တန်ဖိုး ရှိပြီးမြေပြင်ပေါ်၌ ရှိသော စက်ရုံများက ရန်းငွေသန်းပေါင်းငါးဆယ် တန်ဖိုးရှိပေသည်။ ဆွန်ဒါဒစ်ချ်မိုင်းသည် (တွင်းနှစ်တွင်း ရှိသောကြောင့်) ရန်းငွေသန်းပေါင်းတစ်ရာငါးဆယ် သို့မဟုတ် ဒေါ်လာသန်းပေါင်း နှစ်ရာနှစ်ဆယ်ကို ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းကြီးတစ်ခု ဖြစ်ပေသည်။ ထိုလုပ်ငန်းသည် အင်မတန်ကြီးမားသော လုပ်ငန်းကြီးတစ်ခု ဖြစ်သလို သူသည် ထိုလုပ်ငန်းကို ဦးစီးရပေတော့မည်။

ရော်ဒ်သည် စီးကရက်တိုကို လွှင့်ပစ်လိုက်၏။ သူက တောင်ရိုးအတိုင်းမောင်းဆင်းလာစဉ် သူ့မျက်လုံးများသည် အရှေ့ဘက်တွင်ရှိသော တောင်ကြားဆီသို့ လှမ်းကြည့်လိုက်သည်။ မိုင်းတွင်းတူးသော လုပ်ငန်းမှန်သမျှသည်ကျယ်ပြန့်သော မြက်ခင်းပြင်ပေါ်၌ တောင်မှမြောက်သို့ စိတ်ကူးသက်သက်ဖြင့်ဖြတ်သန်း၍ ရေးဆွဲထားသော မျဉ်းကြောင်းတစ်ကြောင်းဆီတွင် အားလုံး ရပ်တန့်သွားကြသည်။ အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ရသည်ဆိုသော အကြောင်းပြချက်ကို မြေပြင်ပေါ်၌ အရိပ်အရောင်မျှပင် ရှာမတွေ့နိုင်ပါ။ ထိုကိစ္စအတွက်အကြောင်းပြချက်သည် မြေလွှာ၏ အောက်ဘက် နက်နက်ရှိုင်းရှိုင်း နေရာတွင်ရှိနေပေသည်။

ထိုမျဉ်းကြောင်းတစ်လျှောက်တွင် သဘာဝအလျောက်မဟုတ်ဘဲ ဖောက်ပြန်နေသော ဆာပင်တိုင်း ကျောက်ပျော၊ ကျောက်ထရံကြီးတစ်ခု တည်ရှိနေသည်။ ထိုကျောက်ထရံကြီးကို 'မဟာယောက်ချိုကြီး'ဟု နာမည်ပေးထားကြသည်။ ထိုကျောက်ထရံကြီးသည် ထိုမြေပြင်တစ်လျှောက်တွင် ပုဆိန်နှင့်ပေါက်၍ ခွဲခြမ်းထားသည့်အလား တောက်လျှောက် တစ်ဖြောင့်တည်း ရှိနေပြီး ထိုကျောက်ထရံကြီး၏ ဟိုဘက်ခြမ်းမှ 'မြေ'သည် မြေဆိုးမြေညံ့ ဖြစ်ပေသည်။ ရွှေကြောသည် မြေဆိုးမြေညံ့တွင်လည်း ရှိနေကြောင်း သူတို့အားလုံး သိကြပေသည်။ သို့ရာတွင် ကုမ္ပဏီငါးခုအနက် မည်သည့်ကုမ္ပဏီကမျှ ထိုကျောက်ထရံကြီးကို ကျော်ဖြတ်၍ တူးဖော်ကြခြင်း မရှိပါ။ သူတို့က ထိုနေရာတွင် အစမ်း

သဘောမျိုး တူးဖော်ကြည့်ကြပြီးနောက် သူတို့ တူးဖော်ကြည့်သော တွင်းများမှာ ထိတ်လန့်စရာကောင်းလောက်အောင် တစ်ခုနှင့်တစ်ခု အကျိုးအကြောင်း ညီညွတ်မှု မရှိသောကြောင့် ဆက်မတူးရဲကြဘဲ ရှောင်ထွက်သွားကြသည်က များပေသည်။ ဆွန်ဒါဒစ်ချ်က ငှားရမ်းထားသော မြေဧရိယာထဲတွင် ယောက်ချိုကြီး၏ ဟိုဘက်ခြမ်းမှ မြေဧရိယာအတော်ခပ်များများ ပါဝင်နေသောကြောင့် ထိုမြေပေါ်တွင် စိန့်သွားနှင့် အစမ်းတူးဖော်သော အဖွဲ့တစ်ဖွဲ့က သွားရောက်တူးဖော်နေကြသည်။

ရော်ဒ်သည် ထိုတွင်းငါးတွင်းနှင့် ပတ်သက်သော အချက်အလက်များကိုတိတိကျကျ မှတ်မိနေသည်။

ဆွန်ဒါဒစ်ချ်တွင်း အမှတ် ၁	ပေ ၄၀၀၀ တွင် ရေထွက်လာသောကြောင့် ဆက်မတူးတော့။
ဆွန်ဒါဒစ်ချ်တွင်း အမှတ် ၂	ပေ ၅၂၅၀ တွင် (ရေမတွေ့သော်လည်း) ဆက်မတူးတော့။
ဆွန်ဒါဒစ်ချ်တွင်း အမှတ် ၃	ပေ ၆၆၀ တွင် ကာဗွန်လီဒါရိုဖ်ကို စတွေ့သည်။
မှတ်ကျောက်တန်ဖိုး	၂၇၃၂၃ လက်မ ပဲနီဝိတ်(စ်)*
ပထမ ဒီဖလက်ရှင်း	၆၂၁၂ လက်မ ပဲနီဝိတ်(စ်)
ဒုတိယ ဒီဖလက်ရှင်း	၂၁၁၄ လက်မ ပဲနီဝိတ် (စ်)
ဆွန်ဒါဒစ်ချ်တွင်း အမှတ် ၄	ပေ ၃၅၀၀ တွင် ရေထွက်လာသောကြောင့် ဆက်မတူးတော့
ဆွန်ဒါဒစ်ချ်တွင်း အမှတ် ၅	ပေ ၈၁၁၆ ပေတွင် ကာဗွန်လီဒါရိုဖ်ကို စတွေ့သည်။
မှတ်ကျောက်တန်ဖိုး	၅၆၂ လက်မ ပဲနီဝိတ်(စ်)

သူတို့သည် တွင်းအမှတ် ၅ ၏ ဒီဖလက်ရှင်း** ကို တူးဖော်၍ ကြည့်နေကြဆဲ ဖြစ်သည်။

---

* Penny-weights – တစ်အောင်စ၏ ၁/၂၀ ပုံ သို့မဟုတ် အလေးချိန် ၂၄ ဂရိန်နှင့် ညီမျှသည်။

** Deflection

ထိုပုဂ္ဂိုလ်များက ဆောင်ရွက်ရမည့် လုပ်ငန်းမှာ ထိုကဲ့သို့သော ရလဒ်များမှ ပုံကြမ်းပေါ်လာအောင် ပုံဖော်ပေးရသည့် ကိစ္စပင် ဖြစ်သည်။ ထိုနေရာတွင် မြေကြီးထဲ၌ အက်ကြောင်းဖြစ်နေသော နေရာအမြောက်အမြား ရှိနေပုံရသည်သာမက နေရာအများအပြား၌ ရေရှိနေပုံရသည်။ ရွှေကြောကလည်း တစ်ဆက်တည်း ရှိပုံမရဘဲ ပြတ်တောက်နေပုံရသည်။ တစ်နေရာတွင် မယုံကြည်နိုင်လောက်အောင် တန်ဖိုးများပြားလှသော ရွှေများကို တွေ့နေရပြီး ပေငါးဆယ်ခန့်သာ ဝေးသော အခြားနေရာတစ်နေရာတွင်မူ သူတို့တွေ့ရသော ရွှေပမာဏသည် အလွန်အကျွံနည်းနေသည်ကို တွေ့ရပြန်သည်။

သူတို့သည် တစ်နေ့သောအခါ၌ ထိုနေရာတွင် ရွှေတွင်းများကို တူးဖော်ကြပေလိမ့်မည်။ သို့ရာတွင် သူတို့ တူးဖော်ချိန်၌ သူသည် ပင်စင်စားဘဝသို့ ရောက်ရှိနေပါစေဟု ရောဒ်က တွေးကြည့်လိုက်၏။

သူသည် မြက်ပင်များအကြား၌ ရှိနေသော အစမ်းတွင်းတူးဖော်နေသည့် မျှော်စင်ကြီးကို လှမ်းမြင်နေရသည်။ သူက ခပ်တိုးတိုး ရေရွတ်လိုက်၏။

“ကဲ၊ တူးကြစမ်း ကိုယ်လူတို့၊ မင်းတို့ အဲဒီမှာ ဘာကိုပဲ ရှာတွေ့တွေ့ ငါ့အတွက် ဘာမှ ထူးခြားလာမှာ မဟုတ်ပါဘူးကွာ”

ထို့နောက် သူသည် မီးရထားလမ်းနှင့် ကားလမ်းဆုံသော နေရာရှိ ‘ရပ်’ဆိုသော ဆိုင်းဘုတ်တွင် သတိထား၍ ရပ်တန့်လိုက်ပြီးနောက် အလွန်ကြီးမားသော ဂိတ်ဝမှ အထဲသို့ မောင်းဝင်သွားတော့သည်။ သူသည် ဂိတ်ဝ၏ နောက်ဘက်တွင် ရှိနေသော ရဲသားအား လက်နှစ်ချောင်းထောင်၍ ပြလိုက်၏။

လမ်းပြရဲသားက ပြုံးရယ်လိုက်ပြီး သူ့အား လက်ပြ၍ သွားခွင့်ပြုလိုက်သည်။ ထိုရဲသားသည် လွန်ခဲ့သော ရက်သတ္တပတ်က လမ်းစည်းကမ်းဖောက်သော ရောဒ်အား ဖမ်းမိထားသူဖြစ်သဖြင့် ထိုရဲသားက တစ်မှတ်အသာရနေပေသေးသည်။

ရောဒ်သည် သူ့ရုံးခန်းရှိရာဆီသို့ မောင်းနှင်သွားတော့သည်။

❐

[၁၂]

ထိုတနင်္လာနေ့ နံနက်ခင်းတွင် အယ်လင်ပိုပီရေးဝသ်သည် ဆွန်ဒါဒစ်ရှိ အစမ်းတွင်း အမှတ် ၅ မှ ပထမဒီဇလက်ရှင်းကို တူးဖော်ရန် ပြင်ဆင်နေသည်။ အယ်လင်သည် တက်ဆက်ပြည်နယ်သား ဖြစ်သည်။ သို့ရာတွင် တက်ဆက်ပြည်နယ်သားနှင့် နည်းနည်းမှ တူသူမဟုတ်။ သူသည် အရပ်ငါးပေလေးလက်မသာ မြင့်သည်။ သို့ရာတွင် သူသည် သူကိုင်တွယ်နေသော လွန်သွားကဲ့သို့ အလွန်မာကျောသူ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က သူသည် ၎င်းအတတ်ပညာကို ‘အိုဒက်ဆာ’တစ်ဝိုက်တွင် ရှိသော ရေနံတွင်းများ၌ လေ့လာသင်ကြားခွင့် ရရှိခဲ့ပြီး တွင်းတူးပညာကို ကောင်းကောင်း လေ့လာခဲ့သူ ဖြစ်သည်။

ယခု သူသည် လေးလက်မတွင်းတစ်တွင်းကို မြေပြင်ပေါ်မှ အောက်ဘက် ပေတစ်သောင်း သုံးထောင်အထိ တစ်ဖြောင့်တည်း ဝင်သွားအောင် တူးနိုင်သူ ဖြစ်သည်။

တစ်ခါတစ်ရံတွင်မူ သံမဏိချောင်းသည် အောက်ဘက်သို့ ပေထောင်ပေါင်းများစွာ ရောက်ရှိပြီးမှ ဖျတ်ခနဲ ကျိုးသွားတတ်သည်။ ထိုကဲ့သို့သော အချိန်မျိုးတွင် အယ်လင်သည် တွင်းတူးကိရိယာထိပ်ဖျား၌ ကျိုးပြတ်သွားသော သံချောင်းအား ပြန်ဆွဲထုတ်ပေးမည့် ကိရိယာတစ်ခုကို တပ်ဆင်လိုက်ပြီးနောက် ထိုသံချောင်းကို စိတ်ရှည်လက်ရှည် လိုက်ရှာ၍ ဆွဲထုတ်ပေးတတ်သည်။ အကယ်၍ သူသည် သတ္တုကြောကို တွေ့ရချိန်တွင် လွန်သွားကို မူလတူးနေသည့် နေရာမှ ချော်ထွက်သွားအောင် တမင်လမ်းလွှဲပစ်လိုက်ပြီးနောက် ထိုနေရာတစ်ဝိုက်မှ သတ္တုကြောကို ပေတစ်ရာကျော်အထိရောက်အောင် အကြိမ်ကြိမ် အဖန်ဖန် တူးဖော်၍ သတ္တုနမူနာများကို ရအောင် ယူပေးတတ်သည်။ ထိုတူးနည်းကို ဒီဇလက်ရှင်းတူးနည်းဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

အယ်လင်သည် တွင်းတူးရာတွင် အတော်ဆုံးပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သူလိုချင်သော လစာကိုရအောင် တောင်းနိုင်လေ့ရှိသူ ဖြစ်သည်။ သူသည် စိန်သွားတပ်ထားသော လွန်သွားနှင့် အံ့သြစရာကောင်းလောက်အောင် တူးပြနိုင်သူ ဖြစ်သည်။

ယခု သူသည် ပထမ ဒီဖလက်ရှင်း၏ ထောင့်ကို သုံးသပ်နေသည်။ ပထမနေ့က သူသည် သူ တူးထားသော တွင်းထဲသို့ ရှည်လျားသော 'ကြေးဝါ' ပုလင်းတစ်လုံးကို ချထားပြီး တစ်ညလုံး ထားခဲ့သည်။ ထိုကြေးဝါပုလင်းထဲတွင် ဆာလ်ဖျူရစ်အက်ဆစ် စစ်စစ်ကို တစ်ဝက်တိတိ ထည့်ထားသောကြောင့် ထိုအက်ဆစ်က ကြေးဝါပုလင်းကို စားသွားလေသည်။ ဆာလ်ဖျူရစ်အက်ဆစ်က စားသွားသော ထောင့်ကို တိုင်းတာကြည့်ခြင်းဖြင့် သူက တမင် ဖွေထွက်သွားအောင် လုပ်လိုက်သောတွင်းသည် မူလပထမတွင်းမှ မည်မျှလောက်အထိ ဖွေထွက်သွားသည်ကို သူ သိပေသည်။

သူသည် တိုင်းတာမှုများကို ပြုလုပ်၍ ပြီးစီးသွားပြီဖြစ်သောကြောင့် တွင်းတူးစင် နံဘေးရှိ တဲအိမ်ကလေးထဲ၌ရှိသော ထိုင်ခုံပေါ်မှ ကျေကျေနပ်နပ်နှင့် မတ်တတ်ထရပ်လိုက်၏။

သူသည် တင်ပါးပေါ်ရှိ ဘောင်းဘီအိတ်ထဲမှ ဆေးတံတစ်ချောင်းနှင့် ဆေးအိတ်ကို ဆွဲထုတ်လိုက်ပြီးနောက် ဆေးဖြည့်ပြီး မီးညှိ၍ ကျေကျေနပ်နပ် ဖွာရှိုက်လိုက်သည်။

ထိုအခိုက်တွင် သူ့ဖိုမင်က တံခါးဝမှ လှမ်းပြောလိုက်၏။

"ဆရာ၊ အောက်ခြေကို ရောက်နေပြီ၊ လွန်သွားကို လှည့်ဖို့ အဆင်သင့် ဖြစ်နေပါပြီ"

"ဟင်း"

အယ်လင်က သူ့လက်ပတ်နာရီကို လှမ်းကြည့်လိုက်၏။

"အောက်ကို ရောက်ဖို့ နှစ်နာရီနဲ့ မိနစ်လေးဆယ်တောင် ကြာရသလား ကွ၊ မင်းတို့အလုပ်မှ လုပ်ကြရဲ့လား"

ဖိုမင်က ကန့်ကွက်လိုက်သည်။

"ဒီစံချိန်က သိပ်မဆိုးလှပါဘူးဗျ"

"အေးလေ၊ မကောင်းတာလည်း အမှန်ပဲကွ၊ ကောင်းပြီ၊ ကောင်းပြီ၊ စကားတွေ တွေလီကာလီမပြောဘဲ အလုပ်လုပ်တာက ပိုကောင်းလိမ့်မယ်"

သူသည် တဲအိမ်ကလေးထဲမှ ခုန်ထွက်လိုက်ပြီးနောက် တွင်းတူးစင်ဆီသို့ လျှောက်သွားတော့သည်။ တွင်းတူးစင်မှာ သံမဏိဘောင်ကြီးများနှင့် တည်ဆောက်ထားသော ပေငါးဆယ်မြင့်သည့် မျှော်စင်ကြီးဖြစ်သည်။ ထိုမျှော်စင်ထဲရှိ လွန်သွားသည် တွင်းထိပ်ရှိ ကော်လာထဲသို့ ရောက်၍ ပျောက်ကွယ်သွားသည်

အထိ အောက်ဘက်သို့ တွဲလောင်းကြီး ကျနေသည်။ မြင်းကောင်ရေ နှစ်ရာအား ရှိသော ဒီဇယ်အင်ဂျင်စက်ကြီးနှစ်လုံးသည် အပြာရောင်မီးခိုးများကို အိပ်ဇောပိုက်မှ မှုတ်ထုတ်ရင်း လိုအပ်သည့်အချိန်တွင် တွန်းအားပေးနိုင်အောင် တဒုတ်ဒုတ်မြည်၍ ခုတ်မောင်းနေသည်။ ထိုမျှော်စင်ကြီး၏ နံဘေးတွင် တွင်းတူးသည့် သံချောင်းများ တောင်ပုံရာပုံ ရှိနေကြပြီး ထိုအပုံကြီး၏ နောက်ဘက်တွင်မူ ထိုတွင်းအတွက် ရေအဆင်သင့်ရအောင် လှောင်ထားသည့် ဂါလန်တစ်သောင်းဆံ့ ရေတိုင်ကီကြီးတစ်လုံး ရှိနေသည်။ တွင်းတူးကိရိယာက ကျောက်သားထုထဲသို့ ဖောက်ထွင်းနေစဉ် တွင်းတူးကိရိယာအား ချောမွေ့နေစေမည့် ချောဆီအဖြစ်နှင့်သော် လည်းကောင်း၊ အမြဲတစေ အေးနေရန်အတွက်သော် လည်းကောင်း၊ တွင်းထဲသို့ ရေအဆက်မပြတ် လောင်းထည့်ပေးနေရသည်။

"လွန်သွားကို လှည့်ဖို့ အဆင်သင့် ဖြင်ထားကြပေါ့"

အယ်လင်က သူ့တပည့်များထံ အော်ဟစ်၍ အမိန့်ပေးလိုက်ရာ သူ့တပည့်များသည် တာဝန်ကျသော နေရာအသီးသီးသို့ ထွက်သွားကြလေတော့သည်။ အပြာရောင် အလုပ်သမားဝတ်စုံများ၊ အရောင်ခြယ်ထားသော ဖိုက်ဘာခမောက်အမာစားများနှင့် သားရေလက်အိတ်များကို ဝတ်ဆင်ထားကြသူများသည် အဆင်သင့် ရပ်စောင့်ရင်း စိတ်ပူနေကြသည်။ ထိုအချိန်သည် တစ်ဖွဲ့လုံး သောကဖြစ်ကြရသော အချိန်ပင်ဖြစ်သည်။ တစ်မိုင်ခွဲ ရှည်လျားသော သံချောင်းကို ဖိအားပေးရာတွင် ချစ်သူအား တယုတယ ကိုင်တွယ်သကဲ့သို့ ကိုင်တွယ်ရပေလိမ့်မည်။ သို့မဟုတ်ပါက ထိုသံချောင်းသည် ဘေးသို့ ကားထွက်ပြီး ဖျတ်ခနဲ ကျိုးသွားတတ်ပေသည်။

အယ်လင်သည် လွန်သွားဝင်သွားသော သံပေါင်ပေါ်သို့ ကျင်လည်စွာ တက်လိုက်ပြီးနောက် သူ့တပည့်များ အဆင်သင့်ရှိမရှိကို တစ်ချက်မျက်စိဝေ့၍ အကဲခတ်လိုက်၏။ တွင်းတူးဖိုမင်သည် စက်ခလုတ်များရှေ့တွင် မတ်တတ်ရပ်ရင်း လီဗာတံများပေါ်တွင် လက်တင်၍ အယ်လင်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။

"စက်အား မြှင့်"

အယ်လင်က သူ့ညာလက်ကို စက်ပိုင်းသဏ္ဍာန် လက်နှင့် ပြရင်း အော်ပြောလိုက်၏။ ဒီဇယ်အင်ဂျင်စက်သံက ဖြန်းခနဲ မြင့်တက်လာချိန်တွင် အယ်လင်သည် တွင်းတူးနေသော သံချောင်းကို ဘယ်လက်နှင့် လှမ်းကိုင်လိုက်၏။ စက်

အားကို မြင်လိုက်ချိန်တွင် သူက လက်ချည်းသက်သက်ဖြင့် ထိကိုင်၍ သံချောင်း၏ ထွန်းအားကို အထိအတွေ့၊ အမြင်အကြားတို့ဖြင့် အကဲဖြတ်လေ ရှိသည်။

သူက ညာလက်နှင့် အချက်ပြလိုက်ရာ ဖိုမင်က ကလပ်ချိုကို ညင်ညင်သာသာသွင်းလိုက်၏။ ဤတွင် သံချောင်းသည် အယ်လင်၏ လက်ထဲ၌ လှုပ်ရှားလာသည်။ သူက နောက်တစ်ကြိမ် အချက်ပြလိုက်ပြန်သောကြောင့် သံချောင်းသည် ခပ် ဖြည်းဖြည်း လည်ပြန်တော့သည်။ သူက ထိုသံချောင်းသည် ကျိုးတော့မည်ဆဲဆဲ ဖြစ်နေကြောင်း သိလိုက်ရသောကြောင့် စက်အားကို ချက်ချင်းပြန်လျှော့ပစ်လိုက်ပြီးမှ ပြန်၍ မြင့်နိုင်းလိုက်သည်။ သူ့ညာလက်သည် သံစုတီးဝိုင်းကြီးမှ တီးဝိုင်းခေါင်းဆောင် (၏ညာလက်) ပမာ အမိပွာယ်ပါပါ လှုပ်ရှားသွားသည်တွင် အလွန်ကျွမ်းကျင်မှုရှိနေသော ထိုအဖွဲ့၏ ခေါင်းဆောင်ငယ် ဖိုမင်က အယ်လင်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ပေးလိုက်လေတော့သည်။

အယ်လင်သည် အဆင်ပြေတယ်ဆိုသော အထိမ်းအမှတ်အဖြစ် လက်သီးကို ဆုပ်ပြပြီးနောက် သံပေါင်ပေါ်မှ ခုန်ဆင်းလာသည့်အခါကျမှ တစ်ဖွဲ့လုံး စိတ်သက်သာရာရစ ပြုကြတော့သည်။ အယ်လင်နှင့် ဖိုမင်တို့က လွှန်သွားကို တစ်မိနစ်လျှင် လည်ပတ်နှုန်း လေးရာနှင့် မှန်မှန်လည်နေအောင် ချိန်ထားခဲ့ပြီး တဲငယ်ကလေးဆီသို့ ပြန်လာကြချိန်တွင် ကျန်ပုဂ္ဂိုလ်များသည်လည်း မိမိတို့၏ အခြားတာဝန်များကို ထမ်းဆောင်ရန် ထိုနေရာမှ အမှတ်တမဲ့ လစ်ထွက်သွားကြသောကြောင့် လူစုကွဲ၍ သွားကြတော့သည်။

သူတို့နှစ်ယောက် တဲအိမ်ကလေးထဲသို့ ဝင်လိုက်မိကြချိန်တွင် ဖိုမင်က အယ်လင်အား စပြောလိုက်၏။

"ခင်ဗျားအတွက် ပစ္စည်းတစ်ခု ယူလာတယ်"

"ဘာလဲကွ"

အယ်လင်က ပြန်မေးလိုက်၏။

"နောက်ဆုံးထုတ် ပလေးဘွိုင် (မဂ္ဂဇင်း)"

"မင်း ညာပြောနေတာပါကွာ"

အယ်လင်က ဝမ်းသာအားရနှင့် စွဲချက်တင်လိုက်ရာ ဖိုမင်သည် နေ့လယ်စာထည့်သော ဘူးကလေးထဲမှ လိပ်ထားသော မဂ္ဂဇင်းကို ထုတ်ယူလိုက်သည်။

"ဟော့၊ ငါ့ကို ပေး"

အယ်လင်သည် ဖျတ်ခနဲ လှမ်းယူလိုက်ပြီးနောက် စာအုပ်အလယ်ခေါင်

၌ နှစ်မျက်နှာခွဲ၍ ဖော်ပြထားသော ပုံကြီးကို တန်း၍ လှန်ကြည့်လိုက်လေတော့သည်။

သူတို့နှစ်ယောက်သည် ထိုအမျိုးသမီးကလေး၏ ခန္ဓာကိုယ်တည်ဆောက်ပုံကို စိတ်ဝင်စားစွာ ဆွေးနွေးနေကြသောကြောင့် တွင်းတူးနေသော လွှန်သွား၏ အသံပြောင်းလဲသွားမှုကို နှစ်မိနစ်ကြာမှ သတိပြုမိကြတော့သည်။ ထိုအသံကို ပထမဦးဆုံး အယ်လင်က ကြားလိုက်၏။ အယ်လင်သည် မဂ္ဂဇင်းကို ပစ်ချလိုက်ပြီး မျက်နှာ ဖြူဖပ်ဖြူရော်နှင့် တဲငယ်ကလေးထဲမှ ပြေးထွက်သွားသည်။

ထိုတဲငယ်မှ တွင်းတူးစင်အထိ ကိုက်ငါးဆယ် ကွာဝေးသည်။ သို့သော် ထိုအကွာအဝေးမှာပင် တွင်းတူးနေသော သံချောင်း၏ တုန်ခါနေမှုကို အယ်လင်မြင်နေရသည်။ အယ်လင်သည် ပင်ပင်ပန်းပန်း တူးနေရသော အင်ဂျင်စက်သံကို ကြားနေရသဖြင့် အင်ဂျင်စက်ကို ပိတ်ပစ်ရန် အမဲလိုက်ခွေးတစ်ကောင်ကဲ့သို့ ပြေးသွားခဲ့သည်။

မည်သို့မည်ပုံ ဖြစ်ပွားသွားခြင်းဖြစ်ကြောင်းကို အယ်လင်သိလိုက်ပါသည်။ ယခု တူးနေသော လွှန်သွားသည် ပုံပျက်ပန်းပျက် အက်ကွဲနေသော ကျောက်သားပပ်ကြားအက်ထဲသို့ ရောက်ရှိသွားလေပြီ။ တူးနေသော တွင်းထဲသို့ အဆက်မပြတ် လောင်းပေးနေသော 'ရေ'သည် သွေ့ခြောက်သော ကျောက်သားပပ်ကြားအက်နှင့် တွေ့ပြီး ခြောက်သွေ့သွားတော့သည်။ ကျောက်သားနှင့် လွှန်သွားပွတ်တိုက်မှုကြောင့် ဖြစ်ပေါ်လာသော အပူဓာတ်သည် တဖြည်းဖြည်းပို၍ မြင့်တက်လာသည်။ လွှန်သွားက တူးဖော်မှုကြောင့် ဖြစ်ပေါ်လာသော ဖုန်မှုန့်များသည် ရေနှင့် အဆက်မပြတ် ဆေးကြောပစ်မှုကို မခံရသောကြောင့် တစ်စတစ်စနှင့် ပို၍များလာလေရာ လွှန်သွားသည် ကျောက်သားထုထဲတွင် မလည်နိုင်ဘဲ ရပ်တန့်သွားရလေတော့သည်။ ထိုလွှန်သွားကို ကျောက်သားထုက မလှုပ်နိုင်အောင် 'ချုပ်' ထားစဉ် အခြားထိပ်တစ်ဖက်၌ရှိသော သံချောင်းကို ဒီဇယ်အင်ဂျင်ကြီးနှစ်လုံးက အတင်းလှည့်ပေးနေကြသည်။ ထို့ကြောင့် တွင်းတူးစင်ကြီးတစ်ခုလုံး လိမ်ကောက်သွားရန် စက္ကန့်ပိုင်းမျှသာ လိုတော့သည်။

ဒီဇယ်အင်ဂျင်စက်များ၏ စက်ခေလုတ်တွင် အလုပ်သမားတစ်ယောက် အမြဲတစေ ရှိနေသင့်ပါသည်။ သို့ရာတွင် သူသည် ကိုက်တစ်ရာခန့်ဝေးသော အိမ်သာထဲမှ ထွက်လာနေခိုက်ဖြစ်သည်။ သူသည် ဘောင်းဘီရှည်ကို အပေါ်သို့ မတင်ပြီး ကြယ်သီးတပ်ရန် ကြိုးစားရင်း ပြေးလာနေသည်။

"မင်း တော်တော်အသုံးမကျတဲ့ အကောင်...မင်း ဒီလောက်တောင် ညံ့ ဖျင်းရသလား..."

အယ်လင်က အပြေးအလွှား ပြေးလာရင်း ဒေါသတကြီး အော်ဟစ်နေသည်။

သူ အင်ဂျင်စက်ခန်း တံခါးဝသို့ အရောက်တွင် တွင်းတူးနေသော သံချောင်းကျိုးထွက်သွားသောကြောင့် အမြောက်သံနှင့် တူသော အသံတစ်သံပေါ်ထွက်လာရာ အယ်လင်၏ စကားလုံးများသည် လည်ချောင်းထဲတွင် ဆို့နင့်၍ သွားရလေတော့သည်။ ချက်ချင်းဆိုသလိုပင် ဝန်အားပေါ့သွားမှုကြောင့် မတန်မဆ လည်ပတ်သွားကြသော အင်ဂျင်စက်များ၏ ကျယ်လောင်စူးရှသော အသံကို ကြားလိုက်ရသည်။ အယ်လင်သည် အင်ဂျင်စက်ပေါ်မှ ခလုတ်ကို နှိပ်လိုက်ရာ အင်ဂျင်စက်များသည် တဖြည်းဖြည်းနှင့် ရပ်ဆိုင်းသွားပြီး ငြိမ်သက်သွားလေတော့သည်။ သိပ်နောက်ကျသွားလေပြီ။

စိတ်ပျက်ပြီး ဒေါသွနေသော အယ်လင်က ငိုချလိုက်၏။

"တွန်လီမ် ကောက်ကွေးသွားပြီကွ၊ ဟိုးအောက်ဘက် အနက်ကြီးထဲမှာ မဟုတ်ပါစေနဲ့ကွာ၊ မဟုတ်ပါစေနဲ့"

ကျိုးသွားသော သံချောင်းကို မတွေ့တွေ့အောင် ရှာဖွေ၍ မရရအောင် ပြန်ဆွဲထုတ်ပြီး ထိုတွင်းထဲသို့ အင်္ဂတေလောင်းထည့်၍ ပိတ်ပစ်ရန်နှင့် တွင်းသစ်ကို ပြန်စတူးရန် အနည်းဆုံး ရက်သတ္တနှစ်ပတ်ခန့် ကြာမြင့်ပေလိမ့်မည်။

သူသည် ဦးခေါင်းပေါ်မှ ကက်ဦးထုပ်ကို ဆွဲချွတ်လိုက်ပြီးနောက် အင်ဂျင်စက်ခန်း ကြမ်းပြင်ပေါ်သို့ တအားကုန် ပေါက်ချလိုက်၏။ ထို့နောက် ကက်ဦးထုပ်ပေါ်သို့ ခြေထောက်နှစ်ချောင်းစလုံးနှင့် တက်ပြီး ခုန်တော့သည်။ ထိုကိစ္စမှာ သူလုပ်နေကျ အလုပ်ပင် ဖြစ်သည်။ အယ်လင်သည် တစ်ပတ်လျှင် တစ်ကြိမ်ခန့် သူ့ဦးထုပ်ပေါ်တွင် တက်ခုန်ပြီးနောက် တွေ့ရာလူကို လိုက်လံရိုက်နှက်တတ်ကြောင်း ဗိုမင်က သိထားပေသည်။

ဗိုမင်က ဗိုဒ်ထရပ်ကား၏ လက်ကိုင်ဘီးနောက်သို့ တီတ်တဆိတ် တက်ထိုင်လိုက်စဉ် ထိုအလုပ်သမားကိုက်မှ ကျန်အလုပ်သမားအားလုံးသည် ထရပ်ကားပေါ်သို့ တက်လိုက်ကြ၏။ သူတို့အားလုံး ဗိုဒ်မော်တော်ကားကြီးနှင့် မောင်းထွက်သွားကြသည်။ မော်တော်ကား လမ်းမကြီးပေါ်တွင် ယနလို အချိန်အခါမျိုး၌ သူတို့လူစုသွား၍ ကော်ဖီသောက်တတ်ကြသော ဆိုင်တစ်ဆိုင်

ရှိသည်။ အယ်လင်၏ ဒေါသနီးများ အနည်းငယ် ပြယ်စပြုလာပြီးနောက် တွေ့ရာလူကို ရန်မူရန် စိတ်ကူးပေါက်လာသောအချိန်တွင် ထိုနေရာတစ်ဝိုက် ၌ မည်သူမျှ မရှိဘဲ ထူးထူးခြားခြား ငြိမ်သက်နေသည်ကိုသာ တွေ့ရတော့သည်။

"အလကား၊ အသုံးမကျတဲ့ အကောင်တွေ"

သူသည် သူ့မျက်စိအောက်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားသော မော်တော်ကားအား လှမ်းဆဲလိုက်၏။ ထို့နောက် ဒုတိယအကောင်းဆုံးလုပ်ငန်းအဖြစ် ဌာနချုပ်မှ မန်နေဂျင်းဒါရိုက်တာအား တယ်လီဖုန်း လှမ်းဆက်တော့သည်။ ဆွန်ဒါဒစ်ရဲ့အစမ်းတွင်း အမှတ် ၅ ၌ တူးနေသော လွန်သွားတွန်လီမ် ပြီး ကျိုးပြတ်သွားရသည် ကိစ္စတွင် မန်နေဂျင်းဒါရိုက်တာ၌ တိုက်ရိုက်တာဝန်ရှိသည်ဟု အယ်လင်က စွပ်စွဲလိုက်သောကြောင့် မန်နေဂျင်းဒါရိုက်တာ နိုးလိုးခုလု ဖြစ်သွားရှာသည်။

ထို့နောက် အယ်လင်သည် တယ်လီဖုန်းစကားပြောခွက်ကို ပြန်ဆောင့်ချလိုက်ပြီးနောက် သူ့ဆေးတံအား တုန်တုန်ယင်ယင်ဖြစ်နေသော လက်များနှင့် ဆေးထပ်ဖြည့်လိုက်သည်။ နောက်ထပ် ဆယ်မိနစ်ကြာသောအခါ သူသည် ပြန်၍ အသက်ရှူမှန်လာသလို သူ့လက်များသည်လည်း မတုန်ကြတော့ချေ။ သူက တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီးနောက် လမ်းမကြီးပေါ်ရှိ ကော်ဖီဆိုင်သို့ တယ်လီဖုန်း လှမ်းဆက်လိုက်၏။ ဆိုင်ရှင်က တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်သည်။ အယ်လင်က ပြောလိုက်၏။

"ဂျိုဆီ၊ ငါ့ချာတိတ်တွေကို 'အိုကေ'ပြီလို့ ပြောလိုက်ပါကွာ၊ သူတို့ ဒီကို ပြန်လာနိုင်ကြပါပြီ"

❐

[၁၃]

ရောဒ်အိုင်းရွန်းဆိုက်ဒ်သည် သူ့ရုံးခန်းသို့ ပြန်လည် ရောက်ရှိလာသောအခါ သူ့စိတ်သည် ခါတိုင်းထက် ပို၍ စိတ်လှုပ်ရှားနေသည်။ သူ အလုပ်လုပ်

နေစဉ် မင်းဖရက်စတိုင်းနားသည် သူ့စကားအတိုင်း ထိုကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ကောင်း ပေးနိုင်ပေလိမ့်မည်ဟု တစ်ချိန်လုံး တွေးနေမိသည်။

သူသည် နောက်ဆုံးပြဿနာကို ဖြေရှင်း၍ ပြီးစီးသွားသောအခါ ဆုလည်ကုလားထိုင်ပေါ်တွင် နောက်မှီ၍ ထိုင်ချလိုက်သည်။

ငါသာ ဆွန်ဒါဒစ်ချ်ကို စီမံခန့်ခွဲခွင့် ရရှိခဲ့သော် သတ္တုတွင်းလောက၌ အံ့သြယူရသော စံပြအဖွဲ့အစည်းတစ်ခုဖြစ်အောင် လုပ်ပြလိုက်မည်ဟု လောဘတကြီး တွေးလိုက်၏။ စီးပွားရေးလောကတွင် ဆွန်ဒါဒစ်ချ်အကြောင်း တဖွဖွ ပြောနေကြရစေမည် သာမက ဆွန်ဒါဒစ်ချ်အား စီမံခန့်ခွဲနေသော ပုဂ္ဂိုလ်၏ အကြောင်းကိုလည်း တဖွဖွပြောနေကြစေရမည်။ ဆွန်ဒါဒစ်ချ်အား ပထမတန်းစား အဖွဲ့အစည်းဖြစ်အောင် မည်ကဲ့သို့ စီမံခန့်ခွဲရမည်ကို ငါ သိသည်။ ကုန်ကျစရိတ်များကို မရှိမဖြစ်၍ ကုန်ကျရသော အဆင့်အထိ လျှော့ချပစ်မည်။ ဤအဖွဲ့အစည်းကို တောင့်တင်းခိုင်မာလာအောင် ငါလုပ်ပြမည်။ ဖရင်လင်းမားသည် လူကောင်းတစ်ယောက်ဖြစ်သည်။ မြေကြီးထဲက ရွှေကို ရအောင် ထုတ်ယူနိုင်သူဖြစ်သည်။ သို့ရာတွင် ကုန်ကျစရိတ်က များလွန်းလှပေသည်။ သတ္တုရိုင်းတစ်တန်ကို ရွှေကျင်ရာတွင် ရန်းငွေ ကိုးကျပ်နီးပါး ကုန်ကျနေသည်။

အဲလေ၊ ငါကတော့ သူ့လို မြေကြီးပေါ်က ရွှေထွက်အောင် တူးရုံသာမက စရိတ်စက ပို၍သက်သာအောင် တူးဖော်ပြလိုက်မည်။ လုပ်ငန်းကို ဦးစီးဦးဆောင်ပြုသူ၏ စိတ်နေစိတ်ထားသည် လုပ်ငန်းအပေါ်၌ ရောင်ပြန်ဟပ်လေ ရှိသည်။ ဖရင်လင်းမားသည် ကုန်ကျစရိတ်အကြောင်း တဖွဖွ ပြောလေ့ရှိသော်လည်း သူ့စိတ်ထဲက နှစ်နှစ်ကာကာ ရှိနေသောကြောင့် ပြောနေခြင်း မဟုတ်သလို၊ ငါတို့ကလည်း ထိုအကြောင်းကို သိကြပေသည်။ ငါတို့သည် အလွန်ရွှေထွက်သော ရွှေကြောကြီးကို တူးဖော်နေကြရသောကြောင့် အလေအလွင့် အလွန်များပြားသော လုပ်ငန်းကြီးတစ်ခု ဖြစ်လာရသည်။ အသုံးအစွဲကြီးသူများ ဖြစ်လာရသည်။ အေးလေ၊ ငါကတော့ စရိတ်စကသက်သာဖို့ ကိစ္စကို ပြောလည်းပြောမည်။ တကယ်လည်း လုပ်ပြမည်။

လွန်ခဲ့သောနှစ်က 'ဝက်စတင်းဟိုးလ်ဒင်း' ကုမ္ပဏီမှ ဟာမီလ်တန်က သတ္တုရိုင်းတစ်တန်ကို ရွှေကျင်ရသော စရိတ်အား ရန်းငွေခြောက်ကျပ်သာသာမျှသာ ကုန်ကျအောင် ထိန်းထားနိုင်ခဲ့သည်။ ငါလဲ ဒီမှာ အဲဒီပုံစံအတိုင်း လုပ်ပြနိုင်သည်။ ငါက တစ်နှစ်လျှင် အမြတ်ငွေရန်းငွေ ၁၂သန်း ခန့်တက်သွား

အောင် လုပ်ပြနိုင်မည်သာမက ငါ့ကို ဂျင်နရယ် မန်နေဂျာအဖြစ် ခန့်ထားမည်ဆိုပါလျှင် ဆွန်ဒါဒစ်ချ်၏ နာမည်ကို စီးပွားရေးလောကတွင် ဟိုးလေးတကျော်ဖြစ်သွားအောင် လုပ်ပြလိုက်မည်။

ရောဒ် စဉ်းစားနေမိသည့် ပြဿနာမှာ ရွှေတွင်းတူးဖော်ရေးလုပ်ငန်းကြီး၏ အိပ်မက်ဆိုးကြီးပင် ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်မှစ၍ ရွှေဈေးကို တအောင်စလျှင် သုံးဆယ်ငါးဒေါ်လာဟု သတ်မှတ်ထားခဲ့ကြသည်။ ထိုနှစ်မှစ၍ ကုန်ကျစရိတ်များသည် နှစ်စဉ် နှစ်တိုင်း တဖြည်းဖြည်း တိုးတက်လာခဲ့သည်။ ထိုစဉ်က သတ္တုရိုင်းတစ်တန်တွင် ရွှေပဲနိဝိတ်စ် လေးဆယ်ပါရှိပါက အကျိုးအမြတ်ရှိသည်ဟု သတ်မှတ်ခဲ့ကြသည်။ ယခုအချိန်တွင်မူ ပဲနိဝိတ်စ် ရှစ်ဆယ်ပါရှိပါမှ တွက်ခြေကိုက်ရုံမျှသာ ရှိတော့သည်။

ထို့ကြောင့် ရွှေဈေးတက်မလာသေးသော အချိန်ကာလအထိ သတ္တုရိုင်းတစ်တန်လျှင် ရွှေပဲနိဝိတ်စ်လေးဆယ်မှ ရှစ်ဆယ်အထိပါသော တန်သန်းပေါင်းများစွာရှိသည့် သတ္တုရိုင်းများကို ပေယျာလကာ ဝကွက်၍ ချန်ထားရပေလိမ့်မည်။

ရွှေထွက်သော သတ္တုရိုင်း တန်သန်းပေါင်းများစွာ ရှိသော်လည်း တစ်တန်လျှင် ပဲနိဝိတ်စ် ရှစ်ဆယ်ထက်နည်းသော မိုင်းတွင်းအမြောက်အမြား ရှိနေသည်။ ထိုမိုင်းတွင်းများမှ ဟက်ဒ်ဂီယာ မျှော်စင်ကြီးများသည် သံချေးတက်သောကြောင့် နီရဲနေကြသလို အဆောက်အအုံများမှ အမိုးသွပ်ပြားများသည် စိတ်ပျက်စရာကောင်းလောက်အောင် ပြိုကျနေကြသည်။ တရိပ်ရိပ်တက်လာသော စရိတ်စကများက သူတို့ကို ဒုက္ခပေးခဲ့ကြသည်။ 'အကျိုးအမြတ်မရှိ' ဆိုသော စာလုံးကလေးတစ်လုံးကြောင့် ထိုပစ္စည်းများသည် အသုံးမဝင်သော ပစ္စည်းများအဖြစ် သတ်မှတ်ခံနေကြရခြင်း ဖြစ်သည်။

ဆွန်ဒါဒစ်ချ်မှ သတ္တုရိုင်းတစ်တန်တွင် ရွှေပဲနိဝိတ်စ် အဆနှစ်ဆယ်မှ နှစ်ဆယ်ငါးအထိ ပါရှိနေသည်။ ဒီတွင်းက ရွှေအလွန်ထွက်သည်။ သို့ရာတွင် ပို၍ ထွက်နိုင်ပေသေးသည်ဟု ရောဒ်က ဆုံးဖြတ်လိုက်၏။

အခန်းတံခါးခေါက်သံ ပေါ်ထွက်လာသည်။

"ဝင်ခဲ့ပါ"

ရောဒ်က အော်ပြောလိုက်ပြီး လက်ပတ်နာရီကို ကြည့်လိုက်၏။ နံနက် ကိုးနာရီထိုးလေပြီ။ တနင်္လာနေ့တိုင်း မိုင်းတွင်းမှ အလုပ်သမားခေါင်းဆောင် များနှင့် အစည်းအဝေး ပြုလုပ်ရသောအချိန်သို့ ရောက်ရှိပေပြီ။

သူတို့က တစ်တွဲစီ တစ်ယောက်စီ ဝင်လာကြသည်။ စုစုပေါင်း ဆယ်နှစ်ယောက် ရှိသည်။ ထိုပုဂ္ဂိုလ်များသည် ရောဒ်ရှေ့တန်း တာဝန်ခံများ ဖြစ်ကြသည်။ တိုက်စစ်မှူးများလည်း ဖြစ်ကြသည်။ သူတို့သည် နေ့စဉ်နေ့တိုင်း မြေအောက်သို့ ဆင်းပြီး ကိုယ့်ဌာနသို့ ကိုယ်သွား၍ ကျောက်သားထုကို တကယ်ခွဲကြရသူများ ဖြစ်သည်။

သူတို့က အစည်းအဝေးမစမီ တစ်ဦးနှင့်တစ်ဦး စကားစမြည်ပြောဆိုနေကြစဉ် ရောဒ်က သူတို့အား နီးကြောင်နီးဂုက်နှင့် လှမ်းကြည့်လိုက်ပြီးနောက် တစ်ခါက 'အင်ဂလို အမေရိကန်' ကုမ္ပဏီမှ ဟာမန်းကောချ်က 'သတ္တုတူးတဲ့ အလုပ်ဟာ တော်တော်ကြမ်းတမ်းတဲ့ အလုပ်ဗျ၊ ဒီအလုပ်က အင်မတန်ကြမ်းတမ်းတဲ့ လူတွေအတွက် ဆွဲဆောင်မှု ရှိတယ်'ဟု သူ့အား ပြောလိုက်သော စကားတစ်ခွန်းကို ပြန်သတိရလာသည်။

ထိုပုဂ္ဂိုလ်များသည် စိတ်ရောကိုယ်ပါ ကြမ်းတမ်းသော လူကြမ်းကြီးများပင် ဖြစ်ကြသည်။ ထို့နောက် ရောဒ်သည် သူကိုယ်တိုင် ထိုအုပ်စုထဲ၌ ပါဝင်နေကြောင်း ဖြုန်းခနဲ တအံ့တဩ သတိရလိုက်မိတော့သည်။ ယခုအချိန်တွင်မူ သူသည် ထိုလူကြမ်းအုပ်စုထဲတွင် မပါဝင်တော့လေပြီ။ သူသည် ထိုပုဂ္ဂိုလ်များ၏ ဦးစီးခေါင်းဆောင်ဖြစ်သည်။ သူက သူ့လူများအပေါ်၌ သံယောဇဉ်ရှိရှိနှင့် ဂုဏ်ယူရင်း အစည်းအဝေးကို စတင်လိုက်သည်။

"ကဲ၊ ဘယ်သူက ကျုပ်အသည်းကို ပထမဦးဆုံး စခွဲမလဲ၊ ပြောကြစမ်း"

အချို့ပုဂ္ဂိုလ်များသည် အခြားပုဂ္ဂိုလ်များအား ကြီးကြပ်ကွပ်ကဲရာတွင် အထူးတလည် ကျွမ်းကျင်မှု ရှိကြသည်သာမက အခြားပုဂ္ဂိုလ်များထံမှ အကောင်းဆုံး ဆောင်ရွက်မှုကို ရရှိအောင် ညှစ်ယူတတ်သော အရည်အချင်းရှိသူများ ဖြစ်တတ်ကြပေသည်။ ရောဒ်သည် ထိုကဲ့သို့သော လူစားမျိုး ဖြစ်သည်။ ထိုအရည်အချင်းမှာ သူ၏ ကြီးမားထွားကျိုင်းသော ကိုယ်ကာယ၊ ဩဇာတိက္ကမရှိသော အသံနှင့် အားရပါးရ ရယ်တတ်မှုတို့ထက် ပို၍ ထိရောက်မှု ရှိပေသည်။ ထိုအရည်အချင်းမှာ ကြည်သိုလေးစားထိုက်သော ဥပမိရုပ်၊ ခင်မင်စရာကောင်းသော အမူအရာနှင့် မည်သည့်အခါတွင်မှ မှားယွင်းမှု မရှိတတ်သောအချိန်ကိုက်၍ ဆုံးဖြတ် တတ်မှုတို့ပင် ဖြစ်သည်။ သူဦးဆောင်သော အစည်းအဝေးများတွင် ဆူဆူညံညံနှင့် ဆိုးဆိုးရွားရွား ငြင်းခုံနေတတ်ကြစေကာမူ ရောဒ် စကားပြောလိုက်သည်နှင့် တစ်ပြိုင်နက် တဟားဟား ရယ်မောမှုများအဖြစ်သို့ ပြောင်းလဲသွားကြပြီး ငြိမ်သွားတတ်ကြပေသည်။

ရောဒ်သည် မိုင်းအလုပ်သမား ခေါင်းဆောင်များကဲ့သို့ပင် ကြမ်းကြမ်းတမ်းတမ်း လုပ်နိုင်ကိုင်နိုင်သူတစ်ယောက် ဖြစ်ကြောင်း ထိုအလုပ်သမားခေါင်းဆောင်များက သိထားကြသည်။ ထို့ကြောင့် သူတို့က ရောဒ်အား လေးစားကြည်ညိုကြခြင်း ဖြစ်သည်။ သူ စကားပြောသည့်အခါတွင် အဓိပ္ပာယ်ရှိကြောင်း နားလည်ကြသဖြင့် သူပြောသည့်စကားကို နားထောင်ကြခြင်း ဖြစ်သည်။ သူက ကတိပေးလိုက်သည့်အခါတွင် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးတတ်ကြောင်း သိထားကြသဖြင့် ကျေနပ်သွားတတ်ကြသည်။ ထို့အပြင် ရောဒ်သည် အလုပ်တစ်ခုကို လုပ်သည့်အခါ သို့မဟုတ် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည့်အခါတွင် ထိုဆုံးဖြတ်ချက်အတိုင်း လုပ်တတ် ကိုင်တတ်သူဖြစ်ကြောင်း သိထားကြသောကြောင့် မိမိ၏အနေအထားသည် မည်သည့်နေရာတွင် ရှိသည်ကို အားလုံးက သိနေကြတတ်ပေသည်။

"ကဲ ...ဒါဆိုရင် ..."

ရောဒ်က အစည်းအဝေးကို အဆုံးသတ်လိုက်၏။

"ခင်ဗျားတို့က ဒီမှာ လေပန်းကြရင်း ကုမ္ပဏီရဲ့အချိန်ကို နှစ်နာရီလောက် ဖြုန်းပစ်လိုက်ကြပြီဆိုတော့ ထိုင်ရာက တစ်ဆိတ်ထကြပြီး မြေကြီးက ရွှေထွက်အောင် အောက်ဆင်းပြီး လုပ်ကြကိုင်ကြစမ်းပါဦးဗျာ"

❐

[၁၄]

ထိုအလုပ်သမား ခေါင်းဆောင်များသည် ရက်သတ္တတစ်ပတ်တွင် ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲ ချမှတ်နေကြစဉ် သူတို့၏ အလုပ် သမားများသည် သူတို့အောက်ဘက်ရှိ မြေကြီးထဲ၌ အလုပ်လုပ်နေကြနိုက် ဖြစ် သည်။

အဆင့် ၈၇ တွင် ကိုဝေါလ်စကီသည် ခပ်မှိန်မှိန် မီးထွန်းထားသော

လမ်းပေါ်၌ ဝက်ဝံကြီးတစ်ကောင်ကဲ့သို့ လမ်းလျှောက်လာသည်။ သူသည် ဦးထုပ်ပေါ်မှ မီးခွက်ကို မှိတ်ပစ်လိုက်ပြီးနောက် ကြီးမားလှသော သူ့ခန္ဓာကိုယ် အရွယ်အစားနှင့် မလိုက်အောင် လျင်လျင်မြန်မြန်နှင့် တိတ်တိတ်ဆိတ်ဆိတ် ချဉ်းကပ်လာသည်။ သူ့ရှေ့တည့်တည့်ရှိ ခပ်မှိန်မှိန်သာ မီးထွန်းထားသော လိုဏ်ခေါင်းထဲမှ အလုပ်သမားများ၏အသံကို ကြားလိုက်ရသဖြင့် သူက ရပ်တန့်ပြီး စူးစူးစိုက်စိုက် နားထောင်လိုက်၏။ ကွဲကြေနေသော ကျောက်တုံးကျောက်ခဲများအား ဂေါ်ပြားနှင့် ထိုးကော်နေသံကို မကြားရသောကြောင့် ရှေးခေတ်လူသားနှင့် တူသော ကိုဝေါလ်စကီ၏ သွင်ပြင်မှုရာသည် ကြောက်စရာကောင်းအောင် ပြောင်းလဲသွားတော့သည်။

“တောက်တောက်ဆိုးတဲ့ အကောင်တွေ”

သူက ခပ်တိုးတိုးကလေး ပြောလိုက်သည်။

“သူတို့က ငါကို သတ္တုတူးတဲ့ လိုဏ်ခေါင်းထဲမှာ ရှိနေသေးတယ်လို့ ထင်နေကြတယ်ပေါ့။ သူတို့က ဘာအလုပ်မှ မလုပ်ဘဲ ထိုင်နေရင် ဖြစ်တယ်လို့ ထင်နေကြတယ်ပေါ့”

သူသည် ကြောင်ခြေထောက်နှင့် လမ်းလျှောက်သွားသော ဝက်ဝံကြီးတစ်ကောင်ပမာ ရှေ့ဆက်တိုးသွားပြန်သည်။

“ဒီကောင်တွေ ထင်ထားတာနဲ့ တလွဲစီ ဖြစ်နေပြီ ဆိုတာ မကြာခင်မင်းတို့ သိကြရမှာပေါ့ကွာ”

သူက ကြိမ်းမောင်းလိုက်၏။

သူက အကွေ့ကလေးကို ဖြန်းခနဲ ကွေ့၍ ထွက်လိုက်ပြီးနောက် ဦးထုပ်ပေါ်မှ မီးရောင်နှင့် ထိုးကြည့်လိုက်၏။ နံရံပေါ်မှ အောက်သို့ ကျနေသော ကျောက်ခဲကလေးများကို ဂေါ်ပြားနှင့် ကော်၍ အသင့်ရှိနေသော ပက်လက်လှည်းကလေးများပေါ်သို့ ထည့်နိုင်းထားသော အလုပ်သမားသုံးယောက် ရှိနေကြသည်။ သူတို့သုံးယောက်အနက် နှစ်ယောက်က ပက်လက်လှည်းကလေးကို ကျောမှီ၍ ထိုင်နေကြပြီး ကျန်တစ်ယောက်က လွန်ခဲ့သော ခရစ္စမတ်က သူ ဘီယာသောက်ခဲ့ရပုံကို အားရပါးရ ပြောပြနေသည်။ ထိုင်နေသူနှစ်ယောက်က ကျေနပ်အားရစွာ ဆေးလိပ်သောက်နေကြသည်။ သူတို့၏ ဂေါ်ပြားများနှင့် ကျောက်ခဲခွဲသော တူကြီးများသည် လိုဏ်ခေါင်းနံရံပေါ်တွင် ထောင်လျက်သား ရှိနေကြသည်။

ကိုဝေါလ်စကီ၏ မီးရောင်က သူတို့ကိုယ်ပေါ်သို့ ကျရောက်လာချိန်

တွင် သူတို့အားလုံး အေးစက်တောင့်တင်းသွားကြတော့သည်။

“ဒီလိုကိုး”

ထိုစကားလုံးသည် ကိုဝေါလ်စကီ၏ နှုတ်ဖျားမှ ပေါက်ကွဲသံပမာ ပေါ်ထွက်လာပြီးနောက် ကိုဝေါလ်စကီသည် ဆယ်လေးပေါင် တူကြီးတစ်လက်ကို ကြီးမားသော လက်သီးဆုပ်ကြီးနှင့် ကောက်ကိုင်လိုက်ပြီး ထိုတူကို ပြောင်းပြန်ကိုင်၍ လက်ကိုင်၏အနှောင့်ကို နံရံခြေရင်းတွင် ဆောင့်ပစ်လိုက်သည်။ ဤတွင် ဆယ်လေးပေါင်တူမှ သံမဏိခေါင်းပိုင်းသည် ကျွတ်ထွက်လာလေရာ တူလက်ကိုင်ရိုးသည် ကိုဝေါလ်စကီ၏ လက်ထဲတွင် လေးပေရှည်လျားသော သစ်မာသားတုတ်တစ်ချောင်းအဖြစ် ကျန်ရစ်ခဲ့လေတော့သည်။

“ဟေ့ အလုပ်သမားခေါင်း”

ကိုဝေါလ်စကီက အော်လိုက်ပြီးနောက် ၎င်း၏ လွတ်နေသေးသော လက်တစ်ဖက်က ရှေ့သို့ ဆန့်ထွက်သွားပြီး အနီးဆုံးဘန်တုလူမည်း အမျိုးသား၏ လည်ပင်းကို မလွတ်တမ်း ဆုပ်ကိုင်လိုက်လေတော့သည်။ ကိုဝေါလ်စကီသည် ထိုလူမည်းအား တစ်ချက်တည်းနှင့် ဒူးထောက်လျက်သား ဖြစ်သွားအောင် ဆွဲပစ်လိုက်ပြီး ဥမင်လိုဏ်ခေါင်းအတိုင်း တရွတ်တိုက် ဆွဲခေါ်သွားလေသည်။ ကိုဝေါလ်စကီသည် အကြီးအကျယ် ဒေါသူနေသည့်တိုင်အောင် မျက်မြင်သက်သေ မရှိစေရန် အထူးတလည် ဂရုစိုက်ခဲ့ပေသည်။ ထိုလူမည်းအမျိုးသား၏ ငိုသံနှင့် အော်သံများသည် အမှောင်ထုထဲ၌ တဖြည်းဖြည်း တိမ်၍ တိုးဝင်သွားစဉ် ကျန်လူမည်းအမျိုးသားနှစ်ယောက်သည် ကြောက်စိတ်ကြောင့် ပထမထိုင်နေသည့် နေရာမှာပင် ဆက်လက်၍ ထိုင်နေမိကြသည်။

ထိုနောက် ပထမဦးဆုံးအကြိမ် ရိုက်နှက်လိုက်သော အသံသည် ကျဉ်းမြောင်းသော ထိုနေရာတစ်လျှောက်တွင် ပဲ့တင်ထပ်၍ ပေါ်ပေါက်လာသလို စူးစူးရှရှ အော်ဟစ်သံကလည်း ဆက်တိုက်ထွက်ပေါ်လာတော့သည်။

နောက်တစ်ချက် ရိုက်သံနှင့် စူးစူးရှရှ အော်သံတစ်ချက် ထပ်မံထွက်ပေါ်လာသည်။

ရိုက်သံနှက်သံနှင့် ထိုးကြိတ်သံတို့ ဆက်တိုက် ထွက်ပေါ်လာနေသော်လည်း အော်ဟစ်သံသည် ညည်းညူသံအဖြစ် ပြောင်းလဲသွားပြီး နောက်ဆုံးတွင် လုံးဝ ပျောက်ကွယ်သွားတော့သည်။

ကိုဝေါလ်စကီသည် ထိုဥမင်ထဲမှ တစ်ယောက်တည်း ပြန်ထွက်လာသည်။

သူ့တစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုနေသည်ကို ခေါင်းပေါ်မှ မီးရောင်ထဲတွင် မြင်နေရသလို သူ့လက်ထဲတွင် ကိုင်ထားသော ဆယ်လေးပေါင်တူ၏ လက်ကိုင်ရိုးကလည်း သွေးရောင်ကြောင် တပြောင်ပြောင် တလက်လက် ဖြစ်နေသည်။

သူက ထိုလက်ကိုင်ရိုးကို ကျန်နှစ်ယောက်ရှေ့၌ ပစ်ချပေးလိုက်၏။

"အလုပ်လုပ်ကြစမ်း"

သူက အော်ပြောလိုက်ပြီးနောက် မှောင်ထဲသို့ တိုးဝင်၍ ပျောက်ကွယ်သွားလေတော့သည်။

❒

[၁၅]

အဆင့် ၁၀၀ တွင် ဂျိုးဇက်အမ်ကာတီသည် အလွန်ကြီးမားသော ခါးပတ်ကြိုးကြီးပေါ်မှ ထွက်ကျလာသော သတ္တုရိုင်းများကို ရေနှင့် ဖျန်းပက်ပြီး တံမြက်စည်းလှည်းနေသည်။ ဂျိုးဇက်သည် ထိုအလုပ်ကို လုပ်ကိုင်နေခဲ့သည်မှာ ငါးနှစ်ရှိခဲ့လေပြီ။ သူသည် ရောင့်ရဲတင်းတိမ်၍ ပျော်ရွှင်တတ်သူတစ်ယောက်ဖြစ်ပေသည်။

ဂျိုးဇက်သည် ရှန်းဂန်းလူမည်းမျိုး ဖြစ်ပြီး အသက်ခြောက်ဆယ်နီးပါးရှိနေလေပြီ။ သူ့ဆံပင်တွင်လည်း အဖြူရောင်သန်းစ ပြုလာလေပြီ။ သူ့မျက်လုံးစွန်းနှင့် နှုတ်ခမ်းထောင့်စွန်းများတွင် ပြုံးရယ်ရာမှ ဖြစ်ပေါ်လာသော အရေးအစင်းများ ထင်ထင်ရှားရှား ဖြစ်ပေါ်နေကြသည်။ သူသည် ဖိုင်ဘာခမောက်ကို နောက်စေ့ပေါ်သို့ ရောက်အောင် ထွန်းတင်ထားသလို အလုပ်သမား ဝတ်စုံပေါ်တွင်လည်း အပြာရောင်၊ အနီရောင်ချည်များနှင့် လှလှပပ ပန်းထိုးထားသည်။ ထို့အပြင် သူသည် မြူးမြူးကြွကြွနှင့် ပျော်ပျော်ရွှင်ရွှင် လှုပ်ရှားသွားလာလေ့ ရှိသည်။

ထိုခါးပတ်ကြိုးကြီးသည် ကိုက်ပေါင်း ရာချီ၍ ရှည်လျားသည်။ ထိုနေရာ ၏ အထက်ဆင့်များမှ ထုခွဲပြီး ခွဲစိတ်ထားသော သတ္တုရိုင်းများကို သံလမ်းပေါ်တွင် တင်ထားသော ပက်လက်လှည်းကလေးများနှင့် ပို့လိုက်ကြပြီး

ထိုပက်လက်လှည်းကလေးများသည် သတ္တုရိုင်းများကို သွန်လောင်းချပေးထားသောနေရာသို့ အရောက်တွင် သတ္တုရိုင်းများကို သွန်ချလိုက်ကြသည်။ ထိုသတ္တုရိုင်းများကို သွန်ချသော တွင်းများသည် အောက်ဘက်တွင်ရှိသော အဆင့် ၁၀၀ အထိ ဖောက်လျှောက်ပေါက်နေသော ဒေါင်လိုက် 'တွင်း'များ ဖြစ်ကြ သည်။ ၎င်းအပြင် ထိုတွင်းထဲရှိ သံမဏိတံခါးများကို ပိတ်လိုက်ဖွင့်လိုက် လုပ်ပေးသော စနစ်ဖြင့် ခါးပတ်ကြိုးကြီးပေါ်သို့ ကျလာသည့် သတ္တုရိုင်းပမာဏကို ခါးပတ်ကြိုးပေါ်တွင် မှန်မှန်ပါရှိသွားအောင် စီစဉ်ပေးလျက်ရှိသည်။ ရွေ့လျားနေသော ခါးပတ်ကြိုးကြီးသည် ပါလာသော သတ္တုရိုင်းများကို တွင်းကြီးဆီသို့ သယ်ဆောင်သွားပြီး အောက်ဘက်တွင်ရှိသော အလွန်ကြီးမားသည့် ပုံးကြီးများထဲသို့ လောင်းထည့်ပေးနေသည်။ ထိုပုံးကြီးများမှ တစ်ဆင့် တစ်ကြိမ်လျှင် ဆယ်ငါးတန် သယ်ဆောင်နိုင်သော ဓာတ်လှေကားအိမ်ထဲသို့ ထပ်ဆင့်ပို့ပေးလိုက်ပြီး ထိုဓာတ်လှေကားအိမ်များသည် သတ္တုရိုင်းများကို လေးမိနစ်လျှင် တစ်ကြိမ်ကျ မြေပြင်ပေါ်သို့ ပို့ပေးနေသည်။

ဂျိုးဇက်သည် တစီးစီးမြည်၍ ရွေ့လျားနေသော ခါးပတ်ကြိုးကြီး၏ အောက်ဘက်တွင် ပျော်ပျော်ပါးပါး အလုပ်လုပ်နေသည်။ ခါးပတ်ကြိုးကြီး၏ နံဘေးမှအောက်သို့ ထွက်ကျသည့် သတ္တုရိုင်းပမာဏမှာ မပြောပလောက်သော်လည်း အရေးကြီးပေသည်။ ရွှေ၏ သဘောသဘာဝကလည်း ထူးခြားလှသည်။ ရွှေသည် အောက်ဘက်သို့သာ သက်ဆင်းတတ်သည်။ ရွှေသည် သိပ်သည်းဆများသော သတ္တုဖြစ်သောကြောင့် အခြားသော သတ္တုများအကြားမှ အောက်ဘက်သို့ တိုးတိုးဝေ့ဝေ့နှင့် ဆင်းလာတတ်သည်။ ကြမ်းပြင်ပေါ်တွင် မညီညာမှုသို့မဟုတ် အကွဲအအက်များ ရှိနေပါက တစ်နည်းနည်းနှင့် ထိုနေရာသို့ ရောက်ရှိသွားတတ်ပေသည်။ ထို့အပြင် ထိုနေရာ၌ ခပ်ကြာကြာထားလိုက်ပါက မြေကြီးထဲသို့ပင် ပြန်၍ ရောက်ရှိကောင်း ရောက်ရှိသွားပေလိမ့်မည်။

ထိုကဲ့သို့သော ရွှေ၏ သဘောသဘာဝကြောင့် ဂျိုးဇက်အမ်ကာတီက ကျေနပ်နှစ်သိမ့်နေခြင်း ဖြစ်သည်။ သူသည် ဆေးရင်း ကြောရင်း တံမြက်စည်းလှည်းရင်းဖြင့် ခါးပတ်ကြိုးကြီး၏ အဆုံးသို့ရောက်အောင် အလုပ်လုပ်ရင်းတိုးကပ်သွားသည်။ ခါးပတ်ကြိုးကြီး၏ အဆုံးသို့ ရောက်သောအခါ သူသည် ခါးကို ဆန့်လိုက်ပြီးနောက် တံမြက်စည်းကို နံဘေးသို့ ချရင်း သူ့လက်နှစ်ဖက်ကို ဝမ်းဗိုက်ပေါ်၌ ပွတ်သပ်ပြီး လက်ကို သန့်ရှင်းအောင် ပြုလုပ်လိုက်သည်။

သူက ခါးပတ်ကြိုးကြီး ရှိနေသော ဥမင်လိုဏ်ခေါင်းထဲတွင် အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ ရှိမနေအောင် ပတ်ဝန်းကျင်ကို ကမန်းကတန်း ကျိုးကန်းတောင်းမျှော်ကြည့်လိုက်၏။ သူ့နံဘေးတွင် ခါးပတ်ကြိုးကြီးက သတ္တုရိုင်းများကို သယ်ထည့်ပေးနေသော သတ္တုရိုင်း တန်ထောင်ပေါင်းများစွာကို လက်ခံထားနိုင်ပေသည်။

ထိုဥမင်ထဲတွင် သူတစ်ယောက်တည်း ရှိနေကြောင်း ကျေနပ်သွားသည့်အခါ ဂျိုးဇက်သည် လေးဘက်ထောက် ထိုင်ချလိုက်ပြီးနောက် သူ့ခေါင်းပေါ်ရှိ ပုံးကြီးထဲသို့ တဝေါဝေါကျဆင်းနေသော သတ္တုရိုင်းများ၏ အသံကို ဂရုမထားဘဲ ထိုပုံးကြီးအောက်ရှိ အပေါက်ကလေးများဆီသို့ ရောက်အောင် တိုးဝင်သွားတော့သည်။

ထိုပုံးကြီး၏ အောက်ဘက်ရှိ သံပြားနှစ်ချပ် စပ်သောနေရာမှ ရိုဗက်လေးခု၏ ခေါင်းများအား ပြုတ်ထွက်သွားအောင် ဆောက်နှင့်ရိုက်ဖြုတ်ခဲ့ရသည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပေသည်။ သူသည် ရိုဗက်လေးခု၏ ခေါင်းများ ပြုတ်ထွက်သွားအောင် ဖြုတ်တောက်နိုင်ခဲ့သည်နှင့် တစ်ပြိုင်နက် အခြားသတ္တု များနှင့် ရောနေသော ရွှေအား အောင်အောင်မြင်မြင်ခွဲထုတ်ပေးနိုင်သည့် ကိရိယာတစ်ခုကို တီထွင်နိုင်ခဲ့တော့သည်။ ထိုကိရိယာမှာ ရိုးလွန်း စင်းလွန်းလှ သော်လည်း အလွန်ထိရောက်မှု ရှိပေသည်။

ထိုသတ္တုရိုင်းထဲတွင် ပါရှိလာသော ရွှေသတ္တုများသည် သတ္တုရိုင်းများကို သိုလှောင်ထားသော ပုံးကြီးထဲသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ကျောက်တုံးကျောက်ခဲများအကြားမှ အောက်ဘက်သို့ လျှင်မြန်စွာ ကျဆင်းလာကြတော့သည်။ သတ္တုရိုင်းများသည် ပုံးကြီးထဲသို့ အပေါ်မှ ထပ်၍ ထပ်၍ ကျဆင်းလာတိုင်း ပုံးကြီးသည် တုန်သွားလေ ရှိသည်။ ထို့ကြောင့် ပုံးကြီး၏ တုန်ခါမှုနှင့် ခါးပတ်ကြိုးကြီး၏ တုန်ခါမှုတို့ကြောင့် အောက်ဘက်သို့ ကျဆင်းနေသော ရွှေသတ္တုများ၏ ကျဆင်းနှုန်းမှာ ပို၍ပို၍ မြန်လာတတ်ပေသည်။ ထိုရွှေသတ္တုများသည် ပုံးကြီး၏အောက်ဘက် ကြမ်းပြင်ပေါ်သို့ ရောက်ရှိလာသောအခါ တဖြည်းဖြည်းနှင့် ရွှေ့လျားရင်း ဂျိုးဇက်က ဖောက်ထားသော ရိုဗက်လေးခုနေရာမှ အပေါက်လေးပေါက်ကို တွေ့သွားကြတော့သည်။ ဤတွင် ထိုရွှေသတ္တုများသည် အပေါက်လေးပေါက်မှတစ်ဆင့် အောက်ဘက်တွင် ခင်းထားသော ပလတ်စတစ်အစပေါ်သို့ ကျဆင်းလာကြသည်။

ရွှေသတ္တုရောနှိုင်းနှုန်း အများဆုံးပါသော အမှုန်ကလေးများသည် ပလတ်စတစ်အစပေါ်တွင် အပုံကလေး လေးပုံအဖြစ် ရှိနေကြသည်။

ပုံးကြီးအောက်၌ လေးဘက်ထောက်နေသော ဂျိုးဇက်သည် ရွှေအများဆုံးပါသော သတ္တုမှုန်ကလေးများကို ဆေးတံသောက် ဆေးထည့်သော အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် ပလတ်စတစ်အစကလေးကို ထိုနေရာတွင် ပြန်ခင်းလိုက်သည်။ သူသည် ဆေးတံသောက်ဆေးထည့်သော အိတ်ကလေးကို တင်ပါးပေါ်ရှိ ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်ပြီး ထိုပုံးကြီးအောက်မှ ပြန်ထွက်လာခဲ့၏။ ဂျိုးဇက်သည် ဘန်တုလူမည်းတို့၏ ရိုးရာတေးဂီတဖြစ်သော တောက်စိုက်တေးတစ်ပုဒ်ကို လေချွန်ရင်း တံမြက်စည်းကို ပြန်ကောက်ကိုင်လိုက်ပြီးနောက် ရေလောင်း၍ တံမြက်စည်းလှည်းခြင်း ဆိုသော မပြီးဆုံးနိုင်သည့် လုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်နေတော့သည်။

❒

[၁၆]

ရွှန်နီဒီလန်ချ်သည် ယမ်းဘီလူးသွင်းရမည့် အပေါက်နေရာများကို အမှတ်အသား ပြုလုပ်ပေးနေသည်။ သူသည် ဆက်ရှင် ၂၇ မှ ခပ်နိမ့်နိမ့် ဖောက်ထားသော လိုဏ်ခေါင်း ခေါင်မိုးအောက်တွင် လဲလျောင်းရင်း နံဘေးနံရံပေါ်မှ စူထွက်နေသော နေရာကို ပြန်ဖြောင့်သွားအောင် နံဘေးဘက်မှ ဖောက်ရမည့်တွင်း အနက်နှင့် ဆွဲရမည့်ထောင့်တို့ကို တွက်ချက်နေသည်။

ဆွန်ဒါဒစ်ချ်၌ တစ်နေ့လျှင် တစ်ကြိမ်သာ မိုင်းခွဲလေ့ရှိသည်။ ဗဟိုမှ ချုပ်ကိုင်၍ တစ်ချက်တည်း ဖောက်ခွဲလိုက်ခြင်းပင်တည်း။ ရွှန်နီသည် သူ့လုပ်ခကို သူလိုဏ်ခေါင်းထဲမှ တူးဖော်၍ရသော ကျောက်ခဲထုပမာဏပေါ်တွင် မူတည်၍ ရလေ့ရှိသည်။ ထို့ကြောင့် သူသည် ကျောက်ခဲအများဆုံး ကျိုးကြေပြီး ထွက်လာအောင် ယမ်းဘီလူးသွင်းရမည့် အပေါက်များကို စနစ်တကျဖောက်ရပေလိမ့်မည်။

“ဒီနေရာ”

သူက ပြောလိုက်ရင်း အပေါက်ဖောက်ရမည့် နေရာကို ဆေးအနီရောင်နှင့် မှတ်သားပေးလိုက်သည်။

“ပြီးတော့ ဒီလို”

သူက အပေါက်ဖောက်ရမည့်ထောင့်ကို ဆေးအနီရောင်ဖြင့် ခပ်ရဲရဲတင်းတင်း ရေးပေးလိုက်၏။

“ကဲ၊ ရှာရာ”

ဂျွန်နီသည် သူ့နံဘေးတွင် ရှိသော လူမည်း၏ ပခုံးကို လက်နှင့် ပုတ်လိုက်၏။

“ဖောက်ပေတော့ ကိုယ့်လူရေ့”

လွန်တူးစက်ကိုင်သူများကို ကာယဗလနှင့် ကြံ့ခိုင်မှုတို့အပေါ် မူတည်၍ ရွေးချယ်လေ့ ရှိသည်။

“ကိုစီ”

အပေါက်ဖောက်သည့် လွန်တူးစက်ကို ကိုင်တွယ်ရသည့် စက်သမားက နားလည်သဘောပေါက်ကြောင်း ပြုံးပြလိုက်ပြီးနောက် သူ့လက်ထောက်နှင့်အတူ ကျောက်တုံးကြီးကို စတင်၍ ဖောက်လေတော့သည်။ ကျောက်တုံးကြီးကို အပေါက်ဖောက်သည့် လွန်တူးစက်မှာ ပြောင်းဝအကျယ်အလွန် ကြီးမားသော စက်သေနတ် အကြီးစားနှင့် တူသည်။

ဘန်တုလူမျိုး အမျိုးသားက လွန်တူးစက်ကို ဖွင့်လိုက်သောကြောင့် ထွက်ပေါ်လာသော အသံသည် အမိုးနိမ့်ပြီး ကျဉ်းမြောင်းလှသော ထိုဥမင်လိုဏ်ခေါင်းကလေးထဲတွင် နားမခံသာအောင် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ဂျွန်နီက ကျေနပ်ကြောင်း လက်သီးဆုပ်၍ ပြလိုက်ပြီးနောက် အလုပ်တစ်ခုကို အတူတကွ လုပ်ရသူများအကြားတွင် ဖြစ်ပေါ်လာတတ်သော ကျေနပ်မှုကြောင့် ပြုံးလိုက်မိကြ၏။ ထို့နောက် ဂျွန်နီသည် နောက်တစ်ပေါက်အတွက် အမှတ်အသား ပြုလုပ်ပေးရန် ဥမင်ကလေးထဲသို့ ဝမ်းလျားထိုး၍ တိုးဝင်သွားပြန်သည်။

ဂျွန်နီဒီလန်ချ်သည် အသက်နှစ်ဆယ့်ခုနစ်နှစ် ရှိသူဖြစ်ပြီး ဆွန်ဒါဒစ်ချ်မိုင်းတွင်းတွင် ကျောက်ခွဲရာ၌ အတော်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ အလုပ်သမားလေးဆယ့်ရှစ်ဦးပါဝင်သော ဂျွန်နီ၏ အဖွဲ့သည် စုစုစည်းစည်းရှိလှသော စပယ်ရှယ်လစ်အလုပ်သမားများသာ ဖြစ်ကြသည်။ ထိုအဖွဲ့တွင် ပါဝင်ရပါက

လုပ်ခများများရလေ့ရှိသောကြောင့် ဆက်ရှင် ၂၇ တွင် အလုပ်ရရှိရေးအတွက် သူ့ထက်ငါ ကြိုးစားလေ့ ရှိကြသည်။ ဂျွန်နီကလည်း သူစိတ်တိုင်းကျသော ပုဂ္ဂိုလ်ကို ရွေးချယ်နိုင်ခွင့်ရှိသူ ဖြစ်သည်။ ထို့ကြောင့် မြေအောက်တွင် လာရောက်စစ်ဆေးသူများက တစ်လလျှင် တစ်ကြိမ်လာရောက်၍ တိုင်းထွာ စစ်ဆေးကြသည့်အခါ ဂျွန်နီဒီလန်ချ်၏ လုပ်ခသည် ရှေ့ဆုံးက ပြေးလေ့ရှိသည်။

အောက်ဆုံးအဆင့်တွင် ခေါင်းဆောင်မှုပေးရသော ပုဂ္ဂိုလ်တစ်ယောက်က ထိပ်ဆုံးမှ ခေါင်းဆောင်မှုပေးရသူထက် ပို၍ လုပ်ခရနိုင်သည့် သာဓကကို ဤနေရာတွင် တွေ့ရှိနိုင်ပေသည်။ ဂျွန်နီဒီလန်ချ်သည် ဆွန်ဒါဒစ်ချ်မိုင်းတွင်းမှ ဂျင်နရယ်မန်နေဂျာထက် ပို၍ လုပ်ခရသူ ဖြစ်သည်။ သူသည် လွန်ခဲ့သော နှစ်က သူ၏ဝင်ငွေ ရန်းနှစ်သောင်းနှစ်ထောင်အတွက် အမြင့်ဆုံးနှုန်းထားနှင့် အမြတ်ခွန် ပေးဆောင်ခဲ့ရသူ ဖြစ်သည်။ မိမိ၏ အလုပ်သမားများအား ရက်ရက်စက်စက် နှိပ်စက်တတ်သော ကိုပေါလ်စကီလို မိုင်းတွင်းအလုပ်သမားတစ်ယောက်ကပင်လျှင် ရောဒ်အိုင်းရွန်းဆိုက်ဒ်လောက်အဆင့်ရှိသော ဝန်ထမ်းများနှင့် လစာတူ တစ်နှစ်လျှင် ရန်းငွေ ရှစ်ထောင်မှ ကိုးထောင်အထိ ရတတ်ကြပေသည်။

ဂျွန်နီသည် ရှည်လျားသော နံရံတစ်လျှောက်တွင် ဖောက်ရမည့်နေရာများကို ဆေးနီနှင့် အမှတ်အသားပြုလုပ်၍ ပြီးစီးသွားလေပြီ။ သူ့အောက်ဘက်ရှိ နိမ့်လျှောလျှောဖြစ်နေသော ကြမ်းပြင်တစ်လျှောက်တွင် အပေါက်ဖောက်သူများသည် လဲလျောင်း၍ဖြစ်စေ၊ လွန်တူးစက်၏ နောက်ဘက်တွင် ကုန်းကုန်းကွကွနှင့် နေရာယူ၍ ဖြစ်စေ အလုပ်လုပ်နေကြသည်။ ကျောက်သားပေါ်တွင် အပေါက်ဖောက်သည့် လွန်တူးစက်အားလုံး မနားတမ်း အလုပ်လုပ်နေကြသည်။ သူသည် ကြမ်းပြင်ပေါ်၌ တံတောင်ဆစ်တစ်ဖက်ကို ထောက်၍ လဲလျောင်းရင်း ခေါင်းပေါ်မှ ဖိုင်ဘာခမောက်ကို ချွတ်၍ မျက်နှာကို သုတ်လိုက်ပြီး ခေတ္တမျှ အနားယူလိုက်သည်။

ဂျွန်နီဒီလန်ချ်၏ ရုပ်သွင်သည် အလွန်ထူးခြားသည်။ သူသည် မည်းနက်နေသော ဆံပင်ရှည်ကို နောက်ဘက်သို့ လှန်ဖြီးထားပြီး ဦးခေါင်းနောက်ဘက်တွင် သားရေကြိုးတစ်ချောင်းနှင့် ချည်နှောင်ထားသည်။ သူ၏ သွင်ပြင်သည် အမေရိကန် လူနီအင်ဒီယန်းတစ်ယောက်ကဲ့သို့ ပိန်ပိန်ပါးပါး သွယ်သွယ်လျလျရှိနေသည်။ သူသည် စပါးကြီးမြွေကဲ့သို့ ကြွက်သားအဖြိုင်းဖြိုင်းနှင့် သန်မာလှသော လက်မောင်းကြီးများကို ပေါ်လွင်နေအောင် သူ့အလုပ်သမား

ဝတ်စုံကို လက်မောင်းရင်းမှနေ၍ ဖြတ်တောက်ထားသည်။ တံတောင်ဆစ်အောက်ဘက်မှစ၍ ဆေးမှင်ကြောင်ထိုးထားသော သူ့လက်မောင်းကြီးများသည် အလွန်သန်မာလှသော်လည်း ဖျောဖျောဖျောင်းဖျောင်း ရှိသည်။ သူ့ခန္ဓာကိုယ်ကလည်း သူ့လက်မောင်းကြီးများကဲ့သို့ပင် ရှည်လျားသွယ်ဖျောင်းသည်။ သို့သော် ဂျွန်နီသည် အလွန်အားခွန်ဗလကောင်းသည်။

သူ၏ ညာလက်တွင် လက်ချောင်းတစ်ချောင်းစီ၌ လက်စွပ်နှစ်ကွင်းစီ စုစုပေါင်း လက်စွပ်ရှစ်ကွင်း ဝတ်ဆင်ထားသည်။ ထိုလက်စွပ်များ၏ ပုံစံကို ကြည့်ရခြင်းဖြင့် ထိုလက်စွပ်များကို လက်ဝတ်ရတနာသက်သက်အဖြစ် ဝတ်ဆင်ထားခြင်း မဟုတ်ကြောင်း သိသာနိုင်သည်။ ထိုလက်စွပ်များမှာ ဦးခေါင်းခွံနှင့် ကြက်ခြေခတ် အရိုးနှစ်ချောင်း၊ ဝံပုလွေဦးခေါင်း စသော ကိုးရိုးကားရား အရုပ်များကို တွင်းထုထားသည့် ငွေလက်စွပ်ကြီးများ ဖြစ်ကြလေရာ အမြဲတမ်း ဝတ်ဆင်ထားသော သံလက်သီးသဖွယ် ဖြစ်နေပေသည်။

ဂျွန်နီဒီလန်ချ်သည် လွန်ခဲ့သော ရှစ်လလောက်အထိ အလွန် ဆိုးသွမ်းသော လူရွယ်တစ်ယောက် ဖြစ်ခဲ့သည်။ သူသည် လွန်ခဲ့သော ရှစ်လက ဟက်တီနှင့် တွေ့ဆုံပြီး လက်ထပ်ခဲ့သည်။ ဟက်တီအား လူပျိုလှည့်၍ လက်ထပ်သည့်ကိစ္စမှာ ရက်သတ္တတစ်ပတ်အတွင်းမှာပင် ပြီးစီးသွားခဲ့သည်။ ယခု သူသည် အိမ်ထောင်သည်ဘဝတွင် အတော်အတန် နေသားကျနေလေပြီ။ သူသည် မည်သူနှင့်မှ ရန်မဖြစ်ခဲ့သည်မှာ ဆယ်ရက်ပင် ရှိခဲ့လေပြီ။

ဂျွန်နီသည် ထိုနေရာတွင် လဲလျောင်းရင်း ဟက်တီအကြောင်း ငါးမိနစ်ခန့် တွေးနေလိုက်သည်။ ဟက်တီသည် ဂျွန်နီလောက်နီးပါး အရပ်ရှည်သူဖြစ်ပြီး လုံးကြီးပေါက်လှ ခန္ဓာကိုယ်ကို ပိုင်ဆိုင်သူ ဖြစ်သည်။ ဂျွန်နီသည် ရွှေနီရောင် ဆံပင်နှင့် ဟက်တီကို အလွန်ချစ်မြတ်နိုးပါသည်။ သူသည် သူ့မြတ်နိုးမှုကို စကားအလင်္ကာဖြင့် တန်ဆာဆင်၍ ပြောတတ်သူ မဟုတ်သောကြောင့် ဟက်တီအား လက်ဆောင်ပစ္စည်းများကို မကြာခဏ ဝယ်ပေးတတ်သည်။

ဂျွန်နီသည် ဟက်တီအတွက် အဝတ်အစားများနှင့် လက်ဝတ်ရတနာများကိုသာမက အအေးသေတ္တာကြီးတစ်လုံး၊ ၁၅ ကုဗပေရှိသော ရေခဲသေတ္တာကြီးတစ်လုံး၊ ထိုင်ခုံများကို ကျားသစ်သားရေနှင့် ချုပ်ထားသော ခရိုက်စလာမိုနာကို ပြိုင်ကားကလေးတစ်စီး စသည်တို့ကို ဝယ်ပေးခဲ့သည်။ အမှန်အတိုင်း ပြောရမည်ဆိုပါက ဒီလန်ချ်မိသားစု အိမ်ဂေဟာထဲသို့ ဝင်လာသူများသည် ဒီလန်ချ်က

ဟက်တီအတွက် ဝယ်ပေးထားသော ပစ္စည်းတစ်ခုခုနှင့် ဝင်၍ ခလုတ်တိုက်မိကြမည်သာ ဖြစ်ပေသည်။ ၎င်းအပြင် ဂျွန်နီ၏အစ်ကိုဖြစ်သူ ဒေဗီသည် ၎င်းတို့နှင့် အတူ လာရောက်နေထိုင်လျက် ရှိသောကြောင့် အိမ်ထဲတွင် ပို၍ ရှုပ်ထွေးမှု ဖြစ်ရပြန်သည်။

လွန်ခဲ့သည့် စနေနေ့က ကစ်ချနာဗီးလ် မြို့ထဲရှိ ပရိဘောဂဆိုင်တစ်ဆိုင်တွင် သူမျက်စိကျခဲ့သော မီးဖိုတစ်လုံး ရှိသည်။

“အဲဒီမီးဖိုကို သူ သဘောကျမှာပါကွာ”

ဂျွန်နီက ခပ်တိုးတိုး ရေရွတ်လိုက်၏။

“ပြီးတော့ အဲဒါက ရန်းငွေ လေးရာတည်းရယ်၊ လခထုတ်တဲ့နေ့ကျရင် သူ့ကို ဝယ်ပေးမယ်”

ဆုံးဖြတ်ချက်ချပြီးပြီ ဖြစ်သောကြောင့် ဂျွန်နီသည် ဖိုင်ဘာခမောက်ကို ခေါင်းပေါ်တွင် ပြန်စွပ်လိုက်ပြီး ဥမင်ထဲမှ သွား၍ ထွက်လာခဲ့သည်။ သူသည် စခန်းသို့ သွားပြီး တစ်နေ့တာ ဖောက်ခွဲရမည့် လုပ်ငန်းအတွက် ယမ်းဘီလူးများကို ထုတ်ယူရန် အချိန်ကျပေပြီ။

သူ့အလုပ်သမားခေါင်းသည် သူ့အား ပင်မသယ်ယူရေး လိုဏ်ခေါင်းထဲရှိ လမ်းပေါ်က စောင့်နေသင့်ပါသည်။ သို့ရာတွင် အလုပ်သမားခေါင်းနှင့် သူ့တပည့်တို့ကို မတွေ့လိုက်ရသောအခါ ဂျွန်နီတစ်ယောက် အကြီးအကျယ် ဒေါပွသွားတော့သည်။

“တော်တော်ဆိုးတဲ့အကောင်”

သူက ဥမင်လမ်းမကြီးတစ်လျှောက်ကို မီးရောင်နှင့် ထိုးကြည့်ရင်း မကျေမချမ်းနှင့် ပြောလိုက်၏။

“ဒီအကောင် မှုပျက်နေတာ ကြာပြီ”

အလုပ်သမားခေါင်းသည် ကျောက်ပေါက်မသက်သက်ရှိသော ဆွာဇီ လူမည်းတစ်ယောက် ဖြစ်သည်။ သူသည် အလွန်တရာ ထွားကျိုင်းခြင်း မရှိသော်လည်း သူ့ခန္ဓာကိုယ် အချိုးအစားနှင့် ဆိုပါက သန်မာပြီး အလွန်ဉာဏ်ကောင်းသူလည်း ဖြစ်သည်။ သို့ရာတွင် သူသည် အလွန် စိတ်သဘောထားပုပ်သူဖြစ်သည်။ သူပြုံးသည် ရယ်သည်ကို ဂျွန်နီ တစ်ခါမှ မမြင်ဖူးချေ။ ဂျွန်နီကဲ့သို့ ခပ်ဖျော့ဖျော့နှင့် ကြွားတတ်ဝါတတ်သူ တစ်ယောက်အဖို့ မျက်နှာပုပ်သိုးသိုးနှင့် တုကြိုဘာဝေ ဆိတ်ဆိတ်နေသူတစ်ယောက်နှင့် အတူတူတွဲ၍ အလုပ်လုပ်ရမှု

သည် အလွန်မနှစ်မြို့စရာပင် ဖြစ်တော့သည်။ ထိုဆွာဇီလူမည်း အမျိုးသားသည် စိတ်ချယုံကြည်ရရုံမျှသာမက အားကိုးအားထားလုပ်တတ်သူဖြစ်သောကြောင့် ဂျွန်နီက သည်းခံနေခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ထိုအုပ်စုထဲ၌ သူ့သဘောမကျသည် ပုဂ္ဂိုလ်မှာ သူတစ်ယောက်တည်းသာ ဖြစ်သည်။

ထိုနေရာတစ်ပိုက်တွင် လူသူလေးပါး ရှင်းနေသလို ကျောက်သားကို ထွင်းဖောက်နေသော လွန်တူးစက်များ၏ အသံကို ခပ်သဲ့သဲ့မျှသာ ကြားနေရသည်။

"ဒီအကောင် ဘယ်ကိုများ ရောက်နေသလဲ"

ဂျွန်နီက စိတ်မရှည်ဟန်နှင့် ပြောလိုက်၏။

"ဒီကောင့်ကို တွေ့တဲ့အခါကျရင် အရေပြားကို ဆုတ်ပစ်မယ်"

ထိုနောက် ဂျွန်နီသည် အိမ်သာကို သတိရလိုက်တော့သည်။

"ဒီကောင် အဲဒီနေရာမှာပဲ ရှိရမယ်"

ဂျွန်နီသည် ထိုဥမင်လမ်းအတိုင်း ဆက်လျှောက်သွားသည်။ ထိုအိမ်သာမှာ ဥမင်လမ်းဘေးရှိ ကျောက်သားနံရံကို ထွင်းဖောက်ထားသော အခန်းတစ်ခန်းဖြစ်ပြီး တံခါးအဖြစ် တာလပတ်စကို အသုံးပြုထားသည်။ တာလပတ်စ၏ နောက်ဘက်တွင် လူလေးယောက် အသုံးပြုနိုင်သော ဇလားအိမ်သာ ရှိနေသည်။

ဂျွန်နီသည် တာလပတ်စကို ဆွဲဖယ်ပစ်လိုက်၏။ အလုပ်သမားခေါင်းသည် အိမ်သာထဲ၌ ရှိနေသည်။

ဒေါပွသွားသော ဂျွန်နီက အလုပ်သမားခေါင်းကို ပခုံးကကိုင်၍ နောက် ဘက်သို့ ဆွဲလိုက်ပြီး နံရံပေါ်တွင် မလှုပ်နိုင်အောင် ဖိထားလိုက်သည်။ သူက လက်စွပ်အပြည့် ဝတ်ဆင်ထားသော လက်သီးဆုပ်နှင့် အလုပ်သမားခေါင်း၏ မျက်နှာကို ထိုးရန် ရွယ်လိုက်၏။

"ကျုပ်ကို ထိုးရင် ခင်ဗျား ဘာဖြစ်သွားမယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

အလုပ်သမားခေါင်းက ဂျွန်နီ၏ မျက်လုံးများအား စူးစူးရဲရဲ ပြန်ကြည့်ရင်း ခပ်တည်တည်မျက်နှာထားနှင့် ခပ်တိုးတိုးကလေး ပြောလိုက်၏။ ဂျွန်နီ တွန့်ဆုတ်ဆုတ်ဖြစ်သွားသည်။ ရဲက သူ့အား မည်သို့မည်ပုံ ပြုလုပ်မည်ကိုသော် လည်းကောင်း၊ အစိုးရ အလုပ်သမားအရာရှိများ၏ သဘောထားကိုသော် လည်းကောင်း၊ ကုမ္ပဏီ၏ စည်းကမ်းများကိုသော် လည်းကောင်း သူ ကောင်းကောင်းကြီး သိပါသည်။ သူက အလုပ်သမားခေါင်းအား ထိုးကြိတ်လိုက်မည်

ဆိုပါက သူတို့က ဂျွန်နီအား အဖက်ဖက်က ဝိုင်း၍ ဒုက္ခပေးကြလိမ့်မည်။

"မင်း အလကားအကောင်၊ ငါ့နောက်က လိုက်ခဲ့"

ဂျွန်နီက ဒေါသနှင့် ပြောလိုက်သည်။

❐

[၁၇]

ဆက်ရှင် ၄၃ မှ ဥမင်လိုဏ်ခေါင်း ခေါင်မိုးပြိုကျသည့် အချိန်မှ စ၍ ဘစ်ကင်းအား ဥမင်ထဲမှ ပြန်ထုတ်ထားခဲ့သည်မှာ ရက်သတ္တတစ်ပတ်ပင် ရှိသွားခဲ့လေပြီ။

ထိုကဲ့သို့ အမိန့်ပေးစဉ်က ရောဒ် အကြောင်းပြခဲ့သော ဆင်ခြေမှာ ဘစ်ကင်းနှင့် အတူတူတွဲ၍ လုပ်ကိုင်နေသော လူဖြူအမျိုးသား မိုင်းတွင်းတူး သမား သေဆုံးသွားသောကြောင့် ဘစ်ကင်းသည် အခြား ဆက်ရှင်တစ်ခုခု သို့ ပြောင်းရွှေ့ရန် စောင့်ဆိုင်းနေရခြင်း ဖြစ်သည်ဟူ၍ ဖြစ်သည်။ အမှန်မှာမူ ရောဒ်က ဘစ်ကင်းအား အနားရစေလိုသောကြောင့် ဆိုင်းထားခြင်း ဖြစ်သည်။ ထိုကိစ္စတွင် ဝင်၍ ကယ်ဆယ်ခဲ့ရစဉ်က ဘစ်ကင်းတစ်ယောက် စိတ်ရောကိုယ်ပါ ပင်ပန်းခဲ့ကြောင်း ရောဒ် မြင်တွေ့ထားသောကြောင့် ဖြစ်သည်။ ဘစ်ကင်းသည် သူနှင့် အတူတူ အလုပ်လုပ်ခဲ့သူ၊ အတူတကွ ရယ်မောခဲ့သူတစ်ဦးအား ရောဒ်နှင့် အတူတူ မြေကြီးထဲက တူးထုတ်ခဲ့ရသည်။ ဘစ်ကင်းသည် အလောင်းကောင်ကြီးအား ရင်ဘတ်ပေါ်၌ ပွေ့ချီထားစဉ် မျက်လုံးထဲမှ မျက်ရည်ပေါက်ကြီးများ မရပ်မစဲ စီးကျလာသည်ကို ရောဒ် မြင်တွေ့ခဲ့သည်။

"ငြိမ်းချမ်းစွာ အိပ်စက်အနားယူနိုင်ပါစေ"

ဘစ်ကင်းက မပွင့်တပွင့် ပြောလိုက်၏။

ဘစ်ကင်းသည် ဆွာနဒါဒစ်ချ်တွင် သမိုင်းတွင်စေသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သူသည် ဘန်တုလူမည်းများ သောက်လေ့ရှိကြသော ဘီယာ မည်ရွေ့ မည်မျှကို တစ်ထိုင်တည်းနှင့် သောက်နိုင်သည် ဟူ၍ လည်းကောင်း၊ အဆိုင်း

တစ်ခုတွင် လက်တစ်ဖက်တည်းနှင့် ကျောက်ခဲ မည်မျှ မည်မျှအား ခွဲနိုင်သည် ဟူ၍ လည်းကောင်း၊ အခြားအမျိုးသားများထက် မည်မျှ မည်မျှ ပို၍ 'က' နိုင်သည် ဟူ၍ လည်းကောင်း၊ အခြားပုဂ္ဂိုလ်များက ဂုဏ်ယူကြွားဝင့်စွာ ပြောလေ့ ရှိကြသည်။ သူသည် **သတ္တုပြောင်မြောက်မှုဆု**အဖြစ် စုစုပေါင်း ရန်းငွေ တစ်ထောင်ကျော် ရရှိထားသူ ဖြစ်သည်။ ဘစ်ကင်းက စနေမှုနာပြသည်။ ကျန် ပုဂ္ဂိုလ်များက ဘစ်ကင်း၏ နမူနာအတိုင်း လိုက်နာ၍ တုပကြီးစားကြသည်။

ရော့ဒ်က ဘစ်ကင်းအား သယ်ယူပို့ဆောင်ရေးအဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ထားသည်။ ဘစ်ကင်းသည် လုပ်ငန်းသဘောအရ လုပ်ငန်းချိန် အတွင်း ဌာနအသီးသီးသို့ သွားလာနိုင်သဖြင့် ပထမတစ်ရက်နှစ်ရက်တွင် ထို အလုပ်ကို သဘောကျ နှစ်ခြိုက်ခဲ့သည်။ သို့ရာတွင် ယခုဘစ်ကင်းသည် ထို အလုပ်ကို ငြီးငွေ့သွားလေပြီ။ သူသည် ဥမင်လိုဏ်ခေါင်းထဲသို့ ပြန်၍ ဝင်ချင် လေပြီ။

"ဒီအလုပ်က အဘိုးကြီးအိုတွေနဲ့ အမျိုးသမီးတွေ လုပ်ရမယ် အလုပ်ကွ"

သူက ဒီဇယ်ဆီလေးဆယ့်လေးဂါလံပါသော တိုင်ကီတစ်လုံးကို သူတစ်ယောက်တည်း မတင်ပေးလိုက်၏။ ထိုတိုင်ကီသည် ပေါင်ရှစ်ရာကျော် လေးလံပေသည်။

❒

[၁၈]

ဒေဇီဒီလန်ချ်သည် ဖောက်ထားသောအပေါက်ထဲသို့ ဒိုင်နာဂယ်ယမ်းဘီလူးများကို သွင်းပြီးနောက် ခေတ္တမျှ ရပ်နားလိုက်၏။ သူက ရှေ့သို့ငုံ့ပြီး ရွှေကြောကို လေ့လာလိုက်သည်။ အပြာရောင်ကွတ်ဇ် ကျောက်သားပေါ်၌ မျဉ်းဆွဲထားသလိုဖြစ်ပေါ်နေသော အနက်ရောင်မျဉ်းကြောင်းတစ်ကြောင်း ရှိနေသည်။

ထိုအနက်ရောင်မျဉ်းကို ကာဗွန်လီဒါရိုဖ်ဟု ခေါ်ကြသည်။ လက်မဝက်ထက် ပိုများပြီး လက်မအနည်းငယ်ထက် ပိုမထူသော ခပ်ပါးပါး ကာဗွန်အလွှာတစ်ခုပင် ဖြစ်သည်။ ထိုအလွှာမှာ 'ကျပ်နိုး'များသာ ဖြစ်သည်။ ဒေဇီက စဉ်းစဉ်း

စားစားနှင့် ဦးခေါင်းကို ခါယမ်းလိုက်၏။ ထိုကျပ်နိုးထဲတွင် ရွှေကိုပင် မမြင်ရပေ။

ဒေဇီသည် ညီဖြစ်သူ ဖွန်နီထက် အသက်နှစ်နှစ် ပိုကြီးသည်။ သူတို့ ညီအစ်ကိုနှစ်ယောက်အကြားတွင် ရုပ်ရောစိတ်ပါ တူညီမှု မရှိကြချေ။ ဒေဇီ သည် အညိုရောင်ဆံပင်များကို ခပ်တိုတို ညှပ်ထားသည်။ သူသည် မည်သည့် လက်ဝတ်ရတနာကိုမှ ဝတ်ဆင်လေ့မရှိဘဲ စကားနည်းပြီး သီးသီးသန့်သန့်နေတတ် သူဖြစ်သည်။

ဖွန်နီက ကိုယ်ကာယသေးသွယ်ပြီး အရပ်ရှည်သည်။ ဒေဇီက အရပ်ပုပြီး ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းသည်။ ဖွန်နီက အသုံးအစွဲကြမ်းသည်။ ဒေဇီ က ကပ်စေးနှဲသူဟု ဆိုရမလောက် စီစီစစ်စစ်နှင့် ချွေတာသူဖြစ်သည်။ သူတို့ နှစ်ယောက်စလုံးတွင် တူညီသောအချက်တစ်ချက်မှာ နှစ်ယောက်စလုံးသည် ပထမတန်း မိုင်းတွင်းတူးသမားများ ဖြစ်ကြခြင်းပင်။ အကယ်၍ ဖွန်နီက ဒေဇီ ထက် ပို၍ ကျောက်ခဲခွဲနိုင်သည်ဟုဆိုလျှင် ဒေဇီက ဖွန်နီထက် အစစအရာရာ တွင် ပို၍ သတိထားသောကြောင့်သာ ဖြစ်ပေလိမ့်မည်။ ဒေဇီသည် စွန့်စွန့်စားစား လုပ်ကိုင်လေ့ မရှိချေ။ ဖွန်နီက မကြာခဏဆိုသလို ဘေးအန္တရာယ်ကင်းစေသည့် စည်းကမ်းများကို ချိုးဖောက်တတ်သော်လည်း ဒေဇီကမူ ထိုစည်းကမ်းများကို အပြည့်အဝ လိုက်နာလေ့ ရှိသည်။

ဒေဇီသည် ဖွန်နီလောက် ဝင်ငွေမကောင်းသော်လည်း သူရှာဖွေ၍ ရသမျှကို စုဆောင်းထားသူ ဖြစ်သည်။ ထိုစုငွေမှာ သူဝယ်လိုသော 'ယာတော' အတွက် ဖြစ်သည်။ ဒေဇီသည် တစ်နေ့သောအခါတွင် ခြံတစ်ခြံကို ဝယ်ယူမည်။ ယခု ဒေဇီက ခြံဝယ်ရန် စုဆောင်းထားသော ငွေမှာ ရန်းငွေ ၄၉၀၀၀ ကျော် ရှိနေလေပြီ။ နောက်ထပ် ငါးနှစ် စုလိုက်မည်ဆိုပါက လုံလုံလောက်လောက် ရရှိပေတော့မည်။ ထိုနောက် သူသည် ခြံတစ်ခြံဝယ်ပြီး သူ့ကို ကူညီမည့် ဇနီး တစ်ယောက်ကိုပါ လက်ထပ်နိုင်ပေလိမ့်မည်။ ဖွန်နီကမူ ရှာဖွေ၍ရသမျှ ငွေကို တစ်ချပ်တစ်ပြား မကျန်သုံးစွဲပစ်လေ့ ရှိသည်။ လကုန်သည့်အခါတွင် ဖွန်နီ သည် ဒေဇီအား ပေးဆပ်ရန် အကြွေးတင်၍ပင် နေတတ်ပေသည်။

"ဒေဇီ၊ ကိုယ့်ကို လခထုတ်တဲ့နေ့အထိ တစ်ရာလောက်ချေးကွာ"

ဒေဇီက မကျေမနပ်နှင့် ချေးလိုက်၏။ ဒေဇီသည် ဖွန်နီ၏ ဝတ်ပုံစားပုံ အလေ့အကျင့်နှင့် အသွင်အပြင်တို့ကို သဘောမကျလှချေ။

ဒေဇီသည် ကာဗွန်လီဒါရိုက်ကို စေ့စေ့စပ်စပ် လေ့လာနေရာမှ ယမ်းဘီလူးများအား အပေါက်ကလေးများထဲသို့ ထည့်သော အန္တရာယ်ရှိလှသည့် လုပ်ငန်းကို ဆက်လုပ်သည်။ ယမ်းဘီလူးများတွင် စနက်တံများကို အဆင်သင့်တပ်ဆင်ပြီး ဖြစ်သည်။ ဥပဒေအရ ဆိုပါက ဒေဇီသည် ထိုအလုပ်ကို လုပ်နိုင်ခွင့်မရှိချေ။ သို့ရာတွင် ဒေဇီသည် ဂျွန်နီ၏ မသင့်လျော်သော နောက်ဆုံးလုပ်ရပ်ကို ပြန်လည်စဉ်းစားရင်း ထိုလုပ်ငန်းကို အလိုအလျောက်လုပ်ကိုင်နေမိခြင်း ဖြစ်သည်။ ဂျွန်နီ၏ မသင့်လျော် သော လုပ်ရပ်ဆိုသည်မှာ ဂျွန်နီက ဒေဇီထံမှ အိမ်လခကို တိုးမြှင့်၍ တောင်းခံလိုက်သောကြောင့် ဖြစ်သည်။

"တစ်လကို ရန်းတစ်ရာတောင် ပေးရမှာလားကွ"

ဒေဇီက ကျယ်ကျယ်လောင်လောင် ကန့်ကွက်လိုက်၏။

"ငါ ဒီနေရာက ခွာပြီး တခြားကို သွားနေမှ ကောင်းလိမ့်မယ်နဲ့တူတယ်"

သို့ရာတွင် သူသည် ထိုကိစ္စမျိုးကို လုပ်ကိုင်လိမ့်မည် မဟုတ်ကြောင်း သူကိုယ်တိုင် သိပါသည်။ ဟက်တီသည် အလွန်အချက်အပြုတ်တော်သည်။ ၎င်းအပြင် ဂုဏ္ဍီယဆန်လှသော ဟက်တီ၏ ညို့ဓာတ်သည် အလွန်ပြင်းထန်လှပေသည်။ ဒေဇီသည် သူတို့နှင့်အတူ ဆက်လက်၍ နေထိုင်သွားမည်သာ ဖြစ်သည်။

❒

[၁၉]

"ရောဒ်"

ဒန်စတန်းဒါး၏ အသံမှာ ခပ်တိုးတိုးနှင့် လေးလေးနက်နက် ရှိနေသည်။

"မင်းအတွက် ဆိုးဆိုးရွားရွားကိစ္စတစ်ခု ငါ့ဆီမှာ ရှိနေတယ်"

"မင်းကို ကျေးဇူးမတင်ဘူးကွာ"

ရောဒ်က စိတ်ပျက်လက်ပျက်နှင့် စကားပြောခွက်ထဲသို့ ပြန်ပြောလိုက်၏။

"ငါ အခုပဲ မြေအောက်ကို ဆင်းပြီး လျှောက်စစ်ဆေးတော့မလို့ အဲဒါကို ဆိုင်းထားလို့ ရနိုင်သလား"

"မဖြစ်ဘူး"

ဒန်က ပြန်ဖြေလိုက်၏။

"ဒါပေမဲ့ အဲဒါက မင်းသွားမယ့် လမ်းပေါ်မှာလေ၊ ငါ အခုတွင်းဝ အရေးပေါ်စခန်းက ပြောနေတာကွ၊ မင်း အဲဒီဘက်ကို လျှောက်လာခဲ့ကွာ"

"အဲဒါက ဘာလဲကွ"

"ရိုက်နှက်မှု၊ လူဖြူက ဘန်တုလူမည်းကို ရိုက်မှု"

"ဘုရားသခင် ကယ်တော်မူပါ"

ရောဒ်သည် ကုလားထိုင်ပေါ်တွင် ကိုယ်ကို ခပ်မတ်မတ် ပြင်ထိုင်လိုက်မိ၏။

"ဆိုးသလား"

"သိပ်အရပ်ဆိုးတယ်၊ ဆယ်လေးငါးပေါင်တူက လက်ကိုင်ရိုးနဲ့ ရိုက်နှက်ထားတာ ငါက သူ့ကို လေးဆယ်ခုနစ်ချက်တောင် ချုပ်ပေးထားရတယ်။ ဒါပေမဲ့ ငါက ဦးခေါင်းခွံ ကွဲအက်သွားမှာကို စိုးရိမ်နေတာ"

"ဘယ်သူလုပ်တာလဲ"

"ကိုဝေါလ်စကီဆိုတဲ့ မိုင်းအလုပ်သမား"

"သူလား"

ရောဒ်တစ်ယောက် အသက်ကို ပြင်းပြင်းထန်ထန် ရှူနေရသည်။

"ကောင်းပြီ ဒန်၊ သူက အစစ်ခံနိုင်မှာလား"

"မဖြစ်နိုင်သေးဘူး၊ တစ်ရက် နှစ်ရက်အတွင်းမှာ မဖြစ်နိုင်သေးဘူး"

"ငါ အဲဒီကို ခုချက်ချင်း လာခဲ့မယ်"

ရောဒ်သည် တယ်လီဖုန်းစကားပြောခွက်ကို ချိတ်လိုက်ပြီးနောက် ရုံးခန်း ကို ဖြတ်လျှောက်သွားသည်။

"ဒီမီထရီ"

"ဆရာ"

"ကိုဝေါလ်စကီကို မိုင်းထဲက ခေါ်တင်ထားလိုက်၊ သူ့ကို ငါ့ရုံးခန်းထဲမှာ အစောဆုံး တွေ့ချင်တယ်၊ သူ့အဆိုင်းကို လုပ်ငန်းပြီးပြတ်အောင် လုပ်ဖို့ တစ်ယောက်ယောက်ကို အစားထည့်ပေးလိုက်"

"ကောင်းပါပြီ ရောဒ်၊ ခုဥစ္စာက ဘာကိစ္စလဲ"

"သူက အလုပ်သမားတစ်ယောက်ကို ရိုက်တဲ့ ကိစ္စပဲ"

ဒီမီထရီက ခပ်တိုးတိုး လေချွန်လိုက်၏။ ရောဒ်က ဆက်ပြောလိုက်သည်။

"ဝန်ထမ်းရေးရာဌာနကို ဆက်သွယ်ပြီး ရဲသားတွေကိုပါ ခေါ်နိုင်လိုက်"

"ကောင်းပါပြီ ရောဒ်"

"ငါ လျှောက်ကြည့်ရာက ပြန်လာတဲ့အခါကျရင် ကိုဝေါလ်စကီ ဒီမှာ ရှိနေပေစေ"

ဒန်သည် ရောဒ်အား အရေးပေါ်စခန်းမှ စောင့်နေသည်။

"ကြည့်ပါဦးကွာ"

ဒန်က သူနာတင် ကတ်ပြားပေါ်၌ ရှိနေသူအား လက်ညှိုးထိုးပြလိုက်၏။ ပါးစပ်ကို တင်းနေအောင် စေ့ထားသော ရောဒ်သည် ထိုသူနံဘေးတွင် ဒူးထောက်၍ ထိုင်ချလိုက်သည်။

ထိုလူ၏ အရေပြားပေါ်မှ ဒဏ်ရာများပေါ်တွင် ကြောင်သားရေနှင့် ချုပ်ထားသော ချုပ်ရိုးများသည် သေသေသပ်သပ် ရှိနေကြသည်။ ထိုသူ၏ နားရွက်တစ်ဖက်သည် စုတ်ပြတ်သွားသောကြောင့် ဒန်က ပြန်ချုပ်ပေးထားရသည်။ ရောင်ကိုင်းနေသော နှုတ်ခမ်းများနောက်ရှိ တစ်ခါက သွားများရှိခဲ့ဖူးသော နေရာတွင် ဟောင်းလောင်းပေါက် ဖြစ်နေသည်။

"မင်း အခုဆိုရင် နေကောင်းသွားတော့မှာပါကွာ"

ရောဒ်က ညင်ညင်သာသာ ပြောလိုက်ရာ ဘန်တုလူမည်း၏ မျက်လုံးကြီးများသည် ရောဒ်ထံသို့ လည်လာကြတော့သည်။

"အခုလို လုပ်တဲ့လူကို အရေးယူပေးပါမယ်"

ရောဒ်က ပြန်မတ်တတ်ရပ်လိုက်၏။

"သူ့ဒဏ်ရာတွေနဲ့ ပတ်သက်ပြီး ငါ့ဆီကို အစီရင်ခံစာတစ်စောင် ပို့ပေးပါ ဒန်"

"ငါ ရအောင် လုပ်ပေးပါမယ်၊ အလုပ်ပြီးတဲ့အခါကျရင် မင်းနဲ့ငါ ကလပ်မှာ တွေ့ကြရအောင်လား"

"ရပါတယ်"

ရောဒ်က ပြန်ဖြေလိုက်၏။ သို့ရာတွင် ရောဒ်အကြီးအကျယ် ဒေါပွနေသည်။ ထိုနေ့က ရောဒ်သည် မြေအောက်၌ လျှောက်၍ စစ်ဆေးနေချိန်အတွင်း ထိုဒေါသသည် သူနှင့်အတူတူ ရှိနေခဲ့လေသည်။

❐

[၂၀]

ရောဒ် အဆင့် ၁၀၀ သို့ တန်းဆင်းသွားသည်။ ရောဒ်၏ တာဝန်မှာ တွင်းထဲက ပစ္စည်းကို အပြင်သို့ ရောက်လာအောင် ထုတ်ပေးရန်ဖြစ်ရာ သူသည် သတ္တုရိုင်းများကို သိုလှောင်ထားသော ပုံကြီးများထဲ၌ လက်ကျန်မည်မျှ ရှိသည်ကို စစ်ဆေးကြည့်ရှုလိုပေသေးသည်။ သူသည် မီးရောင်ထိန်နေအောင် ထွန်းညှိထားသော ဥမင်လိုဏ်ခေါင်းတစ်လျှောက်ရှိ သတ္တုရိုင်းများကို အဆင့် ၁၀၀ သို့ ချပေးသော တွင်းပေါက်များ အောက်သို့ ရောက်ရှိလာချိန်တွင် ခေတ္တ မျှ ရပ်တန့်လိုက်၏။ သတ္တုရိုင်းများ အပြည့်အနှက်ပါရှိလာသော ခါးပတ်ကြိုး ကြီးသည် နားငြီးစရာကောင်းလောက်အောင် တဝီဝီမြည်ရင်း သတ္တုရိုင်းများကို ပုံကြီးများဆီသို့ သယ်ပို့ပေးနေသည်။

ထိုဥမင်လိုဏ်ခေါင်းထိပ်၌ တစ်ယောက်ထီးတည်း ရှိနေသော တံမြက်စည်းလှည်းသူတစ်ယောက်က လွဲလျှင် ထိုဥမင်လိုဏ်ခေါင်းကြီးသည် လူသူလေးပါးကင်းမဲ့နေသည်။ အလုပ်လုပ်သည့် နေရာတစ်လျှောက်၌ လိုက်လံစစ်ဆေးစဉ် အလုပ်လုပ်ကိုင်နေသည့် လူအနည်းငယ်ကိုသာ တွေ့ရခြင်းသည် စီမံအုပ်ချုပ်မှု ကောင်းမွန်သော သတ္တုတွင်းတစ်တွင်း၏ ကောင်းသော ပြယုဂ်ပင်ဖြစ်ပေသည်။ ပစ္စည်းများကို သယ်ပို့ပေးနေသော မိုင်ပေါင်းများစွာ ရှည်လျားသည့် လမ်းတစ်လျှောက်တွင် တိတ်ဆိတ်ငြိမ်သက်ပြီး သက်ရှိသတ္တဝါများ ကင်းမဲ့နေသည်။ သို့တိုင်အောင် သတ္တုတွင်းကြီးထဲ၌ လူပေါင်းတစ်သောင်းနှစ်ထောင် ရှိနေသည်။

ရောဒ်သည် ဥမင်လှိုဏ်ခေါင်း၏ ထိပ်ဖျားဆီ၌ ရှိနေသော သတ္တုရိုင်းများကို ထည့်သိုထားသည့် ပုံကြီးများဆီသို့ လျှောက်သွားသည်။

"ဂျိုးဇက်"

သူက တံမြက်စည်းလှည်းနေသူအား အပြုံးကလေးနှင့် နှုတ်ဆက်လိုက်၏။

"ကိုစီ"

ဂျိုးဇက်တစ်ယောက် ဝမ်းသာအားရ ဖြစ်သွားသည်။

"အားလုံး အဆင်ပြေရဲ့လား"

ရောဒ်က မေးလိုက်၏။ ဂျိုးဇက်သည် အမြဲတစေ ပျော်ရွှင်နေသူ ဖြစ်သည်။ ညည်းညူခြင်း အလျှင်းမရှိ၊ ဟန်ဆောင်မှုလည်း လုံးဝမရှိဘဲ အလွန်ရိုးသားသူတစ်ဦး ဖြစ်သောကြောင့် ဂျိုးဇက်သည် ရောဒ်၏ ဖေးဖေရိုက်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ ရောဒ်သည် တမင်ကလာရပ်တန့်၍ ဂျိုးဇက်နှင့် စကားစမြည်ပြောလေ့ရှိသည်။

"ကျုပ်အဖို့ အစစအရာရာ အဆင်ပြေပါတယ် ကိုစီ၊ ခင်ဗျားရော အဆင်ပြေရဲ့လား"

ရောဒ်သည် ဂျိုးဇက်၏ အပေါ်နှုတ်ခမ်း၌ ဖြူဖွေးနေသော ပေါင်ဒါမှုန့်များ ကပ်နေသည်ကို သတိပြုမိသောကြောင့် ရောဒ်၏ မျက်နှာပေါ်က အပြုံးသည် ရုတ်တရက် ပျောက်ကွယ်သွားတော့သည်။

"ခင်ဗျား တော်တော်ဆိုးတဲ့ အဘိုးကြီးပဲ"

ရောဒ်က ဂျိုးဇက်အား အပြစ်တင်လိုက်၏။

"ခင်ဗျား တံမြက်စည်းမလှည်းခင် ရေနဲ့ ပက်ပါဆိုတာ ဘယ်နှစ်ခါပြောရမှာလဲ၊ ရေကို အသုံးပြုရမယ်ဗျ၊ ရေကို အသုံးပြုရမယ်"

ထိုကိစ္စမှာ ဖုန်မှုန့်အန္တရာယ်ကို နှိမ်နင်းရန် မိုင်းတွင်းတူးသမားများ ထာဝရ ရင်ဆိုင်နေရသော တိုက်ပွဲ၏ တစ်စိတ်တစ်ဒေသပင် ဖြစ်သည်။

"ဖုန်မှုန့်တွေက ခင်ဗျားရဲ့ အဆုတ်တွေကို ဖျက်ဆီးပစ်လိမ့်မယ်"

အဆုတ်ထဲသို့ ရောက်ရှိသွားသော ဆီလီကာမှုန့်ကလေးများက အဆုတ်ထဲတွင် ခဲသွားကြပြီး သတ္တုတွင်းတူးသူများ အသေအလဲ ကြောက်လန့်ကြသော ကုမရနိုင်သည့် မြစ်ခြောက်နာ* ဖြစ်ပွားတတ်ပေသည်။

ဂျိုးဇက်သည် ခြေထောက်ကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ရင်းရှက်ပြုံးကလေး ပြုံးလိုက်၏။ ဖုန်မှုန့်ကို ကလေးဆန်ဆန် အစွဲအလမ်းကြီးလှသော ရောဒ်ကြောင့် သူ အမြဲလိုလို စိတ်အနှောင့်အယှက်ဖြစ်ရလေ့ ရှိသည်။ ဂျိုးဇက်၏ အမြင်တွင် ဤကိစ္စသည် ရောဒ်အိုင်းရှန်းဆိုက်ဒ်၌ ရှိသော ပျော်ကွက်များအနက်မှ ပျော်ကွက်တစ်ခုပင် ဖြစ်တော့သည်။ ဖုန်မှုန့်က လူကို ဒုက္ခပေးနိုင်သည်ဆိုသော အကြောင်းကြောင်း အတွေးအခေါ်မျိုးက လွဲရင် ရောဒ်သည်

---

* Phthisis ယခင်က တီဘီရောဂါကို ခေါ်ဝေါ်သော အသုံးအနှုန်း ဖြစ်သည်။

ဆရာကောင်းတစ်ယောက် ဖြစ်ပေသည်။

"ရွှံ့ကို တံမြက်စည်းနဲ့ လှည်းရတာက ဖုန်မှုန့်ကို တံမြက်စည်းနဲ့ လှည်းရတာထက် ပိုပြီး ခက်တယ်ဗျ"

ဂျိုးဇက်က စိတ်ရှည်လက်ရှည် ရှင်းပြလိုက်၏။ ဤမျှလောက် ထင်ရှားနေသော အချက်ကို ရောဒ်သည် မည်သည့်အခါကမှ နားလည်သဘောပေါက်ဟန်မတူချေ။ ဂျိုးဇက်သည် ဤကိစ္စကို ရောဒ်နှင့် ဆွေးနွေးရသည့်အခါတိုင်း ဤအချက်ကို အမြဲတစေ ထောက်ပြရလေ့ ရှိသည်။

"ကျုပ် ပြောတာကို နားထောင်စမ်းပါ အဘိုးကြီးရာ၊ ရေကို မသုံးရင် ဖုန်မှုန့်တွေ ခင်ဗျားရဲ့ ကိုယ်ခန္ဓာထဲကို ဝင်ကုန်ကြလိမ့်မယ်"

ရောဒ်က စိတ်မရှည်နိုင်တော့ပါ။

"ဖုန်မှုန့်က ခင်ဗျားကို သတ်လိမ့်မယ်ဗျ"

ဂျိုးဇက်က ရောဒ်အား စိတ်ကျေနပ်သွားအောင် ချောမောသည့်အနေဖြင့် ပြုံး၍ ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်၏။

"ကောင်းပါပြီ၊ ကျုပ် ရေကို အများကြီး သုံးပါမယ်"

ဂျိုးဇက်သည် သူ ပြောသည့် စကားကို သက်သေပြသည့်အလား ရေပိုက်ခေါင်းကို ကောက်ယူလိုက်ပြီး ကြမ်းပြင်ကို စိတ်ပါလက်ပါ ရေနှင့်ပက်ဖျန်းလိုက်သည်။

"သိပ်ကောင်းတယ်"

ရောဒ်က သူ့ကို အားပေးလိုက်၏။

"ရေကို အများကြီးသုံးပါ"

ထို့နောက် ရောဒ်သည် သတ္တုရိုင်းများကို ထည့်ထားသော ပုံးကြီးများဆီသို့ လျှောက်သွားတော့သည်။

သူ့မျက်စိအောက်မှ ရောဒ် ပျောက်ကွယ်သွားသောအခါ ဂျိုးဇက်သည် ရေပိုက်ခေါင်းကို ပြန်ပိတ်လိုက်ပြီးနောက် တံမြက်စည်းပေါ်တွင် ကိုယ်ကို မှီ၍ မတ်တတ်ရပ်လိုက်သည်။

"ဖုန်မှုန့်က ခင်ဗျားကို သတ်လိမ့်မယ်ဗျ"

သူက ရောဒ်၏ လေသံအတိုင်း တု၍ ပြောလိုက်ပြီးနောက် တဟားဟား တဟီးဟီး ရယ်လိုက်ပြီး ကလေးဆန်လှသော ထိုအယူအဆကြောင့် ဦးခေါင်းကို တအံ့တသြ ခါယမ်းလိုက်မိတော့သည်။

"ဖုန်မှုန့်က ခင်ဗျားကို သတ်လိမ့်မယ်"

သူက ထပ်ပြောလိုက်ပြီး သူ့ပေါင်ကို လက်ဝါးနှင့် ရိုက်ရင်း ဝါးခနဲ အားရပါးရ ရယ်ချလိုက်သည်။

ထိုကိစ္စမှာ ရယ်စရာကောင်းလွန်းလှသောကြောင့် သူက ကြမ်းပြင်ပေါ်တွင် ခြေထောက်ကို အနည်းငယ်ရွှေ့ရင်း 'က'လိုက်မိသည်။

သူ 'က'နေသော ခြေလှမ်းများမှာ ကိုးရိုးကားရားနှင့် ပုံမကျ ပန်းမကျ ဖြစ်နေသည်။ အဘယ်ကြောင့် ဆိုသော် ဘောင်းဘီအောက်ရှိ သူ့ခြေသလုံးကြွက်သားများပေါ်တွင် ပုံကြီးများအောက်မှ ကျူးယူလာခဲ့သော ရွှေမှုန်များကို ထည့်ထားသည့် ပလတ်စတစ်အိတ်များကို ချည်နှောင်ထားသောကြောင့်ပင် ဖြစ်ပေသည်။

❒

[၂၁]

ရောဒ်သည် အဆောင် ၈၅ တွင် မေရီအန်းထံမှ ထွက်ခဲ့ပြီးနောက် ဘစ်ကင်းက သစ်သားများအား ရထားတွဲပေါ်သို့ မ,တင်ပေးနေစဉ် သယ်ယူပို့ဆောင်ရေးအဖွဲ့သားများက နောက်ဘက်သို့ ဆုတ်ပြီး ဘစ်ကင်းအား လေးလေးစားစား ငေးကြည့်နေကြသည်ကို ခေတ္တမျှ ရပ်တန့်ပြီး စောင့်ကြည့်လိုက်သည်။ ထိုအလုပ်ကို လုပ်ကိုင်နေရာမှ ပြန်လှည့်လာသော ဘစ်ကင်းသည် ရထားလမ်း ပလက်ဖောင်းပေါ်၌ မတ်တတ်ရပ်နေသော ရောဒ်ကို မြင်လိုက်ရသည်တွင် ရောဒ်ထံသို့ လျှောက်လာလေတော့သည်။

"ခင်ဗျားကို ကျုပ် တွေ့တယ်"

ဘစ်ကင်းက ရောဒ်အား နှုတ်ဆက်လိုက်၏။ ဘစ်ကင်းသည် ကမန်းကတန်း ကပျာကယာ ဆုံးဖြတ်တတ်သူ မဟုတ်ချေ။ ဆက်ရှင် ၄၃ တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်၍ ပြီးစီးသွားသည့်အခါကျမှ ရောဒ်သည် ယောကျ်ားပီသသူ ဖြစ်ကြောင်း အသိအမှတ် ပြုလိုက်သည်။ ယခုအချိန်တွင် သူက ရောဒ်အား တန်းတူရည်တူပုဂ္ဂိုလ်အဖြစ် လက်ခံရန် အသင့်ရှိနေလေပြီ။

"ခင်ဗျားကိုလည်း ကျုပ် တွေ့ပါတယ် ဘုရင်ကုလူးရယ်"

ရောဒ်က ပြန်၍ နှုတ်ဆက်လိုက်၏။

"လူတွေနဲ့တွဲပြီး လုပ်ရမယ့်အလုပ်ကို ရှာပေးပါဗျာ၊ ကျုပ် ဒီအလုပ်ကို စိတ်ကုန်ပြီ"

"ဒီတစ်ပတ် မကုန်ခင် ခင်ဗျား လိုဏ်ခေါင်းထဲကို ပြန်ရောက်ပါလိမ့်မယ်"

ရောဒ်က ကတိပေးလိုက်၏။ ဘစ်ကင်းက ကျေးဇူးတင်စကား ပြောလိုက်သည်။

"ခင်ဗျားဟာ ကျုပ်ဖခင်ပါပဲဗျာ"

❒

[၂၂]

မြေအောက်မန်နေဂျာသည် ပင်မသယ်ယူရေး လိုဏ်ခေါင်းအတိုင်း သူ့ထံသို့ လျှောက်လာနေကြောင်း ဖွန်နီဒီလန့်ချ်က သတိပြုလိုက်၏။ အရပ်ရှည်၍ ပခုံးကျယ်ပြန့်သော ကောက်ကြောင်းအရိပ်၊ သို့မဟုတ် ထိုပုဂ္ဂိုလ်၏ ပေါ့ပေါ့ ပါးပါး ဖျတ်ဖျတ်လတ်လတ် လမ်းလျှောက်ပုံတို့ကြောင့် မှားယွင်းနိုင်စရာ အကြောင်း တစ်စုံတစ်ရာ မရှိပါချေ။

"ဟူး..."

ဖွန်နီသည် ဒိုင်နာဂယ် ယမ်းဘီလူးထုပ်အား အန္တရာယ်ကင်းရှင်းစေရေး စည်းမျဉ်းစည်းကမ်းများကို ဆန့်ကျင်၍ သူလုပ်နေကျ ပုံစံအတိုင်း ပလက်ဖောင်းပေါ်တွင် ပိုးလိုးပက်လက် တင်ထားမည့်အစား ဆဋ္ဌမအောရိုက သတိပေးခဲ့သောကြောင့် ပေါင်ငါးဆယ်စီ ပါဝင်သော ယမ်းဘီလူးစက္ကူဘူးများကို မီးရထား ထရပ်ကားထဲမှ ဗီရိုထဲတွင် ထည့်ထားခဲ့သည်။ ထိုကဲ့သို့ ထည့်ထားလိုက်မိသောကြောင့် စိတ်သက်သာရာ ရရှိသွားသော ဖွန်နီသည် ထိုဆဋ္ဌမအောရိ

ကို ကျေးဇူးတင်မိသောကြောင့် လေတစ်ချက်ချွန်လိုက်မိသည်။

“ရပ်စမ်း”

ဂျွန်နီက မီးရထား ထရပ်ကားကို တွန်းနေသော အလုပ်သမားခေါင်းနှင့် သူ့တပည့်တို့အား လှမ်းပြောလိုက်ရာ ထိုရထားတွဲသည် ရောဒ်နံဘေးတွင် ရပ်တန့်သွားတော့သည်။

“မင်္ဂလာ နံနက်ခင်းပါ ဂျွန်နီ”

“ဟယ်လို၊ မစ္စတာအိုင်းရွန်းဆိုက်ဒ်”

“လုပ်ရကိုင်ရတာ ဘယ်လိုနေသလဲ”

ဂျွန်နီသည် အဖြေမပေးခင် တုံ့ဆိုင်းဆိုင်းဖြစ်သွားလေရာ ရောဒ်သည် ထိုပုဂ္ဂိုလ်သုံးယောက်အကြား၌ ဖြစ်ပေါ်နေသော တင်းမာမှုကို သတိထားလိုက်မိလေတော့သည်။ ရောဒ်က ဆွာဇီ လူမည်းနှစ်ယောက်အား လှမ်းကြည့်လိုက်၏။ သူတို့နှစ်ယောက်သည် စူပုပ်ပုပ် အောက်သိုးသိုးမျက်နှာထားများနှင့် တစ်ခုခုကို ထိတ်လန့်နေကြပုံရသည်။

“ပြဿနာတော့ ဖြစ်နေပြီ”

ရောဒ်က တွေးလိုက်၏။

ဂျွန်နီသည် ပုပ်ဖြတ် ကျောက်ခွဲသည့်အလုပ်ကို အချင်းချင်း မသင့်မတင့် ဖြစ်မှုက မနှောင့်ယှက်အောင် တားဆီးလိမ့်မည်သာ ဖြစ်သည်။ ယခုကိစ္စသည် ထူးခြားနေသည်။

“အဲလေ …”

ဂျွန်နီက ပြောလက်စ စကားကို ရပ်တန့်လိုက်၏။

“ဒီမှာ မစ္စတာအိုင်းရွန်းဆိုက်ဒ်၊ ဒီကောင်ကို ကျုပ်နဲ့အတူတူ မထားပါနဲ့တော့”

ဂျွန်နီက အလုပ်သမားခေါင်းအား လက်မနှင့် ထိုးပြလိုက်၏။

“ကျုပ်ကို တစ်ယောက်ယောက် အစားပေးစမ်းပါ”

“ဘယ်လိုပြဿနာမျိုး ဖြစ်နေလို့လဲ”

“ပြဿနာမရှိပါဘူး။ ကျုပ် သူနဲ့ အလုပ်မဖြစ်လို့ပါ”

ရောဒ်သည် တအံ့တဩ ဖြစ်သွားသောကြောင့် မျက်စချီလိုက်မိ၏။ သို့ ရာတွင် သူက အလုပ်သမားခေါင်းဘက်သို့ လှည့်လိုက်၏။

“မင်း ဒီဆက်ရှင်မှာ လုပ်ရ ကိုင်ရတာ ပျော်သလား၊ ဒါမှမဟုတ် တခြားကို ပြောင်းရွှေ့ပေးစေချင်သလား”

“ကျုပ် ပြောင်းချင်တယ်”

အလုပ်သမားခေါင်းက ဒေါသနှင့် ပြောလိုက်သည်။

“ကောင်းပြီ”

ရောဒ် စိတ်သက်သာရာ ရရှိသွားသည်။ တစ်ခါတစ်ရံတွင် ယခုလိုကိစ္စမျိုး၌ ဆွာဇီလူမည်းက တခြားသို့ ပြောင်းရွှေ့ပေးသည်ကို လက်မခံဘဲ ငြင်းဆန်နေတတ်ကြပေသည်။

“နက်ဖြန်ခါကျရင် မင်း အလုပ်လုပ်ရမယ့် ‘ဆက်ရှင်’အသစ်ကို သိရမယ်”

“ကိုစီ”

အလုပ်သမားခေါင်းသည် သူ့တပည့်အား မျက်စောင်းထိုး၍ ကြည့်လိုက်၏။

“ကျုပ်မိတ်ဆွေကလဲ ကျုပ်နဲ့ အတူတူ တပါတည်း ပြောင်းရွှေ့လိုတဲ့ ဆန္ဒ ရှိပါတယ်။

ဒီလိုဆိုတော့ အဲဒါပဲပေါ့ဟု ရောဒ်က တွေးလိုက်၏။

“မင်းမိတ်ဆွေရော မင်းပါ အတူတူ ပြောင်းရလိမ့်မယ်”

ထို့နောက် ရောဒ်က …

“မင်းအတွက်လဲ ငါ လူစားပေးပါမယ်ကွာ”

ဂျွန်နီအား ပြောလိုက်ပြန်၏။ ဤတွင် ရောဒ်သည် အတွေးတစ်ခုကို ဖြန်းခနဲ တွေးလိုက်မိတော့သည်။ ဟုတ်တာပေါ့။ အဲဒါဆိုရင် သိပ်ညီတဲ့ အတွဲတစ်တွဲ ဖြစ်သွားမှာပဲ။

“ဂျွန်နီ၊ မင်းက ဘစ်ကင်းကို ရမယ်ဆိုရင် ဘယ့်နှယ်လဲ”

“ဘစ်ကင်း။ ဟုတ်လား”

ဂျွန်နီက အားရပါးရ ပြုံးလိုက်သည်။

“ဆရာပြောတာ သိပ်နိပ်ပါကလား”

❒

[၂၃]

ညနေ သုံးနာရီထိုးချိန်တွင် ရောဒ်၏ လှည့်လည်စစ်ဆေးမှုများမှာ ပြီးစီးသွားပြီ ဖြစ်သောကြောင့် သူသည် အပေါ်သို့ တက်မည့် ဓာတ်လှေကားထဲသို့ ပြန်လည် ရောက်ရှိနေလေပြီ။ ဓာတ်လှေကားထဲတွင် လူများ ပြည့်ကျပ်နေသည်။ တစ်ယောက်နှင့်တစ်ယောက် ပခုံးချင်းထိ၍ ပူပူကပ်ကပ် နေကြရသောကြောင့် ချွေးနံ့က မင်းမှုနေသည်။ သူတို့သည် တစ်နေ့တာလုပ်ငန်းများ ပြီးစီးသွားပြီ ဖြစ်သောကြောင့် မိုင်းတွင်းထဲမှ အလုပ်သမားအဆိုင်းများကို ပြန်၍ ရုပ်သိမ်းနေကြလေပြီ။ ဥမင်လိုဏ်ခေါင်းများကို သန့်ရှင်းရေးပြုလုပ်ပြီး ရေနှင့် ဆေးကြောထားပြီးကြလေပြီ။ ယမ်းဘီလူးသွင်းရမည့် အပေါက်များကို ထွင်းဖောက်ပြီး ယမ်းဘီလူးများကို အဆင်သင့် သွင်းထားပြီးကြလေပြီ။ ဥမင်လိုဏ်ခေါင်းထဲက ထွက်လာကြသော အလုပ်သမားများသည် ပင်မ သယ်ယူရေး ဥမင်လိုဏ်ခေါင်း လမ်းတစ်လျှောက်တွင် တပ်ခွဲလိုက်၊ တပ်ရင်းလိုက် ချီတက်လာကြသည်။ သူတို့သည် ဓာတ်လှေကားထဲသို့ မိမိဝင်ရမည့်အလှည့်ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေကြသည်။

ရောဒ်သည် ထိုတစ်နေ့တာအတွင်း သူတွေ့ခဲ့ရသော အလွန့်အလွန် များပြားလှသည့် ပြဿနာများကို ပြန်လှန်စဉ်းစားရင်း မည်သို့မည်ပုံ ဖြေရှင်းရမည်ကို စဉ်းစားနေမိသည်။ သူသည် မှတ်စုစာအုပ်ကလေး၏ နောက်ဘက် စာမျက်နှာထဲ၌ ‘စရိတ်စက’ ဆိုသော ခေါင်းစဉ်နှင့် ကဏ္ဍသစ်ကိုပင် ဖွင့်လှစ်ထားပြီးလေပြီ။

သူသည် ထိုခေါင်းစဉ်အောက်တွင် အချက်နှစ်ချက်ကို ရေးမှတ်၍ ထားပြီးလေပြီ။ ‘သူတို့က ငါ့ကို အဲဒီအလုပ်မှာသာ ခန့်ထားစမ်းပါကွာ၊ ငါက တစ်လအတွင်း သူတို့ အံ့အားသင့်သွားအောင် လုပ်ပြလိုက်မယ်’ ဟု ရောဒ်က အားရပါးရ တွေးလိုက်၏။

“မစ္စတာအိုင်းရွန်းဆိုက်ဒ်”

ရောဒ်နံဘေးမှ ပုဂ္ဂိုလ်က လှမ်းစကားပြောလိုက်၏။ ရောဒ်က ငုံ့ကြည့်လိုက်ပြီး သူ့ကို မှတ်မိသွားတော့သည်။

“ဟယ်လို…ဒေဗီ”

ထိုညီအစ်ကိုနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မတူညီကြပုံမှာ

ထူးထူးခြားခြား ရှိလှပေသည်။

“မစ္စတာအိုင်းရွန်းဆိုက်ဒ်၊ ကျုပ် အလုပ်သမားခေါင်းက လုပ်ခွင်သက်တမ်း စေ့လို့ ဒီလကုန်ရင် အိမ်ပြန်တော့မယ်၊ သူ့အစား လူကောင်းတစ်ယောက် အစားထိုးပေးနိုင်အောင် စီစဉ်ပေးပါလားဗျာ”

“မင်း ညီတော်မောင်ရဲ့ အလုပ်သမားခေါင်းက သူ့ကို ပြောင်းရွှေ့ပေးပါလို့ တောင်းဆိုနေတယ်၊ မင်း သူ့ကို ယူမလား”

“သူဆိုရင် နိပ်တယ်”

ဒေဗီဒီလန့်ချ်က ခေါင်းညိတ်လိုက်၏။

“ကျုပ် သူ့ကို သိတယ်၊ အဲဒီငနဲက လူကောင်းပဲ”

ဒါဆိုရင် သူစီစဉ်ပေးရမည့် အသေးစိတ် အချက်အလက်ကလေး တစ်ခုပြီးစီးသွားလေပြီဟု ဓာတ်လှေကားထဲမှ ထွက်လာသော ရောဒ်က သန့်ရှင်းလတ်ဆတ်သောလေကို အရသာခံ၍ ရှူလိုက်ရင်း တွေးလိုက်၏။ ကဲ…ဒါဆိုရင် တစ်နေ့တာလုပ်ငန်းမှ လက်ကျန်ကိစ္စရပ်ကလေးများကိုသာ ရှင်းလင်းပစ်ရပေတော့မည်။ ထို့နောက်တွင်ကား ဒန်က သူလိုက်ပါမည်ဟု ဖိတ်ခေါ်ထားသော အရက်ကို သွားသောက်နိုင်လေပြီ။

ဒီမီထရီသည် ရောဒ်အား ရုံးခန်းအပြင်ဘက်ရှိ စင်္ကြံလမ်းကြားထဲက စောင့်နေသည်။

“ကိုဝေါလ်စကီကို ကျွန်တော် ရုံးခန်းထဲမှာ ခေါ်ထားတယ်”

“ကောင်းတယ်”

ရောဒ်က ခပ်တည်တည် ပြန်ဖြေလိုက်၏။ ရောဒ်သည် သူ့ရုံးခန်းထဲသို့ ဝင်သွားပြီး စားပွဲခုံနောက်တွင် ဝင်ထိုင်လိုက်သည်။

“သူ့ကို အထဲသွင်းလိုက်”

ရောဒ်က ဒီမီထရီအား လှမ်းပြောလိုက်၏။

ကိုဝေါလ်စကီသည် တံခါးပေါက်မှ ဝင်လာပြီး ရပ်တန့်သွားတော့သည်။ ကိုဝေါလ်စကီသည် လက်နှစ်ဖက်ကို ဘေးဘက်တွင် တွဲလောင်းချရင်း ငြိမ်သက်စွာ ရပ်နေသည်။ ပူနေသော ဝမ်းဗိုက်ကြီးက ခါးပတ်အောက်မှ ရှေ့သို့ စူထွက်နေသည်။

“မင်းက ကျုပ်ကို ခေါ်သလား”

ကိုဝေါလ်စကီက အာလေးလျှာလေးကြီးနှင့် မေးလိုက်၏။ သူ့ ပြောသော

အင်္ဂလိပ်စကားမှာ နားလည်ရန် သိပ်မလွယ်ကူလှချေ။ သူ့မျက်နှာမှာ တောဂိုက်ပေါက်နေပြီး မျက်ကြောသေကြီးနှင့် အလွန်အရုပ်ဆိုးသူ ဖြစ်သည်။ သူသည် မုတ်ဆိတ်ကျင်စွယ်များကို ရိတ်မထားသည့်အပြင် ဥမင်လိုဏ်ခေါင်းထဲက ပါလာသော ဖုန်မှုန့်များသည် ထူထူထဲထဲရှိလှသော မုတ်ဆိတ်မွေးမည်းနက်နက်ထဲတွင် တွယ်ကပ်နေကြသည်။

ရောဒ်က ညင်ညင်သာသာ မေးလိုက်၏။

"မင်း ဒီကနေ့ လူတစ်ယောက်ကို ရိုက်နှက်ခဲ့သလား"

"သူ အလုပ်မလုပ်ဘူး"

ကိုဝေါလ်စကီက ခေါင်းညိတ်သည်။

"ကျုပ် သူ့ကို ရိုက်တယ်၊ နောက်တစ်ခါကျရင် သူရော သူ့ညီအစ်ကိုတွေပါ အလုပ် လုပ်ကြပါလိမ့်မယ်၊ မဟုတ်တာလုပ်လို့ ဘယ်ရပါ့မလဲ"

"မင်းကို အလုပ်က ထုတ်ပစ်လိုက်ပြီ"

ရောဒ်က ပြောလိုက်၏။

"မင်း ရစရာရှိတာတွေကို ယူပြီး ဒီမြေပေါ်က ခပ်မြန်မြန်ထွက်သွားပေတော့"

"မင်းက ကျုပ်ကို အလုပ်က ထုတ်ပစ်တယ်၊ ဟုတ်လား"

ကိုဝေါလ်စကီသည် အံ့အားသင့်သွားသောကြောင့် မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်၏။

"မင်းကို ကုမ္ပဏီက ရာဇဝတ်ကြောင်းနဲ့ တရားစွဲလိမ့်မယ်"

ရောဒ်က ဆက်ပြောသွားသည်။

"ဒါပေမဲ့ လောလောဆယ်မှာတော့ မင်း ဒီမြေပေါ်က ခပ်မြန်မြန် ထွက်သွားစေချင်တယ်"

"ရဲသား ဟုတ်လား"

ကိုဝေါလ်စကီက ဒေါသနှင့် အော်မေးလိုက်၏။ သူ့မျက်နှာပေါ်တွင် ဒေါသ၏ အရိပ်အရောင်များ ပေါ်ထွက်လာသည်။

"ဟုတ်တယ်၊ ရဲတွေကို ခေါ်ထားတယ်"

ရောဒ်က ပြန်ဖြေလိုက်၏။

ကိုဝေါလ်စကီက ဂေါ်ပြားလောက် ကြီးမားသော လက်သီးဆုပ်ကြီးများကို ဆုပ်လိုက်သည်။

"မင်းက ရဲသားတွေကို ခေါ်သတဲ့လား"

ကိုဝေါလ်စကီသည် စားပွဲဆီသို့ ကြောက်စရာကောင်းလောက်အောင် တိုးကပ်လာသည်။

"ဒီမီထရီ"

ရောဒ်က ခပ်မြန်မြန် အော်ပြောလိုက်၏။

"တံခါးကို ပိတ်လိုက်စမ်း"

ဒီမီထရီသည် အာရုံစိုက်၍ နားထောင်နေသည်ဖြစ်ရာ သူ့စားပွဲမှ ခုန်ထလိုက်ပြီး အခန်းနှစ်ခန်းအကြားမှ တစ်ခန်းနှင့်တစ်ခန်းကို ဆက်ထားသော တံခါးအား ပိတ်လိုက်၏။ ဒီမီထရီသည် တံခါးရွက်ကို နားနှင့် ဖိကပ်ပြီး နားထောင်သည်။ စက္ကန့်သုံးဆယ်ခန့်ကြာအောင် အော်သံများ၊ စကားပြောသံများကိုသာ ကြားနေရပြီးနောက် ရုတ်ခြည်းဆိုသလိုပင် အုံးခနဲ မြည်သံ၊ အင့်ခနဲမြည်သံ၊ အုံးခနဲမြည်သံနှင့် နောက်ဆုံးတွင် ဝုန်းခနဲ လဲကျသွားသံတို့ကို ကြားလိုက်ရလေတော့သည်။

ဒီမီထရီက ဇာတ်ဟန်ပါပါ မျက်စကို ချီလိုက်၏။

"ဒီမီထရီ"

ရောဒ်၏ အသံကို ကြားလိုက်ရသည်နှင့် ဒီမီထရီက တံခါးကို တွန်းဖွင့် လိုက်သည်။

စားပွဲစွန်းတွင် တင်ပလ္လင်ထိုင်နေသော ရောဒ်သည် ခြေထောက်တစ်ဖက်ကို ခါယမ်းရင်း သူ့ညာဘက်လက်ခေါက်ကို ပါးစပ်နှင့် စုပ်နေသည်။

"ဒီမီထရီ၊ ကြမ်းပြင်ပေါ်မှာ အရောင်တင်တဲ့ ဖယောင်းတွေ သိပ်မသုံးပါနဲ့လို့ ပြောထားစမ်းပါကွာ၊ ကိုမိတ်ဆွေကြီး ချော်လဲပြီး စားပွဲစွန်းနဲ့ သူ့မေးစေ့ ဆောင့်မိသွားပြီ"

ဒီမီထရီသည် ထွားကျိုင်းလှသော ကိုဝေါလ်စကီ၏ ခန္ဓာကိုယ်ကြီးအား ငုံ့ကြည့်ရင်း ကရုဏာသက်ဟန်ဖြင့် စုတ်သပ်လိုက်၏။ ကိုဝေါလ်စကီသည် တရှူးရှူး တရှဲရှဲ ဟောက်၍ အိပ်ပျော်နေသည်။

ဒီမီထရီက ပြော၏။

"ချော်လဲပြီး ဒီလောက်တောင် ဒဏ်ရာရသွားရတာကတော့ ရှက်စရာကောင်းလိုက်တာဗျာ"

[၂၄]

ဒေါက်တာမင်းဖရက်စတိုင်းနားသည် တနင်္လာနေ့နံနက်ခင်းမှ ကျန်နေသေးသော ရုံးချိန်များကို တိတ်တိတ်ဆိတ်ဆိတ် အလုပ်ဆက်လုပ်သွားသည်။ မင်းဖရက်သည် လူသားများနှင့် ထိတွေ့ ဆက်ဆံရသည်ကို ရွံမုန်းချင်သလိုလို ဖြစ်နေသဖြင့် တိပ်ရိကော်ဒါနှင့် အလုပ်လုပ်ရသည်ကို ပို၍ လိုလားသူ ဖြစ်သည်။ မင်းဖရက်သည် သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်၍ စကတ်ကို ပေါင်လယ်လောက်သို့ရောက်အောင် မတင်ထားပြီး တင်ပါးကို မကြာခဏ တွန့်လိမ်၍ ဆံပင်ကို မကြာခဏ ကိုင်ကိုင်နေသော အမျိုးသမီးများအား သူ့ဦးနှောက်ထဲမှ ‘အတွေး’များကို ထုတ်ဖော်၍ မပြောချင်လှပေ။

သို့တိုင်အောင် သူ့ အမုန်းတကယ် သည်းမခံနိုင်သည့် ကိစ္စမှာ အနံ့ပင် ဖြစ်သည်။ မင်းဖရက်သည် အနံ့များနှင့် ပတ်သက်လာလျှင် စိတ်အာရုံ၌ အလွန်ထိခိုက်လွယ်သူ ဖြစ်သည်။ မိမိခန္ဓာကိုယ်မှ ထွက်လာသော ချွေးနံ့ကိုပင် သူက ရွံမုန်းသူဖြစ်သည်။ အမျိုးသမီးများသည် ရေမွှေးနှင့် မိတ်ကပ်များကို သုံးစွဲနေကြသော်လည်း ထိုအမွှေးနံ့များ၏ အောက်မှ အမျိုးသမီးများ၏ ထူးခြားသော ကိုယ်နံ့ကို မင်းဖရက်က ရှူနေရတတ်သည်။ ထိုအနံ့က သူ့ကို အော်ဂလီဆန်စေလေ့ ရှိသည်။ ထို့ကြောင့် သူနှင့် သိရေစာတို့အတွက် အိပ်ခန်း တစ်ခန်းစီခွဲခြား၍ နေထိုင်ရေးကိစ္စကို မရမက စီစဉ်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် သူက သိရေစာအား အဖြစ်မှန်ကို ဖွင့်မပြောခဲ့ပါ။ သူသည် အလွန်အအိပ်ဆတ်သူ ဖြစ်သောကြောင့် အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တစ်ခန်းတည်းတွင် အတူတူ မအိပ်နိုင်ကြောင်း အကြောင်းပြခဲ့သည်။

မင်းဖရက်၏ ရုံးခန်းကို အဖြူရောင် အပြာနုရောင်တို့ဖြင့် မွမ်းမံထားသည်။ အခန်းထဲ၌ရှိသော လေကလည်း လေအေးစက်တပ်ဆင်ထားသောကြောင့် သန့်ရှင်းလတ်ဆတ်နေသည်။ တဝီဝီမြည်နေသော တိပ်ရိကော်ဒါစက်သံက ခပ်အုပ်အုပ် ထွက်ပေါ်နေသလို၊ မင်းဖရက်၏ စကားပြောသံကလည်း အနိမ့်အမြင့် အတက်အကျ မရှိဘဲ ခပ်မှန်မှန် ပေါ်ထွက်နေသည်။ မင်းဖရက်သည် မဟာဦးနှောက်ပိုင်ရှင်များသာ တွေးနိုင် မြင်နိုင်သော ကိန်းဂဏန်းများ၊ ငွေကြေးများ၊ အတိတ်မှ စွမ်းဆောင်ရည်များ၊ အနာဂတ်အတွက် မျှော်မှန်းချက်များ

စသည်တို့ကို စိတ်တွက်ဖြင့် ပေါင်းနုတ်မြှောက်စားရင်း စိတ်ကျေနပ်မှု ရရှိနေသည်။

သို့ရာတွင် သူ့ စိတ်သည် တည်ငြိမ်မှုမရှိဘဲ စိတ်တထင့်ထင့်နှင့် လှုပ်ရှားနေသည်။ အတွင်းစိတ်၏ လှုပ်ရှားမှုကို အပြင်ဘက်မှ သိသာထင်ရှားစွာ မြင်နိုင်သော ပြယုဂ်အဖြစ် ပေါင်ပေါ်တွင် တင်ထားသော သူ၏ ညာလက်သည် သူ အလုပ်လုပ်နေစဉ် အငြိမ်မနေနိုင်ဘဲ အထက်နှင့် အောက်သို့ အပြန်ပြန် အလှန်လှန် ပွတ်သပ်နေသည်ကို တွေ့မြင်ရပေမည်။

နေ့လယ် ဆယ့်နှစ်နာရီထိုးပြီး မိနစ်အနည်းငယ်ကြာသောအခါ သူ့ စားပွဲပေါ်ရှိ (တယ်လီဖုန်းနံပါတ်ကို တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် ဖော်ပြမထားသော) လျှို့ဝှက်တယ်လီဖုန်းမှ ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ဤတွင် လှုပ်ရှားနေသော သူ၏ ညာလက်သည် ငြိမ်သက်သွားတော့သည်။ ထိုနံပါတ်ကို ပုဂ္ဂိုလ်တစ်ဦးတည်းကသာ သိသည်။ ဤတယ်လီဖုန်းကို ဆက်သွယ်နိုင်သူမှာ တစ်ဦးတည်းသာ ရှိသည်။ သူသည် စက္ကန့်အနည်းငယ်ကြာအောင် မလှုပ်ရှားဘဲ ဆက်ထိုင်နေလိုက်ပြီးနောက် တိပ်ရိကော်ဒါကို ပိတ်ပစ်လိုက်ပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

သူက စပြောလိုက်သည်။

“ဒေါက်တာမင်းဖရက်စတိုင်းနား”

တစ်ဖက်မှ အသံက မေးလိုက်၏။

“ကျုပ်တို့လူကို ခင်ဗျားက နေရာပေးပြီးပြီလား”

“ခုထက်ထိ မဖြစ်မြောက်သေးပါဘူး၊ အင်ဒရူး”

တစ်ဖက်မှ ပြောဆိုနေသူသည် ငြိမ်ကျသွားသည်။ မင်းဖရက်က ထပ်ပြောလိုက်၏။

“ဒါပေမဲ့ ကြောက်စရာ လန့်စရာ မလိုသေးပါဘူး၊ အခုကိစ္စက ဘာမှ မဟုတ်ပါဘူး၊ နှောင့်နှေးသွားရုံ သက်သက်ပါ။ လုံးဝ ပျက်စီးသွားတာ မဟုတ်ပါဘူး”

“ဘယ်လောက်ကြာမှာလဲ”

“နှစ်ရက်၊ နောက်အကျဆုံး ဒီရက်သတ္တပတ် အကုန်အထိဆိုပါတော့”

“နောက်အပတ်ကျရင် ခင်ဗျား ပါရီမှာ ရှိမှာလား”

“ရှိမယ်”

ရွှေစျေးနှုန်းကိစ္စအတွက် ပြင်သစ်သို့ သွား၍ ဆွေးနွေးညှိနှိုင်းမည့်အဖွဲ့တွင် မင်းဖရက်သည် အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ပါဝင်သည်။

"သူက ခင်ဗျားကို အဲဒီမှာ တွေ့လိမ့်မယ်၊ အဲဒီအချိန်ကျရင် ခင်ဗျားဘက် က ဆောင်ရွက်ရမယ့်ကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ထားနိုင်မှ ကောင်းလိမ့် မယ်၊ ခင်ဗျား နားလည်တယ် မဟုတ်လား"

"ကျုပ် နားလည်ပါတယ်၊ အင်ဒရူး"

ဆွေးနွေးပွဲ ပြီးဆုံးသွားလေပြီ။ သို့ရာတွင် စကားပြောခွက်ကို တစ်ဖက်မှ စကားပြောနေသူ ပြန်ချမသွားအောင် မင်းဖရက်က ကမန်းကတန်း ထပ်ပြောလိုက်၏။

"အင်ဒရူး"

"ပြော"

"ခင်ဗျားက သူ့ကို မေးပေးပါလားဗျာ"

မင်းဖရက်၏ လေသံသည် မသိမသာပြောင်းလဲသွားသည်။ သူ့လေသံတွင် တောင်းပန်တိုးလျှိုးသံပါနေသည်။

"ကျုပ် ဒီည ကစားခွင့်ရမလားဆိုတာ မေးပေးပါ အင်ဒရူး"

"စောင့်ဦး"

မိနစ်များစွာ ကုန်ဆုံးသွားသည်။ ထို့နောက် စကားပြောသံ ပြန်လည်ထွက်ပေါ်လာသည်။

"ခင်ဗျား ကစားနိုင်ပါတယ်၊ ဆိုင်မန့်က ခင်ဗျားရဲ့ ကန့်သတ်ချက်ကို ပြောပြလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်၊ သူ့ကို ကျေးဇူးတင်ကြောင်းလည်း ပြောပေးပါ"

မင်းဖရက်သည် တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်လိုက်ချိန်တွင် စိတ်သက်သာရာ ရရှိသွားမှုကို ဖုံးကွယ်မထားချေ။ သူသည် အခန်းတစ်ဖက်မှ အပြာနုရောင်နံရံကို ပြုံးပြုံးကြီး ငေးကြည့်နေသည်။ သူ့မျက်မှန်များသည်ပင် လျှင် ပြောင်လက်လာသလို ထင်ရတော့သည်။

❐

[၂၅]

ခမ်းနားထည်ဝါစွာ ခင်းကျင်းမွမ်းမံထားသော အခန်းထဲတွင် လူငါးယောက် ရှိနေသည်။ ထိုငါးယောက်အနက် တစ်ယောက်သောပုဂ္ဂိုလ်သည် ကျန်ပုဂ္ဂိုလ်များထက် ပို၍ အသက်ငယ်ပြီး ကျန်ပုဂ္ဂိုလ်များ၏ အလိုဆန္ဒအတိုင်း ခယယယ ဆောင်ရွက်ပေးနေသည်။ ထိုသူသည် ကျန်ပုဂ္ဂိုလ်များ၏ အခိုင်းအစေသာဖြစ်ကြောင်း သိသာထင်ရှားသည်။ ကျန်လေးယောက်တွင်လည်း တစ်ယောက်သောပုဂ္ဂိုလ်သည် အိမ်ရှင်ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာထင်ရှားပေသည်။ သူသည် အားလုံး၏ အာရုံစူးစိုက်မှုကို ခံရသော နေရာတွင် ထိုင်နေသည်။ သူသည် ဝဖြိုးသူ ဖြစ်သည်။ သို့ရာတွင် အလွန်အကျွံ ဝဖြိုးခြင်း မဟုတ်ပါ။ အစားပုပ်သောကြောင့် ဝဖြိုးပုံမျိုးမဟုတ်ဘဲ စည်းစိမ်ရှိရှိ နေထိုင်စားသောက်ရသောကြောင့် ဝဖြိုးပုံမျိုးသာ ဖြစ်သည်။ သူက ဧည့်သည်သုံးယောက်အား ပြောလိုက်၏။

"အခု ဆောင်ရွက်ရမယ့် ကိစ္စမှာ ကျုပ်တို့က လက်ကိုင်တုတ်အဖြစ် အသုံးချမယ့် လူကို သိပ်ပြီး စိတ်မချရသလိုလို သံသယရှိနေတယ်လို့ ခင်ဗျားတို့က ပြောကြတယ်၊ ခင်ဗျားတို့ အဲဒီလို ပူပန်သောကဖြစ်နေတဲ့ ကိစ္စဟာ လုံးဝ အခြေအမြစ်မရှိကြောင်း ခင်ဗျားတို့ ယုံကြည်သွားအောင် လက်တွေ့ပြသ ဖို့ ကျုပ်စီစဉ်ထားပါတယ်။ အင်ဒရူးက ခင်ဗျားတို့ကို ဒီကိုလာကြဖို့ ဒီကနေ့ လယ်က ဖိတ်ကြားချက်ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ အဲဒါပါပဲ"

အိမ်ရှင်ပုဂ္ဂိုလ်က လူရွယ်ဘက်သို့ လှည့်လိုက်၏။

"အင်ဒရူး၊ မင်းက ဒေါက်တာစတိုင်းနားလာတဲ့အထိ သွားစောင့်ပြီး ကြိုပေးပါလားကွာ၊ သူရောက်လာတာနဲ့ တစ်ပြိုင်နက် ဆိုင်မွန့်ကို နေရာချပေးဖို့ နှိုင်းလိုက်ပြီး မင်းက တို့ကို လာအကြောင်းကြားကွာ"

ထိုပုဂ္ဂိုလ်က အမိန့်ပေးလေ့ ပေးထရှိသူတစ်ဦး၏ ပုံစံနှင့် ယဉ်ယဉ်ကျေးကျေး သိက္ခာရှိရှိ အမိန့်ပေးလိုက်၏။

"ကဲ၊ လူကြီးမင်းများ ခင်ဗျာ။ ခင်ဗျားတို့ စောင့်ကြိုနေကြရတုန်း ကျုပ်က တစ်ခုခုနဲ့ ဧည့်ခံပါရစေ"

ထိုလေးယောက်က ယမကာများကို မှီဝဲရင်း ပြောဆိုနေကြသည့် စကားများမှာ ဗဟုသုတကြွယ်ဝပြီး အထူးတလည် မှတ်သားလောက်သော

စကားများသာ ဖြစ်ကြပေသည်။ သူတို့ပြောဆိုနေကြသည့် စကားများသည် ကြွယ်ဝ ချမ်းသာမှုဆိုသော ကိစ္စတစ်ရပ်တည်းတွင်သာ အခြေခံသည်။ သယံဇာတ ကြွယ်ဝချမ်းသာမှု၊ စက်မှုလက်မှုဆိုင်ရာ ကြွယ်ဝချမ်းသာမှု စသည်တို့သာမက မြေပေါ်မြေအောက်နှင့် ရေပေါ်ရေအောက်မှ သံမဏိ၊ ရေနံ၊ ကျောက်မီးသွေး၊ ရွှေ စသော သယံဇာတပစ္စည်းများကို ရယူပိုင်ဆိုင်ရေး စသော ကြွယ်ဝချမ်းသာမှုနှင့် ဆိုင်သည့် ဘာသာရပ်တစ်ခုတည်းတွင်သာ အခြေခံသည်။

ထိုပုဂ္ဂိုလ်များ ဝတ်ဆင်လာကြသော အဝတ်အစားများ၊ သူတို့၏ လက်ချောင်းများပေါ်မှ ကျောက်သံပတ္တမြားတို့၏ တောက်ပြောင်မှု၊ သူတို့ပြောဆိုနေကြသော အသံတို့၏ ဩဇာတိက္ကမပြည့်စုံမှု၊ သူတို့ပြောဆိုနေကြသော စကားထဲတွင် အမှတ်တမဲ့ ပါပါလာတတ်သော အဆင့်မြင့် ပုဂ္ဂိုလ်ကြီးများ၏ နာမည်များ စသည်တို့အပေါ်တွင် မူတည်၍ ထိုပုဂ္ဂိုလ်တို့၏ အဆင့်အတန်းကို တစ်စွန်းတစ်စ သိနိုင်ပေသည်။

"သူ ဒီကို ရောက်လာပါပြီ ဆရာ"

အင်ဒရူးက တံခါးဝမှနေ၍ သူတို့ပြောဆိုနေကြသော စကားများကို ဖြတ်တောက်ပစ်လိုက်၏။

"အေး၊ ကျေးဇူးတင်ပါတယ် ငါ့လူရာ"

အိမ်ရှင်က မတ်တတ်ရပ်လိုက်သည်။

"ကဲ၊ ကျေးဇူးပြုပြီး ဒီဘက်ကို ကြွခဲ့ကြပါ လူကြီးမင်းများ ခင်ဗျား"

သူသည် အခန်းကို ဖြတ်လျှောက်သွားပြီး ရွှေရောင်နှင့် နီညိုရောင်ခန်းဆီးအား ဆွဲဖယ်လိုက်၏။ ထိုခန်းဆီး၏ နောက်ဘက်တွင် ပြတင်းပေါက်တစ်ပေါက် ရှိနေသည်။

ထိုပုဂ္ဂိုလ်လေးယောက်သည် ပြတင်းပေါက်နံဘေးတွင် စုပြုံ၍ ရပ်လိုက်ကြပြီး ပြတင်းပေါက်၏ ဟိုဘက်မှ အခန်းထဲသို့ လှမ်းကြည့်လိုက်ကြ၏။ ထိုအခန်းမှာ အင်မတန် လောင်းကြေးများသော လောင်းကစားခန်းကြီးတစ်ခန်း ဖြစ်ပြီး ဒိုင်လုပ်သူရှိနေသော ဖဲဝိုင်းတစ်ဝိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားများ ဝိုင်းထိုင်နေကြသည်။ ထိုပုဂ္ဂိုလ်များသည် သူတို့၏ စားပွဲကို အပေါ်က မိုးကြည့်နေသော ပြတင်းပေါက်ဆီသို့ တစ်ယောက်ကမှ ခေါင်းမော့၍ မကြည့်ကြချေ။

အိမ်ရှင်ပုဂ္ဂိုလ်က ရှင်းပြလိုက်၏။

"ဒီမှန်က တစ်ဖက်မြင်မှန်တစ်ချပ်ပါ။ ဒီတော့ ခင်ဗျားတို့ကို မြင်တွေ့

သွားမှာ မစိုးရိမ်ကြပါနဲ့လေ"

သူတို့အားလုံးက ယဉ်ယဉ်ကျေးကျေးကလေး ရယ်လိုက်ကြ၏။ ထိုပုဂ္ဂိုလ်များထဲမှ တစ်ယောက်က အိမ်ရှင်ပုဂ္ဂိုလ်အား မေးလိုက်၏။

"ခင်ဗျားရဲ့ စာရင်းအင်းတွေထဲမှာ ဒီလိုနေရာမျိုးက ရတဲ့အမြတ်ကို ဘယ်လို ဖော်ပြထားပါသလဲ"

"အောင်မယ်လေး မစ္စတာရောဘတ်ရယ်"

အိမ်ရှင်ပုဂ္ဂိုလ်က အကြီးအကျယ် စိတ်ညစ်သွားဟန် ဟန်ဆောင်လိုက်သည်။

"ကျုပ်ကို ဒီလိုတရားမဝင်တဲ့ လုပ်ငန်းတွေနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတယ်လို့ ခင်ဗျားက တစ်စက္ကန့်ကလေးတောင် မထင်လိုက်ပါနဲ့ဗျာ"

ဤတစ်ကြိမ်တွင် သူတို့အားလုံးက အားရပါးရ ရယ်လိုက်ကြတော့သည်။

"ယော"

အိမ်ရှင်ပုဂ္ဂိုလ်က ရှင်းပြလိုက်၏။

"သူလာပါပြီ"

မျက်နှာဖြူဖပ်ဖြူရော်နှင့် လူရွယ်တစ်ယောက်က ဒေါက်တာမင်းဖရက် စတိုင်းနားအား လောင်းကစားခန်းထဲသို့ ခေါ်သွင်းလာသည်။ ပွဲနေပွဲထိုင်ဝတ်စုံကို ဝတ်ဆင်ထားသော ထိုလူရွယ်သည် သုဘရာဇာတစ်ယောက်နှင့် ပိုတူနေသည်။

"သူကစားနေတဲ့အချိန်မှာ သူ့မျက်နှာကို ခင်ဗျားတို့က ကောင်းကြည့်နိုင်အောင် သူ့ကို နေရာချပေးဖို့ ဆိုင်မွှန်ကို ကျုပ် မှာထားပါတယ်"

ယခုအချိန်တွင် သူတို့လေးယောက်သည် ဆိုင်မွှန်ချပေးထားသော ပလက်စတစ် တိုကင်ပြားကို စီနေသည့် ထိုပုဂ္ဂိုလ်အား စေ့စေ့စပ်စပ် လေ့လာရင်း ယခင်ကထက် ပို၍ စိတ်ပါလက်ပါ ကြည့်နေကြသည်။

ဒေါက်တာမင်းဖရက်စတိုင်းနား စတင်၍ ကစားသည်။ သူ့မျက်နှာပေါ်တွင် မည်သည့် အမူအရာမှ မရှိပါ။ သို့ရာတွင် ဖြူဖပ်ဖြူရော် ဖြစ်နေမှုကမူ ထိတ်လန့်စရာကောင်းလှပေသည်။ စက္ကန့်အနည်းငယ်ကြာတိုင်း မင်းဖရက်၏ လျှာကလေးသည် နှုတ်ခမ်းနှစ်ဖက်ကြားမှ ဖျတ်ခနဲ ပြူထွက်လာပြီး ချက်ချင်း ပင် ပြန်လည်၍ ပျောက်ကွယ်သွားလေ့ ရှိသည်။

ကစားပွဲတစ်ပွဲပြီးဆုံးသွားပြီး နောက်တစ်ပွဲမစမီ အတောအတွင်း ဒေါက်တာ

မင်းဖရက်စတိုင်းနားသည် ပုတ်သင်ညိုတစ်ကောင်ပမာ ငြိမ်နေလေ ရှိသည်။ သူ့လည်ချောင်းထဲမှ တဒိတ်ဒိတ် သွေးခုန်နေမှုနှင့် သူ့မျက်မှန်များကသာ မြွေတစ်ကောင်၏ မျက်လုံးများပမာ တဖျပ်ဖျပ် တောက်ပနေကြသည်။

"အခုလို ကစားနေတဲ့ အချိန်မှာ သူ့ညာဘက်လက်ကို သတိထားပြီး ကြည့်ကြစေချင်ပါတယ်"

အိမ်ရှင်ပုဂ္ဂိုလ်က ခပ်တိုးတိုးပြောလိုက်ရာ အားလုံးသောမျက်လုံးများက အောက်ဘက်သို့ ငုံ့ကြည့်လိုက်ကြ၏။

မင်းဖရက်သည် ညာလက်ကို သူ့ရှေ့မှ တိုကင်အပုံနံဘေးတွင် လက်ဖဝါးကို ဖြန့်ရင်း စားပွဲပေါ်၌ ဆန့်တင်ထားသည်။ သို့ရာတွင် သူ့အတွက် ဖဲတစ်ချပ်ကို ဝေလိုက်ချိန်တွင် ဖြန့်ထားသော သူ့လက်ချောင်းများသည် ဆုပ်မိသွားကြလေတော့သည်။

ယခုအချိန်တွင် မင်းဖရက်၏ လက်ဖဝါးသည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးဆုပ်တစ်ခု ဖြစ်နေလေပြီ။ မင်းဖရက်က လက်သီးကို ဆုပ်ထားပုံမှာ အားပါလှသဖြင့် လက်ဆစ်၊ လက်ခေါက်များပင် ဖြူဖွေးလာကြသည် သာမက သူ့လက်သီးဆုပ်သည် တဆတ်ဆတ် တုန်လာတော့သည်။ သို့တိုင်အောင် သူ့မျက်နှာသည် လုံးဝ အမူအရာ မပျက်ချေ။

ဒိုင်လုပ်သူက သူ့ဖဲချပ်ကို လှန်လိုက်သည်။

"ခုနစ်"

လက်ထောက်ဒိုင်က ထိုနံပါတ်ကို ရေရွတ်လိုက်၏။ သူက မင်းဖရက်၏ ဖဲချပ်ကို လှန်လိုက်ပြီးနောက် မင်းဖရက်လောင်းထားသော တိုကင်များကို သိမ်းကျုံးပြီး ယူသွားလေတော့သည်။ မင်းဖရက်၏ အမွှေးအမှင်ကင်းမဲ့ပြီး ပျော့စိပျော့ပတ်နိုင်လှသော လက်သည် စိမ်းနေသော သက္ကလပ်စပေါ်တွင် သေနေသော ငါးတစ်ကောင်ပမာ ဖြန့်လျက်သား ပြန်ရှိနေပြန်လေပြီ။

"ကဲ သူ့ခများ အေးအေးဆေးဆေး အရှုံးခံပြီး နေပါစေတော့လေ"

အိမ်ရှင်က အကြံပေးလိုက်ပြီး ပြတင်းပေါက်ပေါ်မှ ခန်းဆီးကို ဆွဲပိတ်လိုက်လေတော့သည်။ သူတို့လူစု သူတို့ထိုင်နေခဲ့ကြသော ကုလားထိုင်များဆီသို့ ပြန်လာကြချိန်တွင်မူ ထူးထူးခြားခြား ငြိမ်သက်သွားကြသည်။

"ဘုရားသခင် ကယ်တော်မူပါ"

ဧည့်သည်တစ်ယောက်က ရေရွတ်လိုက်၏။

"တော်တော် အရုပ်ဆိုးတာပဲ၊ ကျုပ်ကတော့ မုန့်ခိုးစားနေတဲ့ လူတစ်ယောက်ကို ချောင်းကြည့်နေရသလို စိတ်ထဲမှာ မအီမလည်ကြီး ခံစားနေရတယ်"

အိမ်ရှင်က ထိုပုဂ္ဂိုလ်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီးနောက်ဆက် ရှင်းပြတော့သည်။

"ကျုပ်က ခင်ဗျားတို့ကို ကထိက ဆန်ဆန် ရှင်းပြတဲ့အတွက် ကျုပ်ကို ခွင့်လွှတ်ကြပါ ဒါပေမဲ့ ကျုပ် ဒီလူ့အကြောင်း နည်းနည်းကျဉ်းကျဉ်းတော့ သိထားပါတယ်။ သူနဲ့ပတ်သက်တဲ့ အစီရင်ခံစာအတွက် စိတ်ရောဂါကုဆရာဝန်တစ်ယောက်ကို ကျုပ်က ရန်းငွေလေးရာနီးပါး ပေးခဲ့ရပါတယ်"

အိမ်ရှင်ပုဂ္ဂိုလ်က သူ့အား ဧည့်သည်အားလုံးက အာရုံစိုက်လာကြအောင် သူ့စကားကို ခေတ္တမျှ ရပ်ဆိုင်းလိုက်၏။

"ဒီကိစ္စနဲ့ ပတ်သက်တဲ့အကြောင်းအချက်တွေကတော့ သိပ်ပြီး ကွဲကွဲပြားပြား မရှိလှဘူး။ အဲဒီအကြောင်းအချက်တွေဟာ ဒုတိယကမ္ဘာစစ်ကြီးကြောင့် ဖြာပုံအတိဖြစ်နေတဲ့ ဥရောပတိုက်မှာ မင်းဖရက်စတိုင်းနား တစ်ယောက် မိဘမဲ့ကလေးတစ်ယောက်အဖြစ်နဲ့ ယောင်လည်လည် လျှောက်သွားနေခဲ့ရတဲ့ဘဝက အစပြုခဲ့တယ်လို့ ယူဆရတော့မှာပဲ"

အိမ်ရှင်ပုဂ္ဂိုလ်သည် ပြောရင်းဆိုရင်းကပင် ချောင်းဆိုးလာသောကြောင့် သူ့စကားကို ခေတ္တမျှ ရပ်တန့်လိုက်ရ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အဲဒီအကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးတရားတွေကို လက်တွေ့မြင်နေကြရပြီပဲ။ ဒေါက်တာမင်းဖရက် ကတ်စတိုင်းနားရဲ့ ဉာဏ်ရည်ပြကိန်း* ဟာ ဉာဏ်ကြီးရှင်အဆင့်ဖြစ်တဲ့ ၁၅၈ မှတ်မှာ ရှိနေတယ်၊ အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ဘယ်ကိစ္စကိုမှ ဝါသနာမပါဘူး၊ ဘယ်အားကစားနည်းကိုမှ မကစားဘူး၊ သူ့ဇနီးကလွဲရင် တခြားအမျိုးသမီးတွေကို စိတ်ဝင်စားလေ မရှိဘူး၊ ဒါပေမဲ့လဲ သူ့ဇနီးအပေါ်မှာ ဘယ်လောက်လောက်အထိ အာရုံစိုက်သလဲ ဆိုတာကလဲ သိပ်မသေချာလှဘူး"

အိမ်ရှင်ပုဂ္ဂိုလ်သည် ဧည့်သည်များ၏ စိတ်ဝင်စားမှုကို သိသိနှင့်ပင် သူ့ ဖန်ခွက်ထဲက အရက်ကို မျှင်းသောက်လိုက်သည်။

---

* Intelligence quotient

“စက်ယန္တရားဆန်ဆန် ပြောရမယ်ဆိုရင် ဒေါက်တာမင်းဖရက်စတိုင်းနားဟာ ယောကျ်ား မပီသတာလည်း မဟုတ်ဘူး၊ ဆန္ဒမရှိတာလည်း မဟုတ် ဘူး၊ ဒါပေမဲ့ ဒေါက်တာစတိုင်းနားဟာ ကိုယ်လက်နှီးနှောမှုက ဖြစ်ပေါ်လာတဲ့ အနံ့အသက်မျိုးစုံကို အင်မတန် ရွံမုန်းသူတစ်ယောက် ဖြစ်တယ်။ ဒေါက်တာစတိုင်းနားဟာ ဖဲကစားပြီးရင် ဆန့်ကျင်ဘက် လိင်တစ်ယောက်နဲ့ ခေတ္တခဏ ကိုယ်လက်နှီးနှောတတ်သူတစ်ယောက် ဖြစ်တယ်။ ဒါပေမဲ့ သူက ဖဲကစားရတာကို ပိုပြီး သဘောကျသူ ဖြစ်တယ်။ ကဲ...ရောဘတ်၊ မင်းပြောချင်တဲ့ စကား အဓိပ္ပာယ်က ဘယ်လိုပါလိမ့်”

သူတို့အားလုံးသည် ထိုစကားကြောင့် ငြိမ်ကျသွားသည်။ အိမ်ရှင်က ဆက်ပြောသွားပြန်၏။

“တိတိကျကျပြောရမယ်ဆိုရင် ဒီလူဟာ ဖဲမကစားရရင် မနေနိုင်တဲ့လူ၊ ပြီးတော့ သူက အရှုံးမခံ မနေနိုင်တဲ့လူပဲ”

သူတို့အားလုံးသည် မယုံကြည်နိုင်ကြသောကြောင့် လှုပ်လှုပ်ရွရွဖြစ်သွားကြတော့သည်။

“ဒီလူက တမင်သက်သက် အရှုံးခံနေတာလို့ ခင်ဗျားက ဆိုလိုတာလား”

ရောဘတ်က တအံ့တဩနှင့် ပြန်မေးလိုက်၏။

“အဲဒီလိုတော့ မဟုတ်ပါဘူး”

အိမ်ရှင်ပုဂ္ဂိုလ်က ခေါင်းခါလိုက်၏။

“သူက သိလျက်နဲ့ အရှုံးခံနေတာတော့ မဟုတ်ပါဘူး၊ သူက အမြဲတမ်းနိုင်အောင် ကစားနေတယ်လို့ သူ့ကိုယ်သူ ယူဆထားတယ်၊ ဒါပေမဲ့ သူက မဖြစ်နိုင်တဲ့ဘက်ကမှ လိုက်လိုက်ပြီး လောင်းလေ့ရှိတယ်။ သူ့ဦးနှောက်ရဲ့ ထက်မြက်မှုနဲ့ ပြောရမယ်ဆိုရင် သူဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည် တဲ့ကိစ္စလို့ ယူဆရတဲ့ကိစ္စမျိုးမှာမှ ဝင်ပြီးလောင်းလေ့ ရှိတယ်။ အဲဒါကတော့ အတွင်းစိတ်မှာ နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်နေတဲ့ ရှုံးချင်တဲ့စိတ်၊ အရှက်ကွဲတာ ကို ခံချင်တဲ့ စိတ်ကြောင့်ပဲ။ အဲဒါကတော့ ကာမဂုဏ်ကို ဝေဒနာနဲ့ ယှဉ်ပြီး ခံစားချင်တဲ့ စိတ်ဖောက်ပြန်မှုတစ်မျိုးပဲပေါ့”

အိမ်ရှင်ပုဂ္ဂိုလ်သည် အနက်ရောင်သားရေနှင့် ချုပ်ထားသော စာအုပ် ကလေးတစ်အုပ်ကို ဖွင့်၍ ဖတ်လိုက်၏။

“၁၉၅၈ ခုနှစ်က ၁၉၆၃ ခုနှစ်အထိ အဲဒီကာလအတွင်းမှာ ဒေါက်တာ

စတိုင်းနားဟာ ပောဘာဒီကစားပွဲမှာ ရှုံးငွေ စုစုပေါင်း ၂၂၇၀၀၀ ကို ရှုံးခဲ့တယ်။ ၁၉၆၄ ခုနှစ်ကျတော့ သူ့အပေါ်မှာ တင်ရှိနေတဲ့ အကြွေး၊ အရင်းနဲ့ အတိုး စုစုပေါင်းကို ကျေသွားအောင် ပြန်ဆပ်ဖို့ နည်းလမ်းကို အကြွေးရှင်နဲ့ ညှိနှိုင်းလို့ ရသွားတယ်”

ထိုကိစ္စနှင့် ပတ်သက်၍ ဖြစ်နိုင်မည့် လမ်းများကို ဧည့်သည်များက ဝိုင်းစဉ်းစားကြသည်။ ရောဘတ်ဆိုသူက အဖြေမှန်ကို ပထမဦးစွာ စဉ်းစား၍ ရရှိသွားသည်။ ၁၉၆၄ ခုနှစ်တွင် သူတို့၏ အိမ်ရှင်သည် နော့သ်မန်းကောပါး ကုမ္ပဏီမှ သူပိုင်ဆိုင်သော အစုရှယ်ယာများကို အကျိုးအမြတ်ရှိသော ဈေးနှုန်းဖြင့် စီအာစီ (စင်ထရယ်ရန်းကွန်ဆိုလီဒိတ်တက်အုပ်စု)အား ရောင်းချခဲ့သည်။ ထိုကိစ္စ မဖြစ်ပွားမီ ဒေါက်တာစတိုင်းနားသည် စီအာစီအုပ်စုတွင် စီမံကိန်း ရေးဆွဲရေးနှင့် ဘဏ္ဍာရေးဌာန၏ ဌာနကြီးမှူးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။

ရောဘတ်က တအံ့တဩ ပြောလိုက်၏။

“နော့သ်မန်းကောပါးကုမ္ပဏီက အစုရှယ်ယာတွေကို စီအာစီက ဝယ်လိုက်တဲ့ ကိစ္စပဲပေါ့”

သူတို့အိမ်ရှင်က ဒေါက်တာစတိုင်းနားအား ထိုအစုရှယ်ယာများကို ပေါက်ဈေးထက် အများကြီးပိုသော နှုန်းထားဖြင့် အတင်းအဓမ္မ ဝယ်စေခဲ့ခြင်း ဖြစ်သည်။ တော်တော်လည်တဲ့ အဘိုးကြီးပဲ။

အိမ်ရှင်ပုဂ္ဂိုလ်ကြီးက ခပ်ယဲ့ယဲ့ပြုံးလိုက်၏။ သူက ထိုစကားကို အတည်ပြုခြင်း သို့မဟုတ် ငြင်းဆန်ခြင်း မပြုပါ။

“၁၉၆၄ ခုနှစ်ကစပြီး ဒီကနေ့အထိ ဒေါက်တာစတိုင်းနားဟာ ဒီနေရာကို ဆက်ပြီး လာနေတုန်းပဲ၊ အခုနောက်ပိုင်းကာလမှာ လောင်းကစားမှုကြောင့် သူရှုံးသွားတဲ့ပမာဏဟာ...”

သူက စာအုပ်ကလေးကို လှန်ကြည့်လိုက်ပြီးနောက် ကိန်းဂဏန်းများအား ကြည့်၍ အံ့သြသွားဟန် ဆောင်လိုက်သည်။

ရှုံးငွေ သုံးသိန်းထက် နည်းနည်းလောက် ပိုတယ်”

သူတို့အားလုံး သက်ပြင်းချလိုက်ကြပြီး ထိုင်ခုံပေါ်တွင် အငြိမ်မနေနိုင်ဘဲ လှုပ်ရှားလိုက်မိကြသည်။ ထိုငွေပမာဏမှာ ထိုပုဂ္ဂိုလ်များအတွက်ပင်လျှင် အလွန်များပြားလှသော ပမာဏ ဖြစ်ပေသည်။

"ဒါကြောင့် ကျုပ်တို့က သူ့အပေါ်မှာ အားထားနိုင်လိမ့်မယ်လို့ ကျုပ် ထင်တယ်"

အိမ်ရှင်ပုဂ္ဂိုလ်သည် စာအုပ်ကလေးကို ဖျတ်ခနဲ ပိတ်လိုက်ပြီးနောက် သူတို့အားလုံးကို ပြုံးပြလိုက်လေတော့သည်။

❒

[၂၆]

သီရေစာသည် မှောင်ထဲတွင် လဲလျောင်းနေသည်။ ထိုနေ့ညသည် ပူနွေးသောညဖြစ်သည်။ ငြိမ်သက်နေသောညကို ဖားတစ်ကောင်၏ အော်သံကသာ နှောင့်ယှက်ဖျက်ဆီးနေသည်။ လရောင်သည် အိပ်ခန်းထဲသို့ ပြတင်းပေါက်မှ တစ်ဆင့် ဖြတ်သန်းဝင်ရောက်လာပြီး သစ်ကိုင်းများ၏ အရိပ်မည်းကြီးများကို နံရံပေါ်တွင် ကျရောက်နေစေသည်။

သီရေစာသည် ကိုယ်ပေါ်၌ လွှမ်းခြုံထားသော အဝတ်စကို ဖယ်ရှားပစ်လိုက်ပြီးနောက် ခြေထောက်နှစ်ချောင်းကို အိပ်ရာပေါ်မှ အောက်သို့ လွှဲချလိုက်၏။ ပူအိုက်လွန်းလှသောကြောင့် သီရေစာ အိပ်မရပေ။ သူ၏ ညဝတ်အင်္ကျီသည် ချိုင်းအောက်တွင် အသားနှင့် ကပ်နေသည်။ သူသည် မတ်တတ်ရပ်လိုက်ပြီးနောက် တဖွတ်ထိုးလုပ်လိုသောဆန္ဒဖြင့် ညဝတ်အင်္ကျီကို ဦးခေါင်းပေါ်မှ ကျော်၍ ချွတ်ပစ်လိုက်သည်။ ထို့နောက် ညဝတ်အင်္ကျီကို အလှပြင်သော အခန်းထဲသို့ ပစ်ထည့်လိုက်ပြီး သီရေစာသည် ကျယ်ဝန်းသော ဝရန်တာပေါ်သို့ လျှောက်ထွက်သွားတော့သည်။ လရောင်အောက်ရှိ အေးမြသော ကျောက်သားကြမ်းပြင်ကို ဖိနပ်မပါသောခြေထောက်နှင့် နင်းလျှောက်နေသော သီရေစာ၏ ကိုယ်ခန္ဓာကို နွေးထွေးသော လေပြည်လေညင်းကလေးက ထွေးပိုက်ထားသည်။

သူသည် ရုတ်ခြည်းဆိုသလိုပင် 'ကဲ ကျွန်မကို ဖမ်းနိုင်ရင် ဖမ်းကြစမ်း' ဟု စိန်ခေါ်သော သတ္တိမျိုးနှင့် မြက်ခင်းပေါ်၌ လျှောက်ပြေးသွားလိုသော မိုက်ရူးရဲစိတ်များ ဖြစ်ပေါ်လာတော့သည်။ သီရေစာသည် ကိုယ့်စိတ်ကို ကိုယ် စိတ်

မချုပ်နိုင်သောကြောင့် တခစ်ခစ် ရယ်လိုက်မိ၏။ ထိုကိစ္စသည် မင်းဖရက်စတိုင်းနား ယူဆထားသော ဗိုင်းကောင်းကျောက်ဖိ ဇနီးမယားတစ်ယောက်၏ အမူအရာနှင့် ကွာခြားလွန်းလှသောကြောင့် ဖြစ်ပါသည်။

"သူ သိပ်ဒေါပွသွားမှာပဲ"

သီရေစာသည် အားရဝမ်းသာစွာနှင့် ခပ်တိုးတိုးကလေး ပြောလိုက်မိချိန်တွင် မော်တော်ကားသံကို ကြားလိုက်လေတော့သည်။

သီရေစာသည် ကြောက်စိတ်ကြောင့် မလှုပ်နိုင်အောင် ဖြစ်သွားရတော့သည်။ မော်တော်ကားသည် အိမ်ထဲသို့ ဝင်သောလမ်းအတိုင်း မောင်းဝင်လာစဉ် ကားရှေ့မှ မီးရောင်တန်းသည် သစ်ပင်များအကြားမှ ဖြတ်သန်း၍ ပေါ်လာတော့သည်။ ဤတွင် သီရေစာသည် အခန်းထဲသို့ ပြန်၍ ပြေးဝင်သွားသည်။ ထိပ်ထိပ်ပျာပျာဖြစ်နေသော သီရေစာသည် သူလွှင့်ပစ်ခဲ့သော အိပ်ရာဝင်ဝတ်စုံကို ကြမ်းပြင်ပေါ်တွင် ဒူးထောက်၍ လိုက်ရှာလိုက်၏။ အိပ်ရာဝင်ဝတ်စုံကို ရှာတွေ့လိုက်ရသည်တွင် သီရေစာသည် ဦးခေါင်းပေါ်သို့ မြှောက်တင်၍ အင်္ကျီကို ဝတ်ရန် ကြိုးစားရင်း အိပ်ရာဆီသို့ အတင်းပြေးလေတော့သည်။

သူသည် မှောင်ထဲတွင် လဲလျောင်းရင်း မော်တော်ကားတံခါးအား ဆောင့်ပိတ်သံကို နားထောင်လိုက်သည်။ သူ့အိပ်ခန်းတံခါးကို မင်းဖရက်က စင်္ကြံလမ်းပေါ်မှ ကျော်ဖြတ်မသွားခင် အချိန်အထိ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ မင်းဖရက်သည် ကြမ်းပြင်ပေါ်တွင် ပြေးလာနေသကဲ့သို့ သူ့ဖိနပ်သံသည် တချွပ်ချွပ်မြည်နေသည်။ သီရေစာသည် ထိုအနေအထားကို ကောင်းကောင်းကြီး နားလည်လိုက်သည်။ ညကြီးသန်းခေါင်ကျမှ ပြန်လာမှုနှင့် ရေကြီးသုတ်ပျာဖြစ်လာမှုတို့ကြောင့် သီရေစာသည် အိပ်ရာထဲတွင် တောင့်တောင့်ကြီး အိပ်ရင်း စောင့်နေလိုက်သည်။

မိနစ်များသည် တဖြည်းဖြည်းနှင့် ကုန်ဆုံးသွားသည်။ ထို့နောက် အခန်း နှစ်ခန်းကို ဆက်ထားသော မင်းဖရက်၏ အိပ်ခန်းဘက်မှ တံခါးသည် တိတ် တိတ် ဆိတ်ဆိတ်နှင့် ပွင့်သွားတော့သည်။

"မင်းဖရက်၊ အဲဒါ ရှင်လား"

သီရေစာသည် ထထိုင်လိုက်ပြီး အိပ်ရာနံဘေးမှ မီးတိုင်၏ ခလုတ်ဆီသို့ လက်လှမ်းလိုက်၏။

"မီးလုံးကို မဖွင့်လိုက်ပါနဲ့ကွာ"

သူ့အသံသည် အသက်ရှူမဝသလိုနှင့် အရက်သောက်ထားသလို အနည်းငယ် ဗလုံးဗထွေး ဖြစ်နေသည်။ သို့ရာတွင် မင်းဖရက်က သူ့အား ငုံ့နမ်းလိုက်ချိန်တွင် အရက်နံ့ကို လုံးဝ မရပါချေ။ မင်းဖရက်၏ နှုတ်ခမ်းများသည် ခြောက်သွေ့နေကြသည်။

နှစ်မိနစ်ခွဲကြာသောအခါ မင်းဖရက်သည် အိပ်ရာပေါ်မှ ထလိုက်၏။ သူသည် သီရေစာကို ကျောခိုင်းလိုက်ပြီး အိပ်ရာဝင်ဝတ်စုံကို ပြန်ဝတ်လိုက်သည်။

"ကိုယ့်ကို တစ်မိနစ်လောက် ခွင့်လွှတ်ပါ သီရေစာ"

အသက်ရှူမဝသလို ဖြစ်နေမှုသည် သူ့အသံထဲမှ ပျောက်ကွယ်သွားလေပြီ။ မင်းဖရက်သည် အခန်းတံခါးကို ဖြတ်၍ သူ့အခန်းထဲသို့ ပြန်ဝင်သွားပြီး စက္ကန့်ပိုင်းခန့်အကြာတွင် ရေပိုက်ခေါင်းကို ဖွင့်လိုက်သံနှင့် ရေပန်းမှ ရေများ ကျလာသံတို့ကို ကြားလိုက်ရလေတော့သည်။

သီရေစာသည် အိပ်ရာပေါ်တွင် လဲလျောင်းရင်း မင်းဖရက်ကို မကျေမနပ် ဖြစ်နေမိသည်။ သီရေစာသည် တစ်ညလုံးလုံး တစ်ယောက်ထီးတည်း နေရပေဦးတော့မည်။

"သူ့ကို မုန်းတယ်၊ မုန်းတယ်၊ မုန်းတယ်"

သီရေစာသည် အသံမထွက်ဘဲ ထပ်တလဲလဲ အော်နေမိသည်။

ရေကျသံ ရပ်တန့်သွားသည်ကို ကြားရပြီးနောက် မင်းဖရက်သည် သီရေစာ၏ အိပ်ခန်းဆီသို့ ပြန်လာသည်။ သူ့ထံမှ အိုဒီကလုံး ရေမွှေးနံ့ကို ရနေသည်။ မင်းဖရက်သည် သီရေစာ၏ အိပ်ရာပေါ်တွင် ခပ်ဖြည်းဖြည်းဝင်ထိုင်လိုက်၏။

"မင်း မီးဖွင့်နိုင်ပါပြီ သီရေစာ"

သီရေစာသည် ဆုပ်ထားသောလက်ကို ကြိုးစားပမ်းစား ဖြေလိုက်ပြီးနောက် လက်ကို မီးခလုတ်ဆီသို့ ရောက်အောင် ပင်ပင်ပန်းပန်း လှမ်းလိုက်ရ၏။ ဖြန်းခနဲ ထွက်ပေါ်လာသော အလင်းရောင်ကြောင့် မျက်မှန်နောက်ဘက်မှ မင်းဖရက်၏ မျက်လုံးများသည် ပေကလပ် ပေကလပ် ဖြစ်သွားရလေတော့သည်။ သူ့ဆံပင်သည် စိုထိုင်းနေပြီး နောက်ဘက်သို့ လှန်ဖြီးထားသည်။ မင်းဖရက်၏ ပါးနှစ်ဖက်သည် မှည့်နေသော ပန်းသီးကြီးများကဲ့သို့ နီရဲနေကြသည်။

"မင်း ဒီကနေ့ ပျော်ပျော်ရွှင်ရွှင် ရှိလိမ့်မယ်လို့ ကိုယ်ထင်တယ်၊ ဟုတ်ရဲ့လား"

မင်းဖရက်က မေးလိုက်ပြီး သီရေစာ၏ အဖြေကို လေးလေးနက်နက် နားထောင်နေသည်။ သီရေစာသည် မကျေမနပ် ဖြစ်နေမိသည့်တိုင်အောင် စိတ်ညှို့ထားသည်ကို ခံထားရသူတစ်ဦးပမာ မင်းဖရက်ကို မတော်လှန်နိုင်ဘဲ ဖြစ်နေရသည်။ မင်းဖရက်လေသံက တိကျသည်။ ဖျင်းစရာကောင်းလှသည်ဟုပင် ဆိုရမလိုလို။

ယခင်တုန်းကလိုပင် သီရေစာသည် မြွေဟောက်တစ်ကောင်ရှေ့၌ ရောက်နေသော ယုန်ကလေးတစ်ကောင်ပမာ မလှုပ်နိုင် မရှားနိုင်ဘဲ ရှိနေရသည်။

"အချိန် သိပ်နောက်ကျနေပြီ"

နောက်ဆုံးတွင် မင်းဖရက်က ပြောလိုက်ပြီး မတ်တတ်ရပ်လိုက်၏။

သီရေစာက ပိုးသားအိပ်ရာဖုံးအောက်သို့ တိုးတိုးခွေ့ခွေ့နှင့် တိုးဝင်လိုက်စဉ် မင်းဖရက်က ပေါ့ပေါ့ဆဆ မေးလိုက်၏။

"သီရေစာ၊ မင်း 'ဘိုးဘိုး' မသိအောင် ရန်ငွေသုံးသိန်းလောက် ရှာပေးနိုင်မလား"

'သုံးသိန်း။ ဟုတ်လား' သီရေစာသည် အလန့်တကြားဖြစ်ပြီး ထထိုင်လိုက်မိတော့သည်။

"ဟုတ်တယ်၊ မင်း ရှာပေးနိုင်မလား"

"ဘုရားသခင် ကယ်တော်မူပါ မင်းဖရက်ရယ်၊ အဲဒါက နည်းတဲ့ငွေမှ မဟုတ်ပဲဘဲရှင်၊ ပြီးတော့လည်း အားလုံးလိုလိုဟာ ဂေါ်ပကာရန်ပုံငွေတွေထဲမှာ ချည်းပဲ ဆိုတာ ရှင် သိသားပဲ၊ အဲလေ ကျွန်မကတော့ အဲဒီငွေရဲ့ ထက်ဝက်ကိုတောင် ဘိုးဘိုးမသိဘဲနဲ့ ရှာလို့ မရနိုင်ဘူး"

"သနားစရာကောင်းလိုက်တာ"

မင်းဖရက်က တိုးတိုးကလေး ပြောလိုက်၏။

"မင်းဖရက်...ရှင်...ဒုက္ခ တွေ့နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူးကွာ။ ခုကိစ္စက အတွေးတစ်ခုပေါက်လာလို့ပါ၊ ကိုယ်မေးတယ်ဆိုတာကိုတောင် မေ့ပစ်လိုက်ပါကွာ ဟုတ်လား။ မင်္ဂလာညပါ သီရေစာ၊ မင်း ကောင်းကောင်းမွန်မွန် အိပ်နိုင်ပါစေလို့ ကိုယ် ဆုတောင်းပါတယ်"

သီရေစာကလည်း စိတ်မပါတပါနှင့် လက်ကို မြှောက်လိုက်၏။

"မင်္ဂလာညပါ မင်းဖရက်"

မင်းဖရက်သည် ချာခနဲ လှည့်ပြီး အခန်းထဲက ထွက်သွားတော့သည်။ သီရေစာသည် မြှောက်ထားသော လက်ကို ဘေးဘက်သို့ ကျအောင် ပြန်ချလိုက်၏။ သူ့အတွက် ရှည်လျားသောညသည် အစပြုခဲ့လေပြီ။

❐

[၂၇]

"ဂုဏ်သရေရှိ ဦးနဲ့ ဒေါ်ဒေါ်တို့ခင်ဗျား၊ ကျွန်တော်တို့ရဲ့ လုပ်သားထု ချွန်ဆုများကို လာရောက် ချီးမြှင့်ပေးကြတဲ့ ပုဂ္ဂိုလ်အကျော်အမော်များကို ဂျင်နရယ်မန်နေဂျာကသော ပရိသတ်နဲ့ မိတ်ဆက်ပေးရတဲ့ အစဉ်အလာ ရှိပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်က ကျွန်တော်တို့ရဲ့ ဂျင်နရယ် မန်နေဂျာ ဖရင့်လင်းမားဟာ ကုမ္ပဏီရဲ့ တာဝန်ကို ထမ်းဆောင်ရင်း ကြေကွဲစရာကောင်းတဲ့အဖြစ်အပျက်တွေကြောင့် ကွယ်လွန်ခဲ့ရပါတယ်။ ဖရင့်လင်းမား ကွယ်လွန်သွားမှုဟာ ကျွန်တော်တို့အတွက် ခါးသီးနာကျည်းဖွယ်ကောင်းသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါတယ်၊ ဒါကြောင့် မစ္စစ်အိလီနံလင်းမားကို ကျွန်တော်က လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းစကား ပြောကြားချိန်မှာ ပရိသတ်များကလည်း ကျွန်တော်နည်းတူ ခံစားကြရလိမ့်မယ်လို့ ယုံကြည်မိပါတယ်"

ရောဒ်သည် ပရိသတ်ကြီးထံမှ တိုးတိုး တိုးတိုး ပြောကြသံများကို အသိအမှတ်ပြုသည့်အနေနှင့် စကားကို ခေတ္တ ရပ်တန့်လိုက်၏။ သတ္တုတွင်းကလပ် အဆောက်အအုံ၏ ခန်းမဆောင်ထဲတွင် လူနှစ်ရာခန့် စုရုံးရောက်ရှိနေသည်။

"ဒီတော့ ကျွန်တော်တို့ရဲ့ ဖခင်ကုမ္ပဏီဖြစ်သော စင်ထရယ်ရန်းကွန်ဆိုလီဒိတ်တက်ရဲ့ စီနီယာညွှန်ကြားရေးမှူးတစ်ယောက်ဖြစ်တဲ့ ဒေါက်တာမင်းဖရက်စတိုင်းနားကို ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးရမယ် တာဝန်ဟာ ခေတ္တဂျနရယ်မန်နေဂျာအဖြစ် ဆောင်ရွက်နေတဲ့ ကျွန်တော့်အပေါ်မှာ ကျရောက်လာပါတော့

တယ်၊ ဒေါက်တာမင်းဖရက်စတိုင်းနားဟာ စီမံကိန်း ရေးဆွဲရေးနှင့် ဘဏ္ဍာရေးဌာနရဲ့ ဌာနကြီးမှူးလည်း ဖြစ်ပါတယ်"

ခင်ပွန်းနံဘေးတွင် ထိုင်နေသော သီရေစာစတိုင်းနားသည် ဖရင့်လင်မားအကြောင်း ရောဒ်က ထည့်သွင်းပြောကြားမှုကြောင့် မင်းဖရက်တစ်ယောက် စိတ်အနှောင့်အယှက် ဖြစ်သွားကြောင်း သတိပြုလိုက်မိသည်။ ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေစဉ် မတော်တဆဖြစ်ပွားသော ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးရသည့်ကိစ္စများအား ပရိသတ်က သတိထားမိအောင် ထည့်သွင်းမပြောကြားရန် ကုမ္ပဏီက 'မူ' ချမှတ်ထားသည်။ ရောဒ်က ဖရင့်လင်းမားအကြောင်း ဂုဏ်ပြုစကား အနည်းငယ်ထည့်သွင်း ပြောကြားသွားသောကြောင့် သီရေစာက ရောဒ်အား ပို၍ သဘောကျသွားမိသည်။

သီရေစာ၏ မျက်လုံးများသည် နီရဲပြီး ရောင်ကိုင်းနေသောကြောင့် နေကာမျက်မှန်ကို တပ်ဆင်ထားသည်။ တစ်ညလုံး အိပ်မပျော်ခဲ့သော သီရေစာသည် အရုဏ်ဦးတွင် ရုတ်တရက် နာနာကျည်းကျည်း ငိုချလိုက်မိခဲ့သည်။ သီရေစာ၏ မျက်ရည်များသည် အကြောင်း တစ်စုံတစ်ရာ မရှိပါဘဲနှင့် ကျလာခဲ့ခြင်းဖြစ်ပြီး ငိုပြီးသောအခါ သီရေစာသည် ထူးထူးဆန်းဆန်း ဆိုသလို ရွှင်ရွှင်လန်းလန်းဖြစ်သွားပြီး စိတ်လက်ပေါ့ပါးသွားတော့သည်။ သို့တိုင်အောင် ငိုကြွေးပြီး နာရီပေါင်းများစွာ ကြာမြင့်သည့်တိုင်အောင် သီရေစာ၏ ကြီးမားသော မျက်လုံးကြီးများသည် နီရဲပြီး ရောင်ကိုင်းနေတတ်ကြသည်။

နုသာရောင် 'ရှန်တောင်' အသားနှင့် ချုပ်ထားသောဝတ်စုံကို ဝတ်ဆင်ထားပြီး အနက်ရောင် ပိုသားပဝါကို ခေါင်းပေါ်တွင် စည်းနှောင်ထားသောကြောင့် ကြော့ကြော့မော့မော့ကလေးဖြစ်နေသော သီရေစာသည် ခြေထောက်နှစ်ချောင်းကို ချိတ်၍ ဣန္ဒြေရရ ထိုင်နေသည်။ သူသည် စကားပြောနေသော ပုဂ္ဂိုလ်အား ယဉ်ယဉ်ကျေးကျေးကလေး အာရုံစိုက်၍ နားထောင်နေသည့် ပုံစံနှင့် ဒူးခေါင်းပေါ်တွင် တံတောင်ဆစ်တစ်ဖက်ကို ထောက်၍ မေးစေ့ကို လက်ဖဝါးပေါ်တွင် တင်ထားရင်း ကိုယ်ကို ရှေ့သို့ ကိုင်း၍ နားထောင်နေသည်။ လက်ချောင်းများပေါ်တွင် စိန်သီးနေပြီး လည်ချောင်းပေါ်တွင် ပုလဲပုတီးများကို ဆွဲထားသော သီရေစာက 'ချယ်ယာမင်ကြီး၏ ချစ်စရာကောင်းသော မြေးမကလေး' ဟု ရောဒ်၏ ရည်ညွှန်းပြောကြားချက်ကို ပြုံး၍ အသိအမှတ်ပြုလိုက်၏။

ကိုးရီးကားရာနိုင်လှသော နေကာမျက်မှန်ကြီးများက လွှဲလျှင် သူသည်

ဣန္ဒြေသိက္ခာ ရှိလှသော အိမ်ထောင်ရှင်မတစ်ယောက်ပင်တည်း။ တည်ငြိမ်သည်၊ သိက္ခာရှိသည်၊ အထက်တန်းကျသည်။

သို့ရာတွင် သူ့ အတွေးပေါင်းစုံသည် ရောဒ်အိုင်းရှန်းဆိုက်ဒ်အပေါ်၌သာ ကျရောက်နေသည်။ ရုတ်ခြည်းဆိုသလိုပင် သီရေစာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက သူ ခံစားခဲ့ရဖူးသော ခံစားရမှုမျိုးကို ယခုတစ်ကြိမ်တွင် ခံစားနေရပြန်ပြီ ဖြစ်ကြောင်း ဖြန်းခနဲ သတိပြုလိုက်မိလေတော့သည်။ သီရေစာသည် ကုလားထိုင်ပေါ်တွင် ကိုယ်ကို နေရာရွှေ့၍ ထိုင်လိုက်၏။

“တယ်ရီစတိုင်းနား”

မိမိကိုယ်ကို တအံ့တသြ ဖြစ်သွားမိသော သီရေစာက ကိုယ်ကိုယ်ကို ပြန်သတိပေးလိုက်သည်။ ရောဒ်သည် စကားပြောပြီး ပြီးဆုံးသွားပြီ ဖြစ်သောကြောင့် မင်းဖရက်က စကားပြန်ပြောရန် မတ်တတ်ရပ်လိုက်သည်ကို တွေ့လိုက်ရရာ သီရေစာ စိတ်သက်သာရာ ရသွားတော့သည်။ သီရေစာသည် မိမိတွေးနေမိသော စိတ်ကူးယဉ်အိပ်မက်များ ပျောက်သွားအောင် အခြားပုဂ္ဂိုလ်များနှင့်အတူ အားရပါးရ သြဘာပေးလိုက်သည်။

မင်းဖရက်သည် ရှေ့ဆုံးတန်းတွင် ထိုင်နေသော ပုဂ္ဂိုလ်ခြောက်ယောက်၏ သတ္တိပြောင်မြောက်မှုနှင့် တာဝန်ကို ရိုသေလေးစားမှုတို့ကြောင့် ဂုဏ်ပြုခံရသည် အဆင့်အထိ ရောက်ရှိလာပုံကို အနည်းငယ် ထည့်သွင်း ပြောဆိုပြီးနောက် ရွှေဈေးတက်လာပါက အနာဂတ်တွင် မည်သို့မည်ပုံ ဖြစ်လာနိုင်သည်ကို ဆက်လက်ပြောကြားတော့သည်။ သူက ရွှေတူးဖော်သည် လုပ်ငန်းက ရရှိလာမည် အကျိုးအမြတ်များ၊ နိုင်ငံတော်နှင့် တစ်ကမ္ဘာလုံးက ရရှိခံစားကြရမည် အကျိုးအမြတ်များကို ထည့်သွင်း ပြောကြားသွားသည်။ ဒေါက်တာစတိုင်းနား ပြောကြားသည့် အချက်အလက်များမှာ နက်နဲလှသည်သာမက ကျမ်းစာငယ်တစ်စောင်ကဲ့သို့ ပြည့်စုံလှလောက်မှု ရှိနေပေသည်။ ထို့အတူ ဒေါက်တာစတိုင်းနား၏ မိန့်ခွန်းကို မှတ်တမ်းတင်ပေးကြမည့် သတင်းစာဆရာ အများအပြားလည်း ရောက်ရှိနေကြသည်။ စီအာစီ၏ ပြည်သူ့ဆက်ဆံရေးဌာနက ဒေါက်တာစတိုင်းနား မိန့်ခွန်းပြောကြားလိမ့်မည် ဖြစ်ကြောင်း စာနယ်ဇင်းများအား တယ်လှန်း နှိုးဆော်ထားသည်ဖြစ်ရာ နေ့စဉ်ထုတ် ထိပ်တန်းသတင်းစာကြီးများ၊ အပတ်စဉ်ထုတ် စာစောင်များ၊ စီးပွားရေးဆိုင်ရာ စာစောင်များနှင့် ဂျာနယ်များမှ ကိုယ်စားလှယ်များ စုံစုံညီညီ ရောက်ရှိနေကြလေပြီ။

ဓာတ်ပုံဆရာများကလည်း ဒေါက်တာစတိုင်းနားကို မကြာခဏ ဆိုသလို ဓာတ်ပုံရိုက်ယူနေကြသည်။ ရွှေဈေးနှုန်းအကြောင်း ပြင်သစ်နှင့် ဆွေးနွေးမည် အကြိုကာလတွင် ဒေါက်တာစတိုင်းနား၏ မိန့်ခွန်းသည် သတင်းကောင်းတစ်ပုဒ်ပင် ဖြစ်ပေလိမ့်မည်။

အကောင်းဆုံး အဝတ်အစားများကို ဝတ်ဆင်ထားသော သူရဲကောင်းကြီး ခြောက်ယောက်သည် ကုလားထိုင်ပေါ်တွင် စိတ်မသက်မသာနှင့် ထိုင်၍ မိန့်ခွန်းပြောနေသူကို ငေးကြည့်နေကြသည်။ သူတို့သည် တိုင်းခြားဘာသာနှင့် ပြောဆိုနေသော မိန့်ခွန်းကို တစ်လုံးတစ်ပါဒမျှ နားမလည်ကြသော်လည်း ဣန္ဒြေသိက္ခာ ကြီးမားစွာနှင့် နားထောင်နေကြသည်။

ရောဒ်သည် ဘစ်ကင်းနှင့် မျက်လုံးချင်းဆိုင်မိသောကြောင့် မျက်စပစ်ပြလိုက်၏။ ဘစ်ကင်းသည် ဣန္ဒြေကြီးတစ်ခွဲသားနှင့်ပင် ညာဘက်မျက်စိကို မှိတ်ချည်ဖွင့်ချည် လုပ်ပြလိုက်ရာ ရောဒ်သည် အသံထွက်၍ မရယ်မိအောင် သူ့အကြည့်ကို တခြားတစ်နေရာသို့ ချက်ချင်း လွှဲပစ်လိုက်ရလေတော့သည်။

ရောဒ်က သီရေစာစတိုင်းနား၏ မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်လိုက်ရာ သီရေစာသည် ရုတ်တရက် အငိုက်မိသွားရလေတော့သည်။ မည်းမှောင်နေသော နေကာမျက်မှန်များကပင် သီရေစာ၏ အတွေးများကို ဖုံးကွယ်ထားနိုင်စွမ်းမရှိပါ။ သူ့ အတွေးများသည် နှုတ်မှ ကျယ်ကျယ်လောင်လောင်ဖွင့် ပြောပြနေသကဲ့သို့ ထင်ထင်ရှားရှား ပေါ်လွင်နေကြသည်။ သီရေစာက စကတ်အနားစကို ငုံ့ကြည့်ရန် မျက်လွှာမချလိုက်နိုင်ခင် ဝမ်းဗိုက်ထဲက အလိပ်လိုက် လိမ့်တက်လာအောင် စိတ်လှုပ်ရှားသွားသော ရောဒ်သည် ထိုကိစ္စကို သူ ဆက်လက်၍ လှုပ်ရှားလုပ်ကိုင်မည်ဆိုပါက မည်သို့မည်ပုံ ဖြစ်လာနိုင်ကြောင်း အတပ် သိလိုက်ရလေတော့သည်။

ရောဒ်က မျက်စိကို ထောင်ကပ်၍ သီရေစာစတိုင်းနားအား နွဲ့လမ်းဖွယ် ကောင်းသော အမျိုးသမီးတစ်ဦးအဖြစ် ပထမအကြိမ် လေ့လာလိုက်၏။ သို့တိုင်အောင် သီရေစာသည် ဟာရီဟာတ်ရှ်ဖဲလ်၏မြေး ဖြစ်နေသလို မင်းဖရက် စတိုင်းနား၏ ဇနီးလည်း ဖြစ်နေပြန်သည်။ ထိုကဲ့သို့သော ဝိသေသများကြောင့် သီရေစာသည် တွန်းကန်အား ဆယ်ဆရှိသော ပေါက်ကွဲမှုကဲ့သို့ အန္တရာယ်ရှိကြောင်း သူသိပါသည်။ သို့ရာတွင် သီရေစာအား နွဲ့လမ်းသောစိတ်သည် အန္တရာယ်ရှိမှုကြောင့် လျော့နည်းသွားခြင်း မရှိသလို ပို၍ပင် ပြင်းထန်လာစေ

ခဲ့သည်။

သိရေစာသည် ယခုအချိန်တွင် ရှက်သွေးဖြာနေပြီး သူ့လက်ချောင်းများက စကတ်အနားစများကို စိတ်လှုပ်ရှားစွာနှင့် ဆုပ်ကိုင်နေကြောင်း ရောဒ် မြင်နေရသည်။ ရောဒ်က စောင့်ကြည့်နေကြောင်း သိနေသောကြောင့် သူသည် ကျောင်းသူကလေးတစ်ယောက်ပမာ စိတ်လှုပ်ရှားနေမိလေသည်။ လွန်ခဲ့သော ငါးမိနစ်က မိမိပြောရမည့် မိန့်ခွန်းစကားမှလွဲ၍ အခြား မည်သည့်ကိစ္စကိုမျှ စိတ်မဝင်စားခဲ့သော ရောဒ်သည် ယခုအချိန်တွင် သူစိတ်ဝင်စားရမည့်ကိစ္စ အသစ်အဆန်းတစ်ခုကို ရှောင်လွှဲ၍ မရဘဲ ရင်ဆိုင်တွေ့နေရလေပြီ။

ဆုများကို ချီးမြှင့်ပေးအပ်ပြီးနောက် ဘီစကွတ်မုန့်များကို စား၍ လက်ဖက်ရည်များကို သောက်ပြီးကြသည့်အခါ ထိုအခမ်းအနားမှ လူအုပ်ကြီးသည် လူစုကွဲသွားကြသည်။ ရောဒ်သည် ဒိန်မလာ မော်တော်ကားကြီးကို ရပ်ထားသည့်နေရာဆီသို့ စတိုင်းနား ဖနီးမောင်နှံကို လိုက်လံ၍ ပို့ဆောင်ပေးခဲ့သည်။

“ဟို ရှန်းဂန်းလူမည်းအမျိုးသားကြီးဟာ တော်တော်ကို ကာယဗလ တောင့်တာပဲနော်၊ သူ့နာမည်က ဘာပါလိမ့်၊ ကင်းတဲ့လား”

တယ်ရီစတိုင်းနားသည် အမျိုးသားနှစ်ယောက်အကြားက လမ်းလျှောက်လာသည်။

“ကင်းကူလူးတဲ့ ကျုပ်တို့က သူ့ကို ဘစ်ကင်းလို့ပဲ ခေါ်ကြတယ်”

ရောဒ်က သူပြောသော စကားသည် အနည်းငယ် လျှာလိပ်ပြီး အသံတုန်နေကြောင်း တွေ့လိုက်ရ၏။ သူတို့နှစ်ဦး၏ အကြားတွင် ဖြစ်ပေါ်နေသော ထိုကိစ္စသည် ရုတ်တရက် ပို၍ ဆိုးရွားလာပုံရသည်။ သူတို့နှစ်ယောက်အကြားတွင် လျှပ်စစ်ဓာတ်ကူးမှုကြောင့် မီးပွားထွက်ပြီး အသံတဖျပ်ဖျပ်မြည်နေသလိုလို ဖြစ်နေသည်။ မင်းဖရက်စတိုင်းနားသည် နားပင်းနေသူ မဟုတ်ပါက ထိုကိစ္စအား သိရပေလိမ့်မည်။

“သူက တကယ့် လူထူးပဲ၊ သူ မလုပ်နိုင်တာ ဘာမှမရှိသလို သူ လုပ်သမျှကိုလည်း သူနဲ့ ယှဉ်ပြိုင်သူတွေထက် အများကြီး ပိုကောင်းအောင် ပိုသာအောင် လုပ်ပြနိုင်တယ်၊ သူ ‘က’ တာ ခုန်တာကို ခင်ဗျား မြင်စေချင်တယ်”

“ကတာ၊ ဟုတ်လား”

တယ်ရီက စိတ်ဝင်တစားနှင့် မေးလိုက်၏။

“ရိုးရာအကကို ပြောတာပါ”

“ဟုတ်တာပေါ့”

တယ်ရီ၏ ဦးနှောက်ထဲမှ စိတ်ပေါ်ပေါက်သွားမှုသည် လွန်လွန်မင်းမင်း မသိသာလွန်းလှပါစေနှင့်ဟု တယ်ရီစတိုင်းနားက ဆုတောင်းလိုက်၏။ တယ်ရီသည် ရောဒ်အိုင်းရွန်းဆိုက်ဒ်အား ဂျိုဟန်နာစဘတ်ခ်သို့ ခေါ်နိုင်အောင် သို့တည်းမဟုတ် ဆွန်ဒါဒစ်ချ်သို့ နောက်တစ်ကြိမ် လာရောက် လည်ပတ်နိုင်အောင် ဆင်ခြေဆင်လက် ရရှိစေရန် သူ့ဦးနှောက်ကို အလုပ်ပေးထားခဲ့သည်။

“အဲဒီလို အကမျိုးတွေကို သိပ်ကြည့်ချင်တဲ့ မိတ်ဆွေတစ်ယောက် ကျွန်မဆီမှာ ရှိနေတယ်၊ သူနဲ့ကျွန်မ တွေ့တဲ့အခါတိုင်း သူက ကျွန်မကို အတင်း နားပူနားဆာလုပ်လေ့ရှိတယ်”

တယ်ရီစတိုင်းနားသည် မိတ်ဆွေသူငယ်ချင်း စာရင်းထဲမှ သူငယ်ချင်းတစ်ယောက်၏ နာမည်ကို အဆင်သင့် ရွေးထုတ်ထားလိုက်၏။ အကယ်၍ မင်းဖရက်က မေးခဲ့သည်ရှိသော် တယ်ရီက အဆင်သင့် ဖြေနိုင်ရပေလိမ့်မည်။

“သူတို့က စနေနေ့ ညနေတိုင်း ‘က’ လေ့ရှိပါတယ်။ ခင်ဗျားသူငယ်ချင်းကို အချိန်မရွေး ခေါ်လာခဲ့ပေါ့”

ရောဒ်က တယ်ရီအကွက်ဆင်၍ ပို့ပေးလိုက်သော ဘောလုံးကို ဂိုးပေါက် ထဲသို့ သေသေသပ်သပ်ကလေး ကန်သွင်းလိုက်သည်။

“ဒီစနေဆိုရင်ကော ဘယ့်နှယ်လဲ”

သိရေစာ (အတိုကောက် တယ်ရီ) က ခင်မွန်းဖြစ်သူဘက်သို့ လှည့်လိုက်၏။

“အဲဒါဆိုရင် ဖြစ်တယ်မဟုတ်လား မင်းဖရက်”

“ဘာပါလိမ့်”

မင်းဖရက်က တယ်ရီအား အူကြောင်ကြောင် မျက်နှာထားနှင့် ပြန်ကြည့်လိုက်၏။ မင်းဖရက်သည် တယ်ရီ၏ စကားကို မကြားလိုက်ချေ။ မင်းဖရက်စတိုင်းနားသည် အလွန်သောကများနေသူ ဖြစ်သည်။ ဆွန်ဒါဒစ်ချ်အား နှစ်ရက်အတွင်း ပိုင်နိုင်အောင် ချုပ်ကိုင်ပေးရမည် ဆိုသော သူ့ဘက်က တာဝန်အား မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ကို စဉ်းစားနေရသောကြောင့် ဖြစ်သည်။

“စနေနေ့ ညနေပိုင်းကျရင် ရိုးရာအကတွေကို ကြည့်ဖို့ ဒီကို ကျွန်မတို့ လာလို့ ရမလားဟင်”

တယ်ရီက ထိုကိစ္စကို နောက်တစ်ကြိမ် ထပ်ပြောလိုက်ရပြန်၏။

"စနေနေ့ မနက်ကျရင် ကိုယ်ပါရီကို လေယာဉ်ပျံနဲ့ သွားရလိမ့်မယ်ဆိုတာ မင်းမေ့သွားလို့လား သီရေစာ"

"အို ချစ်ချစ်ရယ်"

တယ်ရီသည် နှုတ်ခမ်းကို စူ့စူ့စားစားနှင့် ကိုက်လိုက်၏။

"ကျွန်မ မေ့သွားလို့ပါ၊ စိတ်ပျက်ဖို့ ကောင်းလိုက်တာရှင်၊ ကျွန်မ ဒီကို သာ လာရမယ်ဆိုရင် သိပ်ပျော်မိမှာပဲ"

စိတ်တိုသွားသော မင်းဖရက်က အနည်းငယ် မျက်မှောင်ကုပ်လိုက်၏။

"ဒီမှာ သီရေစာ၊ ဆွန်ဒါဒစ်ချ်ကို ကိုယ်မပါဘဲနဲ့ မင်းမသွားရဘူးဆိုတာ မျိုး လုံးဝ မရှိဘူး၊ မင်း မစ္စတာ အိုင်းရွန်းဆိုက်ဒ်ရဲ့ လက်ထဲမှာ ဘေးရန်ကင်းရှင်းပါလိမ့်မယ်ကွာ"

မင်းဖရက်က တမင်ကလာ ရွေးချယ်၍ ပြောလိုက်သော စကားလုံးကြောင့် တယ်ရီ၏ ပါးနှစ်ဖက်သည် ပန်းနုရောင် သမ်းသွားရပြန်လေတော့သည်။

❒

[၂၈]

ဆုပေးပွဲ ပြီးစီးသည်နှင့် တစ်ပြိုင်နက် ဘစ်ကင်း ပထမဦးဆုံးသွားသော နေရာမှာ နံပါတ် ၁ တွင်း၏ ဟိုတယ်အဝင်ဝရှိ အလုပ်သမားစုဆောင်းရေးရုံးပင် ဖြစ်တော့သည်။ ထိုရုံးရှိ ကောင်တာတွင် အလုပ်သမားများ ဝိုင်းအုံ၍ ရောက်ရှိနေကြသော်လည်း ဘစ်ကင်း ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် သူတို့က ဘေးဖယ်ပေးကြသည်။ ဘစ်ကင်းအား ထိုကဲ့သို့ ဘေးဖယ်ပေးမှုကြောင့် ဘစ်ကင်းက လူတိုင်း၏ ကျောကုန်းကို ပုတ်၍ အားလုံးကို မခွဲခြားဘဲ နှုတ်ဆက်လိုက်၏။

ကောင်တာ၏ နောက်ဘက်မှ စာရေးကလည်း သူ့ကိစ္စကို ဆောင်ရွက်ပေးရန် ကမန်းကတန်း ပြေးလာသည်။ ဆွန်ဒါဒစ်ချ်မိုင်းတွင်းကလပ်တွင် ဘစ်ကင်း

အတွက် နေရာမရှိသလို ဖြစ်နေသော်လည်း ဤနေရာတွင်မူ သူ့အား လက်ရှိ အုပ်စိုးနေသော ဘုရင်တစ်ပါးပမာ ရိုရိုသေသေ ဆက်ဆံကြသည်။

ဘစ်ကင်းသည် ဆုအဖြစ် ရလာသော ငွေကို သေသေသပ်သပ် ရှိလှသော အထုပ်နှစ်ထုပ်အဖြစ် ခွဲခြား၍ ကောင်တာပေါ်တွင် တင်ပေးလိုက်၏။

"ကျုပ်ရဲ့ မယားကြီးဆီကို နှစ်ဆယ်ငါးရန်းပို့ပေးပါ"

သူက စာရေးကို ညွှန်ကြားလိုက်သည်။

"နောက် နှစ်ဆယ်ငါးရန်းကိုတော့ ကျုပ် စာအုပ်ထဲမှာ ထည့်ပေးပါ"

ဘစ်ကင်းသည် မှုမှုတတဖြစ်အောင် အမြဲတစေ လုပ်ကိုင်လေ့ရှိသူဖြစ်သည်။ ဘစ်ကင်းသည် သူရရှိသော လုပ်ခ၏ ထက်ဝက်ကို ဇနီးလေးယောက်အနက် အကြီးဆုံးဇနီးထံ ပို့ပေးလေ့ ရှိပြီး ကျန်ထက်ဝက်ကို ငွေစုစာအုပ်ထဲ သို့ ထည့်နိုင်းလေ့ ရှိသည်။ ဘစ်ကင်း၏ ငွေစုစာအုပ်ထဲတွင် ငွေအတော်များများ စုမိဆောင်းမိနေလေပြီ။

အလုပ်သမား စုဆောင်းရေး အေဂျင်စီသည် ဝစ်ဝါးတားစရန်နှင့် အော်ရိန်းချ်ဖရီးစတိတ်ရှိ ရွှေတူးဖော်သော မိုင်းတွင်းများအတွက် အလုပ်သမားများကို ရှာဖွေစုဆောင်းပေးရသော အေဂျင်စီဖြစ်သည်။ ထိုမိုင်းတွင်းများကလည်း အလုပ်လုပ်မည့် အလုပ်သမားများကို အမြဲတစေ လိုချင်နေကြသည်။ ထို့ကြောင့် အေဂျင်စီ၏ ကိုယ်စားလှယ်များသည် အာဖရိကတိုက် တောင်ဘက်တစ်ခြမ်းလုံးတွင် လှည့်လည် လှုပ်ရှားပြီး အလုပ်သမားများကို ရှာဖွေနေကြရသည်။

ဘာဆူးတိုးလင်း၊ ဆွာဇီလင်နှင့် ဇူးလူးလင်း စသော နေရာများမှ မိုင်း တွင်း၌ အလုပ်လုပ်လိုသော ဘန်တုလူမည်းများသည် မိုင်ပေါင်းငါးဆယ်မှ ခြောက်ဆယ်အထိရှိသော ခရီးကို ခြေကျင်လျှောက်၍ လာခဲ့ကြပြီးနောက် သဲကန္တာရထဲရှိ ကုန်စုဆိုင်တစ်ဆိုင်တွင် လေးယောက်၊ ငါးယောက်ဆိုသလို စုဝေးမိကြတော့သည်။ ထိုနေရာသို့ အလုပ်သမား စုဆောင်းရေးအေဂျင်စီမှ ထရပ်ကားကြီးများ ရောက်ရှိလာသောအခါ အလုပ်သမားသစ်များသည် ကားပေါ်တွင် တက်၍ လိုက်လာကြတော့သည်။ ဤနည်းဖြင့် ထရပ်ကားတစ်စီးတွင် လူပေါင်းငါးဆယ်မှ ခြောက်ဆယ်အထိ ပါလာသော အလုပ်သမားစုဆောင်းရေး အေဂျင်စီမှ ထရပ်ကားကြီးများသည် ဂျိုဟန်နစ္စဘတ်ခ်သို့ ရောက်ရှိလာကြသည်။

ဂျိုဟန်နစ္စဘတ်ခ်သို့ ရောက်ရှိလာသော အလုပ်သမားသစ်များအား

ခြောက်ဆယ်ခန့်ရှိသော အကြီးစား မိုင်းတွင်းများအနက် တတွင်းတွင်းသို့ ခွဲဝေပေးလိုက်ရုံမျှနှင့် အေဂျင်စီ၏ တာဝန် ဝတ္တရားများသည် ပြီးဆုံးသွားခြင်း မရှိသေးပါ။ အလုပ်သမားကို ငှားရမ်းသုံးစွဲသော မိုင်းတွင်းများသည် အလုပ်သမားရှာဖွေစုဆောင်းရေး အေဂျင်စီနှင့် လက်တွဲ၍ အလုပ်သမားတိုင်းအား 'အလုပ်' ပေးကြရသည်သာမက အလုပ်ခွင်၌ နေသားတကျဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှု ထိုအလုပ်သမား၏ နေရေး ထိုင်ရေး အဆင်ပြေစေမှု (အလုပ်သမားအများစုသည် စာကိုပင် မရေးတတ်ကြသောကြောင့်) ထိုအလုပ်သမား၏ မိသားစုတို့အကြားတွင် ဆက်သွယ်မှု စသော သက်သာချောင်ချိရေးနှင့် လူမှုရေးလုပ်ငန်းများကိုပါ တာဝန်ယူ၍ ဆောင်ရွက်ပေးကြရလေသည်။ ထိုအဖွဲ့အစည်းများသည် အလုပ်သမားများ ငွေစုဆောင်းနိုင်ကြစေရန်အတွက် ငွေစုဘဏ်များကို ဖွင့်လှစ်ပေးထားပြီး မည်သည့် စီးပွားရေးဘဏ်ကမှ လုပ်ကိုင်ပေးခြင်း မရှိသော ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ပေးကြရလေသည်။

အတိုချုံး၍ တင်ပြရမည်ဆိုပါက လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်အတွင်းတွင် ပြောင်းလဲမှုမရှိခဲ့သော လူမှုအဖွဲ့အစည်းတစ်ရပ်မှ ပုဂ္ဂိုလ်တစ်ယောက်အား အင်မတန် ခေတ်မီသော စက်မှုလူ့အဖွဲ့အစည်းထဲသို့ ပြောင်းလဲထည့်သွင်းပေးလိုက်ရာတွင် ထိုပုဂ္ဂိုလ်၏ ကျန်းမာမှု အခြေအနေ၊ စိတ်ဓာတ်အခြေအနေနှင့် ပျော်ရွှင်မှု အခြေအနေတို့ကို ယိုယွင်းပျက်ပြားမှု မရှိအောင် တာဝန်ယူခြင်းပင် ဖြစ်သည်။ သို့မှသာ ထိုပုဂ္ဂိုလ်သည် သတ္တုတွင်းကုမ္ပဏီနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံး၍ မိမိဌာနေသို့ ပြန်သောအခါ သူ အလုပ်လုပ်ခဲ့သော အလုပ်ဌာနသည် မည်ရွေ့မည်မျှ ကောင်းမွန်ကြောင်း ပြောပြပေလိမ့်မည်။ သူက သူဆောင်းသည့် ဖိုင်ဘာခမောက်၊ အဝတ်အစားများနှင့် ပြည့်နှက်နေသော အဝတ်သေတ္တာ၊ သူဝယ်လာသော ထရန်စစ္စတာရေဒီယိုနှင့် ငွေစုမှတ်တမ်းစာအုပ်စသည်တို့ကို မိတ်ဆွေအပေါင်းအသင်းများအား ပြသပေလိမ့်မည်။ သို့မှသာ ကျန်ပုဂ္ဂိုလ်များသည် သူ အလုပ်လုပ်ခဲ့သော ရွှေတွင်းသို့ လာရောက်၍ အလုပ်လုပ်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာကြပေလိမ့်မည်။

ဘစ်ကင်းသည် ကိစ္စဝိစ္စများ ပြီးဆုံးသွားပြီဖြစ်သောကြောင့် ထိုနေ့အတွက် အလုပ်ဆင်းရန် မလိုတော့သည့် အချက်ကို အခွင့်ကောင်းယူ၍ ကိုယ်လက်သန့်စင်ရန်နှင့် ထမင်းစားဆောင်သို့ ပထမဦးဆုံးရောက်ရှိအောင် သွားရန် ဟိုစတယ်ဂိတ်တံခါးဝမှ အတွင်းသို့ ဝင်သွားလေတော့သည်။

သူသည် မြက်ခင်းပြင်ကို ကျော်ဖြတ်ပြီး သူ နေထိုင်သော အဆောင်ဆီသို့ လျှောက်လာခဲ့သည်။ ဟိုစတယ် အဆောက်အအုံများကို လူခြောက်ထောင် နေထိုင်နိုင်အောင် ဆောက်လုပ်ထားခြင်း ဖြစ်သော်လည်း ကုမ္ပဏီက ထိုအဆောက်အအုံများကို နှစ်လိုဖွယ်ရာ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းထားသည်။ ထို့ကြောင့် ရလဒ်အနေဖြင့် ထိုအဆောက်အအုံများ၏ ပုံစံသည် လမ်းဘေးမှ ဟိုတယ်နှင့် ခေတ်မီအကျဉ်းထောင်တို့ကို ရောမွှေထားသကဲ့သို့ ဖြစ်နေသည်။

မိုင်းတွင်းမှ သာမန်အလုပ်သမားတစ်ဦးသည် အခန်းတစ်ခန်းထဲတွင် လူခြောက်ယောက် စုဝေး၍ နေထိုင်ကြရသော်လည်း ဝါရင့်အလုပ်သမားခေါင်းတစ်ဦးဖြစ်သော ဘစ်ကင်းကမူ အခန်းတစ်ခန်းတွင် တစ်ယောက်တည်း သီးသီးသန့်သန့် နေခွင့်ရရှိထားသည်။

ဘစ်ကင်းသည် သူ့ဝတ်စုံကို ဝက်မှင်ဘီးနှင့် ရိုရိုသေသေ ဖြီးသင်လိုက်ပြီးနောက် နံရံထဲတွင် ဖောက်၍ ပြုလုပ်ထားသော ဗီရိုထဲ၌ ချိတ်လိုက်သည်။ ထို့နောက် မှန်ရောင်ထနေသော ရှူးဖိနပ်ကို ဖုန်သုတ်လိုက်ပြီးနောက် စင်ပေါ်တွင် တင်လိုက်ပြီး မျက်နှာသုတ်ပဝါတစ်ထည်ကို ခါးတွင် ပတ်၍ ရေချိုးသည့် အဆောင်ဆီသို့ သွားတော့သည်။ ရေချိုးသည့် အဆောင်တွင် 'ကျင်သားရအောင် လေ့ကျင့်ပေးသောဌာန' မှ အလုပ်သမားသစ်များနှင့် ပြည့်နှက်နေသည်ကို တွေ့လိုက်ရသောကြောင့် စိတ်တိုရပြန်သည်။

ဘစ်ကင်းသည် အဝတ်အစား ကင်းမဲ့နေသော ၎င်းတို့၏ ကိုယ်ခန္ဓာများကို ကျေကျေနပ်နပ် ကြည့်ရှုလေလာရင်း ဤအလုပ်သမားအုပ်စုသည် ရှစ်ရက်ကြာအောင် လေ့ကျင့်ကြရသော လေ့ကျင့်မှုအလုပ်စခန်း ပြီးဆုံးတော့မည့် အလုပ်သမားများ ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။ သူတို့၏ ကိုယ်ခန္ဓာများသည် ချောမွေ့ပြောင်လက်နေသလို ကြွက်သားများကလည်း အမြှောင်းမြှောင်းထအောင် ထင်ရှားပေါ်လွင်နေကြလေပြီ။

အစာအဟာရကို လုံလောက်စွာ စားချင်မှ စားရမည်ဖြစ်သော တောလက်ကျေးရွာမှ လူတစ်ယောက်ကို ဖာရင်ဟိုက် ၉၁ ဒီဂရီနှင့် စိုထိုင်းဆ ၉၄ ရာခိုင်နှုန်းရှိသော ရွှေတွင်းထဲ၌ ချက်ချင်း တန်း၍ အလုပ်လုပ်နိုင်လိုက်မည်ဆိုပါက ထိုပုဂ္ဂိုလ်သည် အပူဒဏ်ကို မခံနိုင်သောကြောင့် ဖြစ်စေ၊ အားအင်ကုန်ခန်း မောပန်းမှုကြောင့်ဖြစ်စေ သေဆုံးသွားနိုင်သော အန္တရာယ်သည် ကြီးကြီးမားမား ရှိနေပေလိမ့်မည်။

မြေအောက်တွင် အလုပ်လုပ်နိုင်ရန် ကျန်းမာရေးပြည့်စုံသည်ဟု ဆေးပညာရှုထောင့်မှ သတ်မှတ်ခံရသူတိုင်းသည် ကျင်သားရအောင် လေ့ကျင့်ထားကြသူများသာ ဖြစ်ကြပေသည်။ အလုပ်သမားသစ်များသည် တစ်နေ့လျှင် ရှစ်နာရီစီနှင့် ရှစ်ရက်လုံးလုံး နံငယ်ပိုင်းကလေးတစ်ခုစီကိုသာ ဝတ်ဆင်၍ စပါးကျီကြီးနှင့်တူသော အဆောက်အအုံကြီးထဲရှိ ခုံမြင့်တစ်ခုပေါ်သို့ တက်လိုက်ဆင်းလိုက် လုပ်ကြရသည်။ သူ တက်လိုက်ဆင်းလိုက် လုပ်နေရမည့် ခုံ၏ အနိမ့်အမြင့်ကို ထိုသူ၏ အရပ်အနိမ့်အမြင့်၊ ထိုသူ၏ ကိုယ်အလေးချိန်တို့နှင့် ကိုက်ညီအောင် စနစ်တကျ ပြုလုပ်ထားသည်။ ထိုသူ၏ လှုပ်ရှားမှု အနေးအမြန်ကို ဖွင့်လိုက်ပိတ်လိုက် လုပ်ပြနေသော မီးခလုတ်ခုနှင့် ထိန်းချုပ်ထားသည်။ ထိုအဆောက်အအုံထဲရှိ အပူချိန်နှင့် စိုထိုင်းဆကို ၉၁ ဒီဂရီဖာရင်ဟိုက်နှင့် ၈၄ ရာခိုင်နှုန်းတွင် အမြဲရှိနေအောင် ထိန်းချုပ်ထားသည်။ ဆယ်မိနစ်ကြာသည့်အခါတိုင်း ထိုပုဂ္ဂိုလ်အား ရေသောက်ခွင့်ပေးပြီး ခန္ဓာကိုယ်၏ အပူချိန်ကို ထိုအခန်းထဲတွင် ရှိသော ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ လက်ထောက်ခြောက်ဦးခန့်က စနစ်တကျ မှတ်တမ်းတင်ပေးနေကြသည်။

ရှစ်ရက် ကုန်ဆုံးသည့်အခါ ထိုပုဂ္ဂိုလ်သည် အိုလံပစ်ပြိုင်ပွဲဝင်မည့် အားကစားသမားတစ်ယောက်ပမာ ကျန်းမာသန်စွမ်းမှု အပြည့်အဝ ရှိနေပြီဖြစ်သလို စိုထိုင်းဆနှင့် အပူချိန်များသော နေရာများတွင် အန္တရာယ်မဖြစ်စေဘဲ မအီမလည် မဖြစ်စေဘဲ ပင်ပင်ပန်းပန်း လုပ်ကိုင်နိုင်ရန် ကျန်းမာသန်စွမ်းနေလေပြီ။

“ဖယ်ကြစမ်းကွာ”

ဘစ်ကင်းက အာလုပ်သံကြီးနှင့် အော်ပြောလိုက်ရာ အနီးဆုံးနေရာတွင် ရှိနေသော အလုပ်သမားသစ်တစ်ယောက်သည် ခန္ဓာကိုယ်ပေါ်၌ ဆပ်ပြာမြှုပ်များ မစင်သေးသည့်တိုင်အောင် ဘစ်ကင်း၏ ရာထူးအဆင့်နှင့် အရှိန်အဝါကြောင့် ‘ဟုတ်ကဲ့ပါခင်ဗျာ’ ဟု လေးလေးစားစားနှင့် ပြန်ပြောပြီး ရေပန်းအောက်မှ ကမန်းကတန်း ဖယ်ပေးလိုက်လေတော့သည်။ ဘစ်ကင်းသည် မျက်နှာသုတ်ပဝါကို ခါးမှ ဖယ်၍ ရေပန်းအောက်သို့ ဝင်လိုက်သည်။ ပူနွေးသော ရေက ဘစ်ကင်း၏ အသားပေါ်သို့ ဝေါခနဲ စီးကျလာချိန်တွင် ဘစ်ကင်းသည် ထုံးစံအတိုင်း လက်မောင်းများနှင့် ရင်ဘတ်ပေါ်မှ ကြွက်သားကြီးများကို လှုပ်ရှား၍ ကစားရင်း ဖိမ်ခံနေလေသည်။

ဘစ်ကင်းထံသို့ သတင်းလာ၍ ပို့သူသည် ဘစ်ကင်းအား ထိုနေရာတွင် ရှာ၍ တွေ့သွားသည်။

“ကင်းကုလူး၊ ခင်ဗျားအတွက် သတင်းစကားပါတယ်”

ထိုပုဂ္ဂိုလ်က ရှန်းဂန်းဘာသာစကားနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

“ပြောလေ”

ဘစ်ကင်းသည် သူ့ဝမ်းဗိုက်နှင့် တင်ပါးကို ဆပ်ပြာနှင့် ပွတ်ရင်း ပြန်ပြောလိုက်၏။

“အင်ဒူနာက ခင်ဗျား ညနေစာ စားပြီးတဲ့အခါကျရင် သူ့အိမ်ဂေဟာကို လာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်”

ဘစ်ကင်းက မျက်နှာကို အငွေ့ထနေသော ရေနွေးပိုက်အောက်သို့ မော့်ထားရင်း ပြောလိုက်သည်။

“သူ့ဆန္ဒအတိုင်း ငါ လိုက်နာပါမယ်လို့ သူ့ကို ပြောလိုက်ပါ”

ရှပ်အင်္ကျီအဖြူနှင့် အပြာရောင်ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသော ဘစ်ကင်း မီးဖိုချောင်ဆီသို့ လျှောက်လာသည့် ယခုတစ်ကြိမ်တွင်လည်း အလုပ်သမားအသစ်ကလေးများသည် လင်ဗန်းများကို ကိုယ်စီကိုယ်ငှကိုင်ရင်း ထမင်းဟင်း ထည့်ပေးသော ကောင်တာရှေ့တွင် တန်းစီ၍ ရောက်နှင့်နေကြလေပြီ။ ဘစ်ကင်းသည် သူတို့ကို ကျော်ဖြတ်ပြီး ‘ဝင်ခွင့်မရှိ ဝန်ထမ်းများသာ’ ဟု ရေးသားထားသော တံခါးပေါက်မှ လျှောက်ဝင်သွားသည်။

မီးဖိုချောင်ကြီးသည် ဖြူဖွေးနေသော ကြွေပြားများနှင့် တပြောင်ပြောင် တလက်လက်ဖြစ်နေပြီး တစ်နေ့လျှင် ထမင်းအနပ်ပေါင်း တစ်သောင်းရှစ်ထောင်အထိ ကျွေးမွေးနိုင်သော သံမဏိပုံးကြီးများ၊ ထမင်းအိုးကြီးများ၊ ဟင်းအိုးကြီးများနှင့် ပြည့်နှက်နေသည်။

ဘစ်ကင်းသည် အခန်းတစ်ခန်းထဲသို့ ဝင်သွားသည် ဆိုပါက ထိုအခန်းလောက် ကြီးမားသော အခန်းကြီးထဲမှာပင် သူ ဝင်လာသည်ကို မသိလိုက်သူ မရှိကြချေ။ လက်ထောက် ထမင်းချက်တစ်ယောက်သည် မွေးကင်းစကလေးများကို ရေချိုးပေးသော ဇလုံထက် ပိုမငယ်သည့် ဇလုံတစ်ခုကို ဆွဲယူလိုက်ပြီး အနီးဆုံးတွင် ရှိနေသော သံမဏိပုံးဆီသို့ ကမန်းကတန်း သွားလေတော့သည်။ ထိုပုဂ္ဂိုလ်က သံမဏိပုံး၏ အဖုံးကို ဖွင့်လိုက်ပြီး ဘစ်ကင်းအား လှမ်းကြည့်လိုက်၏။ ဘစ်ကင်းက ခေါင်းညိတ်ပြလိုက်သည်တွင် အငွေ့တထောင်းထောင်း

ထနေသည် နှစ်လီတာခန့်ရှိသော ပဲသကြား[*] များကို ဇလုံထဲသို့ ထည့်ပေးလိုက်သည်။ နောက်ထပ် သံပုံးတစ်ပုံးဆီသို့ ရောက်ရှိပြန်သောအခါ သူက ဘစ်ကင်းကို ကြည့်၍ ဘစ်ကင်း၏ သဘောတူညီမှုကို ရယူလိုက်ပြန်၏။ သူက နှစ်လီတာခန့်ရှိသော သီးစုံဟင်းကို ထပ်ထည့်ပေးလိုက်ပြီးနောက် အဖုံးကို ပြန်ပိတ်လိုက်ပြီး နောက်ထပ်သံပုံးတစ်ခု၏ နံဘေးတွင် ခေါက်ပြားတစ်လက်နှင့် စောင့်နေသော လက်ထောက် ထမင်းချက်တစ်ယောက်ထံသို့ လျှောက်သွားလေတော့သည်။

ထိုခေါက်ပြားမှာ မြေအောက်တွင် သတ္တုရိုင်းများကို တူးဖော်သော ခေါက်ပြားနှင့် တစ်မျိုးတစ်စားတည်း ဖြစ်သော်လည်း ယခု ခေါက်ပြားကိုမူ ပြောင်လက် ပြီး သန့်ရှင်းနေအောင် တိုက်ချွတ်ဆေးကြောထားသည်။ ဒုတိယလက်ထောက် ထမင်းချက်သည် သံပုံးထဲမှ ခေါက်ပြားကို ပြန်ထုတ်လိုက်ရာ ကိတ်မုန့်ကဲ့သို့ မာတောင့်နေအောင် ပြုတ်ထားသော ပြောင်းဖူးပြုတ် ခေါက်ပြားတစ်ကော်စာ ပါလာတော့သည်။ ထိုပြောင်းဖူးပြုတ်၏ အနံ့မှာ မီးဖိုထဲမှ ဆွဲထုတ်လာသော လတ်လတ်ဆတ်ဆတ် ပေါင်မုန့်ကဲ့သို့ သွားရည်ယိုစရာကောင်းလှပေသည်။ ထိုပြောင်းဖူးပြုတ်မှာ ဘန်တုလူမည်းများ၏ ပဓာန အာဟာရ ဖြစ်သည်။ ထို ထမင်းချက်က ခေါက်ပြားနှင့် အပြည့်ကော်ယူလာသော ပြောင်းဖူးပြုတ်ကို ဇလုံထဲသို့ ထည့်ပေးလိုက်၏။

"ကျုပ် ဆာနေတယ်"

ဘစ်ကင်းက ပထမဦးဆုံးအကြိမ် စကားပြောလိုက်ရာ ဒုတိယထမင်းချက်သည် ပြောင်းဖူးပြုတ် နောက်ထပ် တကော်ကော်ပြီး ဇလုံထဲသို့ ထည့်ပေးလိုက်သည်။ သူတို့သည် မီးဖိုချောင်၏ အဆုံးဆီသို့ လျှောက်သွားကြရာ သူတို့ချဉ်းကပ်လာချိန်တွင် ထမင်းချက်တစ်ယောက်သည် အဝတ်လျှော်စက်ခန့် ကြီးမားသော ဖိအားသုံး ဟင်းချက်စက်ကြီး၏ အဖုံးကို ဖွင့်ပြလိုက်သည်။ ထိုဟင်းချက်စက်ထဲမှ မွှေးကြိုင်သော ဟင်းနံ့သည် ရေနွေးငွေ့များနှင့်အတူ ထောင်းခနဲ ပေါ်ထွက်လာလေတော့သည်။

အဆိုပါ ထမင်းချက်က အားတောင့် အားနာဖြစ်ဟန်နှင့် လက်ဖြန့်ပြလိုက်ရာ ဘစ်ကင်းသည် သူ၏ ထမင်းစားခွင့် တိုကင်လက်မှတ်ကို ထုတ်ပေး

[*] Sugar Beans

လိုက်၏။ အသားဟင်းတစ်မျိုးကိုသာ လူတစ်ဦးစီအတွက် ကန့်သတ်၍ ကျွေးမွေးပါသည်။ လူတစ်ယောက်အတွက် တစ်နေ့လျှင် အသားတစ်ပေါင်သာ ခွင့်ပြုထားသည်။ ဘန်တုလူမည်းတစ်ယောက်အား အသားဟင်းများကို စားနိုင်သလောက် စားခွင့်ပြုလိုက်မည် ဆိုပါက ဘန်တုလူမည်းတစ်ယောက်သည် တစ်လလျှင် သူ၏ ကိုယ်အလေးချိန်နှင့် ညီမျှသော အသားဟင်းများကို စားနိုင်ကြောင်း သတ္တုတွင်းကုမ္ပဏီများသည် ငွေကုန်ကြေးကျခံပြီးမှ သိရှိခဲ့ရလေသည်။

ဘစ်ကင်းသည် ထိုနေ့အတွက် အသားဟင်းတစ်ပေါင်ကို စားသုံးနိုင်ခွင့်ရှိကြောင်း သေသေချာချာ စီစစ်၍ ပြီးစီးသွားသည့်အခါကျမှ ထိုထမင်းချက်သည် အနည်းဆုံး ငါးပေါင်ခန့်ရှိသော အသားဟင်းများကို ဇလုံထဲသို့ ထည့်ပေးလိုက်လေတော့သည်။

"ခင်ဗျားကတော့ ကျုပ်ရဲ့ ညီတော်မောင်ပါပဲဗျာ"

ဘစ်ကင်းက ထိုပုဂ္ဂိုလ်အား ကျေးဇူးတင်စကား ပြောလိုက်ပြီးနောက် လူသုံးယောက်ပါသော ဘစ်ကင်း၏ အဖွဲ့သည် အနည်းငယ် မှုံးယစ်စေတတ်သော ဘန်တုဘီယာများကို ထားရှိသည့် နေရာဆီသို့ လျှောက်သွားကြသည်။ ထိုနေရာတွင် ဂါလန်တစ်ထောင်ဆံ့သော တိုင်ကီကြီးအောက်ရှိ ပိုက်ခေါင်းများထဲမှ ဆန့်ပြုတ်နှင့်တူသော ခပ်ပျစ်ပျစ် ဘန်တုဘီယာများကို ထမင်းချက်တစ်ယောက်က ဂါလန်ဝက်ခန့်ဆံ့သော မတ်ခွက်ကြီးထဲသို့ ထည့်ပေးနေသည်။

ထမင်းဟင်း ထည့်ထားသော ဇလုံကြီးနှင့် ဘီယာချိုင့်ကြီးတို့ကို ဘစ်ကင်းအား တရိုတသေ လှမ်းပေးလိုက်သည်တွင် ဘစ်ကင်းသည် ဝရန်တာပေါ်တွင် ခင်းထားသော စားပွဲများနှင့် တန်းလျားများဆီသို့ လျှောက်သွားလေတော့သည်။

သူထမင်းစားနေစဉ် မိုင်းတွင်းထဲမှ အလုပ်သမား အဆိုင်းသည် တွင်းထဲမှ ပြန်ထွက်လာကြချိန်ဖြစ်သဖြင့် ဝရန်တာပေါ်တွင် လူပြည့်စပြုလာလေပြီ။ ဘစ်ကင်း၏ စားပွဲကို ဖြတ်လျှောက်သွားသူတိုင်းက ဘစ်ကင်းအား နှုတ်ဆက်သွားကြသော်လည်း အထူးအခွင့်အရေးရသူ တချို့ကသာ ဘစ်ကင်းရှိနေသည့် စားပွဲတွင် ဝင်ထိုင်ကြသည်။ ထိုပုဂ္ဂိုလ်များအနက် တစ်ယောက်သော ပုဂ္ဂိုလ်မှာ အဆောင် ၁၀၀မှ တမြက်စည်းလှည်းသမား ဂျိုးဇက်အမ်ကာတီပင် ဖြစ်သည်။

"ဒီတစ်ပတ်ကတော့ တော်တော် အခြေအနေကောင်းတဲ့ ရက်သတ္တတစ်ပတ်ပါပဲ ကင်းကူလူး"

"အဲဒါ မင်း ပြောတာနော်"

ဘစ်ကင်းက မယုတ်မလွန် ဖြေလိုက်သည်။

"ငါ အခု အဘိုးကြီးနဲ့ သွားတွေ့မလို့၊ အဲဒီနောက်ပိုင်းကျရင် ငါတို့ တွေ့ကြတာပေါ့"

အဘိုးကြီးဟု ဘစ်ကင်းက ရည်ညွှန်း၍ ပြောလိုက်သော ရှန်းဂန်းအင်ဒူနာ (အကြီးအကဲ)သည် ကုမ္ပဏီပိုင် အိမ်တစ်လုံးတွင် နေထိုင်လျက် ရှိသည်။ ထို အိမ်မှာ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်နှင့် ရေချိုးခန်း စသည်ဖြင့် ပြည့် ပြည့်စုံစုံပါဝင်သော နေအိမ်ပင် ဖြစ်သည်။ ကုမ္ပဏီက သူ့အား မြင့်မားသော လစာကို ပေးထားသည့်အပြင် အနိုင်းအဝေများ၊ စားစရာ သောက်စရာများနှင့် ပရိဘောဂများကိုသာမက သူ့အဆင့်အတန်းနှင့် ကိုက်ညီသော အခြား အသုံး အဆောင်များကိုပါ ခွင့်ပြုထားသည်။

သူသည် ဆွန်ဒါဒစ်ချ်ရှိ ရှန်းဂန်းလူမျိုးစု၏ အကြီးအကဲပင် ဖြစ်သည်။ သူသည် မဟာဆီ မဟာသွေးပါသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်သာမက လူမျိုးစုကောင်စီဝင်နှင့် ပညာရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်ပေသည်။ ဆွန်ဒါ ဒစ်ချ်ရှိ အလုပ်သမားထုတွင် ပါဝင်သော လူမျိုးစုအသီးသီး၏ အခြားအကြီးအကဲ များသည်လည်း ထိုကဲ့သို့သော ပုံစံမျိုးနှင့် နေထိုင်လျက် ရှိကြသည်။ ထိုပုဂ္ဂိုလ် များသည် ဖခင်နှင့်တူသော ရိုးရာအကြီးအကဲများ ဖြစ်ကြသည်သာမက ဓလေ့ ထုံးစံနှင့် ဥပဒေဘောင်အတွင်းမှ အဆုံးအဖြတ်ပေးနေကြသော လူမျိုးစုဆိုင်ရာ တရားသူကြီးများ ဖြစ်ကြပေသည်။ ကုမ္ပဏီသည် ထိုပုဂ္ဂိုလ်များ၏ အကူအညီ မပါဘဲနှင့် အလုပ်သမားများအား ညီညီညွတ်ညွတ်နှင့် စည်းကမ်းရှိနေအောင် ထိန်းသိမ်းထားနိုင်လိမ့်မည် မဟုတ်ပါ။

"ဘာဘာ"

ဘစ်ကင်းသည် အင်ဒူနာအား အိမ်ရှေ့ရှိ တံခါးဝမှနေ၍ နဖူးကို လက် နှင့်ထိရင်း နှုတ်ဆက်လိုက်၏။ ဘစ်ကင်းသည် အင်ဒူနာ၏ ဝယဝုဂ်ကိုသာမက ဂုဏဝုဂ်ကိုပါ လေးစားသောကြောင့် ဖြစ်ပေသည်။

"သားတော်"

အင်ဒူနာက ပြုံးရယ်၍ နှုတ်ဆက်လိုက်သည်။

"ငါ့ဘေးနားမှာ လာပြီး ထိုင်စမ်းပါကွာ"

အင်ဒူနာက အစေအပါးများအား အခန်းထဲက ထွက်သွားကြရန် လက်

ဟန်ခြေဟန်နှင့် ပြလိုက်ရာ ဘစ်ကင်းသည် အင်ဒူနာ၏ ခြေရင်းသို့ သွား၍ ဆောင့်ကြောင့်ထိုင်လိုက်သည်။

"အခု မင်းက ဟိုအရှုးနဲ့ တွဲပြီး အလုပ်လုပ်ရမယ်ဆိုတာ ဟုတ်တယ် ပေါ့"

ထိုနာမည်မှာ ဂျွန်နီဒီလန်နဲ့ချ်အား မှည့်ခေါ်ထားသော နာမည်ပြောင်ပင် ဖြစ်သည်။

သူတို့နှစ်ယောက် ဆက်စကားပြောကြသည်။ အင်ဒူနာက သူတို့လူမျိုးစု ၏ သာရေးနာရေးကိစ္စများကို ထိပ်ပါးစေမည့် အချက်ပေါင်းငါးဆယ်နှင့် ပတ်သက် ၍ ဘစ်ကင်းအား မေးမြန်းသည်။ အင်ဒူနာသည် ဘစ်ကင်း၏ ဖခင်သဖွယ် ဖြစ်နေသောကြောင့် အင်ဒူနာက ထိုကဲ့သို့ မေးမြန်းခံရခြင်းသည် ဘစ်ကင်းအဖို့ ကြည်နူးစရာနှင့် စိတ်ကျေနပ်စရာပင် ဖြစ်တော့သည်။

နောက်ဆုံးတွင် ကျေနပ်မှုရရှိသွားသောကြောင့် အင်ဒူနာပြောနေသော စကားသည် အခြားဘာသာရပ်သို့ ပြောင်းလဲသွားတော့သည်။

"ဒီနေ့ညကျရင် ပါဆယ်တစ်ထုပ် အဆင်သင့်ဖြစ်လိမ့်မယ်။ ကိုခြေကျိုး က မင်းကို စောင့်နေလိမ့်မယ်"

"ကျွန်တော် သွားလိုက်ပါမယ်"

"ငြိမ်းချမ်းပါစေ သားတော်"

ဘစ်ကင်းသည် အပြန်တွင် ဟိုစတယ်ဂိတ်ဝမှ အစောင့်များနှင့် ရပ်တန့်၍ စကားစမြည်ပြောသေးသည်။ ထိုအစောင့်များသည် ဟိုစတယ်ထဲသို့ ဝင်သူ၊ သို့မဟုတ် ထွက်သွားသူ၊ မည်သူ့ကိုမဆို ရှာဖွေခွင့်ရှိသည်။ အထူးသဖြင့် အမျိုးသားယောင်ဆောင်၍ ဟိုစတယ်သို့ ဝင်လာကြမည့် အမျိုးသမီးများ၊ သို့ မဟုတ် အရက်ပုလင်းများသည် အလုပ်သမားများ၏ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးပစ်နိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင်သာမက ခိုးလာသောပစ္စည်းများ ကိုပါ စောင့်ကြည့်ရန် ထပ်ဆင့် တာဝန်ပေးထားလေသည်။ ဘစ်ကင်းသည် မည်သည့် အခြေအနေမျိုးတွင်မဆို မည်သည့် အစောင့်ပုဂ္ဂိုလ်ကမှ ၎င်းအား ရှာဖွေလိုစိတ် ဖြစ်ပေါ်မလာအောင် ကြိုးပမ်းထားရမည်သာ ဖြစ်ပေသည်။

ဘစ်ကင်းသည် ဂိတ်ဝ၌ မတ်တတ်ရပ်နေစဉ် ဝင်လှဆဲနေမင်းကြီး၏ နောက်ဆုံးနေရောင်ခြည်များသည် အားပျော့သွားကြပြီး တောင်ကြားလွှင်ပြင် ဆီမှ မီးရောင်များသည်လည်း တစ်စတစ်စနှင့် ပို၍ လင်းလက်လာကြလေပြီ။

နေအလင်းရောင် ကွယ်ပျောက်သွားပြီး ညအမှောင်ထုက ကြီးစိုးမင်းမူလာသည့် အချိန်ကျမှ ဘစ်ကင်းသည် အဆောင်များနှင့် ခွဲခွာခဲ့ပြီးနောက် အဆောင်များက လှမ်းမမြင်နိုင်တော့သော လမ်းကွေ့သို့ ရောက်သည်အထိ လမ်းမကြီးအတိုင်း ဆက်လျှောက်သွားခဲ့သည်။ ဘစ်ကင်းသည် လမ်းကွေ့အလွန်သို့ ရောက်သောအခါ တောင်ပေါ်သို့ စ၍ တက်တော့သည်။ သူသည် သူလျှောက်နေရသည့် လမ်းကို ဂဏနဏ သိပ်ဟန်ဖြင့် ညတွင် ကျက်စားသော တိရစ္ဆာန်တစ်ကောင်ပမာ လျင်မြန်စွာ တက်သွားသည်။

သူသည် တောင်စောင်းပေါ်တွင် အထပ်ခွဲ၍ ဆောက်လုပ်ထားသော လိုင်းမန်နေရာများ၏ နေအိမ်များကို ဖြတ်ကျော်လာခဲ့သည်။ တစ်ကြိမ်တွင် အနီးအနား၌ ရှိနေသော ခွေးတစ်ကောင်က ဟောင်လိုက်သောကြောင့် ခေတ္တမျှ ရပ်နားခဲ့ရပြီးနောက် တောင်ထိပ်တွင်ရှိသော ကျောက်တုံးကျောက်ခဲများ၏ အစွန်းသို့ ရောက်သည်အထိ ဆက်တက်လာခဲ့သည်။ ဘစ်ကင်းသည် တောင်စွန်းကို ကျော်၍ တက်ခဲ့ပြီးနောက် အောက်ဘက်ရှိ မြက်ခင်းပေါ်မှ အုတ်ကျိုးအုတ်ပဲ့များဆီသို့ ရောက်သည်အထိ ဆင်ခြေလျှောအတိုင်း တောင်ပေါ်မှ ဆင်းလာခဲ့ပြန်သည်။ သူသည် လမ်းလျှောက်နေသည့်နှုန်းကို နှေးပစ်လိုက်ပြီးနောက် အဝင်ဝကို ကာရံထားသော သံချေးတက်နေသည့် သံဆူးကြိုးများကို တွေ့သည့်အချိန်အထိ ရှေ့သို့ သတိကြီးစွာနှင့် ဆက်တိုးသွားသည်။ သူသည် သံဆူးကြိုးပေါ်မှ လွယ်ကူစွာ ခုန်ကျော်လိုက်ပြီးနောက် မှောင်မည်းနေသော ဥမင်လိုဏ်ခေါင်းပေါက်ထဲသို့ ဝင်သွားလေတော့သည်။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်က သတ္တုတူးဖော်သော ကုမ္ပဏီတစ်ခုသည် ဤနေရာတစ်ဝိုက်တွင် ရွှေကြောရှိသည်ဟု ယူဆပြီး ဖောက်ပနေသည့် သတ္တုရှာသူများကို တောင်နံရံတွင် တွင်းဖောက်၍ တူးဖော်စေခဲ့ကြသည်။ ထိုကဲ့သို့ တူးဖော်ရင်းနှင့်ပင် ရှိရှိသမျှ ရန်ပုံငွေများ ကုန်ခန်းသွားလေတော့ရာ သူတို့သည် ထိုဥမင်လိုဏ်ခေါင်းကို စိတ်ပျက်လက်ပျက်နှင့် စွန့်လွှတ်ပြီး ထွက်ခွာသွားကြ လေတော့သည်။

ဘစ်ကင်းသည် ဥမင်လိုဏ်ခေါင်းထဲသို့ မဝင်ခင် သူ့အိတ်ထဲမှ လက်နှိပ်ဓာတ်မီးတစ်လက်ကို ဆွဲထုတ်လိုက်ပြီး မီးရောင်နှင့် ရှေ့ကို ထိုးကြည့်ရင်း အထဲသို့ ဝင်သွားသည်။ မကြာခင် ဘစ်ကင်းသည် လင်းနို့များ၏ အနံ့ကို ရှူနေရပြီး လင်းနို့များသည် သူ့ဦးခေါင်းတစ်ဝိုက်တွင် ပျံသန်းနေကြလေပြီ။

တုန်လှုပ်မှု အလျှင်းမရှိသော ဘစ်ကင်းသည် ဥမင်လိုဏ်ခေါင်းထဲမှ လမ်းခွဲအတိုင်း တုံ့ဆိုင်းခြင်း မရှိဘဲ ရှေ့သို့ တိုး၍ တိုး၍ ဝင်သွားသည်။ နောက်ဆုံးတွင် သူ့ရှေ့၌ ဝါကြန့်ကြန့်မီးရောင်ဖျော့ဖျော့ကလေးကို မြင်လိုက်ရသည်တွင် ဘစ်ကင်းသည် သူ့လက်နှိပ်ဓာတ်မီးကို ပိတ်ပစ်လိုက်လေတော့သည်။

"ကိုခြေကျိုး"

ဘစ်ကင်းက လှမ်းအော်လိုက်၏။ သူ့အသံသည် လိုဏ်ခေါင်းထဲတွင် ပဲ့တင်ထပ်သွားလေသည်။ ပြန်ထူးသံ မရှိပါ။

"ငါပါကွ၊ ဘစ်ကင်းလေ"

သူက ထပ်အော်လိုက်ရာ နံဘေးရှိ နံရံနှင့် ခွဲထွက်လာသောအရိပ်တစ်ခုသည် အရုပ်ဆိုးဆိုး ဓားမြှောင်တစ်ချောင်းကို ဓားအိမ်ထဲမှ ဆွဲထုတ်ရင်း သူ့ဆီသို့ ထော့နဲ့ ထော့နဲ့နှင့် လျှောက်လာလေတော့သည်။

"အားလုံး အဆင်သင့်ဖြစ်ပြီ"

ထိုဒုက္ခိတကလေးက သူ့ထံသို့ ရောက်ရှိလာပြီး နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"လာ၊ ကျုပ် ဒီမှာ အဆင်သင့် ယူထားတယ်"

လွန်ခဲ့သည့် နှစ်ပေါင်း တစ်ဒါဇင်ခန့်က ကျောက်ခဲပြိုကျမှုကြောင့် ကိုခြေကျိုးသည် မသန်မစွမ်း ဖြစ်ခဲ့ရသည်။ ထို့ကြောင့် သူသည် ထိုနာမည်ပြောင်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ယခု သူသည် ကုမ္ပဏီ၏ ခွင့်ပြုချက်ဖြင့် ဆွန်ဒါဒစ်ချ်တွင် ဓာတ်ပုံဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားသည်။ ဘန်တုလူမည်းတိုင်းသည် ဓာတ်ပုံရိုက်ရန် ဝါသနာပါကြသောကြောင့် ထိုလုပ်ငန်းသည် စီးပွားဖြစ်ထွန်းသော လုပ်ငန်းဖြစ်ပေသည်။ သို့ရာတွင် မိုင်းတွင်းအဟောင်းကြီးထဲ၌ ညပိုင်းတွင် နိုးကြောင်နိုးဂုက်လုပ်ရသော ယခုလုပ်ငန်းလောက် အကျိုးအမြတ် မရှိပါ။

သူက ဘစ်ကင်းအား ဟာရိကိန်းမှန်အိမ်ကလေးတစ်လုံးအပေါ်မှ ချိတ်ဆွဲထားသော အခန်းငယ်ကလေးတစ်ခုဆီသို့ ခေါ်သွားသည်။ ထိုနေရာတွင် ဆာဖြူရစ်အက်ဆစ်နံ့သည် လင်းနို့ချေးစော်နှင့် ရောနှောနေသည်။

ထိုအခန်းကလေးထဲတွင် အတော်ခပ်များများ နေရာယူထားသည့် သစ်သားစားပွဲပေါ်၌ ခြေအိုးများ၊ ဖန်ဇလုံအထူကြီးများ၊ ပလတ်စတစ်အိတ်များနှင့် ဒုတိယတန်းစား ဓာတ်ခွဲခန်းတစ်ခုမှ ပစ္စည်းများ ဖြစ်ပုံရသော ခပ်ညံ့ညံ့ပစ္စည်းများ ရှိနေကြသည်။ ထိုကဲ့သို့ ရှုပ်ရှုပ်ထွေးထွေး ရှိနေသော ပစ္စည်းများအလယ်

တွင် ဝက်အူရစ်ပါသောအဖုံးနှင့် ပိတ်ထားသည့် ပုလင်းကြီးတစ်လုံး ရှိနေသည်။ ထိုပုလင်းထဲတွင် ညစ်ပုပ်ပုပ်အဝါရောင်အမှုန်များ အပြည့်ရှိနေသည်။

"ဟား"

ဘစ်ကင်းက အားပါးတရ ပြောလိုက်၏။

"အများကြီးပါလား"

"ဟုတ်တယ်၊ ဒီတစ်ပတ်ကတော့ တော်တော်ကလေး အခြေအနေကောင်းတဲ့ ရက်သတ္တပတ်ပါပဲ"

ဘစ်ကင်းသည် မယုံကြည်နိုင်လောက်အောင် များပြားသော အလေးချိန်ကို သဘောကျသောကြောင့် ပုလင်းကို နောက်တစ်ကြိမ် ကြည့်လိုက်ပြန်၏။ ကိုခြေကျိုးက သတ္တုရိုင်းများကို အက်ဆစ်နှင့် စားသောနည်းမှာ မသေသပ်လှသောကြောင့် ထိုရွှေသည် အနည်းဆုံး ဆယ်ခြောက်ကာရက်လောက်သာ ရှိပေလိမ့်မည်။

ထိုပုလင်းထဲတွင် ရှိသော ရွှေများမှာ ရွှေကို တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်ရှိ ဟာကွက်ရှိသော နေရာပေါင်း တစ်ဒါဇင်ခန့်မှ ဂျိုးဇက်အမ်ကာတီလို ပုဂ္ဂိုလ်များက တစ်ပတ်အတွင်း စုဆောင်းရရှိထားသော ရွှေများပင် ဖြစ်သည်။ ထိုရွှေများထဲမှ ရွှေအချို့မှာ ရွှေကို သန့်စင်သည့်နေရာတွင် ကုမ္ပဏီက ထုထဲစွာ ချထားသော လက်နက်ကိုင် အစောင့်အကြပ်များ၏ မျက်စိရှေ့မှောက်မှ ထုတ်ယူလာခဲ့ခြင်းပင် ဖြစ်သည်။

ဤကဲ့သို့ ကုမ္ပဏီပိုင် ရွှေများကို ခိုးကြောင်ခိုးဝှက်နှင့် ကဲ့ထုတ်ယူသည့် လုပ်ငန်းထဲတွင် ပါဝင်နေသူများမှာ ရှန်းဂန်းလူမျိုးများသာ ဖြစ်ကြသည်။ ထိုအော်ပရေးရှင်းကြီးတစ်ခုလုံးကို ရွှေကြောင့် ဖြစ်ပေါ်လာမည့် လောဘနှင့် ဒေါသများက ပျက်ပြားသွားစေနိုင်သည်။ ထိုလောဘနှင့် ဒေါသများကို ထိရောက်စွာ ဟန့်ထားနိုင်အောင် ဩဇာအာဏာနှင့် အရှိန်အဝါရှိသူမှာ တစ်ဦးတည်းသာ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် ရှန်းဂန်းအင်ဒူနာပင် ဖြစ်တော့သည်။ ၎င်းအပြင် ထိုရွှေများကို ရောင်းချရာ၌ ပေါ်တူဂီစကားကို လည်လည်ဝယ်ဝယ် ပြောဆိုတတ်ရုံမျှသာမက ကိုယ်လုံး ကိုယ်ထည်အရ အဟန့်ရှိသူမှာ ဘစ်ကင်းတစ်ဦးတည်းသာ ဖြစ်ပေသည်။

ဘစ်ကင်းသည် ထိုပုလင်းကို သူ့အိတ်ထဲသို့ ထည့်လိုက်၏။ ထိုပုလင်း၏ အလေးချိန်က သူ့အဝတ်အစားများကို ပုံပျက်ပန်းပျက်ဖြစ်အောင် အောက်

ဘက်သို့ ဆွဲချနေလေသည်။

"သမင်တစ်ကောင်လို ပြေးပေတော့ ကိုခြေကျိုးရေ"

ဘစ်ကင်းသည် မည်းမှောင်နေသော ဥမင်လိုဏ်ခေါင်းအဝင်ဝသို့ ပြန်လှည့်သွားတော့သည်။

"ကျားသစ်တစ်ကောင်လို အမဲလိုက်ပါ၊ ကင်းကူလူး"

ဒုက္ခိတကလေးသည် တခစ်ခစ်ရယ်လိုက်ပြီးနောက် လှုပ်ရှားနေသော အရိပ်များအကြားတွင် တိုးဝင်ပျောက်ကွယ်၍ သွားလေတော့သည်။

□

[၂၉]

"ဘောက်ဆာဆေးတံဆေးတစ်ထုပ်ပေးပါ"

ဘစ်ကင်းက ပြောလိုက်ခြင်း ဖြစ်သည်။ ကုမ္ပဏီ၏ ခွင့်ပြုချက်ဖြင့် မိုင်းတွင်းဧရိယာထဲတွင် စတိုးဆိုင်ဖွင့်ခွင့် ရရှိထားသူ ပေါ်တူဂီလူမျိုး ဆိုင်ပိုင်ရှင် ဂျိုဆေးအယ်လ်မိုင်ဒါက မျက်စိကို အနည်းငယ် မှေးလိုက်၏။ သူက စင်ပေါ်မှ အဝါရောင်လေးအောင်စထုပ်တစ်ထုပ်ကို လှမ်းယူလိုက်ပြီး ကောင်တာပေါ်မှ ကျော်၍ လှမ်းပေးရင်း ဘစ်ကင်းပေးသောငွေကို လက်ခံ၍ အကြွေများကို ဘစ်ကင်း၏ လက်ဖဝါးထဲသို့ ရေတွက်ပြီး ထည့်ပေးလိုက်သည်။

ကြီးမားထွားကျိုင်းသော လူဘီလူးကြီးသည် ဆိုင်ရှေ့မှ ပြန်ထွက်သွားပြီး ညအမှောင်ထုထဲတွင် ပျောက်ကွယ်သွားသည်ကို သူက စောင့်ကြည့်နေလိုက်သည်။

"မင်းပဲ ဆက်တာဝန်ယူလိုက်"

ဂျိုဆေးအယ်လ်မိုင်ဒါက ပေါ်တူဂီဘာသာနှင့် ခပ်ပုပုဝဝ သူ့ဇနီးအား လှမ်းပြောလိုက်ရာ ဇနီးဖြစ်သူက နားလည်ဟန်ဖြင့် ဂဏန်းတွက်စက်နောက်ရှိ ဂျိုဆေးအယ်လ်မိုင်ဒါ၏ နေရာတွင် ဝင်ယူလိုက်သည်။ ဂျိုဆေးအယ်လ်မိုင်ဒါသည် စတိုခန်းနောက်ဘက်တွင်ရှိသော နေအိမ်ခန်းများဆီသို့ ဝင်သွားတော့သည်။

ဘစ်ကင်းသည် မှောင်ရိပ်ထဲက စောင့်နေသည်။ နောက်ဖေးဘက်မှ တံခါးပွင့်လာသောအခါ ဘစ်ကင်းသည် အိမ်ထဲသို့ လှစ်ခနဲ ဝင်လိုက်ပြီး ဂျိုဆေးက တံခါးကို ပြန်ပိတ်လိုက်သည်။ ဂျိုဆေးက ရုံးခန်းအဖြစ် ပြုလုပ်ထားသော အခန်းကလေးတစ်ခန်းထဲသို့ ဝင်သွားပြီး ကြောင်အိမ်ထဲမှ ရွှေကုန်သည်များ အသုံးပြုသော ချိန်ခွင်ကလေးတစ်လုံးကို ထုတ်ယူလာသည်။ သူသည် ဘစ်ကင်း၏ မျက်စိရှေ့မှောက်မှာပင် ရွှေကို စတင်၍ ချိန်တွယ်တော့သည်။

ဂျိုဆေးအယ်လ်မိုင်ဒါသည် ကစ်ချနာဗီးလ်မြို့တွင်ရှိသော မိုင်းတွင်းကြီး ငါးတွင်းမှ တရားမဝင် ခိုး၍ ရောင်းချသည် ရွှေများကို တစ်အောင်စလျှင် ရန်းငွေ ငါးကျပ်ဖြင့် ဝယ်ယူပြီး ရန်းငွေဆယ်ခြောက်ကျပ်ဖြင့် ပြန်လည် ရောင်းချနေသူ ဖြစ်သည်။ တောင်အာဖရိကတွင် မှတ်ပုံတင်မထားသောရွှေကို တရားမဝင်ထားရှိပါက ထောင်ဒဏ်ငါးနှစ်အထိ အပြစ်ပေးခံရနိုင်သော ရာဇဝတ်ပြစ်မှု ဖြစ်သည်ဆိုသော အချက်ကြောင့် စွန့်စွန့်စားစား လုပ်ကိုင်နေရခြင်း ဖြစ်သဖြင့် အမြတ်များများ ယူထားရခြင်း ဖြစ်ပါသည်ဟု သူ့ကိုယ်သူ ဆင်ခြေပေးလေ့ရှိသည်။

ဂျိုဆေးအယ်လ်မိုင်ဒါသည် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးရှိသူ ဖြစ်ပြီး မည်းနက်၍ ရှည်လျားသော ဆံပင်ကို နဖူးပေါ်မှ ဦးခေါင်းပေါ်သို့ မကြာခဏ ပြန်တင်နေရသူဖြစ်သည်။ သူ၏ အညိုရောင်မျက်လုံးကြီးများက စူးစူးရဲရဲကြည့်တတ်သလို လက်သည်းများကလည်း ညစ်ပတ်နေတတ်သည်။ အယ်လ်မိုင်ဒါသည် ကပိုကရိုဆံပင်နှင့် ညစ်ပတ်နေသော အသွင်အပြင်ရှိသော်လည်း သူသည် နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ချေ။

သူတစ်ဦးတည်းသာ မိုင်းတွင်းနယ်မြေတွင် စတိုးဆိုင်ဖွင့်နိုင်ခွင့်အတွက် ကုမ္ပဏီက တောင်းခံသော ရန်းငွေလေးသောင်းကို ပေးဆောင်နိုင်သူဖြစ်သည်။ ထို့ကြောင့် သူ့ထံတွင် ဖောက်သည်အဖြစ် လခကောင်းကောင်းရနေသော ဘန်တုလူမည်း အမျိုးသားပေါင်း သောင်းနှစ်ထောင်ရှိနေပြီး သူပေးခဲ့ရသော ရန်းငွေလေးသောင်းကို ပထမနှစ်အတွင်းမှာပင် ပြန်လည်၍ ရရှိခဲ့သည်။ သူသည် ရွှေကို ယခုလို တရားမဝင် ရောင်းဝယ်သည့် လုပ်ငန်းအား စွန့်စွန့်စားစား လုပ်ကိုင်နေရန် လိုအပ်သူမဟုတ်ပါ။ သို့ရာတွင် ရွှေသည် အလွန်ထူးဆန်းသော သတ္တုဖြစ်သည်။ ထိုသတ္တုက ၎င်းကို မတော်လောဘနှင့် လာရောက်ထိကိုင်သူများအား ဝိသမလောဘရောဂါစွဲကပ်သွားစေလေ့ ရှိသည်။

ဂျိုဆေးက ပြောလိုက်၏။

"၂၁၆ အောင်စ"

သူ့ချိန်ခွင်သည် ဝယ်သူဘက်သို့ နှစ်ဆယ်ရာခိုင်နှုန်း အသာစီးရအောင် ပြုပြင်ထားသော ချိန်ခွင်ဖြစ်သည်။

"ရန်းငွေ တစ်ထောင်ရှစ်ဆယ်ပေါ့"

ဘစ်ကင်းက ပေါ်တူဂီဘာသာနှင့် ပြောလိုက်ရာ ဂျိုဆေးသည် အခန်းထောင့် တွင်ရှိသော အစိမ်းရောင်ခဲသေတ္တာကြီးဆီသို့ ထသွားလေတော့သည်။

□

[၃၀]

တယ်ရီစတိုင်းနားသည် သမ္မတဟိုတယ်မှ 'ဂရိတ်အင်ဂေဝယ်'ဘားကောင်တာသို့ နေ့လယ်တစ်နာရီဆယ်လေးမိနစ်တိတိတွင် ရောက်ရှိလာသည်။ ဟာရီဟတ်ရှ်ဖီလ်က တယ်ရီစတိုင်းနားအား ဆီးကြိုနှုတ်ဆက်ရန် ထိုင်ရာမှ ထလိုက်ချိန်တွင် ဆယ်လေးနှစ်ဆိုသော ကာလသည် လှပသော အမျိုးသမီးတစ်ယောက်အတွက် နောက်ကျသည်ဟု မဆိုနိုင်ကြောင်း တွေးလိုက်မိသည်။ တယ်ရီစတိုင်းနား၏ အသွားကမူ ထိုမျှလောက် နောက်ကျသည်ဆိုပါက စောနေသည်ဟူ၍ပင် ယူဆပေလိမ့်မည်။

"မင်း သိပ်နောက်ကျတယ်"

ဟာရီက အသံပြဲကြီးနှင့် ပြောလိုက်၏။ တယ်ရီအား ပြောဆိုဆုံးမခြင်း အလျှင်းမရှိဘဲနှင့် မသိဟန်ဆောင်လိုက်မည် ဆိုပါက အဓိပ္ပာယ်ရှိလိမ့်မည် မဟုတ်ပါ။

"ရှင်ကလည်း အင်မတန် ဆူတတ် ပူတတ်ပြီး ချစ်စရာကောင်းတဲ့ ဝက်ဝံကြီးကျနေတာပဲ"

တယ်ရီက အဘိုးဖြစ်သူ ရှောင်ထွက်မသွားနိုင်ခင် အဘိုး၏ နှာခေါင်းထိပ်ဖျားကို မွှေးမွှေးပေးလိုက်၏။ ကျေနပ်သွားသော ဟာရီသည် ဆူဆူညံညံနှင့်

ပင် ထိုင်ချလိုက်လေတော့သည်။

"မင်္ဂလာနေ့လယ်ခင်းပါ မစ္စစ်စတိုင်းနား"

ကြက်သွေးရောင် ကုတ်အင်္ကျီကို ဝတ်ဆင်ထားသော စားပွဲထိုးက နှုတ်ဆက်လိုက်၏။

"ခင်ဗျားအတွက် မင်ဟတ်တန် တစ်ခွက်စပ်ပြီး ယူလာခဲ့ရမလား"

"ကျွန်မကို သွားရည်ယိုလာအောင် လုပ်မနေပါနဲ့ သောမတ်ရယ်၊ ကျွန်မ အခု အစားရှောင်နေပါတယ်၊ ကျွန်မ ဆိုဒါတစ်ခွက်ပဲ သောက်ပါမယ်"

"အစားရှောင်တယ်၊ ဟုတ်လား"

ဟာရီက နှာခေါင်းရှုံ့လိုက်၏။

"မင်းက အခုလောလောဆယ်မှာတောင် ပိန်ကပ်ကပ်ကလေး ဖြစ်နေပြီ၊ သူ့ကို မင်ဟတ်တန်တစ်ခွက် စပ်ပေးလိုက်၊ အထဲမှာ ချယ်ရီသီးလည်း ထည့်ပါ သောမတ်၊ ဟတ်ရှ်ဖဲမျိုးနွယ်က အမျိုးသမီးတစ်ယောက်ဟာ အမျိုးသားတစ်ယောက်နဲ့ တူလို့ကို မဖြစ်ဘူး။ မင်းလည်း မဖြစ်စေရဘူး"

ထို့နောက် ဟတ်ရှ်ဖဲလ်က သတိရလာဟန်နှင့် ထပ်ပြောလိုက်၏။

"မင်းအတွက် နေ့လယ်စာကို တစ်ခါတည်း မှာထားတယ်၊ မင်း ငါနဲ့ အတူတူနေတုန်းမှာ ဆာမနေစေရဘူး"

"ရှင်ဟာ တော်တော်ဆိုးတဲ့ အဘိုးကြီးပဲ"

တယ်ရီက ချစ်ချစ်ခင်ခင်နှင့် ပြန်ပြောလိုက်သည်။

"ကဲ၊ အမျိုးသမီးကလေး မင်းနဲ့ငါ နောက်ဆုံးတွေ့ပြီးကတည်းက မင်း ဘာတွေ လုပ်ခဲ့တယ်ဆိုတာ ငါ့ကို ပြောပြစမ်း"

သူတို့နှစ်ယောက်သည် တစ်ဦးအပေါ် တစ်ဦးက ယုံကြည်ရသောမက အင်မတန် ချစ်ခင်သော မိတ်ဆွေနှစ်ဦးပမာ စကားပြောနေကြသည်။ တစ်ဦးအပေါ် တစ်ဦးက ချစ်ခင်မှုသည် သွေးသားတော်စပ်မှုကြောင့် ချစ်ခင်မှုထက် များစွာ သာလွန်နေပေသည်။

သူတို့နှစ်ယောက်သည် ပူးပူးကပ်ကပ်ထိုင်ရင်း ခေါင်းချင်းဆိုင်၍ တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်နေကြသည်။ မြေးအဘိုးနှစ်ယောက် အတူတကွ နေရမှုကို အရသာခံရင်း လောကကြီးကို မေ့နေကြသည်။ ဆီမန်းမန်းသည့်ပမာ တတွတ်တွတ်ပြောနေသော သူတို့၏ စကားများသည် တစ်ခါတစ်ရံတွင် တခစ်ခစ်ရယ်လိုက်မှုနှင့် တစ်ခါတစ်ရံတွင် ဝါးခနဲ ဟားတိုက်၍ ရယ်

လိုက်မှုတို့ကြောင့် ပြတ်တောက်၍ သွားတတ်ပေသည်။

သူတို့နှစ်ယောက်သည် ပတ်ဝန်းကျင်ကို လုံးဝ မေ့နေကြသောကြောင့် စားပွဲထိုးခေါင်းဆောင် ပီတာသည် သူတို့ကို သတိပေးရန် ထရန်စတားခန်းမဆောင်မှ တကူးတက လာရောက်ခဲ့ရလေတော့သည်။

"မစ္စတာဟတ်ရှ်ဖဲလ်၊ မီးဖိုချောင်ထဲက စားတော်ကဲကြီးကတော့ ငိုမလို ရယ်မလို ဖြစ်နေပြီဗျ"

"ဟုတ်ပေတာပေါ့"

ဟာရီဟတ်ရှ်ဖဲလ်သည် ဘားကောင်တာနောက်ဘက်ရှိ ရှေးဟောင်း တိုင်ကပ်နာရီကြီးဆီသို့ လှမ်းကြည့်လိုက်၏။

"နှစ်နာရီတောင် ထိုးတော့မယ်၊ တို့ကို တစ်ယောက်ယောက်က ဘာဖြစ်လို့ လာမပြောကြတာပါလိမ့်"

ကနုကမာများကို ထိုနေ့နံနက်က မိုဆယ်ပင်လယ်အော်မှ လေယာဉ်ဖြင့် သယ်ဆောင်လာခဲ့ခြင်း ဖြစ်ပြီး တယ်ရီသည် ကနုကမာတစ်ကောင်ကို စားပြီးတိုင်း ကျေနပ်သွားမှုကြောင့် သက်ပြင်းတစ်ချက် ချမိလေ့ရှိသည်။

"ဗုဒ္ဓဟူးနေ့က ကျွန်မ မင်းဖရက်နဲ့အတူ ဆွန်ဒါဒစ်ချ်ကို သွားခဲ့သေးတယ်"

"အေး၊ မင်းတို့ဓာတ်ပုံကို သတင်းစာထဲမှာ ငါ တွေ့လိုက်ရပါတယ်"

ဟာရီသည် ဆယ်နှစ်ခုမြောက်နှင့် နောက်ဆုံး ကနုကမာကို အားရပါးရ မျိုချလိုက်၏။

"ကျွန်မကတော့ ဂျင်နရယ်မန်နေဂျာအသစ်ကို သဘောကျတယ်"

ဟာရီသည် ခက်ရင်းကို ပြန်ချလိုက်ပြီးနောက် ဖျော့တော့နေသော သူ့ပါးပြင်ပေါ်တွင် ဒေါသကြောင့် ပန်းနုရောင် သမ်းသွားတော့သည်။

"မင်းက ဖရက်ဒ်ပလန်မားကို ပြောတာလား"

"မဟုတ်တရုတ်တွေကို မပြောပါနဲ့ အဘိုးကြီးရယ်၊ ကျွန်မက ရော်ဒနီ အိုင်းရွန်းဆိုက်ဒ်ကို ပြောတာပါ"

"ဟို ရေခဲစိမ်ငါးက မင်းကို နားသွင်းထားလိုက်ပြီပေါ့၊ ဟုတ်လား"

ဟာရီက ဒေါသနှင့် မေးလိုက်၏။

"မင်းဖရက်ကို ပြောတာလား"

ထိုမေးခွန်းကြောင့် တယ်ရီတစ်ယောက် အမှန်တကယ် အံ့အားသင့်သွား

ကြောင်း ဟာရီမြင်လိုက်ရသည်။

"သူနဲ့ အဲဒါနဲ့ ဘယ်လိုသက်ဆိုင်လို့တုန်း"

"ကောင်းပြီလေ၊ အဲဒါကို မေ့ပစ်လိုက်ပေတော့"

ဟာရီက ခေါင်းကို ခါယမ်းယင်း ထိုကိစ္စကို ခေါင်းထဲက မောင်းထုတ်ပစ်လိုက်၏။

"မင်းက အိုင်းရွန်းဆိုက်ဒ်ကို ဘာဖြစ်လို့ သဘောကျရတာလဲ"

"သူ စကားပြောတာကို ကြားရဖူးသလား"

"မကြားဖူးဘူး"

"သူစကားပြော သိပ်ကောင်းတယ်၊ ဒီလူဟာ မိုင်းတွင်းတူးတဲ့ နေရာမှာလဲ ပထမတန်းစားပုဂ္ဂိုလ် ဖြစ်လိမ့်မယ်လို့ ကျွန်မ ထင်တယ်"

"ဟုတ်တယ်လေ"

ဟာရီက ခေါင်းညိတ်လိုက်၏။ ဟာရီသည် မယုတ်မလွန် ပြန်ဖြေလိုက်ပြီး တယ်ရီကို အကဲခတ်နေသည်။

ပီတာက တယ်ရီ၏ပန်းကန်ပြားကို လှမ်းယူသိမ်းယူလိုက်၏။ ပန်းကန်ပြားကို ထိုကဲ့သို့ လာသိမ်းလိုက်သောကြောင့် အကြံအိုက်နေသော တယ်ရီ့အတွက် အသက်ရှူပေါက်ကလေး ရရှိသွားစေခဲ့သည်။ ရောဒ် အိုင်းရွန်းဆိုက်ဒ်သည် သူ ထင်ထားသကဲ့သို့ ထိုရာထူးအတွက် သေချာသူ မဟုတ်ကြောင်း တယ်ရီသည် လွန်ခဲ့သောစက္ကန့်ပိုင်းအတွင်းက နားလည်သွားခဲ့ရသည်။ တကယ်တကယ်က လည်း ဘိုးဘိုးက ဖရက်ဒ်ပလန်းမားအား ဂျင်နရယ်မန်နေဂျာရာထူးအတွက် ရွေးချယ်ထားပြီး ဖြစ်နေလေပြီ။ ဤတွင် ဂျင်နရယ်မန်နေဂျာ ရာထူးအတွက် ရောဒ်အိုင်းရွန်းဆိုက်ဒ်အား ဘိုးဘိုးက မမြင်ချင်ယောင်ဆောင်ပြီး ကျော်မသွားအောင် အညစ်ပတ်ဆုံး အတွင်းကြိတ်ထိုးနက် တိုက်ခိုက်နည်းများကိုပင် သုံးစွဲတော့ရန် တယ်ရီက ဆုံးဖြတ်လိုက်သည်။

ပီတာသည် ကျောက်ပုစွန်ထုပ်ကြီးများ ထည့်ထားသော ပန်းကန်များကို သူတို့ရှေ့တွင် လာချပေးသည်။ ပီတာ ပြန်ထွက်သွားသည်နှင့် တစ်ပြိုင်နက် တယ်ရီက ဟာရီအား မော့ကြည့်လိုက်၏။ တယ်ရီသည် နဂိုကပင် ကြီးမားကျယ်ဝန်းလှသော မျက်လုံးကြီးများအား ပို၍ ကြီးမားကျယ်ဝန်းလာအောင် လှည့်စားသော အတတ်ပညာကို ပြောင်မြောက်စွာ တတ်ကျွမ်းထားလေပြီ။ တယ်ရီသည် မျက်လုံးကြီးများကို ပိုကျယ်အောင် လုပ်လိုက်ခြင်းဖြင့် သူ့မျက်လုံးနှစ်လုံးကို

မျက်ရည်များနှင့် ပြည့်လျှံသွားစေနိုင်သည်။ ထိုပြုလုပ်ချက်၏ ထိရောက်မှုကလည်း အစွမ်းထက်လှပေသည်။

"ဒီမှာ ဘိုးဘိုး၊ ကျွန်မဖြင့် သူ့ကို ကြည့်ပြီး ခါတပ်ပုံထဲက ဖေဖေ့ကို သိပ်သတိရတာပဲ"

တယ်ရီ၏ဖခင် ဗိုလ်မှူးကြီးဘားနတ်ဟာတ်ရှ်ဖဲလ်သည် 'ဆီဒီရီဖေး' တိုက်ပွဲတွင် တင်ကားထဲ၌ မီးလောင်ပြီး သေဆုံးခဲ့ရရှာသည်။ ရှုံ့မဲ့သွားသော ဟာရီဟာတ်ရှ်ဖဲလ်၏ အမူအရာကို မြင်ရသောကြောင့် တယ်ရီသည် အပြစ်ရှိသူပမာ ခံစားလိုက်ရသည်။ သူလိုချင်သော ရလဒ်ကို ရရှိစေရေးအတွက် ထိုမျှလောက် ရက်စက်သောလက်နက်ကို သုံးစွဲသင့်ပါသလား။

ဟာရီသည် ကျောက်ပုစွန်တုပ်ကြီးကို ခက်ရင်းနှင့် ထိုးနေသည်။ ဟာရီ သည် ခေါင်းငုံ့ထားသောကြောင့် သူ့မျက်နှာထားကို တယ်ရီ မမြင်ရပါ။ တယ်ရီ က ဟာရီ၏ လက်ကို လှမ်းကိုင်လိုက်၏။

"ဘိုးဘိုး"

တယ်ရီက လေသံကလေးနှင့် ခေါ်လိုက်ရာ ဟာရီဟာတ်ရှ်ဖဲလ်က ပြန်မော့ကြည့်သည်။ ဟာရီ၏ အမူအရာတွင် ချုပ်တည်းထားရသော စိတ်လှုပ်ရှားမှုကို မြင်တွေ့နေရ၏။

"မင်းပြောတာ သိပ်မှန်တယ်ကွာ၊ တကယ်မှန်တယ်၊ အဲဒီငတိဟာ ဘာနီနဲ့ နည်းနည်းတူတယ်၊ မင်း ဖေဖေနဲ့ ငါတို့ရဲ့ ဟိုတုန်းက အကြောင်းတွေကို မင်းကို ပြောပြဖူးရဲ့လား..."

တယ်ရီသည် စိတ်သက်သာရာ ရရှိသွားသောကြောင့် မူးဝေသွားသလိုလို ခံစားလိုက်ရသည်။ "ကျွန်မက ဘိုးဘိုးကို ဝေဒနာပေးတာ မဟုတ်ပါဘူး၊ သူ ကိုယ်တိုင်က အဲဒီစိတ်ကူးကို သဘောကျနေတာပါ"ဟု တယ်ရီက ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်၏။ တယ်ရီသည် အမျိုးသမီးများတွင် ရှိတတ်သော ထူးခြားသည့် အသိအာရုံဖြင့် ဟာရီဟာတ်ရှ်ဖဲလ် ပထမဆုံးဖြတ်ထားသည့် ကိစ္စကို ပြန်ဖျက်နိုင်အောင် လုပ်နိုင်ခဲ့လေပြီ။

[၃၁]

စိတ်သက်သာသွားမှုကြောင့် ကြည်နူးနေသော မင်းဖရက်စကိုင်းနားသည် အနှာရာယ်ကင်း ခါးပတ်ကိုပတ်ရင်း ဘိုးရင်း ၇၀၇ ပေါ်မှ သူ့ထိုင်ခုံပေါ်တွင် နောက်မှီ၍ ထိုင်လိုက်သည်။

အိုင်းရှန်းဆိုက်ဒ်ကို ဂျင်နရယ်မန်နေဂျာရာထူးတွင် ခန့်လိုက်လေပြီ။ သူ့အတွက် စိတ်ချရပေပြီ။ လွန်ခဲ့သော နှစ်နာရီက ဟာရီဟာတ်ရှိဖလ်က သူ့အား နှုတ်ဆက်စကားပြောရန်နှင့် ရွှေဈေးအကြောင်း ပြင်သစ်နှင့် ဆွေးနွေးပွဲ၌ ကံကောင်းပါစေဟု ဆုတောင်းပေးရန် လှမ်းခေါ်လိုက်သည်။ မင်းဖရက်သည် ဟာရီဟာတ်ရှိဖလ်၏ ရှေ့တွင် မတ်တတ်ရပ်ရင်း ထိုကိစ္စအား စကားလမ်းကြောင်း ထဲသို့ သဘာဝကျကျ ရောက်ရှိလာအောင် မည်သို့မည်ပုံ ပြုလုပ်ရမည်နည်းဟု သွေးရူးသွေးတန်း တွေးနေမိသည်။ ဟာရီက မင်းဖရက် မပင်ပန်းရလေအောင် ဝင်၍ ကယ်ဆယ်လိုက်၏။

"ဒါနဲ့ စကားမစပ် ငါက အိုင်းရှန်းဆိုက်ဒ်ကို ဆွန်ဒါဒစ်ချ်မှာ ခန့်ထားလိုက်ပြီ၊ ငါတို့က လူငယ်လူရွယ်တွေကို စီမံခန့်ခွဲရေးပိုင်းမှာ နေရာပေးဖို့ အချိန်တန်ပြီလို့ ယူဆတယ်"

ထိုကိစ္စမှာ ထိုမျှလောက်ပင် လွယ်ကူခဲ့ပါသည်။ လွန်ခဲ့သော လေးညက သူ့အား အိပ်မပျော်အောင် စိတ်ပူနေစေခဲ့သော ထိတ်လန့်စရာကိစ္စများသည် ယခုအချိန်တွင် ပျောက်ကွယ်သွားကြလေပြီ။ အိုင်းရှန်းဆိုက်ဒ်ကို ခန့်လိုက်ပြီ။ သူ ပါရီသို့သွားပြီး သူတို့ကို ပြောပြနိုင်လေပြီ။ အိုင်းရှန်းဆိုက်ဒ် ကိုယ်လူဖြစ်ပြီ။ အလုပ်စဖို့ပဲ လိုတော့သည်။

အင်ဂျင်စက်သံ ပြောင်းလဲသွားပြီး ဘိုးရင်း လေယာဉ်ပျံကြီးသည် ရှေ့သို့ ရွေ့လျားစပြုလေပြီ။ မင်းဖရက်သည် လေယာဉ်ပြတင်းပေါက်မှ လှမ်းကြည့် လိုက်သော်လည်း ဂျန်စမတ်လေဆိပ်ရှိ ဆင်ဝင်ပေါ်၌ အခြားလိုက်ပို့သူများနှင့် အတူ ရောနှောနေသော တယ်ရီကို ခွဲခြား၍ မမြင်ရပါ။ သူ စီးလာသော လေယာဉ်ပျံသည် ရပ်ထားသော ပင်အမေရိကန် ဘိုးရင်းလေယာဉ်ပျံတစ်စီးကို ကျော်ဖြတ်သွားရာ သူကြည့်နေသော မြင်ကွင်းကို ကွယ်ပစ်လိုက်သောကြောင့် မင်းဖရက်သည် ရှေ့တည့်တည့်သို့သော ပြန်ကြည့်လိုက်ရလေတော့သည်။ ဖြန်း ခနဲ ဆိုသလိုပင် မင်းဖရက်၏ နားခေါင်းသည် အနံ့တစ်ခုကို ထောင်းခနဲ ရှူ လိုက်မိလေရာ သူက ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။

သူ့နံဘေးတွင် ရှိနေသော ခရီးသည်သည် ကုတ်အင်္ကျီကို ချွတ်ပစ်ထား လေပြီ။ ထိုပုဂ္ဂိုလ်သည် ထွားကျိုင်းသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး ကိုယ်နံ့ ပျောက်ဆေးခဲကို သုံးစွဲသူတစ်ဦး မဟုတ်ကြောင်း သိသာလှသည်။ စိတ်ဓာတ် ချောက်ချားသွားသော မင်းဖရက်သည် နံဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက် ၏။ လေယာဉ်ပျံပေါ်တွင် လူပြည့်နေသောကြောင့် ကုလားထိုင်နေရာကို ပြောင်းလဲ၍ ထိုင်ရန် မဖြစ်နိုင်တော့ပါ။ ၎င်းအပြင် သူ့နံဘေးတွင်ရှိနေသော ခပ်ထွားထွားပုဂ္ဂိုလ်က စီးကရက်ဘူးတစ်ဘူးကို အိတ်ထဲက ထုတ်ယူလိုက်၏။

"ခင်ဗျား ဆေးလိပ်သောက်လို့ ဘယ်ဖြစ်ပါ့မလဲ"

မင်းဖရက်က အော်ပြောလိုက်၏။

"ဟိုစာတန်းက မီးလင်းနေတုန်းပဲဗျ"

ထိုပုဂ္ဂိုလ်ထံမှ ချွေးနံ့နှင့် စီးကရက်နံ့တို့ကို သူ မည်သည်နည်းနှင့်မှ သည်းခံနိုင်လိမ့်မည် မဟုတ်ပါ။

ထိုလူက ဖြေလိုက်၏။

"ကျုပ် ခုထက်ထိ ဆေးလိပ်မသောက်သေးပါဘူးဗျာ"

ထိုပုဂ္ဂိုလ်သည် စီးကရက်တစ်လိပ်ကို နှုတ်ခမ်းနှစ်ခုအကြားတွင် ညှပ် ထားလိုက်ပြီးနောက် မီးခြစ်ကို ကျန်လက်တစ်ဖက်က အဆင်သင့် ကိုင်ထားသည်။

နိုင်ရိုဘီအထိ မိုင်ပေါင်း နှစ်ထောင်နီးပါး ရှိနေပါကလားဟု တွေးမိသော မင်းဖရက်သည် ဝမ်းဗိုက်ထဲက လိပ်၍ လိပ်၍ တက်လာလေတော့သည်။

❐

[၃၂]

"တယ်ရီ၊ ချစ်ချစ်၊ ကိုယ်က အရိုင်းအစိုင်းတွေ ခုန်ပေါက်နေကြတာကို ကြည့်ဖို့ ဒီလောက်တောင် ဝေးတဲ့ ကာစ်ချူနာဝီးလ်ကို ဘာဖြစ်လို့ သွားရမှာလဲကွ"

"ဂျိုင်းရယ်၊ ကိုယ်ကို ကူညီတဲ့ သဘောမျိုးပါကွာ"

တယ်ရီသည် တယ်လီဖုန်းထဲသို့ တောင်းပန်စကားပြောလိုက်၏။

"ဒါဆိုရင် ဒီရက်သတ္တပတ် နားရက်က ကိုယ့်အစီအစဉ်ကလေးတွေ အားလုံး ပျက်စီးကုန်ပြီပေါ့။ ကိုယ်က ကလေးတွေကို သူတို့အဘွားဆီ ပို့ထားပြီးပြီ၊ ကိုယ်က 'ဂျာမနီက မြို့ငယ်ကလေးတစ်မြို့'* ဆိုတဲ့ စာအုပ်ကိုလည်း ရှာထားပြီးပြီ၊ အဲဒီစာအုပ်ကို ဇိမ်ရှိရှိ ဖတ်ပြီး ..."

"ဒီမှာ ဂျိုင်း၊ မင်းဟာ ကိုယ့်အတွက် နောက်ဆုံး မျှော်လင့်ချက်ပါပဲကွာ"

"ကိုယ်တို့ ဘယ်အချိန်လောက်ကျရင် အိမ်ပြန်ရောက်နိုင်မလဲ"

ဂျိုင်းတစ်ယောက် လေသံပျော့သွားလေပြီ။ တယ်ရီက သူ့ဘက်က ထိုး ဖောက်နိုင်စွမ်းရှိသည်ကို သိလိုက်သောကြောင့် တရကြမ်းနင်း၍ ရှေ့သို့ အတင်း လိုက်တော့သည်။

"မိုင်းတွင်းမှာ မင်းနဲ့ ခပ်ချောချော အမျိုးသားတစ်ယောက်ယောက်နဲ့ တွေ့ကြပြီး အဲဒီ ကိုယ်တော်ချောက မင်းကို"

"ဟင်အင်း၊ ကျေးဇူးတင်ပါတယ်"

ဂျိုင်းသည် လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်က လင်မယားကွာရှင်းခဲ့သူ ဖြစ်သည်။ အချို့သောပုဂ္ဂိုလ်များသည် အနာကျက်ရန် ပို၍ အချိန်ယူရတတ် သည်။

"ဒီမှာ ဂျိုင်း၊ မင်းက တစ်နေရာရာမှာ ထိုင်ပြီး တစ်သက်လုံး ငူငူ ငေါင်ငေါင်လုပ်မနေနိုင်ပါဘူးကွာ၊ မင်း လိုက်ခဲ့နော်၊ ကိုယ် နာရီဝက်အတွင်း လာခေါ်မယ်"

ဂျိုင်းက စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းချလိုက်၏။

"နင့်ကို ငါမုန်းတယ် တယ်ရီစတိုင်းနား"

"နာရီဝက်ပဲနော်"

တယ်ရီသည် ဂျိုင်းက စိတ်မပြောင်းခင် တယ်လီဖုန်းစကားပြောခွက် ကို ကမန်းကတန်း ပြန်ချပစ်လိုက်သည်။

"ကိုယ် ဂေါက်သီးပဲ ကစားမယ်၊ ဒီနေ့ဟာ စနေနေ့ကွ၊ ကိုယ် ဂေါက် သီးပဲ ကစားမယ်"

---

* A small town in Germany, by John le Carre

ဒေါက်တာဒင်နီယယ်စတန်းဒါးက ခေါင်းမာမာနှင့် ပြောလိုက်၏။

"ကိုယ်က မင်းကို 'ဘလွန်းဖွန်တိန်'အထိ ကားမောင်းပြီး လိုက်ပို့ရတာ ကို မင်း မှတ်မိမှာပေါ့"

ရော့ဒ်က စပြောလိုက်သည်တွင် ဒန်စတန်းဒါးက ကမန်းကတန်း ဖြတ် ပြောလိုက်၏။

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကိုယ် သတိရပါပြီ၊ မင်းက အဲဒီကိစ္စကို အစပြန်ဖော်ပေးစရာ မလိုပါဘူး"

"ဒီမှာ စတန်းဒါး၊ မင်းအပေါ်မှာ ကိုယ့်ကျေးဇူးတွေ အများကြီး ရှိတယ်ကွ"

ရော့ဒ်က ဒန်စတန်းဒါးအား သတိပေးလိုက်၏။

"ကိုယ် မင်းဆီက အစားပြန်တောင်းတာက အသုံးမကျလှတဲ့ စနေနေ့ ညနေခင်းကလေးတစ်ခုပါကွာ၊ အဲဒါက သိပ်ပြီး ကြီးကျယ်နေလို့လား"

"ကိုယ်က ကိုယ့်မိတ်ဆွေတွေကို ကတိမဖျက်ချင်ဘူး၊ အခုကိစ္စက အစောကြီးကတည်းက ချိန်းထားခဲ့တာကွ"

ဒန်စတန်းဒါးက မလွှတ်‚လွှတ်အောင် ကြိုးစားပြီး တိမ်းရှောင်လိုက် သည်။

"ကိုယ်က ဘင်ကို တယ်လီဖုန်းဆက်ပြီးပါပြီ၊ သူက မင်းနေရာမှာ အစားဝင်ပြီး ကစားပေးပါလိမ့်မယ်"

ဒန်သည် စိတ်မချမ်းမသာနှင့် ရှည်ကြာစွာ ငြိမ်သက်သွားပြီးနောက် ပြန်မေးလိုက်၏။

"အဲဒီအမျိုးသမီးက ဘယ်လိုပုံစံမျိုးလဲ"

"အဲဒီအမျိုးသမီးက သိပ်ချောတယ်၊ ပိုက်ဆံလည်း ရှိတယ်၊ အရက် ချက်တဲ့ စက်ရုံတစ်ရုံကိုတောင် ပိုင်တယ်"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

ဒန်စတန်းဒါးက ငေါ်တော့တော့ ပြောလိုက်၏။

"ကိုယ် မင်းနိုင်းတဲ့အတိုင်း လုပ်ပါတော့မယ်၊ ဒါပေမဲ့ အခုအချိန်က စပြီး မောင်မင်းက ကျွန်ုပ်အပေါ်၌ တင်ရှိနေသော အကြွေးများကို အကျေအလည် ပေးဆပ်ပြီး ဖြစ်သည်ဟု ကျုပ်က မှတ်ယူလိုက်တော့မယ်၊ ဒါပဲ"

"ကိုယ်က မင်းကို သဘောတူညီကြောင်း စာနဲ့ပေနဲ့ရေးပြီး ပြန်ပေး

ထားပါမယ်"

ရောဒ်ကလည်း သဘောတူလိုက်သည်။

မိုင်းတွင်းကလပ်အဆောက်အအုံရှေ့သို့ ဒီနံမလာမော်တော်ကားကြီး ရောက်လာချိန်အထိ ဒန်သည် သုန်မှုန်နေဆဲပင်။ သူနှင့် ရောဒ်တို့သည် အမျိုးသမီးများအတွက် သီးသန့်ဖွင့်လှစ်ထားသော အရက်ရောင်းချသည် အခန်းထဲမှ စည်သည်များကို စောင့်နေကြသည်။

ဒန်သည် တတိယမြောက် ဘီယာကို မှာလိုက်၏။

ရောဒ်က ပြောလိုက်သည်။

"သူတို့ လာကြပြီ"

"အဲဒါ သူတို့လား"

ဒန်သည် မှန်ပြတင်းပေါက်မှ လှမ်းကြည့်ရင်း သူ့ထံမှ စိတ်ညစ်ညူးမှု မှန်သမျှသည် အံ့ဩစရာကောင်းလောက်အောင် ပျောက်ကွယ်သွားလေတော့သည်။ အမျိုးသမီးနှစ်ယောက် မော်တော်ကားထဲက ဆင်းနိုင်အောင် ယဉ်မောင်းသူက တံခါးဖွင့်ပေးနေသည်။ အမျိုးသမီးနှစ်ယောက်စလုံးသည် ပန်းပွင့်ကြီးများနှင့် ပုံဖော်ထားသော ပွင့်ရိုက်အဝတ်အစားများကို ဝတ်ဆင်လာကြပြီး နေကာမျက်မှန်များကို တပ်ထားကြသည်။

"ဟုတ်တယ်၊ သူတို့ပဲ"

"တယ်နိပ်ပါကလား"

ဒန်စတာန်းဒါးက ရှားရှားပါးပါး ချီးမွမ်းလိုက်၏။

"ဘယ်ဟာက ကိုယ့်အတွက်လဲ"

"ရွှေရောင်ဆံပင်"

"ဟား"

ဒန်စတာန်းဒါးသည် သူတို့နှစ်ယောက် တွေ့ကြသည့်အချိန်မှ စ၍ ပထမဦးဆုံးအကြိမ်အဖြစ် ပြုံးလိုက်တော့သည်။

"ကိုယ်တို့က ဒီမှာ ဘာကိစ္စနဲ့ မတ်တတ်ရပ်နေကြတာလဲကွ"

"သိပ်ဟုတ်တာပေါ့"

ဝမ်းဗိုက်ထဲက အလိပ်လိုက် အလိပ်လိုက် ကြွတက်နေသော ရောဒ်သည် ရှေ့ဘက်လှေကားမှ တယ်ရီ့ထံသို့ ဆင်းသွားတော့သည်။

"မစ္စစ်စတိုင်းနား။ ခင်ဗျား ဒီကိုလာတဲ့အတွက် ကျုပ် သိပ်ကို ဝမ်းသာ

မိပါတယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာအိုင်းရွန်းဆိုက်ဒ်"

တယ်ရီသည် ကျောင်းသူကလေးတစ်ယောက်ပမာ ကိုယ့်ကိုယ်ကို စိတ် မချနိုင်ဘဲ ရှက်သွေးဖြာသွားသည်။ ပျာယာခတ်သွားသည်။

"ကျွန်မက ရှင့်ကို မစ္စစ်အောလ်ဘရိုက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်၊ ဂျိုင်း ဒါက ရောဒ်ဒနီအိုင်းရွန်းဆိုက်ဒ်လေ"

"ဟယ်လို"

ရောဒ်က သူ့လက်ကို ဆုပ်ကိုင်ရင်း ပြုံး၍ နှုတ်ဆက်လိုက်၏။

"ခု အချိန်ကတော့ ဂျင်သောက်ရမယ် အချိန်ပါပဲဗျာ"

ဒန်စတာန်းဒါးသည် သူတို့လူစုအား ဘားခန်းမှ စောင့်နေသည်။ ရောဒ် က အားလုံးနှင့် မိတ်ဆက်ပေးလိုက်၏။

"ဂျိုင်းက လူမျိုးစုတွေ ကတာကို ကြည့်ချင်လွန်းလို့ သူ့ခများ ဒီလို ကြည့်ခွင့်ရအောင် စောင့်နေခဲ့ရတာ ကြာလှပါပြီ"

သူတို့အားလုံး ဘားခန်းမှ ခွေးခြေကလေးများပေါ်တွင် ထိုင်လိုက်မိကြစဉ် တယ်ရီက ပြောလိုက်၏။ တယ်ရီ၏ စကားကြောင့် ဂျိုင်းသည် ခေတ္တမျှ ကြက်သေ သေသွားသည်။

"မင်း သိပ်သဘောကျမှာပါ"

ဒန်က ထောက်ခံရင်း ဂျိုင်း၏ တံတောင်ဆစ်နားတွင် ဝင်၍ နေရာယူလိုက်၏။

"ကိုယ်ကတော့ ဒီကပွဲကို တခြား ဘာနဲ့မှ မလဲနိုင်ဘူး"

ဂျိုင်းသည် ကိုယ်လုံးကိုယ်ပေါက် သေးသွယ်၍ အရပ်မြင့်သူဖြစ်ပြီး ပခုံးပေါ်အထိ ရောက်အောင် ရှည်လျားသော ရွှေရောင်ဆံပင်ရှည်ကြီးများ ရှိသူဖြစ်သည်။ ဂျိုင်း၏မျက်လုံးများမှာ အေးချမ်းသော အစိမ်းရောင်ဖြစ်သော်လည်း ပြုံးလိုက်သည့်အခါ ဂျိုင်း၏ နှုတ်ခမ်းများသည် နူးညံ့ပြီး နွေးနွေးထွေးထွေး ဖြစ်လာကြသည်။ ယခုအချိန်တွင် ဂျိုင်းသည် ဒန်စတာန်းဒါး၏ မျက်လုံးများအား စူးစူးစိုက်စိုက် ပြန်ကြည့်ရင်း ပြုံးပြလိုက်၏။

"ကျွန်မကလည်း ထိုနည်းလည်းကောင်းပါပဲရှင်"

ဤတွင် ရောဒ်သည် တယ်ရီစတိုင်းနားအား အားရပါးရ အာရုံစိုက်၍ ပြုစုနိုင်တော့မည်ကို သိလိုက်သောကြောင့် စိတ်သက်သာရာရရှိသွားလေတော့

သည်။ ဖျိုင်းအောလ်ဘာရိုက်ကို ဒန်စတန်းဒါးက လိုသည်ထက် ပို၍ ပြုစုနေပေလိမ့်မည်။ ဒန်က အားလုံးအတွက် အရက်မှာလိုက်ပြီးနောက် လေးယောက်စလုံးသည် ရိုးရာကပွဲကို မေ့လျော့သွားကြလေတော့သည်။

တစ်ချိန်တွင် ရောဒ်က တယ်ရီစတိုင်နားအား ပြောလိုက်သည်။

"ကိုယ် ဒီကနေ့ညနေ ဂျိုဟန်နာစဘတ်ခ်ကို သွားမလို့ မင်းယာဉ်မောင်းကို တစ်ညနေလုံး ဒီမှာ ထိုင်စောင့်နိုင်းထားရင် အဓိပ္ပာယ်မရှိပါဘူးကွာ၊ သူ့ကို ပြန်လွှတ်လိုက်ပါ၊ ကိုယ် မင်းကို ပြန်ပို့ပေးပါမယ်"

"ကောင်းတယ်"

တယ်ရီကလည်း ချက်ချင်း သဘောတူလိုက်သည်။

"ရှင်ကပဲ ကျေးဇူးပြုပြီး သူ့ကိုပြောပေးပါလားရှင်"

ရောဒ်က သူ့လက်ပတ်နာရီအား နောက်တစ်ကြိမ်ကြည့်မိသည် အချိန်တွင် ညနေ သုံးနာရီခွဲနေလေပြီ။

"ဘုရားသခင် ကယ်တော်မူပါ"

ရောဒ်က အထိတ်တလန့် အော်လိုက်၏။

"ကိုယ်တို့ ခပ်မြန်မြန်မသွားကြရင် ကပွဲကြီး ပြီးသွားလိမ့်မယ်"

တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းဆိုင်နေကြသော ဒန်နှင့် ဖျိုင်း တို့သည် အင်တင်တင်နှင့် ကိုယ်ကို ပြန်ခွာလိုက်ကြသည်။

အလယ်ကွက်လပ်ကို ပတ်ပတ်လည်မှ ထိုင်ခုံများနှင့် ဝိုင်းရံထားသော ကပွဲရုံထဲ၌ လူပြည့်ကျပ်နေသည်။ ကပွဲကို လာကြည့်သူများသည် စိတ်လှုပ်ရှားနေကြသောကြောင့် နွားရိုင်းသတ်ပွဲသို့ လာရောက်ကြည့်ရှုသော လူအုပ်ကြီးပမာ တိုးတိုးဝှေ့ဝှေ့နှင့် ပျော်ပျော်ရွှင်ရွှင် သွားလာ လှုပ်ရှားနေကြသည်။

ရောဒ်နှင့် ဒန်သည် ထိုလူအုပ်ကြီးထဲတွင် အမျိုးသမီးနှစ်ဦးအတွက် လမ်းထွင်ပေးကြပြီး သူတို့အတွက် သီးသန့်ချန်ထားနိုင်းသော ရှေ့ဆုံးတန်းမှ နေရာဆီသို့ လာခဲ့ကြ၏။ သူတို့ ထိုင်မိကြသောအခါ လေးယောက်စလုံး ရယ်ရယ်မောမောနှင့် စိတ်လှုပ်ရှားမှုက သူတို့ထံသို့ ကူးစက်လာသည်အပြင် သောက်ထားသော အရက်ရှိန်ကြောင့် စိတ်လှုပ်ရှားနေကြခြင်း ဖြစ်သည်။

"ရှန်းဂန်းတွေ"

ထိုအော်သံကြောင့် ပရိသတ်ကြီးက အဝင်ဝဆီသို့ လည်ဆန့်၍ မျှော်ကြည့်လိုက်ကြ၏။ အဝင်ဝမှ ဆယ်နှစ်ယောက်ခန့်ရှိသော ဗုံတီးသူများ ဝင်လာ

ကြလေပြီ။ သူတို့သည် ဗုံရှည်ကြီးများကို သားရေကြိုးစိမ်းကြိုးများနှင့် လည်ပင်းတွင် ဆွဲလာကြပြီး စက်ဝိုင်းသဏ္ဌာန်ရှိသော မြေသားစင်မြင့်ပေါ်တွင် ပတ်ပတ်လည်မှနေရာယူလိုက်ကြသည်။

ဗုံကို တစ်ချက်ချင်း ခပ်ဆတ်ဆတ် တီးခတ်လိုက်သံသည် ဗုံတီးသူတစ်ယောက်ထံမှ ဆက်တိုက်ထွက်ပေါ်လာလေရာ ဇာတ်ရုံကြီးတစ်ခုလုံးသည် ငြိမ်ကျသွားလေတော့သည်။

နံငယ်ပိုင်းကလေးများကလွဲ၍ ခန္ဓာကိုယ်ပေါ်တွင် မည်သည့် အဝတ်အစား ကိုမှ ဝတ်ဆင်မထားသော ဗုံတီးသူများသည် ဗုံရှည်ကြီးများကို ဒူးနှစ်ဖက်နှင့် ညှပ်ရင်း ကိုယ်ကို ရှေ့သို့ ကိုင်း၍ ကကွက်၏ အခြေခံစည်းချက်ကို စတင် ပုံဖော်ပြီး တီးခတ်တော့သည်။ ထိုဗုံသံမှာ ပြတ်တောင်း ပြတ်တောင်းနှင့် စိတ် ချောက်ချားစေသော ဗုံသံဖြစ်သည်။ အကြောအခြင်များကို ပြတ်တောက်သွားစေသကဲ့သို့ လူကို ဖိုးခနဲ ဖက်ခနဲ တွန့်လိမ်ကောက်ကွေးသွားစေသော ဗုံသံဖြစ်သည်။ ထိုဗုံသံသည် နားထောင်သူတိုင်းကို စိတ်လှုပ်ရှားစေရုံမျှသာမက စိတ်ပါဝင်စားလာစေနိုင်သော အာဖရိကတိုက်တစ်တိုက်လုံးနှင့် အာဖရိကတိုက်မှ လူမည်းတို့၏ သွေးခုန်သံပင် ဖြစ်သည်။

ထိုနောက်တွင်ကား ကခုန်ကြမည့် ပုဂ္ဂိုလ်များသည် ရှပ်တိုက်၍ တတန်း ပြီးတစ်တန်း ဝင်လာကြတော့သည်။ သူတို့၏ ဦးခေါင်းပေါ်မှ အလှအပအဖြစ် မွှမ်းမံထားသော ငှက်မွေးငှက်တောင်များသည် ခါယမ်းနေကြသလို လက်ကောက် ဝတ်နှင့် ခြေချင်းဝတ်တို့တွင် ဝတ်ဆင်ထားသော ပစ္စည်းများကလည်း တဒေါက် ဒေါက်မြည်နေကြသည်။ သူတို့၏ မည်းနက်သော ကြွက်သားကြီးများသည် စိတ်လှုပ်ရှားမှုကြောင့် ထွက်ပေါ်လာသော ချွေးများဖြင့် ပြောင်လက်နေကြပြီး ဗုံသံများက ၎င်းတို့အား အသက်သွင်းပေးနေသည့်အလား တဖြည်းဖြည်းနှင့် စတင် လှုပ်ရှားလာကြတော့သည်။

ထိုနောက် သမင်ချိုကို ပြုလုပ်ထားသော ခရာအား မှုတ်လိုက်သံသည် ဗူးဗူးရှုရှု ပေါ်ထွက်လာလေရာ စင်မြင့်ပေါ်တွင် ရှိနေသော ကခုန်နေသူများသည် လေမွှေအမွှေ ခံလိုက်ရသော သစ်ရွက်ခြောက်များပမာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ပုံစံအသစ်၊ အနေအထားအသစ်သို့ ပြောင်းလဲသွားလေတော့သည်။ ဤတွင် ရှင်းသွားသော သူတို့၏အလယ်ကောင်၌ ကြီးမားထွားကျိုင်းသော အသွင်သဏ္ဌာန်တစ်ခုကို မြင်ကြရပြန်သည်။

"ဘစ်ကင်း"

ပွဲကြည့်ပရိသတ်တစ်ခုလုံးသည် ထိုနာမည်ကြောင့် စိတ်သက်သာရာရရှိသွားပြီး သက်ပြင်းရှည်ကြီးများကို ချလိုက်ကြသည်။ ချက်ချင်းလိုလိုပင် ဗုံသံ၏ နရီစည်းချက်သည် ချက်ချင်းပြောင်းလဲသွားလေ၏။ ကခုန်နေသူများကလည်း ကျောက်တုံးကျောက်ခဲများ ပေါများသော ကမ်းခြေသို့ လှိုင်းလုံးကြီးများ လာရောက် ရိုက်ခတ်လိုက်သည့်ပမာ လည်ချောင်းသံပါအောင် ရှူးရှူးရှဲရှဲနှင့် အသံကုန်ခြစ်၍ အော်ဟစ်လိုက်ကြ၏။

ဘစ်ကင်းသည် လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်းလိုက်ပြီးနောက် မဟူရာရောင် ကျောက်တိုင်ကြီးနှစ်လုံးနှင့်တူသော ခြေထောက်နှစ်ဖက်ပေါ်တွင် ကိုယ်ကို ထိန်းရင်း သူ့ဦးခေါင်းကို နောက်ဘက်သို့ လှန်ပစ်လိုက်သည်။ ဘစ်ကင်းက ရှူးရှူးရှဲရှဲလှသော အသံနှင့် အော်လိုက်ရာ ချက်ချင်း တုံ့ပြန်သည့်အနေဖြင့် ကနေသူ အားလုံး၏ ညာဘက်ဒူးခေါင်းမှန်သမျှသည် ရင်ဘတ်ဆီသို့ မြင့်တက်လာကြလေတော့သည်။ ထိုခြေထောက်များသည် စက္ကန့်ဝက်ခန့် ရပ်သွားပြီးနောက် ဖိနပ်မပါသော ခြေဖဝါးနှစ်ရာသည် ကပွဲရုံကြီးတစ်ခုလုံး တုန်သွားအောင် ဆောင့်နင်းချလိုက်ကြလေတော့သည်။ ရှန်းဂန်းလူမည်းများ စတင်၍ ကခုန်လိုက်ကြလေတော့သည်။ ထိုသို့ ကခုန်ကြသည်နှင့် တစ်ပြိုင်နက် ကြည့်နေသူများသည် အကကို စိတ်ဝင်စားသွားကြပြီး လောကကြီးကို မေ့သွားကြလေတော့သည်။

တစ်ကြိမ်တွင် ရောဒ်သည် ကပွဲကို စိတ်ဝင်စားစွာ ကြည့်နေမိရာမှ မျက်စိကို အတင်းခွာ၍ နံဘေးသို့ လှမ်းကြည့်လိုက်မိ၏။ တယ်ရီစတိုင်းနားသည် ခုံတန်းလျားပေါ်တွင် ကိုယ်ကို ရှေ့သို့ ကိုင်း၍ ထိုင်ရင်း ဟနေသော နှုတ်ခမ်း၊ တလက်လက်တောက်နေသော မျက်လုံးအစုံဖြင့် ရမ္မက်သွေးကြွစေသော လူရိုင်းတို့၏ အကကို စိတ်ဝင်တစား ကြည့်နေသည်။

ဇွိုင်းနှင့် ဒန်တို့သည် ပခုံးချင်း၊ ပေါင်ချင်း ထိကပ်၍ ပူးပူးကပ်ကပ် ထိုင်နေကြရုံမျှသာမက တစ်ယောက်လက်ကို ကျန်တစ်ယောက်က ကိုင်ထားကြလေရာ ရောဒ်သည် စစ်ခနဲ နာကျင်သွားပြီး မနာလိုသလို ဖြစ်သွားရလေတော့သည်။

ကပွဲပြီးပြီးနောက် အမျိုးသမီးများ၏ ဘားခန်းထဲ၌ ပြန်၍ ထိုင်မိကြသောအခါ စကားအနည်းငယ်သာ ပြောဖြစ်ကြတော့သည်။ သူတို့သည် ကြွထ

လာသော စိတ်ဆန္ဒရိုင်းများနှင့် လှုပ်ရှားအရ ချုပ်တည်းထားရမှုများကြောင့် စိတ်ကျဉ်းကျပ်မှုများ ဖြစ်ပေါ်လာရပြီး နေမထိထိုင်မသာ ဖြစ်နေကြသည်။

နောက်ဆုံးတွင် ရောဒ်က ပြောလိုက်၏။

"ကဲ၊ ကိုယ်က ခင်ဗျားတို့ အမျိုးသမီးနှစ်ယောက်ကို သင့်တင့်လျောက်ပတ်သောအချိန်မှာ ဂျိုဟန်နာစဘတ်ခ်ကို အရောက်ပြန်ပို့ရမယ်ဆိုရင် ..."

ဒန်နှင့် ဇွိုင်းတို့က ပြိုင်တူပြောလိုက်ကြသည်။

"စိတ်မပူပါနဲ့ ရောဒ်၊ ကိုယ် ..."

"ဒန်က သူလိုက်ပို့မယ်လို့ပြော ..."

ထို့နောက် သူတို့နှစ်ယောက်သည် ဖြုန်းခနဲ ရပ်တန့်သွားကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ရှက်ပြုံးကလေး ပြုံးလိုက်ကြသည်။

"ဒန်က သူ ဂျိုဟန်နာစဘတ်ခ်ကို သွားဖို့ရှိတာကို ဖြုန်းခနဲ သတိရလာပြီး မင်းကို လိုက်ပို့ပေးမယ်လို့ သူက ပြောလိုက်တယ် ထင်ပါရဲ့"

ရောဒ်က ခြောက်ကပ်ကပ်နှင့် ပြောလိုက်ရာ သူတို့နှစ်ယောက်စလုံးက ရယ်မောပြီး အတည်ပြုလိုက်ကြလေတော့သည်။

"ဒါဆိုရင် ကိုယ်တို့က ကိုယ့်ဘာသာကိုယ် သွားကြရတော့မလို ဖြစ်နေပြီ မစ္စစ်စတိုင်းနား"

ရောဒ်က တယ်ရီစတိုင်းနားဘက်သို့ လှည့်လိုက်၏။ တယ်ရီက ဖြေလိုက်သည်။

"ကျွန်မ ရှင့်ကို ယုံကြည်ပါမယ်"

"မင်းက သူ့ကို အဲဒီလို ယုံကြည်တယ်ဆိုရင် မင်း ရူးလို့ပဲ ဖြစ်ရမယ်"

ဒန်က ပြန်ဖြေလိုက်၏။

*

မာဆီရာတီမော်တော်ကား၏ အပြင်ဘက်တွင် မှောင်စပြုလာလေပြီ။ မိုးကုပ်စက်ဝိုင်းသည် မည်းမှောင်နေသော မိုးကောင်းကင်ကြီးထဲတွင် ရောနှော ပျောက်ကွယ်သွားစဉ် သူတို့ ပတ်ဝန်းကျင်ရှိ မြက်ခင်းပြင်ထဲမှ မီးရောင်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်နှင့် ပေါ်လာကြလေတော့သည်။

ရောဒ်က ကားရှေ့မှ မီးကြီးများကို ဖွင့်လိုက်ရာ ဒိုင်ခွက်များ ရှိနေသော ဒက်ရှ်ဘုတ်မှ ခပ်မှိန်မှိန်လင်းလာသည်။ ထိုအလင်းရောင်က မော်တော်ကား

အတွင်းပိုင်းအား ပြင်ပလောကနှင့် တသီးတခြားရှိနေသော နွေးထွေးသည့် ကမ္ဘာကလေးအဖြစ်သို့ ပြောင်းလဲပစ်လိုက်လေတော့သည်။ မော်တော်ကားကို ဝင်ရောက် တိုးဝှေ့နေသောလေက ခပ်တိုးတိုးကလေး အသံပေးနေစဉ် မော်တော်ကားတာယာနှင့် အင်ဂျင်စက်သံများကလည်း ညင်ညင်သာသာကလေး ညည်းညူနေကြသည်။

တယ်ရီစတိုင်းနားသည် ခြေထောက်နှစ်ချောင်းကို ခန္ဓာကိုယ်အောက်သို့ သွင်းထားပြီး နူးညံ့သော နီညိုရောင်သားရေနှင့် ချုပ်ထားသည့် ထိုင်ခုံခွက်ခွက်ကလေးပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်နေသည်။ ကားရှေ့မှ မီးရောင်တန်းကိုသာ စိုက်ကြည့်နေသော တယ်ရီသည် တုံ့ဂိုဘာဝေ ဆိတ်ဆိတ်နေပုံရသော်လည်း ရောဒ်စိတ်ထဲတွင် စိတ်ချင်းရင်းနှီးနေသလို ခံစားနေရသည်။ ရောဒ်သည် မိနစ်အနည်းငယ်ကြာတိုင်း မျက်စိကို လမ်းပေါ်မှ ခွာ၍ တယ်ရီ၏ ဘေးတိုက်မျက်နှာကို ခေတ္တမျှ လှမ်းလှမ်းကြည့်လေ ရှိသည်။ သူက ယခုတစ်ကြိမ် ကြည့်လိုက်ချိန်တွင် တယ်ရီက သူ့အကြည့်ကို နူးနူးရဲရဲ တုံ့ပြန်လိုက်၏။ တယ်ရီက မေးလိုက်သည်။

"အခုကိစ္စက ဘယ်လိုဖြစ်ပျက်နေတယ်ဆိုတာ ရှင် နားလည်ရဲ့လား"

ရောဒ်ကလည်း ပွင့်ပွင့်လင်းလင်း ပြန်ဖြေသည်။

"နားလည်ပါတယ်"

"ရှင့်အတွက် ဘယ်လောက်အထိ အန္တရာယ်ကြီးမားတယ်ဆိုတာကိုရော ရှင်သိရဲ့လား"

"မင်းမှာကော အန္တရာယ် မရှိနိုင်ဘူးလား"

"ဟင့်အင်း၊ ကျွန်မမှာ အန္တရာယ်မရှိပါဘူး၊ ကျွန်မကို ဘယ်လိုကိစ္စကမှ အန္တရာယ်မပြုနိုင်ပါဘူး၊ ကျွန်မက ဟာတ်ရှိဖဲလ်မိသားစုဝင်တစ်ယောက်ပဲ၊ ဒါပေမဲ့ ဒီကိစ္စက ရှင့်ကိုတော့ ပျက်စီးသွားအောင် ဒုက္ခပေးနိုင်တယ်"

ရောဒ်က ပခုံးကို တွန့်လိုက်၏။

"ကိုယ်တို့က အလုပ်တစ်ခုကို မလုပ်ခင် ဘယ်လိုဖြစ်လာလိမ့်မယ်ဆိုတာကိုသာ တွက်ချက်နေခဲ့လို့ရှိရင် ဘယ်သူမှ ဘာကိုမှ လုပ်ဖြစ်ကြတော့မှာ မဟုတ်ဘူး"

"ကျွန်မဟာ ကိုယ့်အတွက် ပျော်ရွှင်မှုသက်သက်ကိုသာ လိုက်ရှာနေတဲ့ ချမ်းသာပြီး ပျက်စီးနေတဲ့ မိန်းကလေးတစ်ယောက်ပဲလို့ ရှင် တစ်ခါမှ မတွေး

မိဘူးလား၊ ကျွန်မက အဲဒါမျိုးကို ထပ်တလဲလဲ လျှောက်လုပ်နေတာမျိုးတောင် ဖြစ်နိုင်တယ်"

"မင်း အဲဒီလို လုပ်မယ်ဆိုတာ ဖြစ်နိုင်ပါတယ်"

ရောဒ်က သဘောတူလိုက်သည်။ သူတို့နှစ်ယောက်စလုံးသည် အတန်ငယ်ကြာအောင် တိတ်ဆိတ်သွားကြပြီးနောက် တယ်ရီက စကားပြောလိုက်ပြန်၏။

"ရောဒ်"

တယ်ရီက ရောဒ်ကို နာမည်နှင့် ပထမဦးဆုံးအကြိမ် စတင်၍ ခေါ်ဝေါ် လိုက်ခြင်း ဖြစ်သည်။

"အင်း၊ ဘာပါလိမ့်"

"ကျွန်မ အဲဒီလိုလျှောက်လုပ်မနေဘူးဆိုတာ ရှင် သိပါတယ်၊ ကျွန်မ တကယ် မလုပ်ခဲ့ပါဘူး"

"ကိုယ်ကလည်း အဲဒါကို တွေးမိပါတယ်"

"ကျေးဇူးတင်ပါတယ်"

တယ်ရီသည် လက်ကိုင်အိတ်ကို ဖွင့်လိုက်၏။

"ကျွန်မ စီးကရက်တစ်လိပ် သောက်ချင်နေတယ်၊ ကျွန်မဟာ ချောက်ကမ်းပါးစွန်းမှာ မတ်တတ်ရပ်နေပြီး အောက်ကို ခုန်ချပစ်ချင်စိတ် ပေါက်နေတဲ့ လူတစ်ယောက်လို ခံစားနေရတယ်"

"ကိုယ့်အတွက်လဲ တစ်လိပ်မီးညှိပေးပါ တယ်ရီ"

"ရှင်ကရော သောက်ချင်နေပြီလား"

"သိပ်သောက်ချင်နေတယ်"

သူတို့နှစ်ယောက်သည် ရှေ့တူရူသို့ကြည့်ရင်း ဆေးလိပ်ကို တိတ်တိတ်ဆိတ်ဆိတ် သောက်နေကြသည်။ ထို့နောက် တယ်ရီသည် မှန်တံခါးကို အောက်သို့ နှိမ့်ချပြီးနောက် စီးကရက်တိုကို အပြင်သို့ လွှင့်ပစ်လိုက်လေတော့သည်။

"ရှင် အဲဒီအလုပ်ကို ရသွားပြီဆိုတာ ရှင်သိတယ်မဟုတ်လား"

တယ်ရီသည် သူ့အား တစ်နေ့လုံးလုံး ထိုစကားကို ပြောပြချင်စိတ် ဖြစ်ပေါ်နေခဲ့မိသည်။ တယ်ရီ၏ ခန္ဓာကိုယ်ထဲတွင် သွေးများ ဆူပွက်နေခဲ့သည်။ တယ်ရီသည် ရောဒ်၏မျက်နှာအား စောင့်ကြည့်လိုက်ရာ သူ့နှုတ်ခမ်းများသည် တောင့်တင်းသွားပြီး မျက်လုံးများ မှေးသွားကြသည်ကို မြင်လိုက်ရလေတော့သည်။

“ရှင် ကျွန်မပြောတာကို ကြားရဲ့လား”

တယ်ရီက နောက်ဆုံးတွင် မေးလိုက်ရာ ရောဒ်သည် မာဆီရာတီကို ဘရိတ်အုပ်လိုက်ပြီးနောက် မော်တော်ကားကို လမ်းဘေးသို့ ဆွဲချပြီး သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

“တယ်ရီ၊ မင်း ဘာပြောလိုက်တာလဲ”

“ရှင် အဲဒီအလုပ်ကို ရပြီလို့ ကျွန်မ ပြောတာ”

“ဘာ အလုပ်လဲ”

သူက ခပ်မာမာ မေးလိုက်၏။

“ဒီကနေ့မနက်တုန်းက ညွှန်ကြားချက်ပေါ်မှာ ဘိုးဘိုးလက်မှတ်ထိုးပေးလိုက်ပြီ၊ အဲဒီအမိန့်ကို တနင်္လာနေ့ကျရင် ရှင်ရလိမ့်မယ်၊ ရှင်ဟာ ဆွန်ဒါဒစ်ချ်ရဲ့ ဂျင်နရယ်မန်နေဂျာအသစ်ပဲ”

‘ကျွန်မက ရှင်အတွက် ရအောင် ဝင်ကူညီပေးလိုက်တာ’ ဟု ဆက်ပြောချင်စိတ်ပင် ဖြစ်ပေါ်လာမိသည်။

တယ်ရီက ဒီစကားကို သူ စိတ်ပျက်သွားအောင် တစ်သက်လုံး မပြောတော့ပါဟု ကိုယ့်ကိုယ်ကို ကတိပေးလိုက်သည်။ အဲဒီအလုပ်ဟာ တယ်ရီကပေးသော လက်ဆောင်မဟုတ်ဘဲ သူ့အစွမ်းအစနှင့်သူ ထိုက်ထိုက်တန်တန် ရသွားသည်ဟုသာ ထင်စေချင်မိပါသည်။

❐

[၃၃]

ထိုနေ့သည် စနေနေ့ညဖြစ်သည်။ အမှိုက်ပုံမြို့တော်အတွက် ပွဲတော်ညပင်ဖြစ်သည်။ ဘလောဘတ်သတ္တုတွင်းသည် ကစ်ချနာဗီးလ်မြို့တွင် အစောဆုံး စ၍ ရွှေတူးဖော်ခဲ့သော သတ္တုတွင်းဖြစ်သည်။ ထိုသတ္တုတွင်း၏ အချို့သောနယ်မြေများတွင် ရွှေများကို ကုန်စင်အောင် တူးဖော်ပြီးစီးပြီ ဖြစ်သဖြင့် မိုင်းတွင်းထဲမှ တူးဖော်ထုတ်ယူထားသော မြေကြီးပုံများသည် အဆမတန် ကြီးမား

နေကြသလို မည်သူကမျှ ဂရုတစိုက် မရှိကြတော့ပါ။

ထိုအမှိုက်ပုံကြီးများ၏ အကြားရှိ တောင်ကြားကလေးများထဲတွင် လူတစ်ရပ်ကျော်မြင့်သော ကိုင်းပင်၊ ပေါင်းပင်များ ပေါက်နေကြသည်။ ထိုကိုင်းပင်၊ ပေါင်းပင်များအကြားတွင် ကျူးကျော်ရပ်ကွက်ကလေးတစ်ခု ဖြစ်ပေါ်နေသည်။ ထိုကျူးကျော်ရပ်ကွက်ကလေးတွင် နေထိုင်သူများက သူတို့နေထိုင်ရာအရပ်ကို အမှိုက်ပုံမြို့တော်ဟု မှည့်ခေါ်ထားသည်။ ထိုနေရာရှိ အဆောက်အအုံများကို စွန့်ပစ်ထားသော သွပ်ပြားများ၊ သံစည်ပိုင်းများကို ဖြတ်တောက်၍ ပြားချပ်နေအောင် ပြုလုပ်ထားသော သံပြားများနှင့် ဆောက်လုပ်ထားကြသည်။ ထိုနေရာတွင် တသွင်သွင်စီးနေသော ရေမရှိသလို သန့်ရှင်းမှုလည်း အလျှင်းမရှိပါ။

အမှိုက်ပုံမြို့တော်သည် လမ်းမကြီးများနှင့် ဝေးကွာပြီး ပတ်ဝန်းကျင်တွင် ရှိနေသော သတ္တုတွင်းများမှ လူနေအိမ်များ၊ ကစ်ချနာဗီးလ်မြို့ စသည်တို့နှင့်လည်း မနီးလှပါ။ ထိုနေရာသည် သတ္တုတွင်းထဲမှ တူးဖော်ပြီး မြေပေါ်တွင် စွန့်ပစ်ထားသော မြေကြီးပုံကြီးများအကြား၌ နစ်မြုပ်ပျောက်ကွယ်နေပြီး မြေကျင်းသွားမှသာ ရောက်ရှိနိုင်ပေသည်။ တောင်အာဖရိကမှ ရဲအဖွဲ့ကလည်း ထိုနေရာသို့ တစ်ခေါက်တလေမျှပင် လာ၍ မကြည့်ဖူးသောကြောင့် ထိုနေရာတွင် အမြဲတစေ နေထိုင်ကြသော လူသုံးရာအဖို့ သူတို့၏ ရည်ရွယ်ချက်ကို ရာနှုန်းပြည့် အကောင်အထည် ဖော်နိုင်စွမ်း ရှိကြပေသည်။

ထိုမြို့တော်၌ ရှိရှိသမျှသော အဆောက်အအုံတိုင်းသည် ထိုပတ်ဝန်းကျင်ရှိ မိုင်းတွင်းများမှ ပျော်ချင်ပါးချင်သော အလုပ်သမားများအတွက် အရက်ကို မတန်မဆ မြင့်တင်ထားသော ဈေးနှုန်းဖြင့် ရောင်းချသောနေရာ၊ ဆေးခြောက်ကို အလွယ်တကူ ဝယ်ယူရရှိနိုင်သော နေရာများပင် ဖြစ်ကြပေသည်။

ထိုပုဂ္ဂိုလ်များသည် အရက်ကို အာသီသထားလွန်းသောကြောင့် ထိုနေရာသို့ လာကြခြင်းမဟုတ်ပါ။ သတ္တုတွင်းတိုင်းရှိ ဟိုစတယ်များတွင် အရက်မျိုးစုံကို ကလပ်ဈေးနှုန်းနှင့် ရောင်းချသော ဘားများရှိကြပါသည်။ ဆေးခြောက်အတွက် လာရောက်သူကလည်း အနည်းစုမျှသာ ဖြစ်ပေသည်။ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ကြရသော်လည်း အစားအစာကို ကောင်းကောင်းမွန်မွန်စားသောက်ရသောကြောင့် ကျေနပ်မှု ရရှိနေသော ထိုအလုပ်သမားများထဲတွင် ဆေးခြောက်စွဲသူ အနည်းငယ်မျှသာ ရှိပေသည်။ သူတို့သည် အမျိုးသမီးများနှင့် ပျော်ချင်ပါးချင်ကြသောကြောင့်သာ အမှိုက်ပုံမြို့တော်သို့ လာခဲ့ကြခြင်း

ဖြစ်ပေသည်။

ထိုနေရာတစ်ဝိုက်တွင် သတ္တုတွင်းငါးတွင်းရှိပြီး သတ္တုတွင်းတစ်တွင်းလျှင် အလုပ်သမားတစ်သောင်း သို့မဟုတ် တစ်သောင်းနှစ်ထောင်ခန့် အလုပ်လုပ်နေကြသည်။ အရှိုက်ပုံမြို့တော်တွင် အမျိုးသမီးနှစ်ရာရှိနေသည်။ ထိုပမာဏမှာ မိုင်နှစ်ဆယ် ပတ်လည်အတွင်း အရှိုက်ပုံမြို့တော် တစ်နေရာတည်း၌သာ ရှာတွေ့ရမည့် ပမာဏဖြစ်သည်။

ဘစ်ကင်းသည် အရှိုက်ပုံမြို့တော်ဆီသို့ ချီတက်လာသည်။ ရိုးရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်ထားကြသည်သာမက ကပွဲအပြီးတွင် တဆက်တည်းလာခဲ့ကြခြင်း ဖြစ်သောကြောင့် စိတ်ဓာတ်တက်ကြွနေသော ရှန်းဂန်းလူမျိုး လူထွားကြီး နှစ်ဒါဇင်သည် တိုက်ပွဲဝင်တုတ်များကိုကိုင်ရင်း ဘစ်ကင်းနှင့် အတူ လိုက်ပါလာကြသည်။ ဘစ်ကင်းဦးဆောင်သော ထိုအဖွဲ့သည် ခုန်ဆွ ခုန်ဆွ နှင့် လာနေကြသည်။ သူတို့သည် တေးသီချင်းများကို သီဆိုနေကြသည်။ သို့ရာတွင် သူတို့သီဆိုနေသော တေးသီချင်းများသည် ကောက်စိုက်တေးလည်း မဟုတ်၊ ချစ်ရေးဆိုသော သီချင်းလည်းမဟုတ်၊ အလုပ်လုပ်ရာတွင် ဆိုသော တေးသီချင်းလည်းမဟုတ်၊ ဧည့်ဝတ်ပျူငှာစွာနှင့် လာလော့၊ လာလော့ဟု ဖိတ်ခေါ်သော တေးသီချင်းလည်း မဟုတ်ပါ။

သူတို့သည် တိုက်ပွဲဝင်သီချင်းများကို သီဆိုနေကြခြင်း ဖြစ်သည်။ သူတို့၏ အဘိုး၊ အဘေးများ လက်ထက်က လက်ထဲတွင် လှံတံများကို ကိုင်ဆောင်ရင်း ကျွဲနွားနှင့် ကျေးကျွန်များကို အရှာထွက်ခဲ့စဉ်က သီဆိုခဲ့ကြသော သီချင်းများ ဖြစ်သည်။ ထိုသီချင်းများသည် အလွန်သွေးကြွစေသောကြောင့် ထိုသီချင်းများကို မသီဆိုရဟု ကုမ္ပဏီက ပိတ်ပင် တားမြစ်ထားသည်။

ရှန်းဂန်းလူမည်းတစ်ယောက်သည် ထိုသီချင်းမျိုးကို သီဆိုနေပါက သူ သည် အကြမ်းဖက်ရန် အဆင်သင့်ဖြစ်နေလေပြီ။

ဘစ်ကင်းသည် အနီးဆုံး အဆောက်အအုံရှေ့သို့ ကမူကလေးပေါ်မှ ဆင်းလိုက်ချိန်တွင် သီချင်းသည် ပြီးဆုံးသွားလေတော့သည်။ ဤတွင် ဘစ်ကင်းသည် တံခါးရွက်သဖွယ် အပေါက်ဝတွင် တပ်ဆင်ထားသော ဂုန်နီအိတ်စကို လက်နှင့် ဖယ်ရှားပစ်လိုက်၏။ ဘစ်ကင်းက တံခါးပေါက်မှ ခေါင်းငုံ၍ အထဲသို့ ဝင်လိုက်ရာ သူ့ရဲဘော်ရဲဘက်များသည် သူ့နောက်မှ ကပ်၍ အထဲသို့ စုပြုံပြီး ဝင်လာကြတော့သည်။

ထိုအခန်းထဲတွင် ရုတ်တရက် ငြိမ်ကျသွားသည်။ ထိုအခန်းထဲ၌ မီးခိုးများနှင့် ပြည့်လျှံနေသည့်အပြင် မျက်နှာကျက်၌ တွဲလောင်းဆွဲထားသော ဟာရီကိန်းမီးအိမ်များ၏ အလင်းရောင်ကလည်း မှိန်လွန်းလှသောကြောင့် ဟိုဘက်အစွန်မှ နံရံကိုပင် သဲသဲကွဲကွဲမြင်နိုင်စွမ်းမရှိပါချေ။ ထိုအခန်းထဲတွင် အမျိုးသားများနှင့် ပြည့်နှက်နေသည်။ အမျိုးသားပေါင်းလေးဆယ် သို့မဟုတ် ငါးဆယ်ခန့်ရှိပြီး လူနံ့နှင့် အရက်နံ့သည် အခန်းထဲတွင် မွှန်နေလေသည်။ ထိုလူအုပ်ထဲတွင် အမျိုးသမီးခြောက်ယောက်ခန့်၏ တောက်တောက်ပြောင်ပြောင် ရှိလှသော အဝတ်အစားများကို မြင်နေရသည်။ သို့ရာတွင် ရှန်းဂန်းများ၏ သီချင်းသံကြောင့် စူးစမ်းလိုစိတ်နှင့် ဝင်လာကြသော မိန်းကလေးများကိုလည်း နောက်ဘက်အပေါက်ဝတွင် မြင်နေရသည်။ သူတို့သည် တိုက်ခိုက်ရေးဝတ်စုံကို အပြည့် ဝတ်ဆင်ထားသော ဘစ်ကင်းနှင့် အဖွဲ့ကို မြင်လိုက်ရသည်တွင် ငြိမ်ကျသွားပြီး အကဲခတ်နေကြလေတော့သည်။

ရှန်းဂန်းလူမျိုးတစ်ယောက်က ဘစ်ကင်း၏ ပခုံးနားသို့ ကပ်၍ တိုးတိုး ကလေး ပြောလိုက်၏။

"ဘာဆူးတိုးတွေချ၊ အားလုံး ဘာဆူးတိုးတွေချည်းပဲ"

သူပြောတာမှန်သည်။ ထိုပုဂ္ဂိုလ်အားလုံးသည် တောင်ထုထပ်သော လွတ်လပ်သည့် ပြည်နယ်ကလေးတစ်ခုမှ လာကြသော "ဘာဆူးတိုး"လူမျိုးများပင်တည်း။

ဘစ်ကင်းသည် ဦးခေါင်းပေါ်ရှိ ငှက်မွေးများနှင့် ကျားသစ်သားရေနှင့် ချုပ်ထားသော ဝတ်စုံမှ ခါးစည်းကြိုးများ လှုပ်ခါသွားအောင် ကိုယ်ကို ယိမ်းရင်း ရှေ့သို့ တိုးလာ၏။ သူသည် ခေတ်မမီတော့သော ဘားကောင်တာသို့ ရောက်ရှိလာသည်။

"ဖလိုင်းယင်းဘာတ်ဒ်"

သူက အဆောက်အအုံပိုင်ရှင်အား ပျံနေသောငှက်ဟု ပြောလိုက်ရာ ထို အမျိုးသမီးက လင်းယုန် ဘရန်ဒီ တစ်ပုလင်းကို ကောင်တာပေါ်တွင် ချပေးလိုက်သည်။

ဘစ်ကင်းသည် ဖန်ခွက်ထဲတွင် တစ်ဝက်ခန့်ပြည့်အောင် ထည့်လိုက်ပြီးနောက် လူအားလုံးက ဝိုင်းကြည့်နေကြသည်ကို သိလျက်နှင့်ပင် ထိုဖန်ခွက်ကို မော့ချလိုက်သည်။

ဘစ်ကင်းသည် ခပ်ဖြည်းဖြည်း နောက်ပြန်လှည့်ပြီး အခန်းထဲမှ ပရိသတ် ကို အကဲခတ်လိုက်၏။

"ဘာလဲဟေ့"

သူက တစ်ခန်းလုံး ကြားရအောင် ကျယ်လောင်သောအသံနှင့် အော်မေးလိုက်သည်။

"တောင်ထိပ်မှာ ထိုင်ပြီး သန်းကုတ်တဲ့ အကောင်ဟာ ဘာကောင်တဲ့လဲဟေ့၊ မျောက်လွှဲကျော်လား၊ ဘာဆူးတိုးလား"

ရှန်းဂန်းလူမျိုးများက အားရဝမ်းသာ အော်လိုက်ကြ၏။

"ဘာဆူးတိုးဟေ့"

သူတို့က အော်လိုက်ပြီး ဘားကောင်တာဆီသို့ အတင်းတိုးလာကြလေရာ အခန်းထဲတွင် မကျေနပ်သံများ ပွစိပွစိနှင့် ထွက်ပေါ်လာလေတော့သည်။

ဘာဆူးတိုး လူမျိုးတစ်ယောက်သည် ထိုင်နေရာမှ ခုန်ထလိုက်၏။

"ခေါင်းပေါ်မှာ အမွှေးအတောင်တွေ ရှိပြီး နောက်ချေးပုံထဲက ထတွန်တဲ့ အကောင်ဟာ ဘာကောင်လဲ၊ ကြက်ဖတစ်ကောင်လား၊ ရှန်းဂန်းလား"

လှုပ်ရှားလိုက်သည်ဟု မထင်ရပါပဲနှင့် ဘစ်ကင်းသည် လင်းယုန်ဘရန်ဒီပုလင်းကို ကောက်ကိုင်ပြီး ပေါက်ထည့်လိုက်သည်။ ထိုဘရန်ဒီပုလင်းသည် ဘာဆူးတိုး၏ နဖူးပေါ်တွင် ခွပ်ခနဲမြည်အောင် ထိမှန်သွားလေတော့ရာ သူသည် နောက်ဘက်သို့ လန်ကျသွားသလို သူ့အဖော်နှစ်ယောက်သည်လည်း နောက်ဘက်သို့ ပါသွားလေတော့သည်။

အခန်းတစ်ခန်းလုံး အကြမ်းဖက်မှုကြောင့် ဗရုတ်သုတ်ခဖြစ်သွားချိန်တွင် အဆောက်အအုံပိုင်ရှင် အမျိုးသမီးသည် ဂဏန်းတွက်စက်နှင့် ငွေသေတ္တာကို ကောက်ကိုင်ပြီး တကြိုးတည်းလစ်ပြေးတော့သည်။

ထိုအခန်းထဲတွင် တိုက်ပွဲဝင်တုတ်များကို အသုံးချနိုင်လောက်အောင် နေရာ မကျယ်ဝန်းကြောင်း ဘစ်ကင်းက သဘောပေါက်လိုက်သောကြောင့် ဘားကောင်တာတစ်ပိုင်းကို ခြေထောက်မှ မယူလိုက်ပြီး မြေညီစက်ကြိုးတစ်စီးမှ ဂေါ်ပြားကြီးတစ်ခုပမာ သူ့ရှေ့တွင် ကာရင်း တွေ့သမျှ လူအားလုံးနှင့် ပစ္စည်းအားလုံး ပြားချပ်သွားအောင် ရှေ့သို့ အတင်းတိုးလာခဲ့သည်။

ပရိဘောဂများ ကျိုးပဲ့သွားသံများ၊ ဘစ်ကင်း၏ ဘားကောင်တာနှင့် ခိုက်မိသောကြောင့် အော်ဟစ်လိုက်ကြသော အသံများက ဘစ်ကင်းအား ထိန်းမရနိုင်အောင် ပို၍ သွေးဆူလာစေခဲ့သည်။

ဘာဆူးတိုး လူမည်းများသည်လည်း ဂူနီမျိုးနွယ်စုတွင် တိုက်ရေးခိုက်ရေး၌ အလွန်နာမည်ကျော်သော အုပ်စုဖြစ်သည်။ ကျစ်လျစ်တောင့်တင်းသော ဘာဆူးတိုးတောင်ပေါ်သားများသည် ရှန်းဂန်းလူမည်းများကဲ့သို့ပင် ရန်ပွဲထဲသို့ ဝမ်းသာအားရ အော်ဟစ်ပြီး ဝင်ရောက်လာကြလေရာ ထိုအခန်းကလေးထဲမှ ဆူညံသံများသည် အမိုက်ပုံမြို့တော်တစ်ခုလုံးကို ဖုံးနှံ့သွားစေခဲ့တော့သည်။

အမျိုးသမီးကလေးတစ်ယောက်သည် ကျန်နေသေးသော ဘားကောင်တာ တစ်ခြမ်းပေါ်သို့ တက်၍ မတ်တတ်ရပ်ရင်း ဘန်တုလူမည်းအမျိုးသမီးများက အမျိုးသားများအား စိတ်ဓာတ်တက်ကြွအောင် အားပေးသည့် အသံမျိုးနှင့် အော် ဟစ်အားပေးနေသည်။ နောက်ဆုံးတွင် တစ်ဒါဇင်ခန့်ရှိသော အမျိုးသမီးကလေး များသည် အသံမျိုးစုံနှင့် စုပေါင်း၍ အော်ဟစ်နေကြလေရာ ဘစ်ကင်းအတွက် ပိုမို၍ သွေးကြွစရာ ဖြစ်လာရတော့သည်။

ဘားကောင်တာ၏ အပေါ်ပိုင်းကို ဒိုင်းသဖွယ် သူ့ရှေ့က ကာထားသော ဘစ်ကင်းသည် ထိုအဆောက်အအုံ၏ ပါးလွှာလှသော ကရော်ကမယ် နံရံကလေးကို တည့်တည့်ဝင်တိုးလိုက်ရာ ထိုနံရံသည် စက္ကူအိတ်တစ်လုံးပမာ ပေါက်ထွက်သွားပြီး ခေါင်မိုးကလည်း အိ၍ ပြိုဆင်းလာလေတော့သည်။ ဘစ်ကင်းသည် ကျဉ်းမြောင်းသော မြေလမ်းကလေးအတိုင်း အတင်းပြေးထွက်လာပြီး လမ်းပေါ်တွင် တွေ့သမျှ ပုဂ္ဂိုလ်များကို တိုက်ချသွားသလို ကြိုးပြတ်လာသော နွားသိုးကြီးတစ်ကောင်ပမာ တရကြမ်း ပြေးထွက်လာသောကြောင့် ကြက်များနှင့် ခွေးများသည် လမ်းပေါ်တွင် ကသောင်းကနင်းဖြစ်၍ ကျန်ရစ်ခဲ့ကြလေတော့သည်။

ဘစ်ကင်းသည် မြေလမ်းကလေးဆုံးသွားသည့်အခါ နောက်ဘက်သို့ ပြန်လှည့်လာသည်။ ထိုမြေလမ်းကလေးထဲတွင် လဲကျနေသော လူအချို့မှာအပလှသူလေးပါး ကင်းရှင်းနေသည်ကို တွေ့ရသောကြောင့် ဘစ်ကင်း ပို၍ ဒေါပွလာသည်။ ဘစ်ကင်းသည် သူ ဖောက်ထွက်လာခဲ့သော အပေါက်မှ အထဲသို့ ပြန်ဝင်လာရာ အခန်းထဲတွင်လည်း မကြာသေးမီက ဖြစ်ပွားခဲ့သော ရန်ပွဲမှာ ငြိမ်သက်သွားပြီး ဖြစ်ကြောင်း တွေ့လိုက်ရလေတော့သည်။ ထိုရန်ပွဲထဲတွင် ပါဝင်ခဲ့သူ အချို့သည် ကြမ်းပြင်ပေါ်တွင် ပိုးလိုးပက်လက်ဖြစ်ရင်း ညည်းတွားနေကြလေသည်။

ဘစ်ကင်းက သူ့ခန္ဓာကိုယ်ထဲ၌ ကျန်ရှိနေသေးသော ဒေါသကို အပြင်

သို့ ရောက်လာအောင် ဖွင့်ပေးစေနိုင်မည့် ထွက်ပေါက်ကို လိုက်ရှာလိုက်၏။

“ကင်းကုလု”

ဘားကောင်တာပေါ်၌ ရပ်နေဆဲဖြစ်သော အမျိုးသမီးကလေးက လှမ်းအော်လိုက်သည်။

ဤတွင် ဘစ်ကင်းသည် လက်ထဲတွင် ကိုင်ထားသော ဘားကောင်တာတစ်ပိုင်းကို လွှင့်ပစ်လိုက်ပြီးနောက် အမျိုးသမီးကလေးဆီသို့ လျှောက်သွားလေတော့သည်။

❐

[၃၄]

ထိုနေ့ညသည် ပါရီတွင်လည်း စနေနေ့ညပင် ဖြစ်သည်။ သို့ရာတွင် ရှုးရှိုင်ရယ်လမ်းရှိ သံရုံးများ၏ အပေါ်ထပ်များ၌ မီးရောင်များ လင်းထိန်နေသောကြောင့် အလုပ်လုပ်သူများ ရှိနေကြောင်း သိရလေသည်။

ဂျိုဟန်နာစဘတ်ခ်မြို့ရှိ လောင်းကစားဝိုင်းတွင် အိမ်ရှင်အဖြစ် ဧည့်ခံခဲ့သော လူဝကြီးသည် ယခုအချိန်တွင် ဧည့်သည်တစ်ဦးဘဝသို့ ရောက်ရှိနေလေပြီ။ သူသည် သားရေဖုံးထားသော ဆိုဖာတစ်လုံးပေါ်တွင် အေးဆေးငြိမ်သက်စွာ ထိုင်နေသည်။ ဝဖိုင့်သော ခန္ဓာကိုယ်နှင့် နားထင်နှစ်ဖက်ရှိ ဖြူဖွေးနေသော ဆံပင်ဖြူနှစ်ကွက်တို့က သူ့အား ခန့်ခန့်ညားညား ရှိနေစေသည်။ သူ့မျက်နှာသည် ပြည့်ပြည့်ဖြိုးဖြိုးရှိသလို နေလောင်ထားသောကြောင့် ကြေးနီရောင်ပေါက်နေသည်။ သူသည် အကင်းပါးပုံရသလို မျက်စိကလည်း သူ့လက်စွပ်မှ စိန်ကဲ့သို့ တလက်လက် တောက်နေသည်။

နံရံတစ်ဖက်ပေါ်၌ ပီတ်ကားတစ်ချပ် ရှိနေပြီး ထိုပီတ်ကားပေါ်တွင် ပုံရိပ်တစ်ခုကို ဆလိုက်နှင့် ထိုးပြထားသည်။ ထိုပုံရိပ်၏ နံဘေးတွင် လူဝကြီးနှင့် သက်တူရွယ်တူတစ်ယောက် မတ်တတ်ရပ်နေပြီး လူဝကြီးသည် ထိုပုဂ္ဂိုလ်၏စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ထိုပုဂ္ဂိုလ်၏ ကိုယ်နေဟန်ထားနှင့် အမူအရာတို့ကို အကဲခတ်ရခြင်းဖြင့် ထိုပုဂ္ဂိုလ်သည် အနုပညာရှင်တစ်ယောက်

ဖြစ်ပုံရသည်။ ယခု ထိုပုဂ္ဂိုလ်သည် ပီတ်ကားကို တုတ်တစ်ချောင်းနှင့် ထောက်ပြရင်း ဆိုဖာပေါ်တွင် ထိုင်နေသူကို စကားစပြောတော့သည်။

“အခု ခင်ဗျားမြင်နေရတာကတော့ ကာစ်ချနာဗီးလ် နယ်မြေထဲမှာရှိတဲ့ သတ္တုတွင်းငါးတွင်းကို ဆက်စပ်ပြီး ပြထားတဲ့ ပုံစံပဲ”

ထိုပုဂ္ဂိုလ်က ပီတ်ကားကို တုတ်တံကလေးနှင့် ထောက်ပြလိုက်သည်။

“သွန်ဖွန်တိန်၊ ဘလောဘတ်၊ တွီးဖွန်တိန်၊ ဒီပ်ကိုးလ် လယ်ဗယ်နဲ့ ဆွန်ဒါဒစ်ချ်”

ကုလားထိုင်ပေါ်တွင် ထိုင်နေသူက ခေါင်းညိတ်ပြလိုက်၏။

“ကျုပ် အဲဒီပုံစံကို အလျှင်လည်း တွေ့ဖူးပါတယ်၊ လေ့လည်း လေ့လာဖူးပါတယ်”

“ကောင်းတယ်၊ ဒါဆိုရင် ဆွန်ဒါဒစ်ချ်နယ်မြေဟာ အဲဒီသတ္တုတွင်းတွေရဲ့ အလယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိမှာပဲ၊ ဆွန်ဒါဒစ်ချ်ဟာ အခြားသတ္တုတွင်းလေးတွင်းရဲ့ နယ်မြေတွေနဲ့ တစ်ဆက်တည်း တစ်စပ်တည်း ရှိနေတယ်။ ပြီးတော့လည်း ဒီနေရာမှာ ...”

ထိုပုဂ္ဂိုလ်က ပီတ်ကားကို တုတ်နှင့် ခေါက်ပြလိုက်၏။

“မဟာ ယောက်ချိုကြီးလို ခေါ်ကြတဲ့ အလွန်ကြီးမားသော ဆာပင်တိုင်း ကျောက်ဖျော ကျောက်ထရကြီးက ဖြတ်သန်းသွားပြန်တယ်”

လူဝကြီးသည် နောက်တစ်ကြိမ် ခေါင်းညိတ်လိုက်ပြန်၏။

“အဲဒါကြောင့် ကျုပ်တို့က ဖောက်ဖြတ်မယ့် နေရာအဖြစ် ဆွန်ဒါဒစ်ချ်ကို ရွေးခဲ့တာပေါ့”

ပြောပြနေသော ပုဂ္ဂိုလ်သည် နံရံပေါ်ရှိ ခလုတ်ခုံမှ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ရာ ပီတ်ကားပေါ်မှ အရုပ်သည် ပြောင်းလဲသွားလေတော့သည်။

“ကဲ၊ ဟောဒါကတော့ ခင်ဗျား အလျှင်က မမြင်ဖူးခဲ့တဲ့ ပစ္စည်းပဲ”

ဆိုဖာပေါ်၌ ထိုင်နေသော ပုဂ္ဂိုလ်သည် ရှေ့သို့ ဆန့်လိုက်၏။

“ဘာပါလိမ့်”

“ဟောဒါကတော့ မဟာယောက်ချိုကြီးရဲ့ အရှေ့ဘက်ခြမ်းမှာ ကုမ္ပဏီကြီးငါးခုက လေ့လာ စူးစမ်းတဲ့အနေနဲ့ တူးထားကြတဲ့ အစမ်းတွင်းတွေရဲ့ အဖြေတွေပေါ်မှာ မူတည်ပြီး ရေးဆွဲထားတဲ့ မြေအောက်က မြေပုံပဲ၊ အဲဒီအဖြေ

တွေကို စုပေါင်းပြီး ဘူမိဗေဒနဲ့ ဇလရူပဗေဒနယ်ပယ်က အထူးချွန်ဆုံး ပညာရှင်တွေက အဓိပ္ပာယ်ဖော်ထားကြတယ်၊ အခု ခင်ဗျားမြင်နေရတဲ့ ပုံဟာ မဟာယောက်ချိုကြီးရဲ့ ဟိုဘက်ခြမ်းမှာ ဘာတွေရှိတယ်ဆိုတာ သေသေချာချာ ဝေဖန် သုံးသပ်ပြီး ရေးဆွဲထားတဲ့မြေပုံကြီးပဲ"

စိတ်ရှုပ်သွားသော လူဝကြီးသည် ဆိုဖာပေါ်တွင် နေရာရွေ့၍ ထိုင်လိုက်သည်။

"တော်တော် ကြောက်စရာကောင်းတဲ့ ဟာကြီးပဲ"

"ဟုတ်တယ်၊ တော်တော်ကြောက်ဖို့ ကောင်းတဲ့ဟာကြီးပဲ၊ အဲဒီကျောက်ထုကြီးရဲ့ ဟိုဘက်မှာ မြေအောက်ရေအိုင်ကြီးတစ်ခု ရှိတယ်၊ မဟုတ်သေးဘူး၊ အဲဒီလိုပြောရင် သိပ်မမှန်ဘူး၊ အဲဒါကြီးဟာ 'အိုးရိုး' ရေအိုင်ကြီးလောက်ကြီးမားတဲ့ မြေအောက်ပင်လယ်ကြီးတစ်ခုပဲ၊ အဲဒီရေတွေဟာ ပွရောင်းနေတဲ့ အနှကူ (ဒိုလိုမိုက်) ကျောက်သားတွေထဲမှာ နိုအောင်းနေကြတယ်"

"ဘုရားသခင် ကယ်တော်မူပါ"

လူဝကြီးသည် ပထမဦးဆုံးအကြိမ် ဣန္ဒြေပျက်သွားတော့သည်။

"တကယ်လို့ အဲဒီအတိုင်းသာ မှန်တယ်ဆိုရင် ကုမ္ပဏီကြီးတွေက အဲဒီအဖြေကို ရလာပြီး အဲဒီနေရာကို ဘာဖြစ်လို့ ခပ်ဝေးဝေးက ရှောင်မပြေးကြတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ..."

စကားပြောနေသူသည် နံရံပေါ်မှ ပုရိုပ်ကို မှိတ်ပစ်လိုက်ရာ ဦးခေါင်းပေါ်မှ မီးရောင်များသည် ပြန်၍ လင်းလာကြတော့သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်လိုစိတ်တွေ သိပ်များနေကြတဲ့အတွက် တစ်ယောက်က တွေ့ရှိထားတဲ့ အဖြေတွေကို ကျန်လူတွေက မသိနိုင်ကြဘူး၊ အဲဒီအဖြေတွေကို စုပေါင်းပြီး စဉ်းစားတဲ့အခါကျမှ ဒီရုပ်ပုံလွှာကို ထင်ထင်ရှားရှားကြီး မြင်လာကြရမှာ"

"ခင်ဗျားတို့က အဲဒီအဖြေတွေ အားလုံးကို ဘယ်လိုနည်းနဲ့ ရလာကြတာလဲ"

လူဝကြီးက ထပ်မေးလိုက်၏။

"အဲဒါက အရေးမကြီးပါဘူး"

စကားပြောနေသူက သူပြောနေစဉ် ဖြတ်၍ မေးလိုက်သည်ကို စိတ်

မရှည်ဟန်နှင့် ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဆွန်ဒါဒစ်ချ်သတ္တုတွင်းက ကျောက်သားသုတေသနအဖွဲ့ ခေါင်းဆောင် ဒေါက်တာပီတာဝက်ဆယ် ဆိုသူက ရှာတွေ့ထားတဲ့ အချက်အလက်တွေကိုလည်း ကျုပ်တို့က ရထားတယ်၊ အဲဒီ အစီရင်ခံစာဟာ ကုမ္ပဏီရဲ့ ထိပ်တန်းလျှို့ဝှက် အစီရင်ခံစာတစ်ခုပဲ"

စကားပြောနေသူသည် စားပွဲပေါ်မှ စာတမ်းတစ်ခုကို ကောက်ယူလိုက်၏။

"အဲဒီ အစီရင်ခံစာထဲမှာ ဒေါက်တာဝက်ဆယ်က ကျောက်သားတွေ ကြေမွပြိုကွဲသွားစေမယ့် ပုံစံနဲ့ ကျောက်သားတွေရဲ့ ခံနိုင်ရည်ဒဏ်အားတွေကို ရေးသားထားတယ်၊ ဒေါက်တာဝက်ဆယ် သုတေသနပြုထားတဲ့ အချက်တွေဟာ ဆွန်ဒါဒစ်ချ်မိုင်းတွင်းမှာ အဓိက ကျောက်သားထုအဖြစ် ပါရှိနေတဲ့ ဗင်တာဒေါ်ပ် ကျောက်သလင်းရိုင်းတွေနဲ့ တိုက်ရိုက် ဆက်စပ်နေတယ်၊ နည်းပညာဆိုင်ရာ ဝေါဟာရတွေနဲ့ အသေးစိတ် ရေးသားထားတဲ့ အဲဒီ အစီရင်ခံစာကို ဖတ်နိုင်ပြီး ခင်ဗျားကို စိတ်ရှုပ်အောင် မလုပ်တော့ပါဘူး၊ အဲဒါ အစားအကျဉ်းချုပ်ကိုပဲ ပြောပြပါမယ်၊ ပေ ၁၂၀ ထုရှိတဲ့ ဗင်တာဒေါ်ပ်ကျောက်သလင်းရိုင်းဟာ စတုရန်းတစ်လက်မကို ပေါင်လေးထောင်နှုန်းနဲ့ ဘေးဘက်က ဖိအားပေးလိုက်မယ်ဆိုရင် ကြေမွပြိုကွဲသွားလိမ့်မယ်လို့ ဒေါက်တာဝက်ဆယ်က တွေ့ရှိထားတယ်"

စကားပြောနေသူသည် ထိုစာတမ်းကို စားပွဲပေါ်သို့ ပြန်ချလိုက်၏။

"ခင်ဗျားသိတဲ့အတိုင်း ရွှေတူးတဲ့ ကုမ္ပဏီတွေဟာ တစ်ဖက်က နယ်မြေနဲ့ ကိုယ်နယ်မြေအကြားမှာ ဥပဒေအရ ပေ ၁၂၀ ရှိတဲ့ ကျောက်သားထုကို ချန် ထားကြရတယ်၊ သတ္တုတွင်းတစ်ခုနဲ့တစ်ခု အကြားမှာ အဲဒီကျောက်သားထုပဲ ရှိတယ်ဆိုတာ ခင်ဗျားနားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်၊ အဲဒါက ရှင်းနေတဲ့ကိစ္စပဲ"

"ရှင်းနေတယ်၊ ဟုတ်လား၊ ဟုတ်တယ်၊ သိပ်ရှင်းတယ်၊ ခင်ဗျားက ချုပ်ကိုင်ထားနိုင်ပြီဆိုတဲ့ ဒေါက်တာစတိုင်းနားက ဆွန်ဒါဒစ်ချ်က ဂျင်နရယ်မန်နေဂျာအသစ်ကို မဟာယောက်ချိုကြီးရဲ့ ကျောက်သားထုကြီးထဲမှာ ဥမင်လိုဏ်ခေါင်းတစ်ခု ဖောက်နိုင်းရမယ်၊ အဲဒီလို ဥမင်လိုဏ်ခေါင်းဖောက်လိုက်တဲ့ အတွက် မြေကြီးအောက်မှာ ရှိတဲ့ ရေလှောင်ကန်ကြီးပေါက်ထွက်ပြီး ဆွန်ဒါဒစ်ချ်

မိုင်းတွင်းတစ်ခုလုံးကို ရေလျှံသွားစေလိမ့်မယ်၊ အဲဒီလို ရေလျှံသွားတာနဲ့ တစ်ပြိုင်နက် အနက်ပေခြောက်ထောင် အောက်ဘက်မှာရှိတဲ့ ရေဖိအားဟာ စတုရန်းတစ်လက်မမှာ ပေါင်လေးထောင်ထက်ကျော်လွန်သွားလိမ့်မယ်၊ အဲဒီဖိအားဟာ ကျောက်သားနံရံတွေကို ပြိုကွဲသွားစေပြီး သွန့်ဖွန့်တိန်၊ ဘလောဘတ်၊ ဒီပ်ကိုးလ်လယ်ဗယ်နဲ့ တွီးဖွန့်တိန် ရွှေမိုင်းတွင်းတွေကို ရေလျှံသွားစေလိမ့်မယ်၊ ကစ်ချနာဇီးလ် ရွှေတွင်းနယ်မြေတစ်ခုလုံးဟာ ထိရောက်သောနည်းနဲ့ အပိတ်ခံလိုက်ရသလို ထာဝရ ဆိတ်သုဉ်းသွားလိမ့်မယ်၊ အကျိုးဆက်တရားအနေနဲ့ တောင်အာဖရိက သမ္မတနိုင်ငံရဲ့ စီးပွားရေး အခြေအနေဟာ ဆိုးဆိုးရွားရွား ပျက်စီးသွားလိမ့်မယ်”

လူဝကြီးသည် သိသိသာသာကြီး တုန်လှုပ်ချောက်ချားသွားသည်။

“ခင်ဗျားက ဘာဖြစ်လို့ အဲဒီလို လုပ်ချင်ရတာလဲ”

လူဝကြီးက တအံ့တသြနှင့် ဦးခေါင်းကို ခါယမ်းရင်း ပြန်မေးလိုက်၏။

“အဲဒါကိုတော့ ...”

စကားပြောနေသူသည် ထောင့်တစ်ထောင့်တွင် တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေသူတစ်ဦးအား ညွှန်ပြလိုက်ပြီး ...

“ဟောဒီက ကျုပ်ရဲ့ဘော်ကြီးက ခင်ဗျားကို ချက်ချင်းလက်ငင်း ရှင်းပြ ပါလိမ့်မယ်”

“ဒါပေမဲ့ ...လူတွေ ...”

လူဝကြီးက ကန့်ကွက်လိုက်၏။

“အဲဒီလိုပေါက်ကွဲပြီး ရေတွေ ပန်းထွက်တဲ့အချိန်မှာ မိုင်းတွင်းထဲမှာ လူတွေ ထောင်နဲ့ချီပြီး ရှိလိမ့်မယ်”

စကားပြောနေသူသည် မျက်ခုံးတစ်ဖက်ကို ပင့်ရင်း ပြောလိုက်၏။

“တကယ်လို့ ကျုပ်က ခင်ဗျားကို လူခြောက်ထောင် ရေနစ်သွားကြလိမ့်မယ်လို့ ပြောရင် ခင်ဗျားကို ပေးပါမယ်လို့ အာမခံထားတဲ့ ဒေါ်လာတစ်သန်းကို မယူဘဲ ငြင်းမှာလား”

ရှက်သွားပုံရသော လူဝကြီးသည် အောက်ဘက်သို့ စိုက်ကြည့်လိုက်ပြီးနောက် ကြာရှည်သည်ဆိုရုံ လေသံတိုးတိုးကလေးနှင့် ပြန်ဖြေလိုက်၏။

“မငြင်းပါဘူး”

စကားပြောနေသူက တဟားဟား ရယ်လိုက်သည်။

“ကောင်းတယ်၊ ကောင်းတယ်၊ ခင်ဗျား စိတ်မချမ်းမသာဖြစ်နေတဲ့ကိစ္စ နည်းနည်းကလေး ပြေလျော့သွားအောင် အဲဒီလို ရေလျှံတဲ့အခါကျရင် ရေနစ်သေမယ့် ပုဂ္ဂိုလ်ဟာ လူလေးဆယ်၊ ငါးဆယ်ထက် မပိုဘူးလို့ ကျုပ် တို့တွက်ချက်ထားတာကို ပြောပြလိုက်ရဦးမယ်၊ အဲဒီနံရံမှာ အလုပ်လုပ်နေတဲ့ လူတွေအားလုံးကတော့ သေကြရမှာပဲ၊ ဒါပေမဲ့ ရေအားက သိပ်ပြင်းထန်တဲ့ အတွက် ဝေဒနာ သိပ်မခံစားရဘဲ သေကြရမှာပါ၊ ကျန်တဲ့လူတွေကျတော့ မိုင်းတွင်းထဲက ခပ်မြန်မြန်ပြန်ထွက်လာနိုင်အောင် ကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ပေးနိုင်မှာမို့လို့ အသက်သေစရာအကြောင်း သိပ်မရှိလှပါဘူး။ ကျန်တဲ့ မိုင်းတွင်းတွေကျတော့ ကျောက်သားနံရံတွေ ကျိုးပဲ့ကုန်အောင် ရေအားက သိပ်ပြင်းထန်မလာမီ လူတွေကို မိုင်းထဲက ပြန်ထွက်နိုင်ဖို့ ရက်နဲ့ချီပြီး အချိန်ရကြပါလိမ့်မယ်”

ထို့နောက် အခန်းထဲတွင် တစ်မိနစ်ခန့်ကြာအောင် ငြိမ်ကျသွားသည်။

“မေးစရာ မေးခွန်း ရှိပါသေးသလား”

လူဝကြီးက ခေါင်းခါပြလိုက်၏။

“ကောင်းပြီ၊ ဒါဆိုရင် ကျုပ် ရဲ့ဘော်ကြီးက ပြီးစီးသွားအောင် ခင်ဗျားကို ဆက်ရှင်းပြလိမ့်မယ်၊ သူက ဒီအော်ပရေးရှင်းအတွက် လိုအပ်တဲ့ အချက်အလက်တွေ၊ ပိုက်ဆံပေးမယ် စည်းကမ်းချက်တွေနဲ့ ခင်ဗျား ဆက်ပြီး လုပ်ရမယ့် အနေအထားတွေကို ပြောပြလိမ့်မယ်”

စကားပြောနေသူသည် စားပွဲပေါ်မှ စာရွက်စာတမ်းများကို ကောက်ယူလိုက်သည်။

“အခုဆိုရင် ကျုပ်က ခင်ဗျားကို ကံကောင်းပါစေလို့ ဆုတောင်းပေးဖို့ပဲ ကျန်တော့တယ်”

သူက တဟားဟား ရယ်လိုက်ပြီးနောက် အခန်းထဲက လျင်မြန်စွာ ပြန် ထွက်သွားလေတော့သည်။

ထိုအချိန်အထိ ငြိမ်နေခဲ့သော ခပ်ပုပု ခပ်သေးသေးပုဂ္ဂိုလ်ကလေးသည် သူ့ကုလားထိုင်ပေါ်မှ ဖြန်းခနဲ ခုန်ထလိုက်ပြီးနောက် ခန်းလုံးပြည့် ခင်းထားသော ကော်ဇောပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းစလျှောက်တော့သည်။ သူက လူဝကြီးအား တစ်ချီတစ်ချီတွင် ဖျတ်ခနဲ လှမ်းလှမ်းကြည့်ရင်း ယုန်နှုတ်ခမ်းမွေးနှင့်တူသော သူ့နှုတ်ခမ်းမွေးကို လက်နှင့် လိမ်နေသည်။ သူက စီးကရက်

ခပ်သွက်သွက်ဖြစ်ရင်း ခပ်မြန်မြန် ပြောချလိုက်၏။

"ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုတာ ခပ်တိုတိုပဲ ပြောပြမယ်၊ ဟုတ်ပြီ နော်၊ တောင်အာဖရိကနဲ့ ပြင်သစ်တွေ ပူးပေါင်းသွားကြပြီ၊ သူတို့က မဟုတ်တရုတ်ကိစ္စတွေလုပ်ဖို့ အခု ပဲရစ်မှာ ရောက်နေကြတယ်၊ သူတို့ဘာလုပ်ကြမလဲဆိုတာ ကျုပ်တို့ သိတယ်၊ သူတို့က ရွှေဈေးတက်အောင်လုပ်ပြီး ငွေဈေးကျအောင်လုပ်ကြမလို့ပဲ၊ ဒီကိစ္စက တော်တော်ကလေး ရှုပ်ရှုပ်ထွေးထွေးနိုင်လှတဲ့ အပြင် ကျုပ်တို့အတွက် အထိနာသွားနိုင်တယ်၊ ဟုတ်ပြီနော်၊ ပြီးတော့ တောင်အာဖရိကနိုင်ငံဟာ ကမ္ဘာပေါ်မှာ ရွှေအများဆုံးထွက်တဲ့ နိုင်ငံဆိုတော့ သူတို့တိုင်ပင်နေကြတဲ့ အကြံအစည် အောင်မြင်သွားနိုင်စရာ အကြောင်းရှိတယ်။ ပြင်သစ်တွေကပါ ဝင်ပြီး ကူညီမယ်ဆိုရင်တော့ သူတို့က တွန်းအားတောင် ပေးချင်ပေးနိုင်ကြဦးမှာ"

ထိုပုဂ္ဂိုလ်သည် လူဝကြီး၏ရှေ့တွင် ရပ်တန့်လိုက်ပြီးနောက် လူဝကြီးအား လက်ညှိုးနှင့် ခေါက်ခေါက်ထိုးလိုက်၏။

"ဒီတော့ ကျုပ်တို့က သူတို့ လုပ်ချင်တိုင်း လုပ်မယ့်ကိစ္စကို လည်စင်းပြီး ပေးလိုက်ရမှာလား၊ ဝေးပါသေးတယ်။ ကျုပ်တို့က ကျုပ်တို့မှာရှိတဲ့ နည်းလမ်းတွေနဲ့ ပြန်တွယ်မယ်၊ နောက် သုံးလလောက်ကြာရင် ကျုပ်တို့ ဆင်ဒီကိတ်က ပြန်ပြီးတွယ်ဖို့ အဆင်သင့်ဖြစ်လိမ့်မယ်၊ ကျုပ်တို့က တိုက်စစ်ဆင်ရမယ့် အချိန်ကျရင် တောင်အာဖရိကနိုင်ငံရဲ့ ရွှေထုတ်လုပ်မှုကို ထက်ဝက်တိတိ ကျဆင်းသွားအောင် လုပ်ပြီး တောင်အာဖရိကနိုင်ငံကို အောက်ခြေယိုင်သွားအောင် လုပ်ရမယ်၊ ကျုပ်တို့က ကာစ်ချနာဝီးလ် ရွှေတွင်းနယ်မြေကို ရေလျှံသွားအောင် လုပ်လိုက်ရင် ကျုပ်တို့ကို အလဲထိုးဖို့ လုပ်ထားတဲ့ ကိစ္စဟာ အလိုလို သေသွားလိမ့်မယ်၊ ဟုတ်ပြီနော်"

"အဲဒီလောက်ထိအောင် လွယ်ကူသလား"

လူဝကြီးက ပြန်မေးလိုက်၏။

"အဲဒီလောက်ထိအောင် လွယ်ကူပါတယ်"

ထိပ်ပြောင်နေသော ထိုပုဂ္ဂိုလ်က ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

"ကဲ၊ ကျုပ်ရဲ့နောက်တာဝန်က ခင်ဗျားကို ပေးမယ်လို့ ကတိပေးထားတဲ့ ဒေါ်လာငွေတစ်သန်းဟာ ခင်ဗျားရမယ့် ဆုလာဘ်အကုန်ပဲဆိုတာ ခင်ဗျားသိအောင် ကျုပ်က ရှင်းပြရမယ့် တာဝန်ရှိတယ်၊ အခုကိစ္စဟာ ကြိုတင်စီစဉ်ထားတဲ့ လုပ်ငန်းတစ်ခုအဖြစ် မပေါ်လွင်စေရအောင် ခင်ဗျား သို့မဟုတ် ခင်ဗျားရဲ့ကိုယ်စားလှယ်တွေဟာ ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ ဘယ်လိုလုပ်ငန်းမျိုးကိုမှ လုပ်ခွင့်မရှိဘူး၊ ဟုတ်ပြီနော်"

"ဟုတ်ပါတယ်"

လူဝကြီးက ခေါင်းညိတ်လိုက်၏။

"အခုကိစ္စမှာ ပါဝင်ပတ်သက်နေတဲ့ ကုမ္ပဏီတွေရဲ့ အစုရှယ်ယာတွေကို ခင်ဗျားက ဘယ်လိုနည်းနဲ့မှ အရောင်းအဝယ်မလုပ်ပါဘူးလို့ ကတိပေးရလိမ့်မယ်"

"ကျုပ်က လေးနက်တည်ကြည်စွာ ကတိပေးပါတယ်"

လူဝကြီးက စိတ်ပါလက်ပါ ပြောလိုက်၏။ ကတိတစ်ခုကို လွယ်လွယ်ကူကူနှင့် ရောရောရှုရှုပေးရသည်မှာ လွယ်ကူလှကြောင်း လူဝကြီးက တွေးလိုက်မိ၏။ သူ ထိုကဲ့သို့ တွေးမိသည်မှာ ပထမအကြိမ်လည်း မဟုတ်တော့ပါချေ။

သူသည် ဂျိုဟာန်နာစဘတ်ခ်ရှိလောင်းကစားကလပ်တွင် မင်းဖရက်စတိုင်းနားကို အခြားပုဂ္ဂိုလ်သုံးဦးနှင့်အတူ နီးကြောင်နီးဝှက်နှင့် ချောင်းကြည့်ခဲ့ကြ စဉ်က ထိုပုဂ္ဂိုလ်သုံးဦး၏ အကူအညီနှင့် တစ်ကမ္ဘာလုံးရှိ အစုရှယ်ယာလောကကို ထိုးစစ်ဆင်နွှဲရန် ရည်ရွယ်ထားပြီး ဖြစ်သည်။

မဟာယောက်ျားကြီးဟု အမည်ပေးထားသော ကျောက်ထရက်ကြီးထဲသို့ ထိုပုဂ္ဂိုလ်များက ပေါက်သွားအောင် တူးနိုင်သည့်နေ့တွင် သူနှင့် သူ့ပါတနာများသည် ကုမ္ပဏီငါးခု၏ အစုရှယ်ယာများကို သန်းနှင့်ချီ၍ ချရောင်းပစ်လိုက်ခြင်းဖြင့် ကမ္ဘာ့ငွေကြေးသမိုင်းတွင် ရာဇဝင်တွင်ရစ်စေမည့် ငွေကြေးဆိုင်ရာ အလဲထိုးပွဲကြီးကို ဆင်နွှဲကြမည် ဖြစ်ပေသည်။

"ဒါဆိုရင် ကျုပ်တို့ သဘောတူညီကြပြီပေါ့"

ကိုထိပ်ပြောင်က ပြောလိုက်၏။

"ကဲ၊ ဒေါက်တာစတိုင်းနားနဲ့ ပတ်သက်ပြီး ပြောရဦးမယ်ဆိုရင် ကျုပ်တို့က သူ့ကို စိတ်ရောဂါကုဆရာဝန်တွေနဲ့ လေ့လာသုံးသပ်ပြီးပါပြီ၊ ကျုပ်တို့ကို မလှန်ရဲအောင် သူ့ကို ချုပ်ကိုင်ထားနိုင်ပါပြီလို့ ပြောစေကာမူ ဘာဖြစ်လာမလဲဆိုတာကိုသာ သူသိသွားမယ် ဆိုရင် မဟာယောက်ျားကြီးရဲ့ ကျောက်သားနံရံကို ထွင်းဖောက်ဖို့ သူလက်တွန့်သွားလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့က ဒုတိယ

ဘူမိဗေဒဆိုင်ရာ အစီရင်ခံစာတစ်စောင်ကို ထပ်ပြုစုထားတယ်"

ထိုပုဂ္ဂိုလ်သည် လက်ဆွဲအိတ်ထဲမှ မနီလာစာအိတ်ထူထူကြီးတစ်လုံးကို ထုတ်ယူလိုက်၏။

"အဲဒီ အစီရင်ခံစာထဲမှာ သူသတိထားမိစေမယ့် ကိန်းဂဏန်းတွေကို ထည့်ရေးထားတယ်၊ နောက်တစ်နည်းပြောရရင် စီအာစီ လေလာစူးစမ်းရေးအဖွဲ့ရဲ့ အဖြေဂဏန်းတွေကို ထည့်သွင်းဖော်ပြထားတယ်၊ ဒါပေမဲ့ ကျန်တဲ့ကိန်းဂဏန်းတွေကတော့ သက်သက်မဲ့ အကွက်ဆင်ပြီး ထည့်ထားတာပါ။ ဒီအစီရင်ခံစာကတော့ မဟာယောက်ချိုကြီးရဲ့ ဟိုဘက်ခြမ်းမှာ အင်မတန် ရွှေပေါတဲ့ ရွှေကြောကြီးတစ်ခု ရှိနေတယ်ဆိုတာကို သက်သေပြထားတာပဲ"

သူသည် လူဝကြီးထံသို့ လျှောက်သွားပြီး ထိုစာအိတ်ကြီးကို လှမ်းပေးလိုက်၏။

"ယူထားပါ၊ အဲဒါက ဒေါက်တာစတိုင်နားကို ယုံကြည်လာအောင် အကူအညီပေးပါလိမ့်မယ်၊ ပြီးတော့ သူက တစ်ဆင့် ဆွန်ဒါဒစ်ချ်ရဲ့ ဂျင်နရယ်မန်နေဂျာကို ယုံကြည်လာအောင် ထပ်လုပ်ပေးပါလိမ့်မယ်"

"ခင်ဗျားတို့က တော်တော်စေ့စပ်သားပဲ"

လူဝကြီးက ပြောလိုက်သည်။

"ကျုပ်တို့က ကျုပ်တို့ရဲ့ ဖောက်သည်တွေကို ကျေနပ်အောင် ဆောင်ရွက်ပေးလေ့ ရှိပါတယ်"

ကိုထိပ်ပြောင်က ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

❐

[၃၅]

သူတို့ကစားနေသော ဖဲကစားနည်းမှာ တစ်ချပ်မှောက် ကစားနည်းဖြစ်သလို ဝိုင်းထဲ၌ နိုင်နေသူ နှစ်ဦးသာ ရှိသည်။ ထိုပုဂ္ဂိုလ်များမှာ မင်းဖရက်စတိုင်နားနှင့် အယ်လ်ဂျီးရီးယားလူမျိုးတစ်ဦးတို့ပင်တည်း။

အခြားအဖွဲ့ဝင်များက တနင်္လာနေ့နံနက်တွင် ထွက်ခွာမည်လေယာဉ်ဖြင့် လိုက်လာကြမည့်အချိန်တွင် မင်းဖရက်စတိုင်နားက ပါရီတွင် အနှောင့်အယှက်မရှိသော ရက်သတ္တပတ်နားရက်ကို ခံစားနိုင်အောင် အချိန်ကိုက်၍ ထွက်ခွာလာခဲ့သည်။

သူသည် ကျောချစ်ဟိုတယ်သို့ စနေနေ့ ညနေခင်းတွင် ရောက်ရှိလာခဲ့ပြီး ရေမိုးချိုး၍ ညရှစ်နာရီသို့ မရောက်မီအထိ သုံးနာရီခန့် အနားယူခဲ့သည်။ ထို့နောက်'ချတ်မှိုင်ယာ'ကလပ်သို့ အငှားကားနှင့် ထွက်ခွာလာခဲ့သည်။

သူသည် ယခုအချိန်တွင် ငါးနာရီခန့် ကစားခဲ့ပြီး ဖြစ်သလို ဖဲကောင်းနေသောကြောင့် အတော်အတန် အနိုင်ရရှိထားလေပြီ။ ငွေစက္ကူများသည် သူ့ရှေ့၌ တထပ်ကြီး ရှိနေသည်။ သူ့ရှေ့တည့်တည့်တွင် အညိုရောင်မျက်လုံးအစုံနှင့် နှုတ်ခမ်းမွေး ခပ်ရေးရေးရှိသော အယ်လ်ဂျီးရီးယားနိုင်ငံမှ အာရပ်လူမျိုး တစ်ယောက်ရှိနေသည်။ ထိုပုဂ္ဂိုလ်၏ သွားများသည် အညိုရောင် အသားအရေပေါ်တွင် ပို၍ဖြူဖွေးနေကြသည်။ ထိုပုဂ္ဂိုလ်သည် ပန်းရောင်ခေါင်းစွပ် ပိုးသားအကျႌနှင့် အပြာနုရောင်ကုတ်အကျႌတို့ကို ဝတ်ဆင်ထားသည်။ သူသည် ရှည်လျားသော လက်ချောင်းသွယ်သွယ်များနှင့် သူ့ရှေ့မှ ငွေစက္ကူထပ်ကို မကြာခဏ ပြန်စီနေသည်။

ရွှေရောင် အသားကပ်ဝတ်စုံကို ဝတ်ဆင်ထားသော အာရပ်အမျိုးသမီးကလေးတစ်ယောက်သည် သူ့ကုလားထိုင်လက်ရန်းပေါ်၌ထိုင်နေသည်။အမျိုးသမီးကလေး၏ ဆံပင်များသည် မည်းနက်တောက်ပြောင်နေပြီး ပခုံးပေါ်သို့ ဝဲကျနေသလို သူသည် စိတ်ချောက်ချားစရာကောင်းလောက်အောင် မင်းဖရက်အား ခပ်တည်တည် စိုက်ကြည့်နေသည်။

"တစ်သောင်း"

မင်းဖရက်၏ အသံသည် ကျယ်လောင်လှသည်။ သူသည် သူ့ထံသို့ ချပေးလိုက်သော စတုတ္ထမြောက် ဖဲချပ်အတွက် 'ခေါ်' လိုက်ခြင်း ဖြစ်သည်။ ထိုကစားပွဲတွင် သူနှင့် အယ်လ်ဂျီးရီးယန်း အမျိုးသားတို့သာ ကျန်ရှိတော့သည်။ ကျန်ပုဂ္ဂိုလ်များသည် ဆက်မလိုက်ကြတော့ဘဲ ဖဲချပ်များကို မှောက်ထားလိုက်ကြပြီး မိမိတို့နှင့် မပတ်သက်တော့သောကြောင့် သိပ် စိတ်မဝင်စားဟန် နှင့် ကြည့်နေကြသည်။

အယ်လ်ဂျီးရီးယန်းလူမျိုးက မျက်မှောင်ကုပ်လိုက်သောကြောင့် အမျိုးသမီး

ကလေးသည် ရှေ့သို့ ငုံ့လိုက်ပြီး နားရွက်နားသို့ တိုးတိုးကလေးကပ်၍ ပြောလိုက်၏။ စိတ်တိုသွားပုံရသော အယ်လ်ဂျီးရီးယန်း အမျိုးသားက ခေါင်းခါပစ်လိုက်ပြီး စီးကရက်ကို ဖွာလိုက်သည်။ လှန်ပြထားသော သူ့ဖဲချပ်များထဲတွင် ကွင်းတစ်ဖြူးနှင့် ခြောက်တစ်ချပ် ရှိနေသည်။ သူက ရှေ့သို့ ငုံ့၍ မင်းဖရက်၏ ဖဲများကို လေ့လာလိုက်၏။

ဖဲဝေသူက ပြောလိုက်သည်။

"ညှင်းပွင့် လေး၊ ငါးနဲ့ ခုနစ်၊ သုံးချပ် ပြထားသူက တစ်သောင်း ခေါ်လိုက်ပါတယ်၊ သူက ဖလပ်ရှ် ဖြစ်နိုင်စရာအကြောင်း ရှိပါတယ်"

"လိုက်ချင်လည်းလိုက်၊ ဆုတ်ချင်ရင်လည်း ဆုတ်"

ထပ်မလိုက်တော့သော ဖဲသမားတစ်ယောက်က ဝင်ပြောလိုက်၏။

"ခင်ဗျားက သက်သက်မဲ့ အချိန်ဖြုန်းနေတာပဲ"

အယ်လ်ဂျီးရီးယန်းက ဒေါသထွက်သောမျက်နှာထားနှင့် ထိုလူအား လှမ်းကြည့်လိုက်သည်။

"လိုက်တယ်"

အယ်လ်ဂျီးရီးယန်းလူမျိုးက ဖရန့်တစ်ထောင်တန် ငွေစက္ကူဆယ်ရွက်ကို အလယ်မှ အပုံထဲသို့ ထည့်လိုက်သည်။

"ဝေပြီ"

ဖဲဝေသူက သူတို့ရှေ့တွင် ဖဲတစ်ချပ်စီကို မှောက်၍ ဝေပေးလိုက်၏။ အယ်လ်ဂျီးယန်း အမျိုးသားသည် ဖဲချပ်ကလေး၏ ထောင့်စွန်းကို လက်မကလေးနှင့် မ၍ ကြည့်လိုက်ပြီးနောက် ဆက်မှောက်ထားလိုက်၏။

သူ့ညာဘက်လက်နှင့် လက်မအနည်းငယ် ကွာဝေးသော နေရာသို့ ဖဲချပ်တစ်ချပ် ရောက်ရှိနေသော မင်းဖရက်သည် ငြိမ်သက်စွာ ထိုင်နေသည်။ မင်းဖရက်၏ မျက်နှာသည် ဖြူဖွေးပြီး တည်ငြိမ်နေသော်လည်း အတွင်းစိတ်ကမူ ထိန်းမနိုင် သိမ်းမရ ဒေါသထွက်နေသည်။ မင်းဖရက်သည် ဖလပ်ရှ် ဖြစ်ရမည့် အစားညှင်းပွင့်လေး၊ ငါး၊ ခုနစ်နှင့် ဟတ်ရှစ်ပွင့်တို့ကိုသာ လက်ခံရရှိထားသည်။ ခြောက်တစ်ချပ်ကို ရရှိပါမှ သူ့ဖဲအခြေအနေသည် ပို၍ကောင်းလာဖွယ် ရှိသည်။ သို့ရာတွင် အယ်လ်ဂျီးယန်းအမျိုးသား၏ လှန်ဖဲတစ်ချပ်သည် ခြောက်ဖဲဖြစ်နေလေရာ သူ့အတွက် ထိုအခွင့်အရေးမှာ ဝေးလွန်းလှပေသည်။

သူ့ စိတ်လှုပ်ရှား၍ လာလေပြီ။ သူ့ ရင်ဘတ်ကလည်း ဖားဖိုကဲ့သို့ နိမ့်

ချည်မြင့်ချည် ဖြစ်နေသည်။ သူက ထိုစိတ်လှုပ်ရှားမှုအရသာကို ကြာရှည်လေးမြင့်စွာ ခံစားနိုင်အောင် ထိန်းထားလိုက်သည်။

"ကွင်းတဖြူးကပဲ စခေါ်ရပါလိမ့်မယ်"

ဖဲဝေသူက ခပ်တိုးတိုး ပြောလိုက်၏။

"တစ်သောင်း"

အယ်လ်ဂျီးရီးယန်း အမျိုးသားက ငွေစက္ကူများကို ရှေ့သို့ တွန်းပို့လိုက်သည်။

'ဒီငတိ ကွင်းတစ်ချပ် ထပ်ရသွားပြန်ပြီ'ဟု မင်းဖရက်က တွေးလိုက်၏။ 'ဒါပေမဲ့ ငါ့ဖဲချပ်ဟာ ရိုးရိုးဖလပ်ရှ်လား၊ ပွင့်တူအစဉ်လိုက် ဖလပ်ရှ်လားဆိုတာ သူသိနိုင်မှာ မဟုတ်သေးဘူး'

မင်းဖရက်သည် ပဥ္စမမြောက်ဖဲချပ်ကို လက်နှင့် အုပ်ကိုင်ရင်း လှန်ကြည့်လိုက်၏။

"စားပွဲပေါ်မှာ ရှိသမျှ လောင်းတယ်"

မင်းဖရက်က ပြောလိုက်ရာ ကြည့်နေသူများသည် တအံ့တသြ ဖြစ်သွားကြပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။ အယ်လ်ဂျီးယန်း အမျိုးသား၏ နံဘေး၌ ထိုင်နေသော အမျိုးသမီးကလေးသည် အမျိုးသား၏ လက်မောင်းအား တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သလို မင်းဖရက်အား မုန်းတီးသော အကြည့်နှင့် လှမ်းကြည့်လိုက်၏။

"ဟောဒီပုဂ္ဂိုလ်က စားပွဲပေါ်မှာ ရှိသမျှ ငွေအားလုံးကို လောင်းလိုက်ပါတယ်"

ဖဲဝေသူက ထပ်ပြောလိုက်သည်။

"ဒီကလပ်ရဲ့ စည်းကမ်းအရ ကစားသူတိုင်းဟာ စားပွဲပေါ်မှာ ရှိရှိသမျှကို လောင်းနိုင်ခွင့်ရှိပါတယ်"

ထိုပုဂ္ဂိုလ်သည် ရှေ့သို့ ကုန်းလိုက်ပြီး မင်းဖရက်ရှေ့၌ရှိသော ငွေများကို စတင်၍ ရေတွက်တော့သည်။

မိနစ်အနည်းငယ် ကြာသောအခါ သူက ငွေပမာဏကို ကြေငြာလိုက်သည်။

"ဖရန့်နှစ်သိန်းတစ်သောင်းနှစ်ထောင်"

ထိုသူက အယ်လ်ဂျီးရီးယန်း အမျိုးသားအား လှမ်းကြည့်လိုက်၏။

"အခု ခင်ဗျားက မွှင်တူ အစဉ်လိုက် ဖလပ်ရှ် ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်နဲ့ ယှဉ် ပြိုင်ပြီး လောင်းရပါလိမ့်မယ်"

ထိုအမျိုးသမီးကလေးက အာရပ်အမျိုးသား၏ နားရွက်ထဲသို့ တိုးတိုးကလေး ကမန်းကတန်း ပြောလိုက်သည်။ သို့ရာတွင် ထိုအမျိုးသားက စကားတစ်ခွန်း ပြန်ပြောလိုက်သောကြောင့် ထိုအမျိုးသမီးကလေးသည် တွန့်ခနဲ ဖြစ်သွားရလေတော့သည်။ ထိုအာရပ် အမျိုးသားသည် အကူအညီတောင်းခံလိုသည့် အလား အခန်းထဲမှ ပုဂ္ဂိုလ်များအား လှမ်းကြည့်လိုက်ပြီးနောက် မှောက်ထားသော သူ့ဖဲချပ်များကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်ပြန်၏။

ထိုသူ၏ မျက်နှာသည် ဖြန်းခနဲ မာကျောလာပြီး သူက မင်းဖရက်အား ခပ်တည်တည် ပြန်စိုက်ကြည့်လိုက်သည်။

"လိုက်တယ်"

ထိုအမျိုးသားက ပြောချလိုက်ရာ ဆုပ်ထားသော မင်းဖရက်၏ ညာလက် သည် စားပွဲပေါ်သို့ ပြန်ကျသွားလေတော့သည်။

အာရပ်အမျိုးသားက သူ့ဖဲချပ်ကို လှန်လိုက်၏။ ကွင်းသုံးချပ်ဖြစ်သွားလေပြီ။ တစ်ခန်းလုံးက မင်းဖရက်အား မျှော်တလင့်လင့်နှင့် စောင့်ကြည့်နေကြသည်။

သူက နောက်ဆုံးဖဲချပ်ကို လှန်လိုက်၏။ ဒိုင်းမွှန်းနှစ်ကလေးတစ်ချပ်သာ ဖြစ်နေသည်။ သူ့ဖဲမှာ အသုံးမကျ ဖြစ်သွားရလေပြီ။

မင်းဖရက်စားပွဲမှ ထလိုက်သည်တွင် အာရပ်မကလေးသည် သူ့အား အဘိဓ္ဓာများသော မျက်နှာထားနှင့် ပြုံးပြလိုက်ပြီး အာရေဗီဘာသာစကားနှင့် ရန်စကား ပြောလိုက်သည်။ မင်းဖရက်သည် ကမန်းကတန်း လှည့်လိုက်ပြီးနောက် အကျိုးများထားသော အခန်းဆီသို့ ဦးတည်၍ ဆင်းသွားသော လှေကားအတိုင်း လှေကားပေါ်မှ ပြေးလုနီးပါး ဆင်းပြေးသွားသည်။ နောက်ထပ် မိနစ်နှစ်ဆယ်ကြာသောအခါ အင်အားနည်းပါးပြီး အနည်းငယ် မူးဝေနေသော မင်းဖရက်သည် စီတိုရင် အငှားမော်တော်ကား၏ နောက်ဘက် ထိုင်ခုံပေါ်သို့ ဝင်ထိုင်လိုက်လေတော့သည်။

"ဂျော့ချ်စင့်"

မင်းဖရက်က ဒရိုင်ဘာအား ဟိုတယ်နာမည်ကို ပြောလိုက်၏။ ဟိုတယ် ဧည့်ခန်းထဲသို့ မင်းဖရက် ဝင်သွားချိန်တွင်

အရပ်ရှည်ရှည်ပုဂ္ဂိုလ်တစ်ယောက် သည် ဆိုဖာတစ်လုံးပေါ်မှ ထလိုက်ပြီး ဓာတ်လှေကားဆီသို့ ရောက်အောင် သူ့ နောက်မှ ကပ်လိုက်သွားသည်။ သူတို့သည် ဓာတ်လှေကားထဲသို့ ပခုံးချင်း ယှဉ်၍ ဝင်လိုက်ကြပြီး တံခါး ပြန်ပိတ်သွားချိန်တွင် အရပ်ရှည်ရှည်ပုဂ္ဂိုလ်က ပြောလိုက်သည်။

"ပါရီ က ကြိုဆိုပါတယ် ဒေါက်တာ စတိုင်းနား"

"ကျေးဇူးတင်ပါတယ် အင်ဒရူး။ ခင်ဗျားက ကျုပ်ကို ညွှန်ကြားချက်ပေးဖို့ လာတာလို့ ကျုပ်ထင်ပါတယ်"

"ခင်ဗျားထင်တာ မှန်ပါတယ်၊ သူက ခင်ဗျားကို နက်ဖြန်ခါမနက် ဆယ်နာရီမှာ တွေ့ချင်ပါတယ်၊ ခင်ဗျားကို ကျုပ် လာခေါ်မယ်"

❐

[၃၆]

ထိုညမှာ ကစ်ချနာဗီးလ်မြို့တွင် စနေနေ့ညဖြစ်ပြီး လော့ဒ်ကစ်ချနား ဟိုတယ်မှ ဘားခန်းထဲ၌ သတ္တုတွင်းငါးတွင်းမှ နေ့တွက်ကိုက်လာသော အလုပ်သမားများသည် ကောင်တာ ဘေးနားတွင် လူသုံးဆင့် ထပ်နေသည်အထိ စီတန်းပြီး တိုးဝှေ့နေကြသည်။

အားလုံး ဝင်၍ ကနိုင်သော ကပွဲကို ကျင်းပနေသည်မှာ သုံးနာရီ ကြာမြင့်သွားလေပြီ။ ဝရန်တာပေါ်တွင် ရှိသော စားပွဲများတွင် အမျိုးသမီးများသည် ဣန္ဒြေသိက္ခာကြီးများနှင့် ထိုင်ရင်း ပိုတ်ဝိုင်နှင့် လင်မနစ်များကို ခပ်ဖြည်းဖြည်း သောက်နေကြသည်။ သူတို့သည် အနီးအနား၌ လင်ယောကျ်ားများ ရှိမနေမှုကို ပူပင်မှု မရှိဟန်နှင့် ဣန္ဒြေဆည်၍ နေကြသော်လည်း အမျိုးသားများ၏ ဘားခန်းဆီသို့ သွားသော တံခါးပေါက်ကိုမူ မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ ဖနီးမယားအများစုသည် မော်တော်ကားသော့များကို သူတို့၏လက်ဆွဲအိတ်များထဲတွင် ထည့်ထားပြီးကြလေပြီ။

ပရိဘောဂများကို ရှင်းလင်းဖယ်ရှားထားပြီး မြေပြုန်များကို ခပ်များ

များ ဖြူထားသော ထမင်းစား ခန်းမဆောင်ထဲတွင် ဒေသခံ တီးဝိုင်းတစ်ခုက တီးမှုတ်နေကြသည်။

အလုပ်သမားအများစုသည် ကုတ်အင်္ကျီများကို ချွတ်၍ လည်စည်းများကို လျှော့ချထားပြီး ကျယ်လောင်သော အသံ၊ မဟာန်နိုင်သော ခြေလှမ်းများနှင့် သူတို့၏ အမျိုးသမီးများကို ကပွဲခန်းမဆီသို့ ခေါ်လာပြီးနောက် ကနည်းမျိုးစုံ နှင့် ကကြလေတော့သည်။

တချို့က မိမိ၏ ပါတနာကို လုံတံသဖွယ် ချိုင်းကြားတွင် ညှပ်၍ ရှေ့သို့ တဟုန်ထိုး တိုး၍ 'က'နေသူများ ရှိသလို ဘယ်ကိုလည်းမကြည့်၊ ညာကိုလည်းမကြည့်၊ မိမိ၏ ပါတနာကိုပင် မကြည့်ဘဲ တိတ်တိတ်ဆိတ်ဆိတ် ကနေသူများလည်း ရှိသည်။ ထို့အပြင် တေးဂီတသံနှင့် လုံးဝ ဆက်စပ်မှုမရှိဘဲ ကပွဲခန်းမအလယ်တွင် ချာချာလည်အောင် ခန္ဓာကိုယ်ကို လှည့်ရင်း မိမိနှင့် လက်လှမ်းမီသည်နေရာသို့ ရောက်ရှိလာသော အမျိုးသမီးများ၏ ခန္ဓာကိုယ်နောက်ပိုင်းကို လက်သည်းနှင့် ဆိတ်ရန် ကြိုးစားနေသူများလည်း ရှိပေသည်။

အနုပညာကို လေးစားပြီး တန်ဖိုးထားသူများကမူ ကပွဲခန်းမဆောင်၏ အလယ်ကောင်တွင် နေရာယူပြီး 'တွစ်စ်'ကနည်းဖြင့် ကနေကြသည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်က တွစ်စ်ကနည်းသည် 'အာရှတုပ်ကွေး'ပမာ ကမ္ဘာပေါ် ၌ တောမီးလောင်သလို ပျံ့နှံ့သွားပြီးနောက် တဖြည်းဖြည်းနှင့် ပျောက်ကွယ် သွားခဲ့သည်။ ကစ်ချနာဗီးလ်လို နေရာမျိုးကလွဲလျှင် အခြားဒေသများ၌ တွစ်စ် ကနည်းကို မေ့သွားကြလေပြီ။ တွစ်စ်ကနည်းသည် ကွယ်ပျောက်သွားခဲ့လေပြီ။ ကစ်ချနာဗီးလ်တွင်မူ တွစ်စ်ကနည်းသည် ထိုလူစု၏ ပေါင်းသင်းဆက်ဆံရေး ယဉ်ကျေးမှုနယ်ပယ်ထဲ၌ နိုင်နိုင်မြဲမြဲ အမြစ်တွယ်၍ နေလေပြီ။

တွစ်စ်ကနည်းကို နိုင်နိုင်မာမာ လေးစားမှု ရှိကြသော ဤလူစုထဲတွင် အထူးကျွမ်းကျင်စွာ ကတတ်သူတစ်ယောက် ရှိပေသည်။ 'ဖွန်နီဒီလန်ချ်ဆိုတဲ့ ငတိဟာ တွစ်စ် အကမှာ တယ်တော်တဲ့ ငတိပါကလား'ဟု အားရပါးရ ချီးကျူးလေ့ ရှိကြသည်။

မြွေဟောက်တစ်ကောင် ပါးပျဉ်ထောင်နေသကဲ့သို့ ကိုယ်ကို မတ်ထားသော ဖွန်နီသည် ရှုံ့က်သွေးကြွစဖွယ် ခန္ဓာကိုယ်ကို လှုပ်ရှားရင်း ဟက်တီနှင့် တွဲကနေသည်။ ဖွန်နီ၏ တောက်တောက်ပြောင်ပြောင်ရှိလှသော ရေယွန်ဝတ်စုံသည် အလင်းရောင်ထဲတွင် တလက်လက် တောက်နေသလို ဖွန်နီ၏ ရှပ်အင်္ကျီ၌

ကွပ်ထားသော ဇာအနားစသည် လည်ပင်းတစ်ဝိုက်တွင် တဖျပ်ဖျပ်ခါနေသည်။ သိမ်းငှက်သဏ္ဍာန် ချွန်ချွန်ထက်ထက်ရှိလှသော ဖွန်နီ၏ သွင်ပြင်လက္ခဏာတွင် ထူးထူးခြားခြား စိတ်ကျေနပ်မှု ရှိနေဟန် ပေါ်သလို ချွန်နေသည့် အိတာလျံ ရှူးဖိနပ်၏ ခါးပတ်ကွင်းမှ ကျောက်များကလည်း ဖွန်နီကနေချိန်တွင် တလက်လက် တောက်နေကြသည်။

ကြေးနီရောင်ဆံပင်၊ နို့နှစ်ရောင် အသားအရေနှင့် ထွားထွားကျိုင်းကျိုင်း ရှိသော ဟက်တီသည် အလွန်ပေါ်ပါးသူဖြစ်သည်။ ဟက်တီ၏ ခါးသည် သေးသွယ်ကျစ်လျစ်သော်လည်း မြစီမ်းရောင် စကတ်အောက်မှ တင်ပါးများကမူ ဖွံ့ဖြိုးထွားကျိုင်းလှပေသည်။ သူသည် တွစ်စ်ကနေစဉ် ရယ်မောနေသည်။ သူ၏ ရယ်မောသံသည် ခန္ဓာကိုယ်နှင့် လိုက်ဖက်ညီအောင် အားရပါးရ ရှိလှပေသည်။

သူတို့နှစ်ယောက်သည် မကြာခဏ တွဲကဖူးသူများ၏ ကျွမ်းကျင်မှုဖြင့် ကျင်ကျင်လည်လည် လှုပ်ရှားနေကြသည်။ ဟက်တီသည် ဖွန်နီ၏ လှုပ်ရှားမှု မှန်သမျှကို ကြိုတင်၍ ခန့်မှန်းနိုင်စွမ်း ရှိသည့်အပြင် ဖွန်နီကလည်း ကျေနပ်ဟန်နှင့် ပြုံးပြနေသည်။

ဒေဗီဒီလန်ချ်သည် သူတို့နှစ်ယောက်အား ဝရန်တာမှ လှမ်းကြည့်နေသည်။ ဒေဗီသည် ဘီယာမတ်ခွက်ကို ကိုင်ရင်း မှောင်ရိပ်ထဲ၌ မတ်တတ်ရပ်နေသည်။ အခြားစုံတွဲတစ်တွဲက ဟက်တီ၏ လှုပ်ရှားမှုများကို မမြင်အောင် ကွယ်သွားသည့် အချိန်မျိုးတွင် ဒေဗီသည် မကျေမချမ်း ရေရွတ်ရင်း အငြိမ်မနေနိုင်ဘဲ လှုပ်ရှားနေတတ်သည်။

တေးဂီတသံ ရပ်တန့်သွားသဖြင့် ကနေသူများသည် ချွေးပြန်နေသော မျက်နှာများကို သုတ်ရင်း ဝရန်တာဆီသို့ ထွက်လာကြသည်။ ကနေသူများသည် ရယ်နေကြသော်လည်း အသက်ကိုပင် မှန်အောင် မရှူနိုင်ကြသေးပါ။ အမျိုးသားများက တခစ်ခစ်ရယ်နေသော အမျိုးသမီးများအား ဝရန်တာဆီသို့ ခေါ်လာပြီးနောက် ကုလားထိုင်တွင် ထိုင်နိုင်းပြီးသည်နှင့် တစ်ပြိုင်နက် ဘားကောင်တာဆီသို့ တကြိုးတည်း လစ်ကြတော့သည်။

"နေခဲ့ဦးနော်"

ဖွန်နီသည် ဟက်တီနှင့် အတူတူနေချင်ပါသော်လည်း သူသည် တစ်ညနေလုံး ဇနီးဖြစ်သူ ဟက်တီနှင့်သာတွဲ၍ နေမည်ဆိုပါက ကျန်ပုဂ္ဂိုလ်များ၏ ကဲ့ရဲ့သဂြိုဟ်စကားတင်းဆိုမှုကို မလိုလားသောကြောင့် ဟက်တီအား အင်တင်တင်

နှင့်ပင် ချန်ထားခဲ့ရတော့သည်။

ဂျွန်နီသည် တဟားဟား ရယ်မောနေကြသော အမျိုးသားအုပ်စုထဲသို့ ဝင်ရောက်သွားသည်။ သူဝယ်ရန် စိတ်ကူးထားသော ဖို့ဒ်မတ်စတန်း မော်တော်ကားအကြောင်း သူက အားရပါးရ ဆွေးနွေးနေစဉ် ဒေဇီက သူ့အား တံတောင်ဆစ်နှင့် တွက်၍ တိုးတိုးကလေး ပြောလိုက်လေတော့သည်။

"ဟိုမှာ ကွန်စတင်တိုင်းပဲကွ"

ဤတွင် ဂျွန်နီက ခပ်မြန်မြန်မော့ကြည့်လိုက်၏။ ကွန်စတင်တိုင်းသည် ဂရိနိုင်ငံမှလာ၍ အခြေစိုက်နေထိုင်သူတစ်ဦး ဖြစ်ပြီး ဘလောဘာတ်သတ္တုတွင်းမှ အလုပ်သမားတစ်ဦးဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သန်မာထွားကျိုင်းပြီး နှာခေါင်းရိုးကျိုးနေသူ ဖြစ်သည်။ ဂျွန်နီသည် လွန်ခဲ့သော ဆယ်လခန့်က သူ့နှာခေါင်းရိုးကို ကျိုးသွားအောင် ချိုးပေးခဲ့သူ ဖြစ်သည်။ လူဖျိုဘဝတုန်းက ဂျွန်နီသည် ကွန်စတင်တိုင်းနှင့် တစ်လတစ်ကြိမ်ခန့် ထိုးသတ်ရန် ဝန်မလေးခဲ့ချေ။ ထိုကဲ့သို့ ထိုးသတ်နေခြင်းမှာ ဆိုးဆိုးရွားရွား အခဲမကြေနိုင်ကြသောကြောင့် မဟုတ်ပါ။ ခင်မင်သည့် သဘောမျိုးနှင့် ထိုးသတ်နေကြခြင်းသာ ဖြစ်သည်။

သို့ရာတွင် ဂျွန်နီဒီလန်ချီ၏ အသစ်ကျပ်ချွတ် ဇနီးမယားကလေးက လက်သီးထိုးပွဲ မဆင်နွှဲရဟု စည်းကမ်းသတ်မှတ်၍ တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားသည်ဆိုခြင်းကို ကွန်စတင်တိုင်း နားမလည်ပါချေ။ ဂျွန်နီဒီလန်ချီက သူ့အား ကြောက်လန့်နေသည်ဟုသာ မှားယွင်းစွာ တွေးခေါ်နေလေပြီ။

ကွန်စတင်တိုင်းသည် ညာဘက်လက်သန်းကလေးကို ထောင်၍ အရက်ခွက်ကို ကြီးမားသော လက်ဖဝါးကြီးနှင့် ဆုပ်ကိုင်ရင်း အရက်ခန်းအတိုင်း လျှောက်လာနေလေပြီ။ ကွန်စတင်တိုင်းသည် ကျန်လက်တစ်ဖက်ကို တင်ပါးပေါ်တွင် ထောက်ထားရုံမျှသာမက မျက်နှာပေါ်တွင်လည်း ဟန်ဆောင်ပြုံးကလေးကိုပင် ဟန်လုပ်၍ ပြုံးထားလိုက်လေသေးသည်။

သူသည် ဆံပင်ကို လက်နှင့်သပ်၍ ပြုပြင်နိုင်ရန် မှန်ရှေ့တွင် ရပ်တန့်လိုက်ပြီးနောက် သူ့အပေါင်းအသင်းများအား မျက်စတစ်ချက်ပစ်ပြလိုက်ပြီး ဂျွန်နီ မတ်တတ်ရပ်နေသော နေရာသို့ ဆက်လျှောက်လာသည်။ ကွန်စတင်တိုင်းသည် ဂျွန်နီရှေ့တွင် ရပ်တန့်လိုက်ပြီးနောက် တင်ပါးများကို ခါယမ်းရင်း မျက်တောင်တဖျပ်ဖျပ်ခတ်၍ ဂျွန်နီကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ဘလောဘာတ်သတ္တုတွင်းမှ သူ့အပေါင်းအသင်းများသည် အားရပါးရ ရယ်မောရင်း

တစ်ယောက်ပခုံးကို တစ်ယောက်က နှိမ့်ထားကြသည်။ သူတို့သည် ရယ်ရလွန်းသောကြောင့် အားနည်း၍ပင် နေကြလေပြီ။

ကွန်စတင်တိုင်းသည် သူ့အပေါင်းအသင်းများထံမှ ဝါးခနဲ ရယ်သံပေါ်ထွက်လာအောင် ခါးကို ရှေ့သို့ကော့၍ တင်ပါးကို တစ်ချက်ခါယမ်းလိုက်ပြီးနောက် အိမ်သာထဲသို့ ဝင်သွားတော့သည်။ ထို့နောက် မိနစ်ပိုင်းအကြာတွင် အိမ်သာထဲမှ ပြန်ထွက်လာပြီး ဂျွန်နီအား အနမ်းပျံတစ်ခု လုပ်ပြလိုက်၏။ ထို့နောက် သူ့အပေါင်းအသင်းများထံသို့ ပြန်သွားလေတော့သည်။ ကွန်စတင်တိုင်း၏ အပေါင်းအသင်းများက ကွန်စတင်တိုင်း၏ လုပ်ရပ်ကို ဂုဏ်ပြုသောအနေဖြင့် အရက်ဝိုင်းတိုက်ကြသည်။ ဂျွန်နီသည် မတ်စတန်းမော်တော်ကား၏ ကောင်းကွက်များကို ဆက်ပြောပြနေစဉ် သူ့အမူအရာမှာ အနည်းငယ် ချုပ်တည်းထားရပုံရသည်။

နောက်ထပ် မိနစ်နှစ်ဆယ်တွင် ဘာရန်ဒီ ခြောက်ခွက်ထပ်သောက်ပြီးသောအခါ ကွန်စတင်တိုင်းသည် အိမ်သာသို့ အသွားတွင် ယခင်ပုံစံအတိုင်း ဂျွန်နီဒီလန်ချီအား နောက်တစ်ကြိမ် ထပ်လုပ်ပြပြန်၏။ သူ့ 'ပညာ'မှာ ထိုထက်မများလှချေ။

"သည်းခံစမ်းပါ ဂျွန်နီရာ"

ဒေဇီက ခပ်တိုးတိုးကလေး ပြောလိုက်၏။

"ငါတို့ ဝရန်တာပေါ် သွားပြီးထိုင်ကြရအောင်"

"ဒီငတိက တမင်ပွဲတောင်းနေတာကွ"

ဂျွန်နီ့ မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားလေပြီ။

"လာပါ ဂျွန်နီရာ"

"မလာဘူးကွ၊ ငါထွက်ပြေးတယ်လို့ သူတို့က ထင်သွားလိမ့်မယ်၊ အခု ငါသွားလို့ မဖြစ်တော့ဘူး"

ဒေဇီက သတိပေးလိုက်၏။

"ဟက်တီက ဘယ်လိုပြောလိမ့်မယ်ဆိုတာ မင်းသိသားပဲ"

ဂျွန်နီသည် ခေတ္တမျှ တွေဝေသွားသည်။

"ဟက်တီက ဘာပဲပြောပြောကွာ"

ဂျွန်နီသည် လက်စွပ်မျိုးစုံ ဝတ်ဆင်ထားသော ညာလက်သီးကို ဆုပ်ရင်း ကွန်စတင်တိုင်းနံဘေးသို့ သွား၍ ကောင်တာတွင် ယှဉ်ရပ်လိုက်သည်။

“ဟာဘီ”

ဂျွန်နီက အရက်ရောင်းသူအား လှမ်းခေါ်လိုက်၏။ အရက်ရောင်းသူက လှည့်ကြည့်လိုက်သောအခါ ဂျွန်နီက ဂရိခ်လူမျိုး ကွန်စတင်တိုင်းအား လက်ညှိုးထိုးပြလိုက်သည်။

“ဟောဒီ ဂုဏ်သရေရှိ အမျိုးသမီးကြီးကို ပိုင်နဲ့ လင်မနန် ပေးလိုက်စမ်းပါကွာ”

နံဘေးတွင် ရပ်ကြည့်နေသူများသည် လွတ်လွတ်ကင်းကင်း ရှိမည်နေရာသို့ ရှောင်သွားကြသည်။ ဒေဇီသည် ဟက်တီထံသို့ သွား၍ သတင်းပို့ရန် ဝရန်တာဆီသို့ ပြေးထွက်သွားတော့သည်။

“ဂျွန်နီရယ်”

ဒေဇီ မောနေသည်။

“သူ ရန်ဖြစ်နေပြန်ပြီ”

“ဟုတ်လား”

ဟက်တီက ဆတ်ခနဲ ခုန်ထလိုက်သည်။ သို့ရာတွင် ရန်ပွဲကို ပိုင်းကြည့် နေသူများသည် တံခါးပေါက်နှင့် ပြတင်းပေါက်များနံဘေးတွင် ပိုင်းအုံနေကြ သောကြောင့် ဟက်တီသည် စိတ်သွားတိုင်း ကိုယ်မပါဘဲ ဖြစ်နေရသည်။ ပိုင်း ကြည့်နေသူများသည် ပို၍ ရှင်းရှင်းလင်းလင်း မြင်ရလေအောင် ခြေဖျားထောက် သူက ထောက်၍ ကုလားထိုင်နှင့် စားပွဲများပေါ်သို့ တက်သူက တက်နေကြသည်။ ထိုပုဂ္ဂိုလ်များသည် ထိုးကြ ကြိတ်ကြသောကြောင့် အင့်ခနဲ မြည်သံနှင့် စားပွဲ၊ ကုလားထိုင်ကျိုးသံများကို ကြားရတိုင်း အားရဝမ်းသာ ထ၍ အော်ဟစ်နေကြ သည်။

ဟက်တီသည် ပိုက်ဆံအိတ်ကို ညာလက်က ဆုပ်ကိုင်ရင်း ချုံနွယ်ပိတ်ပေါင်းများကို ဓားနှင့် ခုတ်ထွင်၍ ခရီးနှင်နေရသူတစ်ဦးပမာ ဘားခန်းအဝသို့ ရောက်အောင် လူအုပ်ကြီးထဲမှ အတင်းတိုးထွက်လာသည်။

တံခါးဝသို့ အရောက်တွင် ဟက်တီက ရပ်တန့်လိုက်၏။ သူတို့၏ရန်ပွဲသည် အင်မတန် အရေးကြီးသော အချိန်ပိုင်းသို့ ရောက်ရှိနေလေပြီ။ သူတို့သည် ဖန်ခွက်စများ၊ ကုလားထိုင်အကျိုးအပဲ့များနှင့် ရှုပ်ပွနေသော အခန်းထဲတွင် တစ်ယောက်ကိုတစ်ယောက် အလွတ်မပေးဘဲ ခြောက်လှန့်လိုက်၊ ကြောက်ဟန်ပြလိုက်နှင့် ရှိရှိသမျှ အာရုံကို တစ်ယောက်က ကျန်တစ်ယောက်ပေါ်တွင် စူး

စိုက်ထားကြသည်။ သူတို့နှစ်ယောက်စလုံး ဒဏ်ရာကိုယ်စီ ရရှိထားကြသည်။ ကွန်စတင်တိုင်းသည်နှုတ်ခမ်းကွဲနေပြီး ထိုကွဲနေသော နှုတ်ခမ်းမှ စီးကျနေသော သွေးများသည် မေးစေ့မှတစ်ဆင့် ရှပ်အင်္ကျီပေါ်သို့ စီးကျနေသည်။ ဂျွန်နီ၏ မျက်လုံးတစ်ဖက်သည် နီရဲပြီး ဖူးရောင်သော ဒဏ်ရာကြောင့် ပိတ်လုနီးပါး ဖြစ်နေသည်။ ပိုင်းကြည့်နေသော ပရိသတ်ကြီးသည် တိတ်တိတ်ဆိတ်ဆိတ်နှင့် စောင့်ကြည့်နေကြသည်။

“ဂျွန်နီဒီလန်ချ်”

ဟက်တီ၏ အသံသည် ချုံနိုတိုက်ပွဲတွင် တစ်ဖက်မှ ပစ်လိုက်သော မော်တာရိုင်ဖယ်မှ သေနတ်သံပမာ ရုးရုး ရှရှ ပေါ်ထွက်လာ၏။ အပြစ်ရှိသူပမာ ခံစားလိုက်ရသော ဂျွန်နီသည် လက်နှစ်ဖက်ကို အောက်ဘက်သို့ ချလိုက်ပြီး နောက် ဟက်တီဘက်သို့ ပြန်လှည့်ရန် ဟန်ပြင်လိုက်စဉ် ကွန်စတင်တိုင်း၏ လက်သီးသည် ဂျွန်နီ၏ နားထင်ကို မိမိရရ ထိုးမိသွားတော့သည်။ ထိုလက်သီး ဒဏ်ကြောင့် ဂျွန်နီသည် ချာခနဲ လည်ထွက်သွားပြီး နံရံနှင့် ဝင်တိုးမိပြီးနောက် အောက်ဘက်သို့ တဖြည်းဖြည်း လျှောကျသွားတော့သည်။

ကွန်စတင်တိုင်းသည် ဝမ်းသာအားရ အော်ဟစ်လိုက်ပြီး နောက် ခွေခွေ ကလေး လဲကျနေသော ဂျွန်နီ၏ ကိုယ်ခန္ဓာအား ဖိနပ်နှင့် ထပ်ကန်ရန် ရှေ့သို့ တဟုန်ထိုး ပြေးလာသည်။ သို့ရာတွင် ကွန်စတင်တိုင်းသည် မေ့နေသော ဂျွန်နီ ဘေး၌ မှောက်လျက် လဲကျသွားလေတော့သည်။ ဟက်တီသည် စားပွဲတစ်လုံး ပေါ်မှ ရေပုလင်းတစ်လုံးကို ဆွဲယူပြီး ကွန်စတင်တိုင်းအား ရိုက်လိုက်သော ကြောင့် ဖြစ်သည်။

ချက်ချင်းလိုလိုပင် မိန်းကလေးပီသစွာ မလုပ်တတ် မကိုင်တတ် ဖြစ်သွားပုံရသော ဟက်တီက အနီးအနားတွင် ရှိနေသော အမျိုးသားကြီးများအား တောင်းပန်လိုက်၏။

“ကျွန်မယောကျ်ားကို မော်တော်ကားဆီ ခေါ်သွားနိုင်အောင် ကျွန်မကို ကူညီကြပါလားရှင်”

ဟက်တီသည် ဒေဇီနှင့်အတူ မိုနာကို မော်တော်ကား ရှေ့ဘက်ခုံတွင် ထိုင်ရင်း အကြီးအကျယ် စိတ်ဆိုးနေသည်။

ဂျွန်နီသည် နောက်ဘက်ထိုင်ခုံပေါ်တွင် ခပ်လျှောလျှောနှင့် သက်သက်သာသာ ထိုင်နေပြီး ခပ်တိုးတိုး ဟောက်နေသည်။

"စိတ်မဆိုးပါနဲ့ ဟက်တီ"

ဒေဗီက ဣုန္ဒြေရရ မောင်းနေသည်။

"ကျွန်မက သူ့ကို တစ်ကြိမ်တစ်ခါတည်း ပြောခဲ့တာ မဟုတ်ဘူး။ အကြိမ်ပေါင်း ရာနဲ့ချီပြီး ပြောခဲ့တာ"

ဟက်တီ၏ အသံသည် စူးစူးရှရှနှင့် ပေါ်ထွက်လာသည်။

"ကျွန်မက အဲဒါမျိုးကို သည်းမခံဘူးလို့ ပြောပြီးပြီ"

"ဒါ သူ့အပြစ်မဟုတ်ပါဘူး။ ဟို ဂရိခ်လူမျိုးက သက်သက်လာပြီး ရန်စတာပါ"

ဒေဗီက တိုးတိုးသက်သာ ရှင်းပြရင်း ဟက်တီ၏ လက်မောင်းကို အသာအယာ ဆုပ်ကိုင်လိုက်၏။

"သူက ရှင့်ညီဆိုတော့ ရှင်က ဘာပဲဖြစ်ဖြစ် သူ့ကို ထောက်ခံမှာပေါ့"

"အဲဒီလို မဟုတ်ပါဘူးကွာ"

ဒေဗီက ဟက်တီအား နှစ်သိမ့်ရင်း ဟက်တီ၏ လက်မောင်းကို အသာအယာ ပွတ်သပ်နေသည်။

"မင်းနဲ့ ပတ်သက်ရင် ကိုယ့်စိတ်ထဲမှာ ဘယ်လိုခံစားနေတယ်ဆိုတာ မင်း သိပါတယ် ဟက်တီ"

"ကျွန်မ ရှင့်ကို မယုံဘူး"

ဒေဗီက ဟက်တီလက်အား ဆက်လက်၍ ပွတ်သပ်ပေးနေသည်။

"ရှင်တို့ ယောကျ်ားတွေဟာ အတူတူနဲ့ အနူနူပဲ၊ တစ်ယောက်ကို တစ်ယောက်က ထောက်ခံနေကြတာချည်းပဲ"

ဟက်တီ၏ ဒေါသသည် ဂျွန်နီဒီလန်နီချိအား ပြင်းပြင်းထန်ထန် မကျေမနပ် ဖြစ်သောအဆင့်သို့ ပြောင်းလဲသွားသည်သာမက ဂျွန်နီဒီလန်နီချိအား လက်စားချေလိုသောစိတ်နှင့် မဟုတ်မဟုတ် လုပ်ချင်စိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။ ဒေဗီ၏လက်သည် ဟက်တီအား နှစ်သိမ့်ဖျောင်းဖျလိုသောစိတ်ထက် လွန်ကဲလာသည်ကို ဟက်တီ နားလည်ပါသည်။ ဟက်တီသည် ဂျွန်နီဒီလန်နီချိနှင့် လက်မထပ်ခင်က အမျိုးသား ထည်လဲနှင့်တွဲ၍ ယောကျ်ားတို့၏ စိတ်သဘော ကို နောကျေအောင် လေ့လာခဲ့ဖူးသူ ဖြစ်သည်။ ဟက်တီသည် နားလည်လိုသော ဆန္ဒကြောင့် စိတ်ဝင်စားစွာ လေ့လာသူတစ်ဦး ဖြစ်ခဲ့သည်။ ဟက်တီသည် သွေးသားတောင့်တမှုနှင့် ပတ်သက်လာပါက မိတ်ဆွေသူငယ်ချင်းများအား

စီးကရက်'တည်'သကဲ့သို့ ခပ်လွယ်လွယ် သဘောထားနိုင်ခဲ့သူဖြစ်သည်။ ဟက်တီက တွေးလိုက်၏။

"အဲဒီလိုသာဆိုရင် မစ္စတာဂျွန်နီဒီလန်နီချိတစ်ယောက် ကောင်းကောင်းကြီး ဦးနှောက်ခြောက်သွားလိမ့်မယ်၊ ဒေဗီဘက်ကို လုံးလုံးလျားလျားကြီး ပါသွားဖို့တော့ မဟုတ်ဘူး။ ဂျွန်နီကို ပြန်ပြီး လက်စားချေရုံလောက်ပါပဲ"

"မဟုတ်သေးဘူး ဟက်တီ၊ ကိုယ် တကယ်ပြောနေတာပါ"

ဒေဗီ၏ အသံသည် လည်ချောင်းသံပါပြီး အက်ကွဲလာသည်။

နောက် ဆယ်မိနစ်ကြာသောအခါ မိုနာကို မော်တော်ကားကလေးသည် ကမ်းချေနားဝဲလ်ဗ် မြို့စွန်ရှိ ကုမ္ပဏီပိုင် အိမ်ကလေးရှေ့သို့ ရောက်ရှိလာကြ၏။

နောက်ပိုင်း ထိုင်ခုံပေါ်၌ ရှိနေသူ ဂျွန်နီထံမှ ညည်းတွားသံတစ်ချက် ပေါ်ထွက်လာသည်။ ဟက်တီ၏ ကိုယ်ခန္ဓာအား ကိုင်ထားသော ဒေဗီ၏လက်သည် ဆတ်ခနဲ ပြန်၍ ရုပ်သိမ်းသွားပြီး မော်တော်ကားလက်ကိုင်ဘီးကို ပြန်ကိုင်လိုက်သည်။

"သူ့ကို အိမ်ထဲ သွင်းနိုင်အောင် ကူညီပါရှင်"

ဟက်တီက ပြောလိုက်၏။ ဟက်တီ၏ အသံသည် တုန်တုန်ယင်ယင် ဖြစ်နေပြီး သူ့ပါးပြင်သည် နီရဲနေသည်။ ဟက်တီတစ်ယောက် စိတ်မဆိုးတော့ပါ။

❒

[၃၇]

သူတို့နှစ်ယောက်စလုံး အနည်းငယ်စီ အရက်မူးနေကြသည်။ ရောဒ်နှင့် တယ်ရီစတိုင်းနားတို့သည် ရောဒ် ရာထူးတက်သည့် အထိမ်းအမှတ်အဖြစ် ဆန်းနီးအိုက်စ်ဟိုတယ်တွင် တထောက်နားခဲ့ကြသည်။ သူတို့နှစ်ယောက်သည် အခန်းကျဉ်းကလေးထဲတွင် ဘေးချင်းယှဉ်ထိုင်ရင်း အရက်ကို ခပ်မြန်မြန်သောက်နေကြသည်။ စိတ်လှုပ်ရှားနေသော သူတို့နှစ်ဦးသည် တဟားဟား ရယ်နေကြသည်။ ရောဒ်နှင့် တယ်ရီစတိုင်းနားတို့သည် ပူပူးကပ်ကပ် ထိုင်နေကြသော်လည်း တစ်ယောက်

နှင့်တစ်ယောက် အသားချင်း မထိကြပါချေ။

တယ်ရီစတိုင်းနားသည် ကိုပ်ပ်တောင်း ယူနီဗာစီတီတွင် နေခဲ့ရစဉ် လွန်ခဲ့သော ဆယ်နှစ်ခန့်က ဤကဲ့သို့ ပျော်ခဲ့ရဖူးသည်။ အိမ်ထောင်ရှင်မ ဗီသ ရမည်ဟု မင်းဖရက်က ပြဌာန်းထားသော ဣန္ဒြေသိက္ခာများသည် ယခုအချိန် တွင် လွင့်စဉ်ကွယ်ပျောက်၍ သွားကြလေပြီ။ ယခု သူသည် ဘောလုံးသင်း ကက်ပတိန်နှင့် ဒိတ်လုပ်၍ ထွက်လာရသော အပျိုဖြန်းကလေးတစ်ယောက် ပမာ ခံစားနေရသည်။

"ကဲ...ဒီက သွားကြရအောင်"

ရောဒ်က ဖြန်းခနဲပြောလိုက်သည်ကို တယ်ရီစတိုင်းနားက အထွန့်မတက် ဘဲ မတ်တတ်ရပ်လိုက်၏။ ရောဒ်က တယ်ရီ၏ လက်ကို ခပ်ဖွဖွကလေး ဆုပ် ကိုင်၍ လှေကားပေါ်မှ ဆင်းလာကြသည်။ တယ်ရီ၏ အသားပေါ်တွင် ခပ်ရွရွ ကလေး လာထိနေသော ရောဒ်၏ လက်ချောင်းများကြောင့် ယားကျိကျိကလေး ဖြစ်နေရသည်။

မာဆီရာတီ မော်တော်ကားပေါ်တွင်လည်း တယ်ရီစတိုင်းနားသည် အိပ်မက်မက်နေသလို ခံစားလိုက်ရပြန်သည်။

"ရောဒ်၊ ရှင်သမီးနဲ့ရှင် ဘယ်လောက်လောက် ကြာတိုင်း တွေ့လေ့တွေ့ထ ရှိသလဲ"

ရောဒ်က တယ်ရီစတိုင်းနား၏ နံဘေးရှိ ထိုင်ခုံ၌ ဝင်ထိုင်လိုက်စဉ် တယ်ရီက မေးလိုက်၏။ ထိုအမေးစကားကြောင့် အံ့သြသွားသော ရောဒ်က တယ်ရီအား တစ်ချက် ပြန်ကြည့်လိုက်သည်။

"တနင်္ဂနွေနေ့တိုင်းပဲ"

"နက်ဖြန်ခါပေါ့"

"ဟုတ်တယ်"

"သမီးက အသက်ဘယ်လောက် ရှိပြီလဲ"

"နောက် မွေးနေ့ကျရင် ကိုးနှစ်ပြည့်ပြီ"

"ရှင်တို့နှစ်ယောက် ဘယ်လိုအချိန်ဖြုန်းကြသလဲ"

ရောဒ်က မော်တော်ကားကို စက်နှိုးလိုက်၏။

"ကိုယ်တို့ တိရစ္ဆာန်ရုံထဲက ရေကန်မှာ လှေလှော်ကြတယ်၊ အိုက်စကရင် စားတယ်၊ ရာသီဥတုက အေးနေမယ်၊ မိုးရွာနေမယ်ဆိုရင် ကိုယ့်အခန်းထဲမှာပဲ

မာကျောက်ကစားကြတယ်"

ရောဒ်က ကလပ်ချ်ကို လွှတ်လိုက်ပြီးနောက် မော်တော်ကားစထွက်လာ ချိန်တွင် ထပ်ပြောလိုက်သည်။

"သမီးက မာကျောက်ကို လိမ်ပြီး ကစားတတ်တယ်"

တယ်ရီစတိုင်းနားက မေးလိုက်၏။

"အိမ်ခန်း။ ဟုတ်လား"

"မြို့ထဲမှာ ကိုယ့်အတွက် ပုန်းခိုစရာ နေရာကလေး တစ်နေရာ ရှိပါ တယ်"

"ဘယ်နေရာမှာလဲ"

"ကိုယ် မင်းကို ပြမယ်လေ"

ရောဒ်က ခပ်အေးအေး ပြောလိုက်လေသည်။

*

တယ်ရီစတိုင်းနားသည် ထိုင်ခုံပုပုကလေးပေါ်တွင် ထိုင်ရင်း ပတ်ဝန်းကျင်ကို တအံ့တသြနှင့် လှည့်ကြည့်နေသည်။ ရောဒ်သည် သူ့အိမ်ခန်းအား ထိုမျှလောက် တယုတယနှင့် ပြုပြင်မွမ်းမံထားလိမ့်မည်ဟု တယ်ရီ မျှော်လင့်မထားခဲ့ပါ။ တစ်ခန်းလုံးကို ချောကလက်အညိုရောင်၊ ဝင်းမှည့်နေသော ဂျုံခင်းမှ ရွှေရောင်၊ ကြေးနီရောင်တို့နှင့် မွမ်းမံထားသည်။ ဟိုဘက်နံရံပေါ်တွင် ပန်းချီဆရာ ဒီနိုပါရာတာ နို၏ လက်ရာဟု တယ်ရီသိထားသော 'ဆောင်းဦးရာသီ၏ရှုခင်း' ပန်းချီကား တစ်ချပ်ပင် ရှိနေသည်။

ရောဒ်က စိတ်ကြည်နူးဖွယ်ကောင်းအောင် တစ်ခန်းလုံးအား မီးရောင်နှင့် ပြုပြင်မွမ်းမံထားကြောင်း တယ်ရီ အကဲခတ်လိုက်မိသည်။ ထို့နောက် တယ်ရီသည် အရက်ဗီရိုဆီသို့ လျှောက်သွားမိတော့သည်။ တယ်ရီက မေးလိုက်၏။

"အိမ်သာက ဘယ်မှာလဲ"

"စင်္ကြံလမ်းအတိုင်းသွား၊ ဘယ်ဘက်က ဒုတိယအခန်း"

တယ်ရီသည် အိမ်သာထဲမှ ဆေးဗီရိုကို သူနိုးတစ်ယောက်ပမာ လှန်လှော ကြည့်ရင်း အိမ်သာထဲတွင် ခပ်ကြာကြာ နေလိုက်သည်။ သွားပွတ်တံထားသော နေရာတွင် သွားပွတ်တံသုံးချောင်း စိုက်ထားသည်ကို တွေ့လိုက်ရသောကြောင့်

တယ်ရီက ဇီရိုတံခါးကို ကမန်းကတန်း ပြန်ပိတ်လိုက်၏။ သူနိုးပမာ ရှာမိဖွေမိသောကြောင့်လော၊ သို့တည်းမဟုတ် မနာလိုဝန်တိုမှုကြောင့်လော မသိ၊ တယ်ရီ ရင်ထဲတွင် စိတ် ကယောက်ကယက် ဖြစ်သွားရသည်။

သူသည် အိမ်သာမှ ဧည့်ခန်းသို့ ပြန်အလာတွင် ပွင့်နေသော အိပ်ခန်းတံခါး ကြောင့် နှစ်ယောက်အိပ်ခုတင်ကြီးကို မလွှဲမရှောင်သာ မြင်ခဲ့ရလေသည်။ တယ်ရီ သည် ပန်းချီကားတစ်ချပ်၏ ရှေ့၌ မတ်တတ်ရပ်လိုက်၏။ တယ်ရီက ပြော လိုက်သည်။

"ကျွန်မ သူ့လက်ရာတွေကို သဘောကျတယ်"

"သူ့လက်ရာတွေက မင်းအတွက် သိပ်ပြီး ခေတ်ပုဆန်မနေဘူးလား"

"ဟင်အင်း၊ ကျွန်မ သဘောကျပါတယ်"

ရော့ဒ်သည် သူ့အား အရက်ဖန်ခွက်ကို လှမ်းပေးလိုက်ပြီးနောက် သူ့နံဘေးတွင် မတ်တတ်ရပ်ရင်း ပန်းချီကားကို လေ့လာနေကြသည်။ တယ်ရီက ဖန်ခွက်ထဲမှ ရေခဲများကို ဖန်ခွက်နှင့် ထိမိအောင် လှုပ်ခါနေစဉ် ရော့ဒ်က သူ့ဘက် လှည့်လိုက်၏။ သူ့လက်ထဲမှ ဖန်ခွက်ကို ရော့ဒ်က လှမ်းယူလိုက်စဉ် တယ်ရီသည် အိပ်မက် မက်နေသူပမာ ခံစားနေရသည်။

တယ်ရီသည် ရော့ဒ်၏ သန်မာပြီး ကျွမ်းကျင်ပုံရသော လက်ချောင်းများ၏ အထိအတွေ့ကိုသာ သိရှိခံစားနေရသည်။ ရော့ဒ်၏ လက်ချောင်းကလေးများသည် တယ်ရီ၏ ပခုံးမှတစ်ဆင့် ကျောဘက်ဆီသို့ ရောက်ရှိသွားကြတော့သည်။ တယ်ရီသည် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ကြက်သီးမွေးညင်းကလေးများ ထသွားပြီး ရော့ဒ်၏ နှုတ်ခမ်းသည် တယ်ရီ၏ နှုတ်ခမ်းပေါ်သို့ ရောက်ရှိလာချိန်တွင် မိန်းမောနေမိသောအဖြစ်သည် နောက်ဆုံးအဆင့်သို့ ရောက်ရှိသွားလေတော့သည်။ သူ့တစ်ကိုယ်လုံးသည် နွေးနွေးထွေးထွေးဖြစ်လာပြီး ရီဝေဝေဖြစ်လာလေရာ သူသည် စိတ်ကို လျှော့ချလိုက်ပြီး ရော့ဒ်၏ ဦးဆောင်မှုနောက်သို့ လိုက်ပါသွားလေတော့သည်။

ထို့နောက်ပိုင်းတွင် တယ်ရီသည် ပစ္စုပ္ပန်ကာလဆီသို့ မည်မျှလောက် အချိန်ကြာမှ ပြန်သတိရပြီး ရောက်ရှိလာသည်ကို မမှတ်မိတော့ပါချေ။ သူတို့နှစ်ယောက်စလုံးသည် ဆိုဖာရှည်ကြီးပေါ်သို့ ရောက်ရှိနေကြပြီး တယ်ရီသည် ရော့ဒ်၏ ရင်ခွင်ထဲ၌ ရောက်ရှိနေသည်။

"ကျွန်မ ရူးနေလို့ပဲ ဖြစ်ရမယ်"

တယ်ရီသည် ရော့ဒ်၏ ရင်ခွင်ထဲမှ အတင်းလူးလဲထလိုက်၏။ တယ်ရီ သည် ကြောက်စိတ်ကြောင့် တဆတ်ဆတ် တုန်နေသလို ကိုယ့်ကိုယ်ကို ဒေါပွ နေသည်။ သူသည် ယခင်က ဤအဖြစ်မျိုးနှင့် တစ်ခါမှ မကြုံခဲ့ရဖူးချေ။

"ဒါရူးတဲ့ကိစ္စ သက်သက်ပဲ"

တယ်ရီ၏ မျက်လုံးများသည် ဖြူဖွေးနေသော မျက်နှာပေါ်တွင် မည်းနက် တောင်ပြောင်နေသလို ကြယ်သီးများကို ပြန်တပ်နေသော သူ့လက်ချောင်းများသည် ကမန်းကတန်း ကပျာကယာဖြစ်နေကြသည်။ နောက်ဆုံးကြယ်သီးကို တပ်ဆင်၍ ပြီးစီးသွားသော အချိန်တွင် ကြောက်စိတ်နေရာ၌ ဒေါသက အစားထိုး ဝင်ရောက်လာတော့သည်။

"ဟောဒီဆိုဖာပေါ်မှာ ရှင်က မိန်းကလေးဘယ်နှစ်ယောက်ကို သွေးဆောင် ဖြားယောင်းပြီးခဲ့ပြီလဲ မစ္စတာအိုင်းရွန်းဆိုက်ဒ်ရဲ့"

ရော့ဒ်က ပြန်မတ်တတ်ရပ်ရင်း နှစ်သိမ့်လိုသော သဘောနှင့် သူ့အား လက်နှင့် လှမ်းကိုင်လိုက်၏။

'ကျွန်မကို မထိပါနဲ့' တယ်ရီက နောက်တစ်လှမ်း ဆုတ်လိုက်သည်။

"ကျွန်မ အိမ်ပြန်ချင်တယ်"

"မင်းကို ကိုယ် လိုက်ပို့ပါမယ် တယ်ရီ၊ ဒေါသကိုသာ လျှော့ချလိုက်စမ်းပါ၊ ကိုယ်တို့ ဘာမှမဖြစ်ခဲ့ကြပါဘူး"

"ဒါ ရှင့်အပြစ်တော့ မဟုတ်ပါဘူး' တယ်ရီက ဒေါပွနေဆဲပင်။

'ဟုတ်တယ်ပဲ ထားပါတော့ကွာ' ရော့ဒ်က သဘောတူလိုက်၏။

"ရှင်ဆန္ဒအတိုင်းသာ ဖြစ်သွားမယ်ဆိုရင်...ရှင်က အောင်မြင်သွားမှာပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းကလဲ သဘောတူမှဖြစ်မှာပါ"

တယ်ရီက ဒေါသကို ထိန်းချုပ်ရင်း ရော့ဒ်အား ပြန်စိုက်ကြည့်နေသည်။

"ကျွန်မ ဒီကို လိုက်မလာသင့်ဘူး။ ကျွန်မက အန္တရာယ်ကို တမင်ဖိတ်ခေါ်လိုက်တာပဲဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ ကျွန်မကို အခု အိမ်ပြန်ပို့ပေးပါရှင်"

[၃၈]

တယ်လီဖုန်းခေါင်းလောင်းသံကြောင့် ရောဒ်သည် အိပ်ပျော်နေရာမှ လန့်နိုးလာသည်။ သူသည် ဧည့်ခန်းထဲကို ဖြတ်လျှောက်သွားရင်း အိပ်ချင်မူးတူးနှင့် လက်ပတ်နာရီကို ကြည့်လိုက်မိ၏။ နံနက်ရှစ်နာရီ။

"အိုင်းရွန်းဆိုက်ဒ်ပါ"

ရောဒ်က စကားပြောခွက်ထဲသို့ ပြောပြောဆိုဆိုနှင့် သမ်းဝေလိုက်ပြီး တယ်ရီ၏ အသံကို မှတ်မိသွားသည်နှင့် တစ်ပြိုင်နက် အိပ်ချင်မူးတူးဖြစ်နေသော စိတ်များသည် ချက်ချင်းပျောက်ကွယ်သွားကြလေတော့သည်။

"မင်္ဂလာနံနက်ခင်းပါ ရောဒ်နီ၊ ရှင် အမူးပြေသွားပြီလား"

ရောဒ်သည် သူ့ထံမှ ဆက်သွယ်လာမှုကို ရရှိလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပါချေ။

"သည်းခံနိုင်ရဲ့လောက်ပါပဲ"

"ပျော်စရာကောင်းရုံသာမက သင်ခန်းစာတွေကိုပါ ရခဲ့တဲ့ ညနေခင်းအတွက် ကျွန်မက ကျေးဇူးတင်စကားပြောမလို့ တယ်လီဖုန်းဆက်လိုက်တာပါ"

'သခင်မကလေးပြောမယ့် စကားကို နားစွင့်ထောင်လျက်ပါခင်ဗျာ' ရောဒ်က ပြုံးပြီး ရင်ဘတ်ပေါ်မှ အမွှေးအမှင်များကို လက်နှင့် ကုတ်ခြစ်လိုက်၏။

"မိန်းမဆိုတာ ဆောင်းလေပမာညီ ပြောင်းလဲတတ်ကြသည်တဲ့၊ ညတုန်းကတော့ ကိုယ်မျက်လုံး နှစ်လုံးအကြားမှာ အပေါက်ကလေးတစ်ပေါက် ထပ်အဖောက်ခံရတော့မလို့တောင် ထင်လိုက်မိတာ"

"ညတုန်းက ကျွန်မ သိပ်ကြောက်သွားမိတယ်"

တယ်ရီက ဝန်ခံလိုက်သည်။

"ရှင်ဟာ အင်မတန်တဏှာရာဂကြီးတဲ့ ပုဂ္ဂိုလ်ပဲလို့ ဖြန်းခနဲ ထင်လိုက်မိတဲ့အတွက် ရုတ်တရက် သွေးပျက်သွားတာပါ။ ရှင့်ကို ပြောမိသမျှ ဆိုမိသမျှတွေဟာ စိတ်ထဲကပါလို့ မဟုတ်ပါဘူး"

"မင်း ကိုယ့်ကြောင့် စိတ်ချောက်ချားခဲ့ရတဲ့အတွက် ကိုယ် အများကြီး ဝမ်းနည်းပါတယ်"

ရောဒ်က ဖြေလိုက်ခြင်းဖြစ်သည်။ တယ်ရီက ပြန်ပြောလိုက်၏။

"ဝမ်းမနည်းပါနဲ့ရှင်။ ရှင်ဟာ တော်တော်အထင်ကြီးစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါ"

ထို့နောက် ပြောလက်စ စကားလမ်းကြောင်းကို ခပ်မြန်မြန်ပြောင်းလဲပစ်လိုက်သည်။

"ရှင် ဒီကနေ့ ရှင့်သမီးကို သွားခေါ်ဦးမလား"

"ခေါ်မယ်လေ"

"ကျွန်မ ရှင့်သမီးနဲ့ တွေ့ချင်တယ်"

"တွေ့နိုင်အောင် စီစဉ်ပေးလို့ ရပါတယ်"

ရောဒ်က သတိထားပြီး မယုတ်မလွန် ဖြေလိုက်သည်။

"ရှင့်သမီးက မြင်းတွေ ဘာတွေကို စီးချင်စိတ် ရှိသလား"

"သမီးက မြင်းဆိုရင် အသေအလဲပဲ၊ သိပ်စီးချင်တာ"

"ရှင်က သမီးနဲ့ ကျွန်မကို ဗားလ်မြစ်နံဘေးမှာ ရှိတဲ့ မြင်းမွေးမြူရေးခြံကို လိုက်ပို့ပေးနိုင်မလား"

ရောဒ် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"စိတ်ချရပါမလား။ အဲလေ ...၊ ကိုယ်ဆိုလိုတာက ကိုယ်တို့နှစ်ယောက်ကို အတူတူတွဲပြီး မြင်ကြမယ့်ကိစ္စကို ပြောတာပါ"

"အဲဒါက ကျွန်မ သိက္ခာပါရှင်၊ ကျွန်မဘာသာ ကြည့်ပြီး ကာကွယ်ဆောင်ရွက်ပါမယ်"

"ကောင်းပါပြီ"

ရောဒ်က သဘောတူလိုက်၏။

"ကိုယ်တို့သားအဖ မင်းရဲ့ မြင်းမွေးမြူရေးခြံကို သွားချင်ကြပါတယ်"

"ဒါဆိုရင် ရှင့်အိမ်ခန်းမှာ ကျွန်မတို့ ဆုံကြမယ်၊ ဘယ်အချိန်လဲ"

"ကိုးနာရီခွဲ"

*

ပက်တီက ညဝတ်အင်္ကျီကို ဝတ်ဆင်ထားဆဲပင် ရှိသေးသည်။ ပက်တီသည် သူ့ပါးပြင်ကို ရောဒ်က မွှေးမွှေးပေးနိုင်အောင် ခေါင်းမော့ပေးလိုက်၏။ သူ့ဆံပင်တွင် ဆံပင်ကောက်သော ပလတ်စတစ်ဘီးလုံးကလေးများ ရှိနေဆဲပင်။

သူ့မျက်လုံးများကို ကြည့်ရခြင်းဖြင့် သူ ညက အိပ်ရာဝင်နောက်ကျခဲ့ကြောင်း သိသာနိုင်ပေသည်။

"ဟယ်လို၊ ရှင်တော်တော်ကလေး ပိန်သွားပါလား၊ မယ်လီကတော့ အဝတ်အစားလဲနေတုန်းပဲ၊ ရှင် ကော်ဖီသောက်ဦးမလား၊ ရှင် ပို့လိုက်တဲ့ မယားစရိတ် ချက်လက်မှတ်က ထုံးစံအတိုင်း နောက်ကျနေပြန်ပြီ"

ထို့နောက် ပက်တီသည် ကော်ဇောပေါ်၌ ဆီးသွားရန် ဆောင့်ကြောင့် ထိုင်လိုက်သော သဘောခွေးကလေးကို တအားလွှဲ၍ ရိုက်လိုက်သည်။

"ဒီခွေးစုတ်တွေက နေရာတိုင်းမှာ လျှောက်ပြီး သေးပေါက်နေတာပဲ၊ မယ်လာနီ"

ပက်တီက သူ့အသံကို မြှင့်လိုက်၏။

"မြန်မြန်လုပ်ပေဟာ၊ မင်းပါပါ ဒီမှာရောက်နေပြီ"

"ဟယ်လို...ဒက်ဒီ"

ဝမ်းသာသွားပုံရသော မယ်လာနီ၏ အသံသည် အခန်းထဲမှ စူးစူးရှရှ ပေါ်ထွက်လာသည်။

"ဟယ်လို...ဘေဘီ"

"ဒက်ဒီ အခန်းထဲကို ဝင်လာလို့ မဖြစ်သေးဘူး။ ကျွန်မ အဝတ်အစား မဝတ်ရသေးဘူး"

"ဒါဖြင့်ရင်လည်း မြန်မြန်လုပ်လေကွာ၊ ဒက်ဒီက သမီးနဲ့တွေ့ဖို့ မိုင် တစ်သန်းလောက်ဝေးတဲ့ နေရာက လာခဲ့ရတာကွ"

"တစ်သန်းတော့ မရှိပါဘူး"

မယ်လာနီ အိုင်းရွန်းဆိုက်ဒ်ကို မည်သူကမျှ ညာ၍ မရပါ။

"ရှင် ကော်ဖီသောက်ချင်တယ်လို့ ပြောသေးသလား။ ဒုက္ခမများပါဘူး၊ အဆင်သင့်ပါပဲ"

ပက်တီသည် ရောဒ်အား ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

"ကျေးဇူးပါပဲ"

ပက်တီသည် ကော်ဖီပန်းကန်ထဲသို့ ကော်ဖီကို လောင်းထည့်ပြီး သူ့ထံ သို့ ကမ်းပေးလိုက်သည်။ ပက်တီက မေးလိုက်၏။

"အလုပ်အကိုင် ဘယ်နှယ်လဲ"

"ကိုယ့်ကို ဆွန်ဒါဒစ်ချ်မှာ ဂျင်နရယ် မန်နေဂျာ ခန့်လိုက်ပြီလေ"

ထိုကိစ္စမှာ ထူးထူးခြားခြား ကောင်းမွန်လွန်းလှသဖြင့် ရောဒ်သည် မပြောမိအောင် ကိုယ့်ကိုယ်ကို ပိတ်ပင်တားဆီး၍ မရလိုက်ချေ။ သူ ကြွားလိုက်ရမှ ဖြစ်ပါလိမ့်မည်။

ပက်တီက သူ့အား အထိတ်တလန့်နှင့် လှမ်းကြည့်လိုက်၏။

"ရှင် ရယ်စရာပြောနေတာပါ"

သူက ရောဒ်အား စွပ်စွဲလိုက်၏။ ထို့နောက် သူ့စိတ်သည် ဂဏန်းတွက်စက်အဖြစ် ပြောင်းလဲသွားလေတော့သည်။ ပက်တီ၏ သံသယကြောင့် ရောဒ်သည် အသံထွက်အောင် ရယ်မိတော့မလို ဖြစ်သွားရသည်။

"မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောတာပါ"

"ဘုရားသခင် ကယ်တော်မူပါ"

ပက်တီသည် အားလျှော့နွမ်းရိစွာနှင့် ထိုင်ချလိုက်၏။

"ဒါဆိုရင် ရှင့်ဝင်ငွေဟာ နှစ်ဆလောက်နီးပါး တိုးသွားတော့မှာပေါ့နော်"

ရောဒ်က သူ့အား သံယောဇဉ်ကင်းသော အကြည့်နှင့် ကြည့်လိုက်၏။ ရောဒ်သည် သူနှင့်အတူ နှောင်ကြိုးတုပ်ထားခြင်း မခံရတော့သည့်အတွက် စိတ်သက်သာရာ ရရှိသွားသည်။ ရောဒ်အဖို့ ထိုကဲ့သို့ စိတ်သက်သာရာ ရရှိသွားခြင်းသည် ပထမဦးဆုံးအကြိမ်လည်း မဟုတ်တော့ပါချေ။

ရောဒ်က ပက်တီအား ဆွပေးလိုက်၏။

"ထုံးစံအတိုင်းဆိုရင် ဝမ်းသာပါတယ်လို့ ပြောရစမြဲပဲလေ"

"ရှင်နဲ့ မထိုက်တန်ပါဘူး"

ပက်တီတစ်ယောက် ဒေါပွလာလေပြီ။

"ရောဒ်ဒနီ အိုင်းရွန်းဆိုက်ဒ်၊ ရှင်ဟာ အင်မတန် တစ်ကိုယ်ကောင်းဆန်ပြီး မိန်းမတွေကို အိုင်တွေ့ရင် ခြေဆောနေတဲ့ လူလွန်မသားတစ်ယောက်ပါ။ ရှင်ဟာ ကံကောင်းဖို့ မသင့်တဲ့ လူတစ်ယောက်ပါ"

ရောဒ်က သူ့အား လိမ်ညာသွားခဲ့သည်။ သူသည် ဂျင်နရယ်မန်နေဂျာကတော် ဖြစ်နိုင်ပါသည်။ ယခု သူသည် တစ်လလျှင် မဖြစ်စလောက် ရန်ငွေလေးရာငါးဆယ်သာရသော တစ်လင်ကွာ တစ်ခုလပ်မကလေးတစ်ယောက် ဖြစ်နေရလေပြီ။ ယခင်က ထိုငွေပမာဏသည် များသည်ဟု ထင်ရသော်လည်း ယခုအချိန်တွင် နည်းနေလေပြီ။

"ရှင်က သဘောထားကြီးကြီးနဲ့ ကျွန်မနဲ့ မယ်လာနီတို့အတွက် သင့်လျော်အောင် ပြင်ဆင် တိုးမြှင့်ပေးလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်၊ ကျွန်မတို့လည်း ဝေစု ရထိုက်တာပေါ့ရှင်"

တံခါးသည် ဂုန်းခနဲ ပွင့်သွားပြီးနောက် မယ်လာနီ အိုင်းရွန်းဆိုက်ဒ်သည် ကဆုန်ပေါက်၍ ပြေးချလာပြီး ရောဒ်၏လည်ပင်းကို တွဲလွဲဆွဲ၍ နိုထားလိုက်သည်။ မယ်လာနီသည် ရှည်လျားသော ရွှေရောင်ဆံပင်နှင့် မျက်လုံးစိမ်းကြီးများရှိသူဖြစ်သည်။

"ကျွန်မက စာလုံးပေါင်းမှာ ဆယ်မှတ်ပေးရင် ကိုးမှတ်ရတယ်"

"သမီးက တော်ရုံတင် တော်တာ မဟုတ်ဘူး၊ သိပ်ကို ထူးချွန်တာပြီး တော့ သမီးက သိပ်ချောတယ်"

"ဒက်ဒီ၊ သမီးကို မော်တော်ကားဆီအထိ ပွေ့ချီပြီး ခေါ်သွားပေးပါလားဟင်"

"သမီးခြေထောက်တွေက ဘာဖြစ်နေလို့လဲ၊ ပလတ်စတာကိုင်ထားရလို့လား"

"ကျေးဇူး၊ ကျေးဇူးပြုပြီး ခေါ်သွားပါ၊ လူညီချောကြီးရယ်"

ပက်တီက သားအဖနှစ်ယောက်၏ မေတ္တာဘွဲ့ကို ဝင်ရောက်နှောင့်ယှက်လိုက်၏။

"ဟဲ့ချာတိတ်မ၊ အပေါ်အင်္ကျီပါပြီလား"

ဤတွင် မယ်လာနီသည် ဂုန်းခနဲ ထွက်ပြေးသွားတော့သည်။ ရောဒ်က ပြောလိုက်၏။

"သမီးကို ခုနစ်နာရီ မထိုးခင် ပြန်ပို့မယ်"

"ရှင် ကျွန်မမေးတာကို ပြန်မဖြေသေးဘူး"

ပက်တီတစ်ယောက် သုန်မှုန်နေသည်။

"ကျွန်မတို့ကော ဝေစုရမှာလား"

"အင်းလေ၊ ရမှာပေါ့"

ရောဒ်က ပြောလိုက်၏။

"မင်း လစဉ် ရနေကျ ရန်ငွေ လေးရာငါးဆယ်ပဲပေါ့ကွာ"

*

သူတို့သားအဖသည် ရောဒ်၏ အိမ်ခန်းသို့ ရောက်ရှိကြပြီး ဆယ်မိနစ်အကြာတွင် တယ်ရီ ရောက်ရှိလာပြီ ဖြစ်ကြောင်း အကြောင်းကြားလိုက်သည့် တံခါးခေါင်းလောင်းသံကို ကြားလိုက်ရလေတော့သည်။ တယ်ရီသည် ဂျင်းဘောင်းဘီရှည်နှင့် မန်ကျည်းစေ့ကွက် ရှပ်အင်္ကျီတို့ကို ဝတ်ဆင်ထားပြီး ဆံပင်ကို ကျစ်ဆံမြီးထိုးထားသည်။ တယ်ရီက ရောဒ်အား ရှက်တက်တက်နှင့် နှုတ်ဆက်လိုက်၏။ ရောဒ်က တယ်ရီအား မယ်လာနီနှင့် မိတ်ဆက်ပေးလိုက်သည့်အခါ တယ်ရီသည် မယ်လာနီ့ထက် အသက်သိပ်ကြီးပုံ မရတော့ချေ။

အမျိုးသမီးနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်က ခပ်တည်တည်နှင့် အကဲခတ်လိုက်ကြ၏။ မယ်လာနီသည် ဖြန်းခနဲ သီကျွာကြီးတစ်ခွဲသားနှင့် ခပ်တည်တည်ကြီး ဖြစ်သွားတော့သည်။ ထို့အတူ တယ်ရီကလည်း မယ်လာနီအား စကားပလစ်ပလစ်နှင့် အတင်းဝင်၍ မရောနှောကြောင်း တွေ့လိုက်ရသည့်အတွက် ရောဒ် အနည်းငယ် စိတ်သက်သာရာ ရရှိသွားသည်။

သူတို့သည် မာဆီရာတီမော်တော်ကားပေါ်သို့ ရောက်ရှိကြပြီး ဗားလ်မြစ်ကမ်းနဖူးပေါ်ရှိ ပါရီရွာကလေးသို့ ရောက်ရန် ခရီးတစ်ဝက်ကျိုးသည့်အခါကျမှ မယ်လာနီက တယ်ရီအား စေ့စေ့စပ်စပ် လေ့လာ အကဲခတ်မှုကြီးသည် ပြီးဆုံးခြင်းသို့ ရောက်ရှိသွားလေတော့သည်။

နောက်ဆုံးတွင် မယ်လာနီက မေးလိုက်၏။

"ကျွန်မရှေ့ထိုင်ခုံကို လာပြီး ရှင့်ရင်ခွင်ထဲမှာ ဝင်ထိုင်လို့ရမလား"

"ရပါတယ်၊ လာခဲ့ပါ"

တယ်ရီသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမှုကို ထိန်းချုပ်၍ မရနိုင်အောင် ဖြစ်သွားရတော့သည်။ မယ်လာနီသည် ခုံပေါ်သို့ ကျော်လွှား၍ တက်လာပြီး တယ်ရီ၏ ရင်ခွင်ထဲတွင် အကျအန ဝင်ထိုင်လိုက်၏။

"ရှင် ချောသားပဲ"

မယ်လာနီက သူ အကဲဖြတ်ထားသော သူ့အယူအဆကို ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ မင်းလည်း ချောတာပါပဲ"

"ရှင်က ဒက်ဒီရဲ့ အမျိုးသမီး မိတ်ဆွေလား"

မယ်လာနီက တောင်းဆိုလိုက်၏။ တယ်ရီသည် ရောဒ်ဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် အားရပါးရ ရယ်လိုက်တော့သည်။

"ဖြစ်လုနီးပါး ဆိုပါတော့လေ"

တယ်ရီအဖြေကြောင့် သုံးယောက်စလုံး ရယ်လိုက်မိကြတော့သည်။

ထိုနေ့က သူတို့အားလုံး ရယ်မောဖြစ်ခဲ့ကြသည်။ ထိုနေ့သည် သာယာသော နေ့တစ်နေ့ ဖြစ်သလို ပျော်စရာကောင်းသော နေ့တစ်နေ့လည်း ဖြစ်ပေသည်။

တယ်ရီနှင့် ရောဒ်တို့သည် တားလ်မြစ်ကမ်းနံဘေးရှိ မြက်ခင်းပြင်တစ်လျှောက်၌ လက်ချင်း ထိလုနီးပါး ယှဉ်တွဲ၍ လျှောက်သွားကြစဉ် မယ်လာနီသည် ဝမ်းသာအားရ အော်ဟစ်ပြီး သူတို့နှစ်ယောက်ရှေ့မှ ပြေးထွက်သွားသည်။

မယ်လာနီက 'ကိပ်မီထရီပိုလီတန်ဟင်းဒီကက်ပွဲ'၌ အနိုင်ရခဲ့သော မြင်းကြီး အား သကြားခဲကျွေးနေသော မြင်းဇောင်းဆီသို့ သူတို့နှစ်ယောက် တက်လိုက် သွားကြသည်။ မယ်လာနီက ထိုမြင်းကြီး၏ကတ္တီပါကဲ့သို့ နူးညံ့သော နှုတ်သီး အား နမ်းရှုပ်နေစဉ် ထိုမြင်းဇောင်းသို့ သူတို့နှစ်ယောက် ရောက်ရှိသွားကြသည်။

သူတို့သည် မြင်းဇောင်းမှ ခန့်ညားထည်ဝါလှသော အိမ်နံဘေးရှိ ရေကူးကန်ထဲတွင် ပျော်ပျော်ပါးပါး ဆော့ကစားကြရင်း ရယ်ရယ်မောမောနှင့် ရေကူးခဲ့ကြသည်။ သူတို့အုပ်စု ဂျိုဟန်နာစဘတ်ခ်မြို့သို့ မော်တော်ကားနှင့် ပြန်လာခဲ့ကြစဉ် မောပန်းနေသော မယ်လာနီသည် တယ်ရီ၏ ရင်ခွင်ထဲတွင် မှီရင်း အိပ်ပျော်နေသည်။

ရောဒ်က အိပ်ပျော်နေသော သမီးဖြစ်သူအား ပွေ့ချီပြီး သူ့မိခင်ထံသို့ သွားပို့နေစဉ် တယ်ရီသည် မာဆီရာတီမော်တော်ကားထဲက ထိုင်စောင့်နေသည်။ ရောဒ်ပြန်ရောက်လာပြီး ထိုင်ခုံပေါ်၌ ပြန်ထိုင်လိုက်စဉ် တယ်ရီက ခပ်တိုးတိုးကလေး ပြောလိုက်၏။

"ကျွန်မ မော်တော်ကား ရှင့်အိမ်ခန်းမှာ ကျန်ရစ်ခဲ့တယ်၊ ရှင် ကျွန်မကို တပါတည်း ခေါ်သွားမှ ဖြစ်လိမ့်မယ်"

သူတို့နှစ်ယောက်သည် ရောဒ်၏ ဧည့်ခန်းထဲတွင် ပြန်၍ ထိုင်မိကြသော အချိန်အထိ စကားတစ်ခွန်းမှ မပြောဖြစ်ခဲ့ကြချေ။ ထိုနောက် ရောဒ်က ပြောလိုက်၏။

"ပျော်စရာကောင်းတဲ့ နေ့ကလေး တစ်နေ့အတွက် ကျေးဇူးတင်ပါတယ်"

❐

[၃၉]

တနင်္လာနေ့ နံနက် ခုနစ်နာရီခွဲတွင် သူ့ရုံးခန်းသို့ ရောဒ်ရောက်ရှိလာသည့်အခါ ရောဒ်အား ဂျင်နရယ်မန်နေဂျာအဖြစ် ခန့်အပ်သော အမိန့်စာသည် သူ့စားပွဲပေါ်က အသင့်စောင့်နေလေပြီ။

ရောဒ်သည် ထိုင်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ ထိုနောက် စာကို အရေးသာခံ၍ တစ်လုံးချင်း စဖတ်တော့သည်။

ထိုစာကို 'ဘုတ်အဖွဲ့ ညွှန်ကြားချက်'ဆိုသော စာသားနှင့် စတင်၍ ရေးသားထားပြီး 'ဘုတ်အဖွဲ့က သင့်အရည်အချင်းကို ယုံကြည်မှုရှိကြောင်း မှတ်တမ်းတင်သည့်အပြင် သင့်အား ဘုတ်အဖွဲ့က ချီးကျူးလိုက်ပါကြောင်း'ဆိုသော စာသားနှင့် အဆုံးသတ်ထားလေသည်။

စိတ်ပျက်နေပုံရသော ဒီမီထရီသည် သူ့ရုံးခန်းထဲမှ ထွက်၍ ရောဒ်၏ ရုံးခန်းထဲသို့ ဝင်လာသည်။

"ဟော့ ရောဒ်၊ ဒီတစ်ပတ်ကတော့ အစသိပ်မကောင်းဘူးကွာ၊ အဆင့် ၉၀ က ဗိုအားမြင့် ဓာတ်ကြိုးလိုင်းမှာ ချွတ်ယွင်းချက် တွေ့နေရတယ်၊ ပြီးတော့..."

ရောဒ် သူ့စကားကို ဖြတ်ပြောလိုက်၏။

"မင်းက ငါ့ဆီမှာ ဒီညည်းသလို လာညည်းမနေပါနဲ့ကွာ၊ ငါ မြေအောက် မန်နေဂျာ မဟုတ်တော့ဘူး"

တအံ့တသြဖြစ်သွားသော ဒီမီထရီသည် ပါးစပ်ပင် ပြဲသွားရလေတော့သည်။

"ဘာဖြစ်လို့လဲ၊ ခင်ဗျားကို သူတို့က အလုပ်ဖြုတ်ပစ်လိုက်လို့လား"

"အဲဒါထက် ပိုကောင်းတာပေါ့ကွ"

ရောဒ်က ခန့်စာကို စားပွဲပေါ်မှ ကောက်၍ ပစ်ပေးလိုက်သည်။

"အဲဒီ ငတိတွေ ငါ့ကို ဘာလုပ်လိုက်ကြသလဲ ဆိုတာ မင်း ဖတ်ကြည့်စမ်း"

ဒီမီထရီသည် စာကို ဖတ်လိုက်ပြီးနောက် အားရပါးရ အော်လိုက်၏။

ထိုနောက် ဒီမီထရီသည် အခြား အခြားသော လိုင်းမန်နေဂျာများအား

ထိုသတင်းကို ပြောပြရန် စကြိုလမ်းအတိုင်း ပြေးသွားလေတော့သည်။ မကြာမီ လိုင်းမန်နေဂျာများသည် သူ့ရုံးခန်းထဲသို့ စုပြုံ၍ ရောက်ရှိလာကြပြီး လက်ဆွဲနှုတ်ဆက်ကြသည်။ ပုဂ္ဂိုလ်အများစု၏ တုံ့ပြန်မှုမှာ သူ့ကို လိုလားဟန်ပြသော်လည်း တစ်ခါတစ်ရံတွင်မူ မကျေနပ်သော အရိပ်အရောင်နှင့် လေသံကလေးမျိုးကို တွေ့ရတတ်သည်။ မကြာသေးမီက အိုင်ရှန်းဆိုက်ဒ်၏ ပက်ပက်စက်စက် ပြောဆိုဝေဖန်မှုကို ခံလိုက်ရသူတစ်ဦးနှင့် လုပ်ငန်းခွင်တွင် မကျွမ်းကျင်သောကြောင့် အလုပ်ပြုတ်တော့မည်ကို စိုးရိမ်နေသူတစ်ဦးတို့၏ မနာလိုဝန်တိုမှုကလေးများကို သူ သတိထားလိုက်မိသည်။

တယ်လီဖုန်းခေါင်းလောင်းသံမြည်လာသည်။ ရောဒ်သည် စကားပြောခွက်ကို ကောက်ကိုင်၍ ပြန်ထူးလိုက်ပြီးနောက် မျက်နှာအမူအရာ ပြောင်းလဲသွားပြီး ရုံးခန်းတွင်း၌ ရှိနေသော ပုဂ္ဂိုလ်များကို လက်ပြ၍ နှုတ်ထုတ်လိုက်တော့သည်။

"ဟာတ်ရှ်ဖဲလ် စကားပြောနေတယ်"

"မင်္ဂလာ နံနက်ခင်းပါ မစ္စတာ ဟာတ်ရှ်ဖဲလ်"

"မင်းအစွမ်းအစကို ပြသဖို့ အခွင့်အရေးရပြီ အိုင်ရှန်းဆိုက်ဒ်"

"အဲဒါအတွက် ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

"မင်းကို ငါတွေ့ချင်တယ်၊ ဒီကနေ့တော့ မင်းအလုပ်တွေကို ရှင်းလိုက်ဦး၊ နက်ဖြန်ခါမနက် ကိုးနာရီ ရိုဖ်ဟေဟာက ငါရုံးခန်းမှာ"

"ကျွန်တော် လာခဲ့ပါမယ်"

"ကောင်းတယ်"

ရောဒ်က စကားပြောခွက်ကို ပြန်တင်လိုက်၏။ ထိုနေ့သည် လုပ်ငန်းများကို ပြင်ဆင်သတ်မှတ်ပေးရမှုများကြောင့် အလွန်အလုပ်ရှုပ်သော နေ့တစ်နေ့ဖြစ်သည်။ ရောဒ် ရာထူးတိုးသည့်အတွက် ချီးကျူးစကား လာပြောသူများလည်း ကြိုးကြား ကြိုးကြား ရှိနေကြသည်။ သူသည် ဂျင်နရယ်မန်နေဂျာ၏ လုပ်ငန်းကို သာမက မြေအောက်မန်နေဂျာ၏ လုပ်ငန်းများကိုပါ တွဲဖက်၍ ဆောင်ရွက်နေရသည်။ စီအာစီ အုပ်စုဝင် အခြားသတ္တုတွင်းတစ်တွင်းမှ မြေအောက်မန်နေဂျာ အသစ်တစ်ယောက်ကို ဆွန်ဒါဒစ်ချ်သို့ ပြောင်းရွှေ့ပေးနိုင်ရန် အချိန်အတော်ကြာမြင့်ဦးမည် ဖြစ်ပေသည်။ ရောဒ်သည် ပင်မအုပ်ချုပ်ရေး အဆောက်အအုံတွင် ရှိနေသော ပိုမို၍ ကျယ်ဝန်းသည့် ရုံးခန်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေစဉ် ရောဒ်

ထံသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။ ထိုဧည့်သည်မှာ ဖရင်လင်းမား၏ အတွင်းရေးမှူး မစ္စလီလီဂျော်ဒန်ပင်တည်း။

"မစ္စတာအိုင်ရှန်းဆိုက်ဒ်၊ ရှင်နဲ့ ကျွန်မဟာ အလျင်ကတည်းက သဘောထားချင်း မတိုက်ဆိုင်ခဲ့ကြဘူး"

မစ္စလီလီဂျော်ဒန်က အင်မတန် လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်သည် စကားပင်တည်း။

"ဒီတော့ နောက်ပိုင်းမှာလည်း ရှင်နဲ့ ကျွန်မ သဘောထားချင်း တိုက်ဆိုင်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်မ အလုပ်က နုတ်ထွက်တဲ့စာကို လာပြီး တင်ပြတာပါ။ ကျွန်မ အစီအစဉ်တွေ လုပ်ထားပြီးပါပြီ"

တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာပြန်၏။ အပူအပင်ကင်းမဲ့ပြီး သွက်သွက်လက်လက်ရှိနေသော ဒန်စတန်းဒါး၏ အသံပင်တည်း။

"ရောဒ်၊ ငါကတော့ သူ့ကို ချစ်မိပြီကွာ"

"ဘုရားသခင် ကယ်တော်မူပါ"

ရောဒ်က ညည်းညူလိုက်မိ၏။

"ဒီလို နံနက်ခင်းမျိုးမှာတော့ အဲဒါမျိုးတွေကို ငါမကြားပါရစေနဲ့၊ မင်းက ငါ့ကို သူနဲ့ မိတ်ဆက်ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ရလိမ့်မယ်။ အဲဒီအမျိုးသမီးကလေးဟာ သိပ်ပြီး…"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

ရောဒ်က သူ့စကားကို ကြားမှ ဖြတ်ပြောလိုက်၏။

"ဒီမှာ ဒန်၊ ကိုယ်အလုပ်နည်းနည်းများနေတယ်၊ နောက်တစ်ချိန်ချိန်ကျမှ ပြောပါကွာ၊ ငါ တောင်းပန်ပါတယ်"

"အေး ဟုတ်သားပဲ၊ ကိုယ် မေ့သွားတယ်၊ မင်း ဂျင်နရယ်မန်နေဂျာအသစ်ကျပ်ချွတ် ဖြစ်သွားပြီလို့ သူတို့က ငါ့ကို ပြောကြတယ်၊ ဝမ်းသာပါတယ်ကွာ၊ မင်း ငါ့ကို ဒီနေ့ညနေ ခြောက်နာရီကျရင် ကလပ်မှာ အရက်ဝယ်တိုက်ရလိမ့်မယ်"

"ရပါတယ်၊ အဲဒီအချိန်လောက်ကျရင် ငါကလည်း အရက်သောက်ရမှဖြစ်တော့မှာပါ"

ရောဒ်သည် စကားပြောခွက်ကို ပြန်တင်လိုက်ပြီးနောက် ကြိုးမိန့်ချမည့် တရားသူကြီး၏ မျက်နှာထားနှင့် ကြည့်နေသော မစ္စလီလီဂျော်ဒန်ဘက်သို့

ပြန်လှည့်လိုက်၏။

"မစ္စဂျော်ဒန်၊ အတိတ်ကာလတုန်းကတော့ ကျုပ်တို့နှစ်ယောက် လိုလားတဲ့ ကိစ္စတွေဟာ ထိပ်တိုက်ရင်ဆိုင်တိုးခဲ့ကြတယ်ဆိုတာ ဟုတ်ပါတယ်၊ သဘောထားချင်း မကိုက်ညီတာတွေ ဖြစ်ခဲ့ရပါတယ်။ အနာဂတ်ကာလမှာတော့ အဲဒီလို ဖြစ်တော့မှာ မဟုတ်ပါဘူး၊ ခင်ဗျားဟာ ဆွန်ဒါဒစ်ချ်ရဲ့ မိုင်တစ်ရာပတ်လည်မှာတောင် လိုက်ရှာလို့မရမယ့် အကောင်းဆုံး အတော်ဆုံး အတွင်းရေးမှူး တစ်ယောက်ပါ။ ကျုပ်အတွက် ခင်ဗျားရှိဖို့ လိုပါတယ်၊ ကုမ္ပဏီအတွက်လည်း ခင်ဗျားရှိဖို့ လိုပါတယ်"

ထိုအသုံးအနှုန်းမှာ မျက်လှည့်ပြသလို အင်မတန်ထိရောက်မှု ရှိစေသည့် အသုံးအနှုန်းပင် ဖြစ်သည်။ မစ္စဂျော်ဒန်သည် ဤကုမ္ပဏီ၌ အလုပ်လုပ်နေခဲ့သည်မှာ အနှစ်နှစ်ဆယ်ပင် ရှိခဲ့လေပြီ။ မစ္စဂျော်ဒန် သိသိသာသာတွေဝေသွားသည်။

"ဒီမှာ မစ္စဂျော်ဒန်၊ ကျေးဇူးပြုပြီး ကျွန်တော်ကို အခွင့်အရေး တစ်ကြိမ် လောက် ပေးပါဦးလားဗျာ"

ရောဒ်သည် အထိရောက်ဆုံးအပြုံးနှင့် အရှက်မရှိ ပြုံးပြလိုက်သည်။ မစ္စ ဂျော်ဒန်သည် ထိုအပြုံးကို တောင့်ခံနိုင်စွမ်း မရှိပါ။

"ဒါဆိုရင် ကျွန်မ ဒီလကုန်အထိ နေပေးပါမယ်။ အဲဒီနောက်ပိုင်းကျတော့ ဆက်ပြီး ကြည့်ကြသေးတာပေါ့"

မစ္စဂျော်ဒန် မတ်တတ်ရပ်လိုက်သည်။

"ကဲ၊ ရှင့်ပစ္စည်းတွေ ရုံးခန်းအသစ်ကို ရွှေ့ဖို့ ကျွန်မ စီစဉ်တော့မယ်"

"ကျေးဇူးတင်ပါတယ် မစ္စဂျော်ဒန်"

စိတ်သက်သာရာ ရသွားသော ရောဒ်သည် မစ္စဂျော်ဒန်အား ဆက်၍ တာဝန်ယူနိုင်းလိုက်ပြီး စားပွဲပေါ်၌ ပုံနေသော ပြဿနာများကို စတင်၍ ရှင်းလင်းတော့သည်။ လူတစ်ယောက် အလုပ်နှစ်ခု။ ယခု သူသည် မြေပေါ်မြေအောက် နှစ်ဌာနစလုံးတွင် ရှိသော လုပ်ငန်းများ အဆင်ပြေစေမှုအတွက် တာဝန်ရှိသူတစ်ဦး ဖြစ်သွားလေပြီ။ တယ်လီဖုန်းက မကြာခဏမြည်သည်။ စင်္ကြံလမ်းထဲတွင် လူများတန်းစီ၍ စောင့်နေကြသည်။ ဒီမီထရီ၏ ရုံးခန်းမှ စာတွဲများ ဆက်တိုက်ရောက်ရှိလာသည်။ ရောဒ်သည် နေ့လယ်စာစားချိန်ပင် မရလိုက်သလို တယ်ရီက ဆက်သွယ်လာချိန်တွင် ရောဒ်တစ်ယောက် မောဟိုက်နေလေပြီ။

တယ်ရီက ပြောလိုက်၏။

"ဟယ်လို၊ ဒီနေ့ည ရှင်နဲ့ ကျွန်မ တွေ့နိုင်မလား"

ရောဒ်က ပြန်ဖြေလိုက်သည်။

"အဘိုးကြီးက နက်ဖြန်နံနက်ကိုးနာရီမှာ သူနဲ့တွေ့ဖို့ ခေါ်ထားတယ်၊ ဒီတော့ ကိုယ် ဒီည မြို့ထဲက အိမ်ခန်းမှာ အိပ်မယ်"

*

ညနေ ၅ နာရီခွဲတွင် ဒီမီထရီသည် သူ့တံခါးဝ၌ ခေါင်းပြူပြီး ပေါ်လာတော့သည်။

"ကျွန်တော် ယမ်းဘီလူးခွဲတာကို ကြိုကြပ်ဖို့ နံပါတ်တစ်တွင်းထဲကို ဆင်းတော့မယ် ရောဒ်"

"ဘုရားသခင် ကယ်တော်မူပါ။ ဘယ်အချိန်တောင် ရှိနေပြီလဲကွ"

ရောဒ်က သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။

"တော်တော်တောင် နောက်ကျနေပြီပဲ"

"ဒီဘက်ပိုင်းမှာ နေတာတိုတယ်ဗျ၊ ကျုပ်သွားတော့မယ်"

"နေဦး"

ရောဒ်က တားလိုက်၏။

"ငါကိုယ်တိုင်ခွဲမယ်"

"ကိစ္စမရှိပါဘူး။ ကျုပ် လုပ်ရင်လည်း ဖြစ်ပါတယ်"

ဒီမီထရီက မပွင့်တပွင့်နှင့် ဖြေလိုက်၏။ ကုမ္ပဏီက ချမှတ်ထားသော စည်းကမ်းအရ နေ့စဉ် ယမ်းဘီလူးဖောက်ခွဲသည့်ကိစ္စကို မြေအောက်မန်နေဂျာ၊ သို့မဟုတ် လက်ထောက်မြေအောက်မန်နေဂျာတို့က ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲရမည်ဟု ပြဋ္ဌာန်းထားသည်။

"ငါလုပ်ပါမယ်"

ရောဒ်က ထပ်ပြောလိုက်၏။ ဒီမီထရီက ထပ်မံ၍ ကန့်ကွက်စကားပြောရန် ပါးစပ်ဟလိုက်သေးသော်လည်း ရောဒ်၏ မျက်နှာပေါ်မှ အမူအရာကို မြင်လိုက်ရသဖြင့် သူ့စိတ်ကူးကို ချက်ချင်း ပြောင်းလဲပစ်လိုက်သည်။

"ဒါဆိုရင် ကောင်းပါပြီ။ နက်ဖြန်မှ တွေ့ကြသေးတာပေါ့"

ဒီမီထရီသည် ပြောပြောဆိုဆိုနှင့် ပျောက်ကွယ်သွားတော့သည်။

ရောဒ်က မီမီ၏ သံယောဇဉ်ဖြစ်တတ်မှုအတွက် ပြုံးလိုက်မိ၏။ ဆွန်ဒါ ဒစ်ချ်အတွက် ယမ်းဘီလူးခွဲသည့် ကိစ္စကို ပထမဦးဆုံး သူကိုယ်တိုင် ဆောင် ရွက်ရပေတော့မည်။

အလုပ်သမားများသည် အမှတ်တစ်တွင်း၌ ရှိသော မြေအောက်ဖောက်ခွဲမှုကို ထိန်းချုပ်ကွပ်ကဲမှုပေးသည့် အခန်းရှေ့မှ သံဇကာတံခါး၏ အပြင်ဘက်တွင် ရောဒ်အား စောင့်နေကြသည်။ ထိုအခန်းမှာ စစ်အတွင်းက သုံးစွဲခဲ့သော ဘန်ကာကလေးနှင့် တူသည့် ကွန်ကရစ်အခန်းကလေးတစ်ခန်းဖြစ်ပြီး ထိုအခန်းတံခါးအတွက် သော့နှစ်ချောင်းသာ ထားရှိသည်။ ဒီမီထရီထံတွင် သော့တစ်ချောင်း ရှိပြီး ရောဒ်ထံတွင် နောက်တစ်ချောင်းရှိသည်။

တာဝန်ကျ မိုင်းအလုပ်သမားခေါင်းဆောင်နှင့် လျှပ်စစ်ဖိုမင်တို့က ရောဒ် အား ချိုကျိုးစကား ပြောကြပြီး နောက်ပိုင်းတွင် ရောဒ်က တံခါးကို ဖွင့်ပြီး အခန်းကျဉ်းကလေးထဲသို့ ဝင်သွားကြသည်။

"ကဲ၊ စစ်ဆေးစမ်းပါဦး"

ရောဒ်က ညွှန်ကြားလိုက်သဖြင့် မိုင်းအလုပ်သမားခေါင်းဆောင်သည် အမှတ်တစ်တွင်းနှင့် အမှတ်နှစ်တွင်းတို့မှ ကြိုကြပ်ရေးမှူးများထံမှ တယ်လီဖုန်းဆက်၍ ဆွန်ဒါဒစ်ချ်သတ္တုတွင်းထဲ၌ အလုပ်လုပ်နေသေးသူများ မကျန်ရှိတော့ကြောင်း သေချာအောင် ထပ်မံမေးမြန်းလိုက်သည်။ ထိုနေ့နံနက်ပိုင်းက တွင်းထဲသို့ ဆင်းသွားသူအားလုံး ညနေပိုင်းတွင် ပြန်ထွက်လာခြင်း ရှိမရှိ မေးမြန်းနေခြင်း ဖြစ်သည်။

ထိုအချိန်တွင် လျှပ်စစ်ဖိုမင်သည် လျှပ်စစ်ခလုတ်ခုံ၌ အလုပ်ရှုပ်နေသည်။ သူက ရောဒ်အား မော့်ကြည့်လိုက်၏။

"ဆားကစ်တွေကို ဆက်ပေးဖို့ အဆင်သင့် ဖြစ်နေပါပြီ မစ္စတာအိုင်းရွန်းဆိုက်ဒ်"

"ဆက်လုပ်လေ"

ရောဒ်က ခေါင်းညိတ်ပြလိုက်ရာ လျှပ်စစ်ဖိုမင်က ခလုတ်တစ်ခုကို နှိပ် လိုက်၏။ လျှပ်စစ်စက်ခလုတ်ခုံပေါ်တွင် အစိမ်းရောင်မီးလုံးကလေးတစ်လုံး လင်းလာသည်။

"အမှတ်တစ်တွင်း မြောက်ဘက်နံရံရဲ့ ဆားကစ်ကို ဆက်ပြီးပါပြီ၊

မီးလုံးကလည်း စိမ်းနေပါတယ်"

"အဲဒီဆားကစ်ကို ဖောက်ခွဲရေးအစီအစဉ်ကြီးနဲ့ ဆက်သွယ်ထားလိုက်"

ရောဒ်က ညွှန်ကြားလိုက်ပြန်ရာ လျှပ်စစ်ဖိုမင်က ခလုတ်တစ်ခုကို နှိပ် လိုက်ပြန်၏။

"အမှတ်တစ်တွင်း အရှေ့ဘက်နံရံရဲ့ ဆားကစ်ကို ဆက်ပြီးပါပြီ၊ မီးလုံး ကလည်း စိမ်းနေပါတယ်"

"အဲဒီဆားကစ်ကို ဖောက်ခွဲရေးအစီအစဉ်ကြီးနဲ့ ဆက်သွယ်ထားလိုက်"

ယမ်းဘီလူးများကို ဖောက်ခွဲပေးမည့် လျှပ်စစ်ဓာတ်အားဆားကစ်သည် ချွတ်ယွင်းချက် မရှိပါက အစိမ်းရောင်မီးလုံးလင်းလာလေ့ရှိသည်။ အနီရောင် မီးလုံးလင်းလာပါက ဆားကစ်တွင် ချွတ်ယွင်းချက်ရှိကြောင်း သိနိုင်သလို မိုင်းတွင်းတစ်ခုလုံးအား ယမ်းဘီလူးနှင့် ဖောက်ခွဲမည့် အစီအစဉ်တွင် ထိုဆားကစ်ကို ပါဝင်အောင် ထည့်သွင်း၍ မရနိုင်တော့ပါချေ။

ဆားကစ်များကို တစ်ခုပြီးတစ်ခု အဆင်သင့်ဖြစ်အောင် စစ်ဆေးပြီးနောက် နောက်ဆုံးတွင် လျှပ်စစ်ဖိုမင်သည် လျှပ်စစ်စက်ခလုတ်ခုံမှ နောက်ဘက်သို့ ပြန်ဆုတ်ပေးလိုက်သည်။

"အားလုံး စိမ်းနေပါပြီ၊ အားလုံးနဲ့ ဆက်သွယ်ပြီးပါပြီ"

ရောဒ်က တာဝန်ကျမိုင်းအလုပ်သမားခေါင်းဆောင်အား တစ်ချက် လှမ်းကြည့်လိုက်၏။

"အဆင့်တိုင်းမှာ လူရှင်းနေပါတယ် မစ္စတာအိုင်းရွန်းဆိုက်ဒ်၊ စနက်တံကို မီးရှို့လို့ ရပါပြီ"

"ချီစာ"

ရောဒ်က ထုံးစံအတိုင်း အမိန့်ပေးလိုက်၏။ ထိုသို့ အမိန့်ပေးလိုက်သော ဝေါဟာရမှာ ရှေးအခါက စနက်တံတိုင်းကို မီးနှင့် လိုက်ရှို့သော အချိန်ကစ၍ သုံးစွဲခဲ့သော အမိန့်ဖြစ်သည်။

'ချီစာ' ဆိုသည်မှာ ဘန်တုလူမည်းတို့၏ ဘာသာရေးစကားအရ 'မီးရှို့' ဟု အဓိပ္ပာယ်ရပေသည်။

မိုင်းအလုပ်သမားခေါင်းဆောင်သည် စက်ခလုတ်ခုံဆီသို့ လျှောက်သွားပြီး ကြီးမားသော နီနီရဲရဲ ခလုတ်ကြီးတစ်ခု၏ အပေါ်က ဖုံးအုပ်ထားသည့် သံကွန်ချာကလေးကို လှန်ပစ်လိုက်သည်။

မိုင်း အလုပ်သမားခေါင်းဆောင်သည် ရောဒ်က အမိန့်ပေးလိုက်သော ‘ချီစာ’ဆိုသည် စကားကို ထပ်မံ၍ ရေရွတ်လိုက်ပြီးနောက် ထိုနီနီရဲရဲလုတ်ကြီးကို လက်ဖနောင့်ဖြင့် ဆောင့်တွန်းလိုက်လေတော့သည်။

ရုတ်ခြည်းလိုလိုပင် စက်ခလုတ်ခုံပေါ်၌ အတန်းလိုက်ရှိနေသော အစိမ်းရောင်မီးလုံးကလေးများ ငြိမ်းသွားကြပြီး ထိုနေရာတွင် အနီရောင် မီးလုံးတန်းတစ်ခု ပေါ်လာလေတော့သည်။ သတ္တုတွင်းအတွင်း၌ ရှိရှိသမျှသော ဆားကစ်များသည် ပေါက်ကွဲမှုများကြောင့် ပြတ်တောက်သွားကြလေပြီ။

သူတို့၏ ခြေထောက်အောက်မှ မြေကြီးသည် တုန်ခါစပြုလေပြီ။ သတ္တုတွင်းတစ်ခုလုံးတွင် ယမ်းဘီလူးများ ပေါက်ကွဲနေကြသည်။ လိုဏ်ခေါင်းများထဲတွင် ထိပ်ဆုံး၌ထားရှိသော ယမ်းဘီလူးများ စတင်၍ ပေါက်ကွဲကြပြီးနောက် ထိုယမ်းဘီလူးများ၏ နောက်ဘက်၌ရှိသော ယမ်းဘီလူးများသည် ဆက်တိုက် ပေါက်ကွဲကြလေတော့သည်။ ယမ်းဘီလူးတစ်ခုသည် အလေးချိန်ဆယ်တန်ရှိသော ကျောက်ခဲများကို လိုဏ်ခေါင်း၏ မျက်နှာပြင်မှ ဖဲထုတ်ပေးကြလေသည်။

ကျောက်ခဲများကို သယ်ထုတ်သော ပင်မ သယ်ယူရေးလိုဏ်ခေါင်းထိပ်တွင် ယမ်းဘီလူးများကို ဖောက်ခွဲသည့် ပုံစံမှာ ပိုမို၍ ရှုပ်ထွေးသည်။ ပထမဦးစွာ ဘဲဥပုံသဏ္ဌာန် လိုဏ်ခေါင်းနံရံ၏ အပေါ်မှ အောက်သို့ တောက်လျှောက်ကွဲအက်သွားအောင် ယမ်းဘီလူးများကို ဖောက်ခွဲပစ်လိုက်သည်။ ထိုနောက် အပေါ်ထောင့်စွန်းနှစ်ဖက်မှ ယမ်းဘီလူးများကို ထပ်ဆင့်ဖောက်ခွဲလိုက်ပြီး မရှေးမနှောင်းဆိုသလိုပင် အောက်ထောင့်စွန်းနှစ်ဖက်မှ ယမ်းဘီလူးများထ၍ ပေါက်ကွဲကြပြန်သည်။ ထိုနောက် လိုဏ်ခေါင်းတစ်လျှောက်တွင် ဖုန်မှုန့်များနှင့် နိုက်ထရပ်စ်မီးခိုးငွေ့များ ငြိမ်ကျသွားအောင် ခေတ္တမျှ ရပ်ဆိုင်းထားလိုက်ပြီးနောက် လိုဏ်ခေါင်းကို ပုံဖော်ပေးကြမည့် ဘေးတစ်ဖက်တစ်ချက်မှ ယမ်းဘီလူးများသည် ထ၍ ပေါက်ကွဲကြပြန်သဖြင့် ဂုန်းခနဲမြည်သံကြီး ပေါ်ထွက်လာပြန်တော့သည်။ ထိုနောက် ခေတ္တမျှ ရပ်ဆိုင်းသွားပြန်ပြီး ကြမ်းပြင်ပေါ်၌ စုပုံနေသည့် ကျောက်ခဲများကို အဝေးသို့ လွင့်စဉ်သွားအောင် ဖယ်ရှားပေးမည့် ယမ်းဘီလူးများသည် ဖောက်ခွဲမှုကို နိဂုံးကမ္ပတ် အဆုံးသတ်ပေးသည့်အနေဖြင့် ကြမ်းပြင်ပေါ်မှ ထ၍ ပေါက်ကွဲကြတော့သည်။

ရောဒ်သည် ယမ်းဘီလူးများ ထ၍ပေါက်ကွဲကြမည့် ဖြစ်စဉ်ကို ထင်ထင်ရှားရှား စဉ်းစား၍ ကြည့်နိုင်ပါသည်။ လိုဏ်ခေါင်းထဲ၌ ပေါက်ကွဲမှုကို လူသား

များ၏ မျက်စိနှင့် မြင်နိုင်စွမ်း မရှိကြသော်လည်း သတ္တုတွင်းထဲ၌ မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို သူ အတိအကျ သိပါသည်။

မဟာပထဝီမြေကြီး၏ နောက်ဆုံး တုန်ခါမှုသည် ငြိမ်သက်သွားလေတော့သည်။

“ရာနှုန်းပြည့် ပေါက်ကွဲတယ်၊ ကဲ…ဒါပါပဲ”

အလုပ်သမားခေါင်းဆောင်က ပြောလိုက်၏။

“ကျေးဇူးတင်ပါတယ်”

ရောဒ်တစ်ယောက် ချက်ချင်း လက်ငင်း မောဟိုက်သွားတော့သည်။ ဒန်အား ကတိပေးသောအရက်ကို ချက်ချင်း လက်ငင်း သောက်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ ဒန်ပြောမည့် စကားများကိုလည်း သူ ကြားယောင်နေမိသည်။

သို့ရာတွင် တယ်ရီသည် ဂျိုဟန်နစ္စဘတ်ခ်မြို့က စောင့်နေလိမ့်မည်ဖြစ်ကြောင်း တွေးလိုက်မိသည့်အခါတွင် ရောဒ်သည် ပြုံးလိုက်မိပြီး နွမ်းနယ်နေသော စိတ်များ ချက်ချင်း ပျောက်ကွယ်သွားကြလေတော့သည်။

❐

[၄၀]

ထိုရက်သတ္တပတ်သည် မင်းဖရက်စတိုင်းနား အောင်မြင်မှုရရှိသောရက်သတ္တပတ်ပင် ဖြစ်သည်။ ဆွေးနွေးပွဲကြီး၌ သူပြောခဲ့သော မိန့်ခွန်းသည် ထိုဆွေးနွေးပွဲတစ်ခုလုံးအတွက် အခြေခံထား၍ ဆွေးနွေးကြရသော အချက်အလက်များပင် ဖြစ်နေသည်။ ထို့အပြင် ချားလ်စ်ဒီဂေါလ်ကိုယ်တိုင် တက်ရောက်သောနှုတ်ဆက်ထမင်းစားပွဲ၌ မင်းဖရက်အား မိန့်ခွန်းပြောပေးရန် မေတ္တာရပ်ခံခဲ့သည့်အပြင်၊ ဒီဂေါလ်က မင်းဖရက်အား ထမင်းစားပွဲ ကျင်းပသည့် ခန်းမဆောင်နံဘေး ရှိ အခန်းငယ်တစ်ခန်းတွင် ကော်ဖီနှင့် ဘရန်ဒီသောက်ရင်း သီးခြားလက်ခံ၍ တွေ့ဆုံခဲ့သည်။ ဂျင်နရယ်ဒီဂေါလ်က မင်းဖရက်အား ရည်ရည်မွန်မွန် ဆက်ဆံ၍ မေးခွန်းများကို မေးမြန်းသည့်အပြင် မင်းဖရက်ဖြေသော အဖြေများကိုလည်း

စေ့စေ့စပ်စပ် နားထောင်ခဲ့သည်။ မင်းဖရက်ပြောသော စကားများကို မှတ်သား ထားရန် ဘဏ္ဍာရေးဝန်ကြီးအား ဒီဂေါလ်က နှစ်ကြိမ်တိတိ သတိပေးခဲ့သေးသည်။

ဒီဂေါလ်က မင်းဖရက်အား ဘွဲ့ထူးဂုဏ်ထူးတစ်ခု ချီးမြှင့်ရန် ရည်ရွယ် ထားသည်ဆိုသော သဘောသက်ဝင်သည့် နိမိတ်ပြစကားမျိုးကို ပြောကြားပြီး နောက် ရင်းရင်းနှီးနှီး နှုတ်ဆက်သွားသည်။ မင်းဖရက်သည် ဂျာမန်သွေးပါသူ တစ်ဦးပီပီ ဘွဲ့တံဆိပ်များကို အလွန်နှစ်ခြိုက်သူ ဖြစ်သည်။ ဖြူဖွေးနေသော ဝတ်စုံပေါ်တွင် ထိုတံဆိပ်သည် မည်သို့မည်ပုံ ရှိလေမည်နည်းဟု သူ တွေး ကြည့်နေမိသည်။

ပြင်သစ်နှင့် တောင်အာဖရိက နှစ်နိုင်ငံစလုံးတွင် ထုတ်ဝေသော သတင်းစာများက မင်းဖရက်အကြောင်း ခမ်းခမ်းနားနား ဝေဝေဆာဆာ ဖော် ပြခဲ့ကြသည်။ အကောင်းရေးလေ့မရှိသော တိုင်းမဂ္ဂဇင်းကပင်လျှင် ဒီဂေါလ်က မင်းဖရက်၏ ပခုံးပေါ်တွင် လက်တစ်ဖက်တင်၍ ငုံ့စကားပြောနေပုံကို ဖော်ပြ ထားပြီး ပုံစာတွင် 'ရွှေနွန်ညို ဘာကိုလိုလို့ ဝဲတယ်၊ ဘယ်ခြောက်ခါသာ လှမ်းပြီး ဒေါ်လာကို ဖမ်းကြမလိုလား' ဟု ဖော်ပြထားသည်။

ယခု တောင်အာဖရိကလေကြောင်း ကုမ္ပဏီပိုင် ဘိုးရင်းလေယာဉ်ပျံ နောက်ပိုင်းရှိ အဝတ်အစားလဲလှယ်သော အခန်းထဲ၌ လေကလေး တချွန်ချွန် နှင့် ရှိနေသော မင်းဖရက်သည် ရှပ်အကျႌနှင့် စွပ်ကျယ်တို့ကို ချွတ်၍ လုံးခြေ ပစ်လိုက်ပြီး အနှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။

ခါးထိအောင် ဗလာကျင်းနေသော မင်းဖရက်သည် သူ့ခန္ဓာကိုယ်အထက် ပိုင်းကို ရေစိုအဝတ်နှင့် ပွတ်တိုက်ပစ်လိုက်ပြီးနောက် အော်ဒီကလုံး ရေမွှေး နံပါတ် ၄၇၁၁ ကို အသားထဲသို့ စိမ့်ဝင်သွားအောင် ပွတ်တိုက်နေသည်။ ထို့ နောက် မင်းဖရက်သည် လက်ဆွဲအိတ်ထဲမှ လျှပ်စစ်နှင့် မုတ်ဆိတ်မွေးရိတ် သော ကိရိယာကို ထုတ်ယူလိုက်၏။ မင်းဖရက်က မျက်နှာကို မုတ်ဆိတ်မွေး ရိတ်သော ကိရိယာနှင့် ရိတ်နေစဉ် မျက်နှာကို ရှုံ့မဲ့ထားရသောကြောင့် လေ ချွန်သံပျောက်ကွယ်နေသည်။

သူ့ဦးနှောက်ထဲတွင် ထိုနေ့နံနက်ခင်းက ဟိုတယ်အိပ်ခန်းသို့ အင်ဒရူး လာပို့သော အစီရင်ခံစာကို တစ်ရွက်ပြီးတစ်ရွက် လှန်ဖတ်နေသည်။ စာနှင့် ပေနှင့် ရေးသားထားသော အစီရင်ခံစာများနှင့် ပတ်သက်လာပါက မင်းဖရက် သည် အစအဆုံး မှတ်မိနေလေ့ ရှိသည်။ ထိုအစီရင်ခံစာသည် သူ့နံဘေးရှိ

လက်ဆွဲအိတ်ထဲတွင် ရှိနေသော်လည်း သူ့ဦးနှောက်ထဲတွင် စာလုံးတိုင်း စာလုံးတိုင်းနှင့် ကိန်းဂဏန်းတိုင်းကို အလွတ်ရနေသည်။

ထိုအစီရင်ခံစာသည် အံ့ဖွယ်သူရဲ ထူးကဲပြောင်မြောက်လှသော အစီရင် ခံစာပင် ဖြစ်သည်။ ရှာတူးဖော်သောကုမ္ပဏီများသည် နိုင်ငံတော်၏ လုံခြုံရေး အဖွဲ့အစည်းများကဲ့သို့ အထူးလုံခြုံမှုရှိအောင် စောင့်ထိန်းလေ့ ရှိသောကြောင့် ထိုအစီရင်ခံစာကို ရေးသားသူများသည် ကစ်ချာနာဗီးလ်ရှိ သတ္တုတွင်းငါးတွင်း စလုံးမှ အစမ်းတူးဖော်ထားကြသည့် အစီရင်ခံစာပါ အချက်အလက်များအား မည်သို့မည်ပုံ ရရှိလာခဲ့ကြကြောင်း သူ တွေးတော၍ပင် မရနိုင်ပါချေ။ သို့ရာ တွင် ကိန်းဂဏန်းများသည် အမှန်များသာ ဖြစ်ကြပေသည်။ သူသည် စီအာစီမှ ရရှိသည်ဆိုသော ကိန်းဂဏန်းများကို စေ့စေ့စပ်စပ် စစ်ဆေးခဲ့သည်။ မှန်ကန်သော ကိန်းဂဏန်းများပင် ဖြစ်နေကြသည်။ ထို့ကြောင့် အခြားကုမ္ပဏီလေးခုမှ ရရှိ ထားသော ကိန်းဂဏန်းများသည်လည်း မှန်ကန်ရပေမည်။

ထိုအစီရင်ခံစာကို ရေးသားသူများကလည်း သမိုင်းတွင်ရစ်စေမည့် အမိကပုဂ္ဂိုလ်ကြီးများပင် ဖြစ်နေသည်။ သူတို့၏ အယူအဆ အတွေးအခေါ် သည် ဘူမိဗေဒနယ်ပယ်တွင် အကောင်းဆုံး အမှန်ဆုံးပင် ဖြစ်သည်။ သူတို့ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်ကြသော ကောက်ချက်ကလည်း ရာနှုန်းပြည့်ယုံချင်စရာကောင်းလှသည်။ သူတို့အားလုံးက ဆုံးဖြတ်ပေးထားကြ သော ကောက်ချက်မှာ ... အောက်ပါအတိုင်း ဖြစ်သည်။

> ဆွန်ဒါဒစ်ချ် အမှတ်တစ်တွင်း၏ အဆင့် ၆၆ မှ မဟာယောက် ချီကြီးဟု အမည်ပေးထားသော ကျောက်ပျော့ ကျောက်ထရံကြီးကို တပြေးညီ ထွင်းဖောက်သွားမည်ဆိုပါက ထိုဥမင်သည် ရေစိုနေသော ထုံးကျောက်အောက်ဘက်မှ ဖောက်ထွက်ပြီး ကျောက်ထရံ၏ ဟိုဘက် တွင် မယုံကြည်နိုင်လောက်အောင် ရွှေပေါများသော ရွှေကြောကြီးနှင့် ဆုံတွေ့ရလိမ့်မည် ...တဲ့။

ဤတွင် သူ့အကြွေးရှင်က မင်းဖရက်အား မည်သို့မည်ပုံ လုပ်ကိုင် ဆောင်ရွက်သင့်သည်ဟု မိကျောင်းမင်းကို ရေကူးပြရန် မလိုအပ်တော့ပါ။ မင်းဖရက်သည် အရိပ်ပြရုံနှင့် အကောင်ထင်သူ ဖြစ်သည်။ ထိုကျောက်ထရံ ကြီးကို ထွင်းဖောက်ရန် အမိန့်ပေးနိုင်သူသည် ဂုဏ်ပြုခံရပေလိမ့်မည်။ စီအာစီ အုပ်စုတွင် ချယ်ယာမင် ရာထူးလစ်လပ်ပါက မင်းဖရက်အား မလွှဲမသွေ တင်

မြှောက်ကြပေလိမ့်မည်။

နောက်ထပ်ဖြစ်လာနိုင်သော အခြေအနေတစ်ခုလည်း ရှိပါသေးသည်။ ထိုရွှေကြောကြီးကို ရှာမတွေ့မီ အချိန်ကလေးတွင် ဆန်ဒါဒစ်၍ ကုမ္ပဏီ၏ အစုရှယ်ယာများကို သိမ်းကျုံးပြီး ဝယ်ယူထားသူတစ်ယောက်သည် နောက်ပိုင်း အစုရှယ်ယာများအား ပြန်၍ ရောင်းချချိန်၌ အလွန်ကြွယ်ဝသော သူဌေးကြီးတစ်ယောက် ဖြစ်လာပေလိမ့်မည်။ သူသည် အလွန်ကြွယ်ဝသွားသောကြောင့် သူ့ဖနီးအပေါ်တွင် မှီခိုစရာ မလိုတော့ပဲ သူလုပ်ချင်သည့် ကိစ္စမျိုးကို လုပ်နိုင်ကိုင်နိုင်ပေတော့မည်။

မင်းဖရက်သည် မှတ်ဆိတ်ရိတ်သောစက်မှ အမွေးအမှင်များကို ပါးစပ်နှင့် မှုတ်ပစ်လိုက်ပြီးနောက် ထိုစက်ကို လက်ဆွဲအိတ်ထဲသို့ ပြန်ထည့်လိုက်၏။ ထိုနောက် မင်းဖရက်သည် ရုပ်အကျီအသစ်တစ်ထည်နှင့် ဖွပ်ကျယ်အသစ်တစ်ထည်ကို ထုတ်ယူလိုက်သည်။

သူသည် ဂျန်စမတ်လေဆိပ်သို့ ရောက်ရှိပြီး အကောက်ခွန်ဌာနမှ ထွက်လာနိုင်သည်နှင့် တစ်ပြိုင်နက် အိုင်းရွန်းဆိုက်ဒ်ကို သူ တယ်လီဖုန်းဆက်မည်။ အိုင်းရွန်းဆိုက်ဒ်သည် သူပေးမည့်အမိန့်ကို နာခံရန် သူ့အိမ်သို့ တနင်္ဂနွေနေ့နံနက်တွင် လာရောက်ရပေလိမ့်မည်။

မင်းဖရက်သည် ပိုးသားလည်စည်းကို လည်ပင်း၌ ချည်နှောင်နေစဉ် သူသည် ကမ္ဘာသစ်ပေါ်၌ ခြေချလုဆဲဆဲ အနေအထားတွင် ရောက်ရှိနေကြောင်း၊ လာမည့် တစ်လနှစ်လအတွင်း၌ ဖြစ်ပျက်မည့်ကိစ္စများသည် သူ့အား သာမန်လူသားတစ်ဦးထက် ထူးကဲစေလိမ့်မည် ဖြစ်ကြောင်း တွေးနေမိသည်။

ထိုအခွင့်အရေးသည် သူကြိုးစားပမ်းစား အလုပ်လုပ်ရင်း နှစ်ပေါင်းများစွာ စောင့်စားခဲ့ရသော အခွင့်အရေးပင် ဖြစ်တော့သည်။

❐

[၄၁]

ရောဒ်သည် ဒတ်ချ်ဗီသုကာလက်ရာနှင့် ဆောက်ထားသော အိမ်ဂေဟာကြီးဆီသို့ မာဆီရာတီမော်တော်ကားကို မောင်းနှင်လာစဉ် အခြေအနေများသည် သူ ယခင်တစ်ခေါက်လာစဉ်ကနှင့် မတူတော့ဘဲ လုံးဝ ကွဲပြားသွားခဲ့လေပြီဟု တွေးလိုက်မိသည်။

ရောဒ်က မော်တော်ကားကို ရပ်တန့်လိုက်ပြီးနောက် ကားသော့ကို ပိတ်လိုက်သည်။ သူ့အတွက် ရာထူးတက်ရာတက်ကြောင်း စီစဉ်ပေးခဲ့သော မင်းဖရက်စတိုင်းနားအား ရင်ဆိုင်ရန် ရှု့တွန့်တွန့်ဖြစ်နေမိသောကြောင့် သူသည် မော်တော်ကားထဲတွင် ခဏမျှ ထိုင်နေမိသည်။

“သတ္တိရှိစမ်းပါ အိုင်းရွန်းဆိုက်ဒ်ရာ”

သူက ရေရွတ်လိုက်ပြီး ကားထဲကထွက်၍ မြက်ခင်းပြင်ဆီသို့ တက်သွားသော လမ်းကလေးအတိုင်း တက်သွားသည်။

အရောင်အသွေး စိုပြည်လှသော ပွင့်ရိုက်ဝတ်စုံကို ဝတ်၍ ဆံပင်ကို ဖားလျားချထားသော တယ်ရီသည် တနင်္ဂနွေနေ့ထုတ် သတင်းစာများကို နံဘေးတွင် ပုံတစ်ခုသည်တစ်ခု ကြဲဖြန့်၍ ချထားရင်း တာရပေတ်စ တပ်ထားသော ပက်လက်ကုလားထိုင်ပေါ်၌ တုံးလုံးပက်လက် လှဲနေသည်။

“မင်္ဂလာ နံနက်ခင်းပါ မစ္စတာအိုင်းရွန်းဆိုက်ဒ်”

ရောဒ်က လှေကားအတိုင်း တက်လာစဉ် တယ်ရီက နှုတ်ဆက်လိုက်၏။

“ကျွန်မယောကျ်ား စာဖတ်ခန်းထဲမှာ ရှိပါတယ်၊ ရှင်သွားတတ်တယ် မဟုတ်လား”

“ကျေးဇူးတင်ပါတယ် မစ္စစ်စတိုင်းနား”

ရောဒ်က ခင်မင်ရင်းနှီးသော လေသံနှင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်သော်လည်း စိတ်မဝင်စားသော လေသံမျိုးဖြစ်အောင် တမင်ထိန်းထားသည်။

နောက်ထပ် ဆယ့်ငါးမိနစ်ကြာသောအခါ ခန္ဓာကိုယ်အတွင်းပိုင်းက အေးစက်နေပြီး ကျောက်တုံးကျောက်ခဲပမာ မျက်နှာထားတင်းမာနေသော ရောဒ်သည် မင်းဖရက်စတိုင်းနား၏ စားပွဲရှေ့၌ ထိုင်နေသည်။ နောက်ဆုံးတွင် သူက စကားပြောရန် အတင်းကြိုးပမ်းအားထုတ်ရမှုကြောင့် နှုတ်ခမ်းပေါ်က အရေပြားသည် ကွဲစုတ်သွားတော့မလိုလိုပင် ထင်လိုက်ရသည်။

သူက အသံအက်ကွဲကွဲနှင့် မေးလိုက်၏။

“ခင်ဗျားက ကျုပ်ကို မဟာယောက်ချိုကြီးကို ထွင်းဖောက်ပြီး တူးစေချင်တယ်ပေါ့ ဟုတ်လား”

“အဲဒီလောက်နဲ့တွင် မပြီးသေးပါဘူး မစ္စတာအိုင်းရွန်းဆိုက်ဒ်၊ ကျုပ်က အဲဒီလုပ်ငန်းကို သုံးလအတွင်း အပြီးအစီးတူးစေချင်တယ်၊ ပြီးတော့ အဲဒီလုပ်ငန်းကို ဘယ်သူကမှ မသိအောင် လျှို့ဝှက်ပေးရမယ်”

မင်းဖရက်က ဣန္ဒြေသိက္ခာ တစ်ခွဲသားနှင့် ပြောလိုက်၏။ ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်သည့်တိုင်အောင် သူသည် ဝတ်စုံပြည့် ဝတ်ဆင်ထားသည်။

“မင်းက အမှတ်တစ်တွင်းရဲ့ အဆင့် ၆၆ က တပြေးညီဆက်တူးသွားပြီး ဆွန်ဒါဒစ်ချ် အမှတ်သုံး အစမ်းတွင်းနဲ့ ပေ ၆၆၀၀ မှာ ဆုံရမယ်၊ ဆာပင်တိုင်းကျောက်ဖျောကျောက်ထရုကြီး ရှိနေတဲ့ နေရာထက် ဟိုဘက်ကို ပေ ၂၅၀ လွန်သွားတဲ့အထိ ဆိုပါတော့”

“မဖြစ်ဘူး”

ရောဒ်က ခေါင်းခါလိုက်၏။

“ခင်ဗျား အဲဒါကိုတော့ ထွင်းဖောက်လို့ မဖြစ်ဘူး၊ ဘယ်သူကမှ မစွန့်စားထိုက်ဘူး။ ကျောက်ထရုကြီးရဲ့ဟိုဘက်မှာ ဘာတွေရှိတယ်ဆိုတာ ဘုရားသခင် မှပဲ သိနိုင်ပေလိမ့်မယ်၊ ကျွန်တော်တို့ကတော့ အဲဒီဘက်က မြေဟာ ‘မြေဆိုး’ လို့ပဲ သိထားတယ်၊ သိပ်ကို ညံ့တဲ့ မြေမျိုးပါ”

“မင်းက ဘယ်လိုလုပ် သိသလဲ”

မင်းဖရက်က ခပ်တိုးတိုးကလေး မေးလိုက်၏။

“ကစ်ချနာဗီးလ်မှာ ရှိတဲ့လူတိုင်း သိကြပါတယ်”

“ဘယ်လိုသိတာလဲ”

“ဟိုတစ်စ သည်တစ်စပေါ့လေ”

ရောဒ်သည် ထိုကိစ္စကို ရေရေရာရာ ထုတ်ဖော်၍ ပြောပြရန် မလွယ်ကူလှချေ။

“ခင်ဗျားသာ ဒီလုပ်ငန်းထဲမှာ အနေကြာလာခဲ့ရင် ခင်ဗျားကို အလိုလို သတိပေးမယ့် အသိမျိုး ရှိလာလိမ့်မယ်”

“အဓိပ္ပာယ် မရှိလိုက်တာကွာ”

မင်းဖရက်က ဖြတ်ပြောလိုက်၏။

“ငါတို့က စုန်းကဝေခေတ်မှာ မရှိကြတော့ဘူး”

“ဒါ စုန်းကဝေကိစ္စ မဟုတ်ဘူး၊ အတွေ့အကြုံကိစ္စဗျ”

ရောဒ်ကလည်း ဒေါသနှင့် ပြန်ပြောလိုက်သည်။

“ဟိုဘက်ခြမ်းမှာ တူးထားတဲ့ အစမ်းတွင်းတွေရဲ့ အဖြေတွေကို ခင်ဗျား တွေ့ပြီးပြီပေါ့နော်”

“တွေ့ဖူးတာပေါ့”

မင်းဖရက်က ခေါင်းညိတ်လိုက်၏။

“အစမ်းတွင်းအမှတ်သုံးမှာ ရွှေပဲနီဗိတ်စ်ပေါင်း ထောင်ချီတွေ့ခဲ့တယ်လေ”

“တခြားတွင်းတွေကျတော့ လွန်သွားတွေ လိမ်ကောက်ပြီး ကျိုးပဲ့သွားတဲ့ တွင်းတွေရှိသလို မြင်းသေးပေါက်သလို ရေတွေပန်းထွက်လာတဲ့ တွင်းတွေလည်း ရှိတယ်မဟုတ်လား”

မင်းဖရက်သည် ဣန္ဒြေပျက်လောက်အောင် ဒေါပွသွားတော့သည်။

“မင်းက ဒီအိမ်ထဲမှာ အရက်ဆိုင်က အသုံးအနှုန်းတွေကို လာမသုံးစွဲရင် ကောင်းလိမ့်မယ်ထင်တယ်”

ရောဒ်တစ်ယောက် အငိုက်မိသွားသည်။ သူက အဖြေမပေးနိုင်ခင် မင်း ဖရက်က ဆက်ပြောသွားသည်။

“မင်းက မတိကျ မရေရာလှတဲ့ အာရုံတွေအကြောင်း မပြောခင် ဟောဒီ ပုဂ္ဂိုလ်တွေရဲ့ အယူအဆတွေနဲ့ မှတ်ချက်တွေကို လုံးဝ ပစ်ပယ်တော့မှာလား”

မင်းဖရက်က ပုဂ္ဂိုလ်သုံးဦး၏ အမည်ကို ပြောပြလိုက်၏။ ရောဒ်တစ်ယောက် အင်တင်တင်နှင့် အရှုံးပေးရတော့သည်။

“အဲဒီပုဂ္ဂိုလ်တွေကတော့ ဒီလုပ်ငန်းမှာ အတော်ဆုံးပုဂ္ဂိုလ်တွေပါပဲ”

“အဲဒါကို ဖတ်စမ်း”

မင်းဖရက်က ခပ်ဆတ်ဆတ် ပြောလိုက်၏။ သူက မနီလာစာအိတ်ကြီး တစ်အိတ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် မတ်တတ်ရပ်လိုက်ပြီး ဝှက်ထားသော ကြွေစလုံတွင် လက်ဆေးနေလေတော့သည်။

ရောဒ်က စာအိတ်ကို ဖွင့်ဖတ်လိုက်ရာ ချက်ချင်းလိုလိုပင် စိတ်ဝင်စားသွားတော့သည်။ နောက်ထပ် ဆယ်မိနစ်ကြာသောအခါ ရောဒ်သည် ထိုအစီရင်ခံစာမှ မျက်စိကို မခွာဘဲ သူ့အိတ်ထဲမှာ စီးကရက်ဘူးကို လက်နှင့် စမ်း၍

ရှာလိုက်၏။

“ကျေးဇူးပြုပြီး ဆေးလိပ်မသောက်ပါနဲ့”

မင်းဖရက်က သူ့အား ခပ်ပြတ်ပြတ်ပြော၍ တားမြစ်လိုက်သည်။ နောက်ထပ် လေးဆယ်ငါးမိနစ်ကြာသောအခါ ရောဒ်က ထိုအစီရင်ခံစာကို ပြန်ပိတ်လိုက်၏။ ရောဒ်က ထိုအစီရင်ခံစာကို ဖတ်နေစဉ် မျက်လုံးကလေးများသာ တလက်လက်တောက်နေသော မင်းဖရက်သည် သူ့စားပွဲနောက်တွင် ပုတ်သင်ညိုတစ်ကောင်ပမာ ငြိမ်သက်စွာ ထိုင်နေသည်။

ရောဒ်က တအံ့တဩ မေးလိုက်၏။

“ခင်ဗျားက အဲဒီကိန်းဂဏန်းတွေကို ဘယ်လိုနည်းနဲ့ ရလာတာလဲ”

“အဲဒါက မင်းနဲ့ မဆိုင်ပါဘူးလေ”

မင်းဖရက်က ထိုအစီရင်ခံစာကို ရောဒ်ထံမှ ပြန်ယူလိုက်၏။ မင်းဖရက်သည် ၄၅ မိနစ်အတွင်း ပထမဦးဆုံးအကြိမ် လှုပ်ရှားလိုက်ခြင်းပင် ဖြစ်သည်။

“အင်း၊ ဒါပဲပေါ့”

ရောဒ်က ခပ်တိုးတိုး ရေရွတ်လိုက်၏။

“ရေက မြေမျက်နှာပြင်နားက ထုံးကျောက်ထဲမှာ ရှိနေတာကို၊ ကျုပ်တို့က အဲဒီအောက်ဘက်က တူးရမယ်”

ရောဒ်သည် ကုလားထိုင်ပေါ်မှ ဖြန်းခနဲ ထလိုက်ပြီးနောက် မင်းဖရက်၏ စားပွဲရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်တော့သည်။

“မင်း ယုံကြည်သွားပြီလား”

မင်းဖရက်က မေးလိုက်၏။ ရောဒ်က ပြန်မဖြေပါ။

“မင်းထက် အသက်ပိုကြီးပြီး အတွေ့အကြုံပိုများတဲ့ လူတွေကို ကျော်လွှားပြီး မင်းကို ငါက ရာထူးတိုးပေးခဲ့တယ်”

မင်းဖရက်ခပ်တိုးတိုးကလေး ပြောလိုက်သည်။

“ငါက မင်းကို ရာထူးပြန်ချပြီး မင်းဟာ ဒီလုပ်ငန်းအတွက် ထိုက်တန်တဲ့လူ မဟုတ်ဘူးလို့ ကြေညာမောင်းခတ်လိုက်မယ်ဆိုရင် ရောဒနီအိုင်းရွန်းဆိုက်ဒ်တစ်ယောက် နိဂုံးတဲ့ပြီပေါ့၊ ဘယ်သူကမှ မင်းကို စမ်းပြီး သုံးရဲကြတော့မှာ မဟုတ်ဘူး။ ဘယ်တော့မှ သုံးကြတော့မှာလည်း မဟုတ်ဘူး”

မှန်ပေသည်။ အဲဒါကို ရောဒ်ကိုယ်တိုင်လည်း သိပါသည်။

“ဒါပေမဲ့ မင်းက ငါနိုင်းတာတွေကို လိုက်နာပြီး အင်မတန် ရွှေပေါ

တဲ့ ရွှေကြောကြီးကို ငါတို့ ဝင်တိုးမိကြမယ်ဆိုရင် အောင်မြင်မှုရဲ့ အကျိုးခံစားခွင့် တစ်စိတ်တစ်ဒေသကို မင်းလဲရလာမှာပေါ့လေ”

အဲဒါကလည်း မှန်ပါပေသည်။ ရောဒ် လမ်းဆက်မလျှောက်တော့ပါ။ ရောဒ်သည် မဆုံးဖြတ်နိုင်သောကြောင့် စိတ်ဖျက်လက်ဖျက်နှင့် ကုန်းကုန်းကြီးရပ်နေမိသည်။ နက်နက်ရှိုင်းရှိုင်းရှိလှသော ထူးခြားသည့် သူ့အာရုံကို အသာဘေးဖယ်ထားပြီး ထိုအစီရင်ခံစာကို အကြွင်းမဲ့ ယုံကြည်ထိုက်ပါသလား။ သူက ကျောက်ထရံကြီး၏ ဟိုဘက်ခြမ်း၌ ရှိသော မြေကြီးအကြောင်း တွေးလိုက်မိသည်နှင့် တစ်ပြိုင်နက် သူ့တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထလာသည်။ သူက အပုပ်နံ့ကြီးကိုပင် နှာခေါင်းက ရှူလိုက်မိသလိုလို ခံစားနေရသည်။ သို့တိုင်အောင် သူမှားယွင်းနိုင်ပါသည်။ တစ်ဖက်ပုဂ္ဂိုလ်၏ ထိုးနက်မှုကလည်း အင်အားကောင်းလှသည်။ ထိုအစီရင်ခံစာပေါ်မှ နာမည်ကျော်ပုဂ္ဂိုလ်ကြီးများ၊ မင်းဖရက်၏ ခြိမ်းခြောက်မှု စသည်တို့က သူ့ကို တွန်းအားပေးနေကြသည်။

“ခင်ဗျားက ကျုပ်ကို စာနဲ့ပေနဲ့ ရေးပြီး အမိန့်ပေးမှာလား”

ရောဒ်က ခပ်မာမာ ပြန်မေးလိုက်၏။

“အဲဒီလို ရေးပေးတော့ကော ဘာထူးမှာမို့လို့လဲ”

မင်းဖရက်က ခပ်ပျော့ပျော့လေသံနှင့် ပြောလိုက်သည်။

“မင်းက မန်နေဂျာတစ်ယောက်အနေနဲ့ ဘယ်နေရာမှာ တူးသင့်တယ်၊ ဘယ်နေရာမှာ မတူးရဘူးဆိုတာ မင်းပဲ ဆုံးဖြတ်ရမှာ မဖြစ်နိုင်တာ တစ်ခုအနေနဲ့ ပြောရမယ်ဆိုရင် အဲဒီကျောက်ထရံကြီးရဲ့ ဟိုဘက်မှာ မင်းက ပြဿနာနဲ့ ကြုံတွေ့ရတယ်ပဲထား၊ မင်း ငါ့ဆီက စာနဲ့ ပေနဲ့ ရေးထားတဲ့ အမိန့်စာကို ထုတ်ပြရုံနဲ့ မင်း အပြစ်က လွတ်ကင်းသွားမှာ မဟုတ်ဘူး၊ မင်းက ငါ့မိန့်မကို သတ်ပြီး ငါနိုင်းလို့ လုပ်ရပါတယ်ဆိုတဲ့ သဘောမျိုးနဲ့ ငါက စာနဲ့ရေးပြီး နိုင်းထားတဲ့ ညွှန်ကြားချက်ကို ထုတ်ပြပြီး ခုခံကာကွယ်လို့ မရသလိုပဲပေါ့ကွာ”

အဲဒါကလည်း မှန်ပြန်ပါသည်။ သူထောက်ချောက်ထဲ၌ ပိတ်မိနေပြီဖြစ်ကြောင်း ရောဒ် သိလိုက်သည်။ သူငြင်းလိုက်မည် ဆိုပါက သူ့ဘဝတစ်ခုလုံး ပျက်စီးသွားရပေတော့မည်။ သို့တည်းမဟုတ် သူနိုင်းတာကို လုပ်ပြီး ဖြစ်သမျှ အပြစ်ဒဏ်ကို ခါးစည်းပြီး ခံရုံပဲ ရှိတော့သည်ပေါ့လေ။

မင်းဖရက်က ထပ်ပြီး ပြောလိုက်၏။

“ငါကတော့ မင်းကို စာနဲ့ပေနဲ့ ရေးပြီး ညွှန်ကြားမှာ မဟုတ်ဘူး”

"ခင်ဗျား တော်တော်ဆိုးတဲ့ လူပဲ"

ရောဒ်က ခပ်တိုးတိုး ရေရွတ်လိုက်၏။

မင်းဖရက်က ခပ်သာသာ ပြောလိုက်သည်။

"မင်း ငါနိုင်တာကို ငြင်းဆန်လို့ မလွယ်ဘူးလို့ ငါ သတိပေးလိုက်ပါရစေ"

"ခင်ဗျားက မဟာယောက်ချိုကြီးကို ထွင်းဖောက်ဖို့ အချိန်သုံးလပေးတယ်ပေါ့လေ၊ ကောင်းပြီ စတိုင်နာ၊ ခင်ဗျား အလိုဆန္ဒ ပြည့်ဝစေရမယ်"

ရောဒ်သည် ကိုယ်ကို ဖနောင့်နှင့် ချာခနဲ လှည့်လိုက်ပြီးနောက် အခန်း ထဲမှ ပြန်လည် ထွက်ခွာသွားလေတော့သည်။

*

တယ်ရီသည် အောက်ဘက် မြက်ခင်းပေါ်ရှိ ပရိတ်ပန်းပင်များ အကြားမှ ရောဒ်အား စောင့်နေသည်။ ရောဒ်၏ မျက်နှာထားကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တယ်ရီ ဟန်မဆောင်နိုင်တော့ပါ။ ရောဒ်နှင့် တွေ့ဆုံရန် လျှောက်သွားတော့သည်။

"ရောဒ်၊ ဘာဖြစ်လို့လဲ ဟင်"

တယ်ရီသည် ရောဒ်၏ လက်မောင်းကို ကိုင်ပြီး ရောဒ်၏ မျက်နှာကို မော့ကြည့်နေသည်။

"သတိထားဦးလေ"

ရောဒ်က သတိပေးလိုက်သည်တွင် တယ်ရီက လက်ကို ပြန်ချလိုက်ပြီး နောက်ဘက်သို့ ပြန်ဆုတ်လိုက်၏။

"ဘာပါလိမ့်"

"အဲဒီ အကောင်ဟာ တကယ် ဂက်စတာပို အကောင်ပဲ"

ရောဒ်က ခပ်ရိုင်းရိုင်း ပြောလိုက်ပြီးမှ—

"ဆောရီးပဲကွာ၊ သူက မင်းယောက်ျားပဲ"

"သူက ဘာလုပ်လို့လဲ"

"မင်းကို ဒီမှာ ပြောလို့တော့ မဖြစ်ဘူး၊ မင်းနဲ့ကိုယ် ဘယ်တော့ တွေ့နိုင်မလဲ"

"ဒီကနေ့ နောက်ပိုင်းကျရင် တစ်ခုခုကို ရမည်ရှာပြီး ကျွန်မထွက်လာခဲ့မယ်၊ ကျွန်မကို ရှင့်အိမ်ခန်းက စောင့်နေပါ"

ထို့နောက် များမကြာမီ တယ်ရီသည် ရောဒ် အိမ်ခန်းရှိ ပါရီတာနီ၏လက်ရာ ပန်းချီကားချပ်အောက်၌ ထိုင်ပြီး ရောဒ်က အစအဆုံးပြောပြသည်ကို နားထောင် နေသည်။ ရောဒ်က အစီရင်ခံစာအကြောင်း၊ ခြိမ်းခြောက်မှုအကြောင်းနှင့် ကျောက်ထရံကြီးအား ထွင်းဖောက်ရမည်ဟု ပေးသော အမိန့်အထိ ပြောပြလိုက် လေတော့သည်။

တယ်ရီသည် ရောဒ်ပြောသော စကားကို အစမှ အဆုံးအထိ နားထောင်နေသည်။ သို့ရာတွင် ရောဒ်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဆိုးသည်ဟု မပြောသလို ကောင်းသည်ဟူ၍လည်း မပြောခဲ့ပါချေ။

*

မင်းဖရက်သည် ပြတင်းပေါက်မှ လှည့်ထွက်လာပြီးနောက် သူ့စားပွဲဆီသို့ ပြန်လျှောက်သွားသည်။ ထိုမျှလောက် ဝေးကွာသော အကွာအဝေးမှ နေ၍ လှမ်းကြည့်နေရသည့်တိုင်အောင် သူ့ဇနီး၏ အမူအရာနှင့် စပ်လျဉ်း၍ သံသယဖြစ်စရာ မရှိပါ။ လက်ကို ရှေ့သို့ ဆန့်တန်းလိုက်မှု၊ မျက်နှာကို မော့လိုက်မှု၊ စိုးရိမ်သောကဖြစ်ဟန်နှင့် နှုတ်ခမ်းကို ဟထားမှု၊ ထို့နောက် အပြစ်ရှိသူပမာ ရှေ့သို့ တိုးလိုက်ပြီးမှ နောက်ဘက်သို့ ပြန်ဆုတ်လိုက်မှု စသည်တို့ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နေရသည်။

မင်းဖရက်သည် စားပွဲ၌ ထိုင်လိုက်ပြီး လက်နှစ်ဖက်ကို သူ့ရှေ့ဘက်တွင် သေသေသပ်သပ် တင်ထားလိုက်သည်။ သူသည် ရောဒ်အိုင်းရွန်းဆိုက်ဒ်အား အသုံးချရမည့် ပစ္စည်းကိရိယာတစ်ခုအစား လူသားတစ်ယောက်အဖြစ် ပထမဦးဆုံးအကြိမ် စတွေးမိတော့သည်။

ရောဒ်အိုင်းရွန်းဆိုက်ဒ်၏ ကိုယ်ခန္ဓာကြီးထွားမှု၊ အရုပ်မြင်မားမှုနှင့် ပခုံးကျယ်မှုတို့ကိုလည်း သူ တွေးမိသည်။ ရောဒ်ဒနီအိုင်းရွန်းဆိုက်ဒ်အား လက်တုံ့ပြန်မည်ဆိုပါက လက်ရုံးချင်း ယှဉ်ပြိုင်ရန် မဖြစ်နိုင်သလို ချက်ချင်းလက်ငင်း တုံ့ပြန်၍လည်း မဖြစ်နိုင်သေးပါ။ ကျောက်ထရံကြီးကို ထွင်းဖောက်ပြီးမှသာ ဖြစ်နိုင်ပေလိမ့်မည်။

သူစောင့်နိုင်ပါသည်။ သူ့ဘဝတွင် အရာရာအတွက် အချိန်ယူ၍ စောင့်ရန် အချိန်လုံလောက်စွာ ရှိနေကြောင်း သွေးအေးအေးနှင့် တွေးနေလိုက်သည်။

❐

[၄၂]

ဂျွန်နီနှင့် ဒေဗီဒီလန့်ချ်တို့သည် ရောဒ်၏ စားပွဲရှေ့ရှိ ကုလားထိုင်နှစ်လုံးပေါ်တွင် ထိုင်နေကြသည်။ သူတို့နှစ်ယောက်သည် ကတ်ချနာဗီးလ်မြို့ ရှုခင်းကို မြင်နေရသော ကြီးမားကျယ်ဝန်းလှသည့် ရုံးခန်းကြီးထဲ၌ ရှိနေကြသဖြင့် ရှိုးတိုးရှန့်တန့် ဖြစ်နေကြသည်။

‘ငါ သူတို့ကို အပြစ်မတင်ထိုက်ပါဘူးလေ၊ ငါကိုယ်တိုင်တောင် ဒီရုံးခန်းထဲမှာ နေသားမှ မကျသေးဘဲပဲ’ဟု ရောဒ်က တွေးလိုက်၏။ ကော်ဇောများကို ခန်းလုံးပြည့်ခင်းထားပြီး လေအေးစက် တပ်ဆင်ထားသည်သာမက ပန်းချီဆရာများ၏ မူရင်းလက်ရာ ပန်းချီကားချပ်ကြီးများကို အခန်းထဲတွင် ချိတ်ဆွဲထားသည်။

“ခင်ဗျားတို့နှစ်ယောက်စလုံးဟာ ဆွန်ဒါဒစ်ချ်မှာ ကျောက်ခဲခွဲအတော်ဆုံး ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက် ကျုပ်က လှမ်းခေါ်လိုက်တာပဲ”

ရောဒ်က စပြောလိုက်၏။

“ဒီငတိ တစ်ခုခု လိုချင်နေပြီ”

ဒေဗီက အလုပ်ရှင်မှန်သမျှကို သံသယရှိသော ပုဂ္ဂိုလ်တစ်ဦး၏ အမြင်နှင့် သံသယ ဖြစ်လိုက်၏။ ဂျွန်နီကလည်း ‘အလုပ်မလုပ်ရသေးခင် အချီးတွေ နိဒါန်းတွေက များလိုက်တာ’ဟု တွေးပြီး စိတ်ထဲက ပြုံးလိုက်သည်။

ရောဒ်က သူတို့နှစ်ယောက်၏ မျက်နှာထားကို ကြည့်လိုက်ပြီးနောက် သူတို့၏ အတွင်းစိတ်က မည်ကဲ့သို့ တွေးနေမည်ကို တိတိကျကျ သိလိုက်သည်။ သူကိုယ်တိုင်လည်း တစ်ကြိမ်သောအခါက နေစားလရှင်း အလုပ်သမားတစ်ယောက်အဖြစ် အလုပ်လုပ်ခဲ့ဖူးသည်။ ‘ချီးကျူးစကားတွေကို အသာဖယ်ထားလိုက်စမ်း အိုင်းရွန်းဆိုက်ဒ်၊ ယောဘီ လူကြမ်းကြီးနှစ်ယောက်က မင်းပြောတဲ့ စကားကို အထင်ကြီးကြတာ မဟုတ်ဘူး’ဟု သူ့ကိုယ်သူ သတိပေးလိုက်၏။

“ကျုပ်က ခင်ဗျားတို့နှစ်ယောက်ကို တူးနေကျ လိုဏ်ခေါင်းထဲက ဆွဲထုတ်ပြီး စပါယ်ရှယ်ဥမင်လိုဏ်ခေါင်းအသစ်ဖောက်တဲ့ နေရာမှာ ထားမလို့ပဲ၊ ခင်ဗျားတို့နှစ်ယောက်က နေ့နဲ့ည၊ တစ်လှည့်စီလုပ်သွားရမယ်၊ ခင်ဗျားတို့နှစ်

ယောက်က ကျုပ်ကိုသာ တိုက်ရိုက် အစီရင်ခံရမယ့်အပြင် ဒီကိစ္စကို ထိပ်တန်းလျှို့ဝှက်ကိစ္စအဖြစ် လျှို့ဝှက်ထားရမယ်”

သူတို့နှစ်ယောက်က မျက်နှာထား မပြောင်းလဲပဲ ခပ်တည်တည်နှင့် ပြန်ကြည့်နေကြသည်။ ဂျွန်နီက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။

“တစ်နေ့ရာတည်းမှာ တစ်နေ့ကို တစ်ခါပဲ ဖောက်ခွဲရမှာလား”

ဂျွန်နီက သူရမည့် လစာကို တွေးနေမိသည်။ တစ်နေ့လျှင် တစ်ကြိမ်သာ ဖောက်ခွဲရမည် ဆိုပါက သူဖောက်ခွဲပစ်နိုင်သော ကျောက်ခဲပမာဏအပေါ်တွင် မူတည်၍ သူရနေကျ လစာထက် အနည်းငယ်သာ ပိုရပေလိမ့်မည်။

“မဟုတ်ပါဘူး”

ရောဒ်က ခေါင်းခါလိုက်၏။

“အများကြီး ဖောက်ခွဲရမယ်၊ အမြန်ဆုံးနှုန်းနဲ့ အလုပ်လုပ်ရမယ်၊ နှုန်းထားကို အမြင့်ဆုံး ပေးမယ်”

ဤတွင် ဒီလန့်ချ်ညီအစ်ကို နှစ်ယောက်စလုံး ကုလားထိုင်ပေါ်တွင် ရှေ့သို့ တိုး၍ ထိုင်လိုက်မိကြ၏။

“အများကြီး ဖောက်ခွဲမယ်၊ ဟုတ်လား”

ဒေဗီက မေးလိုက်၏။ ထိုအဓိပ္ပာယ်မှာ သူတို့ဘက်က အဆင်သင့်ဖြစ်သည်နှင့် တစ်ပြိုင်နက် စ၍ ဖောက်ခွဲနိုင်မည်ဟု ဆိုခြင်းပင် ဖြစ်သည်။ အလုပ်သမားအဖွဲ့ ကောင်းကောင်းနှင့်သာ ဆိုပါက တစ်ဆိုင်းလျှင် သုံးကြိမ်၊ သို့မဟုတ် လေးကြိမ်အထိ ဖောက်ခွဲနိုင်ပေလိမ့်မည်။

“အမြန်ဆုံးနှုန်း ဟုတ်လား”

ဂျွန်နီက မေးလိုက်ပြန်၏။ ထိုအသုံးအနှုန်းမှာ ဂျွန်နီ နားလည်သော အသုံးအနှုန်းပင် ဖြစ်သည်။ ထိုဝေါဟာရမှာ မိုင်းအလုပ်သမားများ မိုင်းတွင်းထဲ၌ မြေပြိုကျပြီး ပိတ်မိနေစဉ် အရေးပေါ် အချိန်မျိုး၌ သုံးစွဲသော ဝေါဟာရ ဖြစ်သည်။ ထိုအသုံးအနှုန်းကို သုံးစွဲလိုက်ပါက ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် သတ်မှတ်ထားသော စည်းကမ်းများထက် လျင်မြန်မှုကို ပို၍ ဦးစားပေးရမည်ဟု နားလည်သဘောပေါက်ရမည် ဖြစ်ပေသည်။ ‘ဒါဆိုရင် ငါ တစ်ဆိုင်းကို လေးကြိမ်က ငါးကြိမ်အထိ ဖောက်ခွဲနိုင်မှာပါကလား’ဟု ဂျွန်နီက အားရပါးရ တွေးလိုက်၏။

“အမြင့်ဆုံးနှုန်းထားနဲ့ ပေးမယ်၊ ဟုတ်လား”

သူတို့နှစ်ယောက်က တစ်ပြိုင်နက်တည်း မေးလိုက်ကြသည်။ ထိုနှုန်းထားမှာ လိုက်ခေါင်းထဲတွင် သာမန်တူးနေကြသူများထက် ဘောနပ်စ်အဖြစ်ရာခိုင်နှုန်းနှစ်ဆယ် ထပ်ဆောင်း၍ပေးမည်ဟု ဆိုလိုက်ခြင်းပင် ဖြစ်သည်။ သူတို့ကို ပေးမည့်နှုန်းမှာ သူတို့အတွက် သူဌေးကလေးတစ်ယောက် ဖြစ်လောက်ပေသည်။

ရောဒ်က သူတို့၏ မေးခွန်းများကို အတည်ပြုပေးလိုက်ပြီးနောက် သူတို့နှစ်ယောက်က မည်သို့မည်ပုံ တုံ့ပြန်လိမ့်မည်ကို သိလျက်နှင့်ပင် စောင့်နေလိုက်၏။ သူတို့နှစ်ယောက်က ချက်ချင်းတုံ့ပြန်တော့သည်။

ဒီလန့်ချ် ညီအစ်ကိုနှစ်ယောက်က မည်သည့်နေရာတွင် မြုပ်ကွက်ရှိလိမ့်မည်နည်းဟု တွေးနေကြသည်။ ရောင်းဈေးနည်းလွန်းလှသော ခရမ်းချဉ်သီးကို ဘာဖြစ်လို့ ဈေးလျှော့ပြီး ရောင်းတာလဲဟု သံသယစိတ်နှင့် အပြန်ပြန် အလှန်လှန် စစ်ဆေးကြည့်ရှုနေသော အိမ်ရှင်မ တစ်ဦးပမာ ရောဒ်၏ ကမ်းလှမ်းချက်ကို အနုလုံပဋိလုံ စစ်ဆေးနေကြသည်။

"အခုဖောက်ပေးရမယ့် ဥမင်လိုဏ်ခေါင်းက ဘယ်လောက်ရှည်မှာလဲ"

ဂျွန်နီက မေးလိုက်၏။ ထိုလိုဏ်ခေါင်းမှာ ပေတစ်ရာ နှစ်ရာခန့်သာ ရှိမည် ဆိုပါက ထိုကမ်းလှမ်းချက်သည် အဖိုးမတန်သော ကမ်းလှမ်းချက်သာ ဖြစ်ပေသည်။ သူတို့က လုပ်ငန်းခွင်၌ နေသားမကျသေးခင် ထိုလုပ်ငန်း ပြီးဆုံးသွားပေလိမ့်မည်။

"ပေခြောက်ထောင်နီးပါး ရှိတယ်"

ရောဒ်က ထပ်အာမခံလိုက်၏။ သူတို့နှစ်ယောက်စလုံး စိတ်သက်သာရာ ရရှိသွားကြသည်။

"အဲဒါက ဘယ်ဘက်ကို ဦးတည်ပြီး ဖောက်ရမှာလဲ"

ဒေဗီက သွေးတိုးစမ်းလိုက်ပြန်၏။

"ကျုပ်တို့က ပေခြောက်ထောင်မှာ ရွှေကြောကို ရှာတွေ့တဲ့အထိ ဆာပင်တိုင်း ကျောက်ထရုံကြီးကို ထွင်းဖောက်သွားကြမယ်"

"ဘုရားသခင် ကယ်တော်မူပါ"

ဂျွန်နီက ပြောလိုက်၏။

"မဟာယောက်ချိုကြီးကို ပြောတာလား"

ဂျွန်နီ မကြောက်ပါ၊ အံ့သြသွားခြင်းသာ ဖြစ်သည်။ စွန့်စားရမည်ကိစ္စ၊

အန္တရာယ်ရှိမည့် လုပ်ငန်းမျိုးဖြစ်သောကြောင့် ထိုကိစ္စက သူ့ကို သွေးကြွစေသည်။ ဂျွန်နီသည် ခပ်စောစောပိုင်းကသာ မွေးဖွားလာခဲ့မည် ဆိုပါက အင်မတန် ထူးချွန်သော စပစ်ဖိုင်းယားတိုက်လေယာဉ်မောင်းသူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

"မဟာယောက်ချိုကြီး"

ဒေဗီက ခပ်တိုးတိုး ရေရွတ်လိုက်၏။ သူ့စိတ်သည် အပြေးအလွှားတွေးတောနေသည်။ ဒေဗီဒီလန့်ချ်သည် ကျောက်ထရုံကြီးကို ထွင်းဖောက်လိုခြင်း မရှိပါ။ သူက ငရဲကို ကြောက်သကဲ့သို့ ထိုကျောက်ထရုံကြီးကို ကြောက်လန့်နေသည်။ ထိုအမည်တစ်ခုတည်းကပင် ဖုံးကွယ်နေသော အန္တရာယ်မျိုးစုံကို ဖော်ထုတ်ပေးလိုက်သကဲ့သို့ ဖြစ်နေသည်။ ထိုအမည်၏ နောက်ကွယ်တွင် ရေဓာတ်ငွေ့၊ နွံရည်၊ မြေလွှာ ကျိုးပဲ့မှု စသော မိုင်းအလုပ်သမားများ ကြောက်လန့်ကြသည့် အန္တရာယ်အမျိုးစုံ ရှိနေကြသည်။

သူ ထိုအလုပ်ကို လုပ်ကိုင်မည် မဟုတ်ပါ။ သို့ရာတွင် ထိုငွေပမာဏကို လက်လွှတ်လိုက်ဖို့ကလည်း အဆီနှင့် ဝင်းဝင်းဖြစ်နေသည်။ ယခု ပေးထားသော စည်းကမ်းအတိုင်း ဆိုပါက သူသည် ရန်းငွေတစ်သောင်း၊ သို့မဟုတ် တစ်သောင်းတစ်ထောင်အထိ ရနိုင်ဖွယ် ရှိသည်။

ဒေဗီက ပြောလိုက်သည်။

"ကောင်းပါပြီ မစ္စတာအိုင်ရွန်းဆိုက်ဒ်၊ ကျုပ်က ညဆိုင်းကို စတာဝန်ယူမယ်၊ ဂျွန်နီက နေ့ဆိုင်းမှာ လုပ်နိုင်တာပေါ့"

ဒေဗီဒီလန့်ချ်က ဆုံးဖြတ်လိုက်လေပြီ။ သူသည် အစိမ်းရင့်ရောင် ဆာပင်တိုင်း ကျောက်ထရုံကြီးသို့ ရောက်ရှိသည့်အထိ တူးပေးမည် ဖြစ်ပြီး ထိုနေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုအလုပ်ကို ဆက်လုပ်တော့မည် မဟုတ်ချေ။ သူ ကျောက်ထရုံကြီးဆီအထိသာ တူးပေးမည်။ ကျောက်ထရုံကြီးကိုတော့ ကျော်လွန်၍ တူးဖော်မည် မဟုတ်ပါ။

ဂျွန်နီ သိပ်ကျေနပ်သွားသည်။ ဒေဗီက ထိုကမ်းလှမ်းချက်ကို တစ်ချက် လွှတ်ပယ်ချပစ်လိမ့်မည်ဟု သူ ကြိုတွေးမိခဲ့သည်။

ယခုဆိုလျှင် ဂျွန်နီသည် မတ်စတန်း မော်တော်ကားကို ဝယ်နိုင်ရန် သေချာသွားလေပြီ။ ဟက်တီအတွက်လည်း အမ်ဂျီဘီဂျီတီတစ်စီးကို ဝယ်ပေးနိုင်ဖွယ် ရှိသည်။ ပြီးတော့ ခရစ္စမတ်ကာလတွင် 'ဒါဘန်'သို့ အပျော်ခရီးထွက်

နိုင်မည်အပြင် . . .

ရောဒ်သည် ဒေဇီက အလွယ်တကူ လက်ခံလိုက်သောကြောင့် အူကြောင်ကြောင် ဖြစ်သွားရသည်။ ရောဒ်က ဒေဇီအား ခေတ္တမျှ စိုက်ကြည့်လိုက်ပြီးနောက် မတည်ငြိမ်သော ဒေဇီ၏ မျက်လုံးများကို သတိပြုလိုက်မိသည်။ ဒီငတိသည် နီးကြောင်နီးဂုဏ် လုပ်မည့်သူ တစ်ယောက်ဖြစ်သည်။ သူ့ကို သတိထားပြီး စောင့်ကြည့်ဖို့ လိုလိမ့်မည်ဟု ရောဒ်က ဆုံးဖြတ်လိုက်သည်။

❐

[၄၃]

လိုက်ခေါင်းဖောက်မည့် နေရာကို လျာထားသတ်မှတ်ပေးရန် အချိန်အဖြစ် အဆိုင်းတစ်ဆိုင်းစာသာ လိုအပ်ပါသည်။ ပစ္စည်းသယ်ထုတ်သော ပင်မသယ်ယူရေး ဥမင်ကြီးသည် အဆောင် ဖြဖြ တွင် တွင်းဝမှ တောဘက်သို့ ကွေ့ဝိုက်ပြီး ဖြာထွက်သွားသည်။ ထိုဥမင်ကြီးထဲ၌ တွင်းဝနှင့် ပေ ၃၀၀ ဝေးကွာသော နေရာတွင် ယခင်က မီးရထားစက်ရုံအဖြစ် အသုံးပြုခဲ့ပြီး ယခုအချိန်တွင် ဆက်လက်အသုံးမပြုတော့သော အခန်းတစ်ခန်းရှိနေသည်။ ထိုအခန်းဝတွင် လေဝင်လေထွက်ကောင်းအောင် လင်းနို့အတောင်ပပုံသဏ္ဌာန် တံခါးရွက်ကြီးနှစ်ရွက်ကို တပ်ဆင်ထားရာ ထိုအခန်းအတွက် လုံခြုံမှု ရှိနေစေသည်။ ထိုတံခါးရွက်ကြီးများ၏ နောက်ဘက်၌ မြေအောက်တွင် မြေတိုင်းထွာမှုကို တာဝန်ခံရသော ပုဂ္ဂိုလ်က မြေတိုင်းသောပစ္စည်းကိရိယာများ၏ အကူအညီဖြင့် တွင်းဖောက်ပေးရမည့် ဥမင်လိုက်ခေါင်း၏ အဝင်ဝပုံစံကို ရေးပြထားသည်။ ထိုအမှတ်အသားအတိုင်း တစ်မိုင်ကျော်ကျော် တဖြောင့်တည်း တူးသွားမည်ဆိုပါက ဆာပင်တိုင်းကျောက်ထရုံကြီးနှင့် ကျောက်ထရုံကြီး၏ ဟိုဘက်ခြမ်းသို့ ရောက်ရှိသွားပေလိမ့်မည်။

ထိုအခန်းအဝင်ဝ ပတ်ပတ်လည်တွင် ကြီးနှင့် 'စတီ'ကာထားပြီး သတိပေးသော စာတန်းများကို ချိတ်ဆွဲထားသည်။

သီးခြားဖောက်ခွဲမှု ပြုလုပ်နေသည်။ အန္တရာယ်ရှိသည်။

ငင်းအပြင် ဤနေရာသို့ မည်သည့် အလုပ်သမားမှ မလာရောက်စေရန် မိုင်းအလုပ်သမားခေါင်းဆောင်အား ညွှန်ကြားထားသည်။ ထို့အတူ ကျောက်ခဲသယ်သည့် မီးရထားတွဲများကိုလည်း အရန်အဖြစ် ထားရှိသော ဥမင်လိုက်ခေါင်းမှသာ ဖြတ်သန်းသယ်ဆောင်သွားရန် ပြင်ဆင်သတ်မှတ်ပေးထားသည်။

ထိုအခန်း၏ တံခါးရွက်များပေါ်တွင်လည်း အခြားသတိပေးစာတစ်မျိုးကို ထပ်မံချိတ်ဆွဲထားသည်။

မီးလောင်လွယ်သော သတ္တုတွင်းများ၌ လိုက်နာရမည့် စည်းကမ်းများကို တိတိကျကျ လိုက်နာရန် သတ်မှတ်ထားသည်။ ဤနေရာမှ လွန်၍ အကာအကွယ်မပါသော မည်သည့် မီးကိုမျှ မသုံးစွဲရ။

ဆွန်ဒါဒစ်ချ် သတ္တုတွင်းရှိ ကျောက်သားထု၏ အပေါ်ဘက်မှ အလွှာများထဲတွင် ကျောက်မီးသွေးနှင့် အခြားဓိဝရုပ်ကြွင်းများ ရှိနေကြသောကြောင့် ဆွန်ဒါဒစ်ချ်သတ္တုတွင်းအား မီးလောင်လွယ်သော သတ္တုတွင်းအမျိုးအစားပါဝင်ကြောင်း ထည့်သွင်းသတ်မှတ်ထားသည်။ ထို့ကြောင့် မီးလောင်လွယ်သည့် သတ္တုတွင်းများ၌ လိုက်နာကြရန် ပြဋ္ဌာန်းထားသော စည်းကမ်းများကို ဆွန်ဒါဒစ်ချ်သတ္တုတွင်းတွင် တိတိကျကျ လိုက်နာဆောင်ရွက်ကြရသည်။ ဥမင်လိုက်ခေါင်းအသစ်ဖောက်လုပ်သည့် နေရာတွင် မီသိန်းဓာတ်ငွေ့သည် အမြဲတစေ ရှိနေနိုင်သည်ဟု ယူဆရသောကြောင့် ထိုနေရာမျိုးသို့ သစ်သားမီးခြစ်များ၊ ဓာတ်မီးခြစ်များနှင့် မီးပွားထွက်စေနိုင်သော အခြားမည်သည့် ကိရိယာမျိုးကိုမှ ယူဆောင်လာခွင့် မပြုချေ။

အရောင်အဆင်းမရှိ၊ အနံ့မရှိ၊ အရသာလည်း မရှိရုံမျှသာမက အန္တရာယ်ကင်း မီးခွက်နှင့်သာ စမ်းသပ်စစ်ဆေး၍ သိနိုင်သော မီသိန်းဓာတ်ငွေ့သည် အလွန်ကြောက်စရာကောင်းသည့် အန္တရာယ်ဓာတ်ငွေ့ပင်တည်း။ လေထဲတွင် မီသိန်းဓာတ်ငွေ့ ကိုးရာခိုင်နှုန်း ပါရှိနေပါက ပြင်းထန်စွာ ပေါက်ကွဲတတ်ပေသည်။ ကျောက်သားထုထဲရှိ အခေါင်းများထဲမှသော် လည်းကောင်း၊ ပယ်ကြားအက်များထဲမှသော် လည်းကောင်း စိမ့်ထွက်လာနိုင်သော မီသိန်းဓာတ်ငွေ့ကြောင့်

မတော်တဆ ပေါက်ကွဲမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင် ကာကွယ်မှုများကို လိုက်နာကြရန် တင်းတင်းကျပ်ကျပ် စည်းကမ်းချမှတ်ထားသည်။

သတ္တုတွင်း ထိပ်ပိုင်းရှိ တွင်းမကြီး၏ ထောင့်များတွင် သတ္တုတွင်းအောက်ဘက်သို့ တောက်လျှောက်သွယ်တန်းထားသော ဖိသိပ်လေလွှတ်ပေးသည့် ပိုက်လုံးကြီးများ ရှိနေသည်။ ကျောက်ခဲများကို လွန်တူးစက်နှင့် ထွင်းဖောက်ရာ၌ စတုရန်းတစ်လက်မလျှင် ပေါင်ခြောက်ဆယ်ရှိသော 'ဖိအား'ကို ရရှိရန် လိုအပ်ပေသည်။ ထိုဖိအားကို ရရှိစေရန် ဒေါင်လိုက် သွယ်တန်းထားသော ပိုက်လုံးကြီးများမှ ဖိသိပ်လေများကို အဆင့် ၆၆ ဥမင်ထဲ၌ရှိနေသော လေတူးများဆီသို့ ပိုက်လုံးများနှင့် ဆက်သွယ်ထားလိုက်သည်။ ထိုမျှသာမက လွန်တူးစက်များ၊ သံတူရွင်းများ၊ တူများ၊ ဂေါ်ပြားများနှင့် အခြားပစ္စည်းကိရိယာများကို အဆင့် ၆၆ တွင် ချပေးလိုက်ပြီးနောက် တွင်းမကြီး၏ ထိပ်ဘက်နားတွင် သိုလှောင်ထားလိုက်သည်။

နောက်ဆုံးတွင် ယမ်းဘီလူးများကို ယခု တွင်းဖောက်မည့် ဥမင်လိုဏ်ခေါင်းအသစ်ထိပ်ဘက်ရှိ အခန်းထဲ၌ အနီရောင်သံဗီရိုများနှင့် သိုလှောင်ထားလိုက်သည်။ ထို့နောက် ၁၉၆၈ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့ ညနေပိုင်းတွင် သတ္တုတွင်းတစ်တွင်းလုံးအတွက် အဓိက ဖောက်ခွဲမှုလုပ်ငန်းကြီးကို ဆောင်ရွက်ပြီး နာရီဝက်အကြာတွင် ဒေဗီဒီလန်ချ်နှင့် အဖွဲ့သားများသည် ဓာတ်လှေကားထဲမှ ထွက်လာကြပြီး အသုံးမပြုတော့သော မီးရထားစက်ပြင်ရုံ အဟောင်းဆီသို့ ဦးတည်၍ သွားကြတော့သည်။

မြေတိုင်းသူ တာဝန်ခံပုဂ္ဂိုလ်က ဥမင်လိုဏ်ခေါင်း အဝင်ဝပုံစံကို နံရံပေါ်၌ ရေးပြထားရာ ထိုနေရာရှေ့တွင် ဒေဗီဒီလန်ချ်သည် မှန်ကုပ်ကုပ် ဆွာဒီလူမည်းအလုပ်သမားခေါင်းနှင့်အတူ မတ်တတ်ရပ်လိုက်သည်။ ကျန်အလုပ်သမားများသည် သူတို့နှစ်ယောက်၏နောက်ဘက်၌ မတ်တတ်ရပ်နေကြသည်။

လွန်တူးစက်ကို ကိုင်တွယ်သူများနှင့် လက်ထောက်စက်သမားများသည် ပုံမကျ ပန်းမကျနှင့် အရုပ်ဆိုးလှသော လွန်တူးစက်ကြီးများကို ကိုင်ရင်း ရှေ့သို့ တိုးလာကြလေပြီ။

"မင်း၊ မင်း၊ မင်း၊ မင်း"

ဒေဗီက တစ်ယောက်ချင်းအား သူဖောက်ရမည့် အပေါက်နေရာများကို ညွှန်ပြရင်း နောက်ဘက်သို့ ဆုတ်လိုက်၏။

ဒေဗီက အချိန်ပေးလိုက်သည်။

"ဖောက်တော့"

ဤတွင် နားကွဲလုမတတ် ဆူညံသော အသံကြီးများသည် ဥမင်လိုဏ်ခေါင်းထဲ၌ ပေါ်ထွက်လာလေတော့သည်။

အပေါက်ဖောက်၍ ပြီးစီးသွားသောအခါ ဒေဗီက အပေါက်များထဲသို့ ယမ်းဘီလူးများကို ထည့်လိုက်သည်။ ထိုယမ်းဘီလူးများမှ စနက်တံများသည် တွင်းထဲသို့ ဝင်နေကြသော ကြွက်ဖြူကလေးများ၏ အမြီးကလေးများပမာ တန်းလန်းကလေး ကျနေကြသည်။ ထိုစနက်တံများ၏ အရှည်အတိုကို ယမ်းဘီလူးတစ်ခုပြီးတစ်ခု အစီအစဉ်ကျကျ ထ၍ ပေါက်ကွဲအောင်တိုင်းထွာ တွက်ချက်ပြီး ဖြတ်တောက်ထားသည်။

"အားလုံးထွက်ကြ"

အလုပ်သမားခေါင်းထံမှ ဝီစီသံသည် စူးစူးရှရှပေါ်ထွက်လာလေရာ ကြမ်းပြင်ပေါ်၌ လေးလံသော ဘွတ်ဖိနပ်ကြီးများနှင့် နင်းသွားသောခြေသံများသည် တဖြည်းဖြည်းနှင့် အသံတိုးသွားကြပြီး ဓာတုဗေဒနည်းဖြင့် သန့်ရှင်းအောင် ပြုလုပ်ထားသော လေထုထဲတွင် တိတ်ဆိတ်မှုကသာ လွှမ်းမိုးသွားလေတော့သည်။

"ရှို့တော့"

ကလေးသူငယ်များ ဆော့ကစားကြသော မီးပန်းများနှင့် တူသည့် မီးတုတ်များကို ညာဘက်လက်တွင် ကိုင်ထားသူ ဒေဗီနှင့် အလုပ်သမားခေါင်းတို့သည် တွဲလောင်းကလေးကျနေသော စနက်တံကလေးများကို လိုက်ရှို့နေကြရာ စနက်တံများကို မီးလောင်မှုကြောင့် ထိုအခန်းတစ်ခန်းလုံး လင်းထိန်၍ နေလေတော့သည်။ တဖျပ်ဖျပ် တောက်နေသော မီးရောင်ကြောင့် နံရံပေါ်ရှိ သူတို့၏ ကြီးမားသော အရိပ်ကြီးများသည် ပုံပျက်ပန်းပျက် ဖြစ်နေကြသည်။

"အားလုံးလောင်နေပြီ၊ သွားကြစို့"

ဤတွင် ဒေဗီနှင့် အလုပ်သမားခေါင်းတို့သည် အခြားအလုပ်သမားများ စောင့်ဆိုင်းနေကြသည့်နေရာဆီသို့ လျှောက်သွားကြလေတော့သည်။

ပေါက်ကွဲမှုများက နားထဲမှ လေကို စုပ်ယူသွားသည့်အပြင် အဆုတ်များကိုပါ ဖိအားပေးခဲ့ကြသောကြောင့် ပေါက်ကွဲသံများ ရပ်စဲသွားချိန်တွင် နားအူပြီး ကျန်ရစ်ခဲ့ကြသည်။

ဒေဗီက လက်ပတ်နာရီကို ကြည့်လိုက်၏။ ဥပဒေအရ ဖောက်ခွဲထား

သော နေရာသို့ နောက်ထပ် နာရီဝက်ကြာမြင့်ပြီးမှ ပြန်လည် သွားရောက်ခွင့်ရှိပေသည်။ ထိုနေရာတွင် ရုတ်တရက် မပေါက်ကွဲသေးဘဲ မြှုပ်နေသော ယမ်းဘီလူးတစ်ခုတလေကျန်ရှိကောင်း ကျန်ရှိနိုင်ပေသည်။ ထိုယမ်းဘီလူးက တစ်ယောက်ယောက်ကို မျက်စိကန်းသွားအောင် ထ၍ပေါက်ကွဲနိုင်စွမ်းရှိနေပေသေးသည်။ ထိုကဲ့သို့သော မြှုပ်နေသည့် ယမ်းဘီလူးများ မကျန်ရှိသည့်တိုင်အောင် အဆိပ်ဓာတ်ငွေ့တစ်မျိုးဖြစ်သော နိုက်ထရုပ်စ် မီးခိုးများ ရှိနေနိုင်သေးသည်။ ထိုနိုက်ထရုပ်စ် မီးခိုးများက နှာခေါင်းထဲ၌ရှိသော အမွေးအမှင်ကလေးများကို ဖျက်ဆီးပစ်လိုက်မည်ဖြစ်ရာ အလွန်သေးငယ်သော ဖုန်မှုန့်ကလေးများအား နှာခေါင်းထဲမှတစ်ဆင့် အဆုတ်ထဲသို့ ဝင်နိုင်ရန် လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားပေလိမ့်မည်။

ဒေဗီသည် သတ်မှတ်ထားသော နာရီဝက်ကြာအောင် စောင့်ဆိုင်းလိုက်၏။ ထိုအချိန်တွင် လေဝင်လေထွက် ကောင်းအောင် စီစဉ်ထားသော နည်းစနစ်က နိုက်ထရုပ်စ်မီးခိုးများနှင့် ဖုန်မှုန့်များကို စုပ်ယူသွားကြလေပြီ။

ထိုနောက် ဒေဗီသည် သူတစ်ယောက်တည်း ဥမင်လိုဏ်ခေါင်းအတိုင်း လျှောက်သွားတော့သည်။ ဒေဗီသည် သူနှင့်အတူ အန္တရာယ်ကင်း မီးခွက်ကလေးကို ယူဆောင်သွားသည်။ အန္တရာယ်ကင်းမီးခွက်ကလေးထဲမှ သေးငယ်သော မီးတောက်ပြာလဲ့လဲ့ကလေးသည် ကြေးဝါနှင့် ပြုလုပ်ထားသော စကာဇီပ်ဇီပ်ကလေးနောက်ဘက်တွင် တောက်နေသည်။ ထိုစကာဇီပ်ကလေးသည် ရုတ်တရက် မပေါက်ကွဲအောင် ကာကွယ်ပေးထားသော ပစ္စည်းဖြစ်သည့်အပြင် လေထဲ၌ မီသိန်းဓာတ်ငွေ့ ရှိနေပါကလည်း မီသိန်းဓာတ်ငွေ့နှင့် မီးတောက်တို့ကို မထိတွေ့အောင် တားဆီးထားပေလိမ့်မည်။

ဒေဗီသည် ယမ်းဘီလူးများ၏ ပေါက်ကွဲမှုဒဏ်ကြောင့် နံရံပေါ်၌ စက်ဝိုင်းသဏ္ဌာန်ချိုင့်နေသော နေရာရှေ့တွင် မတ်တတ်ရပ်ရင်း မီသိန်းဓာတ်ငွေ့ ရှိမရှိကို စစ်ဆေးလိုက်သည်။ မီးတောက်ကလေး၏ အပေါ်ပိုင်း၌ မီးညွှန့်ပြာချပ်နေပြီး ထိုမီးညွှန့်ပေါ်တွင် ဦးထုပ်သဏ္ဌာန် အပြာရစ်ကလေးရှိမရှိ စောင့်ကြည့်လိုက်၏။ မီးညွှန့်ကလေးသည် ပုံမှန်အတိုင်း ရှိနေသောကြောင့် ကျေနပ်သွားသော ဒေဗီသည် မီးခွက်ကို ငြိမ်းပစ်လိုက်သည်။

"အလုပ်သမားခေါင်း"

ဒေဗီက အော်ခေါ်လိုက်ရာ ခွေနေသော ရေပိုက်ကို ဖြောင့်သွားအောင်

ဖြေနေသော ဆွာဇီလူမည်း အလုပ်သမားခေါင်းသည် ရေပိုက်ခေါင်းကိုကိုင်ရင်း သူ့နောက်နားသို့ ရောက်ရှိလာသည်။

"ရေနဲ့ ပက်စမ်း"

ကျောက်တုံးကျောက်ခဲများ၏ မျက်နှာပြင်များနှင့် ထိုကျောက်ခဲများ၏ အောက်ဘက်ရှိ ကျောက်ခဲအလုံးသေးသေးကလေးများသည် ရေကြောင့် ဖြောင်လက်လာပြီး ရေတစ်စက်စက်နှင့် ရွှဲရွှဲစိုလာသည့်အချိန်ကျမှ ဒေဗီသည် သူ့အလုပ်သမားများကို လှမ်းခေါ်နိုင်သော အဆင့်အထိ ဖုန်သိပ်သွားပြီဖြစ်ကြောင်း ကျေနပ်သွားတော့သည်။

"သံတူရွင်းကိုင်တဲ့ အကောင်တွေ"

သူက အော်ခေါ်လိုက်ရာ ဆယ်နှစ်ပေ ရှည်လျားသော သံတူရွင်းများကို ကိုင်ထားကြသည့် အလုပ်သမားများရှေ့သို့ တိုးလာကြလေသည်။

"သံတူရွင်းနဲ့ ကလော်ချကြ၊ အန္တရာယ်ကင်းအောင်လည်း လုပ်ကြ"

ခေါင်မိုးတွင် ကွဲအက်ပြီး တွဲလောင်းကျနေသော ကျောက်တုံးများကို သံတူရွင်းကိုင် အလုပ်သမားများက သံတူရွင်းများနှင့် ကလော်ချကြသည်။ ထိုအလုပ်သမားများထဲမှ နှစ်ယောက်သည် သံတူရွင်းတစ်လက်တည်းကို ကိုင်ရင်း ကျောက်တုံးကို ဖဲ့ချနေကြလေရာ မီးပွင့်ကလေးများပင် ပေါ်ထွက်နေပေသည်။ သံတူရွင်းနှင့် ထိုးချလိုက်သော ကျောက်တုံးကလေးများသည် မိုးသီးမိုးပေါက်များပမာ အောက်သို့ ကျလာကြသည်။ အစပထမတွင် အောက်သို့ ကျလာသော ကျောက်ခဲများမှာ အတုံးကြီးအခဲကြီးများ ဖြစ်ကြပြီး တဖြည်းဖြည်းနှင့် ပိုသေးသွားကြသလို ကျလာသော ပမာဏမှာလည်း ပို၍ ပို၍ နည်းသွားသည်။ သူတို့က ထပ်မကျတော့သည့် အချိန်အထိ ကျောက်ခဲများကို ခွာချလိုက်ကြ၏။

ထိုအချိန်သို့ရောက်မှ ဒေဗီသည် ကျောက်ခဲပုံပေါ်သို့ တက်လျှောက်လာပြီး နံရံများပေါ်တွင် အပေါက်ထပ်ဖောက်ရမည့် နေရာများကို ထပ်၍ မှတ်သားပေးလိုက်သည်။

သူ့နောက်ဘက်တွင် ရှိနေသော သူ့တပည့်များသည် ကျောက်တုံးကျောက်ခဲများကို လက်တွန်းလှည်းများပေါ်သို့ တင်နေကြစဉ် ဒေဗီ၏ လွန်တူးစက်ကိုင် အလုပ်သမားများသည် လွန်တူးစက်များကို တရွတ်ဆွဲရင်း လိုဏ်ဂူနံရံဆီသို့ လာနေကြသည်။

ပထမဦးဆုံးညတွင် ဒေဗီ၏ အဖွဲ့သားများသည် ယမ်းဘီလူးများကို သုံးကြိမ်တိတိ ဖောက်ခွဲနိုင်ခဲ့ကြသည်။ ဒေဗီသည် ဓာတ်လှေကားနှင့် အပေါ်သို့ ပြန်တက်လာနေစဉ် သူလုပ်ခဲ့ရသည့် အလုပ်ကို ကျေနပ်နေမိသည်။ ဒေဗီက တွေးလိုက်၏။

"ဒီကနေ့ညကျရင် ငါတို့ လေးကြိမ်လောက်ဖောက်ခွဲနိုင်ကြလိမ့်မယ်"

ဒေဗီသည် ကုမ္ပဏီပိုင် အဝတ်အစား လဲလှယ်သော အခန်းတွင် သူ့အသားများ နီရဲလာသည်အထိ ပွက်ပွက်ဆူနေသော ရေနွေးနှင့် ရေချိုးလိုက် ပြီး တစ်ကိုယ်လုံးကို ဆပ်ပြာမြှုပ်များနှင့် ပွတ်လိုက်၏။

ဒေဗီသည် ခန္ဓာကိုယ်တစ်ခုလုံးကို မွေးထူမျက်နှာသုတ်ပဝါကြီးနှင့် သုတ်လိုက်ပြီး အဝတ်အစားကို ခပ်မြန်မြန် ဝတ်ဆင်လိုက်သည်။ သူသည် ဟောင်းနွမ်းနေပြီဖြစ်သော ဖို့ဒ်အင်္ဂလီယာ မော်တော်ကားဆီသို့ လျှောက်လာခဲ့၏။ သူသည် ပင်ပန်းနေသော်လည်း ဝမ်းသာနေသည်။ သူသည် ဆာလောင်နေသည်သာမက အိပ်လည်း အိပ်ချင်နေသည်။

ကစ်ချနားဗီးလ်မြို့စွန်သို့ အရောက်တွင် ဂျွန်နီ၏ မိုနာကို မော်တော်ကားသည် သူနှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ဝေါခနဲ ဖြတ်သန်းမောင်းနှင်သွားသည်။ ဂျွန်နီက လက်ကို ဝှေ့ယမ်းပြပြီး ဟွန်းတီးသွားသည်သာမက တစ်ခုခုကို အော်ပြောသွားသည်။ သို့ရာတွင် သူပြောသော စကားသံသည် လေသံနှင့် မော်တော်ကားသံများ အကြားတွင် ပျောက်ကွယ်သွားလေတော့သည်။

"ရဲတွေက သူ့ကို တစ်နေ့နေ့ကျရင် ဖမ်းမိကြလိမ့်မယ်"

ဒေဗီက မကျေနပ်ဟန်နှင့် ဦးခေါင်းကို ခါယမ်းလိုက်၏။

"ဒီနေရာမှာ ၄၅ မိုင်ထက် ပိုမမောင်းရလို့ သတ်မှတ်ထားတယ်"

ဒေဗီသည် အင်္ဂလီယာမော်တော်ကားကို ကားရုံထဲတွင် ရပ်တန့်လိုက်ပြီးနောက် အိမ်ထဲသို့ မီးဖိုချောင်တံခါးပေါက်မှတစ်ဆင့် ဝင်လာခဲ့သည်။ အိမ်စေဘန်တုအမျိုးသမီးသည် မီးဖိုထဲတွင် အလုပ်ရှုပ်နေသည်။

"ကြက်ဥသုံးလုံး"

ဒေဗီက အိမ်စေအမျိုးသမီးအား လှမ်းပြောလိုက်ပြီးနောက် သူ့အိပ်ခန်းဆီသို့ ဆက်လျှောက်သွားသည်။ ဒေဗီသည် ကုတ်အင်္ကျီကို ချွတ်ချလိုက်ပြီးနောက် အိပ်ရာပေါ်သို့ ပစ်တင်လိုက်၏။ ထို့နောက် တံခါးဆီသို့ ပြန်လျှောက်လာပြီး စင်္ကြံလမ်းတစ်လျှောက်တွင် လူရှိမရှိ ကျိုးကန်းတောင်းမျှောက် ကြည့်လိုက်သည်။

စင်္ကြံလမ်းထဲတွင် လူရှင်းနေသည်။ ၎င်းအပြင် မီးဖိုထဲ၌ အလုပ်လုပ်နေသော အိမ်စေမကလေးထံမှ အိုးသံခွက်သံများကလွဲရင် အခြား ဘာသံကိုမှ မကြားရပါ။

ဒေဗီသည် စင်္ကြံလမ်းထဲသို့ ချွတ်နင်းဝင်ရောက်လာသည်။ ဂျွန်နီ၏ အိပ်ခန်းတံခါးသည် အနည်းငယ် ဟနေသဖြင့် ဒေဗီသည် ထိုတံခါးဆီသို့ တိတ်တိတ်ကလေး ဆက်လျှောက်သွားသည်။ သူ့နှလုံးသည် တဒုန်းဒုန်း မြည်အောင် လည်ချောင်းထဲတွင် ခုန်နေသည်။ ဒေဗီသည် အပြစ်ရှိသူပိပိ စိတ်လှုပ်ရှားမှုကြောင့် အသက်မြန်မြန်ရှူနေမိသည်။

သူသည် တံခါးကြားမှ အထဲသို့ လှမ်းကြည့်လိုက်၏။ သူ့ပါးစပ်ဟသွားသည်။

ဟက်တီသည် အလွန် အအိပ်ကြီးသူဖြစ်သည်။ ဟက်တီသည် ခေါင်းအုံးတစ်လုံးကို ဖက်ပြီး စောင်းစောင်းကလေး အိပ်ပျော်နေသည်။ ဟက်တီသည် အိပ်ပျော်နေရင်းကပင် မသဲမကွဲယောင်ယမ်း၍ စကားပြောလိုက်၏။ ဒေဗီတစ်ယောက် မှင်တက်မိနေသည်။ ဒေဗီကြည့်နေမိစဉ်မှာပင် ဟက်တီသည် ကိုယ်ကို တစ်ဖက်သို့ စောင်းလိုက်ရာ ဒေဗီသည် ဟက်တီ၏ ကျောပြင်ကိုသာ မြင်နေရတော့သည်။

"နံနက်စာ အဆင်သင့် ဖြစ်ပါပြီ ဆရာ"

အိမ်စေမကလေးက မီးဖိုချောင်မှ လှမ်းအော်လိုက်၏။ အပြစ်ရှိသူပိပိ ဆတ်ခနဲ လန့်သွားသော ဒေဗီသည် စင်္ကြံလမ်းအတိုင်း ဆုတ်ခွာလာခဲ့ရတော့သည်။

ဒေဗီက သူသည် အင်မတန်ဝေးလံသောခရီးကို အပြေးအလွှားလာခဲ့ရသူ တစ်ဦးပမာ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ အသက်ရှူနေရကြောင်း တအံ့တသြ တွေ့လိုက်ရလေတော့သည်။

❐

[၄၄]

ဂျွန်နီဒီလန့်ချ်သည် ဖိုင်ဘာဦးထုပ်ကို ဦးခေါင်းပေါ်တွင် တစောင်းကလေး ဆောင်းထားပြီး စီးကရက်ကို နှုတ်ခမ်းပေါ်မှ တွဲလောင်းကလေးကျနေအောင်

ပါးစပ်တွင် ခဲထားရင်း ဥမင်လိုဏ်ခေါင်းနံရံတွင် မှီ၍ မတ်တတ်ရပ်နေသည်။

အသေစ်ဖောက်ထားသော ဥမင်လိုဏ်ခေါင်းထောင့်နံရံမှ ယမ်းဘီလူးများ စတင်၍ ပေါက်ကွဲစပြုတော့သည်။ ဂျွန်နီသည် ပေါက်ကွဲမှုမှန်သမျှကို အတိအကျ သိရှိသူဖြစ်ပြီး နောက်ဆုံး ယမ်းဘီလူးပေါက်ကွဲသံကို ကြားရချိန်တွင် သူသည် နံရံကို ပခုံးနှင့် တွန်း၍ ကိုယ်ကို ပြန်မတ်လိုက်၏။

"အဲဒီ ယမ်းဘီလူးတွေဟာ ကြမ်းပြင်ပေါ်က ယမ်းဘီလူးတွေပဲ"

ဂျွန်နီက ကြေညာလိုက်၏။

"ဘစ်ကင်းရေ လာတော့"

ဂျွန်နီဒီလန်နှဲ့သည် မိနစ်သုံးဆယ်ကို အလဟဿ အချိန်ဖြုန်းပစ်လိမ့်မည် မဟုတ်ပါ။ သူနှင့် ဘစ်ကင်းတို့သည် ပစ္စည်းသယ်ထုတ်သော ဥမင်လိုဏ်ခေါင်းကြီးအတိုင်း လမ်းလျှောက်လာကြစဉ် သူတို့၏ နှာခေါင်းနှင့် ပါးစပ်ပေါ်တွင် ပဝါကြီးများနှင့် စည်းနှောင်နေကြသည်။ သူတို့၏ ရှေ့တည့်တည့်တွင် အပြာနရောင်သမ်းနေသော အဖြူရောင်နှင့်မြူနှင့် တူသည့် မီးခိုးများနှင့် ဖုန်မှုန့်လုံးကြီးများသည် ဥမင်လိုဏ်ခေါင်းထဲ၌ အပြည့်အနှက် ရှိနေကြသည်။ ဘစ်ကင်းသည် မီးခိုးများနှင့် ဖုန်မှုန့်များကို စုပ်ယူနိုင်အောင် ရေပိုက်ကို ရေမှုန်ရေမွှားကလေးများ ဖြစ်သည်အထိ ပွပြင်၍ ပန်းထုတ်ရင်း ရှေ့သို့ တိုးလာသည်။

သူတို့နှစ်ယောက်သည် ကျောက်သားနံရံအထိ ရှေ့ဆက်တိုးလာခဲ့ကြ၏။ ဂျွန်နီကမူ အန္တရာယ်ကင်း မီးအိမ်ပေါ်တွင် ဦးခေါင်းကို ငုံ့ထားသည်။ ဂျွန်နီသည်ပင်လျှင် မီးသီးခါတ်ငွေ့ကို လေးလေးစားစား ရှိပေသည်။

"သံတူရွင်းကိုင်တဲ့ ကောင်တွေ"

ဂျွန်နီသည် ဘစ်ကင်းက ရေဖျန်း၍ ပြီးစီးသည့်အချိန်အထိ စောင့်မနေတော့ဘဲ လှမ်းခေါ်လိုက်၏။ ထိုအလုပ်သမားများသည် တစ္ဆေသရဲများပမာ မီးခိုးထုထဲမှ တိုးထွက်လာခဲ့ကြသည်။ သူတို့နောက်ဘက်တွင်မူ လွန်တူးစက်ကို ကိုင်တွယ်ရသော အလုပ်သမားများ လိုက်ပါလာကြသည်။

ဒေဗီထက် ပို၍ ရဲတင်းပြီး ပို၍ စွန့်စားရဲသော ဂျွန်နီသည် ဒေဗီက လွန်တူးစက်နှင့် ဖောက်နိုင်းမည့် အချိန်ထက် လေးဆယ့်ငါးမိနစ်စော၍ ဖောက်နိုင်းခဲ့သည်။

ဂျွန်နီသည် နံရံထဲတွင် ထည့်ထားသော ယမ်းဘီလူးများမှ စနက်တံများကို စိတ်တိုင်းကျ ဖြုတ်တောက်ခဲ့ပြီး နောက်ဘက်သို့ ပြန်လာချိန်တွင်

ကျောက်သားနံရံမှ အတုံးလိုက်စဉ်ထွက်လာသော ကျောက်တုံးကြီးများကို ထုခွဲရန် ကြိုးပမ်းနေသော သူ့အဖွဲ့သားများအား တွေ့လိုက်ရတော့သည်။ အလုပ်သမားငါးယောက်သည် ထိုကျောက်တုံးကြီးကို သယ်၍ ရနိုင်သော ပမာဏအထိ ကြေကွဲသွားအောင် ဆယ်ပေါင်လေးပေါင်တူကြီးများနှင့် ထုနေကြသည်။ ဂျွန်နီ သူတို့ထံသို့ ရောက်ရှိသွားချိန်တွင် ဘစ်ကင်းက သူတို့အား ပက်ပက်စက်စက် ပြစ်တင်ရှုတ်ချနေသည်။

"မင်းတို့ကြည့်ရတာ ကြိတ်ဆုံကိုတောင် ကောင်းကောင်းမလှည့်တတ်သေးတဲ့ အဖျိုစင်ကလေးတွေ ကျနေတာပဲ"

တခေါင်ခေါင် မြည်သံနှင့်အတူ ဆယ်လေးပေါင်တူများမှ မီးပွားများ စဉ်ထွက်လာကြသည်။ တူထုနေသော အလုပ်သမားများ၏ ခန္ဓာကိုယ်ပေါ်ရှိ မွေးညင်းပေါက်ကလေးတိုင်းမှ ချွေးများ ယိုစီးပြီး ထွက်ကျလာနေသည်။ သူတို့တစ်ကိုယ်လုံးသည် ပြောင်လက်နေပြီး တူတစ်ချက် ထုလိုက်တိုင်း သူတို့၏ ဦးခေါင်းမှ ချွေးသီးချွေးပေါက်များ စဉ်ထွက်လာလေ ရှိသည်။

"ထုစမ်းပါကွာ"

ဘစ်ကင်းက ထပ်ပြောလိုက်ပြန်၏။

"မင်းတို့ ပုံစံနဲ့သာ ဆိုရင် ကြက်ဥအခွံကိုတောင် ကွဲအောင် ထုနိုင်ကြမှာ မဟုတ်ဘူး။ ထုစမ်းပါ ကိုယ်လူရ၊ ထုလိုက်စမ်းပါ"

ပင်ပန်းလွန်းလှသောကြောင့် အလုပ်သမားများသည် တစ်ယောက်ပြီး တစ်ယောက် ပက်လက်လန်ကုန်ကြသည်။

"ကောင်းပြီလေ"

ဂျွန်နီတစ်ယောက် ကြားဝင်၍ ဖျန်ဖြေရတော့သည်။ ထိုကျောက်တုံးကြီးသည် ယမ်းဘီလူးနှင့် ဖောက်ခွဲခံခဲ့ရစဉ်ကတည်းက မကွဲဘဲ ကျန်ရစ်ခဲ့သော ကျောက်တုံးကြီး ဖြစ်သည်။ ထိုကျောက်တုံးကြီး ကွဲသွားအောင် ထူးထူးခြားခြား ဆောင်ရွက်ရပေလိမ့်မည်။

"ကျုပ် အဲဒါကို ယမ်းဘီလူးနဲ့ ရိုက်ခွဲမယ်"

ဂျွန်နီက ပြောလိုက်၏။ သတ္တုတွင်းစစ်ဆေးရေးအရာရှိများနှင့် အန္တရာယ်ကင်းစေရေးအတွက် ကြီးကြပ်ရေးအရာရှိများသည် ထိုစကားကိုသာ ကြားလိုက်ရမည်ဆိုပါက ဖြူဖပ်ဖြူရော်ဖြစ်သွားကြဖွယ် ရှိပေသည်။

"မင်းတို့ နောက်ဘက်ကို ခပ်ဝေးဝေးဆုတ်ပြီး ဒီဘက်ကို ကျောပေး

ထားကြ"

ဘစ်ကင်းက သူ့အဖွဲ့သားများအား ညွှန်ကြားလိုက်သည်။ ဘစ်ကင်းသည် သူ့အဖွဲ့သားတစ်ယောက်ထံမှ သံစကာနှင့် ပြုလုပ်ထားသော မျက်မှန်တစ်လက်ကို လှမ်းယူလိုက်၏။ ထိုမျက်မှန်မှာ စဉ်ထွက်လာသော ကျောက်ခဲအစအနအကလေးများက မျက်စိအား လာရောက်၍ ထိမှန်ခြင်း မရှိအောင် အကာအကွယ်ပေးမည့် မျက်မှန်ဖြစ်သည်။ သူက ထိုသံစကာမျက်မှန်ကို ဖွန်နီအား လှမ်းပေးလိုက်ရာ ဖွန်နီက မျက်လုံးပေါ်တွင် တပ်လိုက်သည်။

ဖွန်နီသည် ကင်းဗတ်စ် (တာရပတ်စ်)နှင့် ချုပ်ထားသော လက်ဆွဲအိတ်ထဲမှ 'ဒိုင်နာဂယ်' ယမ်းဘီလူးတစ်ချောင်းကို ထုတ်ယူလိုက်၏။ ထိုယမ်းဘီလူးသည် အဝါရောင် ဆီစိမ်စက္ကူနှင့် ထုပ်ထားသော ဖယောင်းတိုင်တစ်ချောင်းနှင့် တူနေသည်။

"ခင်ဗျား ဓားမြှောင် ကျုပ်ကို ပေးစမ်း"

ဘစ်ကင်းသည် မောင်းချဓားကြီးတစ်လက်ကို ဖွင့်လိုက်ပြီးနောက် ဖွန်နီ အား လှမ်းပေးလိုက်၏။

ဖွန်နီသည် ယမ်းဘီလူးချောင်း၏ တစ်ဖက်ထိပ်မှ ပဲနီပြားနှစ်ပြားခန့် ထူသော ယမ်းဘီလူးအပြားကလေးတစ်ချပ် ရရှိအောင် ဂရုတစိုက်နှင့် ဖြတ်ယူလိုက်သည်။ ထိုနောက် ကျန်ယမ်းဘီလူးချောင်းကို တာရပတ်စနှင့် ချုပ်ထားသော အိတ်ထဲသို့ ပြန်ထည့်ပြီး အိတ်ကို ဘစ်ကင်းထံ လှမ်းပေးလိုက်သည်။

"နောက်ဆုတ်"

ဖွန်နီက ပြောလိုက်သဖြင့် ဘစ်ကင်း နောက်ဆုတ်သွားသည်။

ဖွန်နီသည် ထိုကျောက်တုံးကြီးကို စေ့စေ့စပ်စပ် ကြည့်ရှုလိုက်ပြီးနောက် ယမ်းဘီလူးချောင်းမှ ဖြတ်ယူထားသော ယမ်းဘီလူးအပိုင်းပြားကလေးကို ကျောက်တုံး၏ အလယ်ဗဟိုတွင် တင်လိုက်သည်။ ဖွန်နီသည် မျက်လုံးပေါ်၌ တပ်ထားသော သံစကာမျက်မှန်ကို နေသားတကျရှိအောင် ပြုပြင်လိုက်ပြီးနောက် ဆယ်လေးပေါင်တူတစ်လက်ကို ကောက်ယူလိုက်၏။

"ခင်းတို့ မျက်လုံးတွေကို တခြားဘက် လှည့်ထားကြ"

သူက သတိထပ်ပေးလိုက်ပြီး ဆယ်လေးပေါင်တူနှင့် ဂရုတစိုက်ချိန်ရွယ်လိုက်၏။ ထိုနောက် ဖွန်နီသည် ဆယ်လေးပေါင်တူကို လက်နှစ်ဖက်နှင့် ကိုင်မြှောက်ရင်း ဒိုင်နာဂယ်ယမ်းဘီလူးအပိုင်းပြားလေးပေါ်သို့ တအားလွှဲ၍ ရိုက်ချ

လိုက်လေတော့သည်။

ထိုအခန်းကလေးမှာ ကျဉ်းမြောင်းလွန်းလှသောကြောင့် ပေါက်ကွဲသံမှာ ကျယ်လောင်လွန်းလှသည်။ တူနှင့် ထုပြီးသည့် နောက်ပိုင်းတွင် ဖွန်နီ၏ နားသည် 'အူ'နေသည်။ ကျောက်ခဲအစအနကလေးတစ်ခုက ပါးပြင်သို့ လာရောက်ထိမှန်သောကြောင့် ခြစ်ရာကလေးတစ်ခုဖြစ်ပေါ်လာပြီး ထိုဒဏ်ရာကလေးမှ သွေးစက်ကလေးတစ်စက် ထွက်ကျလာသည်။ ယမ်းဘီလူးပေါက်ကွဲစဉ်က ပြန်ဆောင့်လိုက်သော အရှိန်ကြောင့် သူ့လက်ကောက်ဝတ်နှစ်ဖက်စလုံး နာကျင်သွားရလေသည်။

ဘစ်ကင်းက ချီးမွမ်းလိုက်၏။

"ယောဒီပုဂ္ဂိုလ်ကတော့ ကေသရာဇာခြင်္သေ့ကြီးပါပဲဗျာ"

ထိုပေါက်ကွဲမှုက ကျောက်တုံးကြီးအား သုံးစိတ်ကွဲထွက်သွားစေခဲ့သည်။ ဖွန်နီသည် သံစကာမျက်မှန်ကို နဖူးပေါ်သို့ ပင့်တင်လိုက်ပြီးနောက် ပါးပြင်ပေါ်မှ သွေးစက်ကို လက်ဖမိုးနှင့် သုတ်ပစ်လိုက်သည်။

"အဲဒါတွေကို ဒီအထဲက ခပ်မြန်မြန် ထုတ်ပစ်လိုက်ကြကွာ"

သူက ပြောလိုက်ပြီး ဘစ်ကင်းဘက်သို့ လှည့်လိုက်၏။

"လာ"

သူက ဥမင်လိုဏ်ခေါင်း၏ အဆုံးဘက်သို့ ခေါင်းဆောင်၍ ပြလိုက်၏။

"ကျုပ်နဲ့အတူတူ ယမ်းဘီလူး လိုက်သွင်းပေးစမ်းပါ"

သူတို့နှစ်ယောက်သည် ခပ်သုတ်သုတ် လှုပ်ရှားနေကြသည်။ ဒိုင်နာဂယ်ယမ်းဘီလူးချောင်းများအား ဖောက်ထားသော အပေါက်များထဲသို့ ထိုးသွင်းလိုက်ပြီး စနက်တံနှင့် အပြင်က ထပ်ပိတ်နေကြသည်။

ယမ်းဘီလူးကို ကိုင်တွယ်ဖောက်ခွဲရန် လိုင်စင်မရှိသူများအတွက် ထိုပြစ်မှုသည် ဒဏ်ငွေရန်းတစ်ရာ၊ သို့မဟုတ် ထောင်ဒဏ်နှစ်လ၊ သို့မဟုတ် ဒဏ်ငွေနှင့် ထောင်ဒဏ် နှစ်ရပ်စလုံးကို ကျခံစေရန် အပြစ်ပေးနိုင်သော ပြစ်မှုဖြစ်သည်။ ဘစ်ကင်းတွင် ယမ်းဘီလူးကို ကိုင်တွယ်ဖောက်ခွဲနိုင်သော လိုင်စင်မရှိပါ။ သို့ရာတွင် ဘစ်ကင်းက ဝင်၍ ကူညီပေးမှုကြောင့် ထိုလုပ်ငန်းတွင် အချိန်ဆယ်ငါးမိနစ် ပို၍ သက်သာသွားသည်။

ဖွန်နီနှင့် အဖွဲ့သည် ထိုနေ့က ကျောက်သားမျက်နှာပြင်ကို ငါးကြိမ်တိတိ ယမ်းဘီလူးနှင့် ဖောက်ခွဲနိုင်ခဲ့ကြသည်။ သို့ရာတွင် သူတို့လူစု ခတ်

လေ့ကားနှင့် အပေါ်သို့ တက်လာကြချိန်တွင် ဥန်နီသည် ကျေနပ်ခြင်း မရှိသေးချေ။

ဥန်နီက ဘစ်ကင်းအား ပြောလိုက်၏။

"နက်ဖြန်ခါကျရင် ခြောက်ကြိမ်ခွဲမယ်"

ဘစ်ကင်းက ပြောလိုက်သည်။

"ခုနစ်ကြိမ်လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ"

*

ဥန်နီ အိမ်ပြန်ရောက်ချိန်တွင် ဟက်တီသည် ဧည့်ခန်းထဲက စောင့်နေသည်။ ဟက်တီသည် ဥန်နီ့ထံသို့ ပြေးသွားပြီး ဥန်နီ့လည်ပင်းကို လက်နှစ်ဖက်နှင့် သိမ်းကျုံးပွေ့ဖက်လိုက်၏။

"ရှင် ကျွန်မအတွက် လက်ဆောင်တစ်ခုခု ဝယ်လာသေးသလား"

ဟက်တီသည် သူ့နှုတ်ခမ်းကို ဥန်နီနားရွက်နားတွင် ကပ်၍ မေးလိုက်ရာ ဥန်နီက စိတ်ကြည်နူးစွာဖြင့် အားပါးတရ ရယ်လိုက်သည်။ ဟက်တီ့အတွက် လက်ဆောင်ပါမလာသောနေ့မှာ ရှားလွန်းလှပေသည်။

"ရှင်ဝယ်လာတယ်ဟုတ်လား"

ဟက်တီက အားရပါးရ အော်လိုက်ပြီးနောက် ဥန်နီ၏ အိတ်များကို လက်နှင့် အတင်းလိုက်စမ်းတော့သည်။

"တွေ့ပြီ"

ဟက်တီသည် ကုတ်အင်္ကျီအတွင်းအိတ်ထဲသို့ လက်နှိုက်ပြီး စိန်ရွှေရတနာဆိုင်များက ရောင်းလေ့ရောင်းထရှိသော ဗူးကလေးတစ်ဗူးကို ထုတ်ယူလိုက်၏။

"အို"

ဟက်တီက ထိုဗူးကလေးကို ဖွင့်လိုက်ပြီးနောက် သူ့အမူအရာသည် အနည်းငယ် ပြောင်းလဲသွားလေ၏။

ဥန်နီက စိုးရိမ်တကြီး မေးလိုက်၏။

"မင်း မကြိုက်ဘူးလား"

"အဲဒါကို ဘယ်လောက်လောက် ပေးခဲ့ရသလဲ"

ဟက်တီသည် ကြက်တူရွေးနှစ်ကောင်ပုံ ကြွေရည်သုတ် နားကပ်ကလေးတစ်ရံကို စေ့စေ့စပ်စပ်ကြည့်ရင်း မေးလိုက်ခြင်း ဖြစ်သည်။

"အေးလေ"

ဥန်နီ့မျက်နှာသည် ရှက်သွားပုံရသည်။

ရက်ကလည်း လကုန်ရက်ကြီးဆိုတော့ ကိုယ်၊ လခမထုတ်ရသေးခင် ရက်ပိုင်းမှာနည်းနည်းကလေး ငွေကြပ်နေတယ်။ ဟက်တီ၊ ဒီတော့ ကိုယ်က ..."

"ဘယ်လောက်ပေးခဲ့ရသလဲ"

"အေးလေ"

ဥန်နီ အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၏။

"ရန်းငွေ နှစ်ကျပ်ခွဲပဲ ပေးရတယ်"

"အင်းလေ၊ လှသားပဲ"

ဟက်တီက ပြောလိုက်ပြီးနောက် ချက်ချင်းလိုလိုပင် စိတ်ဝင်စားမှုလျော့သွားပြီး ပစ္စည်းအပြည့်အနက် ရှိနေသော စင်ကလေးပေါ်သို့ ပစ်တင်လိုက်လေတော့သည်။ ထို့နောက် မီးဖိုချောင်ဆီသို့ ထွက်ခွာသွားလေ၏။

"ဟော၊ ဟက်တီ"

ဥန်နီက နောက်က လှမ်းခေါ်လိုက်၏။

"ကိုယ်တို့ ဖောချီးလ်မြို့ကို သွားရရင် မကောင်းဘူးလား၊ ဒီနေ့ညကပွဲတစ်ပွဲရှိတယ်၊ ကိုယ်တို့သွားပြီး ကွစ်စ်ကကြမယ်လေ"

ဟက်တီက ပြန်လှည့်လိုက်၏။ သူသည် မြူးမြူးကြွကြွ ပြန်ဖြစ်လာလေပြီ။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ဟက်တီက အားရပါးရပြောလိုက်၏။

"ကျွန်မတို့သွားရအောင်၊ ကျွန်မသွားပြီး အဝတ်အစားလဲလိုက်ဦးမယ်"

ဟက်တီသည် စကြံလမ်းအတိုင်း ပြေးသွားလေတော့သည်။

ဒေဗီသည် အလုပ်ခွင်သို့သွားရန် သူ့အိပ်ခန်းထဲက ထွက်လာသည်။ ဥန်နီက လှမ်းတားလိုက်၏။

"ဟော ဒေဗီ၊ မင်းဆီမှာ ပိုက်ဆံပါလာသလား"

"မင်း ဘိုင်ကျနေပြန်ပြီလား"

"လခထုတ်တဲ့နေ့အထိပါကွာ"

"ဒီလဆန်းတုန်းက မင်းရန်းငွေ တစ်ထောင်တစ်ရာရခဲ့တယ်၊ မင်းက အဲဒါတွေကို အကုန်သုံးပစ်လိုက်သလား"

ပွန်နီက မျက်စပစ်လိုက်၏။

"နောက်လကျရင် ငါ ရန်းငွေနှစ်ထောင်၊ ဒါမှမဟုတ် သုံးထောင်လောက် ရမှာပါကွ၊ အဲဒီအခါကျမှ ငါဘယ်လို သုံးတယ်ဆိုတာ မင်းကြည့်ပေါ့ကွာ၊ ခုတော့ ငါ့ကို ငါးဆယ်လောက် ချေးစမ်းပါဦး၊ ငါ ဟက်တီကို ကပွဲခေါ်သွားမလို့"

❒

[၄၅]

ရောဒ်အဖို့မှ နေ့ရက်များသည် မော်တော်ကားမောင်းသွားစဉ် လမ်းဘေး၌ တရိပ်ရိပ် ကျန်ရစ်ခဲ့ကြသော တယ်လီဖုန်းတိုင်များပမာ လျင်မြန်စွာ ကုန်ဆုံးသွားသည်။ နေ့စဉ်နှင့်အမျှ ရောဒ်သည် သူ့စွမ်းရည်ကို ပို၍ ပို၍ ယုံကြည်စိတ်ချမှု ရရှိလာသည်။ သူသည် မြေအောက်သတ္တုတွင်းလုပ်ငန်းကို ပိုင်နိုင်စွာ ကိုင်တွယ်နိုင်ကြောင်း ရာနှုန်းပြည့် ယုံကြည်စိတ်ချထားသူ ဖြစ်သည်။ ယခု သူသည် မြေပေါ်လုပ်ငန်းများကိုပါ ပိုင်နိုင်စွာ စီမံခန့်ခွဲတတ်ပေပြီ။ လုပ်ငန်းကုန်ကျစရိတ် လျှော့နည်းစေရေးဆိုသော သူ့စီမံချက်သည် ထိရောက်မှု ရှိကြောင်း သူသိပါသည်။ သို့ရာတွင် သုံးလပတ် အစီရင်ခံစာကို ပြုစုသည့်အခါကျမှ သိသိသာသာ ပေါ်လွင်အောင် ဖော်ပြနိုင်မည် ဖြစ်ပေသည်။

သို့တိုင်အောင် သူသည် ဂျင်နရယ် မန်နေဂျာအတွက် ပေးထားသော အိမ်ဂေဟာကြီးထဲ၌ အိပ်မပျော်နိုင်သေးဘဲ မျက်စိကြောင်နေသည်။ သူ သောကဖြစ်နေမိသည်။ လုပ်ငန်းခွင်တွင် ပြဿနာကလေးပေါင်း သောင်းခြောက်ထောင် ရှိနေတတ်သည်။ သို့ရာတွင် အချို့သောပြဿနာကလေးများသည် ပို၍ အရေးကြီးသည်။

ဒီကနေ့ နံနက် လီလီကျော်ဒန် သူ့ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

"နံနက် ၉ နာရီကျရင် မစ္စတာအင်းနက်စ်က ရှင်နဲ့ လာတွေ့လိမ့်မယ်"

"သူက ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ"

ဟားဘတ်အင်းနက်စ်သည် ဆွန်ဒါဒစ်ရှ် ရွှေသန့်စင်သည့်ဌာနမှ မန်နေဂျာ ဖြစ်သည်။

"သူက ကျွန်မကို ဘာကိစ္စလဲဆိုတာ မပြောမပြဘူး"

လီလီက ဖြေလိုက်၏။ လကုန်သွားပြီ ဖြစ်သော်လည်း လီလီကျော်ဒန်သည် သူနှင့်အတူတူ ရှိနေဆဲ ဖြစ်သည် လီလီက ရောဒ်ကို ကျေနပ်သွားပြီဟု ရောဒ်က ယူဆလိုက်သည်။

ခပ်ဝဝဖိုင့်ဖိုင့် မျက်နှာနီစပ်ပြန့်နှင့် ဟားဘတ်အင်းနက်စ်သည် လီလီကျော်ဒန်က ချပေးသော လက်ဖက်ရည်ကို သောက်ရင်း တနင်္ဂနွေနေ့က သူရိုက်ခဲ့သော ဂေါက်ပွဲအကြောင်း၊ ရိုက်ချက်တစ်ချက်ချင်း လက်လီစီတ်၍ ပြောပြနေသည်။ ဟားဘတ်က တတိယကျင်းတွင် နံပါတ်ကိုးသံတုတ်နှင့် ရိုက်လိုက်ချိန်၌ ရောဒ်က ကြားဖြတ်၍ ပြောလိုက်ရတော့သည်။

"ကဲ ဟာဘီ၊ ဘာပြဿနာလဲ"

"ရောဒ်ရေ၊ ကျုပ်တို့ဆီမှာ ယိုပေါက်ရှိနေပြီ"

"ဆိုးသလား"

"တော်တော်ဆိုးတယ်"

ဟာဘီက မကျေမချမ်းနှင့် ပြောလိုက်၏။ သူ့အဖို့မှ သတ္တုရိုင်းထဲမှ ရွှေကို ထုတ်ယူပြီး သန့်စင်အောင် ပြုလုပ်သည့်အချိန်အထိ ရွှေတစ်အောင်စ လျော့နည်းသွားပါက အင်မတန်ဆိုးရွားသော ဖြန့်တီးမှုပင် ဖြစ်ပေတော့သည်။

"ခင်ဗျားက ဘယ်လိုတွေ့ထားသလဲ"

"ဆေးကြောတဲ့ နေရာနဲ့ ရွှေချောင်းလုပ်ဖို့ စခွက်ထဲကို လောင်းတဲ့ အချိန် စပ်ကြားမှာ ရက်သတ္တတစ်ပတ်ကို ရွှေအောင်စနှစ်ရာလောက် ဆုံးရှုံးနေတယ်"

ရောဒ်က သဘောတူလိုက်၏။

"ဟုတ်တယ်၊ ဒါဆိုရင် တော်တော်ဆိုးတာပဲ"

တစ်လလျှင် ရန်းငွေ နှစ်သောင်း၊ တစ်နှစ်လျှင် ရန်းငွေ နှစ်သိန်းလေးသောင်း။

"ခင်ဗျားက ဘယ်လိုစိတ်ကူးမိသလဲ"

"အဲဒီလို ဖြစ်နေတာ တော်တော်ကလေး ကြာသွားပြီ၊ ဖရင့်လင်းမား

လက်ထက်ကတည်းက ဖြစ်နေခဲ့တာ ကျုပ်တို့လဲ နည်းမျိုးစုံနဲ့ စမ်းပြီးကြပါပြီ”

ရောဒ်သည် ‘ရွှေ’ကို သန့်စင်သောလုပ်ငန်းနှင့် ပတ်သက်၍ ရေရေလည်လည် နားလည်ခြင်း မရှိသေးပါ။ သို့ရာတွင် ထိုကိစ္စကို သူ နားမလည်ပါဟူ၍လည်း ဝန်ခံလိမ့်မည်လည်း မဟုတ်ပါ။ သူ နားမလည်တာကလည်း အမှန်ပင်တည်း။ သတ္တုရိုင်းများသည် မြေပြင်ပေါ်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ချိန်တွယ်ပြီး ရွှေ မည်မျှ ပါဝင်သည်ကို နမူနာအဖြစ် ခေါက်ခွဲစမ်းသပ်ကြည့်လေ့ ရှိသည်။ ထိုသို့ စမ်းသပ်ရာမှ ရရှိလာသော အဖြေများအရ ရွှေ မည်မျှပါဝင်သည်ကို အတော်ကလေး နီးနီးစပ်စပ်ဖြစ်အောင် တွက်ချက်နိုင်မည် ဖြစ်ပေသည်။ ထို့နောက် ထိုအဖြေကို အမှန်တကယ် သန့်စင်၍ ရရှိသော ရွှေပမာဏနှင့် နှိုင်းယှဉ် စစ်ထိုး၍ ကြည့်လေ့ရှိသည်။ ကွဲလွဲခြားနားမှု ရှိနေပါက လိုက်လံစုံစမ်းပြီး စစ်ဆေးကြည့်ရလေ့ ရှိသည်။

“နောက်ဆုံး သုံးပတ်မှာ ခင်ဗျား သန့်စင်လို့ရတဲ့ နှုန်းက ဘယ်လောက်လဲ”

“ကိုးဆယ်ခြောက်ဒသမ ခုနစ်သုံး”

“ဒါဆိုရင် တော်တော်ကောင်းသားပဲ”

ရောဒ်က ဝန်ခံလိုက်သည်။ မြေပေါ်သို့ ရောက်လာသော သတ္တုရိုင်းများထဲမှ ရွှေအားလုံးကို အကုန်အစင် ရအောင် သန့်စင်၍ ထုတ်ယူနိုင်လိမ့် မည်မဟုတ်ပါ။ သို့ရာတွင် ဟာဘီက အများဆုံးရအောင် ကြိုးစား၍ ထုတ်လုပ်ပေးနေသည်။ အတိအကျ ပြောရမည်ဆိုပါက ၉၆ ဒသမ ၇၃ ရာခိုင်နှုန်းပင် ဖြစ်သည်။

ရောဒ်က ဆုံးဖြတ်ချက်ချလိုက်၏။

“ဒီကနေ့ညနေကျရင် ခင်ဗျားစက်ရုံကို ကျုပ် လာခဲ့မယ်၊ ခင်ဗျားနဲ့ အတူတူ လျှောက်စစ်ဆေးကြမယ်၊ လူသစ်တစ်ယောက်ယောက်က ဘယ်နေရာမှာ ဟာကွက်ရှိနေတယ် ဆိုတာကို မြင်ကောင်း မြင်နိုင်ပါလိမ့်မယ်”

“ဖြစ်နိုင်ပါတယ်”

ဟာဘီသည် သိပ်ဘဝင်ကျပုံမရပါ။

“ကျုပ်တို့က နည်းမျိုးစုံနဲ့ စမ်းပြီးပါပြီ။ ဒီကနေ့ ညနေမှာ ရွှေချောင်းလုပ်ဖို့ ရှိတယ်။ ခင်ဗျား ဘယ်အချိန်လောက် လာမလဲ”

“နှစ်နာရီ”

သူတို့နှစ်ယောက်သည် တွင်းဝသို့ လေးမိနစ်လျှင် တစ်ကြိမ် သတ္တုရိုင်းများကို ခေါက်လေ့ကားများနှင့် တင်ပို့ပေးနေသော နေရာမှ စတင်၍ ကြည့်ရှုစစ်ဆေးကြသည်။ ထိုခေါက်လေ့ကားအိမ်များနှင့် ပါလာသော ကျောက်ခဲများကို ကွန်ကရီရေတံလျှောက်ကြီးထဲသို့ လောင်းထည့်ရလေ့ ရှိသည်။ ခေါက်လေ့ကားအိမ်နှင့် ပါလာသော အခေါက်တိုင်း ‘ရွှေကြော’ သို့မဟုတ် ‘စွန့်ပစ်ပစ္စည်း’ ဟု ခွဲခြားသတ်မှတ်ထားလေ့ ရှိသည်။

‘ရွှေကြော’ ကျောက်ခဲများကို အလွန်ကြီးမားသော စည်ကြီးများထဲသို့ ထည့်လိုက်ကြသည်။ စွန့်ပစ်ကျောက်ခဲများကိုမူ လှင့်ပစ်မည်နေရာသို့ မြောင်းထဲမှ တစ်ဆင့် သွန်မချမီ ဆေးကြောမည်နေရာသို့ ခါးပတ်ကြိုးကြီးများနှင့် သယ်ဆောင်ပို့ပေးလေ့ ရှိသည်။ ဤနည်းဖြင့် စွန့်ပစ်မည့် ကျောက်ခဲများ၌ ကပ်နေသော ရွှေစရွှေနကလေးများကို စုဆောင်း၍ ရရှိနိုင်ဦးမည် ဖြစ်ပေသည်။

ကွန်ကရစ်ရေတံလျှောက်ကြီးမှတစ်ဆင့် တဝေါဝေါကျဆင်းလာနေသော ကျောက်ခဲများ၏ အသံကို လွှမ်းသွားအောင် ဟာဘီသည် ရောဒ်၏ နားရွက်နားသို့ ပါးစပ်ကို ကပ်၍ ပြောလိုက်၏။

“ဟောဒီနေရာမှာ ကျုပ် စိတ်မပူပါဘူး။ ဒီနေရာမှာ အတုံးလိုက် အခဲလိုက်ကြီးတွေချည်းပဲ၊ အရောင်လည်း သိပ်မလက်ပါဘူး”

ဟာဘီက ရွှေသိပ်မပါကြောင်း ရွှေသန့်စင်သည့် စက်ရုံ၌ သုံးစွဲသောဝန်းစကားနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

“ဒီလုပ်ငန်းစဉ်ရဲ့ နောက်ပိုင်းနားကို ရောက်လာလေလေ၊ ပိုပြီး အန္တရာယ် ရှိလာလေလေပဲ”

ရောဒ်က ခေါင်းညိတ်လိုက်ပြီးနောက် သံလှေကားအတိုင်း ဟားဘတ်အင်းနက်စ်နောက်မှ လိုက်ဆင်းသွားသည်။ သူတို့သည် ကျောက်ခဲများကို သိုလှောင်ထားသော စည်ကြီးများရှိသည့် နေရာအောက်ဘက်မှ တံခါးပေါက်တစ်ပေါက်ဆီသို့ ရောက်ရှိသွားကြ၏။ သူတို့နှစ်ယောက်သည် ထိုတံခါးပေါက်မှ အတွင်းဘက်သို့ ဝင်သွားကြရာ အဆင့် ၁၀၀ မှ သတ္တုရိုင်းများကို သိုလှောင်ထားသည့် ဥမင်လိုဏ်ခေါင်းနှင့်တူသော လိုဏ်ခေါင်းကြီးထဲသို့ ရောက်ရှိသွားလေတော့သည်။

ဤနေရာတွင်လည်း အလွန်ကြီးမားသော ခါးပတ်ကြိုးကြီးသည် အဆက်မပြတ် မှန်မှန်ရွေ့လျားနေသည်။ ထိုခါးပတ်ကြိုးကြီး၏ အပေါ်ဘက်တွင် ရှိ

နေသော (သတ္တုရိုင်းများကို သိုလှောင်ထားသည်) စည်ကြီးများက ခါးပတ်ကြိုးကြီးပေါ်သို့ ကျောက်ခဲများကို အဆက်မပြတ် ချပေးနေကြသည်။ ရောဒ်နှင့် ဟာဘီတို့သည် အလွန်ကြီးမားသော လျှပ်စစ်သံလိုက်ကြီးအောက်မှ ခါးပတ်ကြိုးကြီး ဖြတ်သန်းသွားသော နေရာအထိ ပခုံးချင်းယှဉ်၍ လျှောက်လာခဲ့ကြ၏။ ဤနေရာတွင် သူတို့ ခေတ္တမျှ ရပ်တန့်လိုက်ကြသည်။ ထိုလျှပ်စစ်သံလိုက်ကြီးသည် ကျောက်ခဲများအကြားသို့ နည်းမျိုးစုံနှင့် ရောက်ရှိလာကြသော သတ္တုပစ္စည်းမျိုးစုံကို သံလိုက်ဓာတ်နှင့် ဆွဲယူဖယ်ရှားပေးနေသည်။ ရောဒ်က မေးလိုက်၏။

"ခင်ဗျား ဘယ်လောက်လောက် ရှာလို့ရခဲ့သလဲ"

"အလျှင်အပတ်ကဆိုရင် ဆယ်လေးတန်ပဲ"

ဟာဘီက ဖြေလိုက်ပြီးနောက် ရောဒ်၏လက်ကို ကိုင်ရင်း သူတို့နံဘေးတွင် ရှိသော တံခါးပေါက်မှတစ်ဆင့် အပြင်သို့ ခေါ်ထုတ်သွားသည်။ သူတို့ သည် သံသတ္တုပစ္စည်းအဟောင်းအမင်းများကို ရောင်းချသော ကုန်သည်တစ် ယောက်၏ ခြံဝင်းနှင့်တူသော နေရာတစ်နေရာသို့ ရောက်ရှိသွားသည်။ သံတူ ရွှင်းများ၊ ဓါးပြားများ၊ သံဓေါ်သံကြိုးများ၊ ချိန်းကြိုးများ၊ ချိန်းဘလောက် များ၊ စပနာများ၊ ဆယ်လေးပေါင်တူများနှင့် အမည်ဖော်၍ မရလောက်အောင် ကောက်ကွေးတွန့်လိမ်နေသော အခြားသံထည်ပစ္စည်းများသည် တောင်ပုံရာပုံ ရှိနေကြသည်။ ထိုပစ္စည်းအားလုံး သံချေးတက်နေကြသည်။ ထိုပစ္စည်းအများစုမှာ ပြန်လည်သုံးစွဲ၍ မရနိုင်တော့ပါချေ။ ထိုပစ္စည်းများသည် လျှပ်စစ်သံလိုက်ကြီးက ကျောက်ခဲများထဲမှ ဆွဲထုတ်ဖယ်ရှားပေးခဲ့သော ပစ္စည်းများပင်တည်း။

ရောဒ်၏ ပါးစပ်သည် တင်းတင်းကြီး စေ့သွားရလေတော့သည်။ ယခုသူသည် အလုပ်သမားများ၏ ပေါ့ဆမှုနှင့် အချို့သောပုဂ္ဂိုလ်များသည် ကုမ္ပဏီပိုင်ပစ္စည်းပဲဟု ပေါ့ပေါ့ဆဆသဘောထားတတ်ကြကြောင်း ငြင်းကွယ်၍ မရအောင် သက်သေခံနေသော ပစ္စည်းများကို မိဋ္ဌမမ္မ မြင်တွေ့နေရလေပြီ။ ဤကဲ့သို့ တောင်ပုံရာပုံရှိနေသော အကျိုးအပဲ့ပစ္စည်းများသည် လေလွင့်ပြုန်းတီးမှုပင်ဖြစ်ပြီး ကုမ္ပဏီအနေဖြင့် နှစ်စဉ်ရန်ငွေ သိန်းနှင့်ချီ၍ ဆုံးရှုံးနေပေလိမ့်မည်။

'ဒီကိစ္စကို ငါကြည့်လုပ်ရလိမ့်မယ်'ဟု ရောဒ်က တိုးတိုးကလေး ရေရွတ်လိုက်၏။

"ဟောဒီတူကြီးတစ်လက်သာ ကျောက်ခဲခွဲတဲ့စက်ထဲကို ဝင်သွားမယ်

ဆိုရင် စက်ကြီး ပျက်စီးသွားမှာပဲ"

ဟာဘီက စိတ်မချမ်းမသာနှင့် ပြောလိုက်ပြီး သူ့ကို ခါးပတ်ကြိုးကြီး ရှိသော အခန်းထဲသို့ ပြန်ခေါ်သွားသည်။

ထိုခါးပတ်ကြိုးကြီးသည် အပေါ်ဘက်သို့ ရုတ်တရက် ချီတက်သွားလေရာ သူတို့နှစ်ယောက်သည် ခါးပတ်ကြိုးကြီး၏ နံဘေးတွင် ရှိနေသော ကြွက်လျှောက်အတိုင်း တက်လိုက်သွားကြသည်။

သူတို့သည် အပေါ်ဘက်သို့ ငါးမိနစ်ခန့် ခပ်မှန်မှန် တက်လာခဲ့ကြရာ ဟာဘီသည် ရေနွေးငွေ့နှင့် ခုတ်မောင်းသော မီးရထားခေါင်းကြီးတစ်ခုပမာ တရှူးရှူး တရှဲရှဲနှင့် မောဟိုက်နေလေတော့သည်။ ရောဒ်သည် ခြေထောက်အောက်၌ရှိသော သံဇကာပြားပေါက်မှတစ်ဆင့် သူတို့သည် မြေပြင်ပေါ်မှ ပေ တစ်ရာနှစ်ရာခန့်မြင့်သော နေရာဆီသို့ ရောက်နေပြီ ဖြစ်ကြောင်း မြင်နေရသည်။

ခါးပတ်ကြိုးကြီးသည် အလွန်မြင့်သော မျှော်စင်ကြီးထိပ်သို့ ရောက်ရှိသွားပြီး ခါးပတ်ကြိုးပေါ်၌ ပါလာသော ကျောက်ခဲများကို ဆန်ခါချသလို စစ်ပေးနေသော ပါးစပ်ဟနေသည့် စက်ကြီးများထဲသို့ လောင်းချပေးလိုက်သည်။ ထိုကျောက်ခဲများကို မျှော်စင်ထိပ်မှ မြေကြီးပေါ်သို့ ပြန်လွှတ်ချလိုက်ချိန်တွင် အရွယ်အစား ပမာဏအလိုက် ပြန်၍ ခွဲထုတ်ပေးပြန်၏။ ပို၍ ကြီးမားသော ကျောက်တုံးကျောက်ခဲများသည် ကျောက်ခဲခွဲသော စက်ဆီသို့ လမ်းပြောင်းပြီး ရောက်ရှိလာလေရာ ကျောက်ခဲခွဲသောစက်များက လက်သီးဆုပ်အရွယ် ကျောက်ခဲများဖြစ်အောင် ထပ်၍ ခွဲပေးကြသည်။

"ကဲ၊ ဘာတွေ့ရသလဲ"

ဟာဘီသည် ပေါ်တော့တော့လေသံကို ဖုံးကွယ်ထားနိုင်ခြင်း မရှိဘဲ မေးလိုက်၏။

ရောဒ်က သူ့ကို ပြုံးပြလိုက်သည်။

သူတို့နှစ်ယောက်သည် ဆုံးမည့်ပုံ မပေါ်သော သံလှေကားပေါ်မှ ဆင်း လာခဲ့ကြ၏။ ဆန်ခါချသည့်စက်များထဲမှ မြည်သံများနှင့် ကျောက်ခဲခွဲသည့် စက်များထဲမှ တဝုန်းဝုန်း မြည်သံများသည် နားအူလာသည်အထိ ဒုက္ခပေးကြတော့သည်။

နောက်ဆုံးတွင် သူတို့သည်မြေပြင်ပေါ်သို့ ပြန်လည်ရောက်ရှိလာကြပြီး ကြိတ်ခွဲစက်ရုံကြီးထဲသို့ ဝင်သွားကြသည်။ ထိုအဆောက်အအုံကြီးသည် သွပ်

ပြာနှင့် ဆောက်ထားသော အဆောက်အအုံကြီး ဖြစ်ပြီး လေယာဉ်ပျံထားသည့် စက်ရုံကြီးတစ်ရုံခန့် ကြီးမားသည်။ ထိုအဆောက်အအုံကြီးသည် ပေသုံးရာခန့် ရှည်လျားပြီး ပေငါးဆယ်ခန့်မြင့်သည်။ ထိုအဆောက်အအုံကြီးထဲတွင် ရှည်လျားသော ဝါးကျည်တောက်ပုံသဏ္ဌာန် ကြိတ်ခွဲစက်ကြီးများ အပြည့်အနက် ရှိနေသည်။

ထိုကြိတ်ခွဲစက်ကြီးများသည် ရေနွေးငွေ့နှင့် ခုတ်မောင်းသော မီးရထားစက်ခေါင်းမှ ဘွိုင်လာအိုးကြီးခန့် ကြီးမားပြီး နှစ်ဆခန့် ရှည်လျားကြသည်။ ထိုအဆောက်အအုံထဲတွင် ကြိတ်ခွဲစက်ကြီးပေါင်း လေးဆယ်ရှိသည်။ ထိုကြိတ်ခွဲစက်များသည် အဆက်မပြတ် လည်နေကြသည်ဖြစ်ရာ ကြိတ်ခွဲစက်ထဲ၌ ရှိနေသော သံမဏိဂေါ်လီလုံးများက ကျောက်ခဲများကို အမှုန့်ဖြစ်အောင် ထုထောင်းပေးကြလေသည်။

ယခင်က ရှောဒ် ကြားခဲ့ရသော အသံများသည် အလွန်ဆိုးရွားသည်ဆိုပါက ယခု ကြိတ်ခွဲစက်ထဲ၌ ကြားရသော အသံမှာ ပို၍ဆိုးရွားပေသည်။ သူတို့နှစ်ယောက်သည် ကြိတ်ခွဲစက်နှင့် နှိုင်းစာလျှင် ပို၍ နားခံသာသော ရွှေသန့်စင်သည့် အခန်းထဲသို့ ရောက်သည့်အခါကျမှ စကားပြောကြတော့သည်။

ဟာဘီက ရှင်းပြလိုက်၏။

"ကဲ၊ ဟောဒီနေရာကစပြီး ကျုပ်စိတ်ပူမိတော့တာပဲ"

ဟာဘီသည် ကြိတ်ခွဲစက်နံရံမှ ဖောက်ထွက်လာသော အပြာနုရောင် ခြောက်လက်မပိုက်လုံးများကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဒီပိုက်တွေထဲမှာ အမှုန့်ဖြစ်နေတဲ့ကျောက်မှုန့်တွေကို အလွယ်တကူ စီးဆင်းသွားစေမယ့် မပျစ်တပျစ် အရည်မျိုးဖြစ်အောင် ရေနဲ့ ဖျော်ထားတယ်၊ အဲဒီဖျော်ရေထဲမှ စစ်ယူလို့ ရမယ့်ရွှေက လေးဆယ်ရာခိုင်နှုန်းပါတယ်"

"အဲဒီပိုက်တွေထဲကို ဘယ်သူကမှ ဝင်ပြီး မခိုးနိုင်ပါဘူး၊ ခင်ဗျားကိုယ်တိုင်လည်း ယိုပေါက်ဖြစ်နိုင်တဲ့ နေရာတွေကို စစ်ဆေးပြီးပြီမဟုတ်လား"

ရှောဒ်က မေးလိုက်သဖြင့် ဟာဘီက ခေါင်းညိတ်ပြသည်။ ထို့နောက် ဟာဘီက ပြောလိုက်ပြန်၏။

"ဒါပေမဲ့ ဟောဒီနေရာကို ကြည့်စမ်းပါဦး"

ဟိုဘက်နံရံနားတွင် စီတန်း၍ထားသော သံလှောင်အိမ်များ ရှိနေကြသည်။ ထိုသံလှောင်အိမ်များကို သံမဏိစကာအထူစားနှင့် ပြုလုပ်ထားပြီး ထို

စကာပေါက်ထဲသို့ လူသားများ၏ လက်ချောင်းကလေးများကိုပင် ထိုးသွင်း၍ မရနိုင်ပါချေ။ ထိုသံလှောင်အိမ်များမှ ကြီးမားလေးလံသော သံမဏိတံခါးကြီးများပေါ်တွင် သံချောင်းကြီးများနှင့် ထပ်ပိုး၍ ကလန့်ချထားသည့်သာမက သော့ခလောက်ကြီးများနှင့်လည်း ခတ်ထားပေသေးသည်။ အဆိုပါ လှောင်အိမ်တန်းတစ်တန်းရှေ့ဘက်တွင် အဖြူရောင် အလုပ်သမားဝတ်စုံကို ဝတ်ဆင်ထားသော ဘန်တုလူမည်း အမျိုးသားအလုပ်သမားတစ်ယောက် မတ်တတ်ရပ်နေသည်။ ထိုအလုပ်သမားများသည် ပိုက်ထဲမှ ဆင်းလာသော သတ္တုရိုင်းအမှုန့်များ၏ စီးဆင်းနှုန်းကို ထိန်းပေးနိုင်ပုံရသော ဒလက်မှ ခလုတ်များကို အာရုံစိုက်၍ လှည့်ပေးနေကြသည်။

ဟာဘီသည် လှောင်အိမ်တစ်ခုရှေ့တွင် ရပ်တန့်လိုက်၏။

"ရွှေ"

သူက လက်ညှိုးထိုးပြလိုက်သည်။ လုံခြုံစွာ ကာရံထားသော သံစကာနောက်ဘက်တွင် ခပ်စောင်းစောင်းကလေး ဖြစ်နေအောင် ထောင်ထားသော အနက်ရောင် ရာဘာပြားပေါ်သို့ ကျောက်မှုန့်ကို အရည်ဖျော်ထားသော မီးခိုးရောင် ဖျစ်တစ်တစ်အရည်များသည် စီတန်းနေသော ပိုက်ခေါင်းများထဲမှ တသွင်သွင် စီးကျနေကြသည်။ ထိုရာဘာပြား၏ မျက်နှာပြင်ပေါ်တွင် သွပ်ပြားသဏ္ဌာန် ရေမြောင်းကလေးများကို ကန့်လန့်ဖြစ်အောင် ပြုလုပ်ထားသည်ဖြစ်ရာ ထိုမြောင်းကလေးများထဲတွင် ရွှေမှုန့်များသည် မိမိ၏ အလေးချိန်ကြောင့် လာ၍ ကပ်ငြိနေကြတော့သည်။ ရွှေမှုန့်ကလေးများသည် ရာဘာပြားပေါ်မှ မြောင်းကလေးများထဲတွင် ပေါင်မုန့်ပေါ်၌ ခပ်ထူထူသုတ်လိမ်းထားသော ထောပတ်များပမာ ကပ်ငြိနေကြလေပြီ။

ရှောဒ်သည် သံမဏိစကာကို လက်နှင့် ကိုင်ပြီး လှုပ်လိုက်၏။

"ဒီလိုတော့ ဘယ်ရမလဲ"

ဟာဘီက ရယ်လိုက်သည်။

"အဲဒီနည်းနဲ့တော့ ဘယ်သူမှ ယူလို့ မရနိုင်ပါဘူး"

ရှောဒ်က မေးလိုက်ပြန်၏။

"အဲဒီ ရာဘာပြားပေါ်က ရွှေတွေကို ဘယ်လိုနည်းနဲ့ ဆေးကြောယူသလဲ၊ အဲဒီသန့်စင်စက်ကို တခြား ဘယ်သူတွေ ဖွင့်နိုင်ကြသလဲ"

"အဲဒီသန့်စင်စက်က သူ့အလိုလို ဆေးကြောပါတယ် ကြည့်လေ"

ဟာဘီက ပြောလိုက်ခြင်း ဖြစ်သည်။

ထိုရာဘာပြားသည် သံလုံး ရှိလာနှစ်ခုတွင် ပတ်ထားသော ခါးပတ်ကြိုးဖြစ်ပြီး ခပ်ဖြည်းဖြည်း ရွေ့လျားနေကြောင်း ပထမဦးဆုံးအကြိမ်အဖြစ် ရော်ဒ်က သတိပြုလိုက်မိတော့သည်။ အဆိုပါ ခါးပတ်ကြိုးသည် အောက်ဘက်သို့ လည်၍ ရောက်ရှိသွားသည့်အခါ မြောင်းထဲမှ ရွှေမှုန့်ကလေးများကို အောက်ဘက်တွင်ရှိသော ဇလုံထဲသို့ ကျသွားအောင် အင်မတန် သေးငယ်သော ရေပန်းကလေးများက ဆေးကြော၍ ပေးလိုက်ကြလေသည်။ ဟာဘီက ပြောလိုက်၏။

“ဒီလှောင်အိမ်တွေကို ကျုပ်တစ်ယောက်တည်းပဲ ဖွင့်နိုင်တယ်၊ ကျုပ်တို့က အောက်က ခံထားတဲ့ ဇလုံတွေကို နေ့တိုင်း လဲလှယ်ပေးတယ်”

ထိုအစီအစဉ်သည် စနစ်တကျ ရှိလှကြောင်း ရော်ဒ်ကိုယ်တိုင် ဝန်ခံရလေတော့သည်။

ရော်ဒ်သည် နောက်သို့ ပြန်လှည့်လိုက်ပြီး ဘန်တုလူမည်း အမျိုးသားအလုပ်သမားလေးယောက်ကို လှမ်းကြည့်လိုက်၏။ သူတို့လေးယောက်စလုံးသူတို့ ဆောင်ရွက်ရမည့် လုပ်ငန်းတွင် စိတ်ပါဝင်စားစွာ လုပ်ကိုင်နေကြသည်။ ထိုလေးယောက်စလုံးသည် အထူးတလည် ယုံကြည်စိတ်ချရသူများ ဖြစ်ကြောင်း ရော်ဒ် သိပါသည်။ သူတို့အား ရွှေသန့်စင်သောလုပ်ငန်း၌ အသုံးမပြုမီ စေ့စေ့စပ်စပ် စစ်ဆေးပြီးမှ ရွေးချယ်ခဲ့ခြင်း ဖြစ်ပေသည်။ ဟာဘီက မေးလိုက်၏။

“ကျေနပ်ပြီလား”

“ကျေနပ်ပါတယ်”

ရော်ဒ်က ခေါင်းညိတ်လိုက်၏။ သူတို့နှစ်ယောက်သည် ထိပ်ဘက်အစွန်တွင်ရှိသော တံခါးမှ ပြန်ထွက်သွားကြပြီး တံခါးကို သော့ခတ်၍ ပြန်ပိတ်ခဲ့ကြလေသည်။

*

သူတို့ ပြန်ထွက်သွားကြသည်နှင့် တစ်ပြိုင်နက် ဘန်တုလူမည်း အမျိုးသားအလုပ်သမား လေးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ သူတို့သည် ခါးကို ပြန်မတ်လိုက်ကြ၏။ သူတို့သည် အာရုံစူးစိုက်ထားရဟန်ဖြင့် မျက်မှောင်ကုပ်ထားကြရာမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြုံးလိုက်ကြသည်။

တစ်ယောက်သော အလုပ်သမားက စကားတစ်ခွန်းပြောလိုက်ရာ အားလုံးက ဝိုင်းရယ်လိုက်ကြပြီး ခါးပတ်ကြိုးများကို ဖြေလိုက်ကြသည်။ သူတို့သည် ဘောင်းဘီရှည်၏ ခြေထောက်အတွင်းဘက်မှ တစ်မတ်လုံး ကြေးနီချောင်းများကို ထုတ်ယူလိုက်ကြပြီး သံစကားကြားထဲသို့ ထိုးသွင်းလိုက်ကြလေသည်။

ခေတ်ပုဆရာ ကိုခြေကျိုးသည် လုံခြုံအောင် စနစ်တကျ ကာကွယ်ထားသော ရွှေသန့်စင်သည့် အခန်းထဲမှ ရွှေခိုးထုတ်သည့်နည်းကို ရရှိအောင် တစ်နှစ်နီးပါး ကြံစည်စိတ်ကူးခဲ့ရသည်။ သူတီထွင်လိုက်သော နည်းစနစ်သည် အလုပ်ဖြစ်လေ့ရှိသော အခြားနည်းစနစ်များနည်းတူ လွယ်ကူလှပေသည်။

ကိုခြေကျိုးသည် ကြေးနီချောင်းတွင် ဓာတုဗေဒပစ္စည်းတစ်မျိုးကို သုတ်လိမ်းပေးလိုက်သည်။ ထိုကြေးနီချောင်းကို ရာဘာပြားပေါ်တွင် ကန့်လန့်ဖြတ်၍ တင်ပေးထားမည် ဆိုပါက ဓာတုဗေဒပစ္စည်း၏ အစွမ်းသတ္တိကြောင့် ထိုကြေးနီချောင်းပေါ်မှ ဖြတ်သန်းသွားသော ရွှေမှုန့်မှုန်သမျှသည် ထိုကြေးနီချောင်းတွင် လာရောက် ကပ်ငြိနေကြပေလိမ့်မည်။ သူတို့ထံသို့ အရာရှိတစ်ယောက်ယောက် ချဉ်းကပ်လာမည် ဆိုပါက ထိုကြေးနီချောင်းကို ဘောင်းဘီထဲတွင် လျင်မြန်စွာ ထိုးထည့်၍ ဝှက်ထားနိုင်မည် ဖြစ်သလို ထိုကြေးနီချောင်းအား ရွှေသန့်စင်သောစက်ရုံထဲမှ ထိုနည်းအတိုင်း ခိုးထုတ်သွားနိုင်မည် ဖြစ်ပေသည်။

ညနေပိုင်းတွင် ကိုခြေကျိုးသည် ရွှေမှုန့်များ ကပ်နေသော ကြေးနီချောင်းများကို ပြန်သိမ်းလိုက်ပြီး သူနှင့် ကြံရာပါ ပုဂ္ဂိုလ်လေးဦးအား ဓာတုဗေဒပစ္စည်းတစ်မျိုး သုတ်လိမ်းထားသော ကြေးနီချောင်းအသစ်များကို ထပ်မံ ထုတ်ပေးလိုက်လေသည်။ ထို့နောက် ကိုခြေကျိုးသည် ခိုးကြောင်ခိုးဝှက် တည်ဆောက်ထားသော သူ့ဓာတ်ခန်းထဲတွင် ကြေးနီချောင်းကို အပူပေးလိုက်ခြင်းဖြင့် ကြေးနီချောင်း၌ ကပ်နေသော ရွှေမှုန့်များကို ပြန်လည်ရရှိလေတော့သည်။

*

စိတ်ချမ်းသာစရာကောင်းလောက်အောင် တိတ်ဆိတ်လှသော ဆိုင်းယင်းနိုက်စက်ရုံထဲသို့ အရောက်တွင် ဟာဘီက စကားစပြောလိုက်၏။

"ဟဲ၊ ကျုပ်တို့က ကျောက်မှုန့်တွေထဲမှာ တသီးတခြား တည်ရှိနေတဲ့ ရွှေစင်မှုန့်တွေကို ခွဲထုတ်ယူပြီးပြီ၊ အခု ကျုပ်တို့ဆီမှာ 'ဆာလ်ဖိုက်ရွှေ'ပဲ ကျန်ရစ်ခဲ့တော့တယ်"

သူတို့သည် စကေပေါင်းများစွာ ကျယ်ဝန်းသော မြေနေရာပေါ်တွင် စီ၍ ချထားသော ကြီးမားလှသည့် သံမဏိတိုင်ကီကြီးများ အကြားတွင် လျှောက်သွားကြရင်း ဟာဘီက ရောဒ်အား စီးကရက်တစ်လိပ် လှမ်းပေးလိုက်သည်။

"ကျုပ်တို့က ကျန်နေသေးတဲ့ အရည်တွေကို ဒီတိုင်ကီကြီးတွေထဲကို ထည့်ပြီး ဆိုင်းယင်းနိုက်ကို ထပ်ဖြည့်ပေးလိုက်တယ်၊ ဆိုင်းယင်းနိုက်က ရွှေကို အရည်ဖျော်ပစ်လိုက်တယ်။ အဲဒီအရည်ကို ကျုပ်တို့က ပြန်ထုတ်ယူပြီး သွပ်မှုန့်တွေပေါ်က စီးဆင်းနိုင်းလိုက်တယ်၊ ဒီတော့ ရွှေတွေဟာ သွပ်နဲ့ ကပ်ပြီး ကျန်ရစ်ခဲ့ပြန်တယ်၊ အဲဒီနောက်တော့ ကျုပ်တို့က သွပ်ကို မီးရှို့ပစ်လိုက်တဲ့အတွက် ရွှေချည်းပဲ ကျန်ရစ်ခဲ့တော့တယ်"

ရောဒ်က သူ့စီးကရက်ကို မီးညှိလိုက်၏။ သူသည် ထိုလုပ်ငန်းစဉ်အားလုံးကို သိထားသူ ဖြစ်ပါသည်။ သို့ရာတွင် ဟာဘီက ရောဒ်အား အရေးပါသော အမိကပုဂ္ဂိုလ်ကြီးတစ်ဦးသဖွယ် လိုက်လံပြသပြီး အသေးစိတ် ရှင်းပြနေခြင်း ဖြစ်သည်။ ရောဒ်က ဟာဘီ၏ စီးကရက်အတွက် မီးခြစ်ကို ခြစ်ပေးလိုက်၏။

"အရည်ဘာဝမှာ ရှိနေတုန်း ဘယ်သူကမှ ခိုးယူနိုင်မှာ မဟုတ်ဘူး"

ဟာဘီသည် မီးခိုးများကို နှာခေါင်းပေါက်မှ ပြန်ထုတ်ပစ်ရင်း ဦးခေါင်းကို ခါယမ်းလိုက်၏။

"တခြားကိစ္စတွေကို မပြောခင် ဆိုင်းယင်းနိုက်ဟာ အင်မတန် ကြောက်စရာကောင်းတဲ့ အဆိပ်ဆိုတာကိုတော့ ပြောရလိမ့်ဦးမယ်"

ဟာဘီက လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်၏။

"သုံးနာရီနဲ့ မိနစ်နှစ်ဆယ် ရှိနေပြီ၊ ခုဆိုရင် သူတို့က ရွှေတွေကို ရွှေချောင်းဖြစ်အောင် လုပ်နေကြရောမယ်၊ ကျုပ်တို့ ရွှေကျိုတဲ့စက်ရုံကို သွားကြရအောင်လား"

ရွှေကျိုသော အဆောက်အအုံသည် သွပ်ပြားများနှင့်သာ ဆောက်ထားသော အဆောက်အအုံများအကြား၌ ထီးတည်းကြီး ရှိနေသော အုတ်တိုက်အဆောက်အအုံဖြစ်သည်။ ထိုအဆောက်အအုံသည် အခြားအဆောက်အအုံများနှင့် တသီးတခြား ဖြစ်နေသည်။ ထိုအဆောက်အအုံ၏ ပြတင်းပေါက်များကို

ခပ်မြင့်မြင့်၌ ဖောက်ထားသည့်အပြင် သံတိုင်များနှင့် ကာရန်ထားပေသည်။

သံမဏိတံခါးသို့ အရောက်တွင် ဟာဘီက လူခေါ် ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။ ဤတွင် တံခါးရွက်ပေါ်၌ ချောင်းကြည့်ပေါက်ကလေးတစ်ခုပွင့်လာတော့သည်။ ဟာဘီနှင့် ရောဒ်တို့ကို ချက်ချင်း မှတ်မိသွားသောကြောင့် သံမဏိတံခါး ချက်ချင်းပွင့်သွားတော့သည်။ ယခုအချိန်၌ သူတို့သည် သံလှောင်ချိုင့်တစ်ခုထဲသို့ ရောက်ရှိနေကြလေပြီ။ ထိုသံလှောင်ချိုင့်သည် သူတို့နောက်ဘက်မှ တံခါးကို ပြန်ပိတ်သည့်အခါကျမှ အထဲဘက်မှတံခါးကို ဖွင့်နိုင်အောင် စီစဉ်ထားသည့် သံလှောင်ချိုင့် ဖြစ်သည်။

"မင်္ဂလာ ညနေခင်းပါ မစ္စတာ အိုင်းရှန်ဆိုက်ဒ်၊ မစ္စတာအင်းနစ်"

လုံခြုံရေး ရဲဘော်သည် အားတုံ့အားနာ ဖြစ်နေပုံရသည်။

"ကျေးဇူးပြုပြီး လက်မှတ်ထိုးပေးပါ ခင်ဗျာ"

ထိုပုဂ္ဂိုလ်သည် ရဲတပ်ဖွဲ့မှ အငြိမ်းစားယူလာသူတစ်ဦး ဖြစ်ပြီး ခါးတွင် ခြောက်လုံးပြူးတစ်လက်ကို ချိတ်ဆွဲထားသည်။

သူတို့က လက်မှတ်ရေးထိုး ပေးလိုက်ကြသည်တွင် လုံခြုံရေးရဲဘော်သည် ကြမ်းပြင်၏ အပေါ်ဘက် ခပ်မြင့်မြင့်နေရာ၌ ရှိနေသော ကြွက်လျှောက်ပေါ်မှ သူ့အဖော်အား အချက်ပြလိုက်၏။ ထိုပုဂ္ဂိုလ်သည် ဆက်တိုက်ပစ်နိုင်သော နှစ်လုံးပြူးသေနတ်ကို ချိုင်းကြားတွင် ညှပ်ရင်း သူ့နံဘေး၌ရှိသော ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ထိုအချိန်ကျမှ သံလှောင်ချိုင့်တံခါး ပွင့်သွားသောကြောင့် သူတို့အထဲသို့ ဆက်ဝင်ခဲ့ကြသည်။

ဟိုဘက်အစွန်းရှိ အုတ်နံရံထဲ၌ လျှပ်စစ်မီးဖိုကြီးများကို မြှုပ်ထားသည်။ ထိုလျှပ်စစ်မီးဖိုကြီးများ၏ တံခါးများသည် မှန်တိုက်တစ်ခုမှ ပေါင်မုန့်ဖုတ်သော မီးဖိုတံခါးများနှင့် ခပ်ဆင်ဆင်တူသည်။

ကွန်ကရစ်လောင်းထားသော ထိုအခန်း ကြမ်းပြင်ပေါ်တွင် ရွှေရည်ကျိုသော 'လုံ'ကို သံမဏိညှပ်နှင့် ကိုင်၍ ပုံစံခွက်ဆီသို့ ပို့ပေးသော 'စက်' များကလွဲ၍ အခြား မည်သည့် ပစ္စည်းမျှမရှိဘဲ ရှင်းလင်းနေသည်။ ရောဒ်နှင့် ဟာဘီ ဝင်လာချိန်တွင် ရွှေရည်ကျိုသော အခန်းထဲ၌ အလုပ်လုပ်နေသူ ဝန်ထမ်းခြောက်ယောက်ခန့်သည် သူတို့ကို မော့၍ပင် မကြည့်ကြပါ။

ရွှေချောင်းသွန်းသော အလုပ်သည် အတော်ကလေး အရှိန်ရ၍ နေလေ

ပြီ။ 'လုံ'ကို သယ်ပိုသောစက်မှ သံမဏိလက်တံ(ညှပ်)များက လုံကို အနည်းငယ် စောင်းပေးလိုက်ရာ အရည်ပျော်နေသော ရွှေရည်များသည် လုံ၏နှုတ်သီးပေါက်ကလေးထဲမှ ပန်းထွက်လာပြီး ပုံစံခွက်ထဲသို့ ကျသွားတော့သည်။ ပုံစံခွက်ထဲသို့ ကျသွားသော ရွှေရည်များထံမှ ရှဲခနဲ မြည်သံနှင့်အတူ မီးခိုးများ ထွက်ပေါ်လာကြသည်။ ထိုနောက် တဖြောက်ဖြောက် မြည်သံများ ဆက်လက်၍ ပေါ်ထွက်လာနေပြီး ရွှေရည်များ စတင်၍ ခဲစပြုချိန်တွင် အနီရောင်နှင့် အပြာရောင် မီးပွားကလေးများသည် မျက်နှာပြင်ပေါ်၌ တလက်လက်တောက်နေကြသည်။

ပုံစံခွက်၏ နံဘေး၌ရှိသော ရာဘာဘီးတပ်ထားသည့် လက်တွန်းလှည်းကလေးပေါ်၌ ရွှေချောင်းလေးဆယ် သို့မဟုတ် ငါးဆယ်ခန့်ရှိနှင့်နေလေပြီ။ ရွှေချောင်းတစ်ချောင်းသည် ဆေးပြင်းလိပ်ဘူးတစ်ဘူးထက် အနည်းငယ်သေးသည်။ ထိုရွှေချောင်းသည် ခပ်ကြမ်းကြမ်း သွန်းထားသော သတ္တုချောင်း တစ်ချောင်းနှင့် ပိုတူနေသည်။

ရောဒ်သည် ငုံ့လိုက်ပြီး ရွှေချောင်းတစ်ချောင်းအား လက်နှင့် စမ်းကြည့်လိုက်၏။ ထိုရွှေချောင်းသည် ပူနေသေးသလို အသစ်သွန်းလုပ်ခါစ ရွှေချောင်းများ၏ ပုံစံအတိုင်း ချွဲကျိကျိနှင့် ဆေးထန်းထန်း ဖြစ်နေသည်။

"ဘယ်လောက်ဖိုးလောက် ရှိသလဲ"

ရောဒ်က ဟာဘာ့အား မေးလိုက်ရာ ဟာဘာ့က ပခုံးကို တွန့်ပြလိုက်သည်။

"ရန်းငွေတစ်သန်းဖိုးလောက် ရှိမှာပေါ့၊ နည်းနည်းတောင် ပိုလိမ့်ဦးမယ် ထင်တယ်"

ရန်းငွေတစ်သန်းဆိုတာ ဒါလောက်ကလေးပဲကိုး၊ သိပ်လဲ အထင်ကြီးစရာမကောင်းပါကလားဟု ရောဒ်က တွေးလိုက်၏။

"အခု ဘာဆက်ပြီး လုပ်ဖို့ ရှိသေးသလဲ"

ရောဒ်က မေးလိုက်ခြင်း ဖြစ်သည်။

"ကျုပ်တို့က ရွှေချောင်းတွေကို ချိန်တွယ်ပြီး အလေးချိန်နဲ့ ဒီအုပ်စုနံပါတ်ကို ရွှေတုံးတိုင်းမှာ အသားတံဆိပ်ရိုက်လိုက်တယ်"

ဟာဘာ့က အနီးရှိနံရံပေါ်တွင်ရှိသော မီးခံသေတ္တာမှ တံခါးပိုင်းပိုင်းကြီးကို လက်ညှိုးထိုးပြလိုက်၏။

"အဲဒီထဲမှာ တစ်ညတော့ သိမ်းထားရတယ်၊ နက်ဖြန်ခါကျရင် အဲဒီရွှေတုံးတွေကို သယ်ဖို့ ဂျိုဟန်နာစဘတ်ခ်မြို့က ကုမ္ပဏီပိုင် သံချပ်ကာကားလာလိမ့် မယ်"

ဟာဘာ့သည် ရှေ့က ဦးဆောင်ပြီး ရွှေကျိုသော အဆောက်အအုံထဲမှ ထွက်သွားတော့သည်။

"ဘာပဲပြောပြော အဲဒါက ပြဿနာမဟုတ်ပါဘူး၊ အခုပေါ်ထွက်နေတဲ့ ကိစ္စက ရွှေရည်ကျိုတဲ့ နေရာကို မရောက်ခင် ဖြစ်နေတာ"

"ကျုပ် ဒီကိစ္စကို သုံးလေးရက်လောက် စဉ်းစားပါရစေ"

ရောဒ်က ဖြေလိုက်သည်။

"အဲဒီနောက်တော့ ကျုပ်တို့ ထပ်တွေ့ကြပြီး အဖြေရှာလို့ရအောင် ကြိုးစားကြသေးတာပေါ့လေ"

*

ရောဒ်သည် ယခုအချိန်အထိ ထိုကိစ္စကို စဉ်းစားနေဆဲ ဖြစ်သည်။ မှောင်ထဲတွင် လဲလျောင်းရင်း စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်နေသည်။

ဖြေရှင်းနိုင်သည့်နည်းမှာ တစ်နည်းပဲ ကျန်ရှိတော့သည်။ ရွှေကို သန့်စင်သော လုပ်ငန်းထဲတွင် ဘာနဲတုရဲ့သားများကို ကိုယ်ရောင်ဖျောက်၍ သွင်းပေးထားမှ ဖြစ်တော့မည်။

ထိုကိစ္စမှာ သတ္တုတွင်းကုမ္ပဏီတိုင်းနှင့် သတ္တုကို သန့်စင်သော စက်ရုံဝန်ထမ်းတိုင်းနှင့် သက်ဆိုင်နေသော မဆုံးနိုင်သည့် ပြဿနာပင် ဖြစ်သည်။ တီထွင်တတ်သော ဉာဏ်ကြီးရှင် တစ်ယောက်ယောက်သည် ရွှေကို ခိုးထုတ်၍ရမည့် နည်းသစ်တစ်ခုခုကို တီထွင်လိမ့်မည်။ ရွှေကို တူးဖော်သော ကုမ္ပဏီကလည်း ရွှေရှိနိုင်မည်ဟု ပထမခန့်မှန်းသော ပမာဏနှင့် အမှန်တကယ် လက်ခံရရှိသော ပမာဏတို့ကို နှိုင်းယှဉ်ချိန်ထိုး၍ ရွှေခိုးထုတ်သော ကိစ္စကို သိရှိသွားပေလိမ့်မည်။ ဤတွင် မည်သည့်နေရာက ယိုစိမ့်၍ ထွက်နေသည်ကို လိုက်လံစုံစမ်းကြပေလိမ့်မည်။ ထိုကဲ့သို့ လိုက်လံစုံစမ်းသည်မှာ တစ်ပတ်၊ တစ်လဆိုသလို ကြာမြင့်တတ်ပြီး တစ်ခါတစ်ရံတွင်မူ တစ်နှစ်အထိ ကြာမြင့်တတ်ပေသည်။ ထိုယိုပေါက်ကို ရှာတွေ့သွားသည့်အခါ ရွှေခိုးထုတ်နေသော ဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးပြီး ရုံးတင်၍ တရားစွဲဆိုပေလိမ့်မည်။ ဤတွင် အပြစ်ရှိသူများသည်

ကြီးလေးသော ပြစ်ဒဏ်များကို ချမှတ်ခဲ့ကြရပေလိမ့်မည်။ သတ္တုတွင်းကုမ္ပဏီသည် ရွှေနီးပုနီးနည်းအား အခြားသတ္တုတွင်းများသို့ လက်ဆင့်ကမ်း အသိပေးပေလိမ့်မည်။ ဤတွင် သတ္တုတွင်း ကုမ္ပဏီအားလုံးသည် ခေတ္တမျှ ငြိမ်သက်သွားကြပြန်ပြီး ဘဏ်ကြီးရှင်တစ်ယောက် ထပ်မံပေါ်ပေါက်လာမည့် အချိန်ကို စောင့်စားကြရပြန်တော့သည်။

ရွှေတွင် ထူးခြားသော ဂုဏ်သတ္တိပေါင်း မြောက်မြားစွာ ရှိသည်။ ရွှေ၏ ထူးခြားသောအလေးချိန်၊ မည်သည့်အခါတွင်မှ ယိုယွင်းပျက်စီးခြင်းမရှိသော ဂုဏ်သတ္တိ စသည်တို့အပြင် လူသားများအား လောဘစိတ်နှင့် မောဟစိတ်တို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပေသေးသည်။

ရောဒ်သည် စီးကရက်ကို ထိုးချေပစ်လိုက်ပြီးနောက် ကိုယ်ကို ဘေးသို့ စောင်းလိုက်ပြီး အိပ်ရာဖုံးကို ပခုံးပေါ်သို့ ရောက်အောင် ဆွဲတင်လိုက်သည်။ ယခုရက်ပိုင်းတွင် သူ့ဦးနှောက်ထဲ၌ အမြဲရှိနေသော ပြဿနာကြီးကို သူ အိပ်မပျော်ခင် အချိန်ကလေးတွင် တွေးမိပြန်၏။

ဒီလန်နှင့် ညီအစ်ကိုနှစ်ယောက်သည် နှစ်ပတ်အတွင်း ပေ ၁၅၀၀ နီးပါး တူးနိုင်ခဲ့ကြသည်။ ဤနှုန်းထားနှင့်သာ ဆိုပါက သူတို့သည် ကျောက်ထရံကြီးဆီသို့ နောက်ထပ် ရက်သတ္တခုနှစ်ပတ်အကြာတွင် ရောက်ရှိသွားကြပေလိမ့်မည်။ ထိုအချိန်တွင် ရွှေနီးခရမ္မသည် မပြောပလောက်သော ပမာဏမျှသာ ဖြစ်နေပေရောမည်။

❐

[၄၆]

ရောဒ်အိုင်းရွန်းဆိုက်ဒ်က အိပ်ပျော်နိုင်အောင် ကြိုးပမ်းနေစဉ် ဘစ်ကင်းသည် သူ၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ဖီလီနွန်ဂါဘိုင်း (ခေါ်) ကို ခြေကျိုးနှင့်အတူ ပိုင်အရက်ကို သောက်နေသည်။

သူတို့နှစ်ယောက်သည် ဂျိုရိုဖီကို (ပိုင်အရက်) တစ်ဂါလန်ဝင်သော ကရားတစ်ခုနှင့် မီးအိမ်တစ်ခုကို နှစ်ယောက်အလယ်တွင် ချထားရင်း ပေါင်းခွမ်း

လုပ်ပြီးဖြစ်သော ကြိမ်ကုလားထိုင်စုတ်နှစ်လုံးနှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေကြသည်။ မိုင်းဖျက်ကြီးထဲမှ ဆိုးရွားလှသော လင်းနို့ချေးနံ့သည် ပိုင်၏ အရသာကို အထောက်အကူမပြုပါ။ သူတို့သည် ပိုင်အရက်ကို အရသာခံ၍ သောက်နေခြင်းမဟုတ်ဘဲ ရဲဆေးတင်လို၍ သောက်နေခြင်း ဖြစ်သောကြောင့် လင်းနို့ချေးနံ့က သူတို့အား အနှောင့်အယှက် သိပ်မဖြစ်စေခဲ့ပါ။

ကိုခြေကျိုးသည် ဘစ်ကင်းက လှမ်းပေးနေသော အပေါ်စား ဖန်ခွက်ထဲသို့ ပိုင်အရက်များကို လောင်းထည့်ပေးလိုက်ပြီး ပေါ်တူဂီလူမျိုး ဂျိုဆေး အယ်လ်မိုင်ဒါ၏ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားတို့အကြောင်း ဆက်လက်၍ ပယ်ပယ်နယ်နယ် ရှုတ်ချပြစ်တင်လိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားကို ပြောချင်နေခဲ့တာ လပေါင်းများစွာ ကြာခဲ့ပါပြီ။ ဒါပေမဲ့ ကျုပ်က အဲဒီလူကို မလှုပ်နိုင်အောင် ကိုင်နိုင်မယ့် အချိန်အထိ စောင့်နေခဲ့ပါတယ်။ ဒီလူဟာ ကျုပ်တို့ရဲ့ ကျွဲနွားတွေကို ခိုးစားနေတဲ့ ခြင်္သေ့ကြီးတစ်ကောင်လိုပဲ၊ ညကျရင် သူ့ဟောက်သံ ဟိန်းသံတွေကို ကြားနေရတယ်၊ မနက်ကျရင် သူ့ခြေရာတွေနဲ့ ကျုပ်တို့ ကျွဲနွားတွေ သေနေတာကိုပဲ တွေ့ရတယ်။ ဒါပေမဲ့ အဲဒီခြင်္သေ့ကိုတော့ တစ်ခါမှ ရင်ဆိုင်မတွေ့ကြရသလိုပဲ"

ဘစ်ကင်းသည် ဂျိုရိုဖီကိုပိုင်အရက်ကို ရေသောက်သလို သောက်ရင်း စကားပြောကောင်းသော ကိုခြေကျိုး၏ စကားကို အရသာခံ၍ နားထောင်နေသည်။ ထိုခြေကျိုးကလည်း ဘစ်ကင်း၏ ဖန်ခွက်ကို ထပ်တလဲလဲ ဖြည့်ပေးနေသည်။

"ဒီတော့ ကျုပ်က ကိုယ့်ကိုယ်ကို ပြန်ပြီး ဝေဖန်ဆွေးနွေးရတယ်၊ ဒီမှာ ကိုယ့်လူ၊ ဒီလူဖြူကို မင်းက သံသယရှိတယ် ဆိုရုံနဲ့ မလုံလောက်ဘူး၊ သူ မဟုတ်တာ လုပ်နေတယ်ဆိုတာ မျက်စိနဲ့ တပ်အပ် မြင်တွေ့ရဖို့ လိုတယ်"

"ဘယ်လိုလုပ်မှာလဲ ကိုခြေကျိုးရဲ့"

ဘစ်ကင်း၏ လေသံသည် အာလေးလျှာလေး ဖြစ်လာလေပြီ။ ကရားထဲမှ ပိုင်အရက်ပမာဏကလည်း ခပ်မှန်မှန်လျော့နည်းနေသည်ဖြစ်ရာ ယခုအချိန်တွင် ထက်ဝက်ပင်မရှိတော့ချေ။

"ကျုပ်တို့က အဲဒီငတိကို ဘယ်လိုဆုံးမရမလဲ ဆိုတာကိုသာ ပြော"

ဘစ်ကင်းသည် ငှက်ပျောသီးတစ်ခိုင်လောက်ရှိသော သူ့လက်သီးဆုပ်ကြီးကို ပြလိုက်၏။

"ကျုပ်က ..."

"မဟုတ်သေးဘူး၊ ဘစ်ကင်း"

ကိုခြေကျိုး အကြီးအကျယ် စိတ်ပျက်သွားသည်။

"ခင်ဗျားက ဒီလူကို အနာတရဖြစ်အောင် လုပ်လို့မဖြစ်ဘူး၊ ဒါဆိုရင် ကျုပ်တို့ရွှေတွေကို ဘယ်နေရာမှာ သွားပြီး ရောင်းရမှာလဲ၊ သူက ကျုပ်တို့ကို လိမ်ညာနေတယ်ဆိုတာ သက်သေပြရမယ်၊ ကျုပ်တို့က အဲဒါကို သိတယ်ဆိုတဲ့ အကြောင်း သူ့ကို အသိပေးရမယ်၊ အဲဒီနောက်ပိုင်းကျရင် အလျှင်ကလိုပဲ ဆက်ပြီး စခန်းသွားကြမယ်၊ ဒါပေမဲ့ သူက ကျုပ်တို့ကို အပြည့်အဝ ပေးရလိမ့်မယ်"

ဘစ်ကင်းသည် ထိုကိစ္စကို အတန်ကြာအောင် စဉ်းစားလိုက်၏။ နောက်ဆုံးတွင် ဝမ်းနည်းပန်းနည်း သက်ပြင်းချလိုက်လေသည်။

"မင်း မှန်တယ် ကိုခြေကျိုး၊ ဒါပေမဲ့ ကျုပ်က သူ့ကို ဟောဒီလို လုပ်ချင်တုန်းပဲ ..."

ဘစ်ကင်းက လက်သီးဆုပ်ကြီးကို ထပ်ပြလိုက်ရာ ကိုခြေကျိုးက ကမန်းကတန်း ဆက်ပြောရတော့သည်။

"ဒီတော့ ကျုပ်က ဂျိုဟန်နာစဘတ်ခ်မြို့က 'ကတ္တား' ကုမ္ပဏီမှာ ယာဉ်မောင်းအဖြစ် အလုပ်လုပ်နေတဲ့ ကျုပ် ညီတော်မောင်ဆီကို လူလွှတ်ပြီး အကြောင်းကြားလိုက်တယ်၊ ကျုပ်ညီက ကတ္တားကုမ္ပဏီက ရှစ်အောင်စလေးတဲ့ အလေးတစ်ခုကို ယူလာတယ်"

ကိုခြေကျိုးသည် သူ့အိတ်ထဲမှ ပိုက်လုံးပုံသဏ္ဌာန် 'အလေး' တစ်ခုကို ထုတ်ယူပြီး ဘစ်ကင်းအား ပေးလိုက်ရာ ဘစ်ကင်းက စိတ်ဝင်တစား လေ့လာလိုက်သည်။

"ဒီကနေ့ညကျရင် ခင်ဗျား ယူသွားတဲ့ ရွှေတွေကို ပေါ်တူဂီလူမျိုးက ချိန်တွယ်ပြီးစီးသွားတဲ့အခါမှာ ခင်ဗျားက သူ့ကို 'ကဲ မိတ်ဆွေကြီး၊ ဟောဒါကို ခင်ဗျား ချိန်ခွင်ပေါ်မှာ ချိန်ကြည့်ပေးပါ'လို့ ပြော၊ အဲဒီနောက်တော့ ခင်ဗျားက သူ့ချိန်ခွင် မှန်မမှန် စစ်ဆေးပါ။ နောက်ပိုင်းကျရင် ကျုပ်တို့က သူ့ကို ရွှေမရောင်းခင် သူ့ချိန်ခွင်ပေါ်မှာ ဟောဒီအလေးနဲ့ ပထမဦးဆုံးအကြိမ်အဖြစ် ချိန်ကြည့်ရလိမ့်မယ်"

"သိပ်ကောင်းတယ်ကွာ"

ဘစ်ကင်းက တဟားဟား ရယ်လိုက်သည်။

"ကိုခြေကျိုး၊ မင်းကတော့ တကယ်တော်တဲ့ ပုဂ္ဂိုလ်ပဲကွာ"

*

ဘစ်ကင်း၏ မျက်လုံးများသည် မှုန်မှိုင်းနေပြီး နီရဲနေကြသည်။ ဂျိုရိုဇီကိုသည် အလွန်ပြင်းသော ဝိုင်အရက်ဖြစ်သည့်အပြင် သူသည် တစ်ဂါလန်နီးပါးသောက်ခဲ့သည်။ သူသည် ပေါ်တူဂီလူမျိုး ဂျိုဆေးအယ်လ်မိုင်ဒါ၏ စတိုးဆိုင်နောက်ဘက် အခန်းကလေးထဲတွင် ထိုင်နေပြီး အယ်လ်မိုင်ဒါက ရွှေမှုန်များကို ရတနာချိန်ခွင်မှ ခွက်ကလေးထဲသို့ လောင်းထည့်နေသည်ကို ကြည့်နေသည်။ ထိုအပုကလေးသည် သူတို့၏ ဦးခေါင်းပေါ်၌ရှိသော မီးလုံးတစ်လုံးတည်း၏ အလင်းရောင်အောက်တွင် ခပ်မှိန်မှိန်တောက်နေသော အဝါရောင် ပီးရမစ်ကလေးသဖွယ် ဖြစ်နေသည်။

အယ်လ်မိုင်ဒါက ပြောလိုက်၏။

"တစ်ရာနှစ်ဆယ့်သုံးအောင်စ"

သူက အတည်ပြုချက် ရယူလိုဟန်နှင့် ဘစ်ကင်းအား မော့ကြည့်လိုက်၏။ ဆီရွှဲနေသော ဆံပင်တစ်ခွေသည် အယ်လ်မိုင်ဒါ၏ နဖူးပေါ်သို့ ကျနေသည်။ သူ့မျက်နှာသည် နေရောင်ခြည်နှင့် ထိတွေ့မှု နည်းသောကြောင့် ဖြူဖပ်ဖြူရော်ဖြစ်နေရာ တိုနံ့နံ့မုတ်ဆိတ်မွေးများသည် ဖြူနေသောမျက်နှာကြောင့် ထင်းထင်းကြီး ပေါ်နေလေတော့သည်။

"ဟုတ်ပါတယ်"

ဘစ်ကင်းက ခေါင်းညိတ်လိုက်၏။ ဝိုင်အရက်ကြောင့် လည်ချောင်းထဲမှ ဖျိုတက်လာသော လေချဉ်အနံ့သည် သူ့ရှေ့၌ ထိုင်နေသော ပုဂ္ဂိုလ်ကဲ့သို့ပင် အော်ဂလီဆန်စရာကောင်းလှပေသည်။ ဘစ်ကင်းက ကြို့တစ်ချက်ထိုးလိုက်၏။

အယ်လ်မိုင်ဒါသည် ချိန်ခွင်မှ ခွက်ကလေးကို မယူလိုက်ပြီး ရွှေမှုန်များကို ပုလင်းထဲသို့ စိတ်ရှည်လက်ရှည် လောင်းထည့်လိုက်သည်။

"ကျုပ်ငွေသွားယူမယ်"

အယ်လ်မိုင်ဒါသည် ကုလားထိုင်ပေါ်မှ ထစပြုသည်။

"နေဦး"

ဘစ်ကင်းက ပြောလိုက်ရာ ထိုပေါ်တူဂီလူမျိုးသည် အနည်းငယ်အံ့အား သင့်ဟန်နှင့် ပြန်ကြည့်လိုက်၏။

ဘစ်ကင်းသည် ကုတ်အင်္ကျီအိတ်ထဲမှ 'အလေး'ကို ထုတ်ယူလိုက်ပြီး စားပွဲပေါ်တွင် တင်လိုက်သည်။

"အဲဒါကို ခင်ဗျား ချိန်ခွင်နဲ့ ချိန်စမ်းပါ"

ဘစ်ကင်းက ပေါ်တူဂီဘာသာနှင့် ပြောလိုက်၏။

အယ်လ်မိုင်ဒါသည် ထိုအလေးကို ကြည့်လိုက်ပြီးနောက် ဘစ်ကင်း၏ မျက်နှာအား ပြန်ကြည့်လိုက်၏။ သူသည် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်ပြီး နဖူးပေါ်မှ ဆံပင်ခွေကို လက်နှင့် သပ်၍ ပြန်တင်လိုက်သည်။ သူက စကားပြောလိုက်၏။ သို့ရာတွင် သူ့အသံသည် အက်ကွဲနေသောကြောင့် လည်ချောင်းကို ရှင်းလိုက်ရသည်။

"ဘာဖြစ်လို့လဲ၊ တစ်ခုခု မှားယွင်းနေလို့လားဗျာ"

ရုတ်ခြည်းဆိုသလိုပင် သူသည် သူ့ရှေ့၌ ထိုင်နေသော ပုဂ္ဂိုလ်၏ ကာယဗလကို သတိထားလိုက်မိတော့သည်။ ထိုပုဂ္ဂိုလ်၏ ပါးစပ်မှ အရက်နံ့ ကိုပင် ရှုနေရလေပြီ။

"အဲဒါကို ချိန်လေ"

ဘစ်ကင်း၏လေသံသည် ဒေါသသံမပါဘဲ တည်ငြိမ်နေသည်။ သူ့မျက်နှာ ပေါ်တွင် မည်သည့်အမူအရာမှ မရှိပါ။ သို့ရာတွင် မှုန်မှိုင်းပြီး နီရဲနေသော မျက်လုံးများကမူ လူသတ်ချင်စိတ် ပေါက်နေပုံရသည်။

အယ်လ်မိုင်ဒါသည် ဖြုန်းခနဲ ကြောက်စိတ်ဝင်သွားမိသည်။ သိပ်ကို ကြောက်လန့်သွားမိသည်။ သူ့ချိန်ခွင် မှားနေကြောင်း ပေါ်ပေါက်လာပါက မည်သို့မည်ပုံ ဖြစ်လာလိမ့်မည်ကို သူအတပ်သိနေသည်။

"ကောင်းပြီလေ"

အယ်လ်မိုင်ဒါက ပြောလိုက်၏။ သူ့အသံသည် အတင်းအဓမ္မလုပ်ပြော ရသော အသံဖြစ်သည့်အပြင် ကြောင်စီစီဖြစ်နေသည်။ ပစ္စတိုသည် သူ့ညာဘက် ဒူးနံဘေးရှိ အံဆွဲထဲတွင် ရှိနေသည်။ ထိုသေနတ်ထဲ၌ ကျည်ဆန်အပြည့်ရှိသည့် အပြင် ပြောင်းထဲ၌ ကျည်ဆန်တစ်တောင့် အဆင်သင့် ရှိနေသည်။ မောင်းထိန်း ခလုတ်ကိုမူ တင်ထားသည်။ သို့ရာတွင် မောင်းထိန်းခလုတ်ကို တင်ထားမိသည် ကိစ္စက သူ့အား အနည်းငယ်မျှသာ နှောင့်နှေးစေလိမ့်မည်။ သူသည် ထိုသေနတ်

ကို လက်ထဲတွင် ဆုပ်ကိုင်လိုက်နိုင်သည်နှင့် တစ်ပြိုင်နက် အခြေအနေကို ထိန်းသိမ်းထားနိုင်မည် ဖြစ်သဖြင့် ပစ်ခတ်ရန်ပင် လိုတော့မည် မဟုတ်ကြောင်း သူ သိပါသည်။

အကယ်၍ သူက ပစ်ခတ်ရသည် ဆိုပါကလည်း ပြောင်းဝအကျယ် ဒသမ လေးဆယ်ငါးရှိသော သေနတ်ဖြစ်သောကြောင့် ကြီးမားသော ထိုကျည်ဆန် က ယခုလို ဘန်တုလူမည်းလူဘိလူးကြီးတစ်ယောက်ကိုပင် ဟန့်တားထား နိုင်ပေလိမ့်မည်။ 'ဒါ ကိုယ်ကိုယ်ကို ခုခံကာကွယ်မှုပဲ'ဟု သူက သွေးရူး သွေး တန်း တွေးလိုက်၏။ သူနိုးတစ်ယောက်ကို သူက ရုတ်တရက် ဝင်ဖမ်းလိုက် သောကြောင့် ထိုသူနိုးက ပြန်လည်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ခုခံခဲ့ရသည်။ ကိုယ်ကိုယ်ကို ခုခံကာကွယ်မှုပင်တည်း။ ထိုပုံစံအတိုင်းဆိုလျှင် ဖြစ်နိုင်သည်။ သူတို့က အယ်လ်မိုင်ဒါအား ယုံကြည်ကြပေလိမ့်မည်။

ဒါပေမဲ့ ပစ္စတိုကို ဘယ်လိုရအောင် ယူမလဲ၊ အံဆွဲထဲက မသိမသာ နိုးကြောင်နိုးဝှက်နှင့် ထုတ်ယူမလား။ ဒါမှမဟုတ် ဖြုန်းခနဲ ဆွဲနှိုက်ယူမလား။

သူတို့နှစ်ယောက်အကြားတွင် စားပွဲတစ်လုံး ရှိနေသည်။ သူ ဘာလုပ် လိုက်သည် ဆိုတာကို ထိုလူမည်းက ရုတ်တရက် သိလိုက်မည်မဟုတ်။ ထို့ အတူ စားပွဲနောက်ဘက်သို့ ကျော့လာရမည် ကိစ္စကလည်း နည်းနည်းတော့ ကြာပေလိမ့်မည်။ သူ့အတွက် အချိန်အများကြီး ရှိပါမည်။

အယ်လ်မိုင်ဒါသည် အံဆွဲလက်ကိုင်ကို ကိုင်၍ ဝုန်းခနဲ ဆွဲဖွင့်လိုက် ၏။ အမေရိကန် ရေတပ်မတော်က သုံးစွဲသော ပစ္စတိုသေနတ်ဒင်ကို အယ်လ် မိုင်ဒါက သွေးရူးသွေးတန်း ဆုပ်ကိုင်လိုက်စဉ် သူ့လက်သည်းများသည် အံဆွဲ ကြမ်းပြင်တွင် ခြစ်မိသွားကြသည်။ ၎င်းနောက် အယ်လ်မိုင်ဒါသည် ပစ္စတို သေနတ်ဒင်ကို ဝမ်းသာအားရနှင့် ကိုင်လိုက်မိတော့သည်။

ဘစ်ကင်းသည် တောင်ပြိုကျလာသည့်ပမာ စားပွဲပေါ်သို့ ဝုန်းခနဲ ခုန် အုပ်လိုက်၏။ ရွှေချိန်သောချိန်ခွင်နှင့် ရွှေမှုန့်ထည့်ထားသော ပုလင်းတို့သည် ကြမ်းပေါ်သို့ ကျသွားကြလေတော့သည်။

ပစ္စတိုကို လက်ထဲ၌ ကိုင်ရင်း ကုလားထိုင်ပေါ်တွင် ထိုင်လျက်သား ရှိနေသော အယ်လ်မိုင်ဒါသည် ဘစ်ကင်း၏ ခုန်အုပ်မှုကြောင့် ကုလားထိုင်နှင့် အတူ နောက်ဘက်သို့ လဲကျသွားသည်။ ဘစ်ကင်းသည် အယ်လ်မိုင်ဒါ၏ ခန္ဓာကိုယ်ပေါ်တွင် ရောက်နေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဘစ်ကင်း

သည် အရှေ့အာဖရိကရှိ ပေါ်တူဂီပိုင်နယ်မြေထဲတွင် အမဲလိုက်သော အဖွဲ့တစ်ဖွဲ့နှင့်အတူတူ နေခဲ့ရဖူးသည်။ သူသည် တိရစ္ဆာန်များ၏ ကိုယ်ပေါ်မှ သေနတ်ဒဏ်ရာများကို မြင်ဖူးခဲ့သည်။

အယ်လ်မိုင်ဒါ၏ လက်ထဲမှ သေနတ်ကို သဲသဲကွဲကွဲ သတိပြုလိုက်မိသည်နှင့် တစ်ပြိုင်နက် ဘစ်ကင်းသည် အယ်လ်မိုင်ဒါကဲ့သို့ပင် ကြောက်စိတ်ဝင်သွားမိတော့သည်။ ကြောက်စိတ်က ဘစ်ကင်းအား လျင်မြန်စွာ လှုပ်ရှားအောင် သွေးထိုးပေးလိုက်သလို ပေါ်တူဂီလူမျိုး၏ ခန္ဓာကိုယ်ပေါ်၌ ရှိနေစဉ် ရက်ရက်စက်စက် တိုက်ခိုက်အောင် မောင်းတင်ပေးလိုက်လေသည်။

သူသည် ပစ္စတိုကိုကိုင်ထားသော အယ်လ်မိုင်ဒါ၏ လက်ကို လက်ကောက်ဝတ်မှ ဆုပ်ကိုင်ထားပြီး သေနတ်ကို လွှတ်ချအောင် ကြိုးပမ်းနေသည်။ ဘစ်ကင်းသည် အယ်လ်မိုင်ဒါ၏ လည်ပင်းကို ညာဘက်လက်နှင့် ဖိထားသည်။ သူသည် အလိုအလျောက်ဆိုသလိုပင် လက်နှစ်ဖက်စလုံး၌ သူ့ခွန်အားကို အပြည့်အဝ အသုံးပြုလိုက်မိလေသည်။

ဘစ်ကင်းသည် သူ ဆုပ်ကိုင်ထားသော ညာဘက်လက်အောက်ဘက်၌ ရွတ်ခနဲမြည်၍ ကျိုးသွားသော အသံတစ်သံကို ကြားလိုက်ရပြီးနောက် သူ့လက်ချောင်းများသည် တဆတ်ဆတ်တုန်နေသော အသားထဲသို့ ပိုမို၍ ဖျစ်ညှစ်လိုက်မိကြသည်။ ပစ္စတိုသေနတ်သည် ရုတ်တရက် ပျော့ခွေသွားသောလက်ထဲမှ လွှတ်ကျသွားပြီး ကြမ်းပေါ်တွင် လျှောပါသွားပြီးနောက် နံရံနှင့် ဒုတ်ခနဲ ထိ၍ ရပ်တန့်သွားတော့သည်။

ထိုအချိန်ကျမှသာ စိတ်လွတ် ကိုယ်လွတ် ဖြစ်သွားသော ဘစ်ကင်းသည် အသိတရား ပြန်လည်ရရှိလာသည်။ ပေါ်တူဂီလူမျိုး အယ်လ်မိုင်ဒါသည် သူ့အောက်ဘက်၌ ငြိမ်သက်စွာ ရှိနေကြောင်း ရုတ်တရက် သတိပြုလိုက်မိသည်။ သူက ဆုပ်ကိုင်ထားသည့် လက်များကို လွှတ်ပေးလိုက်ပြီး ဒူးထောက်၍ ထလိုက်၏။ ပေါ်တူဂီလူမျိုး အယ်လ်မိုင်ဒါ သေဆုံးခဲ့လေပြီ။ သူ့လည်ပင်းသည် လိမ်ပြီး ကျိုးနေသည်။ သူ့မျက်လုံးများသည် အံ့အားသင့်ဟန်ဖြင့် ပြူးတူးပြဲတဲ ဖြစ်နေသည်။ ထို့ပြင် နှာခေါင်းထဲမှ ထွက်ကျလာသော သွေးအနည်းငယ်သည် အယ်လ်မိုင်ဒါ၏ အပေါ်နှုတ်ခမ်းပေါ်တွင် စွန်းထင်းနေသည်။

ဘစ်ကင်းသည် ကြောက်စရာကောင်းအောင် ကားကားစန့်စန့်ကြီး ရှိနေသော အလောင်းကောင်ကြီးကို စိုက်ကြည့်ရင်း တံခါးဆီသို့ နောက်ဆုတ်

နောက်ဆုတ်နှင့်လာခဲ့သည်။ တံခါးပေါက်ဆီသို့ သူရောက်ရှိသွားသောအခါ ထွက်ပြေးချင်သောစိတ်ကို ချိုးနှိမ်ရင်း ခေတ္တမျှ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ သူက ထွက်ပြေးချင်သောစိတ်ကို ချိုးနှိမ်လိုက်ပြီးနောက် စားပွဲဆီသို့ ပြန်သွားပြီး စားပွဲနံဘေးတွင် ဒူးထောက်လိုက်သည်။ ပထမဦးစွာ သူသည် ပြဿနာဖြစ်စေခဲ့သော 'အလေး'ကလေးကို ကောက်ယူလိုက်ပြီး အိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် ကြမ်းပြင်ပေါ်တွင် ကြဲပြန့်သွားသောရွှေမှုန်များနှင့် ပုလင်းကွဲအစအနတို့ကို တံမြက်စည်းနှင့် စတင်၍ လှည်းတော့သည်။ သူသည် ထိုပစ္စည်းများကို စားပွဲပေါ်တွင် ရှာတွေ့ရသောစာအိတ်များထဲသို့ သတ်သတ်စီ ထည့်လိုက်၏။ ထို့နောက် ဆယ်မိနစ်ကြာသောအခါ သူသည် နောက်ဘက်တံခါးမှ လှစ်ခနဲ ထွက်လိုက်ပြီး ညအမှောင်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားလေတော့သည်။

❐

[၄၇]

ဘစ်ကင်းက သတ္တုတွင်း ဟိုစတယ် (အဆောင်)သို့ ကမန်းကတန်း ပြန်လာနေချိန်တွင် ရော့ဒ်အိုင်းရှန်းဆိုက်ဒ်သည် အိပ်ရာဖုံးများ လုံးထွေးကြေမွနေပြီး ချွေးများနှင့် ရွှဲရွှဲစိုနေသော အိပ်ရာပေါ်တွင် အငြိမ်မနေနိုင်ဘဲ တလူးလူးတလွန့်လွန့် ရှိနေသည်။ သူသည် ထမင်းလုံးတစ္ဆေခြောက်သလို ဆိုးရွားလှသော အိပ်မက်ထဲမှ ရုန်းထွက်၍ မပြေးနိုင်အောင် ပိတ်မိနေသူ ဖြစ်သည်။ သူမက်နေသော ထမင်းလုံးတစ္ဆေအိပ်မက်မှာ မှန်ချပ်ကြီးတစ်ချပ်၏ နောက်ဘက်၌ ရှိနေသော အဆုံးအစမရှိသည့် အစိမ်းရောင်အခိုင်အခဲကြီး တစ်ခုပင်တည်း။ တိုးလျှိုပေါက်မြင်နိုင်သော အလင်းမှုန် အစိမ်းရောင်အခိုင်အခဲကြီးသည် ရေခဲတမျှ အေးစက်နေကြောင်း သူသိသလို ထိုအခိုင်အခဲကြီးထဲတွင် လင်းလက်နေသော အလင်းရောင်များကို မြင်နေရသဖြင့် သူသိပ်ကြောက်နေမိသည်။

ဖြန်းခနဲဆိုသလို ထိုမှန်ချပ်ကြီးပေါ်တွင် ဆံပင်ချည်ခန့်သာရှိသော အက်ကြောင်းကလေးတစ်ခု ပေါ်လာပြီး ထိုအက်ကြောင်းကလေးထဲမှ အစက်ကလေးတစ်စက် ကျလာသည်။ နှင်းသီးပုံစံ ထိုအစက်ကလေးသည် ကျောက်မျက်ရတနာတစ်ခုပမာ တလက်လက်တောက်နေသည်။

ထိုမြင်ကွင်းသည် ရောဒ်၏ ဘဝတစ်သက်တာတွင် ကြောက်စရာအကောင်းဆုံး မြင်ကွင်းပင် ဖြစ်သည်။ သူသည် အိပ်ပျော်နေစဉ်မှာပင် ယောင်ယမ်း၍ သူ့လူများအား သတိပေးရန် အော်ဟစ်လိုက်မိသည်။ သို့ရာတွင် မှန်ပေါ်မှ အက်ကြောင်းကလေးသည် တဖြည်းဖြည်းနှင့် ပို၍ ပို၍ များလာသလို အစက်ကလေးသည် မှန်ချပ်ကြီးပေါ်မှ လျှောကျလာသည်။ ထို့နောက် တစ်စက်ပြီးတစ်စက် ထပ်မံ ကျဆင်းလာကြသည်။ ဖြန်းခနဲ ဆိုသလိုပင် မှန်အကွဲစကြီးတစ်စသည် မှန်ချပ်ကြီးထဲမှ ဝုန်းခနဲ ပြုတ်ထွက်လာလေရာ ထိုမှန်ချပ်ထဲမှ အမြုပ်ထနေသော ရေများ ပန်းထွက်လာချိန်တွင် ရောဒ်သည် ငယ်သံပါအောင် ဆူဆူညံညံ အော်လိုက်မိလေတော့သည်။

မှန်ချပ်ကြီးတစ်ချပ်လုံးသည် ဝုန်းခနဲ မြည်ဟည်း၍ ပြိုကျလာသည်သာမက တောင်ကြီးတစ်လုံးပမာ ကြီးမားလှသော အစိမ်းရောင် ရေလှိုင်းလုံးကြီးသည် သူ့ခန္ဓာကိုယ်ပေါ်သို့ တရှဲရှဲမြည်ရင်း ပြိုကျလာလေသည်။

သူ့တစ်ကိုယ်လုံး ချွေးစို့ရွှဲနေသော ရောဒ်သည် နှုတ်က အလန့်တကြား အော်ဟစ်ရင်း အိပ်ရာပေါ်တွင် ဖြန်းခနဲ ထထိုင်လိုက်မိပြီး အိပ်ရာက နိုးလာလေတော့သည်။ သူသည် တဒုန်းဒုန်းခုန်နေသော နှလုံးကို ငြိမ်သွားအောင် မိနစ်ပေါင်းများစွာ အချိန်ယူ၍ ထိန်းလိုက်ရသည်။ ထို့နောက် ရောဒ်သည် ရေချိုးခန်းဆီသို့ လျှောက်သွားလေသည်။ ရောဒ်သည် ဖန်ခွက်ထဲတွင် ရေဖြည့်ထည့်လိုက်ပြီးနောက် မီးရောင်တွင် ထောင်ကြည့်လိုက်၏။

"အဲဒီနေရာမှာ ရေတွေရှိနေတယ်ဆိုတာ ငါသိပါတယ်၊ အဲဒီနေရာမှာ ရေတွေ ရှိနေတယ်"

ရောဒ်သည် ရေရွှတ်မြည်တမ်းလိုက်ပြီးနောက် ဖန်ခွက်ထဲက ရေကို သောက်ချလိုက်၏။

အဝတ်အစားမပါ ဗလာကျင်းနေသော ရောဒ်သည် ရေခွက်ကို နှုတ်ခမ်းတွင် ထိကပ်၍ မတ်တတ်ရပ်နေရင်းကပင် စိတ်ကူးတစ်ခုကို တွေးလိုက်မိသည်။ ဤကိစ္စမျိုးကို ယခင်က မည်သူကမျှ မကြံစားခဲ့ဖူးကြပါ။ သို့ရာတွင် ထိုစဉ်ကလည်း မည်သူကမျှ မဟာယောက်ျားကြီးလို ကြောက်စရာကောင်းသော မရဏထောင်ချောက်ကို ထွင်းဖောက်ရန် ကြံစည်ခဲ့ကြခြင်း မရှိပါ။

"ပစ္စည်းတွေကို သယ်ထုတ်တဲ့ ပင်မသယ်ယူရေး ဥမင်လိုင်ခေါင်းခေါင်မိုးမှာ ကျူထရံဖျာရက်သလို စိပ်စိပ်ကလေးဖောက်ပြီး ယမ်းဘီလူးတွေကို သွင်းထားမယ်။ အဲဒီကိစ္စကို ဒီလန့်ချ်ညီအစ်ကိုတွေကို ခုချက်ချင်း လုပ်နိုင်းလိုက်မယ်၊ အဲဒီနောက်ပိုင်းကျရင် ငါက ဥမင်လိုင်ခေါင်းကို ပိတ်ပစ်ချင်တဲ့အချိန်မှာ ယမ်းဘီလူး ကျူထရံကွက်ကို ဖောက်ခွဲပြီး ဥမင်လိုင်ခေါင်းတစ်ခုလုံးကို ပိတ်ပစ်လိုက်နိုင်မယ်"

ရောဒ်သည် ထူးထူးခြားခြား စိတ်သက်သာရာ ရရှိသွားသောကြောင့် တအံ့တသြ ဖြစ်သွားမိသည်။ ထိုကိစ္စက သူ့အား မည်မျှမည်မျှ စိတ်ဒုက္ခပေးခဲ့သည်ကို သူ သိပါသည်။ သူသည် အိပ်ခန်းဆီသို့ ပြန်သွားပြီး အိပ်ရာခင်းများကို စန့်သွားအောင် ပြုပြင်လိုက်၏။ သို့တိုင်အောင် သူသည် အလွယ်တကူ အိပ်မရခဲ့ပါချေ။ သူ့စိတ်ကူးများမှာ များပြားလွန်းလှသည်အပြင် စိတ်ကူးစိတ်သန်းအမျိုးမျိုးသည် သူ့ဦးခေါင်းထဲ၌ ပျားပန်းခပ်သလို ဖြစ်ပေါ်နေကြသည်။ နောက်ဆုံးတွင် သူ့အာရုံထဲ၌ တယ်ရီစတိုင်းနား၏ ရုပ်ပုံလွှာသည် ဖြန်းခနဲ ပေါ်ပေါက်လာလေတော့သည်။

သူသည် တယ်ရီစတိုင်းနားနှင့် မတွေ့ရသည်မှာ ရက်သတ္တနှစ်ပတ်ခန့် ရှိခဲ့လေပြီ။ မင်းဖရက် ဥရောပတိုက်မှ ပြန်လာပြီးကတည်းကပင် ဖြစ်သည်။ သူသည် တယ်ရီစတိုင်းနားနှင့် တယ်လီဖုန်းပေါ်တွင် နှစ်ကြိမ် ခပ်သုတ်သုတ် စကားပြောခဲ့ရသည်။ စကားပြောပြီးတိုင်း မကျေမနပ် ဖြစ်ခဲ့ရသည်။ သူသည် တယ်ရီစတိုင်းနားကို သတိရကြောင်း ပို၍ပို၍ ထင်ရှားလာသည်။

သူသည် ယားချွပင် မကုတ်နိုင်အောင် အလုပ်ရှုပ်လှသော ရာထူးသစ်ကြောင့် ဂျိုဟန်နာစဘတ်ခ်မြို့သို့ ခွန်ခွန်စားစားနှင့် မသွားဖြစ်ခဲ့ခြင်း ဖြစ်သည်။

"ဒီမှာကိုယ်လူ၊ မင်းကိုယ်မင်း ထိန်းသိမ်းဖို့ တော်လောက်ပြီကွာ၊ မိန်းမတစ်ယောက်အတွက် ဒီလောက်တော့ အရူးအမူးမဖြစ်သင့်ပါဘူး၊ နောက်တစ်ကြိမ်ဘယ်တော့မှ အဖျော်မကြူးပါဘူးလို့ မင်းထားခဲ့တဲ့ ကတိကိုလည်း သတိရပါဦး၊ ရှမ်းဆိုက်ဒ်ရာ"

ရောဒ်သည် ခေါင်းအုံးကို ချိုင့်သွားအောင် လက်သီးနှင့် ထိုးလိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်လေတော့သည်။

တယ်ရီသည် ငြိမ်သက်စွာ လဲလျောင်းရင်း စိတ်ညစ်နေမိသည်။ နံနက် တစ်နာရီပင် ကျော်ခဲ့လေပြီ။ တယ်ရီ ထံသို့ မင်းဖရက်ဆောင်တော်ကူး၍ လာလေ့ရှိသော ညမျိုးပင် ဖြစ်သည်။ သူ မကြာခင် ရောက်ရှိလာပေတော့မည်။ တယ်ရီ၏ ဝမ်းဗိုက်ထဲမှ အော်ဂလီဆန်သော ခံစားမှုမျိုး ဖြစ်ပေါ်လာသည်။

ကားလမ်းပေါ်မှ မောင်းလာသော မော်တော်ကားသံကို ကြားရချိန်တွင် တယ်ရီသည် အလွန်စိတ်မချမ်းမသာ ဖြစ်နေသည်။

တယ်ရီသည် သူ့အိပ်ခန်းထဲ၌ လှုပ်ရှားနေသော မင်းဖရက်၏ အသံကို ကြားလိုက်ရသည်တွင် ဖြန့်ခနဲ ထထိုင်လိုက်မိ၏။ တယ်ရီ သွေးရူးသွေးတန်း ဖြစ်နေလေပြီ။

သူ့အိပ်ခန်းတံခါး ဖြည်းညင်းစွာ ပွင့်လာသည်။

"မင်းဖရက်လား"

တယ်ရီက စူးစူးဝါးဝါး လှမ်းမေးလိုက်၏။

"ကိုယ်ပါ၊ မကြောက်ပါနဲ့ကွာ"

မင်းဖရက်သည် တယ်ရီ၏ အိပ်ရာနားသို့ ခပ်သွက်သွက် ချဉ်းကပ်လာသည်။

တယ်ရီက လွှတ်ခနဲ ပြောချလိုက်၏။

"မင်းဖရက်၊ ကျွန်မ ဒီလ နည်းနည်းစောတယ်၊ ဝမ်းနည်းပါတယ်ရှင်"

မင်းဖရက် တုံ့ခနဲ ရပ်တန့်သွားသည်။ နောက်ဆုံးတွင် မင်းဖရက်က ပြောလိုက်၏။

"အိုး ...၊ ကိုယ်က မင်းကို ပြောစရာတစ်ခုရှိလို့ လာခဲ့တာပါကွာ"

မင်းဖရက်သည် သူလာရသည့်အကြောင်းရင်းကို ဆင်ခြေဆင်လက်ပေးရန် အနည်းငယ် တုံ့ဆိုင်းသွားသည်။

"ကိုယ် ငါးရက်ခရီးသွားစရာ ရှိတယ်ဆိုတာ ပြောမလို့၊ ကိုယ်သောကြာနေ့မှာ ခရီးထွက်မယ်၊ ကိုယ် ဒါဘန်းနဲ့ ကိပ်ပ်တောင်းကို သွားစရာ ကိစ္စပေါ်လာလို့"

"ရှင့်အတွက် ကျွန်မက ထုပ်ပိုးပေးပါမယ်လေ"

"ဘာပြောတယ် ... သြော် ...၊ အင်း ...၊ ကျေးဇူးတင်ပါတယ်"

မင်းဖရက်သည် ခြေထောက်ကို လှုပ်ရှားလိုက်၏။

"ဒါဆိုရင်"

သူ တွန့်ဆုတ်ဆုတ် ဖြစ်သွားပြန်သည်။ ထို့နောက် ဆတ်ခနဲ ငုံ့လိုက်ပြီး တယ်ရီ၏ ပါးပြင်ကို သူ့နှုတ်ခမ်းနှင့် ပွတ်လိုက်သည်။

"ဂွတ်နိုက်၊ သီရေဇာ"

"ဂွတ်နိုက်၊ မင်းဖရက်"

ရောဒ်နှင့် တွေ့ရတော့မည်ဟု တွေးမိသော တယ်ရီသည် ဝမ်းသာသွားလေတော့သည်။

❒

[၄၈]

တောင်အာဖရိကနိုင်ငံ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဌာနမှ စုံထောက် အင်စပိတ်တော် ဟန်းနက် ဂရောစ်ဘီလားသည် တယ်လီဖုန်းစကားပြောခွက်ကို လက်ကိုင်ပဝါနှင့် အုပ်၍ ကိုင်ရင်း ကုလားထိုင်ခွန်းတွင် ထိုင်၍ စကားပြောနေသည်။ သူသည် ဦးထုပ်ကို နောက်စေ့ပေါ်တွင် တဲတဲကလေး တင်ထားသည်။ ဂရောစ်ဘီလားသည် အရပ်ရှည်သူ ဖြစ်ပြီး မျက်နှာက ညှိုးနွမ်းနေလေ ရှိသလို အဖြူရောင်သမ်းနေသော နှုတ်ခမ်းမွေးကလည်း အမြဲတမ်း လှမ်းဆွဲနေသူတစ်ဦးလို ထင်နေရစေသည်။

"ရွှေခိုးဝယ်တာဗျ"

သူက စကားပြောခွက်ထဲသို့ ပြောလိုက်ပြီး တစ်ဖက်မှ မေးလိုက်သည့် သိသာထင်ရှားလွန်းလှသော မေးခွန်းကို ပြန်ဖြေလိုက်သည်။

"အဲဒီနေရာတစ်ခုလုံးမှာ ရွှေမှုန်တွေ ကြဲပြန့်နေတယ်၊ ပြီးတော့ ရွှေဆိုင်တွေမှာသုံးတဲ့ ချိန်ခွင်တစ်ခု၊ ကျည်ဆန်အပြည့် ပါတဲ့ မဂ္ဂဇင်းကို တပ်ထားပေမဲ့ မောင်းထိန်းခလုတ်ကို မဖြုတ်ရသေးတဲ့ ဒဿမလေးဆယ်ငါးပစ္စတိုတစ်လက်၊ အဲဒီ သေနတ်ပေါ်မှာ သေသွားတဲ့လူရဲ့ လက်ရာတွေကိုပဲ တွေ့ရတယ်"

သူက နားထောင်လိုက်သည်။

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကောင်းပါပြီ၊ လည်ပင်းရိုးကျိုးသွားတယ်လို့ ထင်ရတာပဲ”

အင်စပိတ်တော်ဂရောဗ်ဘီလားသည် ဆုံလည်ကုလားထိုင်ကို လှည့်လိုက်ပြီး သူ့ခြေထောက်ဘေးနားရှိ အလောင်းကို ငုံ့ကြည့်လိုက်သည်။

“သူ့နှုတ်ခမ်းပေါ်မှာ သွေးစ နည်းနည်းတွေ့ရတယ်၊ ဒါပေမဲ့ တခြားဘာမှ မတွေ့ရဘူး”

လက်ဗွေရာရှာသူတစ်ဦးသည် စားပွဲဆီသို့ ရောက်လာသဖြင့် ထိုပုဂ္ဂိုလ် အလုပ်လုပ်နိုင်အောင် နေရာပေးနိုင်ရန် ဂရောဗ်ဘီလားသည် ထိုင်ရာမှ ထပေးလိုက်သည်။ သို့ရာတွင် တယ်လီဖုန်းစကားပြောခွက်ကိုမူ နားရွက်နှင့် ကပ်ထားဆဲပင်။

“လက်ဗွေရာ၊ ဟုတ်လား”

သူက မကျေနပ်ဟန်နှင့် ပြန်မေးလိုက်၏။

“လက်ဗွေရာတွေကို ပစ္စည်းတိုင်းပေါ်မှာ တွေ့နေရတယ်၊ ကျုပ်တို့က ခုအချိန်အထိတော့ လက်ဗွေရာ အစုလေးဆယ်ကို ရှာတွေ့ပြီးပြီ”

သူက စက္ကန့်အနည်းငယ်ခန့် နားထောင်လိုက်ပြန်၏။

“မဟုတ်ပါဘူး၊ သူ့ကို ကျုပ်တို့ မီအောင်ဖမ်းမှာပါ။ အဲဒီလူဟာ ဘန်တုလူမည်း သတ္တုတွင်း အလုပ်သမားတစ်ယောက် ဖြစ်မှာပါ။ ပြီးတော့လည်း ကျုပ်တို့က ဒီနိုင်ငံရဲ့ ပြင်ပကလာသူတွေရဲ့ လက်ဗွေရာတွေ အားလုံးကို ယူထားပါတယ်။ ကျုပ်တို့က အဲဒါတွေကို စစ်ဆေးပြီး လိုက်မေးဖို့ပဲ လိုတာပါ။ ဟုတ်ပါတယ်၊ ကျုပ်တို့က သူ့ကို တစ်လအတွင်း မီအောင် ဖမ်းပြပါမယ်၊ ကျုပ်တို့ ဒီမှာ လုပ်ငန်းပြီးစီးတာနဲ့ တစ်ပြိုင်နက် ဂျွန်ဗောစတာရင်ပြင်ကို ငါးနာရီလောက်ကျရင် ကျုပ် အရောက်ပြန်လာခဲ့မယ်”

သူသည် စကားပြောခွက်ကို ပြန်တင်လိုက်ပြီးနောက် အသတ်ခံရသော ပုဂ္ဂိုလ်အား ငုံ့ကြည့်လိုက်မိ၏။

“တော်တော် ယုတ်မာတဲ့ အကောင်ပဲ”

သူ့အနားတွင် ရှိနေသော ဆာဂျင်ဟူးကိုးက ပြောလိုက်သည်။

“ရွှေဝယ်တယ်တဲ့။ ပြဿနာကို လက်ယပ်ပြီး ဖိတ်ခေါ်နေတဲ့ ငတိပဲ၊ ရွှေဝယ်တယ်ဆိုတာ စိန်ဝယ်သလို သိပ် ဆိုးရွားတယ်”

ဆာဂျင်ဟူးကိုးသည် သူ့လက်ထဲတွင် ကိုင်ထားသော စက္ကူအိတ်ကြီး

ဆီသို့ အာရုံရောက်သွားပြန်၏။

“ကျုပ်ဆီမှာ ဖန်ကွဲအစအနကလေးတွေ အများကြီး ရထားတယ်၊ ရွှေမှုန့်တွေထည့်ထားတဲ့ ပုလင်းလို့ ထင်ရတာပဲ၊ လူသတ်သမားက သန့်ရှင်းရေးလုပ်ဖို့ ကြိုးစားခဲ့သေးတယ်၊ ဒါပေမဲ့ သိပ် မအောင်မြင်ရှာဘူး၊ ဒီဖန်ကွဲတွေကို စားပွဲအောက်က ရတာ”

“လက်ဗွေရာတွေကော တွေ့ရသလား”

“အသုံးကျမယ့် ခပ်ကြီးကြီးတစ်ခုပဲ ပါတယ်၊ အဲဒီပေါ်မှာ ပေကျံနေတဲ့ လက်ဗွေရာတစ်ခု ပါလာတယ်။ အသုံးဝင်လိမ့်မယ်လို့ ထင်တာပဲ”

“ကောင်းတယ်”

ဂရောဗ်ဘီလားက ခေါင်းညိတ်လိုက်၏။

“ဒါဆိုရင် အဲဒါကိုပဲ စပြီး စုံစမ်းတော့ကွာ”

ထိုအဆောက်အအုံ၏ အတွင်းပိုင်းမှ အမျိုးသမီးတစ်ယောက်၏ ငိုညည်းသံ ပေါ်ထွက်လာသည်။ ဤတွင် ဟူးကိုးက ရှုံ့မဲ့လိုက်၏။

“သူ စပြီး ဒုက္ခပေးပြန်ပြီ၊ ဒုက္ခပါပဲ၊ သူ အားအင်ကုန်ခန်းသွားပြီလို့ ကျုပ်က ထင်ထားတာ၊ ဒီပေါ်တူဂီ အမျိုးသမီးတွေဟာ စိတ်ညစ်စရာကောင်းတယ်၊ ငါ့အမျိုးသမီး မီးဖွားတုန်းက သူ့ဘေးနားက ပေါ်တူဂီ အမျိုးသမီးတစ်ယောက် အော်သံကို မင်း ကြားစေချင်တယ်ကွာ၊ တစ်ဆောင်လုံးက ခေါင်မိုးတွေ ပြိုကျလာမလားလို့တောင် ထင်ရတယ်”

ဂရောဗ်ဘီလားက ဆာဂျင်ဟူးကိုးအား ပြောပြလိုက်ပြီးနောက် သူ့ရှေ့ဆက်လုပ်ရမည့် အလုပ်ပမာဏကို တွေးမိသောကြောင့် စိတ်ညစ်သွားမိလေတော့သည်။ မှုန်ကုပ်ကုပ်၊ အောက်သိုးသိုးနှင့် ကူညီလိုစိတ်မရှိသော လူသတ်မှုနှင့် သံသယဖြစ်ခံရသည့် ပုဂ္ဂိုလ်များအား နာရီပေါင်း၊ ရက်ပေါင်း၊ ရက်သတ္တပတ်ပေါင်းများစွာ မေးခွန်းထုတ်ရပေဦးတော့မည်။ သူတို့ပြောသည့် စကားများ မှန်မမှန်ကို ထပ်ခါတလဲလဲ အပြန်ပြန် အလှန်လှန် စစ်ဆေးရပေလိမ့်မည်။

သူသည် သက်ပြင်းချလိုက်ပြီးနောက် အလောင်းကြီးကို လက်မနှင့် ထိုးပြလိုက်၏။

“ကောင်းပြီ၊ ဒီအလောင်းကြီးနဲ့ တို့ဆက်ပြီး အလုပ်လုပ်စရာ မရှိတော့ဘူး၊ အမဲဖျက်တဲ့ ငတိတွေကို လာပြီး ယူခိုင်းလိုက်ပေတော့။

❐

[၄၉]

ရောဒ်သည် ဥမင်ခေါင်မိုးပေါ်၌ မြုပ်ထားမည့် ယမ်းဘီလူးကျူထရက္ကွက် ဒီဇိုင်းပုံစံကို ရေးဆွဲရသည်မှာ နှစ်ရက်နီးပါး ကြာမြင့်ခဲ့သည်။ ဦးခေါင်းပေါ်တွင် ရှိသော ခေါင်မိုးမှ ကျောက်ခဲများ ထိထိရောက်ရောက် ပြိုကျလာအောင် ယမ်းဘီလူးသွင်းရမည့် အပေါက်များ၏ အတိမ်အနက်နှင့် ဖောက်ရမည့်ထောင့် အနေအထားတို့ကို စနစ်တကျ တွက်ချက်ထားသည်။ ၎င်းအပြင် ခေါင်မိုးကြီး ပြိုကျလာသည့် နောက်ပိုင်းတွင်မှ ဘေးဘက်ရှိ နံရံများကထ၍ ပေါက်ကွဲကြစေရန် အချိန်ကိုက်စီစဉ်ထားသော ယမ်းဘီလူးများကို နံဘေးရှိ နံရံများထဲ တွင် ထပ်၍ သွင်းထားလိုက်လေသေးသည်။ ထိုကဲ့သို့ နံဘေးဘက်မှ ထ၍ ပေါက်ကွဲသော ယမ်းဘီလူးများက ခေါင်မိုးပေါ်က ပြိုကျလာသော ကျောက် ခဲများကို အလယ်၌ စုသွားအောင် တွန်းပို့ပေးကြမည် ဖြစ်သလို ဥမင်လိုဏ်ခေါင်း ကြီးအား တင်းတင်းကျပ်ကျပ်ဖြစ်သွားအောင် ပိတ်ဆို့ပေးကြမည် ဖြစ်ပေသည်။

စတုရန်းတစ်လက်မလျှင် ပေါင်နှစ်ထောင် ဖိအားရှိသော ရေထု၏စွမ်းအင် ကို ရောဒ် ကောင်းကောင်းကြီး နားလည်ထားသလို ထိုရေထုကို တားဆီးနိုင် ရန် အနည်းဆုံး ပေသုံးရာရှည်လျားသော ဥမင်လိုဏ်ခေါင်းကို ပိတ်ဆို့ပစ်ရ လိမ့်မည်ဟု ရောဒ်က ဆုံးဖြတ်လိုက်သည်။ သူ ယခု ဒီဇိုင်းဆွဲထားသော ယမ်း ဘီလူး ကျူထရက္ကွက်ပုံစံသည် ထိုရည်ရွယ်ချက်အတိုင်း အထမြောက်အောင် ရေးဆွဲထားသောပုံစံဖြစ်သော်လည်း ရေကို လုံး၀ လုံသွားအောင် ဆို့ ပိတ်နိုင်လိမ့် မည် မဟုတ်ကြောင်း သူသိပါသည်။ သို့ရာတွင် ယခု သူစီစဉ်ထားသော အတားအဆီးက တရှိန်တိုးစီးဆင်းနေသော ရေအားကို လျော့ နည်းသွားစေမည် ဖြစ်ပြီး ကွန်ကရီလောင်းမည့်အဖွဲ့က ဥမင်ထဲသို့ ၀င်၍ ထိုဥမင်ကို ပိတ်ဆို့ ပေးနိုင်သော အချိန်ရရှိအောင် လုံလောက်မှု ရှိပေလိမ့်မည်။

ဒီလန့်ချ်ညီအစ်ကိုကမူ ထိုလုပ်ငန်းကို ရောဒ်လောက် စိတ်မဝင်စားကြချေ။

"ဟောလူ၊ ဒီလုပ်ငန်းကို လုပ်ဖို့ အပေါက်တွေဖောက်ပြီး ယမ်းဘီလူး

တွေကို သွင်းဖို့ သုံးရက်က လေးရက်အထိ ကြာလိမ့်မယ်ဗျ"

ရောဒ်က သူကိုယ်တိုင် စနစ်တကျ ရေးဆွဲထားသော ယမ်းဘီလူး ကျူ ထရက္ကွက် ဒီဇိုင်းပုံစံအား ပြသလိုက်သည့်အခါ ဂျွန်နီက ကန့်ကွက်လိုက်လေသည်။

"ကြာတော့ ကြာမှာပေါ့ကွ"

ရောဒ်က သူ့အား ဟောက်လိုက်၏။

"ငါက အဲဒါကို စနစ်တကျ လုပ်စေချင်တယ်၊ အနည်းဆုံး ရက် သတ္တတစ်ပတ်တော့ ကြာမှာပဲ"

"ခင်ဗျားက အမြန်ဆုံး အလုပ်လုပ်ရမယ်လို့ပဲ ပြောခဲ့တယ်၊ ခေါင်မိုး မှာ အပေါက်တွေ အများကြီး ဖောက်ပေးရမယ်လို့ မပြောခဲ့ပါဘူး"

"ကဲ၊ ငါအခုပြောနေပြီလေ"

ရောဒ်က ခပ်တည်တည်နှင့် ပြောလိုက်၏။

"ပြီးတော့လည်း မင်းက အဲဒီအပေါက်တွေကို ဖောက်ရုံတွင် ဖောက်ရ မယ်၊ ဒါပေမဲ့ ငါမလာသေးခင်အထိ ယမ်းဘီလူးတွေကို မမြုပ်ရသေးဘူး၊ ငါက မြုပ်ပေးစေချင်တဲ့ အနက်အထိ မြုပ်တယ်ဆိုတာ မသိရမချင်း ဘာမှမလုပ်ရဘူး"

ဂျွန်နီနှင့် ဒေဗီတို့က ပေနှစ်ဆယ်အထိ တူးဖောက်ထားသည်ဟု ပြော ပြီး ခြောက်ပေနက်သောနေရာအထိသာ ယမ်းဘီလူးကို မြုပ်ထားမည် ဆိုပါ က မည်သူကမျှ မဟုတ်ဘူးဟု ပြောနိုင်ကြလိမ့်မည် မဟုတ်ကြောင်း ရောဒ် သိပါသည်။ သိပ်နောက်ကျသွားမှသာ သိကြရပေလိမ့်မည်။

ဒေဗီဒီလန့်ချ်က ပထမဦးဆုံးအကြိမ် ဝင်ပြောလိုက်၏။

"ကျုပ်တို့က ဒီအလုပ်ကို လုပ်နေတုန်း ခင်ဗျားက ကျုပ်တို့ကို ပုတ် ပြတ်စနစ်နဲ့ ဘောနပ်စ်ပေးမှာလား"

တစ်ဆိုင်းကို လေးဆပေးမယ်"

ရောဒ်က အကြံအဖန်သဘောနှင့် ခေါင်မိုးတွင် အပေါက်ဖောက်ရမည့် အလုပ်ကို လေးဆပေးရန် သဘောတူလိုက်၏။

"ရှစ်ဆပေးမလား"

ဒေဗီက မေးလိုက်သည်။

"မပေးနိုင်ဘူး"

ရောဒ်က အလန့်တကြား ပြောလိုက်၏။ ဓားပြတိုက်သလို ဖြစ်နေသော ကြောင့်ပင်တည်း။

“ဒါဆိုရင် ...”

ဒေဗီက ရောဒ်အား ကျိုးကန်းတောင်းမှောက်အကြည့်နှင့် ပြန်ကြည့်ရင်း ခပ်တိုးတိုးပြောလိုက်၏။

“ကျုပ်က ရဲဘော်ကြီး ဒိုင်ဇင်ဟော့ချ်ဆီမှာ အကြံဉာဏ်သွားတောင်းရလိမ့်မယ်နဲ့ တူတယ်”

ဒိုင်ဇင်ဟော့ချ်သည် သတ္တုတွင်း အလုပ်သမားသမဂ္ဂမှ အမှတ်တစ်တွင်းအတွက် ဆော်သြသူဖြစ်သည်။ သူသည် ဖရင်လင်းမားအား ရူးမတတ် စိတ်ညစ်သွားအောင် လုပ်နိုင်စွမ်းရှိခဲ့သူ ဖြစ်သည့်အပြင် ယခု သူက ရောဒ်ဒနီအိုင်းရွန်းဆိုက်ဒ်ကိုလည်း စတင်၍ ဒုက္ခပေးနေလေပြီ။ ဒိုင်ဇင်ဟော့ချ်က သူ့အား ဆက်၍ ဒုက္ခမပေးနိုင်အောင် ရာထူးကြီးကြီးတစ်ခုပေးပါဟု ရုံးချုပ်သို့ တင်ပြတောင်းခံနေရဆဲ ဖြစ်သည်။ ၎င်းအပြင် မဟာယောက်ချိုကြီးကိစ္စ၌ ရဲဘော်ဒိုင်ဇင်ဟော့ချ်က လာရောက်စုစမ်းမည်ကို သူ မလိုလားဆုံးပင် ဖြစ်သည်။ ရောဒ်က ပြောလိုက်၏။

“ခြောက်ဆပေးမယ်”

“အင်းလေ ...”

ဒေဗီ တွေသွားသည်။

“ခြောက်ဆဆိုရင် မျှတပါတယ် ဒေဗီ”

ဂွန်နီက ဝင်ပြောလိုက်သောကြောင့် ဒေဗီက ဂွန်နီအား ဒေါသနှင့် လှမ်းကြည့်လိုက်၏။ သူရရှိတော့မည့် အောင်မြင်မှုကို ဂွန်နီက လမ်းမှ ဖြတ်၍ ဆွဲယူသွားလေပြီ။

“ကောင်းပြီ၊ ဒါဖြင့် ကျုပ်တို့ သဘောတူကြပြီပေါ့နော်”

ရောဒ်က အပေးအယူကိစ္စကို လျင်မြန်စွာ အဆုံးသတ်လိုက်၏။

“မင်းတို့ အဲဒီလုပ်ငန်းကို ချက်ချင်းစလုပ်ကြရမယ်”

*

ရောဒ်၏ ကျူထရဲကွက် ဒီဇိုင်းပုံစံအရ အပေါက်ပေါင်းတစ်ထောင့်နှစ်ရာနီးပါး ဖောက်ရမည်ဖြစ်ပြီး ယမ်းဘီလူးနှစ်တန်ခွဲကို ထည့်သွင်းထားရန် လိုအပ်ပေသည်။ ထိုလုပ်ငန်းကို အဆင့် ၆၆ ပင်မ သယ်ယူရေး ဥမင်အဝမှ ပေ

တစ်ထောင်ပေးသောနေရာ၌ စတင်၍ ဆောင်ရွက်ရပေလိမ့်မည်။

ထိုဥမင်သည် ယခုအချိန်တွင် ထိန်နေအောင် မီးထွန်းထားပြီး လေဝင်လေထွက်ကောင်းအောင် ပြုပြင်ထားသော ဥမင်ဖြစ်နေလေပြီ။ ဥမင်ခေါင်မိုးတွင် လေသွင်းလေထုတ် ပြုလုပ်ပေးသော ပိုက်လုံးများနှင့် ဖိသိပ်လေကို သယ်ပို့ပေးသော ပိုက်လုံးများ ရှိနေသည်သာမက ဝိုတ္တုနှင့် စုပ်ထားသော လျှပ်စစ်ဝိုင်ယာကြိုးများပင် ရှိနေသည်။ ဥမင်ကြမ်းပြင်ပေါ်တွင်လည်း ပစ္စည်းသယ်မည့် မီးရထားတွဲများအတွက် သံလမ်းများကို ချထားပြီးလေပြီ။

ဒီလန်ချ်ညီအစ်ကိုက ခေါင်မိုး၌ အပေါက်ဖောက်နေစဉ် ဥမင်လိုဏ်ခေါင်းကို ဆက်တူးသည့် လုပ်ငန်းအား ရပ်တန့်ထားရသည်။ ထိုလုပ်ငန်းမှာ ပေါ့ပေါ့ပါးပါးနှင့် သက်သက်သာသာ လုပ်ရသော အလုပ်ပင် ဖြစ်သည်။ အပေါက်တစ်ပေါက်ကို ဖောက်ပြီးသည်နှင့် တစ်ပြိုင်နက် ဒေဗီက တုတ်တံတစ်ချောင်းကို အပေါက်ထဲသို့ သွင်းပြီး အနက်ပေကို တိုင်းတာလိုက်သည်။ ထို့နောက် အပေါက်ဝကို စက္ကူစကလေးတစ်စနှင့် ပိတ်ထားလိုက်လေသည်။ သူတို့အတွက် ဓာတ်ဘူးထဲက ကော်ဖီကို သောက်ရန်နှင့် ဟိုဟိုဒီဒီအတွေးနယ်ချဲ့ရန် အချိန်အများကြီး ရရှိနေကြသည်။

ဒေဗီသည် ဖောက်နေသော အပေါက်တစ်ပေါက် ပြီးစီးမည့်အချိန်ကို ထိုင်စောင့်နေစဉ် သူ့အာရုံထဲ၌ အမြဲတစေ ရှိနေသော ကိစ္စသုံးရပ်ကို တွေးနေမိသည်။ ပထမအတွေးမှာ အနှစ်နှစ်အလလက စ၍ သူ စုဆောင်းလာခဲ့ရသော ရန်းငွေငါးသောင်းကိစ္စပင် ဖြစ်သည်။ သူသည် မီးခံသေတ္တာထဲ၌ ရှိနေမည့် ထိုရန်းငွေငါးသောင်းကို မျက်စိထဲ၌ မြင်ယောင်နေမိသည်။

ထို့နောက် သူ့စိတ်ကူးသည် ထိုရန်းငွေ ငါးသောင်းနှင့် ဝယ်၍ ရနိုင်မည့် ‘ယာတော’ ကလေးဆီသို့ အလိုအလျောက် ရောက်ရှိသွားသည်။ သူ သည် ညနေစောင်းတွင် မြက်ခင်းပြင်ထဲ၌ ထိုင်နေစဉ် တောင်စွယ်၌ ကွယ်စပြုနေသော နေလုံးကြီးနှင့် ခြံဆီသို့ ပြန်လာနေကြသော ကျွဲနွားများထံမှ ခလောက်သံများကို မြင်ယောင် ကြားယောင်နေမိသည်။

၎င်းအပြင် သူ့နံဘေး၌ အမျိုးသမီးတစ်ယောက် အမြဲတစေ ရှိနေတတ်သည်။ ဆံပင်နီနီနှင့် အမျိုးသမီးတစ်ယောက်ပင်တည်း။

*

ပဋ္ဌမမပြောက်နေတွင် ဒေဇီသည် အရက်တက်ချိန်၌ နေအိမ်သို့ မော်တော်ကားနှင့် ပြန်သွားသည်။ သူပင်ပန်းနွမ်းနယ်နေခြင်း မရှိပါ။ ထိုညက ဆောင်ရွက်ခဲ့ရသော လုပ်ငန်းသည် လွယ်ကူလှသည် သာမက အာရုံလည်း သိပ်မစိုက်ခဲ့ရပါ။

ဂျွန်နီနှင့် ဟက်တီတို့၏ အိပ်ခန်းတံခါးပိတ်နေသည်။ ဒေဇီသည် နံနက်တိုင်း နံနက်စာ စားနေစဉ် သတင်းစာထဲ၌ပါသော 'မိုဒက်စတီဘာလိုက်စ်' နှင့် 'ဝီလီဂါဇင်'တို့၏ စွန့်စားခန်း ကာတွန်းများကို စိတ်ဝင်တစား ဖတ်လေ့ရှိသူဖြစ်သည်။ ဒေဇီသည် အိပ်ရာထဲသို့ ဝင်၍ လှဲအိပ်လိုက်သည့်အချိန်အထိ မိုဒက်စတီဘာလိုက်စ်နှင့် ဟက်တီတို့အား နှိုင်းယှဉ်၍ တွေးနေမိဆဲ ဖြစ်သည်။ သူသည် အိပ်မပျော်သောကြောင့် အတွေးမျိုးစုံကို တောင်စဉ်ရေမရ တွေးနေမိသည် ဖြစ်ရာ သူက ဝီလီဂါဇင်နေရာတွင် ဝင်ယူထားပြီး ဟက်တီကို မိုဒက်စတီဘာလိုက်စ်နေရာတွင် ထား၍ စွန့်စားခန်းတစ်ခုကို စိတ်ကူးယဉ်ကြည့်နေမိသည်။

နောက်ထပ် တစ်နာရီကြာသောအခါ သူနိုးနေဆဲပင် ဖြစ်သည်။ သူသည် အိပ်ရာပေါ်တွင် ထထိုင်လိုက်ပြီး သူ့ခြေရင်း၌ ရှိနေသော ကိုယ်သုတ်ပဝါကို လှမ်းယူလိုက်၏။ သူသည် ကိုယ်သုတ်ပဝါကို ခါးတွင်ပတ်ရင်း စင်္ကြံလမ်းအတိုင်း ရေချိုးခန်းဆီသို့ လျှောက်သွားတော့သည်။ သူက ရေချိုးခန်းတံခါးကို ဆွဲဖွင့်လိုက်ချိန်တွင် ရေချိုးခန်းတံခါးသည် ပွင့်လာပြီး ဟက်တီနှင့် ဖြုန်းခနဲ ရင်ဆိုင်တွေ့လိုက်ရတော့သည်။

ဟက်တီသည် အဖြူရောင်ဇာနှင့် ချုပ်ထားသော ညဝတ်အင်္ကျီကို ဝတ်ဆင်ထားပြီး ငှက်ကုလားအုပ်အမွေးနှင့် ချုပ်ထားသော ရေ့ထိုးဖိနပ်ကို စီးထားသည်။ ဟက်တီ၏ မျက်နှာပေါ်၌ မိတ်ကပ်တစ်စုံတစ်ရာ မရှိသည့်အပြင် ဆံပင်ကို နောက်ဘက်သို့ လှန်ဖြီးထားပြီး ဖဲကြိုးတစ်ချောင်းနှင့် ချည်နှောင်ထားသည်။

"အို"

အံ့သြသွားသော ဟက်တီက အော်လိုက်၏။

"ကျွန်မဖြင့် လန့်သွားတာပဲရှင်"

"ကိုယ် ဝမ်းနည်းပါတယ်ကွာ"

ဒေဇီသည် ကိုယ်သုတ်ပဝါကို လက်နှင့် ကိုင်ထားရင်း ဟက်တီကို ပြုံးပြလိုက်၏။ ဟက်တီသည် ဒေဇီ၏ ဗလာကျင်းနေသော ခန္ဓာကိုယ်အထက်ပိုင်းကို လှေလာလိုက်သည်။

ဒေဇီသည် တံခွန်စိုက်လက်ရေသမား တစ်ဦးပမာ ကြွက်သားအမြောင်းမြောင်းထနေသူ ဖြစ်သည်။ သူ့လက်မောင်းနှစ်ဖက်ပေါ်တွင် ရှိနေသော ဆေးမှင်ကြောင် အရုပ်များက ကြွက်သားများ၏ ကြီးမားထွားကျိုင်းမှုကို အထောက်အကူပြုနေကြသည်။

"ရှင် တော်တော်ထွားကျိုင်းတာပဲ"

ဟက်တီက တအံ့တသြပြောလိုက်ရာ ဒေဇီက သူ့ဝမ်းဗိုက်ကြွက်သားကို ရှိုက်သွင်းပြလိုက်လေသည်။

"မင်းက အဲဒီလို တကယ်ပဲထင်သလား"

"ပြီးတော့လည်း ကျစ်လျစ်နေတာပဲ"

ဒေဇီသည် သူ့ကိုသူ ဂုဏ်ယူဝင့်ကြွားသော အပြုံးမျိုးနှင့် ပြုံးနေသည်။

"ဟုတ်ကဲ့ရှင်"

ဟက်တီသည် ရှေ့သို့ တိုးလာပြီး ဒေဇီ၏ လက်မောင်းကို ကိုင်လိုက်ပြန်သည်။

ဒေဇီသည် ဟက်တီ၏အလှကို အရသာခံ၍ ကြည့်ရင်း စကားပြန်မပြောတတ်အောင် နှုတ်ဆွံ့သွားရသည်။ ဒေဇီ၏ မျက်လုံးများကို လိုက်အကဲခတ်နေသော ဟက်တီက ဒေဇီအနားသို့ တိုးကပ်လာပြီး ပြောလိုက်၏။

"ရှင် ကျွန်မကို သဘောကျသလား ဒေဇီ"

ဟက်တီအသံတွင် မုသံချွဲသံများ အပြည့်အဝပါနေလေရာ ဒေဇီသည် စိတ်မထိန်းနိုင်တော့ဘဲ ဟက်တီအား တအားဖက်လိုက်မိလေတော့သည်။ ဒေဇီက ဟက်တီအား နမ်းရန် ကြိုးစားလိုက်သည်။ သို့ရာတွင် ဟက်တီက ရယ်မောရင်း ရှောင်တိမ်းနေသည်။

"ဒေဇီ မတော်ဘူးကွယ်"

*

ဒေဇီသည် ထိုနေ့တစ်နေ့ခင်းလုံး အခန်းတံခါးကို ပိတ်ထားပြီး အိပ်ရာပေါ်၌ လဲလျောင်းရင်း စိတ်မကောင်းဖြစ်နေမိသည်။ ဒေဇီက ထပ်ခါတလဲလဲ ရေရွတ်နေသည်။

"သူက ငါ့သီလေးပါကွာ၊ ဂျွန်နီဟာ ငါ့သီ လေးပါ"

တစ်ကြိမ်တွင် သူငိုချလိုက်၏။ သူ တစ်ကြိမ် ငိုရှိုက်လိုက်သည့်အခါ

တိုင်း သူ့ရင်ထဲမှ တစ်ခုခု ပျက်စီးကြွေပြုန်းသွားသလို ခံစားနေရသည်။ ပူလောင်နေသော သူ့မျက်ခွံများအကြားမှ မျက်ရည်များ စီးကျလာလေရာ သူသည် အားအင်ကုန်ခန်းသွားသလို ခံစားလိုက်ရလေသည်။

"သူက ငါ့ညီအရင်းပဲ"

ဒေဗီသည် မယုံကြည်နိုင်လောက်အောင် စိတ်ပျက်သွားဟန်ဖြင့် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ငါ ဒီမှာနေလို့ မဖြစ်တော့ဘူး"

သူက စိတ်ပျက်လက်ပျက်နှင့် ဆုံးဖြတ်လိုက်သည်။

"ငါသွားမှ ဖြစ်မယ်"

သူသည် မျက်နှာသစ်သော ကြွေခွက်ဆီသို့ သွားပြီး မျက်နှာသစ်လိုက်၏။ သူသည် မျက်နှာသစ်သော ကြွေခွက်ပေါ်၌ ဦးခေါင်းကို ငုံ့ထားရင်းကပင် ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ငါ သူ့ကိုပြောမှ ဖြစ်မယ်"

အပြစ်ကို တနုံ့နုံ့ ခံစားနေရမှုသည် မခံမရပ်နိုင်အောင် ဆိုးရွားလှပေသည်။

"ငါ ဂျွန်နီကို စာရေးပေးခဲ့မယ်၊ ငါ အကုန်လုံး ရေးထည့်ခဲ့မယ်၊ ပြီးမှ ငါတခြားကို သွားမယ်"

သူသည် စာရွက်ပေါ်တွင် ရေးချလိုက်ပါက ရှိသမျှ အပြစ်အားလုံး ခေါ်ချသလို ကင်းစင် ပပျောက်သွားလိမ့်မည်ဟု ယူဆသည့်အလား စာရွက် နှင့် ဖောင်တိန်တို့ကို သွေးရူးသွေးတန်း လိုက်ရှာတော့သည်။ သူသည် ပြတင်းပေါက်နံဘေးတွင် ရှိသော စားပွဲတွင် ထိုင်၍ ခပ်ဖြည်းဖြည်းနှင့် ပင်ပင်ပန်းပန်း ရေးနေသည်။ သူ စာရေး၍ ပြီးစီးသွားသောအခါ ညနေ သုံးနာရီထိုးလေပြီ။ သူ စိတ်သက်သာရာ ရရှိသွားသည်။

သူသည် ခပ်စိပ်စိပ် ရေးထားသော စာရွက်လေးရွက်ကို စာအိတ်ထဲသို့ ထည့်၍ပိတ်လိုက်ပြီးနောက် ကုတ်အင်္ကျီအတွင်းအိတ်ထဲတွင် ထည့်လိုက်၏။ သူသည် အဝတ်အစားကို လျင်မြန်စွာ ဝတ်ဆင်လိုက်ပြီးနောက် ဟက်တီနှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်သောကြောင့် အိမ်ထဲမှ ခိုးကြောင် ခိုးဝှက်နှင့် ထွက်ခဲ့သည်။ သို့ရာတွင် ဟက်တီသည် အိမ်ထဲတွင် ရှိမနေပါ။ ဟက်တီ၏ အဖြူရောင် မိုနာကို မော်တော်ကားကြီးသည် ကားဂိုဒေါင်တွင် ရှိမနေပါ။ စိတ်သက်သာရာ

ရရှိသွားသော ဒေဗီသည် ခြံဝင်းထဲမှ ထွက်ခဲ့ပြီးနောက် ဆွန်ဒါဒစ်ချ် သတ္တုတွင်းဆီသို့ ဦးတည်၍ မောင်းနှင်ခဲ့တော့သည်။ ဂျွန်နီ သူ့အဆိုင်း ပြီး၍ မိုင်းတွင်းထဲက ထွက်မလာခင် သူသည် ဆွန်ဒါဒစ်ချ်သို့ အရောက်သွားချင်နေသည်။

ဒေဗီသည် ကုမ္ပဏီပိုင် အဝတ်အစားလဲလှယ်သော အခန်းထဲတွင် အလုပ်တာဝန်မရှိသော အခြားမိုင်းအလုပ်သမားများနှင့် နောက်ပြောင် ရယ်မောနေသော ညီတော်မောင်၏ အသံကို နားထောင်နေလိုက်သည်။ သူသည် ညီတော်မောင်နှင့် မတွေ့ဆုံရလေအောင် အိမ်သာတစ်လုံးထဲသို့ ဝင်၍ 'ချက်' ချထားလိုက်သည်။ သူသည် အိမ်သာခွက်ပေါ်၌ ဝမ်းနည်း ပန်းနည်းထိုင်နေသည်။ သူ၏ ဝန်ခံချက်ပါသော စာအိတ်သည် အလုပ်သမားဝတ်စုံ အပေါ်ဆုံးအိတ်ထဲတွင် ကြယ်သီးတပ်၍ ထည့်ထားသည်ဖြစ်ရာ သူသည် စာအိတ်ကို ပြန်ဖွင့်လိုက်ပြီး စာသားကို နောက်တစ်ကြိမ် ထပ်ဖတ်လိုက်ပြန်၏။

"တဲ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

ဂျွန်နီ၏ မြူးကြွကြွလေသံသည် အဝတ်အစားလဲလှယ်သော အခန်းထဲမှ ပေါ်ထွက်လာသည်။

"ခင်ဗျားတို့နဲ့ မနက်ဖြန်မှ တွေ့ကြသေးတာပေါ့ဗျာ"

အခြားမိုင်း အလုပ်သမားများထံမှ သံပြိုင်ပြန်၍ နှုတ်ဆက်သံကို ကြား လိုက်ရပြီးနောက် တံခါးရွက်ကို ဆောင့်ပိတ်သံ ပေါ်ထွက်လာသည်။

ဒေဗီသည် အနံ့အသက် ဆိုးရွားလှသော အိမ်သာခန်းထဲတွင် နောက်ထပ်၍ မိနစ်နှစ်ဆယ်ကြာအောင် ဆက်ထိုင်နေခဲ့သည်။ ထို့နောက် စာအိတ်ကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး အိမ်သာတံခါးကို ဖွင့်လိုက်လေတော့သည်။

*

ဒေဗီ၏အဖွဲ့သားများသည် စောင့်နေကျဖြစ်သော ဥမင်အဝင်ဝနေရာမှ စောင့်နေကြသည်။ သူတို့သည် တန်းလျားရှည်များပေါ်တွင် ထိုင်ရင်း ရယ်ရယ်မောမော နှင့် စကားပြောနေကြသည်။ သူတို့သည် ပင်ပင်ပန်းပန်း လုပ်ရလိမ့်မည်မဟုတ်ကြောင်း ကြိုသိထားကြသဖြင့် အပျော်ခရီး ထွက်လာသူများပမာ ပျော်ပျော်ပါးပါး ဖြစ်နေကြသည်။

ဓာတ်လှေကားနှင့် ဆင်းလာသော ဒေဗီအား သူတို့က ဝမ်းသာအားရ

နှုတ်ဆက်ကြ၏။ ဒီလန်ချဲ့သိအစ်ကိုနှစ်ယောက်အား သူတို့၏ အဖွဲ့သားများက သဘောကျကြသည်။ ယခု ဒေဗီက သံပြိုင်နှုတ်ဆက်ကြသူများအား ပြန်လှန်၍ နှုတ်မဆက်သည်ကိုစူးမှာ ထူးခြားနေသည်။ ဒေဗီသည် ပြုံးပင် မပြုံးချေ။

ဆွာဇီလူမည်းအမျိုးသားက အန္တရာယ်ကင်း မီးခွက်ကို ကမ်းပေးလိုက်သဖြင့် ဒေဗီက ခပ်အင်တင်တင်နှင့် ယူထားလိုက်သည်။ သူသည် သူ့အဖြစ်ကို တစိမ့်စိမ့်တွေး၍ ကိုယ့်ကိုယ်ကို ရှုတ်ချ ဖြစ်တင်နေသောကြောင့် ပတ်ဝန်းကျင်ကို လုံးဝ သတိမထားမိဘဲ ဥမင်လိုဏ်ခေါင်းအတိုင်း ဆက်လျှောက်သွားသည်။

သူသည် ဥမင်လိုဏ်ခေါင်းအတိုင်း ပေတစ်ထောင်အထိ လျှောက်လာမိသောအခါ အလုပ်လုပ်သော နေရာတစ်ပိုက်သို့ ရောက်ရှိလာခဲ့လေပြီ။ ဂျွန်နီ၏ အဆိုင်းမှ ပုဂ္ဂိုလ်များသည် လွန်ခဲ့သည့်ညက ချက်ချင်း အသုံးပြုနိုင်အောင် ဖိုသိပ်လေပိုက်နှင့် ဆက်သွယ်ပြီး နေသားတကျ ထောင်ပေးထားခဲ့သည်။ ထိုလုပ်ငန်းကို ဆောင်ရွက်နေသော နေရာ၏ အလယ်ကောင်သို့ ရောက်ရှိလာချိန်တွင် ဒေဗီသည် ရပ်တန့်လိုက်ပြီး ဦးနှောက်က 'လုပ်တော့'ဟု တိတိကျကျ အမိန့်မပေးပါပဲနှင့် ဒေဗီသည် အန္တရာယ်ကင်းမီးခွက်မှ မီးစာကို အလိုအလျောက် မီးညှိလိုက်သည်။

အပြာရောင် မီးတောက်ကလေးသည် အကာအကွယ်ပေးထားသော စကာနောက်ဘက်၌ စတင်၍ တောက်လောင်စပြုလာလေရာ ဒေဗီသည် မီးအိမ်ကို မျက်စိရှေ့ဘက်တွင် မျက်စိနှင့် တစ်တန်းတည်း၌ ထားရင်း ဥမင်လိုဏ်ခေါင်းအတိုင်း ရှေ့ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ သူ့မျက်လုံးများသည် မီးတောက်ကို ကြည့်နေသော်လည်း မမြင်ဘဲ ရှိနေသည်။

ထိုဥမင်ထဲ၌ ရှိနေသော လေသည် အေးမြပြီး သန့်ရှင်းလတ်ဆတ်နေသည်။ ထိုလေသည် အနံ့လည်း မရှိသလို အရသာလည်း မရှိပါချေ။ ဒေဗီ သည် အိပ်ပျော်နေစဉ် ယောင်ယမ်းပြီး လမ်းလျှောက်သွားနေသူတစ်ဦးပမာ သတိလက်လွှတ်လျှောက်သွားနေသည်။ သူသည် ယခုအချိန်တွင် သူ့ကိုယ်ကို သနားနေမိသည်။ သူသည် ကမ္ဘာ့သမိုင်းမှ သနားစရာအဖြစ်ဆိုးနှင့် ကြုံတွေ့ရရှာသော အချစ်ကြီးချစ်မိသူ တစ်ဦးပမာ ကိုယ့်ကိုယ်ကို သနားစိတ်ဝင်နေမိသည်။ သူ့မျက်လုံးများသည် မည်သည့်အရာကိုမှ မမြင်ပါ။ သူသည် တစ်နေ့တာ လုပ်ငန်းမစခင် အကြိမ်ပေါင်း တစ်ထောင်မက ဆောင်ရွက်ရမြဲဖြစ်သော

ကြိုတင်စစ်ဆေးသည့် လုပ်ငန်းကို မမြင်မကန်းနှင့် ဆောင်ရွက်လေတော့သည်။

အန္တရာယ်ကင်း မီးအိမ်ထဲမှ စကာကလေး နောက်ဘက်ရှိ မီးတောက်ကလေးသည် တဖြည်းဖြည်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲစပြုလာသည်။ မီးညွန့်ထိပ်ဖျားသည် ချွန်မနေဘဲ ပြားချပ်သွားပြီး ထိုမီးညွန့်၏ အပေါ်ဘက်၌ ဖျော့တော့တော့အဖြူရောင် အတန်းကလေး ဖြစ်ပေါ်နေသည်။ ဒေဗီ၏ မျက်လုံးများက ထိုကဲ့သို့ မီးညွန့်ပုံစံပြောင်းလဲသွားသည်ကို မြင်ရသော်လည်း သူ့ဦးနှောက်သည် မျက်စိက ပေးပို့လိုက်သော 'သတင်း'ကို လက်မခံဘဲ ငြင်းဆန်နေသည်။

ထိုမီးညွန့်ကလေး၏ အပေါ်ဘက်တွင် ဖြစ်ပေါ်နေသော ဖျော့တော့တော့အဖြူတန်းကလေးကို 'ဦးထုပ်'ဟု ခေါ်ကြသည်။ ထိုကဲ့သို့ မီးညွန့်ပေါ်တွင် ဦးထုပ်ဆောင်းထားသလို ဖြစ်နေမှုက လေထဲတွင် မီသိန်းဓာတ်ငွေ့ အနည်းဆုံး ငါးရာခိုင်နှုန်းခန့် ရှိနေကြောင်း ဖော်ပြနေလေသည်။ ဂျွန်နီဒီလန်ချဲ့၏ အဖွဲ့က နောက်ဆုံးတူးဖော်ခဲ့သော အပေါက်သည် မီသိန်းဓာတ်ငွေ့များများ ဝင်နေသော ပပ်ကြားအက်ကို ဖောက်ခဲ့မိခြင်းပင် ဖြစ်သည်။ လွန်ခဲ့သည့် သုံးနာရီလုံးလုံး မီသိန်းဓာတ်ငွေ့များသည် ထိုအပေါက်ထဲက တစ်ချိန်လုံးထွက်နေခဲ့ကြသည်။ လေဝင်လေထွက်စနစ်က ထိုဓာတ်ငွေ့များကို အပြင်ဘက်သို့ အကုန်အစင်ရောက်သွားအောင် လျင်မြန်စွာ ထုတ်ပစ်နိုင်ခြင်းမရှိသောကြောင့် ယခုအချိန်တွင် မီသိန်းဓာတ်ငွေ့များသည် ဥမင်လိုဏ်ခေါင်းတစ်လျှောက် ပျံ့နှံ့နေလေပြီ။ ဒေဗီ၏ပတ်ပတ်လည်တွင်ရှိသော လေထဲ၌ မီသိန်းဓာတ်ငွေ့များ ပျံ့နှံ့နေသည်။ ဒေဗီသည် မီသိန်းဓာတ်ငွေ့များကို အဆုတ်ထဲသို့ ရှူသွင်းခဲ့မိလေပြီ။ ထိုဓာတ်ငွေ့များ ထ၍ ပေါက်ကွဲအောင် မီးပွားကလေးတစ်ပွား သာ ကျရန်လိုပါတော့သည်။

ဒေဗီသည် ဥမင်လိုဏ်ခေါင်းအဆုံးသို့ အရောက်တွင် မီးငြိမ်းသတ်သော လက်တံကလေးကို လှည့်၍ မီးခွက်ထဲမှ မီးတောက်ကလေးကို ငြိမ်းသတ်လိုက်၏။

"အန္တရာယ်မရှိဘူး"

သူသည် ဘာပြောမိမှန်းမသိလိုက်ပါပဲနှင့် နှုတ်မှပြောလိုက်မိပြီး သူ့အဖွဲ့သားများထံသို့ ပြန်လျှောက်သွားသည်။

"အန္တရာယ်မရှိဘူး"

သူက ထပ်မံ၍ ရေရွတ်လိုက်ပြီး နောက်ဆွာဇီလူမည်းအမျိုးသားခေါင်း

ဆောင်သော အလုပ်သမားလေးဆယ်သည် ဥမင်လိုဏ်ခေါင်းအတွင်းဘက်သို့ ပျော်ပျော်ပါးပါး ဝင်သွားကြလေသည်။

ဒေဗီသည် သုန်သုန်မှုန်မှုန်နှင့် နောက်ကလိုက်ခဲ့၏။ သူသည် လမ်းလျှောက်နေစဉ် တင်ပါးပေါ်မှ အိတ်ဆီသို့ လက်လှမ်းပြီး ဖင်စီခံပါသော ‘လက်ဆင်တန်’ စီးကရက်တစ်ဘူးကို ထုတ်ယူလိုက်သည်။ သူသည် စီးကရက်တစ်လိပ်ကို နှုတ်ခမ်းကြားတွင် တပ်ထားရင်း စီးကရက်ဘူးကို အိတ်ထဲသို့ ပြန်ထည့်လိုက်ပြီးနောက် သူ့အိတ်များကို လက်နှင့်ပုတ်၍ မီးခြစ်ကို လိုက်လံရှာဖွေတော့သည်။

ဒေဗီသည် လွန်တူးသည့် အဖွဲ့များထံသို့ ဆက်လျှောက်သွားပြီး လွန်တူးသည့်အဖွဲ့များကို အတန်းလိုက်ဖြစ်အောင် နေရာချထားပေးရင်း ဖောက်ရမည့် အပေါက်နေရာများကို ပြသနေသည်။ သူစကားပြောလိုက်သည့်အခါတိုင်း နှုတ်ခမ်းနှစ်ခုအကြားတွင်ရှိသော မီးမညှိရသေးသည့် စီးကရက်ကလေးသည် ခါယမ်းပြီး လှုပ်ရှားနေသည်။ သူသည် မီးခြစ်ကိုင်ထားသော လက်ကို ဝှေ့ယမ်းလှုပ်ရှားပြီး စကားပြောနေခြင်း ဖြစ်သည်။

သူသည် လွန်တူးစက်အားလုံးကို နေရာချပေးရန် မိနစ်နှစ်ဆယ်ကြာအောင် အချိန်ယူခဲ့ရသည်။ ထို့နောက် သူသည် နောက်ဘက်သို့ ပြန်ဆုတ်ပြီး အလုပ်လုပ်နေသော သူ့အဖွဲ့သားများကို အကဲခတ်လိုက်၏။ လွန်တူးစက်ကို ကိုင်တွယ်ရသော အလုပ်သမားနှင့် လက်ထောက်စက်ကိုင်တို့သည် အကျႌအဝတ်အစားများကို ခါးအထိ ချွတ်ချထားကြသည်။ သူတို့၏ ခန္ဓာကိုယ်များသည် သစ်ကနက်သားကို ထွင်းထုထားသော ရုပ်တုများနှင့် တူနေကြသည်။

ဒေဗီသည် လက်ခုပ်သံကြားရန်ဖြစ်အောင် ကွေးထားသော လက်ဖဝါးနှစ်ဖက်ကို မျက်နှာနားသို့ မြှင့်တင်လိုက်ပြီး မီးခြစ်ကို ကိုင်ထားသော လက်က မီးခြစ်ကျောက်ကို မီးပွားထွက်အောင် မီးခတ်ပေးရသော ဘီးအား လှည့်လိုက်လေတော့သည်။

ဥမင်လိုဏ်ခေါင်းထဲ၌ ရှိသောလေသည် မီးတောက်မီးလျှံကြီးအဖြစ် ရုတ်တရက် ပြောင်းလဲသွားသည်။ လျှပ်စီးလက်သလို ဝုန်းခနဲဖြစ်ပေါ်လာသော ပေါက်ကွဲမှုကြောင့် ထိုမီးလျှံများသည် သံဂဟေဆော်သည့် နေရာ၌ သုံးစွဲသော ဓာတ်ငွေ့ပိုက်ထိပ်များမှ မီးလျှံများပမာ အဆမတန် ပူလောင်လာသည်။ ထိုမီးသည် မျက်နှာပေါ်မှ အရေပြားများ၊ အဝတ်အစားနှင့် လွတ်နေသော အခြား

နေရာများမှ အရေပြားများကို လောင်ကျွမ်းသွားစေသည် သာမက ခေါင်းပေါ်မှ ဆံပင်များကိုလည်း လောင်ကျွမ်းသွားစေခဲ့သည်။ သူတို့၏ နားရွက်များသည် အသားတုံးကြီးများအဖြစ် ပြောင်းလဲသွားကြသည်။ ထိုအလုပ်သမားများသည် မီးလောင်တိုက်အသွင်းခံရသလို လောင်ကျွမ်းသွားရလေတော့သည်။

မျက်နှာပေါ်မှ အရေပြားကို မီးလောင်ခံလိုက်ရသောကြောင့် ပြင်းထန်သောဝေဒနာကို ခံစားလိုက်ရသည့် ဒေဗီဒီလန်ချ်သည် ပါးစပ်ကို ဟလိုက်မိ၏။ မီးတောက်မီးလျှံများသည် လည်ချောင်းထဲမှ တစ်ဆင့် ဓာတ်ငွေ့များ ပြည့်လျှံနေသော အဆုတ်ထဲသို့ ရောက်ရှိသွားတော့သည်။ ဤတွင် ဓာတ်ငွေ့များသည် ဒေဗီဒီလန်ချ်၏ ကိုယ်ခန္ဓာအတွင်းဘက်၌ ထပြီးပေါက်ကွဲလေတော့ရာ ဒေဗီ၏ ရင်ဘတ်သည် စက္ကူအိတ်ကလေးတစ်အိတ်ပမာ ပွင့်ထွက်သွားလေတော့သည်။

ထိုအနိုက်အတန့်တွင် လူပေါင်း လေးဆယ်တစ်ယောက်သေဆုံးသွားသည်။ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ငြိမ်ကျသွားချိန်တွင် သူတို့သည် မီးလောင်ခံရသော ပိုးကောင်ကလေးများပမာ ဥမင်လိုဏ်ခေါင်း၏ ကြမ်းပြင်ပေါ်တွင် အတုံးအရုံး အစီအရီ ရှိနေကြသည်။ ၎င်းတို့အထဲမှ တစ်ယောက်နှစ်ယောက်သည် လှုပ်ရှားနေဆဲပင် ရှိသေးသော်လည်း တစ်မိနစ်အတွင်းမှာပင် အားလုံး ငြိမ်ကျသွားလေတော့သည်။

နောက်ထပ် နာရီဝက်ကြာသောအခါ ဒေါက်တာဒန်စတန်းဒါးနှင့် ရောဒ်ဒနီအိုင်းရွန်းဆိုက်ဒ်တို့သည် ထိုဥမင်ထဲသို့ ပထမဦးဆုံး ဝင်ရောက်လာကြသည်။ အသားများကို လောင်ကျွမ်းနေသည့် အနံ့မှာ သည်းမခံနိုင်လောက်အောင် ဆိုးရွားနေသည်။ သူတို့နှစ်ယောက်သည် ဖျို့တက်လာမှုကို ချုပ်တည်းရင်း ရှေ့သို့ တိုးသွားကြရလေသည်။

❐

[၅၀]

ဒေါက်တာဒန်စတန်းဒါးသည် သူ့စားပွဲတွင် ထိုင်ရင်း သတ္တုတွင်းဆေးရုံရှေ့ရှိ မော်တော်ကားရပ်နားသည့် နေရာကို လှမ်းကြည့်နေသည်။ သူသည် လွန်ခဲ့

သည် ညနေခင်းနှင့်စာလျှင် ဆယ်နှစ်ခန့် ပို၍ အိုစာသွားသည်။ မိမိ၏ အလုပ်နှင့် သံယောဇဉ် ဖြတ်ထားနိုင်စွမ်းရှိသော သူ့သူငယ်ချင်းများကို ဒန် အလွန်အားကျမိပါသည်။ သူသည် အလုပ်ကို သံယောဇဉ်မတွယ်ဘဲ မနေနိုင်သေးချေ။ သူသည် လူလေးဆယ် တစ်ယောက်အတွက် သေဆုံးကြောင်း သက်သေခံလက်မှတ်များကို ယခုပင် လက်မှတ်ရေးထိုး၍ ပြီးစီးခဲ့လေပြီ။

သူသည် သတ္တုတွင်း၌ ဆရာဝန်အဖြစ် ဆောင်ရွက်လာခဲ့သည်မှာ ဆယ်ငါးနှစ်ပင် ရှိခဲ့ပြီ ဖြစ်သောကြောင့် ယခုထက် ပို၍ ဆိုးရွားသော ပုံစံနှင့် သေသူများကို တွေ့ဖူးခဲ့လေပြီ။ သို့ရာတွင် ယခုကိစ္စသည် သူကြုံတွေ့ဖူးသမျှထဲတွင် အဆိုးရွားဆုံးကိစ္စ ဖြစ်ပေသည်။ လူပေါင်းလေးဆယ်တစ်ယောက်၊ မီးလောင်ကျွမ်းခဲ့ရပြီး ပြင်းထန်စွာ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရပြီး သေကြရသူများပင်တည်း။

သူသည် နားထင်ကို လက်နှင့် နှိပ်ရင်း သူ့ရှေ့၌ ချထားသော ပစ္စည်းများကို လေ့လာလိုက်သည်။ ထိုပစ္စည်းများမှာ ဒေဗီဗီလန့်ချီ၏ အိတ်ထဲမှ ရလာသော ပစ္စည်းများ ဖြစ်သည်။ မီးလောင်ကျွမ်းနေသော အဝတ်အစားထဲ မှ နှိုက်ယူရသည်ကပင် အော်ဂလီဆန်စရာ ကောင်းနေလေသည်။ ဒေဗီသည် အလုပ်သမားဝတ်စုံအောက်ဘက်တွင် အပေါ်စားနိုင်လွန် ရှပ်အင်္ကျီတစ်ထည်ကို ဝတ်ဆင်ထားသောကြောင့် ထိုအင်္ကျီသည် အသားနှင့် ရောနှောပေါင်းစပ်ပြီး မီးလောင်ကျွမ်းနေသည်။ ထိုအင်္ကျီသည် အပူဓာတ်ကြောင့် အရည်ပျော်သွားပြီး မီးလောင်ကျွမ်းနေသော အသားများနှင့် တသားတည်း ဖြစ်နေလေပြီ။

ဒေဗီထံမှ ရလာသော ပစ္စည်းများမှာ ကြေးဝါသော့ကွင်းနှင့် ထည့်ထားသော သော့တွဲတစ်တွဲ၊ အရိုးလက်ကိုင်တပ်ထားသော ဓားမြှောင်ကလေးတစ်ချောင်း၊ မီးလောင်ကျွမ်းနေသော လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ရွှန်ဆွန်ဓာတ်ငွေ့ မီးခြစ်တစ်လုံး၊ ပိုက်ဆံအိတ်တစ်လုံးနှင့် ထောင့်တစ်ထောင့်တွင် မီးလောင်ကျွမ်းနေသော ပွင့်နေသည့် စာအိတ်ကလေးတစ်လုံးပင်တည်း။

ဒန်စတန်းဒါးသည် မီးလောင်ခံရသော ဘန်တုအမျိုးသားတို့၏ ကိုယ်ပေါ်မှ ရရှိသည့် ပစ္စည်းများကို ထိုပုဂ္ဂိုလ်များ၏ မိသားစုများထံသို့ ပြန်ပို့ပေးနိုင်အောင် အလုပ်သမား စုဆောင်းရေး အေဂျင်စီသို့ ပို့ပေးခဲ့ပြီး ဖြစ်သည်။ ယခု သူသည် မလိုလား မနှစ်သက်ဟန်ဖြင့် သက်ပြင်းချလိုက်ပြီး ပိုက်ဆံအိတ် ကို

ကောက်ကိုင်လိုက်၏။ သူက ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။

ပိုက်ဆံအိတ်ထဲမှ အကန့်ကလေးတစ်ကန့်တွင် တံဆိပ်ခေါင်းခြောက်လုံးခန့်နှင့် ရန်းငွေငါးကျပ်တန် ငွေစက္ကူများ ရှိနေသည်။ အခြား အကန့်တစ်ကန့်တွင်မူ စာရွက်စာတမ်းများနှင့် ပြည့်နှက်နေသည်။ ဒန်သည် ပိုက်ဆံအိတ်ထဲတွင် တွေ့ရသော အရောင်းဈေးသည်များထံမှ မိတ်ဆက်ကတ်ပြားများ၊ ပင်မင်းပေးထားသော စာရွက်များ၊ ခြံမြေ၊ ယာမြေရောင်းမည်ဟု ကြော်ငြာထားသော သတင်းစာဖြတ်ပိုင်းကလေးများ၊ လယ်သမားအပတ်စဉ်စာစောင်မှ ခွေးမွေးမြူရေးခြံအတွက် အစီအစဉ်ပြုလုပ်နည်း ဆောင်းပါးကို ဖြတ်ယူထားသော စာရွက်နှင့် ငွေစုစာအုပ်တစ်အုပ်တို့ကို အသေးစိတ် စစ်ဆေးကြည့်ရှုလိုက်သည်။

ဒန်သည် ငွေစုစာအုပ်ကို ဖွင့်ကြည့်လိုက်ပြီးနောက် စုဆောင်းငွေပမာဏကို မြင်လိုက်ရသည့်အခါ လေချွန်လိုက်မိလေတော့သည်။ သူက ကျန်စာရွက်များကို လှန်ကြည့်လိုက်၏။

ငွေစုစာအုပ်၏ ကတ်ထူဖုံးနောက်ဘက်တွင် မကြာခဏ ဖွင့်ကြည့်ထားပုံရသော ပိတ်မထားသည့် စာအိတ်တစ်အိတ်ကို ထိုးထည့်ထားသည်။ ဒန်စတန်းဒါးသည် ထိုစာအိတ်ကို ဖွင့်လိုက်ပြီးနောက် သူ့မျက်နှာသည် တအံ့တဩ ဖြစ်သွားတော့သည်။ ထိုစာအုပ်ထဲတွင် အပြာဓာတ်ပုံအချို့ ရှိနေသည်။ ထိုပစ္စည်းမျိုးကို ဒန်က တကူးတက လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။

သေဆုံးသူ၏ ပစ္စည်းများကို ပရိဒေဝမီးတောက်လောင်နေသော မိသားစုထံသို့ ပြန်လည်ပေးပို့သည့်အခါ လူသားတို့၏ ချွတ်ယွင်းပျော့ညံ့ချက်များကို ဖော်ပြထားသည့် သက်သေခံပစ္စည်းများ ပါရှိမသွားစေလိုပါ။ ဒန်သည် ထိုဓာတ်ပုံများနှင့် ဓာတ်ပုံထည့်ထားသော စာအိတ်တို့ကို မီးရှို့ပစ်လိုက်၏။

သူသည် ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အခန်းထဲမှ မီးခိုးနံ့များ အပြင်ထွက်သွားအောင် ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ဒန်သည် ပြတင်းပေါက်တွင် ဆက်ရပ်နေပြီး မော်တော်ကား ရပ်နားသည့်နေရာ၌ ဖျိုင်း၏ အယ်လ်ဖာရိုမီယိုမော်တော်ကားကလေး ရပ်တန့်ထားခြင်း ရှိမရှိ ရှာဖွေလိုက်သည်။ ယခုအချိန်ထိ ဖျိုင်းရောက်မလာသေးသောကြောင့် ဒန်သည် သူ့စားပွဲသို့ ပြန်လျှောက်လာသည်။

ဒန်သည် ကျန်နေသေးသော စာအိတ်ကို သတိထားမိပြန်သောကြောင့် ကောက်ယူလိုက်ပြန်၏။ ထိုစာအိတ်ပေါ်တွင် သွေးအနည်းငယ် စွန်းနေသလို

ထောင်တစ်ထောင်ကို မီးလောင်ထားသည်။ ဒန်သည် စာအိတ်ထဲမှ စာရွက်လေးရွက်ကို ထုတ်ယူလိုက်ပြီးနောက် စားပွဲပေါ်တွင် ဖြန့်လိုက်၏။

ချစ်ခင်ရပါသောဂျွန်နီ

ဖေဖေ သေဆုံးသွားတဲ့အချိန်မှာ မင်းဟာ ချာတိတ် ကလေးပဲ ရှိသေးတယ်။ ဒါကြောင့် ငါက မင်းကို ညီတစ် ယောက်အစား သားတစ်ယောက်လိုပဲ သဘောထားခဲ့ပါတယ်။

ကဲ၊ ဂျွန်နီရေ၊ ငါမှာ မင်းကို ပြောစရာ ကိစ္စတစ်ခု ရှိနေပြီ…။

ဒန်သည် ခပ်ဖြည်းဖြည်း ဆက်ဖတ်သွားရာ အခန်းထဲသို့ ဂျိုင်းဝင်လာသည်ကိုပင် မကြားလိုက်ချေ။ ဂျိုင်းသည် တံခါးဝတွင် မတ်တတ်ရပ်ရင်း သူ့ကို စောင့်ကြည့်နေသည်။ ဂျိုင်းသည် ကြင်နာသော အမူအရာနှင့် ပြုံးသည်ဆိုရုံကလေး ပြုံးနေသည်။ တောက်ပနေသော ရွှေရောင်ဆံပင်သည် ပခုံးပေါ်သို့ ဝဲကျနေသည်။ ထို့နောက် ဂျိုင်းသည် သူ့ကုလားထိုင် နောက်ဘက်သို့ တိတ်တဆိတ် တိုးကပ်သွားပြီး ဒန်စတန်းဒါး၏ နားရွက်ကို နမ်းလိုက်လေတော့သည်။ လန့်ဖျပ်သွားသော ဒန်က နောက်သို့ လှည့်လိုက်ရာ ဂျိုင်းနှင့် မျက်နှာချင်းဆိုင်လိုက်ရလေ၏။

"ဒါလင်"

ဂျိုင်းက ဒန်၏ နှုတ်ခမ်းကို နမ်းလိုက်သည်။

"ကျွန်မ ရောက်လာတာကို မသိနိုင်လောက်အောင် ရှင်က ဘာကို စိတ်ဝင်စားနေတာလဲ"

ဒန်စတန်းဒါးသည် ဂျိုင်းအား ပြောမပြမီ အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားမိသေးသည်။

"မနေ့ညတုန်းက မတော်တဆ ဖြစ်သွားတဲ့ ဆိုးဆိုးရွားရွား ထိခိုက်မှု တစ်ခုမှာ လူတစ်ယောက် သေဆုံးသွားတယ်၊ ဒီစာ သူ့အိတ်ထဲမှာ ရှိနေတယ်"

ဒန်စတန်းဒါးက ထိုစာကို လှမ်းပေးလိုက်ရာ ဂျိုင်းက ခပ်ဖြည်းဖြည်း ဖတ်လိုက်သည်။

"သူက ဒီစာကို သူ့ညီဆီ ပို့ပေးမလို့နဲ့ တူတယ်၊ ဟုတ်လား"

ဂျိုင်းက မေးလိုက်သဖြင့် ဒန်က ခေါင်းညိတ်လိုက်၏။

"အပျက်မ"

ဂျိုင်းက တိုးတိုးကလေး ရေရွတ်လိုက်သဖြင့် ဒန် တအံ့တသြ ဖြစ်သွားရသည်။

"ဘယ်သူ့ကိုပြောတာလဲ"

"ဟိုကလေးမကို ပြောတာလေ၊ ရှင်လည်း သိသားပဲ၊ အဲဒါ အဲဒီကလေးမရဲ့ အပြစ်ရှင်"

ဂျိုင်းသည် ပိုက်ဆံအိတ်ကို ဖွင့်၍ စက္ကူလက်ကိုင်ပဝါတစ်ရွက်ကို ယူပြီး မျက်စိကို တို့လိုက်သည်။

"သက်သက်မဲ့ ကျွန်မ မိတ်ကပ်ပျက်စီးသွားရပြီ"

ဂျိုင်းသည် နှပ်တရှုပ်ရှုပ် ပြုလုပ်လိုက်ပြီး ဆက်ပြောလိုက်ပြန်၏။

"ရှင်က အဲဒီစာ သူ့ယောက်ျားကို သွားပေးလိုက်၊ ဒါမှ အဲဒီအပျက်မ ကို ဆုံးမရာ ရောက်သွားလိမ့်မယ်"

ဒန်က မေးလိုက်၏။

"ဘာလဲ၊ အဲဒီစာ သူ့ယောက်ျားကို မပေးသင့်ဘူးလို့ မင်းက ဆိုလိုတာလား၊ ကိုယ်တို့က လူသားတွေရဲ့ ကံကြမ္မာကို မဖန်တီးသင့်ပါဘူးကွာ"

"မဖန်တီးသင့်ဘူး ဟုတ်လား"

ဂျိုင်းက ပြန်မေးလိုက်၏။ ထို့နောက် ဂျိုင်းက ထိုစာရွက်လေးရွက်အား အစအနကလေးများ ဖြစ်သွားအောင် ဆုတ်ဖြဲလိုက်ပြီး လုံးခြေ၍ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်ကို ဒန်က အေးအေးဆေးဆေး စောင့်ကြည့်နေသည်။

"မင်း သိပ်ချစ်ဖို့ကောင်းတာပဲကွာ"

ဒေါက်တာစတန်းဒါးက ပြောလိုက်၏။

"မင်း ကိုယ့်ကို လက်ထပ်ပါလားကွာ"

"ကျွန်မ အဲဒီမေးခွန်းကို ဖြေပြီးပါပြီ ဒေါက်တာစတန်းဒါးရယ်"

ဂျိုင်းက ဒန်စတန်းဒါးအား နောက်တစ်ကြိမ် ထပ်နမ်းလိုက်လေသည်။

[၅၁]

ဟက်တီဒီလန်၍ အူကြောင်ကြောင် ဖြစ်နေသည်။

ထိုကိစ္စမှာ သူတို့နှစ်ယောက်ကို အိပ်ရာမှ လန့်နိုးစေခဲ့သော တယ်လီဖုန်းသံက အစပြုခဲ့လေသည်။ ဂျွန်နီက အဝတ်အစားလဲနေစဉ် သတ္တုတွင်း၌ ပြဿနာ တစ်ခု ဖြစ်ပွားနေကြောင်း ခပ်တိုတိုပြောပြခဲ့သည်။ သို့ရာတွင် ဟက်တီသည် အိပ်ပျော်နေရာမှ ခဏသာနိုးခဲ့ပြီး ဂျွန်နီတစ်ယောက် ကမန်းကတန်း ပြေးထွက် သွားချိန်တွင် ချက်ချင်းအိပ်ပျော်သွားလေတော့သည်။

ဂျွန်နီသည် နာရီပေါင်းများစွာ ကြာသောအခါ ပြန်လည်ရောက်ရှိလာပြီး ဆုပ်ကိုင်ထားသောလက်နှစ်ဖက်ကို ဒူးခေါင်းကြားတွင် ထား၍ ဦးခေါင်းကို ငိုက်စိုက်ချရင်း ခုတင်စွန်း၌ ထိုင်နေလေသည်။ ဟက်တီက ခပ်ဆတ်ဆတ် ပြောလိုက်၏။

"ရှင်က ဘယ်လိုဖြစ်နေတာလဲရှင်၊ အဲဒီမှာချည်း ထိုင်မနေပါနဲ့ အိပ်ရာပေါ် လာအိပ်လေ"

"ဒေဗီ သေပြီ"

သူ့အသံသည် စိတ်မပါတပါ ဖြစ်နေသည်။

ဟက်တီသည် ဝမ်းဗိုက်ထဲမှ အလိပ်လိုက် ကြွတက်လာအောင် ခေတ္တမျှ စိတ်ချောက်ချားသွားပြီး အိပ်ချင်မူးတူးဖြစ်နေရာမှ လုံးဝ နိုးသွားရလေတော့သည်။ ထို့နောက် ဟက်တီသည် တစ်ကိုယ်လုံး ပေါ့ပါးပြီး စိတ်သက်သာရာ ရရှိသွားလေသည်။

သူသေလေပြီ။ ဤမျှလောက်အထိ လွယ်ကူလွန်းလှပါသည်။ ဟက်တီသည် တစ်နေ့လုံးသောကဖြစ်ခဲ့ရသည်။ သူက ထိုကဲ့သို့ဖြစ်ခဲ့ခြင်းမှာ အလွန်မိုက်မဲရာကျပေသည်။ ဒေဗီသည် ထိုကိစ္စ ဖြစ်ပွားပြီး နောက်ပိုင်းတွင် သူ့နောက်မှ တကောက်ကောက်လိုက်နေပေလိမ့်မည်။ ဒေဗီ အမူအရာပျက်နေသောကြောင့် ဂျွန်နီကပင် ရိပ်မိသွားလိမ့်မည်ဟု ဟက်တီက တွေးနေခဲ့မိသည်။

ယခုဆိုလျှင် ထိုကိစ္စအားလုံးကို တွေးပူရန် မလိုတော့ပါပြီ။ ဒေဗီသေခဲ့

လေပြီ။

"ဟုတ်မှ ဟုတ်ရဲ့လားရှင်"

ဟက်တီက စိုးရိမ်တကြီး မေးလိုက်၏။ သူ့အသံမှာ သောကဖြစ်ပုံ ပေါ်ပေါက်နေသည်။

"ကိုယ်ကိုယ်တိုင် မြင်ခဲ့ရတာ"

ဂျွန်နီသည် တစ်ကိုယ်လုံး တုန်သွားပြီး ပါးစပ်ကို လက်ဖမိုးနှင့် ဆုပ်လိုက်မိတော့သည်။

"သိပ်ကို ဆိုးရွားပါကလားရှင်"

ဟက်တီသည် သူ့တာဝန်ကို နားလည်သဘောပေါက်သွားပြီး ဂျွန်နီအား လက်နှင့် သိုင်းဖက်ရန် ထထိုင်လိုက်သည်။

"ရှင့်အတွက် သိပ်ကို ဆိုးရွားမှာပဲနော်"

ဟက်တီသည် ထိုနေ့ညတွင် ထပ်မအိပ်ဖြစ်တော့ပါ။ ဒေဗီ ရုတ်တရက် သေဆုံးသွားရသည်ဆိုသော ကိစ္စက သူ့အား အထူး စိတ်လှုပ်ရှားစေခဲ့သည်။ တလူးလူး တလွန့်လွန့်နှင့် တညည်းညည်း တညူညူဖြစ်နေသော ဂျွန်နီနံဘေးတွင် လဲလျောင်းနေသည် ဟက်တီသည် အရုဏ်ဦးသို့ ရောက်သည်အခါကျမှ သူ့အတွေးမျိုးစုံသည် ချုပ်ငြိမ်းသွားရလေတော့သည်။

အခန်းထဲသို့ လင်းရောင်ခြည် ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် ဟက်တီက ဂျွန်နီအား နှိုးလိုက်၏။ ဟက်တီက ညင်သာစွာ မေးလိုက်သည်။

"သူ့ပုံစံက ဘယ်လိုလဲဟင်၊ သူ့ကို ဘယ်လိုမြင်ခဲ့ရသလဲ ဂျွန်နီ"

ဂျွန်နီသည် နောက်တစ်ကြိမ် တုန်လှုပ်သွားပြီးနောက် ဟက်တီအား စပြောပြလေတော့သည်။ သူ့အသံသည် လည်ချောင်းကွဲသံပေါက်နေသည်။ သူပြောသည် ဝါကျများသည် အဆက်အစပ်မရှိသလို ပြတ်တောင်း ပြတ်တောင်း ဖြစ်နေသည်။ ဂျွန်နီသည် ဆက်မပြောတော့ဘဲ ငြိမ်ကျသွားသည်အခါ ဟက်တီသည် အထူးစိတ်လှုပ်ရှားမှုကြောင့် တစ်ကိုယ်လုံး တုန်၍နေလေတော့သည်။

"ဆိုးရွားလိုက်တာရှင်"

ဟက်တီသည် ထပ်ခါတလဲလဲ ရေရွတ်နေသည်။

"သိပ်ကို ဆိုးရွားတာပဲ"

ထိုနေ့နံနက်တွင် တယ်လီဖုန်းခဏခဏလာသည်။ ဟက်တီ၏ မိတ်ဆွေ လေးဦးသည် လက်ဖက်ရည်သောက်ချိန်တွင် ဟက်တီနှင့်အတူ လက်ဖက်ရည်

သောက်ရန် ရောက်ရှိလာကြသည်။ 'ဂျိုဟန်နာစဘာတ်ခ်စတား' သတင်းစာမှ သတင်းထောက်တစ်ယောက်နှင့် ဓာတ်ပုံဆရာတစ်ယောက် ရောက်ရှိလာပြီး မေးခွန်းများမေးကြသည်။ ဟက်တီသည် အများက အာရုံစိုက်ခံရသော 'ဖလားစုကွမ်းအစ်'ဖြစ်နေပြီး ထိုအဖြစ်အပျက်ကို ထပ်ခါတလဲလဲ အသေးစိတ်ပြောပြနေလေသည်။

နေ့လယ်စာ စားပြီးချိန်တွင် ဂျွန်နီသည် ခပ်ပုပုသေးသေး လူတစ်ယောက်နှင့်အတူ အိမ်သို့ ပြန်ရောက်လာသည်။ ထိုပုဂ္ဂိုလ်သည် ဆံပင်နက်သူ ဖြစ်ရုံသာမက အနက်ရောင်ဝတ်စုံနှင့် အနက်ရောင် အိတ်တာလှျံ ရှူးဖိနပ်တို့ကို ဝတ်ဆင်ထားသည်။ သူ့လက်ထဲတွင်လည်း အနက်ရောင် လက်ဆွဲအိတ်ကလေးတစ်လုံးကို ကိုင်လာသည်။

"ဟက်တီ၊ သူက မစ္စတာဘိုဂတ်၊ ဒေဗီရဲ့ ရှေ့နေပေါ့၊ သူက မင်းကို ပြောပြစရာတစ်ခုရှိနေတယ်"

"မစ္စစ်ဒီလန်ချို၊ ခင်ဗျားနဲ့ ခင်ဗျားခင်ပွန်းတို့ ခံစားနေရတဲ့ ပရိဒေဝမီးအတွက် ကျုပ်ကလည်း လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြောင်း ပြောပါရစေ"

"ဟုတ်ပါတယ်၊ အဲဒီကိစ္စဟာ သိပ်ကို ဆိုးရွားတဲ့ကိစ္စပါပဲရှင်"

ဟက်တီ သွေးလန့်နေသည်။ ဒေဗီက သူတို့၏ အဖြစ်အပျက်ကို သူ့ရှေ့နေအား ပြောပြခဲ့လေရောသလား။ ဒီပုဂ္ဂိုလ်က သူ့ကို ဒုက္ခပေးဖို့လာတဲ့ လူများလား။

"ခင်ဗျားရဲ့ခဲအိုက သေတမ်းစာတစ်ခုရေးခဲ့ပါတယ်။ ကျုပ်က အဲဒီသေတမ်းစာကို အကောင်အထည်ဖော်ပေးရမယ့် ပုဂ္ဂိုလ်ပါ။ ခင်ဗျားရဲ့ခဲအိုဟာ အင်မတန်ချမ်းသာတဲ့လူ ဖြစ်ပါတယ်။ သူပိုင်ဆိုင်တဲ့ပစ္စည်းတန်ဖိုးဟာ ရန်းဒွေငါးသောင်းအထက်မှာ ရှိပါတယ်"

ဘိုဂတ်က အမှိုက်ပုံသင်ပါပါ ရပ်နားလိုက်၏။

"ပြီးတော့လည်း ခင်ဗျားနဲ့ ခင်ဗျားခင်ပွန်းတို့ဟာ အဲဒီပစ္စည်းတွေကို ဆက်ခံရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်"

ဟက်တီသည် ဘိုဂတ်နှင့် ဂျွန်နီတို့အား မသကာသဟန်နှင့် လှမ်းကြည့်လိုက်၏။

"ကျွန်မ သိပ်နားမလည်ဘူး၊ ဆက်ခံရမယ်ဆိုတာ ဘာလဲ"

"အမှိုက်ပုံသင်ကတော့ အဲဒီပစ္စည်းတွေကို ခင်ဗျားနဲ့ ခင်ဗျားခင်ပွန်းတို့

ခွဲဝေယူကြရမယ်ဆိုတဲ့ သဘောပါပဲ"

ဟက်တီသည် မယုံကြည်နိုင်ဟန်ဖြင့် ဝမ်းသာအားရမေးလိုက်ပြန်၏။

"ကျွန်မက ရန်းငွေငါးသောင်းရဲ့ ထက်ဝက်ကို ရမှာလား"

"ဟုတ်ပါတယ်"

"ကောင်းတာပေါ့ရှင်၊ သိပ်ကို ဟန်ကျတာပေါ့"

ဟက်တီသည် သူ့သူငယ်ချင်းများအား တယ်လီဖုန်းနှင့် အသိပေးရန်ဆိုသောကိစ္စကို ဂျွန်နီနှင့် ရှေ့နေအိမ်မှ ပြန်သွားသည်အထိပင် မစောင့်နိုင်တော့ချေ။ ထိုလေးယောက်စလုံးသည် ကော်ဖီသောက်ရန်နှင့် ကုသိုလ်ထူးသော ဟက်တီနှင့်အတူ စိတ်လှုပ်ရှားသည့် အရသာကို ခံစားကြရန် ပြန်လာကြသည်။

ညနေ ခြောက်နာရီကျော်သောအခါ ဂျွန်နီအိမ်သို့ ပြန်လာသည်။ ဂျွန်နီ သည် တစ်ကိုယ်လုံး အရက်စော်နံနေသည်သာမက ခြေလှမ်းလည်း မမှန်တော့ချေ။ ဤတွင် ဟက်တီ၏ သူငယ်ချင်းလေးယောက်သည် အင်တင်တင်နှင့်ထပြန်ကြရလေတော့သည်။ သူတို့လေးယောက် ပြန်သွားပြီး သိပ်မကြာခင် အဖြူရောင်ပြိုင်ကားကြီးတစ်စီးသည် သူတို့အိမ်ရှေ့သို့ ရောက်ရှိလာရာ ထိုနေ့အတွက် ဟက်တီ၏ အောင်မြင်မှုသည် အထွဋ်အထိပ်သို့ ရောက်ရှိသွားလေတော့သည်။ သူ့သူငယ်ချင်းများ၏ နေအိမ်သို့ ဆွန်ဒါဒစ်ချ်သတ္တုတွင်းမှ ဂျင်နရယ်မန်နေဂျာသည် တစ်ခေါက်မှ လာရောက်လည်ပတ်ဖူးခြင်း မရှိပါချေ။

အိမ်ရှေ့မှလူခေါ်ခေါင်းလောင်းသံ စမြည်သည်နှင့် တစ်ပြိုင်နက် ဟက်တီက တံခါးကို ဖွင့်ပေးလိုက်သည်။

"မစ္စတာအိုင်းရွန်းဆိုက်ဒ်၊ အထဲကိုဝင်ပါရှင်"

ဟက်တီက ရောဒ်အား ပစ္စည်းပစ္စယများနှင့် ပြည့်နှက်နေသော ဧည့်ခန်းထဲသို့ ခေါ်သွားသည်။ ဂျွန်နီက ရောဒ်အား မော့ကြည့်လိုက်၏။ သို့ရာတွင် ထိုင်ရာက မထချေ။

"ဟယ်လို ဂျွန်နီ"

ရောဒ်က ပြောလိုက်သည်။

"ဒေဗီအတွက် ကျုပ် ဝမ်းနည်းမိတယ်ဆိုတဲ့ အကြောင်းမင်းကို လာပြောတာပါ"

"ကျုပ်ကို အဲဒီလို လေပြည်မထိုးပါနဲ့ ကိုယ့်လူရာ"

ဂျွန်နီဒီလန်ချိုက ခပ်ရိုင်းရိုင်း တုံ့ပြန်လိုက်၏။ ဟက်တီ တအံ့တသြ

ဖြစ်သွားရသည်။

"ဌွန်နီ၊ ရှင်က မစ္စတာအိုင်းရွှန်းဆိုက်ဒ်ကို အဲဒီလို မပြောသင့်ဘူးလေ"

ထိုနောက် ဟက်တီသည် ရောဒ်ဘက်သို့ လှည့်လိုက်ပြီး ရောဒ်လက်မောင်းကို ကိုင်လိုက်၏။

"သူ့စိတ်ထဲကပါလို့ ပြောနေတာ မဟုတ်ပါဘူး မစ္စတာအိုင်းရွှန်းဆိုက်ဒ်၊ သူ အရက်သောက်ထားလို့ပါ"

ဌွန်နီက ဟက်တီကို ပြောလိုက်သည်။

"မင်း ဒီနေရာက ထွက်သွားစမ်း၊ မင်းနဲ့ ထိုက်တန်တဲ့ မီးဖိုထဲမှာပဲ သွားနေစမ်း"

"ဌွန်နီ"

"ထွက်သွားစမ်းကွာ"

ဌွန်နီသည် အော်ဟစ်လိုက်ပြီး ကုလားထိုင်ပေါ်မှ ထလိုက်လေရာ ဟက်တီသည် အခန်းထဲက ထွက်ပြေးသွားရလေတော့သည်။

ဌွန်နီသည် အခန်းထောင့်တွင် ရှိသော အရက်ဗီရိုဆီသို့ သွားလိုက်ပြီး ဖန်ခွက်နှစ်လုံးထဲသို့ အရက်များကို ဖိတ်ဖိတ်စဥ်စဥ်နှင့် လောင်းထည့်၍ ဖန်ခွက်တစ်လုံးကို ရောဒ်အား လှမ်းပေးလိုက်သည်။

"ဘုရားသခင်က ကျုပ်အစ်ကိုကို ကယ်မပါစေ"

ဌွန်နီက ပြောလိုက်ခြင်း ဖြစ်သည်။ ရောဒ်က ပြောလိုက်၏။

"ကစ်ချနာဗီးလ်တွင်ရှိသော ကျောက်ခဲခွဲသူများအနက် အကောင်းဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်သော ဒေဗီဒ်လန်ချ်အတွက်"

ရောဒ်က ဆုတောင်းလိုက်ပြီး ဖန်ခွက်ထဲမှ အရက်ကို တစ်ချက်တည်းနှင့် မော့ချလိုက်သည်။

"သူက အကောင်းဆုံးဗျ"

ဌွန်နီက ရောဒ်၏ စကားကို ပြင်ပေးလိုက်ပြီး အရက်ကို တစ်ချက်တည်းနှင့် မော့ချလိုက်၏။ ထိုနောက် ဌွန်နီသည် ရောဒ်၏ မျက်နှာကို စေ့စေ့ကြည့်၍ စကားပြောရန် ကိုယ်က ရှေ့သို့ ကိုင်းလိုက်သည်။

"ခင်ဗျား နိုင်းထားတဲ့ အလုပ်ကို ကျုပ်က ဆက်လုပ် မလုပ်ဆိုတာ ခင်ဗျား သိချင်လို့ လာခဲ့တာပဲ၊ ခင်ဗျားအတွက် ဒေဗီဟာ တန်ဖိုးမရှိသလို ကျုပ်လည်းပဲ ခင်ဗျားအတွက် တန်ဖိုးမရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျားက သောက

ဖြစ်နေတာ တစ်ချက်ရှိတယ်' ဌွန်နီသည် အရက်ဖန်ခွက်ကို ထပ်ဖြည့်လိုက်၏။

ကဲ၊ ကျုပ်ပြောတာကို ကောင်းကောင်းနားထောင်၊ ဌွန်နီဒီလန်ချ်ဟာ ဘယ်တော့မှ နောက်ဆုတ်တဲ့ အကောင်မဟုတ်ဘူး၊ အဲဒီလုပ်ငန်းက ကျုပ်အစ်ကိုကို ဝါးမျိုသွားခဲ့တယ်၊ ဒါပေမဲ့ ကျုပ်က အဲဒီလုပ်ငန်းကို မပြီးပြီးအောင် ဆက်လုပ်မယ်၊ ဒီတော့ ခင်ဗျားအတွက် စိတ်ပူစရာ မရှိပါဘူး။ ဌွန်နီဒီလန်ချ်ဆိုတဲ့ ငတိက နက်ဖြန်ခါ အလုပ်ဆက်လုပ်မယ်ဆိုတော့ ခင်ဗျားအိမ်ပြန်ပြီး စိတ်ချမ်းချမ်းသာသာနဲ့ အိပ်နိုင်ပါပြီ"

❐

[၅၂]

မြူနှင်းများ ဝေနေသော နံနက်ခင်းတွင် ဘော်ငွေရောင် ရိုးစ်ရွိုက်စ်မော်တော်ကားကြီးတစ်စီးသည် သစ်ပင်များအကြား၌ ရပ်နေသည်။ ထိုမော်တော်ကားကြီး၏ ရှေ့တည့်တည့်တွင် အဖြူရောင်ဆေးသုတ်ထားသော ခြစည်းရိုးများကို မြင်နေရသည်။ ထိုခြစည်းရိုးများမှာ မြင်းများကို အပြေးလေ့ကျင့်ပေးသော ပြေးလမ်းကို ကာရံထားသော ခြစည်းရိုးပင် ဖြစ်သည်။ ထိုခြစည်းရိုးများသည် မြစ်နှင့် ဝေးရာဘက်ဆီသို့ ကွေ့ထွက်သွားသည်။ မြူနှင်းထုသည် မြစ်တစ်လျှောက်၌ ပို၍ ထူထပ်စွာ ကျဆင်းနေသည်အပြင် မြက်ခင်းများကလည်း ပို၍ စိမ်းစိမ်းစိုစို ရှိလှသည်။

ယူနီဖောင်းဝတ်ထားသော ယာဥ်မောင်းသူသည် မော်တော်ကားထဲ၌ ပါလာသူနှစ်ဦး သီးသီးသန့်သန့်နေထိုင်နိုင်အောင် မော်တော်ကားနှင့် ဝေးရာသို့ သွား၍ မတ်တတ်ရပ်နေသည်။ မော်တော်ကားထဲ၌ ပါလာသူနှစ်ယောက်သည် ပေါင်ပေါ်၌ သိုးမွှေးကော်ဇောတစ်ချပ်ကို ဖြန့်ခင်းထားသည်။ သူတို့နှစ်ဦး၏ ရှေ့တွင်ရှိသော ခေါက်စားပွဲကလေးပေါ်တွင် ကော်ဖီထည့်ထားသော ငွေရောင်ဓာတ်ဘူးတစ်ဘူး၊ ကော်ဖီပန်းကန်များနှင့် အသားညှပ်ပေါင်မုန့်တစ်ပန်းကန် ရှိနေသည်။

လူဝကြီးသည် ပေါင်မုန့်ကို ခပ်မှန်မှန်စားနေပြီး အလုပ်တိုင်း အလုပ်တိုင်းကို ကော်ဖီနှင့် မျောချနေသည်။ အနည်းငယ် ထိပ်ပြောင်နေသော ပုဂ္ဂိုလ်ကမူ စားသောက်ခြင်း အလျင်းမရှိပါ။ ထိုပုဂ္ဂိုလ်က စီးကရက်ကို ခပ်မြန်မြန် ဖွာရှိုက်နေပြီး ကားမှန်ပေါက်မှတစ်ဆင့် မြင်းများကို လှမ်းကြည့်နေသည်။ မြင်းကျောင်းသူများသည် မြင်းများ၏ ဇက်ကြိုးကို ဆွဲ၍ စက်ဝိုင်းသဏ္ဌာန် လမ်းလျှောက်နိုင်းနေသည်။ မြင်းများ၏ နှာခေါင်းမှ အခိုးအငွေ့များ တခြောင်းခြောင်း ထွက်နေသလို မြင်း၏ ခန္ဓာကိုယ်ပေါ်တွင် အုပ်ထားသော စောင်များကလည်း တဖျပ်ဖျပ် လှုပ်ရှားနေကြသည်။

မြင်းစီးမည့် ဂျော်ကီများက မြင်းထရိန်နာကို လှမ်းကြည့်နေကြသည်။ ဂျော်ကီများသည် ဦးထုပ်အမာစားများကို ဆောင်းထားကြပြီး ခေါင်းစွပ်အကျႌများကို ဝတ်ဆင်ထားကြသည်။ သူတို့အားလုံး ကျာပွတ်များကို ကိုင်ထားကြသည်။ မြင်းထရိန်နာသည် လက်နှစ်ဖက်ကို အပေါ်ဝတ် ကုတ်အင်္ကျီအိတ်ကြီးထဲ၌ ထိုးထည့်ထားပြီး ရေးကြီးသုတ်ပျာ စကားပြောနေသည်။

အနည်းငယ် ထိပ်ပြောင်နေသော ခပ်ညှက်ညှက် ပုဂ္ဂိုလ်က ပြောလိုက်၏။

"ဧည့်ခံတာကတော့ သိပ်ကောင်းတာပဲဗျာ၊ ကျုပ် 'ရိုယို' မှာ တစ်ထောက်နားရတာကို သိပ်သဘောကျမိတယ်၊ ကျုပ် အဲဒီနေရာကို ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းပဲ"

လူဝကြီးက အသံပြုလိုက်၏။ သူ မကျေမနပ် ဖြစ်နေသည်။ သူတို့သည် ဒီပုဂ္ဂိုလ်ကို မလွှတ်သင့်ပါ။ သူတို့၏အောင်ကို စေလွှတ်လိုက်ခြင်းသည် သံသယဝင်မှုနှင့် မယုံကြည်မှုတို့ကို ပြသခြင်း ဖြစ်သလို စတော့ရှယ်ယာဈေးကွက်တွင် သူလုပ်မည့်ကိစ္စကိုလည်း အနှောင့်အယှက် ဖြစ်စေလိမ့်မည်။

မြင်းထရိန်နာနှင့် ဂျော်ကီတို့၏ ဆွေးနွေးမှု ပြီးဆုံးသွားလေပြီ။ စကားနည်းသော ဂျော်ကီများသည် သူတို့ စီးရမည့် မြင်းများဆီသို့ တကွဲတပြားစီ ထွက်သွားကြသည်။ ဤတွင် မြင်းထရိန်နာသည် ရိုးစ်ရွိုက်စ်မော်တော်ကားကြီးဆီသို့ ချဉ်းကပ်လာလေတော့သည်။

"မင်္ဂလာ နံနက်ခင်းပါ ဆရာ"

ထိုပုဂ္ဂိုလ်သည် ဖွင့်နေသော မှန်ပြတင်းပေါက်မှ လှမ်းပြောလိုက်၏။ လူဝကြီးက နောက်တစ်ကြိမ် အသံပြုလိုက်ပြန်သည်။

မြင်းထရိန်နာက ဆက်ပြောသွားသည်။

"ကျွန်တော်က သူ့ကို ကွင်းပြည့် ပြေးခိုင်းထားပါတယ်။ အက်မရယ်ဆိုက်စ်က သူ့ကို ငါးဖာလုံအထိ အပြိုင်လိုက်ပြေးပေးလိမ့်မယ်၊ ပေတာနီစတာက တစ်မိုင်အထိ လိုက်ပြီး အပြိုင်ပြေးပေးလိမ့်မယ်၊ ကျွန်တော်က တိုက်ဂါးရှုတ်ခ်ကို ပန်းဝင်တဲ့အထိ ပြေးခိုင်းဖို့ စီစဉ်ထားပါတယ်"

"ကောင်းပြီလေ"

"ဆရာက အချိန်မှတ်ချင်ဦးမလား မသိဘူး"

မြင်းထရိန်နာက အချိန်မှတ်သော နာရီတစ်လုံးကို ကမ်းပေးလိုက်ရာ လူဝကြီးသည် ယခင်ပုံစံအတိုင်း ဣန္ဒြေသိက္ခာအပြည့်နှင့် လှုကြည့်သို့အောင် ပြန်၍ ဣန္ဒြေဆယ်နိုင်ပုံရတော့သည်။

"ကျေးဇူးတင်ပါတယ် ဟင်နရီ"

လူဝကြီးက ပြုံးလိုက်၏။

"သူ့ကိုကြည့်ရတာ တော်တော်နိုပ်ပုံရတယ်လို့ ပြောရလိမ့်မယ်"

မြင်းထရိန်နာသည် ထိုလူဝကြီးက အရေးတယူ စကားပြောလိုက်သောကြောင့် ကျေနပ်သွားတော့သည်။

"အမယ်လေး၊ သူသိပ်သွက်နေပါပြီ၊ စနေနေ့ကျရင် သူ့ကို ပိုပြီး ဖျတ်ဖျတ်လတ်လတ် ရှိနေအောင် လုပ်ပေးထားပါမယ်"

"မြင်းထရိန်နာသည် မှန်ပြတင်းပေါက်မှ နောက်ဘက်သို့ ပြန်ဆုတ်လိုက်၏။

"ဒါဆိုရင် ကျွန်တော် သူတို့ကို ပြေးခိုင်းလိုက်တော့မယ်"

သူသည် အဝေးသို့ ထွက်ခွာသွားတော့သည်။

"ခင်ဗျားမှာ ကျုပ်ကို ပြောဖို့ သတင်းစကားပါလာသလား"

လူဝကြီးက မေးလိုက်သည်။

"ပါတာပေါ့၊ ကျုပ်က မြည်းတစ်ကောင်နှစ်ကောင် မြင်းပြိုင်ကွင်းမှာ လျှောက်ပြေးနေတာကို ကြည့်ဖို့ ဒီလောက်လောက်အဝေးကြီးကို လေယာဉ်ဖြင့် စီးပြီး လာခဲ့ပါမလား"

"ခင်ဗျားက ကျုပ်ကို ပြောတော့မလား"

လူဝကြီးသည် သူ့အား စော်ကားသည့်ကိစ္စကို ဒေါသမထွက်အောင် ထိန်းထားနိုင်ခဲ့သည်။ ထိုကိုယ်စားလှယ်က မြည်းဟု ပြောလိုက်သော မြင်းသည် အာဖရိကတွင် အကောင်းဆုံးမြင်းတစ်ကောင် ဖြစ်ပေသည်။

"သူတို့က ဒီခေတ်ငွေ ပေါက်ကွဲမှုကိစ္စကို သိချင်နေကြတယ်"

"အဲဒါက ဘာမှ မဟုတ်ပါဘူး"

လူဝကြီးသည် ထိုမေးခွန်းကို လက်နှင့် ဝှေ့ယမ်းပြီး ပစ်ပယ်လိုက်၏။

"ဝုန်းခနဲ ထပြီးပေါက်ကွဲခဲ့တာပါ။ လူနည်းနည်း သေဆုံးသွားတယ်၊ လုပ်ငန်းကိုတော့ မထိခိုက်ပါဘူး၊ အဲဒီလုပ်ငန်းမှာ ဦးစီးဦးဆောင်ပြုခဲ့တဲ့ မိုင်း အလုပ်သမားရဲ့ ပေါ့လျော့မှုကြောင့် ဖြစ်ရတာပါ"

"အဲဒီကိစ္စက ကျုပ်တို့အစီအစဉ်တွေကို ထိခိုက်စေမှာလား"

"တစ်ချက်ကလေးမှ ထိခိုက်စရာ မရှိပါဘူး"

မြင်းနှစ်ကောင်သည် တာအထွက်တွင် ခုန်၍ ထွက်လာကြပြီးနောက် ပခုံးချင်းယှဉ်၍ ပြေးနေကြသည်။ ပိုးသားပမာ ချောမွေ့ပြောင်လက်နေသော အုန်းခွံရောင်မြင်းက သက်သက်သာသာ ပေါ့ပေါ့ပါးပါးနှင့် ပြေးနေစဉ် ထို မြင်းနံဘေးရှိ မီးခိုးရောင်မြင်းက တဟုန်ထိုးလိုက်နေရသည်။

"ကျုပ် ဆရာသမားတွေကတော့ သိပ် စိုးရိမ်နေကြတယ်"

"သူတို့ စိတ်ပူစရာ မလိုပါဘူးဗျာ"

လူဝကြီးက ခပ်ဆတ်ဆတ် ခပ်မာမာ ပြောလိုက်၏။

"အဲဒီကိစ္စကြောင့် ဘာမှ တစ်မျိုးတစ်မည် ဖြစ်သွားစရာ မရှိပါဘူးလို့ ကျုပ် ပြောပြီးပြီပဲ"

"အခုလို ပေါက်ကွဲမှု ဖြစ်နေရတာဟာ ဒီလူ အိုင်းရွန်းဆိုက်ဒ်ရဲ့ အဆုံးအဖြတ်မှားယွင်းလို့ ဖြစ်ရတာလား"

"မဟုတ်ပါဘူး"

လူဝကြီးက ခေါင်းခါလိုက်သည်။

"အဲဒီကိစ္စက အလုပ်သမားခေါင်းဆောင်ရဲ့ ပေါ့လျော့မှုပါ၊ ဒီလူက ခေတ်ငွေ ရှိနေတာကို စမ်းကြည့်ပြီး သိဖို့ ကောင်းပါတယ်"

"ဝမ်းနည်းဖို့ ကောင်းလိုက်တာ"

ထိပ်ပြောင်နေသော ပုဂ္ဂိုလ်က ဦးခေါင်းကို ခါယမ်းလိုက်၏။

"ကျုပ်တို့က အဲဒီကိစ္စဟာ အိုင်းရွန်းဆိုက်ဒ်ရဲ့ အမှုအကျင့်မှာ ပျော့ကွက် ဟာကွက်လေးတစ်ခုပဲလို့ ထင်ထားကြတာ"

မီးခိုးရောင်မြင်းက မောပိုက်စပြုလာသော်လည်း အုန်းခွံရောင်မြင်းက သက်သက်သာသာပြေးရင်း ထိုမြင်းကို တဖြည်းဖြည်း ချန်ထားခဲ့တော့သည်။

ထိုပြေးလမ်း၏ ဘေးဘက်မှ တတိယမြင်းတစ်ကောင်သည် မီးခိုးရောင်မြင်း နေရာတွင် အစားဝင်လာပြီး အုန်းခွံရောင်မြင်းနှင့် ပခုံးချင်းယှဉ်၍ ပြေးတော့သည်။

"ခင်ဗျားတို့က ဘာဖြစ်လို့ အိုင်းရွန်းဆိုက်ဒ်ရဲ့ အမှုအကျင့်ကို ပူပန်နေရတာလဲ"

"ကျုပ်တို့က စိတ်မချမ်းသာစရာကောင်းတဲ့ သတင်းတွေကို ကြားနေရတယ်၊ ဒီလူဟာ ကြိုးဆွဲတိုင်း ကမယ် ရုပ်သေးရုပ်မဟုတ်ဘူး၊ ဒီလူဟာ ဂျင်နရယ်မန်နေဂျာ ရာထူးမှာ ပိုင်ပိုင်နိုင်နိုင်၊ နိုင်နိုင်နင်းနင်း ရှိနေပြီ။ ကျုပ်တို့ကို သတင်းပေးနေသူတွေထံက သိရတဲ့သတင်းတွေအရ ဒီလူဟာ ဆွန်ဒါ ဒစ်ချ်ရဲ့ ကုန်ကျစရိတ်ကို ယုံနိုင်စရာမရှိတဲ့ နှစ်ရာခိုင်နှုန်းအထိ လျော့သွားအောင် လုပ်နိုင်နေပြီ၊ ဒီလူဟာ မမောနိုင် မပန်းနိုင် ဆောင်ရွက်တတ်တဲ့လူ၊ တစ်နည်း ပြောရမယ်ဆိုရင် သတိထားပြီး စောင့်ကြည့်ရမယ် လူစားမျိုးပဲ"

"ကောင်းပြီလေ"

လူဝကြီးကပင် အလျှော့ပေးရတော့သည်။

"ဒါပေမဲ့ ကျုပ်တို့ရဲ့ဆရာသမားတွေ ဘာဖြစ်လို့ လန့်နေကြသလဲ ဆိုတာ ကျုပ် နားမလည်နိုင်ဘူး။ ဒီပုဂ္ဂိုလ်က သူ့ဥပဓိရုပ်တစ်ခုတည်းနဲ့ ထွက်ကျလာမယ် ရေတွေကို တားဆီးထားနိုင်လိမ့်မယ်လို့ သူတို့က ထင်နေကြလို့ လားဗျာ"

အုန်းခွံရောင်မြင်းနှင့် ယှဉ်၍ ပြေးပေးနေသော ဒုတိယမြင်းသည် ခြေ ကုန်စပြုလာလေပြီ။ သို့ရာတွင် အုန်းခွံရောင်မြင်းကြီးသည် တစ်ကောင်တည်း ဆက်၍ ပြေးနေဆဲပင်။ အုန်းခွံရောင်မြင်းကြီးသည် မိုင်တိုင်အမှတ်အသားကို ကျော်လွန်မိသည့်အချိန်တွင် သူနှင့် ပြိုင်ပြေးမည့်နောက် မြင်းတစ်ကောင်က ထွက်လိုက်လာလေတော့သည်။

ယှဉ်ပြေးနေသော မြင်းနှစ်ကောင်ကို ကြည့်ရင်း ထိပ်ပြောင်နေသော လူက ပြောလိုက်၏။

"ကျုပ်က မြင်းအကြောင်း ကောင်းကောင်း မသိပါဘူး၊ ဒါပေမဲ့ ဟို မြင်းကိုတော့ ကျုပ် အခု မြင်ရဖူးပြီ"

သူက ခပ်လှမ်းလှမ်းတွင် ပြေးနေသော အုန်းခွံရောင်မြင်းကြီးအား စီးကရက်နှင့် ထိုး၍ ပြလိုက်၏။

"အဲဒီမြင်းက ကျန်တဲ့ မြင်းနှစ်ကောင်ကို မောပိုက်ပြီး ကျန်ရစ်ခဲ့အောင်

ယှဉ်ပြေးနိုင်ခဲ့တယ်၊ အဲဒီမြင်းနှစ်ကောင်ဟာ တစ်ကောင်ပြီးတစ်ကောင် အသည်းကွဲပြီး သေနဲ့ သေနဲ့နဲ့ နောက်ဘက်မှာ ကျန်ရစ်ခဲ့ကြတယ်။ အဲဒီမြင်းကို သာမန် 'စံ'နဲ့ တိုင်းတာလို့ မရတဲ့အတွက် 'အမှန်းရခက်သော မြင်းတစ်ကောင်' လို့ ခေါ်ရလိမ့်မယ်"

ကိုထိပ်ပြောင်သည် စကားကို ဆက်မပြောခင် စီးကရက်ကို ဖွာရှိုက်လိုက်၏။

"လူတွေမှာလည်း အဲဒီလိုအမှန်းရခက်တဲ့ လူတွေရှိတယ်၊ ကျုပ်တို့ကတော့ အိုင်းရှန်းဆိုက်ဒ်ဟာ အဲဒီလို လူစားမျိုးလို့ ယူဆတယ်၊ ဒါကြောင့် သူ့ကို မကြိုက်ဘူး။ ကျုပ်တို့က အဲဒီလိုလူမျိုး ကိုယ်နဲ့ ဆန့်ကျင်ဘက်အဖွဲ့မှာ ရှိနေတာကို မကြိုက်ဘူး၊ အဲဒီလူက ကျုပ်တို့ရဲ့ စီမံချက်တစ်ခုလုံးကို ခင်ဗျား ပြောခဲ့သလို သူ့ဥပမိရုပ်တစ်ခုတည်းနဲ့ ကျုပ်တို့က ကြိုတွက်မထားမိတဲ့ လုပ်ငန်းတစ်ခုခုကို ဖြန်းခနဲ ထလုပ်ပြီး ဖျက်ပြားသွားအောင် လုပ်ပစ်နိုင်ဖွယ်ရာ ရှိတယ်"

မြင်းနှစ်ကောင်စလုံးသည် နောက်ဆုံးအကွေ့၌ တဟုန်ထိုး ကွေ့လာကြပြီးနောက် တဖြောင့်တည်း ပြေးရမည် ပြေးလမ်းအတိုင်း ကဆုန်စိုင်း၍ ပြေးလာကြသည်ကို သူတို့နှစ်ယောက်စလုံးက လှမ်းကြည့်ရင်း ငြိမ်ကျသွားကြသည်။

"ဟောဒါကို စောင့်ကြည့်ပါဦး"

လူဝကြီးက ခပ်တိုးတိုး ပြောလိုက်၏။ လူဝကြီး ပြောလိုက်သည့်စကားကို တုံ့ပြန်လိုက်သည့်အလား အန်းခွဲရောင် မြင်းကြီးသည် အားသွန်၍ ပြေးလေတော့ရာ ယှဉ်ပြေးနေသော မြင်းနှင့် ကွာထွက်သွားလေတော့သည်။ ထိုအန်းခွဲရောင်မြင်း၏ ဦးခေါင်းသည် ကူတစ်လက်ကဲ့သို့ လှုပ်ရှားနေသည့်အပြင် သူ့ခွာများက မြက်ဖုတ်များနှင့် ဖုန်မှုန့်များကို လွှင့်စဉ်ပြီး ကျန်ရစ်စေခဲ့သည်။ အန်းခွဲရောင်မြင်းသည် ပန်းအဝင်တွင် နောက်မှ လိုက်လာသော မြင်းကို ငါးလျားခန့် ဖြတ်၍ ချန်ထားခဲ့လေသည်။ ဤတွင် လူဝကြီးက အချိန်မှတ်နာရီကို ခလုတ်ပိတ်၍ ရပ်တန့်လိုက်၏။

လူဝကြီးက နာရီဒိုင်ခွက်ကို စိုးရိမ်စိတ်နှင့် ကြည့်လိုက်ပြီးနောက် အားရပါးရ ရယ်လိုက်သည်။

"ဒါတောင်မှ သူက တကယ်ပြိုင်ရမယ် မြင်းတွေနဲ့ သူနိုင်ကိုယ်နိုင်ပြိုင်ပြီး ယှဉ်ပြေးရသေးတာ မဟုတ်ဘူး"

လူဝကြီးက သူ့နံဘေးမှ မှန်တံခါးအား ခေါက်လိုက်ရာ ယူနီဖောင်းဝတ်ထားသော ယာဉ်မောင်းသည် ရှေ့တံခါးကို ဖွင့်၍ လက်ကိုင်ဘီး၏ နောက်ဘက်တွင် ဝင်ထိုင်လိုက်သည်။

လူဝကြီးက အမိန့်ပေးလိုက်၏။

"ငါ့ရုံးခန်းကို မောင်း၊ ပြီးတော့ ထိုင်ခုံနှစ်ခုကြားထဲက 'အကာ'ကလေးကို ကာထားလိုက်"

ယာဉ်မောင်းသူနှင့် ပါဆင်ဂျာတို့၏ အကြား၌ အသံလုံအောင် ပြုလုပ်ထားသော မှန်ချပ်ကလေး လျှောထွက်လာပြီး ပိတ်သွားချိန်တွင် လူဝကြီးသည် သူ၏ဧည့်သည်ဘက်သို့ လှည့်လိုက်လေတော့သည်။

"ဒီတော့ ခင်ဗျားတို့က အိုင်းရှန်းဆိုက်ဒ်ကို အကဲခတ်ရခက်တဲ့လူလို့ ယူဆတယ်ပေါ့၊ ဒီတော့ သူ့ကို ကျုပ်က ဘယ်လိုလုပ်ပေးစေချင်သလဲ"

"သူ့ကို ရှင်းပစ်လိုက်ပေါ့"

"ခင်ဗျားက အဲဒီလိုဆိုလိုတယ်လို့ ကျုပ် ယူဆထားတဲ့အတိုင်း ဆိုလိုတာလား"

လူဝကြီးသည် မျက်ခုံးတစ်ဖက်ကို မသိမသာ မြှင့်တင်လိုက်မိ၏။

"မဟုတ်ပါဘူး၊ ဒီလောက်အထိ ပြင်းပြင်းထန်ထန် လုပ်စရာ မလိုပါဘူး"

စိတ်လှုပ်ရှားသွားသော ကိုထိပ်ပြောင်သည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

"ခင်ဗျားက ဂျိမ်းစ်ဘွန်းဝတ္ထုတွေကို ဖတ်တာ သိပ်များလွန်းနေပြီ။ မဟာယောက်ချိုကြီးကို ဖောက်ထွင်းပြီး ဝင်သွားနိုင်မယ့်အချိန်မှာ ခင်ဗျားက အိုင်းရှန်းဆိုက်ဒ်ကို အလုပ်ရှုပ်နေအောင် လုပ်ထားပြီး ခပ်ဝေးဝေးတစ်နေရာကို ပို့ထားလိုက်ရုံပါပဲဗျာ၊ ဒါမှ မဟုတ်ရင်တော့ ကောင်းမွန်သော ရည်ရွယ်ချက် နဲ့ လုပ်ထားတဲ့ ကျုပ်တို့ရဲ့ အစီအစဉ်တွေကို အဲဒီငတိက တစ်ခုခု ထလုပ်ပြီး ဖျက်ဆီးပစ်နိုင်မယ့် အနေအထားမှာ ရှိနေတယ်"

"ကျုပ်တို့က အဲဒါကိုတော့ ဖြစ်အောင် စီစဉ်ပေးနိုင်မယ်လို့ ကျုပ်ထင်ပါတယ်"

လူဝကြီးက ပြန်ပြောလိုက်ပြီးနောက် ဝက်ပေါင်ခြောက်ညှပ်ထားသော ဆင်းဒဝစ်ချ်မုန့်ကို ကောက်စားလိုက်လေသည်။

❐

[၅၃]

မင်းဖရက်သည် သူကတိပေးထားသည့်အတိုင်း သောကြာနေ့ညနေတွင် ကီပိပ် တောင်းသို့ ထွက်သည့် လေယာဉ်ဖြင့် လိုက်ပါသွားသည်။ စနေနေ့ညတွင် ရောဒ်နှင့် တယ်ရီတို့သည် ကျူလာမီရန့်ချ်ဟိုတယ်သို့ သွားရောက်၍ အာဖရိက ခန်းမဆောင်ထဲ၌ ကခဲ့ကြသေးသည်။

တနင်္ဂနွေနေ့တွင် သူတို့နှစ်ယောက်သည် မယ်လာနီကို သွားရောက်ခေါ် ယူပြီး ဗားလ်မြစ်ကမ်းနံဘေးရှိ မြင်းမွေးမြူရေးခြံသို့ သွားရောက်ခဲ့ကြသည်။ ထိုနေ့က မယ်လာနီသည် မြင်းတစ်ကောင်ကို စီးခွင့်ရခဲ့သည်။ နေ့လယ်စာ စားပြီးသောအခါ ပုံချိတ်ကို တစ်ယောက်တလဲစီ မောင်းနှင်၍ မြစ်ထဲတွင် ရေပြင်ပေါ်၌ လျှောစီးကစားနည်းနှင့် ပျော်ခဲ့ကြသည်။ ညနေမိုးချုပ်သောအခါ ရောဒ်သည် အိပ်ပျော်နေသော သူ့သမီးကို မိခင်ဖြစ်သူထံသို့ ပြန်ပို့ပေးခဲ့သည်။

"မယ်လာနီ တစ်ချိန်လုံး ပြောပြောနေတဲ့ တယ်ရီဆိုတာ ဘယ်သူလဲ"

ပက်တီက မေးလိုက်၏။ ပက်တီသည် ရောဒ်ရာထူးတက်သည်ကိုစွ နှင့် ပတ်သက်၍ ယခုတိုင် မကျေမနပ် ဖြစ်နေဆဲပင်တည်း။

"တယ်ရီ ဟုတ်လား"

ရောဒ်က အံ့အားသင့်သွားဟန်ဆောင်လိုက်၏။

"ကိုယ်က မင်းသိပြီးသား ထင်လို့ပါ"

ထို့နောက် ရောဒ်သည် သူ့အား ဖြူးတူးပြတဲနှင့် ပြန်ကြည့်နေသော ပက်တီအား ထားခဲ့ပြီး လှေကားပေါ်မှ ပြန်ဆင်းသွားတော့သည်။

တယ်ရီသည် မာဆီရာတီမော်တော်ကားထဲရှိ တစ်ယောက်ထိုင် ထိုင်ခုံ ပေါ်၌ ကွေးကွေးကလေး ထိုင်နေသည်။

"ရှင့်သမီးကို ကျွန်မ ချစ်တယ် မစ္စတာအိုင်းရွှန်းအိုက်ဒ်"

တယ်ရီက တိုးတိုးကလေး ပြောလိုက်၏။

"သမီးကလည်း မင်းကို ပြန်ချစ်တယ်ဆိုတာ သိသာပါတယ်ကွာ"

ရောဒ်သည် မာဆီရာတီ မော်တော်ကားကို သူ့အိမ်ခန်းအောက်ဘက်ရှိ မြေတိုက်ခန်းကားဂိုဒေါင်ထဲ၌ ရပ်တန့်လိုက်သည်။ ရောဒ်သည် မော်တော်ကား

ကို ရပ်တန့်လိုက်ပြီးနောက် ကားပေါ်မှဆင်း၍ တယ်ရီဘက်မှ မော်တော်ကား တံခါးအား ဖွင့်ပေးလိုက်သည်ကို မင်းဖရက်စတိုင်းနားက စောင့်ကြည့်နေသည်။ အိုင်းရွှန်းဆိုက်ဒ်သည် မော်တော်ကားတံခါးကို သော့ခတ်ပြီး တစ်ယောက်လက် ကို တစ်ယောက်ကတွဲ၍ ဓာတ်လှေကားဆီသို့ လျှောက်သွားကြလေတော့သည်။

"ပိတာဆင် စုစမ်းထောက်လှမ်းရေးဟာ ငှားရမ်းသူတွေ ကျေနပ်အောင် အမြဲတမ်း ဆောင်ရွက်ပေးလေ ရှိပါတယ်ဗျာ"

ထိုကားဂိုဒေါင်ထဲမှ မှောင်ရိပ်တွင် ရပ်ထားသော အနက်ရောင်ဖို့ဒ် မော်တော်ကားထဲမှ ယာဉ်မောင်းသူနေရာတွင် ထိုင်နေသူက ပြောလိုက်၏။

"ကျုပ်တို့က သူတို့နှစ်ယောက် အေးအေးဆေးဆေး အနားယူနိုင်အောင် နာရီဝက် အချိန်ပေးမယ်၊ ပြီးမှ အပေါ်ကို တက်သွားပြီး အခန်းတံခါးကို ခေါက်ကြတာပေါ့"

ထိုအလွှတ်စုံထောက်နံဘေး၌ ထိုင်နေသူ မင်းဖရက်စတိုင်းနားသည် မျက်တောင်တစ်ချက်မခတ်ဘဲ ငြိမ်သက်နေသည်။ သူသည် အလွှတ်စုံထောက် အေဂျင်စီမှ အကြောင်းကြားချက်အရ လွန်ခဲ့သော သုံးနာရီက ဂျိုဟန်နာစဘတ်ခ် မြို့သို့ ကမန်းကတန်း ပြန်လာခဲ့ခြင်းဖြစ်သည်။ မင်းဖရက်က ပြောလိုက်၏။

"ခင်ဗျားက ကျုပ်ကို ဒီမှာထားခဲ့၊ ဖို့ဒ်ကားကြီးကို ဒီက မောင်းထွက် သွားပြီး ကလာရင်ဒွန် အဝိုင်းကြီးထောင့်မှာ ရပ်ပေးထားပါ၊ ကျုပ်ကို အဲဒီက စောင့်"

"ဟော့လူ၊ ခင်ဗျားက ဘာမှ မလုပ်တော့ဘူးလား"

အလွှတ်စုံထောက် ဦးနှောက်ခြောက်သွားသည်။

"ကျုပ်ခိုင်းသလိုသာ လုပ်ဗျာ"

မင်းဖရက်၏အသံသည် ငရဲမီးနှင့် ပက်လိုက်သည့်ပမာ ရှူးရှူးရှဲရှဲ ပေါ် ထွက်လာသော်လည်း အလွှတ်စုံထောက်က ထပ်ပြောလိုက်ပြန်၏။

"ခင်ဗျားက တရားရုံးမှာ တရားစွဲမယ်ဆိုရင် သက်သေခံ အထောက် အထားတွေ လိုလိမ့်မယ်၊ ခင်ဗျားက ကျုပ်ကို သက်သေတစ်ယောက်အနေနဲ့ လိုလိမ့်မယ်..."

"သွားတော့"

မင်းဖရက်က ခပ်ငေါက်ငေါက်ပြောလိုက်ပြီး ဖို့ဒ်မော်တော်ကားထဲက ထွက်၍ တံခါးကို ပြန်ပိတ်ပစ်ခဲ့သည်။ အလွှတ်စုံထောက်သည် ခေတ္တမျှတွေ

ဝေနေပြီးနောက် မော်တော်ကားအင်ဂျင်ကို စက်နှိုးပြီး ထိုကားဂိုဒေါင်ထဲမှ မောင်းထွက်သွားလေတော့သည်။

မင်းဖရက်သည် တောက်တောက်ပြောင်ပြောင် ရှိလှသော ပြိုင်ကားဆီသို့ ခပ်ဖြည်းဖြည်း ချဉ်းကပ်လာသည်။ သူသည် အိတ်ထဲမှ ရွှေရည်စိမ်မောင်းချဓားတစ်ချောင်းကို ထုတ်လိုက်ပြီး ကြီးမားသောဓားသွားကို ဖွင့်လိုက်၏။

ထိုမော်တော်ကားကို အိုင်းရှန်းအိုက်ဒ်က အလွန်မြတ်နိုးကြောင်း သူသိသည်။ လောလောဆယ်တွင် သူက တုံ့ပြန်နိုင်သည့်နည်းမှာ ဤနည်းသာရှိ၏။ ရောဒ်ဒနီအိုင်းရှန်းဆိုက်ဒ်က မဟာယောက်ချို တံတိုင်းကြီးကို ထွင်းဖောက်မပေးသေးသရွေ့ သူသည် အိုင်းရှန်းဆိုက်ဒ်ကိုသော် လည်းကောင်း၊ သီရေစာ စတိုင်းနားကိုသော် လည်းကောင်း ဖြောင့်ဖွင့်မေးပြီး ရင်ဆိုင်ရန် မဖြစ်နိုင်သေးပါချေ။ သူက သံသယရှိနေသည်ကိုပင် အသိမခံနိုင်သေးပါ။

ချစ်သည်၊ မုန်းသည်၊ သဝန်တိုသည် ဆိုသော လူသားတို့၏ စိတ်လှုပ်ရှားမှုမျိုးကို မင်းဖရက်သည် မည်သည့်အခါကမျှ ပြင်းပြင်းထန်ထန် မခံစားခဲ့ရဖူးပါ။ အနည်းအကျဉ်းသာ ခံစားခဲ့ရဖူးပေသည်။ သူသည် မည်သည့် အမျိုးသမီးကိုမှ မချစ်ခဲ့သလို သီရေစာဟာတ်ရှ်ဖဲလ်ကိုလည်း ဘယ်တုန်းကမှ မချစ်ခဲ့ပါ။ တယ်ရီ၏ အဆင့်အတန်းနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် သူက သီရေစာနှင့် လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ယခု သူ ခံစားနေရသော စိတ်လှုပ်ရှားမှုမှာ မုန်းတီးခြင်းလည်း မဟုတ်၊ သဝန်တိုခြင်းလည်း မဟုတ်ပါ။ စော်ကားခံရမှုကြောင့် ဒေါပွနေခြင်းသာ ဖြစ်သည်။ မဖြစ်စလောက် ပုဂ္ဂိုလ်နှစ်ယောက် ပူးပေါင်းပြီး သူ့အား လိမ်ညာနေကြသည်ဆိုသောကိစ္စမှာ သူ့ကို စော်ကားခြင်းပင် ဖြစ်သည်။

ယခု သူက ကိုယ်ထိလက်ရောက်ရန်မူခြင်း သို့မဟုတ် ကွာပစ်မည်ဟု ခြိမ်းခြောက်ခြင်း စသော ကိစ္စမျိုးနှင့် ဆင်ကန်းတောတိုး ဆောင်ရွက်လိမ့်မည် မဟုတ်ပါ။ ရောဒနီအိုင်းရှန်းဆိုက်ဒ်တစ်ယောက် ထူးထူးခြားခြား စိတ်ထိခိုက်သွားစေမည့် လုပ်ရပ်မျိုးကိုသာ ဆောင်ရွက်ရပေလိမ့်မည်။ ယခု သူလုပ်မည့် ကိစ္စသည် စရန်သတ်သည့် သဘောမျှသာ ဖြစ်သည်။ နောက်ပိုင်းတွင် သူ့ ရည်ရွယ်ချက် အထမြောက်သွားချိန်၌ ရောဒ်ဒနီအိုင်းရှန်းဆိုက်ဒ်အား ပုရွက်ဆိတ် တစ်ကောင်လို နင်းခြေပစ်သည့်အလား မင်းဖရက်က စိစိညက်ညက်ကြေအောင် ခြေပစ်လိုက်မည်သာ ဖြစ်သည်။

ထိုအမျိုးသမီးနှင့် ပတ်သက်၍လည်း သူ့စိတ်ထဲတွင် အနည်းငယ် ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ ယခုလို မဆင်မခြင်ဆောင်ရွက်မှုကြောင့် တယ်ရီသည် ဥပဒေကြောင်းအရသော် လည်းကောင်း၊ လူ့ကျင့်ဝတ်အရသော် လည်းကောင်း သူ့လက်ခုပ်ထဲက ရေပမာ သူပြုမှ နရမည့် ဘဝသို့ ရောက်ရှိနေလေပြီ။ မဟာယောက်ချိုကြီး၏ ဟိုဘက်ခြမ်းသို့ ရောက်ရှိပြီး စီးပွားရေး အခြေခိုင်မာလာသည့်အချိန်တွင် သူသည် တယ်ရီကို စွန့်ပစ်နိုင်ပေတော့မည်။ ထိုအချိန်တွင် တယ်ရီသည် သူ့ရည်ရွယ်ချက်ကို ကျေနပ်ဖွယ်ကောင်းလောက်အောင် ကူညီပံ့ပိုးပြီး ဖြစ်ပေလိမ့်မည်။

ဂျိုဟန်နာစဘတ်ခ်မြို့သို့ ရုတ်တရက် ပြန်လာခဲ့ရမှုကြောင့် ပြတ်တောက်ခဲ့ရသော သူ့ခရီးစဉ်သည် ဆွန်ဒါဒစ်ချ်အစုရှယ်ယာများကို ဝယ်ယူသည့်ကိစ္စနှင့် ဆက်စပ်နေသည်။ သူသည် အစုရှယ်ယာများကို အကြီးအကျယ် ရောင်းချသောဒိုင်များသို့ သွားရောက်ပြီး သူသတ်မှတ်ပေးထားသော နေ့ရက်တစ်ရက်တွင် ရနိုင်သမျှသော ဆွန်ဒါဒစ်ချ်အစုရှယ်ယာများကို ဝယ်ယူစုဆောင်းကြရန် စတော့ရှယ်ယာ ပွဲစားများနှင့် စီစဉ်ဖို့ ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။

သူသည် ဤလုပ်ငန်းကို အဆုံးသတ်ပြီးသည်နှင့် တစ်ပြိုင်နက် အလွတ်စုထောက်အား ဂျန်စမတ်လေဆိပ်သို့ လိုက်ပို့ပေးခိုင်းမည်။ ထိုလေဆိပ်တွင် ဒါဘန်မြို့သို့ ပြန်လိုက်ရန် လက်မှတ်အသင့် စီစဉ်ထားပြီးဖြစ်သော ညလေယာဉ်ပျံနှင့် ပြန်လိုက်ပြီး စတော့ရှယ်ယာဝယ်မည့် သူ့လုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်ရဦးမည် ဖြစ်ပေသည်။

သူသည် မာဆီရာတီ မော်တော်ကား၏ ရာဘာလိုင်နင်ထဲသို့ ဓားသွားကို ထိုးသွင်းရင်း သူစီစဉ်ထားသော အစီအစဉ်များသည် ချောချောမောမော ဖြစ်ပွားနေကြသည်ဟု တွေးနေလိုက်သည်။ သူသည် ဓားသွားကို ဆတ်ခနဲ လိမ်၍ တံခါးချိတ်ကို ဖွင့်လိုက်ပြီး တံခါးလက်ကိုင်ကို လှည့်လိုက်၏။ တံခါး ပွင့်သွားချိန်တွင် မင်းဖရက်သည် ကားထဲသို့ဝင်ပြီး ယာဉ်မောင်းသူ၏ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

ထိုဓားမြှောင်ဓားသွားသည် သင်တုန်းဓားတမျှ မြည်နေသည်။ သူသည် ယာဉ်မောင်းသူထိုင်ခုံဘေးမှ ပါဆင်ဂျာထိုင်ခုံနှင့် ယာဉ်မောင်းသူ၏ ထိုင်ခုံမှ သားရေများကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဓားနှင့် ထိုးခွဲပစ်လိုက်သည်။ ထို့နောက် နောက်ဘက်ထိုင်ခုံတွင်လည်း ရှေ့ဘက်ထိုင်ခုံများမှ ပုံစံအတိုင်း

အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဓားနှင့် ထိုးခွဲပစ်ပြန်သည်။ သူသည် ကားပြင်သောက်ရီယာများထည့်ထားသည့် အခန်းတံခါးကို နံဘေးသို့ တွန်းဖွင့်လိုက်ပြီးနောက် တာယာကို သံခွေမှ ကော်ထုတ်ရာတွင် သုံးသည့် သံချောင်းတစ်ချောင်းကို အထဲမှ ထုတ်ယူလိုက်၏။

သူသည် ထိုသံချောင်းနှင့် ဒက်ရှ်ဘုတ်ပေါ်မှ ဒိုင်ခွက်မှန်သမျှကို ရိုက်ခွဲပစ်လိုက်ရာ မှန်ကွဲအစအနကလေးများသည် မော်တော်ကားကြမ်းပြင်ပေါ်သို့ တစ်စစီ ကျလာကြလေတော့သည်။ သူသည် ထိုသံချောင်းမှ ချွန်နေသည့် ထိပ်တစ်ဖက်ကို သုံးရင်း ရိုစ်ဝုဒ်သစ်သားနှင့် ကပ်ထားသော နေရာ မှန်သမျှကို လုံးဝပျက်စီးသွားအောင် ဖျက်ဆီးပစ်လိုက်လေသည်။

သူသည် မော်တော်ကားထဲမှ ထွက်ခဲ့ပြီးနောက် ရှေ့လေကာမှန်ကြီးကို သံချောင်းနှင့် ရိုက်ခွဲပစ်လိုက်ပြန်၏။ ရှေ့လေကာမှန်ကြီးသည် အစိတ်စိတ်အမြွှာမြွှာကွဲအက်သွားသည်။ သို့ရာတွင် ထိုမှန်ကို အစိတ်စိတ်အမြွှာမြွှာ တစ်စစီဖြစ်သွားအောင် ခွဲမပစ်နိုင်ပါ။ ရှေ့လေကာမှန်သည် တစ်ဖက်မှတစ်ဖက်သို့ ဒိုးယိုပေါက်မမြင်နိုင်သော ပိတ်စကြီးတစ်ခုပမာ အိတ်ကွဲပြီး ကျနေလေတော့သည်။

ထို့နောက် သူသည် ထိုသံချောင်းကို လွှတ်ချလိုက်ပြီးနောက် အိတ်ထဲမှ မောင်းချဓားကို ပြန်ထုတ်ယူလိုက်၏။ ပြီးမှ ဒူးထောက်၍ ထိုင်ချလိုက်ရင်း ရှေ့ဘက်မှ တာယာကို ဓားသွားနှင့် အတင်းလိုးတော့သည်။ ရာဘာသည် သူထင်ထားသည်ထက် ပို၍ မာကျောနေသည်။ စိတ်တိုသွားသော မင်းဖရက်သည် တာယာကို ဒေါသနှင့် ထပ်လိုးလိုက်၏။ မောင်းချဓားသည် လက်ထဲတွင် လည်ထွက်သွားသည်။ သာမက တာယာနှင့် အနောင့်ရိုက်မိသောကြောင့် ဓားသွားသည် ပြန်ပိတ်သွားတော့သည်။ ဤတွင် ဓားသွားသည် မင်းဖရက်၏ လက်မထဲသို့ ခပ်နက်နက်စိုက်ဝင်သွားလေ၏။ မင်းဖရက်သည် ဒဏ်ရာရသွားသော လက်မကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ရင်း နာကျင်သောဝေဒနာကြောင့် အော်ဟစ်ပြီး မတ်တတ်ထရပ်လိုက်၏။ ထိုဒဏ်ရာမှ သွေးများ ပန်းထွက်လာသည်။

"ဒုက္ခပါပဲ၊ ဒုက္ခပါပဲ"

မင်းဖရက်သည် ကိုယ့်သွေးကို ကိုယ်ပြန်လန့်နေသည်။ သူသည် မြေအောက်မော်တော်ကားကိုဒေါင်ထဲမှ ယိုင်တီးယိုင်ထိုးနှင့် ပြေးထွက်လာစဉ် လက်မကို ပဝါတစ်ထည်နှင့် ရစ်ပတ်နေသည်။

သူသည် စောင့်နေသော ဖိုဒ်ကားဆီသို့ ရောက်သည်တွင် တံခါးကို ဆွဲဖွင့်လိုက်ပြီး ယာဉ်မောင်းသူ၏ နံဘေးရှိ ထိုင်ခုံပေါ်သို့ လဲကျသွားလေတော့သည်။

"ဆရာဝန်တစ်ယောက် ခေါ်ပေးပါဗျာ၊ ကျုပ် အကြီးအကျယ် ဒဏ်ရာရလာတယ်၊ ဆရာဝန်ကို ခပ်မြန်မြန်ခေါ်ပေးပါ၊ ခပ်မြန်မြန် ခေါ်ပေးပါ"

❐

[၅၄]

တယ်ရီ၏ ခင်ပွန်းသည် မြို့သို့ ဒီကနေ့ ပြန်ရောက်လာလိမ့်မည်ဟု တွေးရင်း ရောဒ်သည် သူ့စားပွဲ၌ ဝင်ထိုင်လိုက်၏။

သုံးလပတ် အစီရင်ခံစာများကို နက်ဖြန်နံနက်အရောက် ရုံးချုပ်သို့ ပို့ရပေလိမ့်မည်။ ထို့ကြောင့် စီမံခန့်ခွဲရေးဌာနမှ ရုံးဝန်ထမ်းများသည် ထုံးစံအတိုင်း ဝရုန်းသုန်းကား ဖြစ်နေကြသည်။ သူ့ရုံးခန်းအပြင်ဘက်ရှိ ဧည့်ခန်းထဲတွင် ရောဒ်ကို တွေ့ချင်သည့် ဝန်ထမ်းအများအပြား စောင့်နေကြသည်။ ထိုလူစုငြိမ်နေအောင် မစ္စလီလီကျော်ဒန်က ကျကျွတ်နှင့် နှိမ်ထားရပေတော့မည်။ ညနေသုံးနာရီတွင် သူသည် ရုံးချုပ်၌ ကျင်းပသော 'အတိုင်ပင်ခံ ပညာရှင်များ၏ ညှိနှိုင်းအစည်းအဝေး'သို့ တက်ရောက်ရန် ရှိနေသည်။ သို့ရာတွင် ထိုအစည်းအဝေးမတိုင်မီ သူသည် မြေအောက်သို့ တစ်ခေါက်သွားပြီး ဂျွန်နီဒီလန့်ချီ၏ လက်ရာကို စစ်ဆေးကြည့်ချင်သေးသည်။ ဂျွန်နီဒီလန့်ချီသည် ယမ်းဘီလူးကျူထရုံကွက်နှင့် ခေါင်မိုးကို ဖြိုချလိုသော ရောဒ်၏ စီမံချက်အတိုင်း အပေါက်များအား အပြည့်အစုံ ထွင်းဖောက်ပြီး ဖြစ်သလို ယမ်းဘီလူးများကိုပါ ထည့်သွင်းထားပြီးလေပြီ။

လီလီကျော်ဒန်သည် ရောဒ်နှင့် တွေ့ရမည့် ပထမဦးဆုံးပုဂ္ဂိုလ်အား ရုံးခန်းထဲသို့ ခေါ်သွင်းသွားစဉ် တယ်လီဖုန်းက မြည်လာလေတော့သည်။ လီလီကျော်ဒန်က ခေါ်လာသောပုဂ္ဂိုလ်သည် အရပ်ရှည်ရှည် ကိုယ်လုံးကိုယ်ပေါက် ပိန်ပိန်ပါးပါးနှင့် ဝမ်းနည်းနေပုံရသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

တယ်လီဖုန်းထဲက အသံက မေးလိုက်၏။

"မစ္စတာအိုင်းရွန်းဆိုက်ဒ်လား"

"ဟုတ်ပါတယ်"

"မေါ်တာ့စ် မော်တော်ကား စက်ပြင်ရုံကပါ၊ ခင်ဗျားရဲ့ မာဆီဒီးရာတီ မော်တော်ကားအတွက် ကုန်ကျစရိတ် ခန့်မှန်းခြေကို တွက်လို့ ရပါပြီ"

"ဘယ်လောက်လဲ"

ရောဒ်က ရင်တထိတ်ထိတ်နှင့် မေးလိုက်၏။

"ရန်းငွေ တစ်ထောင်နှစ်ရာ"

"ဒုက္ခပါပဲ"

"လူကြီးမင်းက ကားပြင်တဲ့ လုပ်ငန်းကို ဆက်လုပ်စေချင်ပါသလား"

"နေဦး၊ ကျုပ် အာမခံ ကုမ္ပဏီနဲ့ အလျင်ဆုံး ဆက်သွယ်ဦးမယ်၊ ကျုပ် ခင်ဗျားတို့နဲ့ ပြန်ဆက်သွယ်မယ်"

သူက စကားပြောခွက်ကို ပြန်ချိတ်လိုက်၏။ သူ့မော်တော်ကားကို အဓိပ္ပာယ်ကင်းမဲ့စွာ ရမ်းရမ်းကားကား ဖျက်ဆီးသွားမှုက သူ့အား ဆိုးဆိုးရွားရွား စိတ်ထိခိုက်စေခဲ့သည်။ သူသည် ကုမ္ပဏီက ပေးထားသော ဖော့စ်ဝက်ဂွန်းကားနှင့် အတော်ကလေးကြာအောင် နှစ်ပါးသွားနေရလိမ့်ဦးမည်ဟု တွေးလိုက်၏။

သူနှင့်တွေ့ရန် ဝင်လာသော ဧည့်သည်ဘက်သို့ သူ့အာရုံကို ပြန်ရှုးစိုက်လိုက်သည်။

"စုံထောက်အင်စပိတ်တော် ဂရောဇ်ဘီလားပါ"

အရပ်ရှည်ရှည်ပုဂ္ဂိုလ်က သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

"ကျုပ်က ဒီသတ္တုတွင်းက စတိုးဆိုင်ပိုင်ရှင် ဂျီဆေးအလ်မိုဒါါသတ်မှုကို စုံစမ်းစစ်ဆေးရတဲ့ ရဲအရာရှိပါ"

သူတို့ လက်ဆွဲ၍ နှုတ်ဆက်လိုက်ကြသည်။ ရောဒ်က မေးလိုက်၏။

"တရားခံ ဘယ်သူလဲဆိုတာနဲ့ ပတ်သက်ပြီး တွေ့မိတာများ ရှိပါသလား"

"ကျုပ်တို့ တွေ့မိထားတဲ့ စိတ်ကူးတွေကတော့ အများကြီး ရှိတာပေါ့ဗျာ"

ရဲအင်စပိတ်တော်က ပြောလိုက်သည့်လေသံမှာ ဝမ်းနည်းသံပေါက်နေသောကြောင့် ရောဒ်က သူသည်ပင်လျှင် သံသယဖြစ်ခဲ့ရသူ၏ စာရင်းထဲ၌

ပါဝင်နေလေရောသလားဟု တွေးလိုက်မိတော့သည်။

"အဲဒီလူသတ်သမားက ဒီခရိုင်အတွင်းမှာ ရှိတဲ့ သတ္တုတွင်းတစ်ခုခုက အလုပ်သမားဖြစ်ရမယ်၊ ဆွန်ဒါဒစ်ချ်ပဲ ဖြစ်နိုင်တယ်လို့ ကျုပ်တို့က ယူဆတယ်။ အခု ဒီစုံစမ်းစစ်ဆေးရေးမှာ ခင်ဗျားရဲ့ ပူးပေါင်းကူညီမှုကို လိုချင်တဲ့အတွက် ကျုပ်လာခဲ့တာပဲ"

"ဖြစ်ပါတယ်"

"ခင်ဗျားတို့ ငှားထားတဲ့ ဘန်တုလူမည်း အလုပ်သမားအတော်များများကို ကျုပ်က စစ်ဆေးမေးမြန်းရလိမ့်မယ်၊ ကျုပ်အလုပ်လုပ်နိုင်ဖို့ ဒီပရိုဂျက်ထဲမှာ အခန်းတစ်ခန်း ရှာပေးနိုင်မလား"

ရောဒ်က တယ်လီဖုန်းစကားပြောခွက်ကို ကောက်ယူလိုက်ပြီး ဒိုင်ခွက်ကို လှည့်နေစဉ် ဂရောဇ်ဘီလားအား လှမ်းပြောလိုက်သည်။

"ကျုပ်က ပရိုဂျက်မန်နေဂျာကို ဆက်သွယ်နေတာပါ"

ထို့နောက် တယ်လီဖုန်းစကားပြောခွက်ထဲသို့ လှမ်းပြောလိုက်၏။

"အိုင်းရွန်းဆိုက်ဒ်ပါ၊ ကျုပ် အင်စပိတ်တော် ဂရောဇ်ဘီလားကို ခင်ဗျားနဲ့ တွေ့ဖို့ လွှတ်လိုက်မယ်၊ သူ့အတွက် ရုံးခန်းတစ်ခန်းရအောင် ရှာပေးလိုက်ပါ။ သူ့ကို ရာနှုန်းပြည့် အကူအညီပေးလိုက်ပါ"

ဂရောဇ်ဘီလားသည် မတ်တတ်ရပ်ပြီး လက်ကမ်းပေးလိုက်၏။

"ကျုပ် ခင်ဗျားအချိန်ကို ထပ်မဖြုန်းတော့ပါဘူးဗျာ၊ ကျေးဇူးတင်ပါတယ် မစ္စတာအိုင်းရွန်းဆိုက်ဒ်"

သူ့ထံသို့ ဒုတိယလာတွေ့သူမှာ သုံးလပတ် အစီရင်ခံစာကို ဆုကြီးတစ်ဆုပေါက်လာသော ထီလက်မှတ်ပမာ ရှေ့ယမ်း၍ပြရင်း အပြေးအလွှား ဝင်ရောက်လာသော ကိုယ်ရေးလက်ထောက်အရာရှိ ဖန်ဒါဘာတ်ပင် ဖြစ်သည်။

"အားလုံးပြီးပြီ"

သူက ဝင့်ကြွားသောလေသံနှင့် ကြေညာလိုက်၏။

"ခင်ဗျားလက်မှတ်ထိုးပေးဖို့ပဲ လိုတော့တယ်"

ရောဒ်က ဖောင်တိန်အဖုံးကို ချွတ်လိုက်စဉ် တယ်လီဖုန်းက နောက်တစ်ကြိမ် မြည်လာလေတော့သည်။

"ဘုရားသခင် ကယ်တော်မူပါ"

ရောဒ်သည် လက်တစ်ဖက်က ဖောင်တိန်ကို ကိုင်၍ ကျန်လက်တစ်ဖက်

က တယ်လီဖုန်းစကားပြောခွက်ကို ကိုင်ရင်း ရေရွတ်လိုက်သည်။

"ရတဲ့ လခနဲ့ တန်မှ တန်ရဲ့လားကွာ"

*

ရောဒ်သည် ကျန်ငွေသည်သည်များကို မစွလီလီဂျော်ဒန်နှင့် လွှဲထားခဲ့ပြီး သူ့ရုံးခန်းထဲမှ ပြေးထွက်လာသောအခါ နေ့လယ်တစ်နာရီကျော်ခဲ့လေပြီ။ သူသည် ဒီမိုထရီနှင့် အခြားမန်နေဂျာများ စောင့်နေကြသော အမှတ်တစ် တွင်းဝဆီသို့ ဦးတည်၍ သွားတော့သည်။ သူတို့အားလုံးက ရောဒ်၏ ရာထူးနေရာတွင် မြေအောက်မန်နေဂျာအဖြစ် မည်သူရောက်ရှိလာမည်ကို စိုးရိမ်တကြီး သိချင်နေကြသည်။ ရောဒ်က ထိုနေ့ ညနေခင်း၌ ရုံးချုပ်သို့ သူရောက်ရှိသွားချိန်တွင် စုံစမ်းခဲ့မည် ဖြစ်ကြောင်း ပြောကြားပြီး အလုပ်သမားဝတ်စုံနှင့် ဦးထုပ်တို့ကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ဒေဗီဒ်လန်နဲ့ သေဆုံးခဲ့ရသော နေရာတွင် ခေါင်းမီး တပ်ထားသော ယမ်းဘီလူးများမှ စနက်တံများကို အကာအကွယ်ပေးထားရန်အတွက် သံစကာတစ်ခုကို ခေါင်းမီးအောက်၌ တပ်ဆင်နေကြသော အလုပ်သမားတစ်စုကို တွေ့လိုက်ရသည်။ ထိုနေရာ၌ ရှိသော ယမ်းဘီလူးများကို ဖောက်ခွဲပေးမည့် လျှပ်စစ်ဆားကစ်နှင့် ဆက်သွယ်ထားသော ဝိုင်ယာကြိုးကို မြင်လွယ်သော အစိမ်းရောင်ပလတ်စတစ်ဆေးဖြင့် အပေါ်က ထပ်သုတ်ထားပြီး ထိုဥမင်လိုဏ်ခေါင်း၏ ခေါင်မိုးအောက်ဘက်တွင် ချိတ်နှင့် သေချာစွာ တွယ်ကပ်ထားသည်။

တွင်းဝထိပ်၌ရှိသော ကွန်ကရစ်ရုံကလေးထဲတွင်လည်း ရောဒ်၏ လျှပ်စစ် အင်ဂျင်နီယာက ထိုဆားကစ်အတွက် သီးသန့်ထိန်းချုပ်ပေးမည့် ခလုတ်တစ်ခု ကို တပ်ဆင်ပေးထားသည်။ ထိုခလုတ်ကလေးသည် အချိန်မရွေး အသင့် အနေအထား၌ ရှိနေပေလိမ့်မည်။ သူသည် ထိုဆားကစ်ကို မိနစ်ပိုင်းအတွင်း ဖောက်ခွဲနိုင်စွမ်း ရှိပေလိမ့်မည်။ ရောဒ်သည် လေဝင်လေထွက်အတွက် တပ်ထား သော ဆင်နားရွက်တံခါးကြားထဲမှ ဖြတ်၍ ဥမင်လိုဏ်ခေါင်းအတိုင်း ဂျွန်နီ ဒီလန်နဲ့ထံသို့ စကားပြောရန် လမ်းလျှောက်သွားစဉ် သူ့ပခုံးပေါ်မှ အလွှန် ကြီးမားလေးလံသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု

လျော့နည်းကျဆင်းသွားသည့် အလား ခံစားလိုက်ရသည်။

သူက ရှေ့သို့ ဆက်အသွားတွင် အလုပ်သမားတစ်သိုက်ကို အုပ်ချုပ်ကွပ်ကဲ၍ သူ့ထံသို့ လာနေသော ဘစ်ကင်းကို တွေ့လိုက်ရ၏။ ရောဒ်က နှုတ်ဆက်လိုက်ရာ ဘစ်ကင်းသည် ရပ်တန့်လိုက်ပြီး သူ့အဖွဲ့သားများ မကြားနိုင်သည့်နေရာအထိ ရောက်အောင်ဆက်လျှောက်သွားကြသည်အထိ စောင့်နေလိုက်ပြီးမှ ရောဒ်အား ဖြေလိုက်၏။

"ကျုပ် စကားပြောချင်တယ်"

"ဒါဖြင့်ရင် ပြောလေ"

ဘစ်ကင်း၏ မျက်နှာသည် ပိန်ချုံးနေသည်။ မျက်စိများကလည်း ချိုင့်ဝင်နေကြသလို အသားအရေကပါ နေမကောင်းသော ဘန်တုလူမည်းများတွင် ထင်ထင်ရှားရှား တွေ့ရတတ်သော ဖြူရော်ရော်နှင့် မီးခိုးရောင်သမ်းနေကြောင်း ရောဒ်က ရုတ်တရက် သတိထားလိုက်မိသည်။ ဘစ်ကင်းက ပြောလိုက်၏။

"ကျုပ် ပေါ်တူဂီ မိုဇမ်းဘစ်မှာရှိတဲ့ ကျုပ်မယားတွေဆီကို ပြန်ချင်တယ်"

"ဘာဖြစ်လို့လဲ"

ရောဒ်သည် သူကဲ့သို့ အဖိုးတန်လှသော အလုပ်သမားခေါင်းတစ်ယောက်အား လက်လွှတ်ဆုံးရှုံးရတော့မည်အတွက် စိတ်မချမ်းမသာဖြစ်ပြီး မေးလိုက်မိသည်။

"ကျုပ်သွေးက အရောင်ဖျော့တယ်"

ထိုအဖြေမှာ မရေရာသည့် အဖြေသာ ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ယခုကိစ္စသည် ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်ပြီး အခြားပုဂ္ဂိုလ်များအား ပြောပြလိုသော ဆန္ဒမရှိပါ။' ဟူ၍ အဓိပ္ပာယ်ရပေသည်။ ရောဒ်က မေးလိုက်ပြန်၏။

"ခင်ဗျားသွေးက အရောင်ရင့်လာတဲ့အခါကျရင် ခင်ဗျားက ဒီကို ပြန်လာပြီး အလုပ်လုပ်မှာလား"

"အဲဒါကလည်း နတ်ဘုရားတွေရဲ့ အလိုဆန္ဒအတိုင်းပါပဲ"

ထိုအဖြေသည် ပထမအဖြေနှင့် ပို၍ မထူးခြားသောအဖြေပင် ဖြစ်သည်။

"ခင်ဗျား ပြန်ချင်တယ်ဆိုရင် ကျုပ်တားထားလို့ မရပါဘူး ဘစ်ကင်း၊ အဲဒါကိုတော့ ခင်ဗျားသိပါတယ်လေ"

ရောဒ်က ပြောလိုက်၏။

"ခင်ဗျားက ပရိုဂျက်မန်နေဂျာဆီကို သွား၊ သူက ခင်ဗျားကို နို့တစ်စာရွက် ပေးလိမ့်မယ်"

"ကျုပ်က ပရိုဂျက် မန်နေဂျာကို ပြောပြီးပါပြီ၊ သူက ကျုပ် စာချုပ်အတိုင်း ကျန်နေသေးတဲ့ ရက်ပေါင်းသုံးဆယ့်သုံးရက်ကို အပြတ် အလုပ်လုပ်ပေးသွားစေချင်နေတယ်"

"ဟုတ်တာပေါ့"

ရောဒ်က ခေါင်းညိတ်လိုက်၏။

"အဲဒါက စာချုပ်ပါ စည်းကမ်းဆိုတာ ခင်ဗျား သိသားပဲ၊ ခင်ဗျား လုပ်ပေးရမယ့် ရက်ကိုတော့ ပြီးအောင် လုပ်ပေးရမှာပေါ့"

"ကျုပ်က ခုချက်ချင်း သွားချင်တာ"

ဘစ်ကင်းက ခေါင်းမာမာနှင့် ပြောလိုက်သည်။

"ဒါဆိုရင် ခင်ဗျားက ကျုပ်ကို နိုင်လုံတဲ့ အကြောင်းပြချက်တွေ ပေးရလိမ့်မယ်၊ နိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲနဲ့ ကျုပ်က စာချုပ်ပါစည်းကမ်းကို ဖောက်ဖျက်ခွင့်မပြုနိုင်ဘူး"

အရုပ်ဆိုးလှသော အစဉ်အလာတစ်ခု ဖြစ်ကျန်ရစ်ခဲ့အောင် ခွင့်မပြုသင့်ကြောင်း ရောဒ် သိပါသည်။

"အကြောင်းပြစရာ မရှိပါဘူး"

ဘစ်ကင်း ဝန်ခံရတော့သည်။

"ကျုပ် လုပ်ငန်းကို ပြီးစီးအောင် လုပ်ပေးပါတော့မယ်"

သူသည် ရောဒ်နှင့် ခွဲထွက်လိုက်ပြီးနောက် သူ့အလုပ်သမားများနောက်သို့ လိုက်သွားလေတော့သည်။ ပေါ်တူဂီလူမျိုး စတိုးဆိုင်ပိုင်ရှင်ကို သတိမိသည်ညမှစ၍ ဘစ်ကင်း အအိပ်အနေ နည်းခဲ့သလို အစားလည်း ဆုတ်ခဲ့သည်။ 'သောက'က သူ့ကို မစားမသောက်ချင်အောင် ဖန်တီးထားသလို သူသည် 'က' လည်းမက၊ သီချင်းလည်း မဆိုတော့ချေ။ သူ့သောကကို ပြေပျောက်သွားအောင် ကိုခြေကျိုးကသော် လည်းကောင်း၊ ရှန်းဂန်းလူမည်းများ၏ ခေါင်းဆောင် 'အင်ဒူနာ' ကသော် လည်းကောင်း နှစ်သိမ့်နိုင်စွမ်း မရှိတော့ပါချေ။ သူ့ထံသို့ ရဲများ ရောက်ရှိလာမည့် အချိန်ကိုသာ သူစောင့်မျှော်နေခဲ့သည်။ နေ့ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသလို သူ့ခန္ဓာကိုယ်ပေါ်မှ အသားအရေများကလည်း တဖြည်းဖြည်း ခန်းခြောက်လာသည်။ ဘစ်ကင်းသည် သူ့ကန်

ထရိုက်စာချုပ်၌ ကျန်ရှိနေသေးသော ရက်ပေါင်းသုံးဆယ့်သုံးရက် မကုန်ဆုံးမီ ရဲများ ရောက်ရှိလာလိမ့်မည် ဖြစ်ကြောင်း သိနေသည်။

ရောဒ်ထံသို့ ချဉ်းကပ်၍ တောင်းဆိုခဲ့ခြင်းမှာ သူနောက်ဆုံးဆောင်ရွက်လိုက်သော သွေးရူးသွေးတန်း လုပ်ဆောင်ချက်တစ်ရပ်သာ ဖြစ်သည်။ ယခု သူ စိတ်လျှော့လိုက်ပါပြီ။ ရဲများသည် တောင်းပန်တိုးလျှိုး၍ ရနိုင်သော ပုဂ္ဂိုလ်များ မဟုတ်ကြောင်း သူသိပါသည်။ တစ်နေ့နေ့တွင် သူ့ထံသို့ လာကြပေလိမ့်မည်။ သူ့ကို လက်ထိတ်ခတ်၍ အချုပ်ကားဆီသို့ ခေါ်သွားပေလိမ့်မည်။ ထိုကဲ့သို့ အခေါ်ခံသွားရသည့် လူပေါင်းများစွာကို သူမြင်ဖူးခဲ့သလို ထို့နောက်ပိုင်းတွင် မည်သို့မည်ပုံ ဖြစ်ပျက်သွားကြသည်ကိုလည်း သူ သိထားပါသည်။ လူဖြူများ၏ ဥပဒေသည် ရှန်းဂန်းလူမည်းများ၏ ရိုးရာဥပဒေနှင့် အတူတူပင် ဖြစ်သည်။ အသက်တစ်ချောင်းကို ဖျက်ဆီးပါက အသက်တစ်ချောင်းနှင့်ပင် ပေးလျော်ရပေလိမ့်မည်။

သူတို့က သူ့ကို ကြိုးပေး၍ သတ်ကြပေလိမ့်မည်။ သူ့ဘိုးဘေးဘီဘင်များက သူ့ဦးခေါင်းကို တင်းပုတ်များနှင့် ခွဲပစ်ကြပေလိမ့်မည်။ နောက်ဆုံးတွင် အတူတူချည်းသာ ဖြစ်ကြပေသည်တကား။

*

သူ့တပည့်များက လိုဏ်ခေါင်းထိပ်ပိုင်း၌ အလုပ်ရှုပ်နေကြစဉ် ရေခဲစိမ်လက်ဖက်ရည်ကို ဓာတ်ဘူးထဲမှ ငှဲ့သောက်နေသော ဂျွန်နီဒီလန်ချ်အား ရောဒ် တွေ့လိုက်ရ၏။ ရောဒ်က မေးလိုက်သည်။

"လုပ်ငန်းအခြေအနေ ဘယ်နှယ်လဲ"

"ကျုပ်တို့က အမှီပွာယ်မရှိတဲ့ အလုပ်ကို လုပ်ပြီးကြပြီ ဆိုတော့ ရှေ့ဆက်ပြီး တူးဖို့ပဲ ရှိတော့တယ်"

ဂျွန်နီသည် နှုတ်ခမ်းပေါ်၌ ပေကျံနေသော လက်ဖက်ရည်များကို သုတ်ပစ်လိုက်ပြီးနောက် ဓာတ်ဘူးအဖုံးကို ဖွင့်လိုက်ပြန်၏။

"ဒေဗီသေတဲ့ အချိန်ကစပြီး ကျုပ်တို့ ပေ ၁၅၀၀ နီးပါး ခွဲခဲ့ပြီပြီ"

"ဒါဆိုရင် အလုပ် သိပ်တွင်တာပေါ့"

မီသိန်းဓာတ်ငွေ့ ပေါက်ကွဲမှုနှင့် ခေါင်မိုးပြိုချမည့် ယမ်းဘီလူး ကျူထရွက် စီမံချက်တို့အား ဂျွန်နီဒီလန်ချ်က ရည်ညွှန်း၍ ပြောလိုက်သည်ကို ရောဒ်

က မသိချင်ယောင်ဆောင်လိုက်သည်။

"ဒေဗီသာ အသက်ရှင်နေခဲ့ရင် ပိုကောင်းမှာပဲ"

ညဆိုင်းတွင် ဒေဗီနေရာ၌ အစားဝင်လာသော ပုဂ္ဂိုလ် 'ကင်းဘဲလ်' ကို ဂျွန်နီက မကြိုက်လှချေ။

"ညအဆိုင်းသမားတွေက သိပ်ပြီး အလုပ်တွင်အောင် အလုပ်မလုပ်ကြဘူး"

"ငါ သူတို့ကို သတိပေးလိုက်ပါမယ်"

ရောဒ်က ကတိပေးလိုက်သည်။

"ပြောစရာရှိရင် ပြောဗျာ"

ဂျွန်နီသည် သူ့အလုပ်သမားများအား အော်ဟစ်၍ ခိုင်းစေရန် တစ်ဖက်သို့ လှည့်သွားလေတော့သည်။

ရောဒ်သည် ဥမင်လိုဏ်ခေါင်း ထိပ်ပိုင်းကို လှမ်းကြည့်နေလိုက်မိ၏။ ပေတစ်ထောင်ခန့်ပင် မဝေးတော့သော နေရာ၌ မဟာယောက်ျားကြီးဟု အမည်မှည့်ထားသော ဆာပင်တိုင်းကျောက်ပျော ကျောက်ထရကြီး ရှိနေသည်။ ထိုကျောက်ထရကြီး၏ ဟိုဘက်ခြမ်းတွင် ရောဒ်သည် သူ့အိပ်မက် မက်ခဲ့သော အိပ်မက်ဆိုးကြီးကို ပြန်သတိရလာသဖြင့် အသားထဲကပင် ယားကျိကျိ ဖြစ်လာရသည်။

"ကောင်းပြီ ဂျွန်နီ၊ မင်း အဲဒီနေရာနဲ့ နီးလာပြီ"

ရောဒ်သည် ကြောက်စရာကောင်းသည့် ထိုအိပ်မက်ကို စိတ်ထဲက အတင်းမောင်းထုတ်ပစ်နေသည်။

"မင်းတို့က ဆာပင်တိုင်း ကျောက်ထရကြီးဆီကို ရောက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အလုပ်ကို ချက်ချင်း ရပ်တန့်ပစ်လိုက်ပြီး ငါ့ကို ချက်ချင်း အစီရင်ခံရမယ်၊ ငါပြောတာကို နားလည်ရဲ့လား"

'ခင်ဗျားက ကင်းဘဲလ်ကိုပါ ပြောထားရင် ကောင်းလိမ့်မယ် ထင်တယ်' ဂျွန်နီက ဖြေလိုက်ပြီးမှ ဆက်ပြော၏။

"ညအဆိုင်းသမားတွေက မဟာယောက်ျားကြီးကို စတူးချင် တူးမိကြမှာ"

"ငါ သူ့ကို ပြောထားပါမယ်၊ ဒါပေမဲ့ မင်းကလည်း သေသေချာချာ စွဲစွဲမြဲမြဲ မှတ်ထားစမ်းပါကွာ၊ ငါ့ကို အဲဒီကျောက်ထရကြီးကို ဖောက်တဲ့အချိန်

မှာ ငါလည်း အောက်ဘက်မှာ ရှိချင်လို့ပါ"

ရောဒ်သည် သူ့လက်ပတ်နာရီအား တစ်ချက် လှမ်းကြည့်လိုက်၏။ နှစ်နာရီ ထိုးခါနီးလေပြီ။ သူသည် ရုံးချုပ်တွင် ပြုလုပ်မည့် အတိုင်ပင်ခံ ပညာရှင်များ၏ အစည်းအဝေးသို့ အရောက်သွားရန် အချိန်တစ်နာရီမျှသာ ကျန်တော့သည်။

*

"ခင်ဗျား နောက်ကျတယ် မစ္စတာအိုင်းရွှန်းဆိုက်ဒ်"

ဘုတ်အဖွဲ့ အစည်းအဝေးခန်းထဲရှိ စားပွဲထိပ်၌ ထိုင်နေသော ဒေါက်တာ စတိုင်းနားက မော့ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"ကျုပ် တောင်းပန်ပါတယ် လူကြီးမင်းခင်ဗျာ"

ရောဒ်သည် ရှည်လျားသော ဝက်သစ်ချစားပွဲကြီးတွင် သူ့နေရာ၌ ဝင်ထိုင်လိုက်သည်။

"ဒီအစည်းအဝေးပြီးရင် ခင်ဗျားနဲ့ ကျုပ် ခဏတွေ့ချင်တယ် မစ္စတာအိုင်းရွှန်းဆိုက်ဒ်"

"ဖြစ်ပါတယ် ဒေါက်တာစတိုင်းနား"

"ကောင်းတယ်"

မင်းဖရက်က ခေါင်းညိတ်လိုက်သည်။

"အခု မစ္စတာအိုင်းရွှန်းဆိုက်ဒ်က ဒီစားပွဲကြီးကို ကျက်သရေရှိအောင် လာရောက်ချီးမြှင့်ပြီဆိုတော့ အစည်းအဝေးကို စတင်ကျင်းပလို့ ရပါပြီ"

ထိုအသုံးအနှုန်းသည် ဒေါက်တာစတိုင်းနား၏ ဟာသနှင့် အနီးစပ်ဆုံးလေသံမျိုးသာ ဖြစ်ပေသည်။

အစည်းအဝေးပြီးသွားသောအခါ အပြင်ဘက်၌ မှောင်နေလေပြီ။ အစည်း အဝေးတက်သူများသည် နှုတ်ဆက်ပြီး ပြန်သွားကြရာ မင်းဖရက်နှင့် ရောဒ်တို့ သည် ပြာခွက်ထဲ၌ စီးကရက်တိုများ ပြည့်လျှံနေသောစားပွဲတွင် ထိုင်လျက် သား ကျန်ရစ်ခဲ့ကြတော့သည်။

မင်းဖရက်သည် နောက်ဆုံးပုဂ္ဂိုလ် ပြန်ထွက်သွားပြီး နောက်ထပ် သုံးမိနစ်ကြာသည်အထိ စောင့်နေသည်။ ရောဒ်သည် ထိုကဲ့သို့ အကြာကြီး ငြိမ်သက်နေရမှုမျိုးကို မကြာခဏ ကြုံဖူးလှသော်လည်း မနေတတ် မထိုင်တတ်

ဖြစ်နေသည်။ မင်းဖရက်၏ စိတ်တွင် ရန်လိုသည့် သဘောထားများ ဖြစ်ပေါ်နေသည်ကို ရောဒ် ခံစားသိရှိနေသည်။ သူသည် မနေတတ် မထိုင်တတ်ဖြစ်နေမှုကို ဖုံးကွယ်ရန် စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ ရောဒ်က စားပွဲရှည်ကြီး၏ ထိပ်ဘက်သို့ လှမ်းကြည့်လိုက်ရာ သူ့အား မျက်တောင်မခတ် ပြန်ကြည့်နေသော မင်းဖရက်၏ မျက်လုံးအစုံကို မြင်လိုက်ရလေတော့သည်။

မင်းဖရက်စတိုင်းနားသည် ရောဒ်အား စပ်စပ်စုစု စိုက်ကြည့်နေသည်။ ရန်ငြိုးထားသော စိတ်ကင်းမဲ့သည့် မင်းဖရက်သည် ဤပုဂ္ဂိုလ်နှင့် သူ့ဖနီး အကြားတွင် ဖြစ်ပေါ်နေသော ဆက်ဆံမှုကို အသုံးပြု၍ သူ ထိုနေ့နံနက်က ရရှိခဲ့သော ညွှန်ကြားချက်ကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည်။

မင်းဖရက်က ဖြန့်ခနဲ မေးချလိုက်၏။

"ဥမင်လိုဏ်ခေါင်းထိပ်နဲ့ ကျောက်ထရံကြီး ဘယ်လောက်လောက် ဝေးသေးသလဲ"

"ပေတစ်ထောင် လျော့ပါတယ်"

"အဲဒီကို ဘယ်လောက်လောက်ကြာမှ ရောက်မလဲ"

"ဆယ်ရက်၊ အဲဒါထက် မပိုဘူး၊ လျော့ချင်တောင် လျော့မယ်"

"အဲဒီကျောက်ထရံကို ရောက်တာနဲ့ တစ်ပြိုင်နက် လုပ်ငန်းမှန်သမျှကို ချက်ချင်း ရပ်ဆိုင်းပစ်ရမယ်၊ အဲဒီလို အချိန်ကိုက်နိုင်မှုက သိပ်အရေးကြီးတယ်၊ အဲဒါကို မင်းနားလည်ရဲ့လား"

"ကျုပ်က ကျုပ် အလုပ်သမားတွေကို ကျုပ်ရဲ့ တိတိကျကျ ညွှန်ကြားချက်မပါဘဲနဲ့ ဆက်မတူးရဘူးလို့ ညွှန်ကြားထားပါတယ်"

"ကောင်းတယ်"

မင်းဖရက်သည် နောက်ထပ်တစ်မိနစ်ကြာအောင် ငြိမ်သက်သွားပြန်သည်။ ထိုနေ့နံနက်က အင်ဒရူးသည် ပုဂ္ဂိုလ်ကြီးထံမှ ညွှန်ကြားချက်များကို သယ်ဆောင်၍ သူ့ထံသို့ ရောက်ရှိလာသည်။ ကျောက်ထရံကြီးကို တူးဖောက်သည့်ချိန်တွင် အိုင်းရှန်းဆိုက်ဒ်သည် ရပ်ဝေးတစ်နေရာသို့ ရောက်ရှိနေစေရမည်။ ထိုကိစ္စဖြစ်မြောက်အောင် မင်းဖရက်က မိမိဘာသာ စီစဉ်ရပေလိမ့်မည်။

"အဲဒီနေရာကို ထပ်ဖောက်တော့လို့ အမိန့်ပေးဖို့ အနည်းဆုံး ရက်သတ္တပတ်လောက် ကြာလိမ့်မယ်ဆိုတာ မင်းကို ကျုပ် အသိပေးပါရစေ၊ မင်း ကျောက်ထရံကြီးဆီကို ရောက်တဲ့အချိန်မှာ တချို့ အစီအစဉ်တွေကို လုပ်ဖို့

ကျုပ် ဥရောပတိုက်ကို သွားရလိမ့်မယ်၊ ကျုပ် ရပ်ဝေးကို ဆယ်ရက်လောက် ရောက်နေလိမ့်မယ်၊ ကျုပ်မရှိတဲ့ အတောအတွင်းမှာ ကျောက်ထရံကြီးဆီကို ဦးတည်ပြီး တူးနေတဲ့ ဥမင်ထဲမှာ ဘာအလုပ်မှ မလုပ်ရဘူး"

ရောဒ်က တအံ့တသြနှင့် မေးလိုက်၏။

"ခရစ္စမတ်ကာလမှာ ခင်ဗျားက ရပ်ဝေးကို ရောက်နေမယ်ပေါ့"

"ဟုတ်တယ်"

မင်းဖရက်က ခေါင်းညိတ်လိုက်၏။ ရောဒ်၏ စိတ်ထဲ၌ မည်သို့မည်ပုံတွေးနေမည်ကို သူသိနိုင်ပါသည်။

တယ်ရီသည် ခရစ္စမတ်ကာလတွင် တစ်ယောက်ထီးတည်း ဖြစ်နေရှာပေလိမ့်မည်။ ဆွန်ဒါဒစ်ချ်သည် ခရစ္စမတ်ကာလတွင် ခုနစ်ရက်တိတိ မလုပ်လျှင် မဖြစ်သော အလုပ်များကိုသာ လုပ်ကိုင်စေလေ့ ရှိသည်။ ထို့ကြောင့် ဆွန်ဒါဒစ်ချ်မှ တစ်ပတ်ခန့် ရပ်ဝေးသို့ သွားနေနိုင်ပေလိမ့်မည်။

သူ့ကြိုးကိုင်ထားသောပုံစံအတိုင်း ရောဒ်က ဆုံးဖြတ်ချက်ချနိုင်လောက်သည့်အချိန်အထိ မင်းဖရက်က စောင့်လိုက်၏။ ထို့နောက် မင်းဖရက်က မေးလိုက်သည်။

"အဲဒီကျောက်ထရံကြီးကို ထွင်းဖောက်ဖို့ မင်း ကျုပ်ဆီက အမိန့်ကို စောင့်ရလိမ့်မယ်၊ အဲဒါကို မင်းနားလည်တယ်နော်၊ အဲဒီအမိန့်ကိုလည်း မင်း ဇန်နဝါရီလလယ်လောက်မှ ရနိုင်လိမ့်မယ်"

"ကျုပ်နားလည်ပါတယ်"

"မင်းသွားနိုင်ပြီ"

မင်းဖရက်က ရောဒ်အား နှင်လိုက်၏။

"ကျေးဇူးတင်ပါတယ်"

❒

[၁၉]

ဒီဇင်ဘာလ ၁၆ ရက်နေ့နံနက် ၁၁ နာရီ ၂၆ မိနစ်တွင် ရှုန်နီဒီလန်ချ်သည် လိုဏ်ခေါင်းထိပ်ကို ယမ်းဘီလူးနှင့် ဖောက်ခွဲလိုက်ပြီး ဖုန်မှုန့်နှင့် မီးခိုးထဲသို့ တိုးဝင်သွားသည်။

တွင် မတ်တတ်ရပ်နေသည်။ သူသည် အဖြာရောင်သံပရာနွဲ့ ဦးထုပ်ကလေးကို ဆောင်းထားပြီး အဖြူရောင်အပေါ်ဝတ်အင်္ကျီရှည်တစ်ထည်ကို ဝတ်ဆင်ထားသည်။ ထိုအင်္ကျီသည် ပွထွက်နေသော ထိုလူဝကြီး၏ ဗိုက်ပေါ်တွင် ကိုယ်ဝန်ဆောင်များဝတ်သော ဗိုက်ဖုံးအင်္ကျီပမာ တွဲလောင်းကျနေသည်။

ထိုလူဝကြီး၏ စံပြမယ်သည် ရေကူးကန်အစွန်းရှိ ဖျာကလေးတစ်ချပ်ပေါ်တွင် မှောက်လျက်ကလေး အိပ်နေသည်။ သူသည် ယမင်းရုပ်ကလေးပမာ ကြော့ရှင်းသော ကိုယ်လုံးကလေးနှင့် မည်းနက်သော ဆံပင်တို့ကို ပိုင်ဆိုင်သူ အလှမယ်ကလေးတစ်ဦး ဖြစ်သည်။

“ခုနကဆက်တာ စတိုင်းနားပဲ”

အင်ဒရူးက ပြောလိုက်၏။

“သူက မဟာယောက်ချိုကြီးဆီကို ရောက်ပြီလို့ သတင်းပို့တာ”

လူဝကြီးသည် မော်၍ပင် မကြည့်ပေ။ သူသည် ကင်းဘတ်စ်ပေါ်တွင် အာရုံစူးစိုက်ပြီး ရေးခြယ်နေသည်။

“မင်းရဲ့ ညာဘက်ပခုံးကလေးကို အသာ မပေးစမ်းပါကွာ”

လူဝကြီးက ညွှန်ကြားလိုက်၏။

နောက်ဆုံးတွင် လူဝကြီးသည် နောက်ဘက်သို့ ပြန်ဆုတ်ပြီး သူရေးဆွဲထားသော ပန်းချီကားကို စေ့စေ့စပ်စပ် လေ့လာနေတော့သည်။

“မင်း ခဏလောက် အနားယူနိုင်ပြီ”

လူဝကြီးက စုတ်တံများမှ ဆေးများကို သုတ်ပစ်နေစဉ် စံပြမယ်ကလေးသည် မတ်တတ်ရပ်လိုက်ပြီး ရေကူးကန်ထဲသို့ ဒိုင်ဗင်ထိုး၍ ဆင်းသွားလေတော့သည်။

“နယူးယောခ်၊ ပဲရစ်၊ လန်ဒန်၊ တိုကျိုနဲ့ ဘာလင်ကို လျှို့ဝှက်စကားလုံး ‘ဂိုးသစ်’နဲ့ သံကြိုးရိုက်လိုက်”

လူဝကြီးက အင်ဒရူးအား ညွှန်ကြားလိုက်၏။ ထိုသံကြိုးများကို ရရှိသည်နှင့် တစ်ပြိုင်နက် မြို့ကြီးများမှ အစုရှယ်ယာကိုယ်စားလှယ်များသည် ကစ်ချနာဇီးလ်ဒေသရှိ သတ္တုတွင်းကုမ္ပဏီများ၏ အစုရှယ်ယာများကို ရှယ်ယာဈေးကွက်တွင် သန်းနှင့်ချီ၍ ချရောင်းကြတော့မည် ဖြစ်သည်။

“ပြီးရင် အိုင်းရွန်းဆိုက်ဒ်ကို တခြားပို့ထားပြီး ကျောက်ထရံကြီးကို ဖောက်ထွင်းပြီး တူးတော့လို့ စတိုင်းနားကို ညွှန်ကြားလိုက်”

*

အင်ဒရူးက ဆက်သွယ်သော တယ်လီဖုန်းကို မင်းဖရက်က သီးသန့်တယ်လီဖုန်းနှင့် ပြန်ထူးသည်။ မင်းဖရက်သည် ညွှန်ကြားချက်ကို နားထောင်ပြီးနောက် နားလည်ကြောင်း ပြန်ဖြေလိုက်သည်။ ထို့နောက် မင်းဖရက်သည် တည်ငြိမ်စွာ ထိုင်ရင်း သူ့အစီအစဉ်များကို ပြန်လည် သုံးသပ်နေသည်။ သူက အသေးစိတ် ပြန်လည်သုံးသပ်ရင်း ဟာကွက်လစ်ဟင်းကွက် ရှိမရှိ ပြန်လည်စစ်ဆေး နေသည်။ ဟာကွက် လစ်ဟင်းကွက် လုံးဝမရှိပါ။

ယခုအချိန်သည် ဆွန်ဒါဒစ်ချ် အစုရှယ်ယာများကို စတင် ဝယ်ယူရမည့် အချိန်ပင် ဖြစ်သည်။ သူက သူ့အတွင်းရေးမှူးကို ကိပ်ပ်တောင်း၊ ဒါဘန်နှင့် ဂျိုဟန်နာစဘတ်ခ်မြို့များရှိ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးရန် အင်တာကွန်မှ တစ်ဆင့် ညွှန်ကြားလိုက်သည်။ သူက ဆွန်ဒါဒစ်ချ် အစုရှယ်ယာများကို ဈေးကွက်၌ လိုက်လံ ဝယ်ယူနေသူမှာ တစ်ဦးတည်းဖြစ်သည်ဟု မထင်စေလိုသောကြောင့် ပွဲစားအမျိုးမျိုးထံမှ တစ်ဆင့် ဝယ်ယူလို၍ ဖြစ်ပေသည်။ ၎င်းအပြင် အကြွေးပြသနာကလည်း ရှိနေပေသေးသည်။ သူသည် ဘဏ်က ပေးသော အာမခံချက်ကို ကိုင်၍ အစုရှယ်ယာများကို လိုက်လံဝယ်ယူနေခြင်း မဟုတ်ပါ။ စတော့ရှယ်ယာပွဲစားများသည် မင်းဖရက်၏ ကျော်ကြားမှု၊ မင်းဖရက်၏အမည်၊ စီအာစီတွင် ရှိနေသော မင်းဖရက်၏ ရာထူးအဆင့် စသည်တို့ပေါ်တွင် အခြေပြု၍ ရှယ်ယာများကို ဝယ်ယူနေကြခြင်းဖြစ်ရာ ၎င်းထံမှ ‘အာမခံ’ ပေးပါဟု တောင်းခံလာမည်ကို စိုးရိမ်သောကြောင့် ပွဲစားများက များများစားစား မဝယ်နိုင်ကြခြင်း ဖြစ်သည်။ မင်းဖရက်သည် ထိုကဲ့သို့သော အာမခံမျိုးကို ပေးနိုင်ခြင်း မရှိပါ။

ထို့ကြောင့် သူသည် ဒါဇင်ပေါင်းများစွာရှိသော စတော့ရှယ်ယာကုမ္ပဏီတစ်ခုစီမှ သင့်တင့်မျှတသော ပမာဏကိုသာ မှာကြားဝယ်ယူနေရခြင်း ဖြစ်သည်။ ထိုနေ့ညနေ သုံးနာရီတွင် မင်းဖရက်သည် ရန်းငွေခုနစ်သိန်းခွဲ တန်ဖိုးရှိသော အစုရှယ်ယာများ ဝယ်ယူပြီး ဖြစ်နေလေပြီ။ သူသည် ထိုအစုရှယ်ယာများအတွက် ပေးဆပ်ရန် ငွေမရှိပါ။ သို့ရာတွင် သူ့ကို ငွေချေပါဟု၍ အကျပ်ကိုင်လိမ့်မည် မဟုတ်ကြောင်း သူ သိပါသည်။ သူသည် ထိုအစုရှယ်ယာများကို ရက်သတ္တပတ် အနည်းငယ်အတွင်း ပြန်လည် ရောင်းချသည့်အခါ ထိုအစု

ရှယ်ယာများ၏ တန်ဖိုးသည် နှစ်ဆဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သူသိပါသည်။

သူသည် ကိပ်ပ်တောင်းမှ 'ဆွာလင်းနှင့် ရိုက်' စသော စတော့ရှယ်ယာကုမ္ပဏီနှင့် စကားပြောဆို၍ ပြီးဆုံးသွားချိန်တွင် သူ့အတွင်းရေးမှူးက အင်တာကွန်နှင့် လှမ်းအစီရင်ခံလိုက်၏။

"အက်စ်အေအေ လေယာဉ်ကုမ္ပဏီက ဆဲလစ်စ်ဘူရီကို ပျံသန်းမယ့် ဘိုးရင်း လေယာဉ်ပျံပေါ်မှာ နေရာချန်ထားပြီးကြောင်း ဆက်သွယ်အကြောင်းကြားလာပါတယ်။ နက်ဖြန်နံနက်ကိုးနာရီမှာ ထွက်မယ့် လေကြောင်းခရီးစဉ် အမှတ် ၁၂၆ ပါ၊ နောက်တစ်နေ့ညနေ ခြောက်နာရီမှာ ဂျိုဟန်နာစဘတ်ခ်ကို ပြန်ထွက်လာမယ့် ရိုဒီးရှန်းအဲယားဝေးစ် ဗိုက်ကင်းလေယာဉ်ပျံမှာလည်း နေရာရအောင် စာရင်းသွင်းထားပြီးပါပြီ"

"ကျေးဇူးတင်ပါတယ်"

မင်းဖရက်သည် အချိန်တစ်ရက်ပုပ်သွားသောကြောင့် စိတ်မသက်မသာ ဖြစ်မိသော်လည်း သူ ဥရောပတိုက်သို့ ထွက်ခွာသွားသည်ဟု သီရေစာက ယုံကြည်သွားရန် အလွန်အရေးကြီးပါသည်။ သူသည် အက်စ်အေအေ လေကြောင်းကုမ္ပဏီမှ လေယာဉ်ပျံနှင့် ထွက်ခွာသွားသည်ကို သီရေစာ မြင်ရမှ ဖြစ်ပါလိမ့်မည်။

"ကျုပ် ဇနီးကို တယ်လီဖုန်းနဲ့ ဆက်သွယ်ပေးပါ"

မင်းဖရက်က ပြောလိုက်၏။

"သီရေစာ၊ အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာလို့ ကိုယ် လန်ဒန်ကို နက်ဖြန်မနက်မှာ ထွက်မယ့် လေယာဉ်ပျံနဲ့ လိုက်ရလိမ့်မယ်၊ ကိုယ် ခရစ္စမတ်ကာလအတွင်း တခြားမှာ ရောက်နေလိမ့်မယ်နဲ့ တူတယ်"

တအံ့တသြနှင့် ဝမ်းနည်းသွားကြောင်း သီရေစာ၏ ဟန်ဆောင်မှုမှာ မပီပြင်လှပါ။ မင်းဖရက် တခြားသို့ သွားနေစဉ် သီရေစာနှင့် အိုင်းရှန်းဆိုက်ဒ်တို့သည် သူတို့အတွက် အစီအစဉ်များကို သီးခြားရေးဆွဲပြီး ဖြစ်လိမ့်မည် ဖြစ်ကြောင်း မင်းဖရက်က ယုံကြည်လိုက်သည်။

မင်းဖရက်သည် စကားပြောခွက်ကို ပြန်တင်ရင်း အစစအရာရာသည် အဆင်ပြေ ချောမောလျက်ရှိသည်ဟု တွေးနေလိုက်လေသည်။

❒

[၅၆]

ဒိန်မလာ မော်တော်ကားကြီးသည် ဂျန်စမတ်လေဆိပ်မှ ဆင်ဝင်အောက်သို့ ရောက်ရှိလာချိန်တွင် ယာဉ်မောင်းသူသည် တယ်ရီ့အတွက် မော်တော်ကားတံခါးကို ဖွင့်ပေးလိုက်ပြီးမှ မင်းဖရက်အတွက် ထပ်ဖွင့်ပေးလိုက်၏။

လေယာဉ်ပျံကွင်းမှ အလုပ်သမားက မင်းဖရက်၏ပစ္စည်းများကို ဒိန်မလာ မော်တော်ကားကြီး၏ နောက်ဘက်အဖုံးတံခါးအောက်မှ ထုတ်ယူနေစဉ် မင်းဖရက်သည် မော်တော်ကားရပ်နားရန် သတ်မှတ်ထားသည့် နေရာကို ကမန်းကတန်း အကဲခတ်လိုက်၏။ ခပ်စောစော နံနက်ခင်းဖြစ်သောကြောင့် ရပ်ထားသော မော်တော်ကားများမှာ ထက်ဝက်ပင် မပြည့်တတ်ချေ။ ကစ်ချနာဝီးလ်မြို့မှ နံပါတ်ပြားကို တပ်ထားသော နီနစ်ရောင် ဖောစ်ဝက်ဂွန် ကားတစ်စီးသည် ခပ်ဝေးဝေးအစွန်ဘက်နားတွင် ရပ်တန့်ထားသည်။ ဆွန်ဒါဒစ်ချ်ကုမ္ပဏီမှ လိုင်းမန်နေဂျာများနှင့် ဝါရင်မန်နေဂျာများအား နီနစ်ရောင် ဖောစ်ဝက်ဂွန် မော်တော်ကားများကို ဌာနသုံးမော်တော်ကားအဖြစ် ထုတ်ပေးထားသည်။

"ပျားကလေးက ပျားအုံဆီကို ရောက်လာနေပြီကိုး"

မင်းဖရက်က တွေးပြီး ပြုံးလိုက်၏။ သူက တယ်ရီ၏ တံတောင်ဆစ်ကို ကိုင်ပြီး မိကျောင်းသားရေနှင့် ချုပ်ထားသော သေတ္တာများကို သယ်သွားသော အလုပ်သမားနောက် လိုက်သွားသည်။

မင်းဖရက်သည် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အကောက်ခွန်ဌာနများ၌ အစစ်ဆေးခံနေရစဉ် တယ်ရီက ရပ်စောင့်နေသည်။ အပြင်ပန်းတွင် တယ်ရီသည် ဣန္ဒြေသိက္ခာရှိပြီး တာဝန်ကျေပွန်သော ဇနီးမယားတစ်ယောက်အဖြစ် မြင်နေကြရမည် ဖြစ်သော်လည်း သူသည် ဖောစ်ဝက်ဂွန် မော်တော်ကားကို သတိထားမိခဲ့သည်။ ထို့ကြောင့် တယ်ရီသည် နေကာမျက်မှန်နောက်ဘက်မှနေ၍ အရပ်ရှည်ရှည် ပခုံးကျယ်ကျယ်နှင့် လူတစ်ယောက်ကို ခိုးကြောင်ခိုးဝှက်နှင့် လိုက်လံရှာဖွေနေမိသည်။

တယ်ရီသည် လေတဟူးဟူးတိုက်နေသော ဆင်ဝင်ပေါ်၌ တစ်ယောက်

ထီးတည်း မတ်တတ်ရပ်နေသော အချိန်ကာလသည် တစ်သက်စာလောက် ကြာမြင့်သည်ဟု ထင်ရပေသည်။ ဘိုးရင်း ဂျက်လေယာဉ်ပျံကြီးသည် ပြေးလမ်းထိပ်မှ အရှေ့ဘက်သို့ ပြေးထွက်သွားချိန်တွင် တယ်ရီသည် ဆင်ဝင်ပေါ်မှ နောက်ပြန်လှည့်ပြီး ပင်မခန်းမဆောင်ထဲသို့ ပြန်ဝင်လာသည်။

ရောဒ်သည် တယ်ရီအား တံခါးပေါက်နောက်ဘက်နားက စောင့်နေသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက်က ကိုင်ရင်း လှေကားပေါ်မှ ဆင်းသွားကြလေတော့သည်။ တယ်ရီသည် ယာဉ်မောင်းသူအား ပြန်လွှတ်ပြီးနောက် သူတို့သည် ဖောစ်ဝက်ဂွန် မော်တော်ကားပေါ်သို့ တက်လိုက်ကြသည်။ သူတို့၏ ပစ္စည်းများသည် နောက်ဘက်ထိုင်ခုံပေါ်တွင် ရှိနေကြလေပြီ။

နောက်ထပ် မိနစ်နှစ်ဆယ်ကြာသောအခါ ရောဒ်သည် သီးသန့်လေဆိပ်ရှိ လေယာဉ်ထားသော ရုံတစ်ရုံရှေ့တွင် မော်တော်ကားများကို ကျည်ခနဲနေအောင် ဘရိတ်အုပ်၍ ရပ်တန့်လိုက်သည်။

စက်ခေါင်းနှစ်လုံးတပ် စက်စနာလေယာဉ်ပျံမှ အင်ဂျင်နှစ်လုံးသည် အဆင်သင့် စက်နှိုးနေပြီး စက်ပြင်ဆရာသည် တယ်ရီအား မှတ်မိသွားသောကြောင့် လေယာဉ်ပျံမောင်းနှင်သောအခန်းထဲမှ ဆင်းလာတော့သည်။

ထိုပုဂ္ဂိုလ်က နှုတ်ဆက်လိုက်၏။

"ဟယ်လို၊ တယ်ရီ၊ အချိန်မှန်ပါပဲလား"

"ဟလို၊ ဟန်ခ်၊ ရှင်က အဆင်သင့်ဖြစ်အောင် စက်ကိုတောင် နှိုးထားပြီးပြီကိုး၊ ရှင်ဟာ သိပ်ချစ်ဖို့ကောင်းတာပဲ"

"လေယာဉ်ပျံ မောင်းနှင်မယ့် ခရီးစဉ်ကိုပါ ကြိုတင်ပြီး တင်ပြထားပြီးပြီ၊ ကိုယ် သဘောအကျဆုံး ဖောက်သည်တစ်ယောက်အတွက် သိပ်အလုပ်လုပ်ပေးရတယ်လို့ ပြောဖို့မလိုပါဘူးလေ"

စက်ပြင်ဆရာက ရောဒ်အား စပ်စပ်စုစု ကြည့်နေသည်။

"ကိုယ်က မင်းတို့အိတ်တွေကို ကူသယ်ပေးမယ်"

သူတို့၏ ပစ္စည်းပစ္စယများကို လေယာဉ်ပျံထဲ၌ ထည့်သို၍ ပြီးစီးသွားချိန်တွင် တယ်ရီသည် လေကြောင်းပျံသန်းမှု မျှော်စင်နှင့် စကားပြောနေလေပြီ။

ရောဒ်သည် လေယာဉ်ပျံပေါ်သို့ တက်လိုက်ပြီး တယ်ရီနံဘေးရှိ ပါဆင်

ဂျာထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

တယ်ရီသည် ရေဒီယိုကို ပိတ်လိုက်ပြီး ဟန်ခ်အား လှမ်းစကားပြောရန် ရောဒ်၏ ရင်ခွင်ပေါ်မှ ကျော်၍ ကိုယ်ကို ကိုင်းလိုက်၏။

"ကျေးဇူးတင်ပါတယ် ဟန်ခ်"

တယ်ရီသည် စကားကို သိမ်သိမ်မွေ့မွေ့ကလေး ရပ်တန့်လိုက်ပြီး ကမန်းကတန်း ထပ်ပြောလိုက်ပြန်၏။

"ဟန်ခ်၊ ရှင့်ကို တစ်ယောက်ယောက်က လာမေးခဲ့ရင် ကျွန်မတစ်ယောက် တည်း ခရီးသွားတာနော်"

"ဟုတ်ပါပြီ"

ဟန်ခ်က ပြုံးလိုက်၏။

"ပျော်ရွှင်စွာ ဆင်းသက်နိုင်ပါစေ"

ထို့နောက် တယ်ရီသည် လေယာဉ်ပျံ မောင်းနှင်သော အခန်းတံခါးကို ပိတ်လိုက်ပြီးနောက် ပြေးလမ်းပေါ်သို့ လိမ့်ထွက်လာခဲ့တော့သည်။

"ဒါ မင်းအပိုင်လား"

ရောဒ်က မေးလိုက်၏။ ထိုလေယာဉ်ပျံသည် ရန်းငွေတစ်သိန်းတန်သော လေယာဉ်ဖြစ်ပေသည်။

"ကျွန်မ မွေးနေ့မှာ ဘိုးဘိုးက လက်ဆောင်ပေးတာလေ"

တယ်ရီက ဖြေလိုက်၏။

"ရှင် သဘောကျသလား"

"သိပ် မဆိုးပါဘူး"

ရောဒ် ဝန်ခံရတော့သည်။

တယ်ရီသည် လေယာဉ်ပျံဦးပိုင်းကို လေဆန်၍ ဦးလှည့်ထားပြီး အမြင့်ဆုံး အရှိန်သို့ ရောက်အောင် အင်ဂျင်စက်ကို မြှင့်၍ အင်ဂျင်စက်၏ တုံ့ပြန်မှုကို စမ်းသပ်နေစဉ် ဘရိတ်ကို နင်းထားသည်။

ရောဒ်က သူ့အသက်သည် အမျိုးသမီးလေယာဉ်မှူးတစ်ယောက်၏ လက်ထဲတွင် ရောက်ရှိနေကြောင်း ဖြန်းခနဲ တွေးလိုက်မိသောကြောင့် ငြိမ်ကျသွားပြီး မအီမလည်ဖြစ်လာရတော့သည်။

"ကဲ၊ သွားကြရအောင်"

တယ်ရီက ပြောလိုက်ပြီး ဘရိတ်ကို ခြေထောက်နှင့် ကန်၍ ဖြုတ်လိုက်

၏။ စက်စနာလေယာဉ်က ရှေ့ဘက်သို့ တဟုန်ထိုး ပြေးထွက်သွားသည်တွင် ရောဒ်သည် ထိုင်ခုံလက်ရန်းနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုတ်ရင်း ရှေ့တည့်တည့်ကို ကြည့်၍ ကြောက်စိတ်ကြောင့် ကျောက်ရုပ်ပမာဖြစ်နေလေတော့သည်။

"သက်သက်သာသာ နေစမ်းပါ အိုင်းရွန်းဆိုက်ဒ်ရယ်"

တယ်ရီသည် မျက်စိကို ပြေးလမ်းပေါ်မှ မခွာပဲ လှမ်းပြောလိုက်၏။

"ကျွန်မ ဆယ့်ခြောက်နှစ်သမီးကတည်းက လေယာဉ်ပျံ မောင်းလာတာပါရှင်"

ပေသုံးထောင် အမြင့်သို့ အရောက်တွင် လေယာဉ်ပျံကို မြေပြင်နှင့်ယှဉ်၍ ပျံသန်းနေအောင် ပြုပြင်လိုက်ပြီး အရှေ့ဘက်ဆီသို့ ညင်ညင်သာသာကလေး ကွေ့လိုက်သည်။

"ကဲ၊ သိပ် မနာမကျင်ဘူး မဟုတ်လားရှင်"

တယ်ရီက သူ့အား ပြုံးပြရင်း ဟာသနှော၍ ပြောလိုက်၏။

ရောဒ်က ပြောလိုက်သည်။

"မင်းကလေးဟာ တော်တော်အံ့သြဖို့ ကောင်းတဲ့ ကလေးမပဲ၊ မင်းက အမျိုးစုံ လုပ်တတ်တယ်"

တယ်ရီက သတိပေးလိုက်၏။

"ရှင် စောင့်ကြည့်ပါဦးလေ၊ ရှင်က အစအဆုံး တွေ့ရသေးတာ မဟုတ် ပါဘူး"

သူတို့သည် မြစိမ်းရောင်သမ်းနေသော မြေပြန့်မြက်ခင်းပြင်ပေါ်သို့ ရောက်သည်အထိ တိတ်ဆိတ်စွာ မောင်းနှင်လာခဲ့ကြသည်။

"ကျွန်မ သူ့ကို ကွာပစ်မယ်"

တယ်ရီက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။ ဤတွင် ရောဒ်သည် သူနှင့် တယ်ရီတို့၏ အတွေးချင်း တူညီမှုကြောင့် အံ့သြသွားရတော့သည်။ ထိုအချိန်တွင် ရောဒ်သည် တယ်ရီ၏ခင်ပွန်းအကြောင်း စဉ်းစားနေခိုက် ဖြစ်သည်။ ရောဒ်က ပြောလိုက်၏။

"ကောင်းတယ်"

"ရှင်နဲ့ ဆိုရင်တော့ ကျွန်မ စိတ်ချမ်းသာပါမလား"

"အဲဒါကတော့ မင်းက လိမ်လိမ်မာမာနေမယ် ဆိုရင် ကံကောင်းနိုင်ပါလိမ့်မယ်"

"ကိုယ်ကိုယ်ကို တော်တော် အထင်ကြီးတဲ့လူ"

တယ်ရီက ပြောလိုက်၏။

"ရှင့်ကို ကျွန်မက ဘာကြောင့် ချစ်နေမိမှန်း မသိတော့ပါဘူး"

"မင်းက ကိုယ့်ကို တကယ်ချစ်လို့လား"

"ချစ်ပါတယ်"

"ကိုယ်ကလည်း မင်းကို ချစ်ပါတယ်"

တယ်ရီက လေယာဉ်ပျံကို အောက်သို့ စိုက်မဆင်းမီ အချိန်အထိ သူတို့သည် ပီတိဖြစ်နေမှုကြောင့် ငြိမ်သွားကြသည်။

"ဘာဖြစ်လို့လဲ"

ရောဒ်က အလန့်တကြား မေးလိုက်၏။

"သားကောင်ကို တွေ့လို့ တွေ့ကြား ဆင်းကြည့်တာပါ"

သူတို့သည် စိမ်းစိုနေသော ချုံဖုတ်များပေါ်မှ ကပ်၍ ပျံသန်းသွားကြသည်။

ရောဒ်က ပြောလိုက်၏။

"ဟိုမှာ ကျွဲတွေ"

တယ်ရီက ဘယ်လက်ကို လက်ညှိုးထိုးပြလိုက်သည်။

"ပြီးတော့လည်း ဟိုဘက်မှာ ရှိသေးတယ်"

ရောဒ်သည် တယ်ရီက ပြလိုက်သော တိရစ္ဆာန်များကို အမျိုးအမည် ခွဲခြားပေးလိုက်သည်။

"မြင်းကျားတွေနဲ့ သစ်ကုလားအုတ်"

လေယာဉ်ပျံသည် ထိုတိရစ္ဆာန်များပေါ်သို့ အရောက်တွင် သစ်ကုလားအုတ်ကြီးသည် ကိုးရိုးကားရားပုံစံနှင့် ထွက်ပြေးလေတော့သည်။

"ကျွန်မတို့ ရောက်ကြပြီ"

တယ်ရီသည် မိုးကုပ်စက်ဝိုင်းဆီရှိ အုန်းမှုတ်ခွက်နှစ်ခုနှင့် တူသော တောင်ပူစာကလေးများဆီသို့ လက်ညှိုးထိုးပြပြီး ပြောလိုက်၏။ ထိုတောင်ပူစာကလေးများသည် အုန်းမှုတ်ခွက်နှစ်ခုကို မှောက်ချထားသည့်ပမာ ညီညီညာညာရှိနေပြီး အနားသို့ ရောက်ရှိလာသောအခါ ထိုတောင်ပူစာ နှစ်ခုကြားရှိ မြေပြင်ပေါ်တွင် သက်ကယ်မိုးအဆောက်အအုံကြီးတစ်ခုကို မြင်ကြရတော့သည်။ ထိုတဲအိမ်ကြီး၏ ဟိုဘက်တွင် ရှည်လျားသော ပြေးလမ်းတစ်ခုရှိနေပြီး တိုင်ထိပ်

တစ်ခုပေါ်တွင် ဖြူဖွေးသော တံခွန်တစ်ခုသည် တလူလူလွင့်နေသည်။

တယ်ရီသည် စက်ရှိန်မြှင့် ကိရိယာကို လျှော့ချလိုက်ပြီး ထိုအိမ်ပရိဝုဏ်ပေါ်တွင် ဝဲကြည့်လိုက်သည်။ မြက်ခင်းပြင်ပေါ်တွင် သေးသေးငယ်ငယ်ကလေးမျှသာ မြင်နေရသော လူလေးငါးခြောက်ယောက်က စက်စနှာ လေယာဉ်ပျံအား လက်ဝှေ့ယမ်းပြလိုက်ကြ၏။ ရောဒ်နှင့် တယ်ရီတို့က စောင့်ကြည့်နေကြစဉ် ထိုအုပ်စုမှ ပုဂ္ဂိုလ်နှစ်ယောက်သည် လင်းရိုဇာမော်တော်ကားတစ်စီးပေါ်သို့ ပြေးတက်ပြီး လေယာဉ်ပြေးလမ်းဆီသို့ မောင်းနှင်သွားကြတော့သည်။ ထိုမော်တော်ကား၏ နောက်ဘက်တွင် ဖုန်မှုန့်တန်းကြီးများသည် တသီတတန်းကြီး ကျန်ရစ်ခဲ့သည်။

တယ်ရီက ရှင်းပြလိုက်၏။

"အဲဒါ ဟန်နစ်ပဲ၊ ကျွန်မတို့ ဆင်းလို့ရပြီ"

တယ်ရီသည် စက်စနှာလေယာဉ်ကို ပြေးလမ်းနှင့် တည့်အောင် ပြုပြင်လိုက်ပြီး အောက်ဘက်သို့ နိမ့်ချလိုက်၏။ မဟာပထဝီမြေကြီးသည် အပေါ်သို့ မြင့်တက်လာပြီး လေယာဉ်ပျံ၏ ဝမ်းဗိုက်အောက်ပိုင်းနှင့် ဝင်တိုက်မိတော့သည်။ ထို့နောက် သူတို့သည် တရကြမ်းမောင်းနှင်လာသော လင်းရိုဇာကားနှင့် ဆုံ ရန် လေယာဉ်ပျံကို အရှိန်သတ်၍ ဆက်မောင်းသွားလေသည်။

လင်းရိုဇာပေါ်က ဆင်းလာသောပုဂ္ဂိုလ်သည် ဆံပင်များဖွေးဖွေးဖြူနေပြီး သူ့အသားအရေမှာ ဟောင်းနွမ်းနေသော သားရေတစ်ချပ်ကဲ့သို့ နေလောင်ခံထားရသူ ဖြစ်သည်။

"မစ္စစ် စတိုင်းနား"

သူသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမှုကို ဖုံးကွယ်ထားခြင်း မရှိချေ။

"မတွေ့ရတာ သိပ်ကြာသွားပြီ၊ မင်းဘယ်ရောက်နေလို့လဲ"

"ကျွန်မ အလုပ်များနေလို့ပါ ဟန်နစ်"

"နယူးရောခ်ကို ဟုတ်လား၊ ဘာကိစ္စနဲ့လဲ"

ဟန်နစ်က တအံ့တသြ မေးလိုက်၏။ တယ်ရီက သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။

"သူက မစ္စတာအိုင်းရွန်းဆိုက်ဒ်ပါ၊ ရောဒ်၊ သူက ဟန်နစ်ကရူးဂါး"

"ဖန်ဘရီးဒါး ဟုတ်လား"

ဟန်နစ်က လက်ဆွဲနှုတ်ဆက်ရင်း မေးလိုက်၏။

"ခင်ဗျားက 'ကလေဒွန်'က ဖန်ဘရီးဒါးစ်တွေနဲ့ ဆွေမျိုးတော်သလား"

"မတော်ပါဘူး"

ရောဒ်က စိတ်ပျက်လက်ပျက်နှင့် ခပ်တိုးတိုးဖြေရင်း တယ်ရီအား တောင်းပန်တိုးလျှိုးဟန်နှင့် ကြည့်လိုက်သည်။

တယ်ရီက ရှင်းပြသည်။

"သူ လုံးဝ နားမကြားဘူး၊ သူ့နားစည်နှစ်ဖက်စလုံးဟာ ၁၉၃၀ ပြည့်နှစ်လောက်တုန်းက ပျက်စီးသွားခဲ့ရတယ်၊ ဒါပေမဲ့ သူ နားမကြားဘူး ဆိုတာကို လုံးဝ ဝန်မခံဘူး"

"ကြားရတာ ဝမ်းသာပါတယ်"

ဟန်နစ်က ပျော်ပျော်ရွှင်ရွှင် ခေါင်းညိတ်လိုက်၏။

"မင်းဟာ အမြဲတမ်း ကျန်းမာနေတဲ့ ကလေးမပဲ၊ ငါမင်းကို ငယ်ငယ်ကလေးတည်းက မှတ်မိနေတယ်"

"ဒါပေမဲ့ သူဟာ သိပ်ခင်မင်ဖို့ ကောင်းတယ်၊ သူ့ဇနီးကလည်း အဲဒီအတိုင်းပဲ၊ သူတို့က ဘိုးဘိုးရဲ့ အမဲလိုက်စခန်းကို စောင့်ရှောက်ပေးကြတယ်"

တယ်ရီက ရောဒ်အား ပြောလိုက်ခြင်း ဖြစ်သည်။

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ"

ဟန်နစ်က အားရဝမ်းသာ သဘောတူလိုက်၏။

"တို့အိတ်တွေကို လင်းရိုဇာထဲ ထည့်ပြီး အိမ်ကို သွားကြရအောင် မစ္စတာဖန်ဘရီးဒါးကလည်း အရက်ကလေး ဘာလေး သောက်ချင်ရောပေါ့"

သူက ရောဒ်ကိုပင် မျက်စပစ်ပြလိုက်လေသေးသည်။

ထိုအိမ်ကလေးသည် ဖျဉ်ပြားနှင့် သက်ကယ်ကို ရောစပ်၍ မိုးထားသော အိမ်ကလေး ဖြစ်သည်။ ကျောက်တုံးများကို ခင်းထားသော ကြမ်းပြင်ပေါ်တွင် တိရစ္ဆာန်များ၏ သားရေများနှင့် ကော်ဇောများကို ခင်းထားသည်။ ၎င်းအပြင် နံရံများပေါ်၌ သေနတ်မျိုးစုံ အလက်ပေါင်း ငါးဆယ်ကို ချိတ်ဆွဲပြသထားသော မီးလင်းဖိုအဖွေးခန်းတစ်ခန်း ရှိသည်။ ထိုအိမ်မှ ပရိဘောဂများသည် ကြီးမားကြနိုင်သော ပရိဘောဂများ ဖြစ်ကြသည်။ နံရံများပေါ်တွင် ဆုဖလားများ၊ တိရစ္ဆာန်များ၏ ဦးခေါင်းများနှင့် ထိုဒေသတွင် သုံးစွဲသော လက်နက်များကို ချိတ်ဆွဲထားသည်။

အပေါ်ထပ်၌ရှိသော အိပ်ခန်းများတွင် လေအေးစက်တပ်ဆင်ထားသည်။

ရောဒ်နှင့် တယ်ရီသည် နေ့လယ်စာ စားပြီးနောက် အိမ်မှာပင် အနားယူခဲ့ကြသည်။ တိရစ္ဆာန်များသည် အပူဒဏ်ကို ရှောင်ရှားရန်အတွက် ညနေလေးနာရီမထိုးခင်အချိန်အထိ အကာအကွယ်ကောင်းသော နေရာများတွင် နေအောင်းနေကြမည် ဖြစ်သဖြင့် ထိုအချိန်မတိုင်ဘဲ အမဲပစ်ထွက်မည် ဆိုပါက အမီပွာယ်ရှိလိမ့်မည် မဟုတ်ပါ။

ညနေလေးနာရီထိုးသောအခါ ရောဒ်သည် ဒသမ ၃၇၅ မက်ဂနမ်ရိုက်ဖယ်တစ်လက်ကို သေနတ်စင်ပေါ်မှ ဆွဲယူလိုက်ပြီး ကျည်ဆန်အပြည့်ဖြည့်ထားသော ခါးပတ်တစ်ခုကို ယူ၍ လင်းရိုဗာ မော်တော်ကားဆီသို့ လာခဲ့ကြသည်။

ရောဒ်က လင်းရိုဗာမော်တော်ကားကို တောထဲသို့ မောင်းထွက်လိုက်စဉ် တယ်ရီအား လှမ်းမေးလိုက်၏။

"ဒီနေရာက ဘယ်လောက်လောက် ကျယ်သလဲ"

"ရှင် ကြိုက်တဲ့ဘက်ကို မိုင်နှစ်ဆယ်အထိ မောင်းနိုင်တယ်၊ အဲဒီနေရာမှန်သမျှဟာ ကျွန်မတို့ပိုင်တဲ့ နေရာချည်းပဲ၊ ဟိုဘက်မှာ ဆိုရင်တော့ ကရူးဂါးအမျိုးသား သဘာဝဥယျာဉ်ကြီးနဲ့ ဆက်သွားတယ်"

သူတို့သည် သဲသောင်ခုံများပေါ်တွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်နေသော နေရာများကို ကွေ့ရှောင်၍ လင်းရိုဗာ မော်တော်ကားကို မြစ်ကမ်းပါးအတိုင်း မောင်းနှင်လာကြသည်။ မြစ်ရေသည် တလက်လက် တောက်နေသော ကျောက်တုံး ကျောက်ခဲများအကြားမှ ရေစီးအားသန်သန်နှင့် စီးဆင်းသွားပြီး အချို့နေရာများတွင် ရေငြိမ်သော ရေအိုင်များအဖြစ်သို့ ပြောင်းလဲသွားကြသည်။

သူတို့သည် အလွန်လှပသော သားကောင်ကြီးတစ်ဒါဇင်ခန့်ကို မြင်တွေ့ခဲ့ကြရသည်။ ကိုက်နှစ်ရာ သုံးရာခန့်သို့ ရောက်ရှိတိုင်း မော်တော်ကားကို ရပ်တန့်၍ အလွန်လှပသော သားကောင်ကြီးများကို လေ့လာကြည့်ရှုခဲ့ကြသည်။

"အဘိုးကြီးက ဒီနေရာမှာ အမဲလိုက်ခွင့် ပေးမထားတာကတော့ သိပ်သေချာတယ်"

အရပ်ငါးပေခန့်မြင့်ပြီး ခွေရစ်နေသော ချိုနှစ်ချောင်းကပင်လျှင် ငါးပေခန့်ရှည်လျားသည် ကူဒူးနွားသိုးကြီးတစ်ကောင်က သူတို့အား ပေသုံးဆယ်အကွာမှ

ရပ်ကြည့်နေသောကြောင့် ရောဒ်က မှတ်ချက်ချလိုက်၏။

"ဒီတိရစ္ဆာန်တွေက အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်တွေလို ယဉ်နေကြတာပဲ"

တယ်ရီကလည်း သဘောတူလိုက်သည်။

"ဒီမှာ မိသားစုဝင်တွေကိုသာ အမဲလိုက်ခွင့်ပေးထားပါတယ်၊ ဒါပေမဲ့ ရှင်လည်းပဲ မိသားစုဝင်ဆိုတဲ့ သတ်မှတ်ချက်ထဲမှာ အကျုံးဝင်ပါတယ်။

ရောဒ်က ဦးခေါင်းကို ခါယမ်းလိုက်၏။

"ဒီနေရာမှာ တိရစ္ဆာန်တွေကို ပစ်ရင် လူသတ်သလို ဖြစ်လိမ့်မယ်"

ရောဒ်က ကူဒူးနွားသိုးကြီးကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဒီအကောင်ကြီးဟာ မင်းလက်ထဲက အစာကိုတောင် လာစားမယ့်အကောင်"

"ရှင် ဒီလိုခံစားရတဲ့အတွက် ကျွန်မ ဝမ်းသာမိပါတယ်"

တယ်ရီက ပြောလိုက်သောကြောင့် သူတို့သည် ဆက်မောင်းသွားကြသည်။

ထိုနေ့ညနေခင်းသည် ကြီးမားလှသော မီးလင်းဖိုအခွေးခန်းကြီးထဲတွင် မီးဖိုရလောက်အောင် မအေးလှချေ။ သို့ရာတွင် ရောဒ်က မီးလင်းဖိုရှေ့တွင် အရက်သောက်ရသည်မှာ ကြည်နူးစရာကောင်းလှသည်ဟု ထင်သောကြောင့် မီးလင်းဖိုကြီးကို မီးမွှေးလိုက်လေသည်။

❒

[၅၇]

စုံထောက် အင်စပိတ်တော် ဂရော့ဗ်ဘီလားက လက်ဖက်ရည်ပန်းကန်ကို နှုတ်ခမ်းပေါ်မှ ပြန်ဖယ်လိုက်စဉ် ဖြူဖွေးနေသော မလိုင်ဖတ်များသည် နှုတ်ခမ်းမွေးထိပ်များတွင် ကပ်ကျန်ရစ်ခဲ့ကြသည်။ သူက ထိုမလိုင်ဖတ်များကို လျှာဖြင့်

လျက်လိုက်ပြီးနောက် ဆာကျင်ဟူးကိုးအား လှမ်းမေးလိုက်၏။

“တို့ နောက် စစ်ရမယ့် လူက ဘယ်သူလဲ”

ဟူးကိုးသည် မှတ်စုစာအုပ်ကို ပြန်ဖတ်လိုက်သည်။

“ဖီလီနွန်ဂါဘိုင်း”

ဟူးကိုးက နာမည်ကို ဖတ်ပြလိုက်ရာ ဂရောစ်ဘီလားက သက်ပြင်းချလိုက်သည်။

“သူက လေးဆယ်ရှစ်ယောက်မြောက်၊ နောက်ထပ် ဆယ်ခြောက်ယောက်ပဲ လိုတော့တယ်”

ရွှေထည်သော ဖန်ပုလင်းမှ ကွဲထွက်လာသော ဖန်ကွဲစကလေးပေါ်တွင် မထင်မရှား စွန်းထင်နေသည့် လက်ဗွေရာကလေးကို လက်ဗွေရာဌာနက စစ်ဆေးခဲ့ပြီး ဖြစ်သည်။ သူတို့က ထိုပုလင်းကွဲပေါ်မှ လက်ဗွေပိုင်ရှင် ဖြစ်နိုင်ကောင်းစရာ ရှိသည်ဟု ယူဆသော လူခြောက်ဆယ်လေးယောက်၏ အမည်စာရင်းကို ပြုစုပေးခဲ့သည်။ ထိုပုဂ္ဂိုလ်တိုင်းကို စစ်ဆေးမေးမြန်းကြရသည်။ ထိုကိစ္စမှာ အချိန်ကုန်ပြီး ယခုအထိ အဖြေမပေါ်သေးသည့် အလုပ်ပင် ဖြစ်သည်။

“အဲဒီ ဖီလီနွန်နဲ့ ပတ်သက်ပြီး တို့ဘာသိထားသလဲ”

“ဒီလူက အသက်လေးဆယ်လောက် ရှိပြီ၊ မိုဇမ်ဘစ်က ရှန်းဂန်းလူမည်းတစ်ယောက်၊ အရပ်ငါးပေခုနစ်လက်မခွဲ၊ အလေးချိန် ၁၄၆ ပေါင်၊ ညာဘက်ခြေထောက်ကျိုးနေတယ်၊ အလျင်က ပြစ်မှုနှစ်မှု ရှိခဲ့ဖူးတယ်။ ၁၉၅၆ ခုနှစ်မှာ ဘိုင်စကယ်ခိုးမှုနဲ့ ရက်ပေါင်း ၆၀ ထောင်ကျခဲ့တယ်၊ ၁၉၆၂ ခုနှစ် မှာ ရပ်ထားတဲ့ ကားပေါ်က ကင်မရာတစ်လုံးကို ခိုးတဲ့အတွက် ရက်ပေါင်း ၉၀ ထောင်ကျခဲ့တယ်”

ဟူးကိုးက စာတွဲဖတ်ပြလိုက်၏။

‘အလေးချိန် ၁၄၆ ပေါင်သာရှိတဲ့ လူက လူတွေရဲ့ လည်ပင်းတွေကို လိုက်ချိုးနိုင်လိမ့်မယ်လို့ငါမထင်ဘူး၊ ဒါပေမဲ့ သူ့ကို အထဲသွင်းလိုက်ကွာ၊ မေးမြန်းကြည့်ကြရအောင်’

ဂရောစ်ဘီလားက အကြံပေးလိုက်ပြီးနောက် သူ့နှုတ်ခမ်းမွေးကို လက်ဖက်ရည်ပန်းကန်ထဲတွင် နှစ်လိုက်ပြန်၏။ ဟူးကိုးက အာဖရိကန်အမျိုးသားဆာကျင်တစ်ယောက်အား ခေါင်းညိတ်ပြလိုက်ရာ ထိုသူက ကိုခြေကျိုးနှင့်

အာဖရိကန်ရဲသားတစ်ယောက်အား အထဲသို့ ဝင်လာနိုင်အောင် တံခါးကို ဖွင့်ပေးလိုက်သည်။

ကိုခြေကျိုးနှင့် အာဖရိကန်ရဲသားတို့သည် ရုပ်အင်္ကျီများကိုသာ ဝတ်ဆင်ထားသော စုံထောက်နှစ်ယောက် ရှိနေသည့် စားပွဲဆီသို့ ချဉ်းကပ်လာခဲ့ကြ၏။ မည်သူမျှ စကားမပြောကြပါ။ မေးခွန်းထုတ်မည့် စုံထောက်နှစ်ယောက်က ထိုပုဂ္ဂိုလ်အား စိတ်အနှောင့်အယှက် ဖြစ်နိုင်သမျှဖြစ်အောင် တိတ်တိတ်ဆိတ်ဆိတ်နှင့် စိုက်ကြည့်နေကြသည်။

ဂရောစ်ဘီလားက သူသည် အပြစ်ရှိသည့် ပုဂ္ဂိုလ်ကို ပေငါးဆယ်ခန့် အကွာကပင် နေ၍ အနံ့ခံပြီး ရွေးထုတ်ပေးနိုင်သူ ဖြစ်ကြောင်း ဂုဏ်ယူလေ့ရှိသည်။ ဖီလီနွန်ဂါဘိုင်း၏ ကိုယ်ခန္ဓာမှ အပြစ်ရှိသော အနံ့အသက်များသည် နံစော်နေအောင် အပြင်သို့ ထွက်နေကြသည်။ ထိုသူသည် ငြိမ်ငြိမ်သက်သက် မတ်တတ်ရပ်နေနိုင်စွမ်း မရှိပါ။ သူသည် ချွေးတဒီးဒီးထွက်နေပြီး သူ့မျက်လုံးများသည် ကြမ်းပြင်နှင့် မျက်နှာကြက်တို့ကို ခေါက်တုံ့ခေါက်ပြန် ကြည့်နေသည်။ သူသည် လူသတ်မှုကို မကျူးလွန်သည့်တိုင်အောင် အပြစ်ရှိသူတစ်ယောက် ဖြစ်သည်မှာ သေချာလှပေသည်။ ဂရောစ်ဘီလားသည် သူ့ဦးခေါင်းကို ဝမ်းနည်းပန်းနည်းနှင့် ခါယမ်းရင်း ကိုခြေကျိုးအား လှမ်းမေးလိုက်ချိန်တွင် သူ့စိတ်ထဲက သေချာပေါက် တွက်မထားခဲ့ပါ။

“မင်း ဒီပြစ်မှုကို ဘာဖြစ်လို့ ကျူးလွန်ခဲ့ရတာလဲ ဖီလီနွန်၊ မင်း လက်ဗွေရာကို ရွှေပုလင်းပေါ်မှာ တို့ တွေ့နေရတယ်”

ထိုကဲ့သို့ ပြောလိုက်မှုကြောင့် ဖြစ်ပေါ်လာသော ထိရောက်မှုက ချက်ချင်းလက်ငင်း အစွမ်းပြလေတော့သည်။ ကိုခြေကျိုး၏ နှုတ်ခမ်းများသည် ဟပြဲလာပြီး သူ့တစ်ကိုယ်လုံး တုန်လှုပ်စပြုလာသည်။ တံတွေးများကလည်း သူ့ပါးစပ်မှ စီးကျလာသည်။ သူ့မျက်လုံးများသည် ပြူးကျယ်လာကြပြီး ပထမဦးဆုံးအကြိမ်အဖြစ် ဂရောစ်ဘီလား၏ မျက်နှာကို စိုက်ကြည့်နေတော့သည်။

“ဟုတ်ပြီ၊ ဟုတ်ပြီ”

ဂရောစ်ဘီလားက တွေးလိုက်ပြီး အာရုံများ နိုးကြားလာမှုကြောင့် ကုလားထိုင်ပေါ်တွင် ကိုယ်ကို မတ်မတ်ထား၍ ပြင်ထိုင်လိုက်၏။ သူ့နံဘေးမှ ဟူးကိုးကလည်း စိတ်ဝင်စားလာပုံရကြောင်း ဂရောစ်ဘီလား သတိပြုလိုက်မိ

သည်။

"လူသတ်တဲ့လူကို သူတို့က ဘာလုပ်သလဲဆိုတာ မင်းသိလား ဖီလီနွန်၊ သူတို့က သူ့ကို"

ဂရောဇ်ဘီလားသည် ထိုစကားကို ဆုံးအောင် ဆက်ပြောရန် အခွင့်အရေး မရလိုက်တော့ပါ။

ကိုခြေကျိုးသည် ရုတ်တရက် အော်ဟစ်လိုက်ပြီး တံခါးပေါက်ဆီသို့ အတင်း ခွတ်ပြေးတော့သည်။ ခြေကျိုးနေသည် သူ့ပုံစံမှာ ပရိယာယ်မာယာ တစ်မျိုးသာ ဖြစ်သည်။ သူသည် မြွေပါတစ်ကောင်ကဲ့သို့ လျင်မြန်သူဖြစ်သည်။ သူက တံခါးရွက်ကို ဆွဲဖွင့်လိုက်မိချိန်တွင် ဘန်တုလူမည်း ဆာဂျင်က သူ့ကုပ်ပိုးကို ဆွဲပြီး အခန်းထဲသို့ ပြန်သွင်းလာတော့သည်။

"ကျုပ်က ရွှေကိုသာ ခိုးတာပါဗျာ၊ လူကိုတော့ မသတ်ပါဘူး၊ အဲဒီပေါ်တူဂီကို ကျုပ်မသတ်ပါဘူး"

ကိုခြေကျိုးက ဇလုံးဇတွေး ပြောနေလေတော့ရာ ဂရောဇ်ဘီလားနှင့် ဟူးဂိုးတို့သည် တစ်ယောက်ကိုတစ်ယောက်က လှမ်းကြည့်လိုက်မိကြလေသည်။ ဂရောဇ်ဘီလားက ပြုံး၍ ပြောလိုက်၏။

"ချက်ကောင်းကို ထိတာပဲဟေ့"

❐

[၅၈]

"သော့ပေါက်ရှိမယ့် နေရာကို မီးရောင်နဲ့ ပြပေးမယ် မီးလုံးကလေးရှိတာ ခင်ဗျား တွေ့ရပါလိမ့်မယ်"

မော်တော်ကားရောင်းသည့် ပုဂ္ဂိုလ်သည် စက်နှိုးသည့်ခလုတ်ကို ညွှန်ပြရင်း ပြောလိုက်၏။

"အိုး၊ ဂျွန်နီ၊ အဲဒါကို ကြည့်စမ်းပါဦး"

ဟက်တီက အားပါးတရ အော်လိုက်၏။ သို့ရာတွင် ဂျွန်နီဒီလန့်ချ်၏ ဦးခေါင်းသည် ကြီးမားသော ဗိုဒ်မတ်စတန်းမော်တော်ကားကြီး၏ စက်ခေါင်းအဖုံးအောက်၌သာ ရှိနေလေသည်။

"ခင်ဗျား အထဲကို ဝင်ထိုင်ကြည့်ပါလား"

မော်တော်ကားရောင်းသူက ပြောလိုက်၏။ သူသည် တော်တော်ချစ်ဖို့ကောင်းတဲ့လူပဲဟု ဟက်တီက ဆုံးဖြတ်လိုက်သည်။

"အိုး၊ ဟုတ်တာပေါ့၊ ကျွန်မ သိပ်ထိုင်ချင်တာပေါ့"

ဟက်တီသည် ပြင်ကားကလေး၏ တစ်ယောက်ထိုင် သားရေထိုင်ခုံပေါ်သို့ တင်ပါးကို လှုပ်ခါ၍ ဝင်ထိုင်လိုက်၏။ မော်တော်ကားရောင်းသူ၏ မျက်လုံးများက ဟက်တီ၏ စကတ်ရွှေ့လျားရာနောက်သို့ တစ်ချိန်လုံး လိုက်ကြည့်နေသည်။

"ထိုင်ခုံကို ရွှေ့လို့ရသလား ဟင်"

ဟက်တီက အပြစ်ကင်းစင်သောအကြည့်နှင့် မော့ကြည့်လိုက်ပြီး ပြောလိုက်၏။

"ဒီမှာလေ၊ ခင်ဗျားကို ကျွန်တော် ပြပေးမယ်"

မော်တော်ကားရောင်းသူသည် မော်တော်ကားထဲသို့ ခေါင်းလျှိုသွင်းလိုက်ပြီး ဟက်တီ၏ ကိုယ်ပေါ်မှကျော်၍ လှမ်းကိုင်လိုက်၏။ သူ့လက်က ဟက်တီ၏ ပေါင်နှင့် ထိမိသွားသည်။ သို့ရာတွင် ဟက်တီက သတိမထားမိဟန်ဆောင်လိုက်၏။ ဒီပုဂ္ဂိုလ်သည် မုတ်ဆိတ်မွေးရိတ်ပြီးချိန်တွင် သုတ်လိမ်းသော ရေမွှေးတစ်မျိုးကို သုံးစွဲပုံရသည်။

"အဲဒါမှ ပိုကောင်းသွားတယ်"

ဟက်တီက တိုးတိုးကလေး ပြောလိုက်ပြီး ထိုင်ခုံပေါ်တွင် ပို၍နေသာ ထိုင်သာရှိအောင် ကိုယ်ကို ရွှေ့လိုက်ပြန်၏။ မော်တော်ကားရောင်းသူအဖို့ ဟက်တီ၏ လှုပ်ရှားမှုသည် ပို၍ ပို၍ပင် စိတ်ဝင်စားစရာကောင်းနေသည်။

ဟက်တီ၏ အမူအရာကြောင့် ပို၍ ရဲတင်းသွားသော မော်တော်ကားရောင်းသူသည် အသားနှင့် ထိနေသော သူ့လက်ကို မရွှေ့သေးဘဲ ထိုနေရာမှာပင် ဆက်ထားလိုက်သည်။

"ဒီမော်တော်ကားရဲ့ ကွန်ပရက်ရှင်းရေရှိုးက ဘယ်လောက်လဲ ..."

စက်ခေါင်းဖုံးအောက်မှ ဦးခေါင်းပြန်ထွက်လာသော ဂျွန်နီက လှမ်းမေးလိုက်သဖြင့် မော်တော်ကားရောင်းသူသည် ကိုယ်ကို ပြန်ဆန့်လိုက်ရပြီး ဂျွန်နီထံသို့ ကမန်းကတန်း ပြေးသွားရလေတော့သည်။

နောက်ထပ် တစ်နာရီကြာသောအခါ ဂျွန်နီသည် အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ထိုးလိုက်ပြီး ဂျွန်နီနှင့်ဟက်တီ နှစ်ယောက်စလုံးသည် မော်တော်ကားရောင်းသူနှင့် လက်ဆွဲ၍ နှုတ်ဆက်လိုက်ကြသည်။

"ကျုပ်ရဲ့ လိပ်စာကတ်ပြားကလေးကို ပေးလိုက်ပါရစေ"

မော်တော်ကားရောင်းသူက ထပ်ပြောလိုက်၏။ သို့ရာတွင် ဂျွန်နီသည် ကစားစရာအသစ်ကလေးဆီသို့ အာရုံရောက်သွားပြန်သဖြင့် ထိုလိပ်စာကတ်ပြားကလေးကို ဟက်တီကသာ ယူထားလိုက်ရလေသည်။

"ခင်ဗျားမှာ ဘာယ်အကြောင်းနဲ့ပဲ ဖြစ်ဖြစ် တစ်ခုခု လိုအပ်လာတယ်ဆိုရင် ကျုပ်ကို ခေါ်လိုက်ပါဗျာ"

ထိုပုဂ္ဂိုလ်က အဓိပ္ပာယ်ပါပါနှင့် ပြောလိုက်၏။

"ဒင်းနစ်လန်ဂလီ၊ အရောင်းမန်နေဂျာ"

ဟက်တီက အသံထွက်၍ ဖတ်လိုက်သည်။

"ရှင်က အရောင်းမန်နေဂျာဖြစ်ဖို့ တော်တော်ငယ်သေးတာပဲ"

"အဲဒီလောက်တော့ မငယ်သေးပါဘူးလေ"

"ဟုတ်မှာပေါ့ရှင်"

ဟက်တီက ခပ်တိုးတိုးကလေး ပြောလိုက်ပြီး သူ့မျက်လုံးများသည် ရုတ်တရက် ရဲတင်းလာကြတော့သည်။ ဟက်တီသည် သူ့နှုတ်ခမ်းကို လျှာဖျားကလေးနှင့် လျက်လိုက်၏။

"ကျွန်မ မပျောက်အောင် သိမ်းထားပါမယ်"

ဟက်တီက ကတိပေးလိုက်ပြီး ထိုကတ်ပြားကလေးကို လက်ကိုင်အိတ်ထဲတွင် ထည့်လိုက်သည်။ ထို့နောက် ဟက်တီသည် သူ့ခန္ဓာကိုယ်ကို စိတ်ဝင်စားစရာကောင်းအောင် လှုပ်ခါယမ်းရင်း မတ်စတန်းမော်တော်ကားဆီသို့ လျှောက်သွားလေတော့ရာ မော်တော်ကားရောင်းသူသည် ငေးကြည့်နေမိလေတော့သည်။

*

သူတို့သည် မတ်စတန်းမော်တော်ကားကို ခပ်ဝေးဝေးအထိ မောင်းကြည့်ခဲ့ကြသည်။ ဟက်တီက ဂျွန်နီအား ပိုနေ့သေးသောကားများကို ကျော်တက်ရန် အတင်းတိုက်တွန်းလေ့ရှိသည်။ သူတို့၏ မော်တော်ကားမှ မိုင်နှုန်းပြ မြားတံကလေးသည် မိုင် ၁၂၀ အထိ တက်သွားသည်။ သူတို့ ပြန်လာချိန်တွင် မှောင်နေပြီဖြစ်ရာ အိမ်ဝင်းထဲသို့ အဝင်တွင် သူတို့၏ အိမ်ရှေ့တံခါးပေါက်ရှေ့၌ ရပ်တန့်ထားသော အနက်ရောင် ဒိန်မလာမော်တော်ကားကြီး၏ နောက်ပိုင်းကို ဝင်မတိုက်မိအောင် ဂျွန်နီသည် ဘရိတ်ကို အတင်းဆောင့်နင်းလိုက်ရလေတော့သည်။

"ဒါ ဒေါက်တာစတိုင်းနားရဲ့ မော်တော်ကားကြီးပါကလား"

ဂျွန်နီတစ်ယောက် ပါးစပ်ပြဲသွားရတော့သည်။ ဟက်တီက မေးလိုက်၏။

"ဒေါက်တာစတိုင်းနားဆိုတာ ဘယ်သူလဲ"

"သူက ရုံးချုပ်က အကောင်ကြီးကြီးပုဂ္ဂိုလ်တစ်ယောက်ပေါ့"

"ရှင် ညာပြောနေတာပါ"

ဟက်တီက စိန်ခေါ်လိုက်သည်။

"တကယ်ပြောတာပါ"

ဂျွန်နီက ထပ်အတည်ပြုလိုက်၏။

"တကယ်ကြီးတဲ့ အကောင်တွေထဲက အကောင်ကြီးတစ်ကောင်"

"မစ္စတာ အိုင်းရွန်းဆိုက်ဒ်ထက် ပိုကြီးသေးသလား"

ဟက်တီ သိထားသော လူမှုရေးနယ်ပယ်တွင် ဆွန်ဒါဒစ်ချ်၏ ဂျင်နရယ်မန်နေဂျာသည် ထိပ်ဆုံးမှ ပုဂ္ဂိုလ်ပင် ဖြစ်သည်။

"အဲဒီငတိက ဒီပုဂ္ဂိုလ်နဲ့စာရင် မပြောပလောက်ပါဘူးကွာ၊ သူစီးတဲ့ မော်တော်ကားကိုပဲ ကြည့်၊ ဒီကားက ဟိုငတိရဲ့ မာဆီရာတီကား အဟောင်းကလေးထက် ငါးဆလောက် ပိုကောင်းတယ်ကွ"

ဟက်တီကို ထိုကဲ့သို့ ဆွေးနွေးမှုသာ နားလည်သဘောပေါက်နိုင်သူဖြစ်သည်။

"သူ ကျွန်မတို့ဆီက ဘာများလိုချင်လို့ပါလိမ့်"

"ကိုယ်လည်း မသိဘူး"

စိတ်ပူသွားသော ဂျွန်နီက ဝန်ခံလိုက်၏။

"ကဲ၊ သွားမေးကြည့်ကြရအောင်"

*

ဒီလန်ချီမိသားစု နေအိမ်ဧည့်ခန်းသည် ဒေါက်တာမင်းဖရက်စတိုင်းနားအတွက် စိတ်တိုင်းမကျနိုင်အောင် ဖြစ်နေရသည်။

သူသည် မှန်ဗီရိုများနှင့် စားပွဲများပေါ်တွင် ပြည့်နေအောင် တင်ထားသော ကြေးနှင့် လုပ်ထားသည့် ခွေးရုပ်ကလေးများဖမာ ပလတ်စတစ်နှင့် ဖုံးထားသော ရွှေရောင်နှင့် မရန်းရောင်ဆိုဖာအစွန်းတွင် မအီမသာနှင့် တောင့်တောင့်ကြီး ထိုင်နေသည်။

"ကျုပ်က ရဲရဲတင်းတင်း ဝင်ထိုင်နေတဲ့အတွက် ကျုပ်ကို ခွင့်လွှတ်ပါ"

မင်းဖရက်သည် ထိုင်ရာက မထဘဲ လှမ်းပြောလိုက်၏။

"ခင်ဗျားတို့အိမ်မှာ မရှိကြပေမဲ့ အိမ်စေမကလေးက ဝင်ထိုင်ခိုင်းထားလို့ပါ"

"ရှင့်ကို ကျွန်မတို့က ကြိုဆိုပါတယ်ရှင်"

ဟက်တီက ဟန်လုပ်ပြီး ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားကို ကျုပ်တို့က ကြိုဆိုပါတယ် ဒေါက်တာစတိုင်းနား"

ရွှန်နီက ဟက်တီ၏ စကားကို ထောက်ခံလိုက်၏။

"အား၊ ခင်ဗျားတို့က ကျုပ်ကို သိနှင့် နေကြပြီကိုး"

မင်းဖရက်က ကျေနပ်မှုအပြည့်အဝနှင့် ပြောလိုက်၏။ သူ့ကို သိထားကြသည် ဆိုသောကြောင့် သူ့လုပ်ရမည့် အလုပ်မှာ ပို၍ လွယ်ကူသွားပေလိမ့်မည်။

"ဟုတ်ကဲ့ ကျွန်မတို့ သိကြပါတယ်"

ဟက်တီသည် သူ့ထံသို့ လျှောက်သွားပြီး လက်ကိုကမ်းပေးလိုက်၏။

"ကျွန်မ ဟက်တီဒီလန်ချီပါ"

ဟက်တီ၏ချိုင်းကြားမှ ကွေးကွေးကောက်ကောက်နှင့်ရှိနေသော ချိုင်းမွေးများကို မင်းဖရက် အလန့်တကြား မြင်လိုက်ရသည်။ ဟက်တီသည် ချိုင်းမွေးများကို ရိတ်မထားသည့်သာမက ယမန်နေ့ညနေကစ၍ ယခုအချိန်အထိ ရေမချိုးရသေးချေ။ မင်းဖရက်၏ နှာခေါင်းများသည် ယားကျိကျိ ဖြစ်လာကြသဖြင့်

အန်ချင်သလိုလို ဖြစ်လာသော စိတ်ကို အတင်းချိုးနှိမ်ထားရသည်။

"ဒီလန်ချီ၊ မင်းနဲ့ကျုပ် နှစ်ယောက်တည်းစကားပြောချင်တယ်"

မင်းဖရက်သည် သူနှင့် နီးကပ်လွန်းလှသော ဟက်တီ၏ ကိုယ်နံ့မှ ဝေးကွာသွားအောင် နောက်သို့ရွှေ့လိုက်၏။

"ရပါတယ်"

ရွှန်နီက မင်းဖရက်၏ ဆန္ဒအတိုင်း လိုက်လျောရန် စိတ်အားထက်သန်နေသည်။

'ချစ်ချစ်ရေ၊ ကိုယ်တို့အတွက် ကော်ဖီစီစဉ်ပေးပါလားကွယ်'

သူက ဟက်တီအား လှမ်းပြောလိုက်၏။

နောက်ထပ်ဆယ်မိနစ်ခန့် ကြာသောအခါ စိတ်သက်သာရာရရှိသွားသော မင်းဖရက်သည် ဒိန်မလာမော်တော်ကားကြီး၏ စိမ်ရှိလှသော နောက်ခုံက် ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်၏။ သူသည် လက်ဆေ့ယမ်းပြီး နှုတ်ဆက်နေကြသော ဒီလန်ချီ ဇနီးမောင်နှံကို မသိဟန်ဆောင်ပြီး မျက်စိကို မှိတ်ထားသည်။ သူ လုပ်ရမည့်ကိစ္စကို ဆောင်ရွက်၍ ပြီးစီးခဲ့လေပြီ။ နက်ဖြန်နံနက်တွင် ရွှန်နီဒီလန်ချီ သည် ပြန်အလုပ်လုပ်တော့မည် ဖြစ်ပြီး တပြောင်ပြောင် တလက်လက်နှင့် ဖန် သားရောင် တောက်နေသော အစိမ်းရောင်ကျောက်ထရက်ကြီးကို စတင်၍ ထွင်းဖောက်ပေတော့မည်။

နေ့လယ်မွန်းတည့်ချိန်တွင် မင်းဖရက်သည် ဆွန်ဒါဒစ်ချီ၏ အစုရှယ်ယာနှစ်သိန်းခွဲကို ပိုင်ဆိုင်သူ ဖြစ်လာပေလိမ့်မည်။

တစ်ပတ်အတွင်း သူသည် လူချမ်းသာတစ်ယောက် ဖြစ်လာပေလိမ့်မည်။

တစ်လကြာလျှင် သူသည် သီရေစာစတိုင်းနားနှင့် ကွာရှင်းပြတ်စဲပြီး ဖြစ်ပေလိမ့်မည်။ သူက 'ချောက်မ' ထားမှုနှင့် သီရေစာအား နာမည်ပျက်အောင် တတ်နိုင်သမျှ ကြီးကြီးကျယ်ကျယ်တရားစွဲမည်။ သီရေစာသည် သူ့အတွက် မလိုအပ်တော့ပါ။

ယာဉ်မောင်းသူက စတိုင်းနားကို ဂျိုဟန်နာစဘတ်ခ်သို့ ပြန်မောင်းပို့ပေးလေသည်။

❐

[၅၉]

ထိုကိစ္စသည် ဂျိုဟန်နာစဘတ်ခ်ရှိ စတော့ရှယ်ယာ ရောင်းဝယ်ဖောက်ကားသည့် ဌာန၌ စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

စတော့ရှယ်ယာရောင်းဝယ်သည့် ဌာနရှိ စက်မှုလုပ်ငန်းများနှင့် ပတ်သက်သော ကောင်တာများ၌သာ လပေါင်းများစွာ ကြာအောင် အလုပ်ဖြစ်ခဲ့ကြသည်။ စတော့ရှယ်ယာရောင်းဝယ်သူများက စက်မှုလက်မှု ကောင်တာများကိုသာ အာရုံစိုက်ခဲ့ကြသည်။

သတ္တုတွင်းလုပ်ငန်းတွင် ဓနဗ္ဗာဓကဆိုသလို အာရုံစိုက်ခဲ့မိကြသည့် ရှယ်ယာများမှာ အင်ဂလိုအမေရိကန် ကော်ပိုရေးရှင်းနှင့် ဒီဗီးယားစ်ကုမ္ပဏီမှ အစုရှယ်ယာများသာဖြစ်သည်။ ယခုထိုအစုရှယ်ယာများသည် ခေတ်ကုန်သွားခဲ့ကြပြီ ဖြစ်သလို အစုရှယ်ယာဈေးနှုန်းများသည်လည်း ယခုရောက်ရှိနေသော နှုန်းထားတွင် တည်ငြိမ်၍ နေလေပြီ။ ထို့ကြောင့် ရွှေတူးသော သတ္တုတွင်း ကောင်တာများမှ ဈေးစတင် ခေါ်လိုက်ချိန်တွင် ထူးထူးခြားခြား ဖြစ်လာလိမ့်မည်ဟု မည်သူကမျှ မမျှော်လင့်ခဲ့ကြချေ။ ပွဲစားများ၏ စာရေးများသည် ဈေးစဖွင့်ချိန်တွင် အေးအေးဆေးဆေး စကားပြောရင်း တည်တည်ငြိမ်ငြိမ် လှုပ်ရှားသွားလာနေကြသည်။

ထိုအခန်းကျယ်ကြီး ထောင့်တစ်ထောင့်မှ အသံတစ်သံထွက်ပေါ်လာသည်။

'ဆန်ဒါဒစ်ချ်ကို ဝယ်မယ်"

နောက်ထပ် အသံတစ်သံ ထွက်ပေါ်လာပြန်၏။

"ဆွန်ဒါဒစ်ချ်ကို ဝယ်မယ်ဗျို့"

'ဝယ်တယ်"

ဦးခေါင်းများသည် ထိုကောင်တာသို့ ချာခနဲ လှည့်ကြည့်ကြတော့သည်။

ပွဲစားများသည် အရောင်းအဝယ်လုပ်ရင်း အစုအဖွဲ့ကလေးများ ဖြစ်လာကြသည်။ ဈေးကလည်း ဆင့်ငါးဆယ် ခုန်တက်သွားသည်။ ပွဲစားတစ်ယောက်

သည် ၎င်းအား ဝယ်နိုင်းထားသူနှင့် ဆွေးနွေး ညှိနှိုင်းရန် အခန်းကျယ်ကြီးကို ဖြတ်ပြေးသွားသည်။

ဤတွင် ပွဲစားတစ်ယောက်သည် အခြားတစ်ယောက်ကို ဝင်တိုးမိသဖြင့် ထိုပုဂ္ဂိုလ်သည် ယိုင်လဲမသွားအောင် ကိုယ်ကိုဟန်လိုက်ရ၏။ ထိုသူ၏ရေးကြီးသုတ်ပျာ ဖြစ်နေမှုမှာ ကူးစက်ချင်စရာ ကောင်းလှပေသည်။

"ဝယ်မယ်၊ ဝယ်မယ်"

"ဘာတွေ ဖြစ်နေကြတာလဲဗျ"

"ဘယ်ကလာပြီး ဝယ်နေကြတာလဲ"

"ဒီဒေသက ဝယ်တာပါပဲ"

အစုရှယ်ယာတန်ဖိုးသည် တစ်ရှယ်ယာလျှင် ရန်းငွေတစ်ဆယ်ဖြစ်လာပြီး လူတိုင်း သွေးဖျက်စပြုလာကြတော့သည်။

"ပင်လယ်ရပ်ခြားကလည်း လှမ်းဝယ်နေပြီဗျို့"

"ရန်းငွေတစ်ဆယ်တစ်"

ပွဲစားများသည် သူ့ဖောက်သည်များထံသို့ ရှယ်ယာဈေးနှုန်း ခုန်တက်နေပြီ ဖြစ်ကြောင်း သတင်းပို့ရန် အပြေးအလွှားသွားကြတော့သည်။

"ရန်းငွေတစ်ဆယ်နှစ်နဲ့ ဆင့်ငါးဆယ်၊ ဒါ ဒီဒေသက ဝယ်တာဗျို့"

"ရှယ်ယာ ငါးထောင်ဝယ်ပါ"

ရှယ်ယာစာရေးများသည် တယ်လီဖုန်းနှင့် ညွှန်ကြားချက်များအရ အပြေးအလွှား လုပ်ကိုင်နေကြသည်။

"ဘုရားသခင် ကယ်တော်မူပါ၊ ရန်းငွေတစ်ဆယ်သုံး ဖြစ်နေပြီ၊ ချရောင်းလိုက်တော့ ရသမျှ အမြတ်ကို ယူတော့၊ ဒါထက်တော့ ပိုပြီး ဈေးမြင့်မလာနိုင်တော့ဘူး"

"ဆယ့်သုံး ဒသမ ခုနစ်ဆယ့်ငါး၊ ပင်လယ်ရပ်ခြားက ဝယ်တာ၊ ရနိုင်သလောက်ဝယ်ပါ"

တစ်နိုင်ငံလုံးရှိ စတော့ရှယ်ယာပွဲ ဒိုင်ငါးဆယ်ခန့်မှ ပွဲစားများသည် ထိုကိစ္စကို ကြိုတင်၍ မရိပ်မိခဲ့ကြသောကြောင့် ကိုယ့်ကိုယ်ကို ကျိန်ဆဲပြီး အမိလိုက်နေကြသည်။ ပို၍ ပါးနပ်သော ပုဂ္ဂိုလ်များကမူ ရှယ်ယာဈေးကွက် ကသောင်းကနင်း ဖြစ်တော့မည့် အခြေအနေကို ရိပ်မိကြသောကြောင့် လက်ထဲတွင် ရှိရှိသမျှ အစုရှယ်ယာများကို ရောင်းချနေကြသည်။ အစုရှယ်ယာဈေးနှုန်း

ကသောင်းကနင်း ဖြစ်သွားလေပြီ။

ဆယ်နာရီ ဆယ်ငါးမိနစ်တွင် ပရီတိုရီးယားရှိ ဘဏ္ဍာရေးဝန်ကြီးဌာနက ဂျိုဟန်နာစဘတ်ခ် စတော့ရှယ်ယာ ရောင်းဝယ်ဖောက်ကားရေး ကော်မတီဥက္ကဋ္ဌထံ အရေးတကြီး တယ်လီဖုန်းဆက်တော့သည်။

"ခင်ဗျား ဘယ်လိုလုပ်မှာလဲ"

"ကျုပ်တို့ မဆုံးဖြတ်ရသေးဘူး၊ ကျုပ်တို့က ထိန်းနိုင်ဦးမယ်ဆိုရင် အရောင်းအဝယ်လုပ်ငန်းကို ပိတ်မပစ်လိုက်ချင်ဘူး"

"သိပ်တော့ မဆိုးသွားစေနဲ့လေ၊ ကျုပ်ဆီကိုလည်း အဆက်မပြတ် သတင်းပို့ပေးပါ"

တစ်ရှယ်ယာလျှင် ရန်းငွေတစ်ဆယ်ခြောက်သို့ ရောက်ရှိသွားသည် သာမက ဆက်လက်၍ တက်ရိပ်ပြနေဆဲ ဖြစ်သော ဆယ်တစ်နာရီတွင် လန်ဒန်မှ စတော့ရှယ်ယာ ရောင်းဝယ်ရေးဌာနတွင်လည်း အလားတူ ဈေးတက်မှုမျိုး စတင်၍ ဖြစ်ပွားတော့သည်။ လန်ဒန်ဈေးကွက်မှ ဆွန်ဒါဒစ်ချ် အစုရှယ်ယာများသည် ဂျိုဟန်နာစဘတ်ခ် ဈေးကွက်နှင့်အတူ လိုက်၍ ဈေးထိုးတက်စပြုလေပြီ။

ထို့နောက် မျှော်လင့်မထားပါပဲနှင့် ဆွန်ဒါဒစ်ချ် အစုရှယ်ယာများကို အစုလိုက် အပြုံလိုက် ပြန်ရောင်းချသည့်ကိစ္စနှင့် ဖြန်းခနဲ ထိပ်တိုက်တိုးဝင်မိကြတော့သည်။ ဆွန်ဒါဒစ်ချ် သာမက ကစ်ချနာတီးလ် နယ်မြေရှိ သတ္တုတွင်းအားလုံးမှ အစုရှယ်များကို အစုလိုက်အပြုံလိုက် ရောင်းချမှုနှင့် ကြုံကြရသောကြောင့် ဆွန်ဒါဒစ်ချ် အစုရှယ်ယာများသည် ဈေးနှုန်းမတည်ငြိမ်ဘဲ တုန်လှုပ်စပြုလာသည်။ သတ္တုတွင်းရှယ်ယာဈေးနှုန်းသည် သျှိုလင် အနည်းငယ်ခန့် ထိုးတက်သွားပြီးနောက် ရှယ်ယာဒိုင်ဖွင့်ခါစက စခေါ်ခဲ့သော ဈေးထက်ပင် ပို၍ နိမ့်ကျသွားလေတော့သည်။ ဇောက်ထိုးမိုးမျှော် ခုန်ဆင်းသွားတော့သည်။

"ရောင်းပါ၊ ရနိုင်သလောက် ရောင်းပစ်ပါ"

မိနစ်ပိုင်းအတွင်း စာရွက်ပေါ်၌သာ အဖြေပေါ်ခဲ့သော စည်းစိမ်ချမ်းသာများသည် အဝေးသို့ လွင့်စဉ်ပျောက်ပါသွားကြလေပြီ။

ဆွန်ဒါဒစ်ချ်သတ္တုတွင်းမှ အစုရှယ်ယာများသည် တစ်ရှယ်ယာလျှင် ရန်းငွေ ငါးဒသမ ခုနစ်ဆယ်ငါးသို့ လျော့ကျသွားချိန်တွင် ဂျိုဟန်နာစဘတ်ခ်မှ စတော့ရှယ်ယာ ရောင်းဝယ်ရေးကော်မတီသည် နိုင်ငံတော်၏ အကျိုးစီးပွား

ကို မျှော်ကိုး၍ နောက်ထပ် ရောင်းဝယ်မှုများ မဖြစ်ပွားအောင် ရှယ်ယာဒိုင်ကို ပိတ်ပစ်လိုက်ရလေတော့သည်။

သို့ရာတွင် နယူးယောက်၊ လန်ဒန်နှင့် ပဲရစ်တို့တွင် အရင်းအနှီး မြှုပ်နှံနေကြသော စီးပွားရေးသမားများသည် တောင်အာဖရိကတိုက်မှ ရွှေသတ္တုတွင်း အစုရှယ်ယာများကို နာလန်မထူနိုင်အောင် ဆက်လက်၍ 'သတ်' နေကြလေသည်။

*

လေအေးစက် တပ်ဆင်ထားသော မိုးမျှော်အဆောက်အအုံကြီးတစ်ခု၏ ရုံးခန်းထဲတွင် ထိပ်ပြောင်နေသောပုဂ္ဂိုလ်က သူ့အထက်အရာရှိ၏ စားပွဲကို လက်သီးဆုပ်နှင့် ထိုးရင်း ပြောလိုက်၏။

"အဲဒီငတိကို မယုံကြည်ပါနဲ့လို့ ခင်ဗျားကို ကျုပ် ပြောခဲ့သားပဲ"

ထိုသူသည် ဒေါသကြောင့် ငိုချတော့မလိုလို ဖြစ်နေသည်။

"အင်မတန် လောဘကြီးတဲ့ ကိုဘုတ်ပွဲ၊ သူ့အတွက် ဒေါ်လာတစ်သန်းဆိုတာ လုံလောက်မှာ မဟုတ်ဘူး။ သူက ဒီလုပ်ငန်းကြီး တစ်ခုလုံးကို ဖျက်ဆီးပစ်မယ်လူ"

ထိုပုဂ္ဂိုလ်၏ အထက်အရာရှိက ဖြတ်ပြောလိုက်၏။

"ဒီမှာ ကိုယ်လူ၊ ခင်ဗျား ကိုယ်ကို ထိန်းချုပ်ထားစမ်းပါဗျာ၊ ကျုပ်တို့က ဒီစီးပွားရေးလုပ်ငန်းကို သွေးအေးအေးနဲ့ ယထာဘူတကျကျ သုံးသပ်ကြရအောင်"

ထိပ်ပြောင်နေသော ပုဂ္ဂိုလ်သည် သူ့ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ရင်း တဆတ်ဆတ်တုန်နေသော လက်များနှင့် စီးကရက်ကို မီးညှိရန် ကြိုးစားလိုက်သည်။ သို့ရာတွင် သူ့လက်သည် ပြင်းထန်စွာ တုန်လှုပ်နေသောကြောင့် မီးခြစ်မှ မီးတောက်သည် ငြိမ်းငြိမ်းသွားရလေတော့သည်။

"ခုကိစ္စက ရှင်းရှင်းလင်းလင်းကြီး ပေါ်ပေါက်နေပြီပဲဗျ"

ထိုသူက မီးခြစ်ကို ထပ်ခြစ်လိုက်ပြီးနောက် ကမန်းကတန်း ရှိုက်ဖွာလိုက်သည်။

"ဂျိုဟန်နာစဘတ်ခ် ရှယ်ယာဒိုင်မှာ ပထမဦးဆုံး စဖြစ်တဲ့ကိစ္စကတော့ ဒေါက်တာစတိုင်းနားက လူလည်ကျတာ၊ ကျုပ်တို့ရဲ့ အစီရင်ခံစာအတုကြီး

ပေါ်မှာ မူတည်ပြီး ရှယ်ယာတွေကို စုဝယ်တာ၊ အဲဒါက သဘာဝလည်းကျပါတယ်။ ပြီးတော့ ကျုပ်တို့ကလည်း မျှော်လင့်ထားပြီးသားပါ။ တကယ်ပြောရရင် ကျုပ်တို့က အဲဒီလိုကို ဖြစ်စေချင်ခဲ့တာ၊ အဲဒါမှ ကျုပ်တို့ကို သဲသဲယကင်းကြမယ်"

သူ့ စီးကရက်သည် မီးသေသွားပြန်လေပြီ။ စီးကရက်ဖင်သည် တံတွေးများနှင့် စိုစွတ်နေသည်။ သူက ထိုစီးကရက်ကို လွှင့်ပစ်လိုက်ပြီး နောက်တစ်လိပ်ကို ထပ်မီးညှိလိုက်၏။

"ကောင်းတယ်၊ အဲဒီအထိတော့ အစစအရာရာ အဆင်ပြေနေတုန်းပဲ၊ ဒေါက်တာစတိုင်းနားက စီးပွားရေးအရ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ခဲ့တယ်"

သူက စီးကရက်ကို ရှိုက်ဖွာလိုက်ပြန်၏။

"အဲဒီနောက်တော့ ကျုပ်တို့ရဲ့ မိတ်ဆွေလူဝကြီးက ကျုပ်တို့ကို တစ်ပတ်ရိုက်ပြီး ကစ်ချနာဗီးလ် ရွှေနယ်မြေက သတ္တုတွင်းအစုရှယ်ယာတွေကို စပြီး ချရောင်းတော့တာပဲ၊ ဒီလူက သန်းနဲ့ ချီပြီး အလုပ်လုပ်ပုံရတယ်"

သူ့ဆရာသမားက ကိုယ်ထိပ်ပြောင်အား ပြန်မေးလိုက်၏။

"အခုလောက် နောက်ကျနေတဲ့ အချိန်မှာ ကျုပ်တို့ရဲ့ အော်ပရေးရှင်းကို ပြန်ဖျက်ပစ်လို့ ရဦးမလား"

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး"

ကိုထိပ်ပြောင်က အားရပါးရ ခေါင်းခါလိုက်၏။

"ကျုပ်က ဥမင်လိုဏ်ခေါင်းထဲက ကိစ္စကို ဆက်မလုပ်ဖို့ လူဝကြီးဆီကို သံကြိုးရိုက်လိုက်ပြီ၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်က ကျုပ်တို့ ခိုင်းတာကို လုပ်လိမ့်မယ်လို့ ထင်သလား၊ သူက ဒေါ်လာသန်းပေါင်းမြောက်မြားစွာ အကုန်အကျခံပြီး ခုကိစ္စမှာ အလုပ်လုပ်နေတာ၊ ဒီတော့ သူက သူ့ရင်းနှီးမြှုပ်နှံမှုကို သူ့မှာရှိတဲ့ နည်းမျိုးစုံနဲ့ ခုခံကာကွယ်လိမ့်မယ်"

"ကျုပ်တို့က ဆွန်ဒါဒစ်ချ် စီမံခန့်ခွဲရေးကော်မတီကို သတိပေးလို့ မဖြစ်ဘူးလား"

"ဒါဆိုရင် ကိုယ့်ကိုယ်ကို လက်ညှိုးထိုးပြလိုက်သလို ဖြစ်သွားမှာပေါ့"

"ဟုတ်တယ်"

သူ့ဆရာက ခေါင်းညိတ်သည်။

"ကျုပ်တို့က သူတို့ကို အမည်မဖော်ဘဲ သတိပေးနိုင်သေးတာပေါ့"

"အဲဒီလို သတိပေးတာမျိုးကို ဘယ်သူက ယုံကြည်ကြမှာလဲ"

"မင်းပြောတာ မှန်တယ်"

ထိုပုဂ္ဂိုလ်ကြီးက သက်ပြင်းချလိုက်သည်။

"ကျုပ်တို့က မိုးသက်မုန်တိုင်းစဲသွားတဲ့အထိ ငြိမ်ပြီး စောင့်နေကြရုံပဲရှိတာပေါ့။ နှုတ်ပိတ်ထားပြီး ကျုပ်တို့နဲ့ မပတ်သက်ဘူးလို့ ငြင်းနေရုံပဲ ရှိတော့မှာပေါ့"

"ကျုပ်တို့ လုပ်နိုင်သမျှကတော့ အဲဒါပဲ"

စီးကရက်သည် မီးသေသွားပြန်သကဲ့သို့ တံတွေးစိုနေသော ဆေးဖက်ကလေးများသည် ကိုထိပ်ပြောင်၏ နှုတ်ခမ်းမွေးပေါ်တွင် ကပ်နေကြသည်။ ကိုထိပ်ပြောင်က မီးခြစ်ကို ခြစ်ရင်း ခပ်တိုးတိုးပြောလိုက်၏။

"တော်တော် လောဘကြီးတဲ့ ကိုဘုတ်ပွပဲ"

❒

[၆၀]

ရွှန်နီဒီလန်ချ်နှင့် ဘစ်ကင်းတို့သည် ဓာတ်လှေကားထဲတွင် ပခုံးချင်းယှဉ်၍ စီးတက်သွားကြသည်။ ထိုနေ့က အဆိုင်းသည် အလုပ်ဖြစ်သော အဆိုင်းပင်ဖြစ်သည်။ ဆာပင်တိုင်း ကျောက်၏ မာကျောမှုက လွန်နှင့် ဖောက်သည့်အခါ အလုပ်တွင်ကျယ်မှု နှုန်းထားကို ငါးဆယ်ရာခိုင်နှုန်းအထိ လျော့နည်းသွားစေခဲ့သည့်တိုင်အောင် သူတို့သည် ထိုနေ့က ငါးကြိမ်ဖောက်ခွဲနိုင်ခဲ့ကြသည်။ ရွှန်နီက သူတို့သည် ကျောက်ထုကြီးထဲသို့ ထက်ဝက်ထက်မက ရောက်ရှိသွားအောင် တူးဖော်နိုင်ခဲ့ပြီဟု ယူဆထားသည်။ ယခုအကြိမ်တွင် ညဘက်၌ အလုပ်လုပ်မည့် ပုဂ္ဂိုလ်များ မရှိတော့ချေ။ ကင်းဘဲလ်သည် ရိုးရိုးလုပ်ငန်းခွင်ထဲသို့ ပြန်ဝင်သွားပြီး ဖြစ်သဖြင့် ကျောက်ထုကြီးကို ထွင်းဖောက်ရမည့် မဟာတာဝန်မှာ ရွှန်နီ၏တာဝန်သာ ဖြစ်တော့သည်၊ ရွှန်နီသည် ထိုမျှော်လင့်ချက်ကြောင့် စိတ်လှုပ်ရှားနေသည်။ နက်ဖြန်ခါကျလျှင် သူသည် မသိသေးသော

ကမ္ဘာသစ်ထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ပေတော့မည်။

သူတို့သည် မြေပြင်ပေါ်သို့ ရောက်၍ ခေတ်လေ့ကားထဲမှ ထွက်လိုက်သည်နှင့်တပြိုင်နက် ဂျွန်နီက နှုတ်ဆက်လိုက်၏။

'နက်ဖြန်ခါကျမှ ထပ်တွေ့ကြမယ် ဘစ်ကင်း'

သူတို့ လူစု ခွဲလိုက်ကြသည်။ ဘစ်ကင်းက ဘန်တုကို ဟိုစတယ်ဆီသို့ လည်းကောင်း၊ ဂျွန်နီက ကားရပ်နားရန် နေရာတွင်ရှိနေသော တောက်တောက်ပြောင်ပြောင် ရှိလှသည့် မတ်စတန်း ကားသစ်ကလေးဆီသို့ လည်းကောင်း ခွဲထွက်ခဲ့ကြသည်။

ဘစ်ကင်းသည် အလုပ်သမားဝတ်စုံကို လဲလှယ်ဝတ်ဆင်ခြင်းမရှိတော့ပဲ ရှန်းဂန်းအင်ဒူနာ၏ အိမ်ကလေးဆီသို့ တန်းသွားသည်။ သူက တံခါးဝ၌ ရပ်လိုက်စဉ် အင်ဒူနာသည် စာရေးနေရာမှ မော်ကြည့်လိုက်၏။ ဘစ်ကင်းက မေးလိုက်သည်။

"ဘာထူးသေးသလဲ၊ ဖေဖေကြီး"

"အဆိုးဆုံးပဲ"

အင်ဒူနာက ခပ်တိုးတိုးကလေး ပြောလိုက်၏။

"ရဲတွေက ကိုခြေကျိုးကို ဖမ်းသွားပြီ"

"ကိုခြေကျိုးက ကျုပ်ကိုတော့ သစ္စာဖောက်မှာ မဟုတ်ပါဘူး"

ဘစ်ကင်းက ကိုယ်စကား ကိုယ်ပင် ယုံကြည်ခြင်း မရှိလှပဲပြောလိုက်၏။

"မင်းအစား သူက ဝင်အသေခံပေးလိမ့်မယ်လို့ မင်းထင်သလား"

အင်ဒူနာက ပြန်မေးလိုက်သည်။

"သူက သူ့ကိုယ်သူ ပြန်ကာကွယ်ရလိမ့်မယ်"

"ကျုပ်က သူ့ကိုသတ်ဖို့ မရည်ရွယ်ခဲ့ပါဘူး"

ဘစ်ကင်းက စိတ်ပျက်လက်ပျက်နှင့် ရှင်းပြလိုက်၏။

"ကျုပ်က ပေါ်တူဂီလူမျိုးကို သတ်ဖို့ မရည်ရွယ်ခဲ့ပါဘူး။ သူ့သေနတ်ကြောင့် ဖြစ်ခဲ့ရတာပါ"

"ငါ သိပါတယ် သားရယ်"

အင်ဒူနာ၏ အသံသည် ကူညီနိုင်စွမ်း မရှိသော သနားစိတ်ကြောင့် တုန်ခါနေသည်။

ဘစ်ကင်းသည် တံခါးဝမှ ပြန်လှည့် လိုက်ပြီးနောက် မြက်ခင်းကိုကျော်

ဖြတ်၍ ထမင်းစားဆောင်များ ဆီသို့ လျှောက်သွားလေတော့သည်။ သွက်လက်ဖျတ်လတ်သော လှုပ်ရှားမှုသည် ကွယ်ပျောက်ခဲ့လေပြီ။ သူသည် ခါးကိုကုန်း၍ ခြေထောက်ကို တရွတ်ဆွဲရင်း စိတ်ပျက်လက်ပျက်နှင့် ဆက်လျှောက်သွားလေတော့သည်။

❒

[၆၁]

မင်းဖရက် စတိုင်းနားသည် သူ့စားပွဲ၌ထိုင်နေသည်။ သူ့လက်သည် သူ့ရှေ့ရှိ မင်ခံစက္ကူပေါ်၌ ရှိနေသည်။ လက်မကို ဖြူဆွတ်သော ပတ်တီးစနှင့် ပတ်ထားသည်။ သူ့ လှုပ်ရှားမှုမှာ လည်ချောင်းထဲ၌ ဖြစ်ပေါ်နေသော မှန်မှန်သွေးတိုးနေမှုနှင့် အကြောလှုပ်မှုကြောင့် မျက်ခွံကလေးတစ်ခု ဖြတ်ကနဲ လှုပ်ရှားသွားခြင်းသာ ဖြစ်သည်။ သူဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူ့ကိုယ်ခန္ဓာပေါ်တွင် ပေါ်ထွက်နေသော ချွေးရောင်ကြောင့် သူသည် အညံ့စားကျောက်ဖြူသားနှင့် ထုလုပ်ထားသောရုပ်တုနှင့် တူနေသည်။

ရေဒီယိုကို ကျယ်လောင်စွာ ဖွင့်ထားသောကြောင့် သတင်း ကြေငြာနေသူ၏ အသံသည် အခန်းထဲရှိ နံရံများတွင် ပဲ့တင်ထပ်နေသည်။

ဂျိုဟန်နာစဘတ်ခ် စတော့ရှယ်ယာ ရောင်းဝယ်ရေး ကော်မတီဥက္ကဋ္ဌက တောင်အာဖရိက စံတော်ချိန်ဆယ်တစ်နာရီလေးဆယ်ငါးမိနစ်မှာ ရှယ်ယာဒိုင်ကို ပိတ်လိုက်ကြောင်း ကြေညာလိုက်ချိန်မှာ အဲဒီ အဖြစ်အပျက်ရဲ့ ဇာတ်သိမ်းပိုင်းဟာ အထွဋ်အထိပ်ကို ရောက်ရှိသွားခဲ့ပါတယ်။

တိုကျို စတော့ ရှယ်ယာဒိုင်မှ နောက်ဆုံးရရှိထားတဲ့ သတင်းများအရ ဆွန်ဒါဒစ်ချ် အစုရှယ်ယာ များကို ရန်းငွေလေးဒသမ လေးဆယ်နှင့် အရောင်းအဝယ် ပြုလုပ်နေကြ

ကြောင်း သိရှိရပါတယ်။ ထိုနေ့နံနက်က ဂျိုဟန်နာ စတော့ချိန်း စတော့ရှယ်ယာဆိုင်ကိုစတင်ဖွင့်လှစ်စဉ်က ဆွန်ဒါဒစ်ချ် အစုရှယ်ယာများရဲ့ ပေါက်ဈေးဟာ ရန်းငွေကိုးဒသမ လေးဆယ်ငါး ရှိခဲ့တဲ့အတွက် နောက်ဆုံးဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ကြရန် ဖြစ်ပါတယ်။

တောင်အာဖရိက အစိုးရရဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကတော့ ယခုလို မတန်တဆ ဈေးနှုန်း အတက်အကျ ဖြစ်ရမှု အတွက် သတ္တုတွင်း ဝန်ကြီး ဒေါက်တာ ကာရဲလ်ဒီဝက်က စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်း၍ အသေးစိတ် စုံစမ်းစစ်ဆေးမှု ပြုလုပ်မည် ဖြစ်ကြောင်း ကြေငြာသွားပါတယ်။

မင်းဖရက်စတိုင်းနားသည် စားပွဲမှထ၍ ရေချိုးခန်းဆီသို့ လျှောက်သွားသည်။ သူသည် အတွက်အချက်တွင် အလွန် တော်သူဖြစ်သောကြောင့် ထိုနေ့နံနက်က သူဝယ်ထားသော အစုရှယ်ယာများ၏ တန်ဖိုးသည် ထိုနေ့ညနေခင်းက ရှယ်ယာ အရောင်းအဝယ်လုပ်ငန်းကို ရပ်နားလိုက်ချိန် ရန်းငွေတစ်သန်းကျော် တန်ဖိုးလျော့နည်းသွားပြီ ဖြစ်ကြောင်း ခဲတံနှင့် စာရွက်တို့ကို အသုံးမပြုပဲ သူသိလိုက်ပါသည်။

သူသည် အိမ်သာခွက်ရှေ့တွင် ဒူးထောက်၍ ထိုင်ချရင်း အန်ချလိုက်လေတော့သည်။

❐

[၆၂]

နေမင်းကြီးသည် အတန်ကြာအောင်ပင် မိုးကုပ်စက်ဝိုင်း အောက်ဘက်သို့ တိုးဝင် ပျောက်ကွယ်သွားပြီ ဖြစ်သဖြင့် မိုးကောင်းကင်ကြီးသည် လျှင်မြန်စွာ မည်းမှောင်စ ပြုလာသည်။

ရောဒ်သည် တောင်ပခတ်သံများကို ကြားနေရသဖြင့် မှောင်ထဲသို့ အာရုံစိုက်၍ ကြည့်နေသည်။ တောဘဲအုပ်သည် မြစ်ထဲတွင် ဖြစ်ပေါ်နေသော ရေအိုင်ကလေးဆီသို့ ဗွီပုံစံနှင့် တဟုန်ထိုး စိုက်ဆင်းပြီး ပျံသန်းလာကြသည်။ သူသည် တောဘဲအုပ် ပျံသန်းလာမည့် လမ်းကြောင်းရှေ့ဘက်သို့ ကြို၍ ချိန်လိုက်၏။

သူက ပြောင်းနှစ်ဘက်စလုံးကို မောင်းဖြုတ်ချလိုက်သည်။ ဒိုင်း ဒိုင်း။ ဤတွင် တောဘဲအုပ်သည် မှလာက ပျံသန်းလာသော ဗွီပုံစံကို ဖျက်ပစ်လိုက်ပြီး ကောင်းကင်သို့ ကသောင်းကနင်း ထပျံကြလေတော့သည်။

ရောဒ်က ဒေါ်မွှမွှနှင့် တိုင်းထွာလိုက်၏။

"ဘာဖြစ်လို့လဲ ကိုလက်ဖြောင့်၊ နောက်တခါ လွဲသွားပြန်ပြီလား"

တယ်ရီက မေးလိုက်သည်။

"အလင်းရောင် သိပ်မရှိဘူးကွ"

"ဆင်ခြေတွေ၊ ဆင်လက်တွေ"

တယ်ရီသည် နံဘေးတွင် ထရပ်လိုက်လေရာ ရောဒ်က သူ့ပါးပြင်ကို လက်သီးနှင့် ခပ်ဖွဖွကလေး ထိုးလိုက်သည်။

"ဒီလောက်ဆိုရင် တော်လောက်ပြီ အမျိုးသမီး၊ ကဲ အိမ်ပြန်ကြရအောင်'

သူတို့နှစ်ယောက်သည် နှစ်လုံးပြူးများနှင့် ဘဲအသေများကို လက်က ဆွဲရင်း မြစ်ကမ်းနဖူးတွင် ရပ်ထားသော လင်းရိုဗာဆီသို့ ပြန်လာခဲ့ကြသည်။

သူတို့သည် အိမ်ကလေးဆီသို့ ပြန်မောင်းလာချိန်တွင် လုံးဝ မှောင်၍ နေလေပြီ။

အိမ်ကလေးဆီသို့ အရောက်တွင် သူတို့သည် ရေချိုးပြီး အဝတ်အစား လဲလှယ်ဝတ်ဆင်ကြသည်။ ထိုနေ့ညစာအတွက် ဟင်းမှာ တောဘဲသားနှင့် နာနတ်သီးဟင်း ဖြစ်ပြီး ဟင်းသီး ဟင်းရွက်အဖြစ် မစ္စစ်ဟန်စ်စ်၏ ဟင်းသီးဟင်းရွက်ခြံမှ လတ်ဆတ်သောအသီးအရွက်များကို စားကြရလေသည်။ ညစာ ထမင်းစားပြီးနောက် သူတို့သည် ထမင်းလုံးစီရင်း စကားမပြောကြပဲ သက်သောင့် သက်သာ ထိုင်နေကြသည်။

"ကိုးနာရီတောင် ထိုးတော့မှာပါကလား"

တယ်ရီက လက်ပတ်နာရီကို ကြည့်ပြီး ပြောလိုက်၏။

"ကျွန်မတော့ နည်းနည်းတောင် အိပ်ချင်လာပြီ၊ ရှင်ရော ဘယ်လိုလဲ မစ္စတာ အိုင်းရွန်းဆိုက်ဒ်"

'ကိုးနာရီသတင်းကိုတော့ ပထမဦးဆုံး နားထောင်ရအောင်"

"အမယ်လေး ရောဒ်ရယ်၊ ဒီနေရာမှာ သတင်းတွေကို ဘယ်သူမှ နားထောင်ကြတာ မဟုတ်ပါဘူး၊ ဒီနေရာဟာ အင်မတန် အေးတဲ့နေရာပါ"

ရောဒ်က ရေဒီယိုခလုတ်ကို ဖွင့်လိုက်ရာ ပထမဦးဆုံး ထွက်ပေါ်လာသော စကားလုံးကြောင့် နှစ်ယောက်စလုံး ကြက်သေ သေသွားကြသည်။ ထိုစကားလုံးမှာ ဆွန်ဒါဒစ်ချ်ပင်တည်း။

သူတို့သည် သတင်း အပြည့်အစုံကို ကြောက်ကြောက် လန့်လန့်နှင့်ပင် တိတ်တိတ်ဆိတ်ဆိတ်နားထောင်နေကြသည်။ ရောဒ်၏ အမူအရာမှာ ကျောက်သားကဲ့သို့ တင်းမာနေသလို သူ့ပါးစပ်ကိုလည်း တင်းတင်းကြီး စေ့ထားသည်။ သတင်းကြေငြာချက်ပြီးဆုံးသွားသောအခါ ရောဒ်သည် ရေဒီယိုကို ပိတ်လိုက်ပြီး စီးကရက်တလိပ်ကို မီးညှိလိုက်၏။ သူက ပြောလိုက်သည်။

"ပြဿနာတော့ပေါ်နေပြီ၊ တကယ့်ပြဿနာကြီးပဲ၊ တယ်ရီရေ ဆောရီးပဲကွာ၊ ကိုယ်တို့ ပြန်ကြမှဖြစ်မယ်၊ ဖြစ်နိုင်သလောက် အမြန်ဆုံး ပြန်ကြရအောင်၊ ကိုယ်သတ္တုတွင်းကို ပြန်ရောက်မှ ဖြစ်မယ်"

"ကျွန်မလဲသိပါတယ်"

တယ်ရီက ချက်ချင်း သဘောတူလိုက်၏။

'ဒါပေမယ့် မှောင်ထဲက ဟောဒီ ပြေးလမ်းပေါ်မှာတော့ ကျွန်မပျံ မတက်နိုင်ဘူး၊ ဒီမှာ လမ်းပြပေးမယ့်မီးတွေ မရှိဘူး"

"အလင်းရောင် စပေါ်တာနဲ့ ကိုယ်တို့ ပြန်ကြမယ်"

ရောဒ်သည် ထိုနေ့ညက ကောင်းကောင်းမွန်မွန် မအိပ်ခဲ့ပါ။ တယ်ရီ အိပ်ရာမှ နိုးလာတိုင်း ရောဒ်သည် အိပ်မပျော်သေးပဲ သောကဖြစ်နေကြောင်း သိနေရသည်။ ရောဒ်သည် ရေချိုးခန်းသို့ နှစ်ကြိမ်တိတိ ထသွားကြောင်း တယ်ရီ သိလိုက်သည်။

တယ်ရီသည် ကောင်းမွန်စွာ အိပ်စက်၍မရသည့်ကြားထဲက ခပ်စောစော နိုးလာသည်။ တယ်ရီ အိပ်ရာက နိုးလာချိန်တွင် ပြတင်းပေါက်၌ မတ်တတ် ရပ်နေသော ရောဒ် အရိပ်ကောက်ကြောင်းကို မြင်နေရသည်။ သူသည် စီးကရက် တစ်လိပ်ကို သောက်ရင်း မှောင်ထဲသို့ ငေးကြည့်နေသည်။

နံနက်ခင်း၏ အလင်းရောင်ထဲတွင် ရောဒ်၏ မျက်လုံးများ မှိုမောက်ပြီး ညှိုးချုံးနေသည်။

သူတို့သည် နံနက်ရှစ်နာရီတွင် လေထဲသို့ ရောက်ခဲ့ကြပြီး ဂျိုဟန်နာစဘတ်ခ်သို့ ဆယ်နာရီထိုးပြီးခါစတွင် ရောက်ရှိလာကြသည်။

ရောဒ်သည် ဟန်နိခ်ရုံးခန်းရှိ တယ်လီဖုန်းဆီသို့ တန်းပြေးတော့သည်။ လီလီရော့ဒန်က ပြန်ထူးလိုက်၏။

'မစ်(စ်) ရော့ဒန် ဘာတွေ ဖြစ်နေတာလဲ၊ အစစအရာရာ အဆင်ပြေရဲ့လား'

'အခုပြောတာ ရှင်လား မစ္စတာ အိုင်းရွန်ဆိုက်ဒ်၊ ရှင်ပြန်လာတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါတယ်ရှင်၊ ဒီမှာဆိုးဆိုးရွားရွားတွေ ဖြစ်နေပြီရှင်'

❐

[၆၃]

ဂွန်နီဒီလန်ချ်သည် ဥမင်လိုက်ခေါင်း၏ ဦးပိုင်းကို နံနက်ကိုးနာရီမထိုးခင် နှစ်ကြိမ်ဖောက်ခွဲခဲ့ရာ နောက်ထပ်ပေသုံးဆယ်အထိ ခရီးပေါက်ခဲ့လေပြီ။

သူသည် ယမ်းဘီလူးသွင်းရမည့် အပေါက်များကို ခါတိုင်းထက် သုံးပေ ပိုနက်အောင် ဖောက်လိုက်သည်။ ထိုကဲ့သို့ ပိုနက်အောင် ဖောက်ရသည့်အတွက် ပိုကြာသောအချိန်နှင့် ထေမိအောင် ကျောက်ခဲများ ပိုကွဲပြီး ထွက်လာကြောင်း သူလက်တွေ့ သိလိုက်ရသည်။ နောက်တစ်ကြိမ် သူဖောက်ခွဲသည့်အခါ ပြဋ္ဌာန်းထားသော စည်းကမ်းများကို ချိုးဖောက်ပြီး ယမ်းဘီလူးများကို နှစ်ဆသွင်း၍ စမ်းသပ်ဖောက်ခွဲကြည့်မည် ဖြစ်ပေသည်။ ထို့ကြောင့် ယမ်းဘီလူး ထပ်မလိုအပ်လာပေလိမ့်မည်။

"ဘစ်ကင်း"

သူက ကျောက်သားထဲသို့ တူးဖောက်နေကြသော လွန်တူးစက်များ၏ အသံကို လွှမ်းသွားအောင် အော်ပြောလိုက်၏။

"အလုပ်သမားတစ်စုကို တွင်းထိပ်ကာစခန်းအထိ ပြန်ခေါ်သွား၊ အဲဒီက ဒိုင်နာမိုက်ယမ်းဘီလူး ခြောက်သေတ္တာသယ်ခဲ့"

သူက ဘစ်ကင်းနှင့် အဖွဲ့သားများ ဥမင်အတိုင်း နောက်ဆုတ်၍ ပြန်ထွက်သွားကြသည်ကို စောင့်ကြည့်နေလိုက်သည်။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိရင်း လှွန်တူးစက်ကို ကိုင်နေသော အလုပ်သမားများထံသို့ အာရုံစိုက်လိုက်ပြန်သည်။ သူတို့သည် ကျောက်သားမျက်နှာပြင်ရှေ့တွင် လှွန်တူးစက်များကို ကိုင်ရင်း ချွေးတဒီးဒီးကျနေကြသည်။ ကျောက်ထရကြီး၏ မည်းနက်သော ကျောက်သားများက ခေါင်းပေါ်တွင် ထွန်းထားသော လျှပ်စစ်မီးသီးများမှ အလင်းရောင်များကို စုပ်ယူထားကြရာ ထိုဥမင်၏ ဦးပိုင်းသည် ကြမ္မာဆိုးများ ကျရောက်တော့မည့် စိတ်မချမ်းသာစရာကောင်းသော နေရာတစ်နေရာနှင့် တူနေပေသည်။

ဂျွန်နီက ဒေဗီအကြောင်း စတွေးမိသည်။ သူသည် ရုတ်တရက် စိတ်လှုပ်ရှားလာသလို ခံစားရပြီး အငြိမ်မနေနိုင်ဘဲ လှုပ်ရှားနေမိသည်။ သူ့လက်ဖျံပေါ်ရှိ မွေးညင်းကလေးများသည် တစ်ပင်ပြီးတစ်ပင် ဖြည်းညင်းစွာ ထောင်ထလာကြသည်ဟု ခံစားနေရသည်။ ဒေဗီဒီမှာ ရှိနေပြီဟု သူ ဖြုန်းခနဲ သိလိုက်၏။ သေသေချာချာ သိလိုက်ခြင်း ဖြစ်သည်။ သူ့အသားသည် ကြက်သီးထသလို တဆတ်ဆတ်တုန်သွားသည်။ သူသည် ကြောက်စိတ်ကြောင့် အေးစက်သွားရသည်။ သူသည် ဦးခေါင်းကို ချာခနဲလှည့်၍ ပခုံးပေါ်မှ ကျော်ကြည့်လိုက်မိ၏။ သူ့နောက် သက်ရှိ ဥမင်လိုဏ်ခေါင်းထဲတွင် လူတစ်ယောက်မှ မရှိပါ။ ဤတွင် ဂျွန်နီက ရှုံ့မဲ့မဲ့နှင့် ပြုံးလိုက်မိသည်။

"ရှာယား၊ မက်ဒီဒါ"

သူ့အဖွဲ့သားများအား မလိုအပ်ပါဘဲနှင့် သူက လှမ်းခေါ်လိုက်၏။ လှွန်တူးစက်များ၏ အသံကြောင့် သူတို့က ဂျွန်နီ၏ အသံကို မကြားရသော်လည်း ဂျွန်နီသည် ကိုယ့်အသံကို ပြန်ကြားလိုက်ရသောကြောင့် တအားတက်မိသည်။

သို့တိုင်အောင် ယားကျိကျိနှင့် ကြက်သီးထနေသော ခံစားမှုသည် သူ့ခန္ဓာကိုယ်ပေါ်၌ ရှိနေဆဲပင်။ ဒေဗီသည် သူ့ကို တစ်ခုခုပြောရန် ကြိုးစားရင်း ဤနေရာ၌ ရှိနေသည်ဟု သူခံစားနေရသည်။

ဂျွန်နီက ထိုအာရုံကို အတင်းမောင်းထုတ်လိုက်၏။ သူသည် ရှေ့သို့ တိုးသွားပြီး လှွန်တူးစက်ကိုင် အလုပ်သမားများ၏ နောက်ဘက်တွင် ရပ်နေလိုက်သည်။ သူတို့နှင့် ပူးပူးကပ်ကပ်နေရမှုကြောင့် စိတ်အားတက်ကြွမှုကို

ရရှိလို၍ပင် ဖြစ်သည်။ သို့ရာတွင် မထူးခြားလှပါ။ သူသည် သွေးဖျက်စပြုလာပြီ ဖြစ်သလို ချွေးပြန်စ ပြုလာလေပြီ။

ရုတ်ခြည်းဆိုသလိုပင် ကျောက်သားမျက်နှာပြင်၏ အလယ်ကောင်၌ အပေါက်ဖောက်နေသော အလုပ်သမားသည် နောက်ဘက်သို့ ယိုင်တိယိုင်ထိုးနှင့် လန်ကျလာသည်။

"ဟေ့"

ဂျွန်နီက သူ့အားလှမ်းအော်လိုက်၏။ ထို့နောက် လှွန်သွား၏ ပတ်ပတ်လည်မှ သေးငယ်သော ရေပန်းကလေးများ ပန်းထွက်နေကြသည်ကို မြင်လိုက်ရလေတော့သည်။ သွားတိုက်ဆေးကို ဘူးထဲက ညှစ်ထုတ်လိုက်သကဲ့သို့ တစ်ခုခုက လှွန်သွားကို အပေါက်ထဲက ပြန်ထွက်လာအောင် အတင်းကြိုးပမ်းနေပုံရသည်။ ထိုအားက လှွန်တူးစက်ကို ကိုင်သည့် အလုပ်သမားအား နောက်ဘက်သို့ ပြန်တွန်းထုတ်နေသည်။

"ဟေ့"

ဂျွန်နီက ရှေ့ဘက်သို့ တိုးသွားလိုက်သည်။ ထိုအခိုက်အတန့်ကလေးမှာပင် လှွန်တူးစက်ကြီးသည် အမြောက်ကျည်ဆန်တစ်ခု၏ အရှိန်အဟုန်နှင့် ကျောက်သားထု၏ အပေါက်ထဲက ဝုန်းခနဲ ပြန်ထွက်လာတော့သည်။ ထိုလှွန်တူးစက်က ထိုစက်ကို ကိုင်တွယ်နေသော အလုပ်သမားအား ကိုယ်တခြား ခေါင်းတခြား ဖြစ်သွားစေခဲ့သည်။ ထိုအလုပ်သမား၏ ခန္ဓာကိုယ်ကြီးသည် ဥမင်ထဲသို့ အဝေးကြီးရောက်အောင် လွင့်စဉ်သွားပြီး သူ့ကိုယ်ပေါ်မှ သွေးများသည် နံရံများပေါ်တွင် ပြန့်ကြဲသွားလေတော့သည်။

လှွန်သွားနှင့် ဖောက်ထားသော နံရံအပေါက်ထဲမှ ရေများ ပန်းထွက်လာသည်။ ထိုကဲ့သို့ ပန်းထွက်လာသော 'ရေအား'မှာ ပြင်းထန်လွန်းလှသောကြောင့် လှွန်တူးစက်အကူစက်သမား၏ နံရိုးများသည် မော်တော်ကားနှင့် ဝင်အတိုက်ခံလိုက်ရသူတစ်ဦးပမာ ချိုင့်ဝင်ပြီး ကျိုးပဲ့သွားကြလေတော့သည်။

"ထွက်ကြ"

ဂျွန်နီက အော်ပြောလိုက်၏။

"ထွက်ကြတော့"

ဤတွင် ကျောက်သားမျက်နှာပြင်ကြီးသည် ပေါက်ကွဲသွားလေတော့သည်။ ထိုကဲ့သို့ ပေါက်ကွဲသွားသော 'အား'သည် ဒိုင်နာဂယ် ယမ်းဘီလူးနှင့်

ဖောက်ခွဲလိုက်သည်ထက် ပို၍ ပြင်းထန်ပေသည်။ ထိုပေါက်ကွဲမှုက ဂျွန်နီဒီလန်ချို အား ချက်ချင်း သေသွားစေခဲ့သည်။ သူသည် ကျောက်ခဲများ၏ ထိမှန်မှုကြောင့် ပျောဖတ်ဖြစ်သွားရှာလေတော့သည်။ ထိုပေါက်ကွဲမှုက သူတို့နှင့်အတူရှိနေသော အလုပ်သမားအားလုံးကို သေသွားစေခဲ့သည်သာမက ထိုအလုပ်သမားများ၏ အလောင်းများကို ဥမင်လိုဏ်ခေါင်းအတိုင်း သယ်ဆောင်၍ သွားလေတော့သည်။

*

ဘစ်ကင်းသည် ဥမင်လိုဏ်ခေါင်းထိပ်ရှိ စခန်း၌ ရှိနေစဉ် သူတို့သည် ရေသံကို စကြားလိုက်ကြရသည်။ ထိုအသံသည် ဥမင်လိုဏ်ခေါင်းထဲ၌ မီးရထားကြီး ခုတ်မောင်းလာသောအသံနှင့် တူသည်။ ရေက ဥမင်လိုဏ်ခေါင်းထဲမှ လေများကို တွန်းထုတ်နေသည်ဖြစ်ရာ ဥမင်လိုဏ်ခေါင်းအဝတွင် လေမုန်တိုင်း တိုက်သလို ဖုန်မှုန့်များနှင့် အမှိုက်သရိုက်များသည် ပျံ့လွင့်၍ နေလေတော့သည်။

ဘစ်ကင်းနှင့် သူ့အဖွဲ့သားများသည် နားမလည်နိုင်သော ကြောက်စိတ်နှင့် ငေးကြည့်နေမိကြသည်။ နောက်ဆုံးတွင် အမြှုပ်တစီစီထနေသော ရေလုံးကြီးသည် အပျက်အစီးများနှင့် လူသေအလောင်းများကို သယ်ဆောင်ရင်း ဥမင်လိုဏ်ခေါင်းထဲမှ တိုးထွက်လာလေတော့သည်။

အဆင့် ၆၆ မြေသီထပ်ရှိ ပင်မ ဥမင်လိုဏ်ခေါင်း၏ တီပုံသဏ္ဌာန် လမ်းခွဲသို့ အရောက်တွင် ရေလုံးကြီး၏ အားသည် သိသိသာသာ လျော့ကျသွားသည်။ သို့ရာတွင် ထိုရေလုံးကြီးသည် ဓာတ်လှေကားစခန်းတွင် ခါးလယ်လောက်အထိ မြင့်သောနေရာအထိ ရောက်ရှိလာလေ၏။

"ဒီဘက်ကိုလာကြ"

ဘစ်ကင်းက ပထမဦးဆုံး လှုပ်ရှားလိုက်သည်။ သူက အပေါ်ထပ်သို့ တက်သော အရေးပေါ် သံလှေကားဆီသို့ ခုန်ကူးလိုက်၏။ သူ့အဖွဲ့မှ ကျန် အလုပ်သမားများသည် သူ့လောက် လျင်မြန်မှု မရှိကြသောကြောင့် ရေလုံးကြီးနောက်သို့ ပါသွားပြီး ဥမင်လိုဏ်ခေါင်းထိပ်တွင် ကာထားသော သံစကာနှင့် ဖိညပ်ခံရပြီး သေသွားကြတော့သည်။ လှိုင်းလုံးကြီး၏ ထိပ်ဖျားသည် ဘစ်ကင်း၏ ခြေထောက် ပတ်ပတ်လည်တွင် အုံကြွပေါက်ကွဲနေပြီး သူ့ခြေထောက်ကို လှမ်းစုပ်ယူနေကြသည်။ သို့ရာတွင် ဘစ်ကင်းသည် ထိုဆွဲအားမှ

လွတ်အောင် ရုန်းထွက်လိုက်ပြီး ဘေးအန္တရာယ်ကင်းသော လှေကားအပေါ်သို့ တက်သွားလေတော့သည်။

သူ့အောက်ဘက်တွင်မှ ရေများသည် ရေချိုးဇလုံထဲမှ ရေများကို ဖွင့်ဖောက်၍ ထုတ်လိုက်သည့်ပမာ တွင်းကြီးထဲသို့ တဝေါဝေါစီးကျနေကြသည်။ ထိုရေလုံးကြီးသည် သံစကာကာထားသော လိုဏ်ခေါင်းထိပ်တွင် ဝဲတစ်ခုပမာ ကတော့ထိုး၍ စီးနေပြီး အဆင့် ၆၆ ထက် ပို၍နိမ့်သော အောက်ဘက်သို့ တဝေါဝေါစီးဆင်းနေလေတော့သည်။

❐

[၆၄]

တယ်ရီအား ဟန်ခ်က လိုက်ပို့စေရန် သီးသန့်လေဆိပ်တွင် ထားခဲ့ပြီး ရောဒ်သည် ဆွန်ဒါဒစ်ချ်မှ အမှတ်တစ် တွင်းဝဆီသို့ တန်း၍ မောင်းနှင်သွားလေတော့သည်။ သူသည် ဖောစ်ဝက်ဂွန်မော်တော်ကားထဲမှ ခုန်ထွက်လိုက်ပြီး တွင်းဝတွင် တိုးတိုးဝှေဝှေနှင့် ရှိနေသော လူအုပ်ထဲသို့ တိုးဝင်လိုက်၏။

ဒီမီထရီသည် မျက်လုံးပြူး မျက်ဆံပြူးနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ သူ့ဘေးနားတွင်မှ ဘစ်ကင်းသည် လူ့ဘီလူးကြီးပမာ ထီးထီးကြီး ရှိနေသည်။ ရောဒ်က မေးလိုက်၏။

"ဘာဖြစ်တာလဲ"

"ပြောပြလိုက်လေ"

ဒီမီထရီက ဘစ်ကင်းကို ထပ်ဆင့် ညွှန်ကြားလိုက်သည်။

"ကျုပ်က အဆင့် ၆၆ တွင်းထိပ်မှာ ကျုပ်အဖွဲ့သားတွေနဲ့ ရှိနေတယ်၊ အဲဒီအချိန်မှာ ဥမင်လိုဏ်ခေါင်းရဲ့ ပါးစပ်ပေါက်ထဲက မြစ်ကြီးတစ်ခုလောက်ကြီးမားတဲ့ ရေလုံးကြီးဟာ ဇမ်ဘီဇီမြစ်ရေကြီးချိန်မှာထက် ပိုမြန်တဲ့ အရှိန်နှုန်းနဲ့ တိုးထွက်လာတယ်၊ ခြင်္သေ့တစ်ကောင်လို ဟိန်းပြီး ထွက်လာတဲ့ရေလုံးကြီးက ကျုပ်နဲ့အတူတူရှိနေတဲ့ လူအားလုံးကို ဝါးမျိုသွားတယ်၊ ကျုပ်တစ်ယောက်

တည်း အပေါ်ကို တက်လာနိုင်ခဲ့တယ်”

ဒီမီထရီက ကြားဖြတ်၍ ပြောလိုက်၏။

“ကျုပ်တို့က သိပ်ကြီးတဲ့ ရေအိုင်ကြီးကို သွားဖောက်မိတာပဲ ရောဒ်ရေ၊ ရေတွေက တရကြမ်း စီးဝင်နေတယ်။ အခုအချိန်က စပြီး နောက်ထပ် လေးနာရီကြာရင် အဆင့် ၆၆ နဲ့ အောက်ပိုင်းက နေရာတွေ အားလုံးမှာ ရေပြည့်သွားလိမ့်မယ်လို့ ကျုပ်တို့က တွက်ချက်ထားတယ်”

“တွင်းထဲက လူတွေကို ကုန်အောင် ပြန်ထုတ်ပြီးပြီလား”

ရောဒ်က မေးလိုက်၏။

“ဒီလန်နဲ့ချီနဲ့ သူ့အဖွဲ့သားတွေကလွဲရင် အားလုံးကို ပြန်ထုတ်ပြီးပါပြီ၊ သူတို့က ဥမင်လမ်းထဲမှာ ရှိနေကြတာ၊ သူတို့အားလုံး သေကုန်ကြပြီလို့ ယူဆ ရတာပဲ”

“ကျုပ်တို့ဆီက ရေတွေ တခြားသတ္တုတွင်းတွေထဲကို ပေါက်ကွဲပြီး စီးဝင်သွားနိုင်ကြောင်း မင်းက တခြားသတ္တုတွင်းတွေကို အကြောင်းကြားပြီးပြီလား”

“ပြောပြီးပါပြီ၊ သူတို့က အလုပ်သမားတွေကို ပြန်ထွက်ခိုင်းနေပါပြီ”

“ကောင်းပြီ ”

ရောဒ်သည် သတ္တုတွင်းကို ယမ်းဘီလူးနှင့် ဖောက်ခွဲသော ထိန်းချုပ်ခန်းဆီသို့ လျှောက်သွားလေတော့ရာ ဒီမီထရီသည် ရောဒ်နောက်ကမီအောင် အပြေးအလွှားလိုက်ခဲ့ရသည်။

“မင်းသော့တွေကို ငါ့ကို ပေးစမ်း၊ ပြီးတော့ မင်းက လျှပ်စစ်ဖိုမင်ကို လိုက်ရှာ”

မိနစ်ပိုင်းအတွင်းမှာပင် သူတို့သုံးယောက်သည် ကျဉ်းကျဉ်းကျပ်ကျပ်ရှိလှသော ကွန်ကရစ် အဆောက်အအုံကလေးထဲတွင် ပူးပူးကပ်ကပ်ရှိနေကြလေတော့သည်။ ရောဒ်က ညွှန်ကြားလိုက်၏။

“စပါယ်ရှယ် ဆားကစ်ကို စစ်ဆေးကြည့်စမ်း၊ ငါက ခေါင်းမိုးကို ဖြိုချပြီး အဲဒီ ဥမင်လိုဏ်ခေါင်းကို ပိတ်ပစ်မလို့”

လျှပ်စစ်ဆိုင်ရာ ဖိုမင်သည် စက်ခလုတ်ခုံတွင် ကမန်းကတန်း စစ်ဆေးကြည့်လိုက်ပြီးနောက် ရောဒ်အား မော့ကြည့်လိုက်၏။

“အဆင်သင့် ဖြစ်ပါပြီ”

“ဒါဖြင့်ရင် ဆားကစ်ကို စစ်ဆေးကြည့်စမ်း”

ရောဒ်က ခေါင်းညိတ်ပြရင်း ပြောလိုက်သည်။ ဖိုမင်က ခလုတ်ကို နှိပ်လိုက်၏။ သူတို့သုံးယောက်စလုံး အသက်ကို အောင့်ထားကြသည်။

ဒီမီထရီက အားလုံးအတွက် ပြောလိုက်၏။

“နီတယ်”

စက်ခလုတ်ခုံပေါ်ရှိ စပါယ်ရှယ် ဆားကစ်မှ မီးလုံးနီနီရဲရဲကလေးက သူတို့ကို ဖြူးတူးပြတဲ့နှင့် လှောင်ပြောင်နေလေတော့သည်။

“ဒုက္ခပါပဲ”

လျှပ်စစ်ဖိုမင်က ဆဲရေးတိုင်းထွာလိုက်၏။

“ဆားကစ်ပြတ်သွားပြီ၊ ရေလုံးကြီးက ဝိုင်ယာတွေ ပြတ်သွားအောင် လုပ်လိုက်တာပဲ ဖြစ်ရမယ်”

“စက်ခလုတ်ခုံရဲ့ ချွတ်ယွင်းချက်လဲ ဖြစ်ချင်ဖြစ်မှာပေါ့”

“မဟုတ်ပါဘူး”

လျှပ်စစ်ဘက်ဆိုင်ရာ ဖိုမင်က သူ့ဦးခေါင်းကို ခါယမ်းလိုက်သည်။

“ကျုပ်တို့တော့ ခံလိုက်ရပြီ”

ဒီမီထရီက တိုးတိုးကလေး ပြောလိုက်၏။

“ဆွန်ဒါဒစ်ချ်ကို ဂွဒ်ဘိုင်လို့ နှုတ်ဆက်ရတော့မှာပဲ”

ရောဒ်သည် ထိုအခန်းကလေးထဲမှ ထွက်၍ အပြင်ဘက်တွင် ရှိသော လူအုပ်ထဲသို့ တိုးဝင်လိုက်၏။

“ဂျွန်ဆန်”

ရောဒ်သည် အလုပ်သမားခေါင်းဆောင်တစ်ယောက်ကို ရွေးထုတ်လိုက်သည်။

“မင်းက ရေကာတာထိပ်မှာရှိတဲ့ လှေလှော်ရွက်တိုင်အသင်းကို သွားပြီး အသက်ကယ်တဲ့ ရာဘာလှေတစ်စီးရအောင် ရှာယူလာခဲ့၊ မင်း တတ်နိုင်သလောက် မြန်မြန်သွားစမ်းကွာ”

ထိုပုဂ္ဂိုလ် ကမန်းကတန်း ထွက်ခွာသွားသည်တွင် ရောဒ်သည် အခန်းငယ်ကလေးထဲက ထွက်လာသော လျှပ်စစ်ဖိုမင်ထံသို့ ပြန်လှည့်လိုက်၏။

“မင်းက ငါ့ကို ဘက်ထရီနဲ့ ဖောက်ခွဲလို့ရတဲ့ မိုင်းခွဲကိရိယာတစ်ခုနဲ့ ဝိုင်ယာကြိုးတစ်ခွေ၊ ပလာယာ၊ လက်အိတ်တွေ ပြီးတော့ နိုင်လွန်ကြိုးနှစ်ခွေ ယူလာခဲ့၊ မြန်မြန်လုပ်ကွာ”

ဖိုမင် ထွက်သွားသည်။

"ရောဒ်"

ဒီမီထရီက သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

"ခင်ဗျား ဘာလုပ်မလို့လဲ"

"ငါ အဲဒီကို ဆင်းသွားမလို့၊ ငါက ဆားကစ်မှာ ပြတ်နေတဲ့ နေရာကို လိုက်ရှာပြီး ငါကိုယ်တိုင် ယမ်းဘီလူးကို လက်နဲ့ ဆက်ပြီး ဖောက်ခွဲပစ်မလို့"

"ဘုရားသခင် ကယ်တော်မူပါ"

ဒီမီထရီ ထိတ်လန့်သွားသည်။

"ခင်ဗျားရူးနေပြီ ရောဒ်၊ ခင်ဗျား သေသွားမှာ သေချာတယ်"

ရောဒ်သည် ဒီမီထရီ၏ ကန့်ကွက်ချက်ကို လုံးဝ မသိဟန်ဆောင်လိုက်သည်။

"ငါနဲ့ တွင်းထဲကို လိုက်ဖို့ သန်သန်မာမာလူတစ်ယောက်လိုချင်တယ်၊ ငါတို့က ရေစီးကိုဆန်ပြီး ရာဘာလှေကို ဆွဲယူရမှာ ဒီတော့ အသန်ဆုံးပုဂ္ဂိုလ်ကို လိုချင်တယ်"

ရောဒ်သည် သူ့ပတ်ပတ်လည်သို့ လှမ်းကြည့်လိုက်၏။ ဘစ်ကင်းသည် ငွေစုဘဏ်ရုံးထိပ်နားတွင် မတ်တတ်ရပ်နေသည်။

ရောဒ်က မေးလိုက်၏။

"မင်း ငါနဲ့ လိုက်ခဲ့မလား ဘစ်ကင်း"

"ဟုတ်ကဲ့"

ဘစ်ကင်းက အဖြေပေးလိုက်လေသည်။

❐

[၆၅]

သူတို့သည် မိနစ်နှစ်ဆယ် မပြည့်ခင် အချိန်ပိုင်းအတွင်းမှာပင် အဆင် သင့်ဖြစ်သွားကြသည်။ ရောဒ်နှင့် ဘစ်ကင်းတို့သည် ရွှံ့ကျယ်နှင့် ရေကူး ဘောင်းဘီကလေးတို့ကိုသာ ဝတ်ဆင်လိုက်ကြ၏။ သူတို့သည် ခြေထောက်များကို ကာကွယ်နိုင်ရန် ကင်းဗတ်စ် ပတ္တူဖိနပ်များကို စီးထားကြပြီး ဖိုင်ဘာ

ဦးထုပ်များကို ဆောင်းထားကြသည်ဖြစ်ရာ ကျန်အဝတ်အစားများနှင့် မဟပ်စပ် သလို ဖြစ်နေသည်။

ရာဘာ အသက်ကယ်လှေသည် ရေတပ်က အသုံးမပြုတော့သော ပစ္စည်းဖြစ်သည်။ လေဖြည့်ထားချိန်တွင် ကိုးပေရှည်လျားသည် ရာဘာလှေ ဖြစ်ပြီး ပေါ့ပါးလွန်းလှသောကြောင့် လူတစ်ယောက်သည် လက်တစ်ဖက်တည်း နှင့်ပင် သယ်ယူလာနိုင်စွမ်း ရှိပေသည်။ ထိုလှေထဲသို့ သူတို့ ဆောင်ရွက်ရမည် လုပ်ငန်းနှင့် ကိုက်ညီသော ပစ္စည်းကိရိယာများကို ထည့်လိုက်ကြသည်။ ရေလုံ ပလတ်စတစ်အိတ်နှင့် ထုပ်ထားသော ဘက်ထရီကို အသုံးပြု၍ ဖောက်ခွဲရသည် မိုင်းခွဲကိရိယာတစ်ခု၊ ဝိုင်ယာကြိုးတစ်ခွေ၊ ပလာယာများ၊ လက်အိတ်များနှင့် မီးအိမ်တစ်လုံးတို့ ဖြစ်ကြသည်။ ထိုရာဘာလှေ၏ အပြင်ဘက်တစ်ဖက်တစ်ချက် တွင် နိုင်လွန်ကြိုး တစ်ခွေစီ၊ သံတူရွင်းငယ် တစ်ချောင်း၊ ပုဆိန် တစ်လက်၊ သားရေအိတ်ထဲတွင် ထည့်ထားသော သင်ရုန်းဓားကဲ့သို့ ထက်နေအောင် သွေး ထားသည် ဓားကောက်တစ်လက်စီတို့ ရှိနေကြသည်။ ထိုရာဘာလှေ၏ ထိပ် ဘက်တွင်မူ နိုင်လွန်ကြိုးနှင့် ဆွဲယူသည့်အခါ အသင့်ချိတ်ဆွဲယူနိုင်ရန် ကြိုးကွင်း များကို တပ်ဆင်ထားသည်။ ဒီမီထရီက မေးလိုက်သည်။

"တခြား ဘာပစ္စည်း ထပ်လိုချင်သေးသလဲ"

ရောဒ်က စဉ်းစဉ်းစားစားနှင့် ခေါင်းခါလိုက်၏။

"ဒါပါပဲ ဒီမီထရီ၊ ဒါလောက်ဆိုရင် လုံလောက်ကောင်းပါပြီ"

"ကောင်းပါပြီ"

ဒီမီထရီက လက်ပြလိုက်ရာ အလုပ်သမားလေးယောက်သည် ရှေ့သို့ တိုးထွက်လာကြပြီး ရာဘာလှေကလေးကို အသင့်စောင့်နေသော ဓာတ်လှေကား ထဲသို့ ထည့်ပေးလိုက်ကြသည်။

"ကဲ...သွားကြရအောင်"

ဒီမီထရီက ပြောလိုက်ပြီး ရာဘာလှေနောက်က လိုက်သွားသည်။ ဘစ်ကင်း သည် သူ့နောက်က လိုက်သွားသည်။ ရောဒ်သည် ကောင်းကင်ကို မော့ကြည့်ရန် ခေတ္တမျှ ရပ်တန့်လိုက်၏။ ကောင်းကင်ကြီးသည် ပြာပြီး ကြည်လင်တောက်ပ နေသည်။

ဓာတ်လှေကားတံခါးပိတ်မသွားခင် ငွေရောင်ရိုးစ်ရွိုက်စ်မော်တော်ကား ကြီးတစ်စီးသည် လျှောခနဲ မောင်းဝင်လာပြီး ရပ်တန့်လိုက်၏။ ထိုမော်တော်

ကား၏နောက်ဘက်တံခါးမှ ဟာရီဟာတ်ရှဲဖဲလ်နှင့် တယ်ရီစတိုင်းနားတို့ ဆင်းလာကြသည်။

"အိုင်းရွန်းဆိုက်ဒ်"

ဟာရီက အော်ခေါ်လိုက်၏။

"ဘာတွေဖြစ်နေကြတာလဲကွ"

"ကျွန်တော်တို့က ရေတွေကို သွားဖောက်မိလို့ပါ"

ခတ်လှေကားထဲမှ ရောဒ်က ပြန်ဖြေလိုက်သည်။

"ရေတွေ ဟုတ်လား၊ အဲဒီရေတွေ ဘယ်ကလာတာလဲ"

"ယောက်ချိုကြီးရဲ့ ဟိုဘက်ခြမ်းကပါ"

"မင်းတို့က ယောက်ချိုကြီးကို ထွင်းဖောက်ပြီး တူးသလား"

"ဟုတ်ပါတယ်"

"မင်း တော်တော်မကောင်းတဲ့ အကောင်၊ မင်းက ဆွန်ဒါဒစ်ချ်ကို ရေလွှမ်းမိုးအောင် လုပ်ပစ်လိုက်တယ်"

ဟာရီက အော်ဟစ်ရင်း ခတ်လှေကားဆီသို့ တိုးလာသည်။ ရောဒ်က ခြင်းလိုက်၏။

"ခုအထိ ရေမလွှမ်းသေးပါဘူး၊ ကျွန်တော် လုပ်တာလည်း မဟုတ်ပါဘူး"

"ရောဒ်"

ဘိုးဘိုးဖြစ်သူ၏ နံဘေး၌ရှိနေသော တယ်ရီသည် မျက်နှာတစ်ခုလုံး ဖြူဖွေးနေသည်။

"ရှင်အောက်ကို ဆင်းလို့ ဘယ်ဖြစ်ပါမလဲ"

တယ်ရီက ရှေ့တိုးလာ၏။

ရောဒ်သည် ခတ်လှေကားမောင်းသည့် ခလုတ်ကို ဘေးသို့ တွန်း၍ ခတ်လှေကားသံတံခါးကို ဆွဲချပြီး ပိတ်ပစ်လိုက်သည်။ တယ်ရီသည် ခတ်လှေကားကို ကာထားသော သံစကာဆီသို့ လှဲချလိုက်၏။ သို့ရာတွင် ခတ်လှေကားအိမ်သည် မြေကြီးထဲသို့ ဝင်သွားလေပြီ။

"ရောဒ်"

တယ်ရီက တိုးတိုးကလေးပြောလိုက်၏။ ဤတွင် ဟာရီဟာတ်ရှဲဖဲလ်သည် သူ့ပခုံးကို လက်နှင့် သိုင်းဖက်ရင်း ရိုးစ်ရှိုက်စ်မော်တော်ကားကြီးဆီသို့ ခေါ်သွားလေတော့သည်။

*

ဟာရီဟာတ်ရှဲဖဲလ်သည် ရိုးစ်ရှိုက်စ်မော်တော်ကားကြီး၏ နောက်ဘက်ထိုင်ခုံပေါ်မှနေ၍ ရောဒ်ဒနီအိုင်းရွန်းဆိုက်ဒ်အား တစ်ဖက်သတ် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည်။ သူသည် ဆွန်ဒါဒစ်ချ်မှ မန်နေဂျာများကို တစ်ယောက်ပြီး တစ်ယောက် ခေါ်ယူမေးမြန်းနေသည်။ ရောဒ်အား သစ္စာရှိသော လိုင်းမန်နေဂျာအချို့ကပင်လျှင် ရောဒ်ဘက်မှ ခုခံကာကွယ်၍ ပြောဆိုရန် မလွယ်ကူဘဲ ဖြစ်နေသည်။ ၎င်းအပြင် ရောဒ်ဒနီအိုင်းရွန်းဆိုက်ဒ်အား ယခင်ကပင် ရန်ငြိုးသိုထားသူ အချို့ကလည်း ယခုလို အခွင့်အရေးရရှိချိန်တွင် လက်စားချေလိုကြပေသည်။

တယ်ရီသည် ဘိုးဘိုးနံဘေးတွင် ထိုင်ရင်း သူချစ်သောပုဂ္ဂိုလ်အား ရစရာမရှိအောင် ပယ်ပယ်နယ်နယ် ထွက်ဆိုနေကြသည်ကို ကြားနေရသည့်အတွက် ရိုးတွင်းခြင်ဆီအထိ နာကျင်ကိုက်ခဲနေသည်။ အလွန်အန္တရာယ်များသော လုပ်ငန်းတစ်ခုဖြစ်ရုံမျှသာမက ရာဇဝတ်ကြောင်းအရပင် အရေးယူနိုင်ဖွယ်ရှိသော လုပ်ငန်းသစ်တစ်ခုကို ရောဒ်အိုင်းရွန်းဆိုက်ဒ်သည် ရုံးချုပ်၏ ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားနေလေပြီ။

"သူ ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

ဟာရီဟာတ်ရှဲဖဲလ်က ညည်းတွားလိုက်၏။ သူသည် သွေးရူးသွေးတန်းဖြစ်လာပုံရသည်။

"ဒီကျောက်ထရံကြီးကို ထွင်းဖောက်တဲ့အတွက် သူ့အဖို့ ဘာများအကျိုးအမြတ် ထွက်လာနိုင်မှာမို့လို့လဲ၊ ဒီကိစ္စဟာ ဆွန်ဒါဒစ်ချ်ကို မသမာတဲ့နည်းနဲ့ တမင်နှောင့်ယှက်ဖျက်ဆီးတာပဲလို့ ထင်စရာဖြစ်နေတယ်"

ဟာရီ၏ ခန္ဓာကိုယ်ထဲမှ ဒေါသအစိုင်အခဲသည် အံကြွ၍ ပေါ်ထွက်လာပုံရသည်။ သူက ဆဲရေးတိုင်းထွာလိုက်၏။

"တော်တော်ဆိုးတဲ့အကောင်၊ သူက ဆွန်ဒါဒစ်ချ်ကို ရေလျှံအောင် လုပ်ပစ်တဲ့အပြင် လူဒါဇင်ပေါင်းများစွာကိုလည်း သတ်ပစ်ခဲ့တယ်"

သူသည် လက်ဖဝါးကို လက်သီးဆုပ်နှင့် ထိုးလိုက်၏။

"သူ့ကို ငါက ရေရေလည်လည် အရေးယူရမယ်၊ သူ့ကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ငါလုပ်ပြမယ်၊ သူ့ကို ငါက ရာဇဝတ်မှုနဲ့ တရားစွဲမယ်၊

ကုမ္ပဏီပိုင်ပစ္စည်းတွေကို ဖျက်ဆီးဆုံးရှုံးစေမှုနဲ့ တရားစွဲမယ်၊ လူသေမှုနဲ့ တရားစွဲမယ်၊ လူသတ်မှုနဲ့ တရားစွဲမယ် သူ့ကို ရစရာမရှိအောင် အရေးယူပြမယ်"

ဟာရီက ထိုကဲ့သို့ ခြိမ်းခြောက်နေသည်ကို ကြားနေရသော တယ်ရီသည် တိတ်တိတ်ကလေး ငြိမ်နေနိုင်စွမ်း မရှိတော့ပါ။

"ဒါ သူ့အပြစ်မဟုတ်ပါဘူး ဘိုးဘိုးရယ်၊ သူ့အပြစ် လုံးဝ မဟုတ်ပါဘူး၊ သူ့ကို အတင်းလုပ်နိုင်းတာပါ"

"ဘာပြောတယ်"

ဟာရီက လှောင်တောင်တောင် ပြန်ပြောလိုက်၏။

"ခုနကတုန်းက တွင်းဝမှာ မင်းပြောတာ ငါကြားလိုက်ရတယ်၊ အဲဒီလူက မင်းအတွက် ဘယ်လောက်တောင် တန်ဖိုးရှိနေလို့ မင်း သူ့ဘက်က လိုက်ကာကွယ်နေရတာလဲ"

"ဘိုးဘိုးရယ် ကျွန်မ ပြောတာကို ယုံပါ"

တယ်ရီ၏ မျက်လုံးများသည် ဖြူရော်ရော်ဖြစ်နေသော မျက်နှာပေါ်တွင် အဆမတန် ကြီးမားနေကြသည်။

"ငါက မင်းကို ဘာဖြစ်လို့ ယုံကြည်ရမှာလဲ၊ မင်းတို့နှစ်ယောက်ပူးပေါင်းပြီး မဟုတ်တာတွေကို လုပ်နေကြတယ်ဆိုတာ သိပ်ကို ထင်ရှားတယ်၊ ဒါကြောင့် မင်းက သူ့ကို အကာအကွယ်ပေးတယ်ဆိုတာ သဘာဝကျပါတယ်လေ"

"အနည်းဆုံးတော့ ကျွန်မ ပြောတာကို နားထောင်သင့်ပါတယ်"

တယ်ရီက တောင်းပန်တိုးလျှိုးလိုက်ရာ ဟာရီသည် သူ့ကိုယ်သူ ထိန်း လိုက်ပြီးနောက် အသက်ကို ပြင်းထန်စွာ ရှူရင်း တယ်ရီဘက်သို့ ပြန်လှည့် လိုက်၏။

"မင်းပြောတဲ့စကားဟာ အနှစ်သာရရှိဖို့တော့ လိုလိမ့်မယ် မိန်းကလေး"

ဟာရီက ကြိုတင်၍ သတိပေးလိုက်သည်။

စိတ်လှုပ်ရှားနေသော တယ်ရီသည် ကပေါက်ချိ ကပေါက်ချာနှင့် စတင်၍ ပြောပြတော့သည်။ တစ်ဝက်လောက်သို့ ရောက်သောအခါ သူပြောနေသည့် စကားများသည် သူ့အတွက်ပင် ယုံကြည်နိုင်စရာ မကောင်းကြောင်း နားလည်သဘောပေါက်လာသည်။ ဟာရီ၏ အမူအရာသည် ပို၍ ပို၍ အေးစက်စက်ဖြစ်လာပြီး နောက်ဆုံးတွင် စိတ်မရှည်နိုင်တော့ဘဲ ဝင်တားမြစ်လိုက်

လေတော့သည်။

"ဘယ်လိုလဲ သီရေစာ၊ မင်း အလျင်လို မဟုတ်တော့ပါကလား၊ ဒီကိစ္စကို မင်းယောကျ်ားအပေါ်မှာ ပုံချဖို့တောင် ကြိုးစားနေပြီပေါ့၊ တော်တော် ရှက်ဖို့ကောင်းတဲ့ ကိစ္စပဲ၊ ဒီအပြစ်ကို တခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ရောက်သွားအောင် ..."

"အခု ပြောတာတွေဟာ အမှန်ပါ၊ ဘုရားကို တိုင်တည်ပြီး ပြောတာပါ"

သီရေစာသည် ဟာရီဟတ်ရှ်ဖဲလ်၏ လက်မောင်းမှ အကျႌစကို ဆောင့် ဆောင့်ဆွဲရင်း ငိုမလိုလို ဖြစ်လာတော့သည်။

"ရောဒ်ဟာ အတင်းအဓမ္မ ခိုင်းတာကို ခံခဲ့ရတာပါ။ သူ့အတွက် တခြားနည်းလမ်းလည်း မရှိလို့ပါ"

"အဲဒါနဲ့ပတ်သက်ပြီး မင်းမှာ သက်သေပြစရာ ရှိလို့လား"

ဟာရီက စိတ်မပါတပါနှင့် မေးလိုက်၏။ ဤတွင် တယ်ရီသည် ငြိမ် ကျသွားပြီး ဟာရီအား အူကြောင်ကြောင်နှင့် ပြန်ကြည့်နေမိတော့သည်။ သက်သေပြစရာကော ရှိလို့လား။

❐

[၆၆]

ခတ်လေ့ကားသည် အဆောင် ၆၅ သို့ နီးကပ်လာချိန်တွင် တဖြည်းဖြည်း နှေးသွားတော့သည်။ မီးများ လင်းနေဆဲ ဖြစ်သော်လည်း လုပ်ငန်းခွင်တွင် လူ မရှိတော့ပါ။ သူတို့သည် အသက်ကယ်လှေကလေးကို အဆောင် ၆၅ မှ စခန်း ပေါ်သို့ ရောက်အောင် ဆွဲတင်လိုက်ကြသည်။

သူတို့အောက်ဘက်ရှိ အဆောင် ၆၆ မှ ရေကျနေသံ သဲသဲကို သူတို့ ကြားနေကြရသည်။ ထုထည်ပမာဏ ကြီးမားလှသော ရေလုံးကြီးက ဝင်၍ နေရာယူလိုက်မှုကြောင့် သတ္တုတွင်းထဲ၌ ရှိသောလေကို မတည်မငြိမ်ဖြစ်နေ စေရာ ခပ်ပြင်းပြင်း တိုက်ခတ်နေသော လေအေးကလေးသည် တွင်းအတိုင်း အပေါ်ဘက်သို့ ဆန်၍ တဟူးဟူး တိုက်ခတ်နေသည်။

"ဘစ်ကင်းနဲ့ ငါက အရေးပေါ် လှေကားအတိုင်း အောက်ဘက်ကို ဆင်းသွားကြမယ်၊ မင်းက ရေဘာလှေကို နောက်မှ အောက်ဘက်ကို ချပေး"

ရောဒ်က ဒီမီထရီအား ပြောလိုက်၏။

"ရှိရှိသမျှပစ္စည်းတွေ လှေထဲမှာ ချည်နှောင်ပြီးသား ဖြစ်နေအောင် အထူးဂရုစိုက်ပါကွာ"

"ကောင်းပါပြီ"

ဒီမီထရီက ခေါင်းညိတ်လိုက်၏။

အားလုံး အဆင်သင့် ဖြစ်နေလေပြီ။ သူတို့နှင့်အတူ ဓာတ်လှေကားနှင့် လိုက်ပါလာကြသူများသည် ဓာတ်လှေကားထဲက မျှော်တလင့်လင့်နှင့် စောင့်နေကြသည်။ ရောဒ်သည် နောက်ထပ် ဆိုင်းငံ့နေရန် အကြောင်းပြစရာ မရှိတော့ပါ။ သူ့ဝမ်းဗိုက်ထဲမှ အေးစက်စက်နှင့် လိပ်၍ လိပ်၍ တက်လာသော ခံစားမှုတစ်ခုကို သိနေရသည်။

"ဘစ်ကင်းရေ၊ လာဗျို့"

ရောဒ်သည် သံလှေကားဆီသို့ လျှောက်သွားတော့သည်။

"ကံကောင်းပါစေ ရောဒ်"

ဒီမီထရီ၏အသံသည် သူ့ထံသို့ ပြန့်လွင့်လာသည်။ သို့ရာတွင် အေးစက်မှောင်မိုက်နေသော အောက်ဘက်သို့ ဆင်းနေရသည့် ရောဒ်က အားကုန်မသွားအောင် စကားပြန်မပြောဘဲ ငြိမ်သက်ထားလိုက်သည်။

အဆင့် ဖိဖိ ၌ရှိသော မီးများသည် ဖြစ်များ ပြတ်တောက်သွားမှုကြောင့် မှိတ်နေကြလေပြီ။ သူတို့မီးခွက်မှ မီးရောင်နှင့် မြင်နေရသော အောက်ဘက်မှ ရေပြင်သည် မည်းနက်ပြီး ဆူပွက်နေသောကြောင့် ကြောက်စရာကောင်းနေလေသည်။ ထိုရေလုံးကြီးသည် လိုက်ခေါင်းထိပ်မှတစ်ဆင့် တွင်းထဲသို့ တဝေါဝေါ စီးဆင်းနေလေရာ လိုဏ်ခေါင်းထိပ်တွင် ကာထားသော သံစကာကို နောက်ဘက်သို့ ချိုင့်ဝင်နေစေသည်။ ထိုသံစကာသည် ရေထဲတွင် မျောပါလာသော အမှိုက်သရိုက်မျိုးစုံကို ဆယ်ထားသည့် 'ဆန်ကာ'ကြီးတစ်ခုသဖွယ် ဖြစ်နေသည်။ သစ်တုံးများ၊ ပျဉ်ပြားများ၊ ရေစိုနေသော ဂုန်နီအိတ်များနှင့် မည်သည့်ပစ္စည်းမှန်း ခွဲခြား၍ မရနိုင်သော အခြားပစ္စည်းများ အကြားတွင် သံစကာနှင့် ဖိကပ်ပြီး ညပ်နေသောအလောင်းများကို ရောဒ် မြင်နေရသည်။

ရောဒ်သည် အောက်ဘက်သို့ ဆင်းသွားပြီး ခန္ဓာကိုယ်ကို ရေထဲသို့ သတိကြီးစွာထား၍ နှိမ့်ချလိုက်၏။ ရေလုံးကြီးသည် ချက်ချင်းလိုလိုပင် ရောဒ်၏ ခန္ဓာကိုယ်အောက်ပိုင်းအား အတင်းဆွဲယူတော့သည်။ ထိုနေရာတွင် ခါးအထိသာ ရေနက်သည်။ သို့ရာတွင် ရောဒ် သံလှေကားကို ဆုပ်ကိုင်၍ ကိုယ်ကို ဟန်ထားမည် ဆိုပါက ခြေထောက် လွတ်မသွားအောင် ရပ်နေနိုင်ကြောင်း တွေ့ရပေသည်။

ဘစ်ကင်းသည် ဆင်းလိုက်လာပြီး သူ့နံဘေးတွင် ရပ်လိုက်၏။ ရောဒ်သည် တဝေါဝေါစီးနေသော ရေသံထက် ပိုကျယ်အောင် အော်ပြောလိုက်သည်။

"အဆင်သင့် ဖြစ်ပြီလား"

"ဖြစ်ပါပြီ၊ လှေကိုသာ ချနိုင်းလိုက်ပေတော့"

ရောဒ်က အပေါ်ဘက်ရှိ တွင်းဝဘက်သို့ မီးခွက်နှင့်ထိုး၍ အချက်ပြလိုက်ရာ မိနစ်ပိုင်းအတွင်းမှာပင် အသက်ကယ်လှေကလေးသည် နံဘေးဘက်သို့ ခါယမ်းရင်း သူတို့ထံသို့ တဖြည်းဖြည်း လျှောကျလာလေတော့သည်။ သူတို့သည် ထိုလှေကို လှမ်းထိန်းလိုက်ပြီး အပေါ်မှ ချပေးသော ကြိုးကို မဖြေခင် လှေကို ရေပြင်ပေါ်တွင် အနေအထားမှန်အောင် ပြုပြင်ပေးလိုက်ကြသည်။

ရေလုံးကြီး၏ စုပ်ယူသောအားကြောင့် ထိုရာဘာလှေသည် သံစကာရှေ့တွင် ကပ်နေလေပြီ။ ဤတွင် ရောဒ်သည် လှေထဲမှ ပစ္စည်းများကို စစ်ဆေးလိုက်၏။ အားလုံး စုံစုံလင်လင် ပါရှိလာသည်။

"ဟုတ်ပြီ"

ရောဒ်သည် နိုင်လွန်ကြိုးစတစ်စကို သူ့ခါးတွင် ချည်နှောင်လိုက်ပြီးနောက် သံစကာအတိုင်း ဥမင်လိုဏ်ခေါင်း၏ မျက်နှာကျက်သို့ ရောက်အောင် အပေါ်သို့ တွယ်တက်သွားလေတော့သည်။ သူ့နောက်ဘက်တွင် ဘစ်ကင်းက နိုင်လွန်ကြိုးကို လျှောချပေးနေသည်။

ရောဒ်သည် ဥမင်လိုဏ်ခေါင်း၏ မျက်နှာကျက်တစ်လျှောက်လုံးတွင် သွယ်တန်းထားသော ဖိသိပ်လေပိုက်လုံးများအား လက်နှင့် ဆုပ်ကိုင်မိသည်အထိ ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်၏။ ထိုပိုက်လုံးများသည် လူတစ်ယောက်၏ လက်ကောက်ဝတ်ခန့် တုတ်ပြီး မျက်နှာကျက်တွင် မူလီနှင့် အသေအချာ စုပ်၍ တွယ်ထားသောကြောင့် လူတစ်ယောက်၏ အလေးချိန်ကို ကောင်းမွန်စွာ ထိန်းထားနိုင်စွမ်း ရှိပေသည်။ ရောဒ်သည် ထိုပိုက်လုံးများကို လက်နှင့် မိမိရရ ဆုပ်ကိုင်ထားလိုက်ပြီးနောက် သူ့ခြေထောက်ကို သံစကာနှင့် လွတ်

သွားအောင် ကန်ထုတ်လိုက်၏။ သူသည် တဝေါဝေါ စီးဆင်းနေသော ရေပေါ်တွင် တွဲလောင်းကြီး ရှိနေလေပြီ။ သူ့ခြေထောက်သည် ရေမျက်နှာပြင်နှင့် လွတ်သည်ဟု ဆိုရုံမျှသာ ရှိသည်။

ရောဒ်သည် တွဲလောင်းနီုရင်းကပင် လက်နှစ်ဖက်ကို တစ်ဖက်ပြီး တစ်ဖက် ရှေ့သို့ ရွှေ့၍ ဆုပ်ကိုင်ရင်း ဥမင်လိုဏ်ခေါင်းအတိုင်း တရွေ့ရွေ့ တိုးသွားလေတော့သည်။ နိုင်လွန်ကြိုးသည် သူ့နောက်ဘက်တွင် ရှည်လျားသော အမြီးဖြူဖြူတစ်ချောင်းပမာ တွဲလောင်းကျ၍ ပါလာလေသည်။ တူးနေဆဲ ဥမင်လိုဏ်ခေါင်းထဲမှ ပင်မသယ်ယူရေးလိုဏ်ခေါင်းကြီးထဲသို့ တဝေါဝေါမြည်နေသော ရေလုံးကြီး ဆူပွက်၍ ထွက်လာသည် နေရာမှာ ထိုနေရာမှ ပေသုံးရာဝေးကွာသည်။ ထိုနေရာသို့ မရောက်ခင် ရောဒ်၏ ပခုံးကြွက်သားများက နာကျင်လွန်းလှသောကြောင့် ဆန္ဒပြနေကြလေပြီ။ သူ့လက်မောင်းများသည် လက်မောင်းရင်းမှ ပြုတ်ထွက်တော့မလိုလို ခံစားနေရသည်။ ရေထဲတွင် တွဲလောင်းကျ၍ ပါလာသော နိုင်လွန်ကြိုး၏ အလေးချိန်ကလည်း သည်းမခံနိုင်လောက်အောင် လေးလံလာသလို ခံစားနေရသည်။

တူးနေဆဲ ဥမင်လိုဏ်ခေါင်းနှင့် ဖဲ့စည်းသယ်ထုတ်သော ပင်မသယ်ယူရေးလိုဏ်ခေါင်းကြီးတို့ဆုံရာထောင့်တွင် မည်းနက်နေသော ဝဲကန်တော့တစ်ခုဖြစ်ပေါ်နေသည်။ ဤနေရာတွင် ရေများသည် ဝဲသဏ္ဌာန်ကန်တော့ထိုးပြီး ပတ်ချာလည်စီးဆင်းနေလေရာ ရောဒ်သည် သူ့ခန္ဓာကိုယ်ကို ထိုဝဲထဲသို့ ဖြည်းညင်းစွာ လျှောချလိုက်သည်။ ရေလုံးကြီးက ရောဒ်အား အကြီးအကျယ် ရိုက်ခတ်နေသော်လည်း ရောဒ်သည် ပင်မသယ်ယူရေးလိုဏ်ခေါင်းကြီး၏ ဘေးနံရံတစ်ခုတွင် နီုကပ်ပြီး ခြေကုပ်မြဲအောင် ရပ်နေနိုင်ခဲ့သည်။ သူသည် ကျောက်သားနံရံကို ပို့၍ နိုင်ခံအောင် ရိုက်သွင်းထားသော သံချောင်းကြီးများအနက် တစ်ချောင်းတွင် နိုင်လွန်ကြိုးကို နိုင်မြဲအောင် စတင်၍ ချည်နှောင်တော့သည်။ မိနစ်ပိုင်းအတွင်းမှာပင် သူသည် ထိုနေရာ၌ ခြေကုပ်ယူ၍ အလုပ်လုပ်နိုင်မည့် အခြေစိုက်စခန်းတစ်ခုကို တည်ဆောက်နိုင်ခဲ့တော့သည် ဤတွင် သူက နောက်ဘက်သို့ မီးခွက်နှင့် လှမ်း၍ အချက်ပြလိုက်ရာ ဘစ်ကင်းသည် ဖီသိပ်လေပိုက်လုံးများကို လက်နှင့် ဆွဲကိုင်၍ တွဲလွဲခိုရင်း သူ့ နောက်သို့ လိုက်လာသည်ကို မြင်လိုက်ရတော့သည်။

ဘစ်ကင်းသည် ရောဒ်နံဘေးရှိ ခါးလောက်နက်သော ရေထဲသို့ ဆင်း

၍ မတ်တတ်ရပ်လိုက်၏။ ထိုနောက် သူတို့သည် နိုင်လွန်ကြိုးကို လက်နှင့် ဆုပ်ကိုင်ရင်း နာကျင်နေသောလက်မှ ကြွက်သားများကို ခေတ္တခဏ အနားပေးလိုက်ကြသည်။

"အဆင်သင့် ဖြစ်ပြီလား"

နောက်ဆုံးတွင် ရောဒ်က မေးလိုက်ရာ ဘစ်ကင်းက ခေါင်းညိတ်ပြလိုက်သည်။

သူတို့သည် အသက်ကယ်ရာဘာလှေအား ချည်နှောင်ထားသောကြိုးကို ဆုပ်ကိုင်ပြီး လှေကို သူတို့ထံသို့ ဆွဲယူလိုက်ကြ၏။ ခေတ္တမျှကြာအောင် မည်သို့မှ ထူးခြားမလာခဲ့ချေ။ နိုင်လွန်ကြိုး၏ ဟိုဘက်အစသည် ကျောက်တောင်တစ်ခုနှင့် တွဲ၍ ချည်နှောင်ထားသလို တင်းခံနေသည်။

"တစ်ပြိုင်တည်း ဆွဲကြရအောင်"

ရောဒ်က ပြောလိုက်ရာ သူတို့သည် နိုင်လွန်ကြိုးကို တစ်ပေခန့်အထိ ဆွဲယူနိုင်ခဲ့ကြတော့သည်။

"ထပ်ဆွဲ"

သူတို့သည် တဟုန်ထိုး စီးဆင်းနေသော ရေအားကို ဆန့်ကျင်၍ ရာဘာလှေကလေးကို သူတို့ထံသို့ တစ်လက်မပြီး တစ်လက်မ ပါလာအောင် ဆွဲယူနိုင်ခဲ့ကြသည်။

သူတို့က ထိုလှေကလေးကို ဆွဲယူပြီး သူတို့ရောက်ရှိသည် နေရာတွင် မြဲနေအောင် ချည်နှောင်၍ ပြီးစီးသွားသည့်အခါ သူတို့၏ လက်ဖဝါးများသည် သွေးခြင်းခြင်းနီ၍ နေကြလေပြီ။ ထိုလှေကလေးသည် လှေဝမ်းအောက်မှ ရေလှိုင်းများ၏ ထိုးနက်မှုကြောင့် ရေမျက်နှာပြင်ပေါ်တွင် ကြွတက်သွားလိုက်၊ ပြန်ကျလာလိုက်နှင့် မတည်မငြိမ် ဖြစ်နေသည်။

ရောဒ်ရော ဘစ်ကင်းပါ စကားမပြောနိုင်ကြပါ။ သူတို့သည် တဟုန်ထိုး စီးဆင်းနေသော ရေထဲ၌ တွဲလွဲခိုရင်း မောဟိုက်နေကြသည်။

နောက်ဆုံးတွင် ရောဒ်က ဘစ်ကင်းအား မော့ကြည့်လိုက်၏။ မီးခွက်၏ အလင်းရောင်ထဲတွင် ရောဒ်၏ မျက်နှာပေါ်၌ ဖြစ်ပေါ်နေသော သံသယစိတ်များကို ဘစ်ကင်း၏ မျက်လုံးများက ရောင်ပြန်ဟပ်၍ ပြသနေကြောင်း ရောဒ်က ပြန်မြင်လိုက်ရသည်။ မျက်နှာကျက်ကို ယမ်းဘီလူး ကျူထရဲကွက်နှင့် ဖြိုချရန် စီစဉ်ထားသော နေရာမှာ ထိုနေရာမှ ပေတစ်ထောင်ဝေးသော နေရာ

တွင် ရှိနေသည်။ ထိုကူးဖော်ဆဲ ဥမင်လိုဏ်ခေါင်းထဲ၌ ရှိနေသော ရေစီးအားနှင့် အမြန်နှုန်းမှာ ပင်မသယ်ယူရေးလိုဏ်ခေါင်းကြီးထဲတွင် ရှိသော ရေစီးအားထက် နှစ်ဆခန့်ပိုများနေသည်။ သူတို့နှစ်ယောက်သည် ကမ္ဘာဦးကာစ၌ ရှိနေခဲ့သော ထိုသဘာဝစွမ်းအားကြီးကို အန်တုနိုင်စွမ်း ရှိကြပါမည်လော။

“ဒီတစ်ခေါက် ကျုပ် အလျင်သွားမယ်”

ဘစ်ကင်းက ပြောလိုက်သဖြင့် ရောဒ်က ခေါင်းညိတ်၍ သဘောတူလိုက်၏။

ထွားကျိုင်းလှသော ဘန်တုလူမည်းအမျိုးသား ဘစ်ကင်းသည် ဖိသိပ်လေပေးပို့သော ပိုက်လုံးများဆီသို့ ရောက်သည်အထိ နိုင်လွန်ကြိုးကို ဆွဲ၍ အပေါ်သို့ တက်သွားသည်။ မီးခွက်မှ အလင်းရောင်ထဲ၌ မြင်နေရသော သူ့အသားအရေသည် လင်းပိုင်တစ်ကောင်၏ အသားအရေနှင့် မခြား ပြောင်လက်နေသည်။ သူသည် လက်ကို တစ်ဖက်ပြီးတစ်ဖက် ရှေ့သို့ ရွှေ့ရင်း မည်းမှောင်နေသော ဥမင်လိုဏ်ခေါင်းထဲသို့ ဝင်သွားလေတော့သည်။ သူ့မီးခွက်မှ အလင်းရောင်သည် ကျောက်သားနံရံပေါ်တွင် ကြီးမားသော ပုံပျက်ပန်းပျက် အရိပ်မည်းကြီးများကို ဖြစ်ပေါ်နေစေသည်။

ဘစ်ကင်းက မီးခွက်မှ မီးရောင်နှင့် အချက်ပြလိုက်သည့်အခါ ရောဒ်သည် ဖိသိပ်လေပို့ပေးသော ပိုက်လုံးများဆီသို့ တွယ်တက်သွားပြီး ဥမင်လိုဏ်ခေါင်းအတိုင်း သူ့နောက်သို့ လိုက်သွားရသည်။ နောက်ထပ် ပေသုံးရာ ဝေးကွာသည့် နေရာတွင် ဘစ်ကင်းသည် နောက်ထပ် အခြေစိုက်စခန်းတစ်ခုကို အရေးအမီ တည်ဆောက်ထားကြောင်း တွေ့လိုက်ရသည်။ သို့ရာတွင် ထိုနေရာ၌ သူတို့သည် ရေစီးအား၏ဒဏ်ကို ကာကွယ်စရာ နေရာမရှိဘဲ တိုက်ရိုက်ဝင်တိုးသည်ကို ခံနေကြရသည်ဖြစ်ရာ ရေလုံးကြီးက အတင်းဆောင့်၍ ဆောင့်၍ တွန်းနေသောကြောင့် ကိုယ်ပေါ်တွင် ချည်နှောင်ထားသော နိုင်လွန်ကြိုးများသည် အသားထဲသို့ ရှုးဝင်သွားလုမတတ် ခံစားနေရသည်။ သူတို့နှစ်ယောက် ရာဘာလှေကလေးကို သူတို့ဆီသို့ ရောက်လာအောင် ပြိုင်တူဆွဲယူပြီး ထိုနေရာတွင် နိုင်မြဲအောင် ချည်နှောင်လိုက်ကြရပြန်၏။

ရောဒ်သည် ပွန်းပဲ့စုတ်ပြတ်နေသော လက်ဖဝါးနှစ်ဖက်ကို ရင်ဘတ်ပေါ်သို့ တင်၍ ခပ်တိုးတိုး ငိုရှိုက်ရင်း ထိုကဲ့သို့ နောက်တစ်ကြိမ် ထပ်၍ လုပ်နိုင်စွမ်း ရှိမှရှိပါမလားဟု တွေးလိုက်မိသည်။

“အဆင်သင့် ဖြစ်ပြီလား”

သူ့ဘေးနားတွင် ရှိသော ဘစ်ကင်းက မေးလိုက်ရာ ရောဒ်က ခေါင်းညိတ်ပြလိုက်သည်။ ရောဒ်သည် လက်ကို မြှောက်လိုက်ပြီး သွေးခြင်းခြင်းနီနေသော လက်ဖဝါးနှစ်ဖက်နှင့် ပိုက်လုံးအား ကိုင်လိုက်ရာ သူ့မျက်လုံးထဲမှ မျက်ရည်များ ကျလာသည်အထိ နာကျင်သော ဝေဒနာကို ခံစားလိုက်ရလေတော့သည်။ ရောဒ်သည် မျက်တောင် တဖျတ်ဖျတ်ခတ်၍ မျက်ရည်ကို ထိန်းရင်း ရှေ့ဘက်သို့ တိုးသွားလိုက်သည်။

သူသာ လိမ့်ကျသွားမည် ဆိုပါက သူသည် ‘သေလူ’တစ်ယောက်ဖြစ်ကြောင်း ရောဒ်က ပိုးတိုးဝါးတား တွေးမိလိုက်သည်။ တဝေါဝေါစီးဆင်းနေသော ရေလုံးကြီးက သူ့ခန္ဓာကိုယ်အား မညီမညာဖြစ်နေသေးသော ဥမင်လိုဏ်ခေါင်းနံရံများနှင့် ပွတ်တိုက်၍ ဆွဲယူသွားမည် ဖြစ်ရာ အရိုးပေါ်မှ အသားများ ပဲ့ထွက်ကုန်ကြပေလိမ့်မည်။ နောက်ဆုံးတွင် သူ့ခန္ဓာကိုယ်ထဲမှ ‘အသက်’ထွက်သွားအောင် ဥမင်လိုဏ်ခေါင်းထိပ်၌ ကာထားသော သံဇကာနှင့် သူ့ခန္ဓာကိုယ်ကို ကြေမွသွားသည်အထိ ဖိညှပ်ပစ်လိုက်ကြပေလိမ့်မည်။

သူသည် ရှေ့သို့ နောက်ထပ်တိုးသွားနိုင်စွမ်း မရှိတော့သည် အချိန်အထိ ဆက်သွားခဲ့သည်။ ထို့နောက် နံရံပေါ်တွင်ရှိသော သံစို့ကြီးတစ်ခုကို ရွေးချယ်၍ နိုင်လွန်ကြိုးကို ထိုသံစို့ကြီးတွင် ကြိုးကွင်းစွပ်၍ ချည်နှောင်လိုက်ပြန်၏။ ထို့နောက် သူတို့သည် ရာဘာလှေအား သူတို့ဆီသို့ ရောက်အောင် ဆွဲယူရသော အသည်းကွဲလုမတတ် နာကျင်လှသည့် လုပ်ငန်းကို ထပ်လုပ်ကြရပြန်သည်။ ရောဒ်သည် ရာဘာလှေအား ချည်နှောင်ထားသည့် နိုင်လွန်ကြိုး ကို ဆွဲရင်း သူ့မျက်စိထဲတွင် ကြယ်ပွင့်ကလေးများ လင်းလက်သွားသည်အထိ နှစ်ကြိမ်တိုင်တိုင် မူးမိုက်သွားခဲ့သည်။ ထိုကဲ့သို့ ဖြစ်ပွားခဲ့သော အကြိမ်တိုင်းမှာပင် သူသည် စိတ်အင်အား တစ်ခုတည်းနှင့် သတိလစ်မသွားအောင် ထိန်းထားခဲ့ရသည်။

ဘစ်ကင်းက စံနမူနာ ယူလောက်အောင် သူ့ရှေ့မှ ဆောင်ရွက်ပြနေသောကြောင့် ရောဒ်အဖို့ အားမလျှော့ဘဲ ကြိုးစားပမ်းစား လုပ်ချင်စိတ် ဖြစ်ပေါ်နေခဲ့ရခြင်း ဖြစ်သည်။ ဘစ်ကင်းသည် အမူအရာပြောင်းလဲမှု မရှိဘဲ ဆက်တိုက်ဆောင်ရွက်သွားခဲ့သည်။ သို့ရာတွင် ဘစ်ကင်း၏ မျက်လုံးများသည် ခွန်အားစိုက်ထုတ်မှုကြောင့် ရဲရဲနီ၍နေကြသည်။ ဘစ်ကင်းသည်တစ်ကြိမ်တွင်

သာ သေနတ်ပစ်ခံလိုက်ရသော ခြင်္သေ့ကြီးတစ်ကောင်ကဲ့သို့ ညည်းညူလိုက်သည်ကို ရောဒ်က ကြားလိုက်ရပြီး သူကိုင်သော နိုင်လွန်ကြိုးပေါ်တွင် သွေးများ ပေကျံနေကြောင်း တွေ့မြင်လိုက်ရသည်။

ဘစ်ကင်းက ဆက်လက် ဆောင်ရွက်နိုင်စွမ်း ရှိနေချိန်တွင် သူက စိတ် ကို လျှော့ချရန် မဖြစ်နိုင်သေးကြောင်း ရောဒ် သိပါသည်။

အသိတရားသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားပြီး အရိုးများနှင့် ကြွက်သားများသည် ဝေဒနာကို ဆက်လက် သည်းမခံနိုင်တော့သည့် အဆင့်သို့ ပြောင်းလဲသွားသည်။ သို့တိုင်အောင် အရိုးများနှင့် ကြွက်သားများသည် ဆက်လက်၍ လှုပ်ရှားနေကြဆဲပင်တည်း။ ရောဒ်သည် တစ်ချိန်လုံးလိုလို ပင်ပန်းလွန်းလှသောကြောင့် ခဲဆွဲထားသလို လေးလံနေသော လက်မောင်းများနှင့် ခေါင်းမိုးတွင် တွဲလွဲခိုနေရသလို ဖြစ်နေသည်။ သူသည် ရှေ့ဘက်တစ်နေရာတွင် ထပ်မံ၍ ခြေကုပ်ရစေရန် တစ်လက်မစီ၊ တစ်လက်မစီ တိုးသွားနေရသည်။ သူ့မျက်လုံးထဲသို့ စီးကျနေသော ချွေးများက သူ့အမြင် ကို မသဲမကွဲ ဖြစ်နေစေသည်။ ထို့ကြောင့် မှောင်ထဲမှ သူမြင်နေရသောအရာ ကို အစပထမတွင် သဲသဲကွဲကွဲ နားမလည်လိုက်ချေ။

ရောဒ်သည် သူ့မျက်လုံးများကို ရှင်းလင်း ကြည်လင်သွားအောင် ဦးခေါင်းကို ခါယမ်းလိုက်ပြီး သူ့မီးခွက်မှ မီးရောင်နှင့် အားစိုက်၍ ကြည့်လိုက်ရ၏။ ကြီးမားသော သစ်သားတန်းကြီးတစ်ခုသည် ဥမင်လိုဏ်ခေါင်း၏ မျက်နှာကျက်ဆီမှ အောက်ဘက်သို့ ယိုင်တိယိုင်ထိုးနှင့် တွဲလောင်းကြီးကျနေသည်။ ထိုသစ်သားတန်းနှင့် တွဲ၍ စုပ်ထားသော မူလီများက ထိုသစ်သားတန်းကြီးအား ရေနှင့် မျောပါမသွားအောင် အားခံနေကြခြင်း ဖြစ်သည်။

ထိုသစ်သားတန်းသည် လေဝင် လေထွက်အတွက် ပြုလုပ်ထားသော တံခါးရွက်များမှ ကျန်ရစ်ခဲ့သော တံခါးဘောင်ကြီးဖြစ်ကြောင်း ရောဒ်က ရုတ်တရက် သဘောပေါက်သွားသည်။ တံခါးရွက်များကမူ ရေအားကြောင့် စုတ်ပြတ်ပြီး ရေနှင့်အတူ မျောပါသွားခဲ့ကြလေပြီ။ သို့ရာတွင် တံခါးဘောင်ကမူ သူ့နေရာတွင် ကျန်နေရစ်ခဲ့ပေသေးသည်။ မျက်နှာကျက်ကို ဖြိုချရန် သူစီစဉ်ခဲ့သော ယမ်းဘီလူး ကျုံထားရာကွက်သည် ထိုတံခါးရွက်၏ နောက်ဘက်မှ အစပြုပေသည်။ သူတို့သည် ပန်းတိုင်သို့ ရောက်ရှိနေခဲ့ကြလေပြီတည်း။

သူ့ခန္ဓာကိုယ်ထဲသို့ ခွန်အားသစ်များ စီးဝင်လာသောကြောင့် သူသည်

ပိုက်လုံးကို တွဲလွဲခို၍ ရှေ့သို့ တိုးသွားပြန်၏။ ထိုသစ်သားတံခါးဘောင်ကြီးသည် သူတို့အတွက် စခန်းချရန် အလွန်ကောင်းသောနေရာ ဖြစ်သည်။ ထို့ကြောင့် ထိုသစ်သားဘောင်တွင် နိုင်လွန်ကြိုးကို ချည်နှောင်လိုက်ပြီး ဘစ်ကင်းအား မီးရောင်နှင့် အချက်ပြလိုက်၏။ သူသည် ကြိုးကွင်းထဲတွင် တွဲလွဲခိုပြီး ခေတ္တမျှ အနားယူလိုက်သည်။ ထို့နောက် ကိုယ်ကို အားတင်းပြီး ပတ်ဝန်းကျင်ကို လေ့လာလိုက်၏။ သူက ပုံပျက်ပန်းပျက်ဖြစ်နေသော တံခါးဘောင်ကြီးပေါ်သို့ မီးရောင်နှင့် ထိုးကြည့်လိုက်ပြီး ယမ်းဘီလူးကို ဖောက်ခွဲမည့် ဆားကစ်သည် အဘယ်ကြောင့် ပြတ်တောက်သွားရကြောင်း သူ ချက်ချင်း သဘောပေါက်သွားတော့သည်။

ယမ်းဘီလူးကို ဖောက်ခွဲပေးမည့် ဝိုင်ယာကြိုးကို မြင်လွယ်အောင် အစိမ်းရောင် ပလတ်စတစ်ဆေးနှင့် သုတ်လိမ်းထားသည်။ ယခု ထိုဝိုင်ယာကြိုးသည် ပြတ်တောက်ပြီး ဥမင်မျက်နှာကျက်မှ အောက်ဘက်သို့ တွဲလောင်းကြီးကျနေကြောင်း ရောဒ်သည် မီးခွက်မှ မီးရောင်နှင့် မြင်နေရသည်။ ထိုဝိုင်ယာကြိုးသည် တံခါးရွက်များနှင့် ငြိနေခဲ့ပြီး ထိုတံခါးရွက်များ ပြုတ်ထွက်သွားသည့်အခါ ငြိပါသွားသောကြောင့် ကြိုးပြတ်သွားရခြင်း ဖြစ်ပေသည်။ ပြတ်နေသော ဝိုင်ယာကြိုးတစ်ချောင်းသည် ရေပြင်ပေါ်တွင် တွဲလွဲခို၍ ကျနေသည်။ ရောဒ်သည် ရှေ့သို့ ဆက်သွားရန် မလိုတော့ပြီဆိုသော အသိကြောင့် ထိုဝိုင်ယာကြိုးကို စိုက်ကြည့်ရင်း စိတ်ချမ်းသာစွာနှင့် အားမွေးနေမိသည်။

ဘစ်ကင်း မှောင်ထဲမှ ထွက်ပေါ်လာသောအခါ ရောဒ်က တွဲလောင်းကျနေသော ဝိုင်ယာကြိုးကို လက်ညှိုးထိုးပြလိုက်၏။

"ဟိုမှာ"

သူက ထိုမျှသာ ပြောနိုင်ခဲ့သည်။ ဘစ်ကင်းက နားလည်ကြောင်း မျက်စိကို မှေးပြလိုက်၏။ သူလည်း စကားပြောနိုင်စွမ်း မရှိပါ။

သူတို့သည် နောက်ထပ် ငါးမိနစ်ကြာသည့်အခါကျမှ ရာဘာလှေကို ဆွဲယူပြီး တံခါးဘောင်တွင် ချည်နှောင်သောအလုပ်ကို စတင်၍ လုပ်နိုင်ကြတော့သည်။

ထို့နောက် သူတို့နားကြရပြန်၏။ သူတို့၏ လှုပ်ရှားမှုများသည် သိသိသာသာ နှေးကွေးလာလေပြီ။ သူတို့နှစ်ယောက်ထဲတွင် နောက်ထပ်သုံးစွဲနိုင်မည့် ခွန်အား သိပ်မရှိကြတော့ပါ။

"ဟို ဝိုင်ယာကြိုးအစကို ရအောင် ဆွဲယူ"

ရောဒ်က ဘစ်ကင်းအား ညွှန်ကြားလိုက်ပြီး သူ့ကိုယ်ကို ရာဘာလှေပေါ်သို့ ရောက်အောင် ကျော်တက်၍ လှေဝမ်းထဲတွင် စန့်စန့်ကြီး ပက်လက်လှန်လိုက်သည်။

သူ့ကိုယ်အလေးချိန်ကြောင့် ရာဘာလှေသည် ရေထဲသို့ ပို၍ နစ်ဝင်သွားလေရာ တဝေါဝေါစီးနေသောရေကို တောင့်ခံထားရသည်။ 'အား'မှာ ပို၍ များလာသလို တံခါးဘောင်ကို ချည်နှောင်ထားသည့် ကြိုးကလည်း ပို၍ တောင့်တင်းလာသည်။ ရောဒ်သည် ဘက်ထရီနှင့် ဖောက်ခွဲမည့် ကိရိယာကို ထုပ်ပိုးထားသော အထုပ်အား မသေမသပ်နှင့် စတင်၍ ဖြေတော့သည်။ ခါးလောက်အထိနက်သော ရေထဲတွင် မတ်တတ်ရပ်နေသော ဘစ်ကင်းသည် လက်တစ်ဖက်နှင့် တံခါးဘောင်ကို ကိုင်ထားရင်း ကျန်လက်တစ်ဖက်နှင့် တွဲလောင်းကျနေသော ဝိုင်ယာကြိုးအစကို ဖမ်းဆွဲနိုင်ရန် ကြိုးစားနေသည်။ ထိုဝိုင်ယာကြိုးသည် သူ့လက်ဖျားထိပ်တွင် မမိတမိ ဖြစ်နေရာ သူသည် ကိုယ်ကို တံခါးဘောင်နှင့် ထိန်းရင်း ရေစီးကြောင်းကို ဆန့်၍ ရှေ့သို့ တိုးသွားရန် ကြိုးပမ်းလိုက်သည်။ သူက ထိုကဲ့သို့ ကြိုးပမ်းလိုက်မှုကြောင့် တံခါးဘောင်ကို ပြုတ်မထွက်အောင် စုပ်ထားသော မှုလီများပေါ်တွင် ပို၍ ဆွဲအားပေးလိုက်သလို ဖြစ်သွားရပြန်သည်။

ဘစ်ကင်း၏ လက်ချောင်းများသည် ဝိုင်ယာကြိုးကို ဆုပ်ကိုင်လိုက်မိသောကြောင့် ကျေနပ်သွားသော ဘစ်ကင်းသည် ဝိုင်ယာကြိုးကို ရောဒ်ထံသို့ လှမ်းပေးလိုက်၏။

ရောဒ်သည် အသက်ကယ်လှေပေါ်ရှိ ဝိုင်ယာကြိုးခွေမှ ဝိုင်ယာကြိုးစနှင့် ခေါင်မိုးမှ တွဲလောင်းကျနေသော ဝိုင်ယာကြိုးအစိမ်းတို့ကို သံနှင့် ပြုလုပ်ထားသော ချွေးသွားစိပ်ညှပ်ကလစ်နှင့် တွဲညှပ်ပြီး ဆက်ပေးလိုက်၏။ ရောဒ်၏ အစီအစဉ်မှာ သူနှင့် ဘစ်ကင်းတို့သည် ရာဘာလှေကလေးပေါ်သို့ တက်လိုက်ကြပြီး နိုင်လွန်ကြိုးစကို တဖြည်းဖြည်း လျှော့ချရင်း ဥမင်လိုဏ်ခေါင်းထိပ်ဝသို့ ရောက်အောင် ရေစီးကြောင်းနှင့်အတူ မျော၍ လိုက်ပါသွားကြမည်။ တစ်ချိန်တည်းမှာပင် သူတို့သည် ဝိုင်ယာကြိုးကို ရစ်ပတ်ထားသောဘီးမှ ဝိုင်ယာကြိုးကို တဖြည်းဖြည်း လျှော့ချပေးကြမည်၊ အန္တရာယ်ကင်းလောက်သော အကွာအဝေးသို့ ရောက်သည့်အခါ သူတို့က ယမ်းဘီလူးကျူထရုံကွက်ကို ဖောက်ခွဲပြီး

ဥမင်လိုဏ်ခေါင်းကို ပိတ်ဆို့ပစ်လိုက်ရန်ပင် ဖြစ်တော့သည်။

ရောဒ်၏ လက်ချောင်းများသည် ရောင်ကိုင်းပြီး ထုံကျဉ်နေကြသည်။ သူက သူပြုလုပ်ရမည့် ကိစ္စများကို ပြီးစီးအောင် ဆောင်ရွက်နေစဉ် သစ်သားတံခါးဘောင်ကြီးကို ဆွဲထားသောအားမှာ အလွန်များပြားနေသည်သာမက အလျှော့အတင်းမရှိဘဲ တသမတ်တည်း ဖြစ်နေသည်။

ရောဒ်သည် သူလုပ်နေသော အလုပ်မှ ခေါင်းမော်၍ ကြည့်လိုက်ပြီးနောက် ဒူးထောက်၍ ထလိုက်၏။

"ရပြီ၊ ဘစ်ကင်း"

ရောဒ်သည် ရာဘာလှေဦးပိုင်းတွင် ဒူးထောက်၍ ထိုင်ရင်း သစ်သားတံခါးဘောင်ကို ကိုင်၍ လှေကို ငြိမ်အောင် ထိန်းပေးထားသည်။

"လှေပေါ်ကို တက်ခဲ့တော့၊ ကျုပ်တို့ အဆင်သင့်ဖြစ်ပြီ"

ဘစ်ကင်းသည် ရှေ့သို့ တရွေ့ရွေ့တိုးလာသည်။ ထိုအခိုက်မှာပင် တံခါးဘောင်တစ်ဖက်ကို ကျောက်သားနံရံနှင့် စုပ်တွယ်ထားသော မှုလီများသည် ပြုတ်ထွက်သွားကြလေတော့သည်။ ဤတွင် သစ်သားတံခါးဘောင်ကြီးသည် ကျွတ်ခနဲ မြည်သံနှင့်အတူ ဥမင်လိုဏ်ခေါင်းထဲတွင် ကန့်လန့်ဖြတ်ပြုတ်ကျလာလေ၏။ တံခါးဘောင်မှ သစ်သားတန်းကြီးများသည် အလွန်ကြီးမားသော ကတ်ကြေးတစ်လက်မှ အသွားများပမာ တစ်ခုပေါ်တွင်တစ်ခု ကန့်လန့်ဖြတ်၍ ကျလာကြသည်။ ရောဒ်၏ လက်နှစ်ဖက်စလုံးသည် ထိုသစ်သားတန်းများအကြား၌ ရောက်ရှိနေသည်ဖြစ်ရာ ရောဒ်၏ လက်ဖျံနှစ်ဖက်မှ အရိုးများသည် ဖြောင်းခနဲမြည်သံနှင့်အတူ သွင်သွင် ကျိုးသွားရလေတော့သည်။

ပြင်းထန်လှသော ဝေဒနာကြောင့် စူးစူးဝါးဝါးအော်လိုက်မိသော ရောဒ်သည် ရာဘာလှေကလေး၏ ဝမ်းဗိုက်ထဲသို့ လဲကျသွားသည်။ ရောဒ်၏ လက်နှစ်ဖက်စလုံးသည် အသုံးမဝင်တော့သည့်အပြင် အရိုးများ ကျိုးနေသောကြောင့် ကိုးရိုးကားရားပုံစံနှင့် အပြင်ဘက်သို့ လန်ထွက်နေကြသည်။ ရောဒ်နှင့် သုံးပေအကွာ၌ ရှိနေသော ဘစ်ကင်းသည် ရေထဲ၌ ရှိနေဆဲ ဖြစ်သည်။ သူ့ပါးစပ်သည် ခပ်ကျယ်ကျယ်ဟနေသော်လည်း သူ့လည်ချောင်းထဲမှ မည်သည့်အသံမှ ထွက်ပေါ်မလာခဲ့ပါ။ သူသည် အနက်ရောင် ရုပ်တုကြီးတစ်ခုပမာ မတ်တတ်ရပ်လျက်ပင် ရှိနေသေးသော်လည်း သူ့မျက်လုံးများသည် မျက်လုံးအိမ်ထဲမှ ပြူးထွက်နေကြသည်။ ရောဒ်သည် သူကိုယ်တိုင် ဝေဒနာကို ပြင်းထန်စွာ

ခံစားနေရသည့်တိုင်အောင် ဘစ်ကင်း၏ မျက်နှာပေါ်မှ ရှုံ့မဲ့နေသော အမူအရာ အကြောင်း ထိတ်လန့်သွားမိသည်။

ရေမျက်နှာပြင်၏ အောက်ဘက်တွင်လည်း သစ်သားချောင်းများသည် ကတ်ကြေးတစ်လက်မှ အသွားများပမာ တစ်ခုပေါ်သို့ တစ်ခုက ကန့်လန့်ဖြတ်၍ ကျနေကြသည်ဖြစ်ရာ ထိုကန့်လန့်ဖြတ်၍ ကျနေသော သစ်သားချောင်းများသည် ဘစ်ကင်း၏ ခန္ဓာကိုယ်အောက်ပိုင်းကို မိမိရရ ညှပ်ထားကြလေပြီ။ ထိုသစ်သားချောင်းများသည် ဘစ်ကင်း၏ တင်ပါးဆုံကို ကျိုးကြေသွားအောင် ညှပ်ထားလိုက်ကြသည်။ ထိုသစ်သားချောင်းများက ဘစ်ကင်းအား ပြုတ်တူပမာ လှုပ်မရအောင် ချုပ်နှောင်ထားခဲ့ကြလေပြီတည်း။

လူမည်းတစ်ယောက်၏ မျက်နှာနှင့် လူဖြူတစ်ယောက်တို့၏ မျက်နှာများသည် သုံးပေခန့်အကွာတွင် ရှိနေကြသည်။ ဒုက္ခဝေဒနာကို ခံစားနေကြရသော ရဲဘော်ရဲဘက်နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ထိုနေရာမှ လွတ်မြောက်ရန် နည်းလမ်းမရှိတော့ကြောင်း သိနေကြသည်။ သူတို့နှစ်ယောက်စလုံး ကံဆိုးမိုးမှောင်ကျခဲ့လေပြီ။

"ကျုပ်လက်တွေ"

ရောဒ်က အသံအက်ကွဲကွဲနှင့် တိုးတိုးကလေး ပြောလိုက်၏။

"ကျုပ်လက်တွေကို သုံးလို့မရတော့ဘူး"

ပြူးထွက်နေသော ဘစ်ကင်း၏ မျက်လုံးများက ရောဒ်၏ အကြည့်ကို ပြန်ကြည့်နေသည်။

ရောဒ်က အရေးတကြီး ခပ်တိုးတိုးပြောလိုက်ပြန်၏။

"ခင်ဗျားက ယမ်းဘီလူးခွံတဲ့ ကိရိယာကို လှမ်းယူနိုင်သလား၊ အဲဒါကို ယူပြီး လက်တံကို လှည့်လိုက်ပါ ဘစ်ကင်းရေ၊ ယမ်းဘီလူးတွေကို ဖောက်ခွဲပစ်လိုက်ပေတော့"

ဝေဒနာကြောင့် ကြောင်တောင်တောင်ဖြစ်နေသော ဘစ်ကင်း၏ မျက်လုံးထဲတွင် နားလည်သည့် အရိပ်အရောင်များ ဖြည်းညင်းစွာ ပေါ်ပေါက်လာလေပြီ။

"ကျုပ်တို့နှစ်ယောက် လမ်းဆုံးကို ရောက်နေကြပြီ ဘစ်ကင်း၊ ဒီတော့ ယောက်ျားပီပီသသ သေကြရအောင်၊ ယမ်းဘီလူးကျူထရဲ့ကွက်ကို ဖောက်ခွဲပြီး ကျောက်ခဲတွေကို ဖြိုချလိုက်ပေတော့"

သူတို့ခေါင်းပေါ်ရှိ ကျောက်သားထုထဲတွင် ယမ်းဘီလူးများကို ကျူထရဲ့

ကွက်ပမာ အပေါက်ဖောက်၍ ထည့်ထားသည်။ ထိုယမ်းဘီလူး ကျူထရဲ့ကွက်အား ဖောက်ခွဲမည့် ဆားကစ်ကိုလည်း ဆက်သွယ်ပြီးခဲ့လေပြီ။ စိတ်လှုပ်ရှားနေသော ရောဒ်သည် ယမ်းဘီလူးများကို ဖောက်ခွဲမည့် ကိရိယာအား လှမ်းကိုင်ရန် ကြိုးစားလိုက်ပြန်၏။ ရောဒ်၏ လက်ဖျံများသည် ကိုးရိုးကားရားနှင့် လှုပ်နေကြသလို လက်ချောင်းကလေးများသည် ပန်းပွင့်တစ်ပွင့်မှ ပွင့်ချပ်ကလေးများပမာ တွဲလွဲကျနေကြသည်။ ရောဒ်၏လှုပ်ရှားမှုသည် ဝေဒနာကြောင့် ဆက်မလှုပ်နိုင်ဘဲ ရပ်တန့်သွားရလေတော့သည်။

"ဘစ်ကင်း ယူလေကွာ"

ရောဒ်က တိုက်တွန်းလိုက်သောကြောင့် ဘစ်ကင်းသည် ဖောက်ခွဲသည့် ကိရိယာကို ကောက်ယူလိုက်ပြီး ရင်ဘတ်ပေါ်တွင် လက်တစ်ဖက်နှင့် ဖိကပ်ထားလိုက်၏။

"လက်ကို လှည့်လိုက်လေ"

ရောဒ်က အားပေးလိုက်သည်။

"လက်ကိုင်ကို လှည့်လိုက်တော့"

သို့ရာတွင် ဘစ်ကင်းသည် လက်ကိုင်ကို လှည့်ရမည့်အစား ရာဘာလေ့ထဲသို့ လက်နှိုက်ပြီး ဓားကောက်ကို သားရေအိတ်ထဲမှ ဆွဲထုတ်လိုက်၏။

"ခင်း ဘာလုပ်နေတာလဲ"

ရောဒ်က မေးလိုက်သည်။ ဤတွင် ဘစ်ကင်းသည် အဖြေပေးသည့် အနေနှင့် ဓားကောက်ကို ပခုံးပေါ်သို့ မြှောက်လိုက်ပြီး သစ်သားတံခါးဘောင်ပေါ်တွင် နိုင်လွန်ကြိုးကို ချည်နှောင်ထားသော နေရာဆီသို့ တအားလွှဲ၍ ခုတ်ချလိုက်၏။ ရှပ်။

ဓားသွားသည် သစ်သားထဲသို့ စိုက်ဝင်သွားပြီး ချည်နှောင်ထားသော နိုင်လွန်ကြိုးကို ဖြတ်တောက်ပစ်လိုက်လေတော့သည်။

ဓားကောက်နှင့် ခုတ်လိုက်သောကြောင့် အနှောင်အဖွဲ့မှ လွတ်သွားသော ရာဘာလှေကလေးသည် ရေစီးကြောင်းနောက်သို့ လှစ်ခနဲ ပါသွားလေတော့သည်။ တလူးလူး တလွင့်လွင့်ရှိနေသော ရာဘာလှေထဲ၌ ပိုးလိုးပက်လက်ရှိနေသော ရောဒ်သည် ရေသန့်များပေါ်မှ လွှမ်း၍ ပေါ်လာသော အသံသြသြကြီးကို ကြားလိုက်ရ၏။

"ငြိမ်းချမ်းစွာ သွားပါတော့ ကိုယ့်မိတ်ဆွေကြီးရေ"

ထိုနောက် ဒဏ်ရာရနေသော ရောဒ်သည် ဥမင်လိုဏ်ခေါင်းတစ်လျှောက်တွင် ပြောင်းဆန်အောင် လည်နေသော ရထားလှေကလေးထဲ၌ မသက်မသာ လိုက်ပါသွားရလေတော့သည်။ ရောဒ်၏ မီးခွက်မှ မီးရောင်ထဲတွင် ဥမင်လိုဏ်ခေါင်း၏ မျက်နှာကြက်နှင့် နံရံများသည် သဲသဲကွဲကွဲ မရှိဘဲ ရိပ်ခနဲ ရိပ်ခနဲနှင့် လျင်မြန်စွာ လှုပ်ရှားနေကြသည်။ ထိုခရီးသည် ငရဲသို့သွားသော ခရီးကြမ်းကြီးပင် ဖြစ်ပေသည်တကား။

ထိုနောက် ဖြန်းခနဲဆိုသလို ကျဉ်းမြောင်းလှသော ဥမင်လိုဏ်ခေါင်းထဲတွင် နားအူသွားအောင် ကျယ်လောင်လှသော ပေါက်ကွဲသံကြီးကို ရှည်ရှည်လျားလျား ကြားလိုက်ရလေရာ ဘစ်ကင်းသည် ယမ်းဘီလူး ကျူထရံကွက်ကို ဖောက်ခွဲပစ်လိုက်ပြီ ဖြစ်ကြောင်း သူသိလိုက်ရလေတော့သည်။ ထိုနောက် ရောဒ်သည် တစ်ဖန်ပြန်လည်၍ မနီးချင်တော့သော အမှောင်ထုထဲသို့ တဖြည်းဖြည်း ရောက်ရှိပြီး သတိလစ်သွားလေ၏။

❐

[၆၃]

ဒီမီထရီသည် အဆောင် ၆၅ ရှိ တွင်းထိပ်တွင် စောင့်ကြောင့်ထိုင်နေသည်။ သူသည် ဆယ်လိပ်မြောက်စီးကရက်ကို သောက်နေခိုက် ဖြစ်သည်။ သူ့အဖွဲ့မှ ကျန်ပုဂ္ဂိုလ်များသည်လည်း သူကဲ့သို့ပင် စိတ်မရှည်နိုင်ဘဲ စောင့်နေကြရသူများ ဖြစ်သည်။ ဒီမီထရီသည် မိနစ်အနည်းငယ်ကြာတိုင်း လိုဏ်ခေါင်းထိပ်သို့ သွားပြီး ပေတစ်ရာနက်သော အဆောင် ၆၆ သို့ မီးခွက်နှင့် မီးထိုး၍ ကြည့်လေ့ရှိသည်။

"သူတို့သွားတာ ဘယ်လောက်ကြာသွားပြီလဲ"

သူက မေးလိုက်ရာ အားလုံးက လက်ပတ်နာရီများကို လှမ်းကြည့်လိုက်ကြသည်။

"တစ်နာရီနဲ့ ဆယ်မိနစ်"

"မဟုတ်ဘူး၊ တစ်နာရီနဲ့ ဆယ်လေးမိနစ်"

"ဘုရား၊ ဘုရား၊ လေးမိနစ်ကလေးနဲ့ ငါ့ကို လူလိမ်လူညာလို့ ပြောလိုက်တာလား"

ထိုနောက် သူတို့လူစုသည် နောက်တစ်ကြိမ် ငြိမ်သက်သွားကြပြန်သည်။ ချက်ချင်းလိုလိုပင် စခန်းမှ တယ်လီဖုန်းသည် စူးစူးရှရှမြည်လာလေတော့သည်။ ဤတွင် ဒီမီထရီသည် ခုန်ထလိုက်ပြီး တယ်လီဖုန်းဆီသို့ ပြေးသွားလေ၏။

"ဘာမှ မထူးသေးပါဘူး မစ္စတာ ဟာတ်ရှဲဖ်လ်"

သူသည် ခေတ္တမျှ နားထောင်နေပြန်သည်။

"ကောင်းပြီလေ၊ ဒါဖြင့်ရင် သူ့ကို အောက်လွှတ်လိုက်ပေါ့"

သူက တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်လိုက်ရာ သူ့အဖွဲ့သားများက သူ့အား မေးမြန်းလိုသော မျက်နှာထားများနှင့် သူ့အား လှမ်းကြည့်လိုက်ကြသည်။ ဒီမီထရီက ရှင်းပြလိုက်၏။

"သူတို့က အောက်ကို ရဲသားတစ်ယောက် လွှတ်လိုက်မယ်တဲ့"

"ဘာကိစ္စနဲ့လဲ"

"သူက ဘစ်ကင်းကို ဖမ်းချင်လို့တဲ့"

"ဘာဖြစ်လို့လဲ"

လူသတ်မှုနဲ့ ဖမ်းဖို့ ဝရမ်းပါလာတယ်တဲ့"

"လူသတ်မှု၊ ဟုတ်လား"

"ဟုတ်တယ်၊ ဘစ်ကင်းက ပေါ်တူဂီစတိုးဆိုင်ပိုင်ရှင်ကို သတ်တယ်လို့ သူတို့က ထင်နေကြတယ်"

"ဘစ်ကင်းက သတ်တာတဲ့လား"

အချိန်ဖြုန်းရန်အတွက် စကားပြောချင်နေကြသော ထိုလူသိုက်သည် ပြောစရာ အကြောင်းအရာတစ်ခု ပေါ်လာပြီ ဖြစ်သောကြောင့် အားရပါးရပြောကြဆိုကြလေတော့သည်။

စုံထောက် အင်စပိတ်တော်သည် အဆောင် ၆၅ သို့ ဓာတ်လှေကားနှင့် ရောက်ရှိလာ၏။ သို့ရာတွင် သူ့ရုပ်သွင်ကို မြင်ရသည်မှာ စိတ်ပျက်စရာကောင်းလှသည်။ သူသည် အဆင့်အတန်း နိမ့်လှသော သဘာရာဇာတစ်ယောက်နှင့် တူနေပြီး သူတို့က မေးမြန်းကြသည် မေးခွန်းမှန်သမျှကို ဝမ်းနည်းသော အကြည့်နှင့် ပြန်၍ စိုက်ကြည့်နေသောကြောင့် မေးသူများသာ စကားအထစ်

အထစ် ဖြစ်သွားရလေတော့သည်။

ဒီမီထရီသည် ဆယ်ငါးကြိမ်မြောက်အဖြစ် တွင်းထိပ်သို့ သွားပြီး တွင်းထဲသို့ ငုံ့ကြည့်လိုက်၏။ ယမ်းဘီလူး ကျူထရက်ကွက်ကို ဖောက်ခွဲလိုက်မှုက သူတို့၏ ပတ်ဝန်းကျင်တွင် ရှိသော မြေကြီးများအား တုန်လှုပ်သွားစေသလို မိုးခြိမ်းသံကဲ့သို့ တဝုန်းဝုန်းမြည်နေသော အသံကြီးသည် စက္ကန့်ပေါင်းများစွာ ကြာအောင် ဆက်လက်၍ မြည်နေလေသည်။

“သူတို့ အောင်မြင်သွားပြီ”

ဒီမီထရီသည် ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးနောက် ဝမ်းသာအားရ ထကတော့သည်။ သူ့တပည့်များသည် လေထဲသို့ ထခုန်လိုက်ကြပြီး ရယ်မောကြရင်း အော်ဟစ်ကြရင်း တစ်ယောက်ကျောကုန်းကို တစ်ယောက်က ထုနေကြသည်။ စုံထောက် အင်စပိတ်တော် တစ်ဦးတည်းသာ ထိုကဲ့သို့ မြူးထူးပျော်ရွှင်ကြသည့် ကိစ္စထဲတွင် ဝင်ရောက်ပါဝင်ခြင်းမပြုပါချေ။

နောက်ဆုံးတွင် ဒီမီထရီက အော်ဟစ်၍ ပြောလိုက်၏။

“နေဦးဟေ့၊ မင်းတို့အားလုံး ပါးစပ်ပိတ်ထားကြစမ်း၊ ပါးစပ်ပိတ်ထားပြီး နားထောင်ကြစမ်း”

သူတို့အားလုံး ငြိမ်သွားကြသည်။ တစ်ယောက်က မေးလိုက်၏။

“ဘာဖြစ်လို့လဲ၊ ကျုပ်တော့ ဘာမှ မကြားရဘူး”

“အဲဒါပဲပေါ့”

ဒီမီထရီက ဝမ်းသာအားရ ပြောလိုက်၏။

“ရေသံလေ၊ အခု ရပ်သွားပြီ”

ထိုအချိန်ကျမှ သူတို့အားလုံးကို နားအူနေစေအောင် တဝုန်းဝုန်းဖြစ်ပေါ်နေစေခဲ့သော ရေသံသည် ရပ်ဆိုင်းသွားပြီ ဖြစ်ကြောင်း သတိထားမိကြတော့သည်။ ဥမင်လိုဏ်ခေါင်းထဲ၌ ငြိမ်သက်နေလေပြီ။ ဘုရားရှိခိုးကျောင်းထဲ၌ ငြိမ်နေသလို ငြိမ်သက်နေသည်။ သူတို့သည် ဝမ်းသာအားရ ထ၍ အော်လိုက်ကြပြန်၏။ ထို့နောက် ဒီမီထရီသည် သံလှေကားဆီသို့ ပြေးသွားပြီး အောက်ဘက်သို့ မျောက်တစ်ကောင်ပမာ သွက်လက်စွာ ပြေးဆင်းသွားလေတော့သည်။

ဒီမီထရီသည် ပေသုံးဆယ်ဝေးသော အမြင့်မှ နေ၍ တွင်းထိပ်ရှိ အမှိုက်သရိုက်များအကြားတွင် ရောက်ရှိနေသော အသက်ကယ်လှေကို မြင်လိုက်ရသည်။ ထိုလှေထဲတွင် ခွေခွေခေါက်ခေါက်ရှိနေသော ပုဂ္ဂိုလ်ကိုလည်း သူ မှတ်မိလိုက်သည်။

“ရော့ဒ်”

ဒီမီထရီသည် အဆင့် ၆၆ မှ စခန်းသို့ မရောက်ခင် လှမ်းအော်လိုက်၏။

“ရော့ဒ်၊ ခင်ဗျား နေကောင်းရဲ့လား”

ဥမင်လိုဏ်ခေါင်း၏ ကြမ်းပြင်သည် ရွံ့စွတ်နေဆဲ ဖြစ်သဖြင့် ဟိုနေရာ သည်နေရာတွင် ဥမင်လိုဏ်ခေါင်းထိပ်ဆီသို့ ကွေ့ကွေ့ကောက်ကောက်နှင့် စီးနေသော ရေစီးကြောင်းကလေးများကို တွေ့မြင်နေရသည်။ ဒီမီထရီသည် သောင်တင်နေသော ရာဘာလှေဆီသို့ ပြေးဆင်းသွားပြီး ရော့ဒ်အား ပက်လက်လန်သွားအောင် လှန်လိုက်၏။ ဤတွင် သူက ရော့ဒ်၏လက်များကို မြင်တွေ့သွားတော့သည်။

“ဘုရားသခင် ကယ်တော်မူပါဘုရား”

သူသည် ထိတ်လန့်တကြား အော်လိုက်မိပြီးနောက် လှေကားပေါ်သို့ လှမ်းအော်လိုက်၏။

“ဒီကို ထမ်းစင်တစ်ခု ယူခဲ့ကြဟေ့”

*

ရော့ဒ် သတိပြန်ရလာချိန်တွင် သူသည် ထမ်းစင်တစ်ခုပေါ်၌ နိုင်မြဲစွာ ချည်နှောင်၍ စောင်များနှင့် အခြုံခံထားရသည်ကို သိလိုက်ရသည်။ သူ့လက် နှစ်ဖက်ကို ပတ်တီးနှင့် ကျပ်စည်းထားကြပြီး သူကြားရဖူးသော တခေါက်ခေါက် မြည်သံနှင့် လေတိုးနေမှုတို့ကြောင့် သူသည် ဓာတ်လှေကားနှင့် အပေါ်သို့ တက်နေကြောင်း သိလိုက်သည်။

သူသည် အသံကျယ်ကျယ်လောင်လောင်နှင့် ငြင်းခုံနေသော ဒီမီထရီ၏ အသံကို မှတ်မိလိုက်၏။

“ဘယ်ဖြစ်မလဲ၊ ဒီလူက ဒဏ်ရာကြီးကြီးကျယ်ကျယ် ရနေပြီး သတိလည်း လစ်နေတယ်၊ ခင်ဗျားက သူ့ကို မနှောင့်ယှက်လို့ မဖြစ်ဘူးလား”

ထူးခြားသော အသံတစ်သံက ဖြေလိုက်၏။

“ကျုပ်မှာလည်း ကျုပ်တာဝန်ကို ထမ်းဆောင်ဖို့ ရှိသေးတယ်”

“သူက ဘာလိုချင်လို့လဲ ဒီမီထရီ”

ရော့ဒ်အသံက အက်အက်ကွဲကွဲနှင့် ထွက်ပေါ်လာသည်။

"ရောဒ်၊ ခင်ဗျား ဘယ်လိုနေသေးသလဲ"

သူ့အသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဒီမီထရီသည် စိုးရိမ်တကြီးနှင့် ထမ်းစင်နံဘေး၌ ဒူးထောက်ပြီး ထိုင်ချလိုက်၏။

"နေလို့ သိပ်မကောင်းဘူး"

ရောဒ်က တိုးတိုးကလေး ပြောလိုက်သည်။

"ဒီငတိက ဘာလိုချင်လို့လဲ"

"သူက ရဲအရာရှိတစ်ဦးလေ၊ သူက ဘစ်ကင်းကို လူသတ်မှုနဲ့ ဖမ်းချင် လို့တဲ့"

ဒီမီထရီက ရှင်းပြလိုက်၏။

"ဒါဆိုရင် သူ နည်းနည်းကလေး နောက်ကျသွားပြီ"

ရောဒ်က လေသံကလေးနှင့် ပြောလိုက်၏။ ရောဒ်သည် ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည့်တိုင်အောင် ထိုကိစ္စကို ရယ်စရာကောင်းလှသည်ဟု ထင်လိုက်သည်။ သူက ရယ်လိုက်၏။ သူက ရှိုက်၍ ရှိုက်၍ ရယ်လိုက်သည့်အခါတိုင်း သူ့လက်မောင်းတစ်လျှောက်သို့ နာကျင်သော ဝေဒနာက ဆောင့်၍ ဆောင့်၍ တက်သွားလေသည်။ ရောဒ်သည် ကိုယ့်ကိုယ်ကို ထိန်းနိုင်စွမ်းမရှိဘဲ တားမနိုင်ဆီးမရ ရယ်မောနေသည်။ သူ့မျက်နှာပေါ်မှ ချွေးများကလည်း တဒီးဒီးကျနေသည်။

ဒေါက်တာစတာန်းဒါးက သူ့လက်မောင်းထဲသို့ ဆေးထိုးအပ်ကို ထိုးသွင်းလိုက်ချိန်အထိ ရောဒ်သည် 'သူနည်းနည်းလေး နောက်ကျသွားတယ်'ဟု ပြောရင်း တားမနိုင်ဆီးမရ ရယ်မောနေဆဲပင်တည်း။

❒

[၆၈]

ဟာရီဟာတ်ရှိုဖဲလ်သည် အဆောင် ဖြဖြ မှ ပင်မဥမင်ကြီးထဲတွင် မတ်တတ်ရပ်နေသည်။ သူ့ပတ်ပတ်လည်တွင် လူပေါင်းများစွာ ဖျားပန်းခပ်အောင် အလုပ်

ရှုပ်နေကြသည်။ ကွန်ကရီလောင်းပေးမည့် ကုမ္ပဏီမှ ဝန်ထမ်းများသည် သူတို့၏ ပစ္စည်းကိရိယာများကို လူများနှင့် ရှုပ်ထွေးနေသော ဥမင်လိုဏ်ခေါင်းကြီးဆီသို့ သယ်ယူလာကြလေပြီ။

ထိုပုဂ္ဂိုလ်များသည် အခြားကုမ္ပဏီတစ်ခုမှ အထူးကျွမ်းကျင်မှုရှိသော ဝန်ထမ်းများပင် ဖြစ်သည်။ သူတို့သည် ယမ်းဘီလူးနှင့် ဖောက်ခွဲပိတ်ဆို့ထားသော ဥမင်လိုဏ်ခေါင်းထဲသို့ ကွန်ကရီအရည်များကို စတင်၍ လောင်းထည့်ကြပေတော့မည်။ သူတို့က စတုရန်းတစ်လက်မလျှင် ပေါင်သုံးထောင် ဖိအားထက် ပိုများသော ဖိအားနှင့် ကွန်ကရီအရည်များကို လောင်းထည့်ကြမည် ဖြစ်သည်။ ထိုကွန်ကရီများ ခဲသွားကြသည့်အခါ ဥမင်လိုဏ်ခေါင်းကို ထိရောက်စွာ ထာဝရပိတ်ဆို့ထားသော အဆို့ကြီးတစ်ခု ဖြစ်လာပေလိမ့်မည်။ ၎င်းအပြင် ထိုနေရာသည် ဘစ်ကင်း၏ ရုပ်အလောင်းကို မြှုပ်နှံထားသော ဂူသချိုင်းကြီးလည်း ဖြစ်ပေလိမ့်မည်။ ဆွန်ဒါဒစ်ချ်ကို ကယ်ဆယ်ခဲ့သော ပုဂ္ဂိုလ်တစ်ယောက်အတွက် ထိုက်တန်သော အထိမ်းအမှတ်တစ်ခုပင် ဖြစ်သည်ဟု ဟာရီဟာတ်ရှိုဖဲလ်က တွေးလိုက်သည်။

သူက ထိုကွန်ကရီအခဲကြီး၏ အပြင်ဘက်တွင် ဘစ်ကင်း၏ လုပ်ရပ်များကို ချီးကျူးဖော်ပြထားသော သင့်လျော်သည့် အထိမ်းအမှတ်စာတန်းတစ်ခု ကပ်ထားရန် စီစဉ်ဦးမည်။

ထိုပုဂ္ဂိုလ်အား မှီခိုနေသူများကို စနစ်တကျ ပြုစုစောင့်ရှောက်ပေးရမည်။ ထိုအထိမ်းအမှတ်စာတန်းအား ဖွင့်လှစ်သည့် အခမ်းအနားသို့ လာနိုင်အောင် သူတို့ကို လေယာဉ်ဖြင့်နှင့်ပင် ဖိတ်ကြားကောင်း ဖိတ်ကြားရပေလိမ့်မည်။ သို့ရာတွင် သူက ဒီကိစ္စကို ဝန်ထမ်းရေးရာနှင့် ပြည်သူ့ဆက်ဆံရေးဌာနသို့ လွှဲအပ်လိုက်မည်သာ ဖြစ်သည်။

ထိုဥမင်လိုဏ်ခေါင်းကြီးသည် ရှုံ့စော်နံလှသည်။ ထိုအတူ စွတ်စိုပြီး အေးမြနေသောကြောင့် ခါးနာသောဝေဒနာကို ပို၍ ဆိုးရွားသွားစေနိုင်သည်။ ၎င်းအပြင် ဟာရီသည် သူမြင်သင့်မြင်ထိုက်သော ကိစ္စမှန်သမျှကို တွေ့မြင်ပြီးခဲ့လေပြီ။ သူသည် တွင်းထိပ်သို့ ပြန်လျှောက်လာခဲ့၏။ သူသည် လာမည့်ရက်ပိုင်းအတွင်း ဆွန်ဒါဒစ်ချ်မိုင်းတွင်း အောက်ပိုင်း၌ ရေမရှိတော့အောင် စုပ်ထုတ်ပေးကြမည့် အလွန်အားကောင်းလှသော ရေစုပ်စက်ကြီးများ၏ ခပ်အုပ်အုပ် အသံများကို သတိထားမိနေသည်။ ကမန်းကတန်း ခေတ်ကြိုးသွယ်၍ မီးထွန်း

ထားသော ဥမင်လိုက်ခေါင်းနံရံ၏ တစ်ဖက်ဘေးနားတွင် စောင်များနှင့် အုပ်ဆိုင်းထားသော ထမ်းစင်များ စီတန်း၍ ရှိနေကြသည်။ ဟာရီသည် ထိုထမ်းစင်များအား ဖြတ်သန်းသွားရချိန်တွင် သူ့အမူအရာသည် မာကျော ခက်ထန်သွားတော့သည်။

"ဒီကိစ္စအတွက် တာဝန်ရှိတဲ့လူကို ငါ ဖြတ်ဖြတ်သားသား အရေးယူမယ်"

ဟာရီဟာတ်ရှ်ဖဲလ်သည် ဓာတ်လှေကားကို စောင့်နေစဉ် တိတ်တိတ်ဆိတ်ဆိတ် အဓိဋ္ဌာန်ပြုလိုက်လေသည်။

*

တယ်ရီစတိုင်းနားသည် သူနာတင်ကားနောက်ပိုင်းတွင် ဧရာဒ်နှင့်အတူ စီးနင်းလိုက်ပါလာသည်။ တယ်ရီသည် ဧရာဒ်၏ မျက်နှာပေါ်မှ ရွှံ့များကို သုတ်ပေးလိုက်၏။ တယ်ရီက မေးလိုက်သည်။

"ဒန်၊ သူ့အခြေအနေ တော်တော်ဆိုးသလား ဟင်"

"သိပ်မဆိုးပါဘူး၊ သူ တစ်ရက်နှစ်ရက်ကြာရင် ထူထူထောင်ထောင် ပြန်ဖြစ်လာမှာပါ။ လက်မောင်းတွေကတော့ အခြေအနေ သိပ်မကောင်းလှဘူးပေါ့လေ၊ ဒါကြောင့် ကိုယ်က သူ့ကို ဂျိုဟန်နာစဘာတ်ခ်ကို တိုက်ရိုက်သယ်လာတာပေါ့။ အရိုးကု စပါယ်ရှယ်လစ် ဆရာဝန်တစ်ယောက်က သူ့ကို ကုသပေးစေချင်တယ်၊ အဲဒါကလွဲရင် သူသွေးနည်းနည်းလန့်နေတယ်၊ သူ့လက်တွေမှာလည်း နေရာအတော် ခပ်များများမှာ စုတ်ပြတ်ပေါက်ပြဲနေတယ်၊ ဒါပေမဲ့ သူနေကောင်းသွားမှာပါ"

တယ်ရီသည် ဧရာဒ်၏ စိုထိုင်းနေသော ဆံပင်ကို ထိရောက်မှု မရှိဘဲ ရှင်းလင်းပေးရန် ကြိုးစားနေသည်ကို ဒန်က စိတ်ဝင်တစား စောင့်ကြည့်နေသည်။ ဒန်စတန်းဒါးက မေးလိုက်၏။

"မင်း ဆေးလိပ်သောက်ချင်သလား"

"ကျွန်မကို တစ်လိပ် မီးညှိပေးပါ ဒန်"

ဒန်က စီးကရက်တစ်လိပ် ကမ်းပေးလိုက်သည်။

"ခင်ဗျားနဲ့ ဧရာဒ် ဒီလောက်အထိ ခင်မင်ကြတယ် ဆိုတာ ကျွန်တော်

တောင် မသိလိုက်ဘူး"

ဒန်စတန်းဒါးက သွေးတိုးစမ်းလိုက်၏။

တယ်ရီက ဒန်အား ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ရှင်က တော်တော် ယဉ်ကျေးသိမ်မွေ့တဲ့ ပုဂ္ဂိုလ်ပဲ"

တယ်ရီက လှောင်လိုက်၏။

"ဒါ ကိုယ့်ကိစ္စတော့ မဟုတ်ပါဘူးလေ"

ဒန်က သူ့စကားကို ကမန်းကတန်း ပြန်ရုပ်သိမ်းလိုက်သည်။

"မရှူးစမ်းပါနဲ့ရှင် ရှင်က ဧရာဒ်ရဲ့ သူငယ်ချင်းကောင်းတစ်ယောက်၊ ဂျိုင်းက ကျွန်မသူငယ်ချင်း။ ရှင်တို့နှစ်ယောက်စလုံး သိထိုက်ပါတယ်၊ ကျွန်မကတော့ ဟောဒီက ပုဂ္ဂိုလ်ကို အရူးအမူး သွေးရူးသွေးတန်း ချစ်နေမိပါပြီ။ ကျွန်မက မင်းဖရက်နဲ့ ဖြစ်နိုင်သမျှ အစောဆုံး ကွာရှင်းပြတ်စဲဖို့ ရည်ရွယ်ထားပါတယ်"

"ဧရာဒ်က ခင်ဗျားကို လက်ထပ်မှာလား"

"သူက အိမ်ထောင်ရေးအကြောင်း စကားတစ်ခွန်းမှ မပြောသေးပါဘူး။ ဒါပေမဲ့ ကျွန်မက သူ့ကို အစွမ်းကုန် ဖြားယောင်းသွေးဆောင်ရလိမ့်မယ်"

တယ်ရီက ပြုံးလိုက်ရာ ဒန်စတန်းဒါးပါ ရယ်ရလေတော့သည်။

"ဒါဆိုရင် ခင်ဗျားတို့နှစ်ယောက်စလုံး ကံကောင်းကြပါစေ၊ ဧရာဒ်အနေနဲ့ တခြား တစ်နေရာမှာ အလုပ်ရနိုင်လိမ့်မယ်လို့ ကျုပ် ထင်ပါတယ်"

တယ်ရီက မေးလိုက်၏။

"ရှင် ဘယ်လို ပြောလိုက်တာလဲ"

"ခင်ဗျား အဘိုးက သူ့ကို အလုပ်က ထုတ်ပစ်မယ်လို့ ကြိမ်းမောင်းနေတယ်လို့ ပြောနေကြတာပဲ"

တယ်ရီ ငြိမ်ကျသွားတော့သည်။ ဘိုးဘိုးက သက်သေပြပါဟု ပြောခဲ့သည်။ သက်သေပြစရာ ဘာများ ရှိပါသနည်း။

*

"သူတို့က အိပ်စရေး အစီရင်ခံစာတွေကို စောင့်နေကြလိမ့်မယ်"

ဂျိုင်းအောလ်ဘရိုက်က သူ၏အယူအဆကို ကြေငြာလိုက်၏။ သူသည် ဒန်နှင့် စေ့စပ်ပြီးချိန်မှစ၍ ဖြန်းခနဲဆိုသလို ဆေးဘက်ဆိုင်ရာ အိတ်စပတ်

တစ်ယောက် ဖြစ်လာခဲ့ရသည်။ သူသည် ဒန်က တယ်လီဖုန်းနှင့် မေတ္တာရပ်ခံချက်အရ ဂျိုဟန်နာစဘတ်ခ် ဗဟိုဆေးရုံကြီးသို့ အပြေးအလွှား ရောက်ရှိလာခဲ့သည်။ ရောဒ်ကို အရေးပေါ်ကုသခန်းထဲသို့ သွင်းသွားစဉ် သူ့အား တယ်ရီနှင့် အတူ ရှိနေစေလိုသောကြောင့် ဒန်က လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။ သူတို့နှစ်ယောက် ဧည့်ခန်းထဲ၌ ထိုင်နေကြသည်။

"ကိုယ်လည်း အဲဒီလိုပဲ ယူဆပါတယ်"

တယ်ရီက သဘောတူလိုက်၏။ ဂျိုင်းပြောလိုက်သော စကားတစ်ခွန်းက သူ့စိတ်ကို ဝုန်းခနဲ တုန်လှုပ်သွားစေခဲ့သည်။ သူ သတိရသင့်သည့်ကိစ္စတစ်ခုပင် ဖြစ်သည်။

"သူတို့က ရိုက်ထားတဲ့ ခတ်မှန်တွေကို ပုံပေါ်လာအောင် ဆေးဖိုကူးဖို့ မိနစ်နှစ်ဆယ်လောက် ကြာတယ်။ အဲဒီနောက်ပိုင်းကျမှ ခတ်မှန်ပါရဂူက ဖလင်ကော်ပြားတွေကို စစ်ဆေးကြည့်ရှုပြီး ဆရာဝန်ကြီးဆီကို အစီရင်ခံစာရေးတယ်"

ဒီနေရာမှာ ဂျိုင်းက နောက်တစ်ခါ ထပ်ပြောပြန်လေပြီ။ တယ်ရီသည် ကိုယ်ကို မတ်မတ်ဖြစ်အောင် ပြင်ထိုင်လိုက်ပြီးနောက် ဂျိုင်းပြောသော စကားကို အာရုံစိုက်၍ စဉ်းစားလိုက်ပြန်၏။ မည်သည့်စာလုံးက သူ့ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါသနည်း။

တယ်ရီ ဖြုန်းခနဲ သိသွားတော့သည်။

"အစီရင်ခံစာပဲပေါ့"

တယ်ရီက ရုတ်တရက် ပြောချလိုက်၏။

"အဲဒါပဲ သက်သေခံပစ္စည်းဆိုတာ အစီရင်ခံစာပဲ"

တယ်ရီသည် ကုလားထိုင်ပေါ်မှ ခုန်ထလိုက်၏။

"ဂျိုင်း မင်းကားသော့ ကိုယ့်ကို ပေးစမ်း"

တယ်ရီက တောင်းဆိုလိုက်သည်။

"ဘာဖြစ်ရပြန်တာတုန်း"

ဂျိုင်းတစ်ယောက် အထိတ်တလန့် ဖြစ်သွားပုံရသည်။

"ကိုယ် အခု ရှင်းပြနေလို့ မဖြစ်ဘူး၊ ကိုယ် ဆန်းဒေါင်းမှာရှိတဲ့ အိမ်ကို ချက်ချင်း ပြန်မှ ဖြစ်လိမ့်မယ်၊ မင်းသော့ ကိုယ့်ကိုပေး၊ ကိုယ်နောက်မှ ရှင်းပြမယ်"

ဂျိုင်းသည် ပိုက်ဆံအိတ်ထဲသို့ လက်နှိုက်ပြီးနောက် သော့ထည့်ထားသော သားရေအိတ်ငယ်ကလေးတစ်ခုကို ထုတ်ယူလိုက်၏။ တယ်ရီက ဖျတ်ခနဲလှမ်းယူလိုက်သည်။

တယ်ရီက မေးလိုက်၏။

"မင်း မော်တော်ကားကို ဘယ်ဘက်မှာ ရပ်ထားသလဲ"

"အဝင်ဂိတ်နားက မော်တော်ကားရပ်တဲ့ နေရာမှာ"

"ဂျိုင်းရေ ကျေးဇူးတင်ပါတယ်"

တယ်ရီသည် ဧည့်ခန်းထဲမှ ပြေးထွက်သွားတော့သည်။ ဂျိုင်းသည် သူ့နောက်သို့ လိုက်ကြည့်ရင်း ငေးရှုတ်လိုက်မိ၏။

"တော်တော်ရူးတဲ့ အမျိုးသမီးပဲ"

ဆယ်မိနစ်ကြာသောအခါ ဧည့်ခန်းထဲသို့ ဒန် ပြန်ဝင်လာသည်။

"ရောဒ် နေကောင်းသွားပြီ၊ တယ်ရီ ဘယ်မှာလဲ"

"သူ စိတ်ရူးပေါက်သွားတယ်"

တယ်ရီတစ်ယောက် ရုတ်တရက် ထွက်ခွာသွားပုံကို ဂျိုင်းက ရှင်းပြလိုက်၏။ ဒန် စိုးရိမ်သွားပုံရသည်။

"ကိုယ်တို့ သူ့နောက်ကို လိုက်ကြမှ ဖြစ်မယ် ဂျိုင်း"

"ရှင်ပြောတာ မှန်တယ် ဒါလင်"

"ကိုယ် ကုတ်အင်္ကျီ ပြေးယူလိုက်ဦးမယ်"

ဒန်က ပြောလိုက်လေသည်။

*

ရောဒ်က သူ့အား ပြောပြခဲ့သော မဟာယောက်ချိုကြီးနှင့် သက်ဆိုင်သည့် ဘူမိဗေဒ အစီရင်ခံစာကို မင်းဖရက် သိမ်းဆည်းထားမည့် နေရာမှာ တစ်နေရာတည်းသာ ဖြစ်သည်။ ထိုနေရာမှာ မင်းဖရက်၏ စာကြည့်ခန်းထဲရှိ နံရံနောက်ဘက်မှ မီးခံသေတ္တာပင် ဖြစ်သည်။ ထိုမီးခံသေတ္တာထဲတွင် သူ့လက်ဝတ်ရတနာများကိုပါ သိမ်းဆည်းထားသောကြောင့် တယ်ရီ့ထံတွင် မီးခံသေတ္တာဖွင့်သည့်သော့နှင့် မီးခံသေတ္တာကို ဖွင့်သော လျှို့ဝှက်ဂဏန်းတွဲပါ ရှိနေပေသည်။

တယ်ရီသည် ဂျိုင်း၏ အလ်ဖာရိုမီယို ပြိုင်ကားကလေးနှင့် လမ်းစည်းကမ်းများကို ချိုးဖောက်၍ တရကြမ်းမောင်းနှင်လာခဲ့သော်လည်း ဆန်းဒေါင်း ရှိ

နေအိမ်သို့ ရောက်ရန် သုံးဆယ်ငါးမိနစ် ကြာမြင့်ခဲ့ပေသည်။ တယ်ရီသည် မော်တော်ကားကို ဂိုဒေါင်ရှေ့၌ ရပ်တန့်လိုက်ချိန်တွင် ညနေ ငါးနာရီကျော် နေလေပြီ။

ဥယျာဉ်မှူးများ၏ အလုပ်ချိန်မှာ ညနေငါးနာရီအထိသာ ဖြစ်သောကြောင့် ကျယ်ဝန်းလှသော ပန်းခြံထဲတွင် လူသူကင်းရှင်းနေသည်။ မင်းဖရက်ကိုယ်တိုင်ကလည်း ဥရောပတိုက်သို့ ရောက်ရှိနေသောကြောင့် ဤအတိုင်းသာ ဖြစ်ရပေမည်ဟု တယ်ရီက တွေးလိုက်၏။ မင်းဖရက်သည် အနည်းဆုံး လေးရက်အတောအတွင်း ပြန်လည်ရောက်ရှိလာလိမ့်မည် မဟုတ်ချေ။

တယ်ရီသည် မော်တော်ကားသော့များကို အလ်ဖာရိုမီယိုမော်တော်ကားထဲတွင် ထားခဲ့ရင်း လမ်းကလေးအတိုင်း ပြေးတက်သွားသည်။ သူသည် ပိုက်ဆံအိတ်ထဲတွင် ကမန်းကတန်း မွှေနှောက်၍ ရှာဖွေပြီးမှ အိမ်ရှေ့ တံခါးသော့ကို ရှာတွေ့သည်။ တယ်ရီသည် အိမ်ရှေ့တံခါးကို သော့နှင့် ဖွင့်လိုက်ပြီးနောက် မင်းဖရက်၏ စာကြည့်ခန်းဆီသို့ တိုက်ရိုက်သွားသည်။ တယ်ရီသည် မီးခံသေတ္တာအား ဖုံးကွယ်ထားသော နံရံကို နံဘေးသို့ တွန်းဖယ်လိုက်ပြီးနောက် အချိန်ကုန်လှသည့် မီးခံသေတ္တာဖွင့်သော လုပ်ငန်းကို စတင်၍ လုပ်ကိုင်ရတော့သည်။ ထိုမီးခံသေတ္တာကို ဖွင့်ရာတွင် သော့နှင့် ဖွင့်ရန် လိုအပ်သည်သာမက လျှို့ဝှက်ဂဏန်းတွဲကိုပါ တွဲဖက်၍ အသုံးပြုရလေသည်။ သို့ရာတွင် တယ်ရီသည် မီးခံသေတ္တာအား ကျွမ်းကျွမ်းကျင်ကျင် ဖွင့်သည့်အလုပ်ကို တတ်မြောက်ခဲ့ခြင်း မရှိပါ။

နောက်ဆုံး မီးခံသေတ္တာတံခါး ပွင့်သွားသောအခါ တယ်ရီသည် အလွန်များပြားသော စာရွက်စာတမ်းများနှင့် ရင်ဆိုင်ရလေတော့သည်။ တယ်ရီသည် စာရွက်စာတမ်းများနှင့် စာတွဲများကို တစ်ခုစီယူ၍ ဖတ်ကြည့်ပြီးနောက် သူ့ဘေးနားရှိ ကြမ်းပြင်ပေါ်တွင် သေသေသပ်သပ် ပုံထားလိုက်၏။

သူသည် ရှာဖွေနေသော အစီရင်ခံစာ၏ ပုံသဏ္ဌာန် အရွယ်အစား၊ သို့မဟုတ် အရောင် စသည်တို့ကို ကြိုတင်၍ သိထားခြင်း မရှိသောကြောင့် ဆယ်မိနစ်ကြာသည့်အခါကျမှ အဖုံးပေါ်တွင် တစ်စုံတစ်ရာ ရေးမှတ်ထားခြင်း မရှိသော စာတွဲတစ်တွဲကို ရှာဖွေတွေ့ပြီး အဖုံးကို ဖွင့်လိုက်နိုင်တော့သည်။ **ကာစ်ချနာစီးလ် ရွှေနယ်မြေနှင့် ပတ်သက်သော ဘူမိဗေဒဆိုင်ရာ လျှို့ဝှက်အစီရင်ခံစာ။** ‘မဟာ ယောက်ချိုကြီး၏ အရှေ့ဘက်ခြမ်းဒေသနှင့် ပတ်သက်သော စပယ်ရှယ်

အစီရင်ခံစာကိုပါ ပူးတွဲဖော်ပြထားသည်’

ထိုအစီရင်ခံစာသည် ဤနေရာတွင် မရှိနိုင်ဟု အစပထမက ယူဆထားခဲ့သောကြောင့် တယ်ရီသည် စာတွဲခေါင်းစဉ်ကို ဖတ်ကြည့်ပြီး အကြီးအကျယ် စိတ်သက်သာရာ ရရှိသွားသည်။ တယ်ရီသည် စာရွက်များကို ကမန်းကတန်း လှန်လှောကြည့်ပြီး ဟိုနားဒီနားကို လျှောက်ဖတ်ကြည့်လိုက်၏။ သံသယဖြစ်စရာ မရှိတော့ပါ။

“ဒါပဲပေါ့”

တယ်ရီက ခပ်ကျယ်ကျယ် ပြောလိုက်မိ၏။

“အဲဒါကို ကိုယ်ယူသွားပါ့မယ်၊ ကျေးဇူးတင်ပါတယ်”

သူကြားဖူးနေသော ကြောက်စရာကောင်းလှသည့် အသံတစ်သံက အဆွေးနယ်ချဲ့နေသော သူ့စိတ်ကူးထဲသို့ ထိုးဖောက်ဝင်ရောက်လာသဖြင့် တယ်ရီသည် ချာခနဲ လှည့်၍ ကမန်းကတန်း မတ်တတ်ထရပ်ပြီး ထိုစာတွဲကို ရင်အုံပေါ်တွင် ဖိကပ်ထားလိုက်သည်။ တယ်ရီသည် တံခါးပေါက်ဝတွင် မတ်တတ်ရပ်နေသူ အမျိုးသားထံမှ နောက်ဘက်သို့ ပြန်ဆုတ်လိုက်၏။

တယ်ရီသည် မိမိ၏ခင်ပွန်းကိုပင် မမှတ်မိတော့ပါ။ သူသည် မင်းဖရက်အား ဤကဲ့သို့သောပုံစံနှင့် တစ်ခါမှ မမြင်ဖူးခဲ့ပါ။ မင်းဖရက်တွင် ကုတ်အင်္ကျီပါမလာသလို သူ့ရှပ်အင်္ကျီတွင် ကော်လာနှင့် ကြယ်သီးများလည်း မပါရှိချေ။ မင်းဖရက်၏ ဘောင်းဘီများသည် တွန့်ကြေပြီး ဖုံရိုးဖားရားဖြစ်နေသောကြောင့် ထိုဘောင်းဘီများနှင့်ပင် အိပ်ရာဝင်ခဲ့ပုံရသည်။ မင်းဖရက်၏ အဖြူရောင် ရှပ်အင်္ကျီရှေ့ဘက်တွင် အဝါရောင် အစွန်းအထင်းတစ်ခု ရှိနေသည်။

သိပ် မများပြားလှသော မင်းဖရက်၏ အညိုရောင် ဆံပင်သည် ရှုပ်ပွနေပြီး နဖူးပေါ်သို့ ဝဲကျနေကြသည်။ သူသည် မုတ်ဆိတ်မွေးမရိတ်ရသေးသလို မျက်လုံးပတ်ပတ်လည်ရှိအသားများသည် အရောင်ဖျော့ပြီး ပွရောင်းရောင်း ဖြစ်နေသည်။

“အဲဒါ ကိုယ့်ကို ပေးစမ်း”

မင်းဖရက်သည် လက်ကို ရှေ့သို့ ဆန့်တန်းပြီး သူ့ထံသို့ တိုးကပ်လာသည်။

“မင်းဖရက်”

တယ်ရီသည် သူ့ထံမှ ခွာထွက်နေဆဲပင် ဖြစ်သည်။

“ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ၊ ရှင် ဘယ်တုန်းက ပြန်ရောက်သလဲ”

"အဲဒါ ငါ့ကို ပေးစမ်း အပျက်မ"

"ရှင်က ကျွန်မကို ဘာဖြစ်လို့ အဲဒီလို ရိုင်းရိုင်းစိုင်းစိုင်း ခေါ်ရတာလဲ"

တယ်ရီက အချိန်ဆွဲလိုသောကြောင့် မေးလိုက်၏။

"အပျက်မ"

သူက ထပ်ရေရွတ်လိုက်ပြီး တယ်ရီ့အား ခုန်အုပ်လိုက်သည်။ တယ်ရီသည် ချာခနဲ လှည့်၍ ညင်သာစွာ ရှောင်ပေးလိုက်၏။

တယ်ရီက စာကြည့်ခန်းတံခါးဆီသို့ ထွက်ပြေးတော့သည်။ မင်းဖရက်က နောက်က ကပ်၍ လိုက်ပါလာသည်။ တယ်ရီသည် မင်းဖရက်ထက် စော၍ စင်္ကြံလမ်းထဲသို့ ပြေးထွက်လာနိုင်သောကြောင့် အိမ်ရှေ့တံခါးဆီသို့ ဦးတည်၍ ပြေးတော့သည်။ သူ့ခုံမြင့်ဖိနပ်သည် စင်္ကြံလမ်းထဲတွင် ခင်းထားသော ကော်ဇောနှင့် ငြိသွားသောကြောင့် ကိုယ်နေဟန်ထား ပျက်သွားပြီး နံရံပေါ်သို့ လဲကျသွားတော့သည်။

"အပျက်မ"

မင်းဖရက်သည် တယ်ရီ့ကိုယ်ပေါ်သို့ ရောက်လာပြီး ထိုအစီရင်ခံစာကို သူ့လက်ထဲမှ လုယူရန် ကြိုးပမ်းတော့သည်။ သို့ရာတွင် တယ်ရီသည် ထိုအစီရင်ခံစာကို တအားကုန် ဖက်တွယ်ထားသည်။ မျက်နှာချင်းဆိုင်၍ ရပ်လိုက်မည် ဆိုပါက သူတို့နှစ်ယောက်၏ အရပ်သည် အတူတူလောက်ပင် ဖြစ်ပြီး မင်းဖရက်၏ ရူးသွပ်နေမှုကို သူ့မျက်လုံးများထဲတွင် မြင်နေရသည်။

မင်းဖရက်သည် တယ်ရီ့အား ဖြန်းခနဲ လွှတ်လိုက်၏။ သူသည် နောက်ဘက်သို့ တစ်လှမ်း ပြန်ဆုပ်ပြီး တယ်ရီ၏ ပါးပြင်ကို လက်သီးဆုပ်နှင့် ဝိုက်၍ ထိုးလိုက်သည်။ ဤတွင် တယ်ရီ၏ ဦးခေါင်းသည် နောက်ဘက်သို့ လန်ထွက်သွားပြီး နံရံနှင့် ဝင်ဆောင့်မိတော့သည်။ မင်းဖရက်သည် တယ်ရီ့အား နောက်တစ်ကြိမ် ထပ်ထိုးလိုက်ပြန်၏။ သူ့နှာခေါင်းထဲမှ နွေးထွေးသောသွေးများ ပန်းထွက်လာသည်ကို ခံစားလိုက်ရပြီး သူသည် နံဘေးရှိ တံခါးပေါက်မှ တစ်ဆင့် ထမင်းစားခန်းထဲသို့ ယိုင်တီးယိုင်တိုင်း ရောက်ရှိသွားတော့သည်။ တယ်ရီသည် ပြင်းထန်စွာ အထိုးခံရသော လက်သီးချက်များကြောင့် မူးဝေနေပြီး ကြီးမားသော သစ်သားစားပွဲကြီးပေါ်သို့ လဲကျသွားသည်။

မင်းဖရက်သည် သူ့နောက်ဘက်မှ ကပ်လျက်သား လိုက်ပါလာသည်။ မင်းဖရက်က တယ်ရီ့အား အတင်းဝင်တိုးဖော့လိုက်ရာ တယ်ရီသည် စားပွဲပေါ်

တွင် နောက်ပြန်လန်၍ လဲကျသွားတော့သည်။ မင်းဖရက်သည် တယ်ရီ့ကိုယ်ပေါ်မှ ခိုးထားပြီး လည်ပင်းကို လက်နှစ်ဖက်နှင့် ကိုင်ညှစ်ထားသည်။

"အပျက်မ၊ မင်းကို ငါသတ်မယ်"

မင်းဖရက်က ပြောလိုက်၏။ သူသည် လက်မနှစ်ချောင်းကို ကွေးပြီး တယ်ရီ၏ လည်ချောင်းထဲသို့ အတင်းဖိ၍ ညှစ်နေသည်။ သွေးရူးသွေးတန်းဖြစ်နေသော တယ်ရီသည် မင်းဖရက်၏ မျက်စိနှစ်လုံးအား လက်နှစ်ဖက်စလုံးနှင့် ကုတ်လိုက်၏။ သူ့လက်သည်းများသည် မင်းဖရက်၏ မျက်နှာကို ခြစ်မိပြီး နီရဲသောအစင်းကြောင်းကြီးများ ဖြစ်ပေါ်လာစေခဲ့သည်။ မင်းဖရက်သည် အော်ဟစ်လိုက်ပြီးနောက် သူ့ကို လွှတ်လိုက်ပြီး ဒဏ်ရာရသွားသော မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ရင်း နောက်ဘက်သို့ ပြန်ဆုတ်သွားရာ တယ်ရီသည် စားပွဲပေါ်၌ ကားကားကြီး ကျန်ရစ်ခဲ့တော့သည်။

သူသည် ခေတ္တမျှ ရပ်နေလိုက်ပြီးနောက် မျက်နှာပေါ်မှ လက်ကို ရုပ်လိုက်ပြီး လက်ပေါ်မှ သွေးများကို ကြည့်ရှုလိုက်၏။

"မင်းကို အဲဒါအတွက် ငါ သတ်မယ်"

သို့ရာတွင် မင်းဖရက်က ရှေ့တိုးလာချိန်တွင် တယ်ရီသည် စားပွဲပေါ်က လိမ့်ချလိုက်တော့သည်။

"အပျက်မ၊ ခွေးမ"

မင်းဖရက်သည် စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး စားပွဲကို ကွေ့ပတ်၍ သူ့နောက်က လိုက်တော့သည်။ တယ်ရီသည် သူ့ရှေ့မှ လွတ်အောင် ပြေးနေရသည်။

နံဘေးရှိ ဗီရိုပေါ်တွင် အရက်ထည့်သော ဖန်ပုလင်းနှစ်လုံး ရှိနေသည်။ တစ်လုံးတွင် ဝိုက်ဝိုင်ထည့်ထားပြီး ကျန်တစ်လုံးတွင် ရှယ်ရီထည့်ထားသည်။ တယ်ရီသည် ပုလင်းတစ်လုံးကို ဆွဲယူလိုက်ပြီး မင်းဖရက်နှင့် မျက်နှာချင်းဆိုင်လိုက်၏။ တယ်ရီသည် ရှိသမျှ ခွန်အားကို အသုံးပြု၍ မင်းဖရက်၏မျက်နှာဆီသို့ ပုလင်းကို ပစ်ထည့်လိုက်သည်။

မင်းဖရက်သည် ခေါင်းငုံ့၍ ရှောင်လိုက်ရန် အချိန်မရလိုက်ပါ။ ထိုဖန်ပုလင်းသည် မင်းဖရက်၏ နဖူးကို ထိမှန်ပြီး ကွဲသွားလေရာ မင်းဖရက်သည် နောက်ပြန်လဲကျပြီး ကြက်သေ သေသွားတော့သည်။ တယ်ရီသည် မင်းဖရက်ထံမှ အစီရင်ခံစာကို ဆတ်ခနဲ ဆွဲယူလိုက်ပြီးနောက် ထမင်းစားခန်းထဲမှ ပြေးထွက်ပြီး စင်္ကြံလမ်းနှင့် အိမ်ရှေ့တံခါးတို့မှတစ်ဆင့် ပန်းခြံထဲသို့ ဆင်းပြေးတော့သည်။

တယ်ရီသည် အိမ်ဝင်းထဲမှ မော်တော်ကားလမ်းအတိုင်း လမ်းမကြီးဆီသို့ ချည်နဲ့စွာ ပြေးထွက်လာခဲ့သည်။

ထိုနောက် သူ့နောက်ဘက်မှ မော်တော်ကားတစ်စီး စက်နှိုးလာသံကို ကြားလိုက်ရသည်။ မောကြီးပန်းကြီးနှင့် ခက်ခက်ခဲခဲ အသက်ရှူနေရသော တယ်ရီသည် အစီရင်ခံစာကို ကိုင်ထားရင်း နောက်ဘက်သို့ ပြန်ကြည့်လိုက်၏။ တယ်ရီ့နောက်သို့ အိမ်ထဲမှ ထွက်လိုက်လာသော မင်းဖရက်သည် ရှိုင်း၏ အယ်ဖာရိုမီယို မော်တော်ကားပေါ်တွင် ရောက်ရှိနေလေပြီ။ တယ်ရီက စောင့်ကြည့်နေစဉ် မင်းဖရက်သည် မော်တော်ကားကို ဂီယာထိုးလိုက်ပြီးနောက် သူ့ထံသို့ အရှိန်ပြင်းပြင်းနှင့် အတင်းမောင်းနှင်လာတော့သည်။ လေကာမှန်နောက်ဘက်ရှိ သူ့မျက်နှာသည် ဖြူဖွေးနေပြီး မျက်နှာပေါ်တွင် တယ်ရီ၏ လက်သည်းရာများနှင့် ပြည့်နှက်နေသည်။ သူ့မျက်လုံးသည် ကြောင်တောင်တောင်နှင့် အရူးထသလိုလို ဖြစ်နေပြီး တယ်ရီအား မော်တော်ကားနှင့် အတင်းဝင်တိုက်တော့မည်မှာ သေချာသွားသည်။

တယ်ရီသည် ဖိနပ်နှစ်ဖက်ကို ချွတ်၍ ကန်ကျောက်ပစ်လိုက်ပြီးနောက် လမ်းပေါ်မှ ဖဲဆင်းပြီး မြက်ခင်းပေါ်သို့ ဖြတ်ပြေးလေတော့သည်။

*

အယ်ဖာရိုမီယို ပြိုင်ကားကလေးပေါ်ရှိ ယာဉ်မောင်းသူထိုင်ခုံ၌ ထိုင်နေသော မင်းဖရက်သည် သူ့ရှေ့မှ လှစ်ခနဲ ထွက်ပြေးသွားသူကို စောင့်ကြည့်နေသည်။

ပြေးလွှားနေသော တယ်ရီ၏ ရှည်လျားသော ခြေထောက်များသည် နေလောင်ထားသောကြောင့် ကြေးနီရောင်ပေါက်နေသည့်အပြင် တယ်ရီ၏ဆံပင်သည် နောက်ဘက်၌ တလူလူ လွင့်နေသည်။

မင်းဖရက်သည် ဘူမိဗေဒ အစီရင်ခံစာ ပြန်လည် ရရှိရေးကို စိတ်မဝင် စားတော့ပါ။ ထိုအစီရင်ခံစာသည် သူ့အတွက် ထူးခြားမှု မရှိတော့ပါ။ သူ ဆောင်ရွက်လိုသည့် ဆန္ဒမှာ ဤအမျိုးသမီးအား စေ့စေ့ညက်ညက် ကြေအောင် ဖျက်ဆီးပစ်ရေးသာ ဖြစ်တော့သည်။ ယခုလို စိတ်ရှုပ်ထွေးနေချိန်တွင် ဤအမျိုးသမီးသည် သူ့အတွက် ဖြစ်ပေါ်နေသော သောကမှန်သမျှ၏ မြစ်ဖျားခံရာ ပုဂ္ဂိုလ်ပင် ဖြစ်သည်။ သူ ကျဆုံး ပျက်စီးရမှု၊ အရှက်ကြီးစွာ ရရှိမှု၊ ထိုကိစ္စအားလုံးသည် ဤအမျိုးသမီးနှင့် ဆက်နွှယ်နေသည်။ သူသည် ဤအမျိုးသမီးအား

အယ်ဖာရိုမီယို မော်တော်ကားနှင့် တိုက်၍ ဖျက်ဆီးပစ်ခြင်းဖြင့် သူခံစားထားရသမျှကို လက်တုံ့ပြန်ရပေလိမ့်မည်။

မင်းဖရက်သည် ဒုတိယဂီယာကို ထိုးလိုက်ပြီးနောက် လက်ကိုင်ဘီးကို ဆွဲလှည့်လိုက်၏။ အယ်လ်ဖာရိုမီယို မော်တော်ကားသည် ကားလမ်းပေါ်မှ ဖဲထွက်လာပြီးနောက် နောက်ဘီးနှစ်ဘီး မြက်ခင်းပေါ်သို့ ရောက်ရှိချိန်တွင် မော်တော်ကားဘီးများသည် ချော်ထွက်သွားကြလေတော့သည်။ သို့ရာတွင် မင်းဖရက်က မော်တော်ကားကို ကျင်လည်စွာ ထိန်းလိုက်ပြီး မော်တော်ကားဦးပိုင်းကို တယ်ရီနောက်ဘက်သို့ လှည့်လိုက်လေ၏။

ယခုအချိန်တွင် တယ်ရီသည် ပန်းဥယျာဉ်၏ အောက်ဘက်အဆင့်တွင် စိုက်ပျိုးထားသော ပရိုတီးပန်းပင်များ အကြား၌ ရောက်ရှိနေလေပြီ။ အယ်လ်ဖာ မော်တော်ကားသည် လှေကားထစ်ကဲ့သို့သော အဆင့်များပေါ်မှ လေထဲတွင် လွင့်၍ အောက်ဘက်ရှိ မြေကြီးပေါ်သို့ ဝုန်းခနဲ လိမ့်ကျလာသည်။ ကားဘီးများသည် အနည်းငယ် ချော်ထွက်သွားကြပြီးနောက် အယ်လ်ဖာပြိုင်ကားသည် ရှေ့ဘက်သို့ ဝေါခနဲ ထိုးထွက်သွားပြန်၏။

တယ်ရီသည် ပခုံးပေါ်မှ ကျော်၍ နောက်ဘက်သို့ သမင်လည်ပြန် ကြည့်လိုက်၏။ သူ့မျက်နှာမှာ ဖြူဖွေးနေသလို သူ့မျက်လုံးကြီးများသည် ကြောက်စိတ်ကြောင့် ပြူးကျယ်နေကြသည်။ မင်းဖရက်က တဟားဟားရယ်လိုက်၏။ သူ့ထံတွင် လူတစ်ယောက်၏ အသက်ဇီဝိန်ကို ချေဖျက်နိုင်သော စွမ်းပကား ရှိနေကြောင်း မင်းဖရက် သိနေလေပြီ။ မင်းဖရက်သည် တယ်ရီအား သတ်ဖြတ်လိုဇောနှင့် ဖြစ်လာမည့်ကိစ္စမှန်သမျှကို လုံးဝ ဂရုမထားတော့ဘဲ တယ်ရီ့နောက်သို့သာ ဦးတည်၍ လိုက်နေလေတော့သည်။

မင်းဖရက်၏ ရှေ့တည့်တည့်တွင် ခြောက်ပေမြင့်သော ပရိုတီးပန်းချုံတစ်ခု ရှိနေသည်။ မင်းဖရက်သည် ထိုပန်းချုံကို အတင်းဝင်တိုးပြီး မောင်းနှင်သွားသည်။ ထိုပန်းချုံထဲမှ သစ်ကိုင်းနှင့် သစ်ရွက်များသည် ဘေးသို့ ပြန့်ကြဲပြီး ကျိုးပဲ့ပျက်စီးသွားကြသောကြောင့် မင်းဖရက်က တဟားဟားရယ်လိုက်၏။ ထို့နောက် သူ့ရှေ့တည့်တည့်တွင် ရှိနေသော တယ်ရီကို သူမြင်လိုက်ရလေ တော့သည်။ တယ်ရီသည် သူ့အား လှည့်ကြည့်နေဆဲဖြစ်ရာ ထိုအချိန်တွင် ခလုတ်တိုက်မိပြီး ဒူးထောက်လျက် လဲကျသွားလေတော့သည်။

တယ်ရီသည် အကွယ်အကာ ကင်းမဲ့နေလေပြီ။ သူ့မျက်နှာတွင် သွေး

များ၊ မျက်ရည်များနှင့် ပေရေ ညစ်ပတ်နေသည်။ သူ့ဆံပင်များသည် ရေ့သို့ ပြန့်ကျဲပြီး ကျနေလေရာ ခေါင်းဖြတ်မည့် ပုဂ္ဂိုလ်အတွက် လည်စင်းပေးနေရသူနှင့် တူနေလေတော့သည်။ မင်းဖရက် စိတ်ပျက်သွားမိသည်။ သူသည် ဤကိစ္စကို ခပ်မြန်မြန် အဆုံးမသတ်ချင်ပါ။ စိတ်ရိုင်းဝင်နေသူ တစ်ဦးပီပီ အချိန်ဆွဲထားချင်သည်။

မင်းဖရက်သည် ဖြစ်နိုင်သမျှ အနီးသို့ရောက်သည့်အချိန်ကျမှ မော်တော်ကားကို တဘက်သို့ဆွဲလှည့်လိုက်ရာ မော်တော်ကားသည် နံဘေးသို့ ချော်ထွက်သွားလေတော့သည်။ ထိုမော်တော်ကားသည် တယ်ရီ့နံဘေးမှ ခြောက်လက်မခန့်ကွာ၍ ပွတ်ထွက်သွားသည် ဖြစ်ရာ နောက်ဘီးမှ စဉ်ထွက်လာသော မြက်ဖုတ်များနှင့် ဖုန်မှုန့်များသည် တယ်ရီ့ကိုယ်ပေါ်သို့ လာရောက်ထိမှန်ကြလေ၏။

မျက်လုံးကို ပြူးထားရင်း ကျယ်ကျယ်လောင်လောင် အသံထွက်၍ ရယ်မောနေသော မင်းဖရက်သည် မော်တော်ကား လက်ကိုင်ဘီးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း အလ်ဖာမော်တော်ကားကို စက်ပိုင်းသဏ္ဌာန် ချိုးကွေ့မောင်းနှင်လိုက်ရာ ပရိုတီး ပန်းချုံတစ်ခုကို နံဘေးမှ ထပ်မံ၍ ဝင်တိုးမိလေတော့သည်။

တယ်ရီသည် လဲနေရာမှ ထ၍ နောက်တစ်ကြိမ် ပြေးနေပြန်လေပြီ။ သူသည် ရေကူးကန်နံဘေးရှိ သစ်ပင်များ အကြားမှ အဝတ်အစား လဲလှယ်ဝတ်ဆင်သော အခန်းများဆီသို့ ဦးတည်၍ ပြေးနေကြောင်း မင်းဖရက် မြင်တွေ့လိုက်ရ၏။ တယ်ရီသည် သူ့ရှေ့ ခပ်လှမ်းလှမ်းသို့ ရောက်ရှိနေသဖြင့် သူ့ကိုပင် လွတ်အောင် ရှောင်ပြေးနိုင်တော့မည့်ပုံ ပေါ်နေသည်။

'အပျက်မ'

မင်းဖရက်သည် တတိယ ဂီယာကို ထိုးလိုက်၏။ ဤတွင် အလ်ဖာမော်တော်ကားသည် ဝေါကနဲ မြည်ဟည်းပြီး ရှေ့က ပြေးနေသော တယ်ရီ့နောက်သို့ တဟုန်ထိုး လိုက်တော့သည်။

အကယ်၍ တယ်ရီသည် ကြီးမား လေးလံလှသော အစီရင်ခံစာကြီးကို လွှင့်ပစ်ခဲ့မည်ဆိုပါက သူသည် အုတ်နှင့် ဆောက်လုပ်ထားသော အဝတ်အစားလဲလှယ်ဝတ်ဆင်သည့် အခန်းများဆီသို့ ပြိုင်ကားကလေးထက် စော၍ ရောက်ရှိသွားနိုင်ဖွယ်ရှိသည်။ သို့ရာတွင် ထိုအစီရင်ခံစာကြီးက သူ့အား နှောင့်နှေးစေခဲ့သည်။ နှေးကွေးစေခဲ့သည်။ သူသည် နောက်ထပ် ကိုက်နှစ်ဆယ်အထိ

ဆက်ပြေးရန် ကျန်ရှိနေပြီး ရေကူးကန်နံဘေးမှ ကျောက်ပြားခင်းထားသော နှုတ်ခမ်းသားပေါ်တွင် လျှောက်ပြေးနေရခြင်း ဖြစ်သည်။ ၎င်းအပြင် မော်တော်ကားသည် သူ့နောက်တည့်တည့်၌ ရောက်ရှိနေပြီ ဖြစ်ကြောင်း စိတ်ထဲက သိလိုက်သည်။

တယ်ရီသည် နံဘေးဘက်တွင်ရှိသော ရေကန်ထဲသို့ ဒိုင်ဗင်ထိုးချလိုက်လေရာ အလ်ဖာ ပြိုင်ကားကလေးသည် ဝေါကနဲကျော်ထွက်သွားလေတော့သည်။ မင်းဖရက်သည် ဘရိတ်ကို ဆောင့်နင်းချလိုက်ရာ မစ်ချလင်တာယာများသည် ကျောက်ပြားပေါ်တွင် တကျည်ကျည်မြည်၍ ရပ်တန့်သွားတော့သည်။ မင်းဖရက်သည် အလ်ဖာမော်တော်ကား ရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် ကားထဲမှ ထွက်လိုက်၏။

မင်းဖရက် ရေကန်ဘေးသို့ ပြန်ပြေးလာသည်။ တယ်ရီသည် ဟိုဘက်အစွန်တွင် ရှိသော လှေကားထစ်များဆီသို့ ကိုရိုးကားရားပုံစံနှင့် ကူးခတ်နေသည်။ သူ့ အားအင်ကုန်ခန်းနေလေပြီ။ အားစိုက်ရမှုနှင့် ထိတ်လန့်မှုတို့ကြောင့် အားနည်းနေခြင်း ဖြစ်သည်။ ရေနှင့် စိုရွှဲနေသော သူ့ဆံပင်များသည် မျက်နှာပေါ်တွင် အမြှောင်းလိုက် အောက်ဘက်သို့ ကျနေသည်။ သူသည် ပါးစပ်ကို ဟ၍ အသက်ရှူနေရသည်။

မင်းဖရက်သည် အမျိုးသမီးတစ်ယောက်၏ တခစ်ခစ် ရယ်မောသံပမာ စူးစူးရှရှရှိလှသော အသံနှင့် ရယ်လိုက်ပြန်၏။ ထို့နောက် ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်ရာ တယ်ရီ၏ ပခုံးပေါ်သို့ သူ့တစ်ကိုယ်လုံးကျရောက်သွားလေတော့သည်။ တယ်ရီသည် ရေအောက်သို့ နစ်မြုပ်သွားပြီး နာကျင်နေသော သူ့အဆုတ်ထဲသို့ ရေများ ဝင်သွားကြပြန်၏။ ရေမျက်နှာပြင်ပေါ်သို့ တယ်ရီ ပြန်ပေါ်လာသောအခါ သူသည် ချောင်းတဟွပ်ဟွပ်ဆိုးနေသည် သာမက စိုနေသော ဆံပင်များနှင့် မျက်နှာပေါ်တွင် စီးကျနေသော ရေတို့ကြောင့် မမြင်မကန်း ဖြစ်နေရှာသည်။

ချက်ချင်းဆိုသလိုပင် တယ်ရီ့အား နောက်ဘက်မှ ချုပ်နှောင်လိုက်ပြီး သူ့မျက်နှာအား ရေထဲသို့ နှစ်လိုက်သည်ကို ခံစားသိရှိလိုက်ရလေတော့သည်။ တယ်ရီသည် မိနစ်ဝက်ခန့်ကြာအောင် အပြင်းအထန် ရုန်းကန်လိုက်ပြီးနောက် ၎င်း၏ ရုန်းကန်လှုပ်ရှားမှုများသည် တဖြည်းဖြည်းနှင့် နှေးကွေးလာပြီး ပို၍ပို၍ အားနည်းလာသည်။

ရင်ဘတ်အထိ မြုပ်သော ရေထဲတွင် ရှိနေသော မင်းဖရက်သည် သူ့

အပေါ်မှ မိုး၍ ခါးကို လက်တစ်ဖက်နှင့် ဖက်ထားရင်း ကျန်နေသော လက်တစ်ဖက်နှင့် စုနေသော ဆံပင်ကို စုစည်းဆုပ်ကိုင်၍ တယ်ရီ့မျက်နှာကို ရေထဲသို့ အတင်းဆွဲနှစ်နေသည်။ သူ့မျက်နှာပေါ်တွင် မျက်မှန်မရှိတော့ပြီ ဖြစ်သဖြင့် သူသည် ဓါးကွက်တစ်ကောင်ပမာ မျက်စိကို ပေကလပ် ပေကလပ်လုပ်နေသည်။ ရေစိုနေသော ပိုးသားအင်္ကျီသည် သူ့ကိုယ်ပေါ်၌ ကပ်နေသလို သူ့ ဆံပင်များသည် မျက်နှာပေါ်၌ ကပ်နေကြသည်။

တယ်ရီ၏ လှုပ်ရှားရုန်းကန်မှုများသည် တဖြည်းဖြည်းနှင့် နေးကွေးလေးလံလာသောကြောင့် တယ်ရီ၏ ခန္ဓာကိုယ်ထဲမှ အသက်ထွက်ရန် မဝေးတော့ပြီ ဖြစ်ကြောင်း သိလိုက်သော မင်းဖရက်သည် တဟားဟား စရယ်တော့သည်။ သူ့ရယ်သံသည် အရူးတစ်ယောက်၏ ရယ်သံမျိုးပင်တည်း။

*

'ဒန်'

ဂျိုင်းက သစ်ပင်များအကြားသို့ လက်ညှိုးထိုးပြလိုက်၏။

"ရေကူးကန်နံဘေးမှာ ရပ်ထားတာ ကျွန်မ မော်တော်ကားပဲ"

"အဲဒီ မော်တော်ကားက အဲဒီနားမှာ ဘာသွားလုပ်နေရတာလဲ"

"ဒါဆိုရင် တစ်ခုခု မှားနေပြီ၊ တယ်ရီက သူ့အင်မတန် မြတ်နိုးတဲ့ ပန်းခြံထဲမှာ ကိစ္စမရှိဘဲနဲ့ လျှောက်မောင်းနေမှာမဟုတ်ဘူး။ တစ်ခုခု ကိစ္စရှိလို့ပဲ ဖြစ်ရမယ်"

"ဒန်က ဘရိတ်ကို ဆောင့်နင်းလိုက်ပြီး ဂျက်ဂွာမော်တော်ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်၏။

"ကိုယ် သွားကြည့်ဦးမယ်"

ဒန်သည် မော်တော်ကားထဲမှ ထွက်လိုက်ပြီးနောက် မြက်ခင်းပေါ်တွင် ဖြတ်လျှောက်စ ပြုသည်။ ဂျိုင်းကလည်း သူ့ဘက်မှ တံခါးကိုဖွင့်၍ ဒန့်နောက်မှ ခြေလှမ်းမှန်မှန်နှင့် လိုက်လာသည်။

ဒန်သည် ရေထဲ၌ ရှိနေသော အပြည့်အစုံ ဝတ်ထားသည့် ပုဂ္ဂိုလ်ကို မြင်လိုက်၏။ ထိုပုဂ္ဂိုလ်သည် သူ့အလုပ်ထဲတွင်သာ စိတ်ဝင်စားနေသည်။ ဒန်က မင်းဖရက်စတိုင်းနားကို မှတ်မိသွားသည်။

"သူ ဘာလုပ်နေတာလဲ"

ဒန် ပြေးစပြုတော့သည်။ သူ ရေကန်စပ်သို့ ရောက်သည့်အခါ ဘာဖြစ် နေသည်ကို ဖြန်းခနဲ နားလည်သွားသည်။

"ဘုရားသခင် ကယ်တော်မူပါ၊ သူက တယ်ရီ့ကို ရေနှစ်ပြီး သတ်နေတာပဲ"

သူက အော်လိုက်ပြီးနောက် ရေထဲသို့ ခုန်ချလိုက်တော့သည်။

သူသည် မင်းဖရက်နှင့် ဆွဲလားယမ်းလား လုပ်ပြီး အချိန်ဖြုန်းမနေတော့ပါ။ သူက မင်းဖရက်၏ နားထင်အား ပစ္စတိုသေနတ်နှင့် ပစ်လိုက်သကဲ့သို့ ဖြောင်းခနဲ အသံထွက်သွားအောင် လက်ဝါးဖောင်းနှင့် ဘေးဖောင်းခုတ် ထည့်လိုက်ရာ မင်းဖရက်သည် နံဘေးသို့ လည်ထွက်သွားပြီး တယ်ရီ့အား ချုပ်ကိုင်ထားမှုပါ လွတ်ထွက်သွားလေတော့သည်။

ဒန်သည် မင်းဖရက်ကို ပစ်ထားခဲ့ပြီး တယ်ရီ့အား ရေနစ်နေသော ကြောင်ကလေးတစ်ကောင်ပမာ ရေထဲမှ ပွေ့ယူ၍ လှေကားထစ်များဆီသို့ ကူးခတ်သွားတော့သည်။ ဒန်က သူ့ကို ရေကန်ထဲမှ ဆယ်ယူခဲ့ပြီးနောက် ကျောက်သားကြမ်းပြင်ပေါ်တွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီး အသက်ပြန်ရှူလာအောင် လုပ်ပေးလိုက်သည်။ တယ်ရီသည် ဒန့်လက်အောက်တွင် လှုပ်ရှားစပြုလာပြီး ချောင်းတဟွပ်ဟွပ်ဆိုး၍ တွန့်လိမ်စ ပြုတော့သည်။

ဤတွင် ဂျိုင်းသည် အပြေးအလွှား ရောက်ရှိလာပြီး ဒန့်ဘေးနားတွင် ဒူးထောက်၍ ထိုင်ချလိုက်၏။

"ဒန်၊ ဘာဖြစ်တာလဲဟင်"

"ဟိုအကောင် သေးသေးကလေးက တယ်ရီ့ကို ရေနှစ်ပြီး သတ်နေတာ"

ဒန်သည် တယ်ရီ့အား နှိပ်နယ်ပေးနေမှုကို ဖျက်ပြားမသွားစေဘဲ မော့ကြည့်လိုက်သည်။ တယ်ရီသည် ဗလုံးဗထွေးပြောရင်း တွန့်လိမ်စ ပြုပြန်၏။

ရေကန်၏ ဟိုဘက်ထိပ်တွင် မင်းဖရက် စတိုင်းနားသည် ရေကန်ထဲမှ ဘောင်ပေါ်သို့ တက်လိုက်သည်။ ခြေထောက်ကို ရေထဲ၌ တွဲလောင်းချထားဆဲ ဖြစ်သော မင်းဖရက်သည် ရေကန်ပေါင်ပေါ်တွင် ထိုင်နေသည်။ သူသည် ဦးခေါင်းကို ငိုက်စိုက်ချ၍ ဒန်က ရိုက်နှက်ခဲ့သော နားသယ်စပ်ကို လက်နှင့် ပွတ်သပ်နေသည်။ သူ့ပေါင်ပေါ်တွင် ရွှဲစိုရွှဲနေသော ပျော့ဖတ်ဖတ် ပစ္စည်းတစ်ခု ရှိသည်။ ထိုပစ္စည်းမှာ ဘူမိဗေဒဆိုင်ရာ အစီရင်ခံစာပင်တည်း။

"ဂျိုင်း၊ မင်း ကိုယ့်နေရာမှာ အစားဝင်ယူပေးပါလားကွာ၊ တယ်ရီက

သိပ်အခြေအနေ မဆိုးပါဘူး၊ ကိုယ် ဟိုငတိကို နည်းနည်းပါးပါး သွားပြီး ဆုံးမချင်လို့ပါ”

ဖွိုင်းသည် တုံးလုံးပက်လက်ဖြစ်နေသော တယ်ရီ့နံဘေးတွင် ဒန်စတန်းဒါး အစားဝင်၍ နေရာယူလိုက်ရာ ဒန်စတန်းဒါးက မတ်တတ်ရပ်လိုက်သည်။ ဖွိုင်းက မေးလိုက်၏။

“ရှင်က သူ့ကို ဘယ်လိုလုပ်မလို့လဲ”

“ကိုယ်က သူ့ကို ညက်ညက်ကြေသွားအောင် ထိုးကြိတ်ပစ်မလို့”

“ကောင်းတယ်”

ဖွိုင်းက မြှောက်ပေးလိုက်၏။

“သူ့ကို ကျွန်မအတွက် တစ်ချက်ပိုထိုးပေးပါ”

မင်းဖရက်သည် ဖွိုင်းနှင့် ဒန်တို့ ပြောဆိုနေကြသော စကားများကို ကြားနေရသည်ဖြစ်ရာ ရေကူးကန်နံဘေးမှ ဒန်စတန်းဒါး ကွေ့၍ ပြေးလာသည်နှင့် တစ်ပြိုင်နက် ထိုင်ရာမှ ထပြီး ရပ်ထားသော အလ်ဖာမော်တော်ကားဆီသို့ ပြေးတော့သည်။ မင်းဖရက်က တံခါးကို ဆောင့်ပိတ်ပြီး အင်ဂျင်စက်ကို နှိုးလိုက်၏။ ဒန်စတန်းဒါးသည် သူ့ကို တားဆီးနိုင်စွမ်း မရှိတော့ပါ။ နောက်ကျသွားခဲ့လေပြီ။ အလ်ဖာမော်တော်ကားသည် မြက်ခင်းများကို ကျော်ဖြတ်၍ ရှေ့သို့ ခုန်ထွက်သွားတော့သည်။ ဒန်စတန်းဒါးသည် ထိုမော်တော်ကားနောက်မှ အကျိုးမဲ့ အချည်းနှီးပြေးလိုက်လာသည်။

“တယ်ရီ့ကို ကြည့်ထားလိုက်ပါ ဖွိုင်းရေ”

ဒန်စတန်းဒါးက လှမ်းအော်လိုက်၏။

ဒန်စတန်းဒါးသည် ဂျက်ဂွာမော်တော်ကား ရပ်ထားသော နေရာအထိ ပြေးသွားပြီး နောက်ဘက်သို့ ပြန်ဆုတ်လိုက်ချိန်တွင် အလ်ဖာရိုမီယို မော်တော်ကားသည် ဂိတ်တံခါးဝမှ ထွက်၍ ပျောက်ကွယ်သွားခဲ့လေပြီ။

“ကဲ၊ ကလေးမလေးရေ”

ဒန်စတန်းဒါးက ဂျက်ဂွာမော်တော်ကားအား ချော့ချော့မော့မော့ ပြောလိုက်၏။ ‘အဲဒီငတိကို တို့ လိုက်ဖမ်းကြရအောင်’

*

မျက်မှန်မပါသောကြောင့် မင်းဖရက်စတိုင်းနား၏ မြင်ကွင်းသည် မှုန်ဝါးရီဝေနေသည်။ သူမြင်နေရသော အရောင်စုံတိုင်း၏ ပုံသဏ္ဌာန်သည် ပြတ်ပြတ်သားသားမရှိဘဲ မကွဲမပြားနှင့် ပိုးတိုးဝါးတား ဖြစ်နေသည်။

မင်းဖရက်သည် မော်တော်ကားကို လမ်းထိပ်၌ ခေတ္တမျှ ရပ်တန့်လိုက်၏။ သူ ဆုံးဖြတ်ချက် မချနိုင်ဘဲ ထိုင်နေမိသည်။ ရေများသည် သူ့အဝတ်အစားများထဲမှ စီးကျနေဆဲဖြစ်သလို ရေဝင်နေသောသူ့ဖိနပ်ကလည်း တကျည်ကျည်ဖြစ်နေသည်။ သူ့နံဘေးရှိ ပါဆင်ဂျာထိုင်ခုံပေါ်တွင် ရေစိုနေသော အစီရင်ခံစာရှိသည်။ ထိုအစီရင်ခံစာမှ စာရွက်များသည် ရေစိုနေမှုနှင့် ကြမ်းကြမ်းတမ်းတမ်း အကိုင်ခံရမှုတို့ကြောင့် ဖျက်စီးစ ပြုနေလေပြီ။

သူသည် ထိုအစီရင်ခံစာကို ဖျက်ဆီးပစ်မှ ဖြစ်လိမ့်မည်။ ထိုအစီရင်ခံစာသည် သူ့အား အမှုပတ်စေမည့် သက်သေခံပစ္စည်းဖြစ်သည်။ မင်းဖရက်သည် ထိုအတွေးကိုသာ ရှင်းရှင်းလင်းလင်း တွေးမိခဲ့သည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ကြည်ကြည်လင်လင်၊ ပြတ်ပြတ်သားသား တွေးခေါ်တတ်သော မင်းဖရက်အဖို့ ဤတစ်ကြိမ်သာ ချွတ်ယွင်းသွားခဲ့ခြင်း ဖြစ်သည်။ သူ့စိတ်ထဲတွင် တယ်ရီအား အနာတရဖြစ်အောင် လုပ်ကိုင်ရသောကြောင့် ဖြစ်ပေါ်လာသော ဝမ်းသာမှုနှင့် သူ့ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပေါ်နေသော ဒဏ်ရာဒဏ်ချက်တို့ကြောင့် ခံစားနေရသော ဝေဒနာတို့ ရောထွေးနေကြသည်။ သူ့ကို ကြောက်စိတ်က လွှမ်းမိုးထားသောကြောင့် သူသည် မည်သည့်ခံစားမှုကိုမှ ပြတ်ပြတ်သားသား ခံစားနိုင်စွမ်းမရှိခဲ့ပါ။ သူထိတ်လန့်နေသည်၊ နာကျင်နေသည်၊ တုန်လှုပ်နေသည်။ အကွယ်အကာကင်းမဲ့သလို ခံစားနေရသည်။ မုဆိုး၏ လိုက်လံချောင်းမြောင်းမှုကို ခံနေရသော သားကောင်ပမာ ခံစားနေရသည်။ လျှပ်စစ်ဓာတ်အား ချွတ်ယွင်းမှု ဖြစ်ပေါ်နေသော ကွန်ပျူတာတစ်ခုပမာ သူ့ဦးနှောက်သည် ဇဝေဇဝါနှင့် မတည်မငြိမ် ဖြစ်နေသည်။ ထိုဦးနှောက်က ထုတ်ပေးနေသော အဖြေများသည် အဓိပ္ပာယ်ကင်းမဲ့နေသည်။

မင်းဖရက်သည် နောက်ကြည့်မှန်ထဲသို့ ပြန်ကြည့်လိုက်ရာ ဂိတ်ဝတံခါးမှ ထွက်လာသော ဂျက်ဂွာမော်တော်ကားကြီးကို မြင်လိုက်ရလေတော့သည်။

“ဘုရားသခင် ကယ်တော်မူပါ”

မင်းဖရက် သွေးပျက်သွားလေပြီ။ မင်းဖရက်သည် လီဗာပေါ်သို့ ခြေထောက်ကို နင်းချလိုက်ပြီး ကလပ်ချ်ကို လွှတ်လိုက်၏။ အလ်ဖာမော်တော်

ကားသည် ဟိုက်ဝေးလမ်းမကြီးပေါ်သို့ တဟုန်ထိုး ထိုးတက်ရောက်ရှိသွားပြီး အလွန်ကြီးမားသော ထရပ်ကားကြီးတစ်စီးရှေ့သို့ ရောက်ရှိသွားလေသည်။ ထို့နောက် အလ်ဖာမော်တော်ကားသည် လမ်းဘေး ပလက်ဖောင်းပေါ်သို့ ထိုးတက်သွားပြီး ကားလမ်းမကြီးပေါ်သို့ ပြန်လည်ရောက်ရှိလာပြန်၏။

အလ်ဖာရိုမီယို မော်တော်ကားသည် 'ကျွာလာမီ'ဘက်သို့ မောင်းပြေးသွားသည်ကို ဒန်က ငေးကြည့်နေသည်။

ဒန်သည် ထရပ်ကားကြီး ကျော်ဖြတ်သွားသည်အထိ စောင့်နေလိုက်ပြီး ထရပ်ကားကြီး နောက်ဘက်သို့ မောင်းဝင်လိုက်၏။ ဒန်သည် သူ့ရှေ့တွင် လမ်းရှင်းသွားသည်အထိ စောင့်ပြီးမှ ထရပ်ကားကြီးကို ကျော်တက်နိုင်ခဲ့တော့သည်။ သူ ထရပ်ကားရှေ့သို့ ရောက်ရှိသွားသောအခါ အလ်ဖာရိုမီယိုမော်တော်ကားသည် သူ့ရှေ့တွင် အစက်အပြောက်ကလေးခန့်သာ ရှိနေလေတော့သည်။

ဒန်သည် တစ်ယောက်ထိုင် သားရေထိုင်ခုံပေါ်တွင် အားရပါးရထိုင်ရင်း ဂျက်ဂွာ၏ လီဗာကို ဖိနင်းလိုက်၏။ သူ အကြီးအကျယ် ဒေါသဖြစ်နေသည်။ တယ်ရီအား မင်းဖရက်က နှိပ်စက်နေသည်ကို မြင်ခဲ့ရသောကြောင့် ဒေါပွနေခြင်းဖြစ်သည်။

တယ်ရီ၏ ရောင်ကိုင်းပြီး ညိုမည်းနေသော မျက်နှာက သူ့အား အကြီးအကျယ် တုန်လှုပ်သွားစေခဲ့သည်အပြင် သူ့ခြေထောက်များက လက်တုံ့ပြန်မည် လမ်းပေါ်သို့ နိုင်နိုင်မာမာ ရောက်ရှိနေကြသည်။

သူ့လက်များက မော်တော်ကား လက်ကိုင်ဘီးအား တင်းတင်းကျပ်ကျပ် ညှစ်ဆုပ်ကိုင်ထားသလို ပါးစပ်ကလည်း ဟိုလိုလုပ်ရမည်၊ ဒီလိုလုပ်မည်နှင့် အဆက်မပြတ် ကြိမ်းမောင်းနေသည်။ မိုင်နှုန်းပြ ဒိုင်ခွက်က တစ်နာရီလျှင် မိုင်တစ်ရာနှုန်းထက် ကျော်လွန်နေကြောင်း ပြသနေချိန်တွင် သူသည် အယ်ဖာရိုမီယိုမော်တော်ကားကို ကျော်တက်ရန် တစ်ချိန်လုံး ကြိုးပမ်းနေခဲ့သည်။

ဒန်စတန်းဒါး၏ ဂျက်ဂွာသည် အလ်ဖာရိုမီယို၏ နောက်ဘက်တွင် ဘန်ပါချင်း ထိလုမတတ် ရှေ့သို့ မှန်မှန်ကြီး တိုးကပ်သွားသည်။ အယ်ဖာမော်တော်ကားကို အစိမ်းရောင် ကျောင်းဘတ်စ်ကားကြီးတစ်စီးက သူ့ရှေ့မှ ကာဆီးထားသည်။ ၎င်းအပြင် မျက်နှာချင်းဆိုင်ဘက်မှ တသီတတန်းကြီး လာနေသော ကားတန်းကြီးကြောင့် ဒန်သည် အယ်ဖာမော်တော်ကားကို ကျော်တက်နိုင်ခဲ့ခြင်း မရှိပါ။

အကြီးအကျယ် ဒေါသထွက်နေဆဲဖြစ်သော ဒန်စတန်းဒါးသည် မင်းဖရက်၏ နောက်စေ့ကို စိုက်ကြည့်နေသည်။

ဒန်သည် ဂီယာကို တစ်ဆင့် လျှော့ချလိုက်ပြီးနောက် အခွင့်အရေးရလာသည်နှင့် တစ်ပြိုင်နက် နံဘေးသို့ ပန်းတက်ပြီး အလ်ဖာမော်တော်ကားကို ကျော်တက်နိုင်ရန် အဆင်သင့်ပြင်ထားသည်။ ထိုအခိုက်တွင် မင်းဖရက်သည် နောက်ကြည့်မှန်ထဲသို့ လှမ်းကြည့်လိုက်၏။ နောက်ကြည့်မှန်ထဲ၌ ပေါ်လာသော မင်းဖရက်၏ မျက်နှာကို ဒန် မြင်လိုက်ရသည်။ မင်းဖရက်၏ မျက်နှာနှင့် နဖူးပေါ်တွင် ဆံပင်များ ကပ်နေသည်။ မင်းဖရက် ဒန်စတိုင်းဒါးအား မှတ်မိသွားသည်နှင့် တစ်ပြိုင်နက် အလ်ဖာသည် တစ်ဖက်မှ လာနေသော ကားတန်းကြီးနှင့် ရင်ဆိုင်ရန် ဘေးဘက်သို့ ခုန်ထွက်သွားလေတော့သည်။

မင်းဖရက်၏ ကားက အတင်းဝင်လာသောကြောင့် အော်ဟစ်သံများနှင့် ဟွန်းတီးသံများ ပေါ်ပေါက်လာကြသလို ဘေးသို့ ရှောင်၍ မင်းဖရက်၏ မော်တော်ကားကို လမ်းပေးလိုက်ကြသည်။ ဒန်သည် ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားကြသော ထိတ်လန့်နေကြသည့် မျက်နှာများအား မြင်လိုက်ရသည်။ ဤတွင် အလ်ဖာမော်တော်ကားသည် ကျောင်းကားကြီးနံဘေးမှ အတင်းကျော်တက်သွားပြီး ခပ်မြန်မြန်မောင်းပြေးလေတော့သည်။

ဒန်က အရှိန်ကို နည်းနည်း လျှော့လိုက်၏။ ထို့နောက် ပစ်လွှတ်လိုက်သော လုံတံတစ်စင်းပမာ ကျောင်းဘတ်စ်ကားနှင့် ပလက်ဖောင်းအကြားရှိ လွတ်နေသော နေရာမှ ကျောင်းဘတ်စ်ကားကို အတင်းကျော်တက်ခဲ့တော့သည်။ ဟိုဘက်ခြမ်းမှာ မော်တော်ကားကို ကျော်မတက်ရသည့်ဘက် ဖြစ်သောကြောင့် ဘတ်စ်ကားမောင်းသူ၏ အော်ဟစ်ကန့်ကွက်မှုကို မသိဟန်ဆောင်ရင်း အတင်းအဓမ္မ ကျော်တက်ခဲ့ခြင်း ဖြစ်သည်။

ဂျက်ဂွာ မော်တော်ကားသည် အလ်ဖာရိုမီယိုထက် ပို၍ မြန်သည်ဖြစ်ရာ ရှည်လျားပြီး ဖြောင့်တန်းနေသော ပရိုတိုရီယား ဟိုက်ဝေးလမ်းမကြီးပေါ်တွင် နီနှစ်ရောင် အလ်ဖာမော်တော်ကားကို တဖြည်းဖြည်းနှင့် မီလာလေတော့သည်။

မင်းဖရက်က နောက်ကြည့်မှန်ထဲသို့ မကြာခဏ ပြန်ကြည့်နေသည်ကို ဒန်စတန်းဒါး မြင်လိုက်ရသည်တွင် အရသာရှိရှိ ပြုံးလိုက်၏။

သူတို့ရှေ့တွင် ဟိုက်ဝေးလမ်းကြီးသည် ရုတ်တရက် မြင့်တက်သွားပြီး တစ်ဖက်သို့ ဖြုန်းခနဲ နိမ့်ဆင်းသွားသည်။ နိမ့်ဆင်းသွားသောဘက်တွင် လုံးဝိုင်း

သော တောင်ကမူကလေးတစ်ခုကို ကွေ့ပတ်၍ ဟိုက်ဝေးလမ်းမကြီးကို ဖောက်လုပ်ထားပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသောသစ်ပင်ကြီးများ အစီအရီ ရှိနေကြသည်။

နှစ်ပေါင်းများစွာ သက်တမ်းရနေပြီဖြစ်သော မီနီကားပေါင်းကလေး တစ်စီးသည် ပို၍မြန်သော ပြိုင်ကားနှစ်စီးနှင့်အတူ အရပ်မျက်နှာတစ်ခုတည်း ဆီသို့ ဦးတည်၍ မောင်းနှင်နေသည်။ မီနီကားပေါင်းကလေးအား မောင်းနှင်နေသူ အဘိုးကြီးသည် သစ်သီးဝလံများကို တင်ဆောင်လာသော ထရပ်ကားကြီးတစ်စီးအား အောင်မြင်စွာ ကျော်တက်နိုင်တော့မည်ဆဲဆဲတွင် ရှိနေသည်။ ထိုကားနှစ်စီးသည် တစ်ဖက်သို့ လှမ်းမမြင်ရသော လမ်းထိပ်သို့ တစ်နာရီလျှင် နှစ်ဆယ်ငါးမိုင်နှုန်းနှင့် နှစ်စီးယှဉ်၍ မောင်းတက်လာကြသည်။ မော်တော် ကားနှစ်စီး ယှဉ်၍ မောင်းနေမှုကြောင့် လမ်းထက်ဝက်နီးပါးကို ပိတ်ဆို့ထားသလို ဖြစ်နေသည်။

အယ်ဖာရိုမီယို ပြိုင်ကားကလေးမှ သတိပေးဟွန်းသံ ပေါ်ထွက်လာပြီးနောက် မင်းဖရက်သည် သူ့ထက် ပို၍ နှေးကွေးသော မော်တော်ကားနှစ်စီးကို ကျော်တက်ရန် တစ်ဖက်လမ်းပေါ်သို့ မောင်းတက်လိုက်သည်။ မမြင်ရသော လမ်း၏ဟိုဘက်မှ ဘိလပ်မြေများကို တင်ဆောင်လာသော ထရပ်ကားကြီး တစ်စီး မောင်းတက်လာချိန်တွင် မင်းဖရက်၏မော်တော်ကားသည် ပို၍နှေးကွေးသော ကားနှစ်စီးနှင့် ရင်ပေါင်တန်းမိနေခိုက်ဖြစ်ပြီး လမ်းနယ်နိမိတ်ကို ခွဲခြားပေးထားသော မျဉ်းဖြူလိုင်း၏ တစ်ဖက်နယ်မြေသို့ ကျူးကျော်ရောက်ရှိနေခိုက် ဖြစ်သည်။

ဤတွင် ဒန်သည် ဘရိတ်ကို တအားကုန် နင်းချလိုက်ပြီးနောက် မည်သို့မျှ မတတ်နိုင်ဘဲ သူ့ရှေ့မှ မြင်ကွင်းကို ဆောင့်ကြည့်နေလိုက်ရလေတော့သည်။

ဘိလပ်မြေတင်လာသော ထရပ်ကားနှင့် အယ်ဖာရိုမီရိုမော်တော်ကား နှစ်စီးတို့၏ နှစ်စီးပေါင်းအရှိန်မှာ တစ်နာရီလျှင် မိုင် ၁၀၀ ကျော်ပြီး ထိုနှစ်စီးသည် ခေါင်းချင်းဆိုင်၍ မောင်းနှင်လာကြခြင်း ဖြစ်သည်။ နောက်ဆုံးအချိန်ပိုင်းကလေးတွင် အယ်ဖာရိုမီယို ပြိုင်ကားကလေးသည် ဘေးဘက်သို့ ရှောင်ထွက်ရန် ကြိုးပမ်းလိုက်၏။ သို့ရာတွင် စက္ကန့်ပေါင်းများစွာ နောက်ကျသွားခဲ့လေပြီ။

အယ်ဖာရိုမီယို ပြိုင်ကားကလေးသည် ဘိလပ်မြေကားနှင့် ခပ်စွေစွေ ဝင်တိုက်လိုက်မိပြီးနောက် ပို၍ နှေးကွေးသော မော်တော်ကားနှစ်စီးရှေ့သို့ လွင့်စဉ်သွားသည်။ သို့ရာတွင် ကံကောင်း ထောက်မသောကြောင့် မည်သည်

ကားနှင့်မှ ဝင်တိုးမိခြင်း မရှိပါ။ အယ်ဖာရိုမီယို မော်တော်ကားသည် ကတ္တရာ စေးလမ်းပေါ်၌ တာယာနှင့် ပွတ်တိုက်မိသောကြောင့် အနက်ရောင်အစင်းကြီး တစ်ခုဖြစ်ကျန်ရစ်ခဲ့အောင် တစောင်းကြီးလျှောထွက်သွားပြီး လမ်းနံဘေးသို့ လိမ့်ဆင်းသွားသည်။ အယ်ဖာရိုမီယို မော်တော်ကားသည် သစ်ပင်တစ်ပင်ကို တည့်တည့်ကြီး ဝင်တိုးမိလေရာ သစ်ပင်တစ်ပင်လုံး တုန်ခါသွားသည်သာမက သစ်ပင်ပေါ်မှ သစ်ရွက်များပင် ကြွေကျလာကြသည်။

ဒန်စတန်းဒါးသည် ဂျက်ဂွာမော်တော်ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်ပြီးနောက် နောက်ဘက်သို့ ပြန်လျှောက်ခဲ့၏။

သူသည် အလျင်စလိုလုပ်ရန် လိုအပ်လိမ့်မည် မဟုတ်ကြောင်း သိပါသည်။ မီနီမော်တော်ကားကို မောင်းသူနှင့် ထရပ်ကားကို မောင်းနှင်သူတို့သည် ထိုနေရာသို့ သူ့အလျင်ရောက်နှင့်နေကြလေပြီ။ ယာဉ်မောင်းနှစ်ယောက်သည် အသက်ဘေးမှ လက်မတင်ကလေး လွတ်မြောက်သွားကြသောကြောင့် စိတ်သက်သာရာ ရသွားကြသလို စိတ်လှုပ်ရှားနေကြသည်။ ထိုပုဂ္ဂိုလ်နှစ်ယောက်သည် တစ်ယောက်အပေါ်တစ်ယောက်က အပြစ်ပုံချရန် ကြိုးပမ်းနေကြသည်။

"ကျုပ်က ဆရာဝန်တစ်ယောက်ပါ"

ဒန်က ပြောလိုက်ရာ သူတို့က လေးလေးစားစားနှင့် နောက်ဆုတ်ပေးလိုက်ကြသည်။

၎င်းတို့နှစ်ယောက်အနက် တစ်ယောက်က ပြောလိုက်၏။

"သူ့အတွက် ဆရာဝန် မလိုတော့ပါဘူး၊ သုဘရာဇာပဲ လိုမှာပါ"

တစ်ချက်ကြည့်ရုံနှင့် လုံလောက်ပါသည်။ ဒေါက်တာမင်းဖရက်စတိုင်းနားသည် ဒန် မြင်ဖူးခဲ့သော လူသေများကဲ့သို့ပင် သေနေပါပြီ။ ကြေနေသော သူ့ဦးခေါင်းသည် နေကာမှန်၏ အပြင်ဘက်သို့ ဖောက်ထွက်နေသည်။ ဒန် သည် ရေစိုနေသော စက္ကူထုပ်ကြီးကို ပါဆင်ဂျာထိုင်ခုံပေါ်မှ လှမ်းယူလိုက်၏။ ထိုစာရွက်များသည် တစ်နည်းနည်းနှင့် အရေးပါပုံရကြောင်း သူ သိလိုက်သည်။

သူသည် မြင်မကောင်းအောင်ဖြစ်နေသော အလောင်းကို ကြည့်ရင်း သနားစိတ် ဖြစ်ပေါ်လာ၏။ ဒန်၏ ဒေါသသည် လုံးဝ ပျောက်ကွယ်သွားခဲ့လေပြီတည်း။

❒

[၆၉]

နေရောင်ခြည်က တလက်လက်တောက်ပနေသည်။ လေပြည်လေညင်းကလေးကလည်း လေ့လော့်ရှက်တိုက်အသင်းမှ ရှက်တိုက်လိုသူများအတွက် ရှက်လွှင့် ၍ ရနိုင်အောင် တိုက်ခတ်ပေးနေသည်။

စက်တပ်ရှက်လှေကလေး၏ နောက်ဘက်ပိုင်းရှိ အမိုကလေးအောက်ဘက်တွင် အေးမြနေသော်လည်း လူဝကြီးသည် အဖြူရောင်ဘောင်းဘီရှည်တစ်ထည်နှင့် အပြာရင့်ရောင်ပတ္တူဖိနပ်တိုကိုသာ ဝတ်ဆင်ထားသည်။

လူဝကြီးသည် ကုန်းပတ်ပေါ်ရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်၍ အိပ်နေသောကြောင့် သူ့ဗိုက်ကြီးသည် မာတောင်ပြီး ချောမွတ်နေသည်။ သူ့အသားအရောင်သည် မဟော်ဂနီရောင်ပေါက်သည်အထိ နေလောင်ထားသည့်အပြင် သူ့ကိုယ်ပေါ်၌ အမွှေးအမင်များ ထူထပ်စွာ ပေါက်နေသည်။

"ကျေးဇူးတင်ပါတယ်၊ အင်ဒရူး"

လူဝကြီးက ကုန်နေပြီဖြစ်သော သူ့ဖန်ခွက်ကို ကမ်းပေးလိုက်ရာ အသက်ခပ်ငယ်ငယ် ပုဂ္ဂိုလ်က ကုန်းပတ်ပေါ်တွင် ဖွင့်လှစ်ထားသော ဘားကောင်တာဆီသို့ ယူသွားသည်။ ထိုလူရွယ်က အရက်ထပ်ဖြည့်နေသည်ကို လူဝကြီးက စောင့်ကြည့်နေသည်။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော သင်္ဘောသားတစ်ယောက် ပဲ့စင်ပေါ်မှ ဆင်းလာသည်။ ထိုသူက သူ့ဦးထုပ်ကို လက်နှင့် ရိုရိုသေသေ ထိကိုင်ရင်း လူဝကြီးအား ပြောလိုက်၏။

"မာလီနီ့မှူးက ဂါရဝပြုလိုက်ပါတယ် ဆရာ၊ ဆရာ အမိန့်ပေးတဲ့အချိန်မှာ သင်္ဘောထွက်ဖို့ အဆင်သင့် ဖြစ်နေပါပြီ"

"ကျေးဇူးတင်ပါတယ်၊ မစ္စဒူမိန်း ရောက်လာတာနဲ့ ကျုပ်တို့ ထွက်ကြမယ်လို့ မာလီနီ့မှူးကို ပြောပေးပါ"

ဤတွင် သင်္ဘောသားကလေးသည် ပဲ့စင်ပေါ်သို့ ပြန်ပြေးတက်သွားလေတော့သည်။

"အား"

အင်ဒရူးက အရက်ဖန်ခွက်ကို ဆန့်တန်းထားသော သူ့လက်ထဲသို့ ထည့်ပေးလိုက်သဖြင့် လူဝကြီးက ဝမ်းသာအားရ သက်ပြင်းချလိုက်၏။

"ငါ ခုလို အနားယူလိုက်ပါတယ်ကွာ၊ ကုန်လွန်ခဲ့တဲ့ ရက်သတ္တပတ်တွေဟာ ငါ့အတွက် သိပ်စိတ်ပင်ပန်းစရာကောင်းတဲ့ ရက်တွေပါပဲ"

"မှန်ပါတယ် ခင်ဗျာ"

အင်ဒရူးက တာဝန်ကျေပွန်စွာ ထောက်ခံလိုက်၏။

"ဒါပေမဲ့ ဆရာကတော့ ထုံးစံအတိုင်း ပြဿနာထဲက ထပြီး အောင်မြင်မှုကို အရယူနိုင်ခဲ့သားပဲ"

"အဲဒါကလည်း ကံကောင်းလို့ကွ"

လူဝကြီးက သဘောတူလိုက်သည်။

"ဟို ချာတိတ် အိုင်းရှန်းဆိုက်ဒ်ရဲ့ ယမ်းဘီလူး ကျူထရဲကွက်က တို့ကို အကြီးအကျယ် ထိတ်လန့်သွားစေခဲ့တာကွ၊ ငါက အစုရှယ်ယာတွေ ဈေးမတက်ခင် ငါ့အတွက် အမြတ်ထွက်အောင် မနည်းကြီးကို ကြိုးစားခဲ့ရတာကွ၊ အမြတ်ကတော့ ငါ ကြိုတွက်ထားသလောက် မရခဲ့ဘူး၊ ဒါပေမဲ့လည်း ငါက အလကားရတဲ့နွားကို သွားဖြီး ကြည့်လေ့မရှိပါဘူးကွာ"

"ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ အဲဒီလောက်များပြားတဲ့ ငွေတွေကို ဆုံးရှုံးကုန်ကြရတာကတော့ ဝမ်းနည်းစရာပါပဲ"

အင်ဒရူးက သွေးတိုးစမ်းလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ သိပ် ဝမ်းနည်းစရာကောင်းတယ်၊ ဒါပေမဲ့ ငါတို့ ဆုံးရှုံးသွားတာနဲ့စာရင် တော်သေးတာပေါ့ အင်ဒရူးရာ"

"ဟုတ်တာပေါ့ ဆရာရယ်"

"ဘာပဲပြောပြော အဲဒီလို ဖြစ်လာတဲ့အတွက် ငါ ဝမ်းသာမိပါတယ်၊ တကယ်ကတော့ ငါက မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်ပါ။ ငါတို့အတွက် အမြတ်နည်းနည်းပါးပါး ရမယ်ကိစ္စမှာ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးကို ဖျက်ဆီးဖို့ မလိုအပ်တဲ့အတွက် ငါက ပိုပြီး စိတ်သက်သာရာ ရမိပါတယ်ကွာ"

သူသည် အငှားကားတစ်စီး မောင်းနှင်လာသည်ကို မြင်လိုက်ရသောကြောင့် ကမန်းကတန်း ထရပ်လိုက်၏။

"အင်ဒရူးရေ၊ တို့ဧည့်သည်တော်ကြီး လာပြီကွ၊ သူ့ပစ္စည်းတွေယူဖို့ လူတစ်ယောက် လွှတ်လိုက်စမ်းပါကွာ"

❐

[၃၀]

ဖမ်ဘီဇီတောင်ကြား၌ နွေရာသီအပူရှိန်သည် ချစ်ချစ်တောက်ပူပြင်းလှ ရှိသည်။ နေ့လယ်မွန်းတည့်ချိန်တွင် ပြင်းထန်လှသော နေရောင်ခြည်ထဲ၌ မည်သူမျှ လှုပ်ရှားသွားလာလေ့ မရှိပါ။

ရွာလယ်ကောင်တွင် သစ်ခေါက်ပင်ကြီးတစ်ပင် ရှိသည်။ ဖောင်းကြွနေသော သစ်ပင်ကိုယ်ထည်မှ ပုံပျက်ပန်းပျက် သစ်ကိုင်းများသည် ထိုးထိုးထောင်ထောင် ထွက်နေကြသည်။ တောကျီးကန်းများသည် ပိုးဟပ်များပမာ သစ်ကိုင်းများပေါ်၌ နားနေကြသည်။ ထိုသစ်ပင်၏ ပတ်ပတ်လည်တွင် သက်ကယ်တဲများ ဝိုင်းရံနေပြီး ထိုသက်ကယ်တဲများ၏ ဟိုဘက်တွင် ထွန်ယက်ထားသော လယ်ကွင်းများ ရှိသည်။ လူပင်များသည် နေရောင်ခြည်ထဲ၌ စိမ်းစိမ်း စိုစို ရှိနေကြသည်။

ထိုရွာဆီသို့ ဦးတည်နေသော လမ်းကြမ်းပေါ်တွင် လင်းရိုဗာကားတစ်စီး ခပ်ဖြည်းဖြည်း မောင်းနှင်လာနေသည်။ ထိုမော်တော်ကားသည် ကြမ်းတမ်းသော လမ်းဆိုးပေါ်တွင် ယိမ်းယိုင်ခါယမ်းရင်း နှေးကွေးစွာ လာနေသည်။ မော်တော်ကား၏ ဘေးနှစ်ဖက်တွင် အေအာစီဆိုသော စာလုံးများကို ရေးထားသည်။ အာဖရိကအလုပ်သမားစုဆောင်းရေး ကော်ပိုရေးရှင်းမှ ကားတစ်စီးပင်တည်း။

မော်တော်ကားသံကို ကလေးသူငယ်များက ပထမဦးစွာ စတင်၍ကြား ကြသဖြင့် သက်ကယ်တဲများထဲမှ လေးဘက်တွားပြီး ထွက်လာကြသည်။

သူတို့သည် လင်းရိုဗာထံသို့ ပြေးသွားကြပြီး ရယ်မောအော်ဟစ်ရင်း မော်တော်ကားနံဘေးတွင် ကခုန်နေကြသည်။ လင်းရိုဗာမော်တော်ကားသည် အရိပ်အာဝါသ သိပ်မရှိသောသစ်ခေါက်ပင်ကြီးအောက်၌ ထိုးရပ်လိုက်၏။ အသက်အရွယ်ကြီးရင့်လာပုံရသော လူဖြူတစ်ယောက် မော်တော်ကားပေါ်မှ ဆင်းလာသည်။ သူသည် ကာကီရောင်ဆာဖာရီဝတ်စုံကို ဝတ်ဆင်ထားပြီး အနားကျယ်သော ဦးထုပ်ကြီးတစ်လုံးကို ဆောင်းထားသည်။ ဆူညံနေမှုများ လုံးဝငြိမ်ကျသွားပြီးနောက် အသက်ခပ်ကြီးကြီး ချာတိတ်တစ်ယောက်က ခွေးခြေ တစ်လုံးကို ယူလာပြီး အရိပ်ထဲတွင် ချပေးလိုက်သည်။

ထိုလူဖြူသည် ခွေးခြေပေါ်၌ ထိုင်နေသည်။ ဤတွင် အမျိုးသမီးကလေး တစ်ယောက် ရောက်လာပြီး သူ့ရှေ့တွင် ဒူးထောက်၍ ဗူးသီးခြောက်ထဲ၌ ထည့်ထားသော လူ့ဆန်နှင့် ဖောက်ထားသည့် ဘီယာတစ်ခွက်ကို ကမ်းပေး လိုက်သည်။ ထိုလူဖြူသည် ဗူးသီးခြောက်ထဲမှ ဘီယာကို မော့သောက်လိုက်၏။ မည်သူမျှ စကားမပြောကြပါ။ ဂုဏ်သရေရှိ ဧည့်သည်တော်ကြီး စားသောက် နေစဉ် မည်သူကမျှ အနှောင့်အယှက် ပေးကြမည် မဟုတ်ပါ။ သို့ရာတွင် သက်ကယ်တဲများထဲမှ လူကြီးများ ထွက်လာကြလေပြီ။ သူတို့သည် ထိုလူဖြူ၏ ရှေ့တွင် လခြမ်းသဏ္ဌာန် ဆောင့်ကြောင့်ထိုင်လိုက်ကြ၏။

ထိုလူဖြူက ဗူးသီးခြောက်ကို ဘေးသို့ ဖယ်လိုက်ပြီး လူမည်းများအား ကြည့်လိုက်၏။

"ကျုပ် မိတ်ဆွေတွေနဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ထိုလူဖြူက နှုတ်ဆက်လိုက်ရာ အားလုံးက ဝမ်းသာအားရ ပြန်နှုတ် ဆက်ကြသည်။

"ကင်းကူလူးရဲ့ ဇနီးတွေရှေ့ကို တိုးခဲ့ကြ"

ထိုလူဖြူက ပြောလိုက်၏။

"သူတို့က သားဦးတွေကို ချီပြီး ရှေ့တိုးလာကြ"

အမျိုးသမီးလေးယောက်နှင့် လူမျိုးဖော်ဝင်ခါစ ကလေးလေးယောက်သည် ရှေ့သို့ ရှက်ကိုးရှက်ကန်းနှင့် တိုးလာကြသည်။ ထိုလူဖြူသည် ၎င်းတို့အား ခေတ္တမျှ လေ့လာလိုက်ပြီးနောက် မတ်တတ်ရပ်လိုက်ပြီး ရှေ့သို့ တိုးလိုက်၏။ သူက အကြီးဆုံး သားနှစ်ယောက်၏ ပခုံးပေါ်တွင် လက်တစ်ဖက်စီကို တင် လိုက်သည်။

သူက ပြောလိုက်၏။

"မင်းတို့အဖေဟာ သူ့အဖေတွေနောက်ကို လိုက်သွားပြီ"

ဤတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး အသက်ပြင်းပြင်းရှူသံ၊ ရုတ် တရက် ငိုရှိုက်သံများ ဖြစ်ပေါ်လာသည်။ ထို့နောက် ထုံးစံအတိုင်း အကြီးဆုံး ဇနီးဖြစ်သူသည် ရှေ့သို့ တိုးထွက်လာပြီး ငိုချလိုက်လေတော့သည်။

ကျန်ဇနီးများကလည်း တစ်ယောက်ပြီးတစ်ယောက် မြေကြီးပေါ်သို့ ဒူး ထောက်၍ ထိုင်ချလိုက်ပြီး ဦးခေါင်းကို ရှာစောင်များနှင့် ဖုံးအုပ်လိုက်ကြသည်။

"သူသေရှာပြီ"

လူဖြူပုဂ္ဂိုလ်ကြီးက ထပ်ပြောလိုက်ပြန်၏။

'ဒါပေမဲ့ သူ့နာမည်ဟာ ကမ္ဘာတည်သရွေ့ တင်ကျန်ရစ်ခဲ့အောင် ဂုဏ်ရှိရှိနဲ့ သေခဲ့တာပါ။ သူ သေဆုံးရတဲ့ ကိစ္စဟာ သိပ်ဂုဏ်ယူထိုက်တဲ့အတွက် သူ့ဇနီးတွေကို တစ်သက်လုံး လစဉ် ငွေကြေးထောက်ပံ့သွားပါမယ်၊ ပြီးတော့လည်း သူ့သားတွေ တက္ကသိုလ်မှာ စာသင်ခွင့်ရရှိအောင် အစီအစဉ်တွေ ပြုလုပ်ထားပြီးပါပြီ၊ ဘစ်ကင်းရဲ့ ရုပ်တုကိုလည်း ကျောက်သားနဲ့ ထွင်းထုထားပါမယ်၊ ဘစ်ကင်းရဲ့ ဇနီးတွေနဲ့ သူ့သားတွေဟာ သူတို့ခင်ပွန်း၊ သူတို့ဖခင် ရဲ့ ရုပ်တုကိုကြည့်ကြဖို့ လေယာဉ်ပျံကြီးနဲ့ ခရီးထွက်ခွင့်ရကြပါလိမ့်မယ်"

ထိုပုဂ္ဂိုလ်ကြီးသည် အသက်ရှုနိုင်ရန် ခေတ္တမျှ ရပ်တန့်လိုက်ပြန်၏။ သူသည် ကျဲကျဲတောက်ပူနေသော နေရောင်ခြည်ထဲတွင် ရှည်လျားလှသည့် မိန့်ခွန်းကြီးကို ခြွေလိုက်ရသောကြောင့်ပင်တည်း။ သူက မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်လိုက်၏။

"သူဟာ ကေသရာဇာ ခြသေ့ကြီးပါပဲ"

လူဖြူကြီးနှင့် ယှဉ်၍ရပ်နေသော ဆယ်နှစ်နှစ်ရွယ် ချာတိတ်ကလေး၏ မျက်လုံးထဲမှ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာတော့သည်။ ထိုချာတိတ်သည် ချာခနဲ လှည့်လိုက်ပြီးနောက် လယ်ကွင်းထဲသို့ တစ်ယောက်တည်း ထွက်ပြေးသွားလေတော့သည်။

❐

[၅၁]

ကစ်ချနာဗီးလ် ဖော်တော်ကားကုမ္ပဏီမှ အရောင်းမန်နေဂျာ ဒင်းနစ်လန်ဂလီသည် သူ့လက်နှစ်ဖက်ကို ဖိမ်ရှိလှစွာ ဦးခေါင်းပေါ်သို့ မြှောက်တင်လိုက်၏။ သူက ကျေနပ်မှုအပြည့်အဝနှင့် သက်ပြင်းချလိုက်သည်။

"ပျော်ရဲ့လား"

သူ့နံဘေး၌ရှိနေသော ဟက်တီဒီလန်နီချ်က လန်ဂလီအား မေးလိုက်၏။ လန်ဂလီက အဖြေပေးသည့်အနေဖြင့် ပြုံးပြီး သက်ပြင်းချလိုက်သည်။

ထိုအခိုက်တွင် အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံစူးစူးရှရှ ထွက်ပေါ်လာသည်။ နှစ်ယောက်အိပ် ခုတင်ပေါ်၌ အိပ်နေသော ဒင်းနစ်လန်ဂလီ သည် ကြောက်ရွံ့သွားသော မျက်နှာထားနှင့် ဆတ်ခနဲထထိုင်လိုက်၏။ သူက ပြောလိုက်သည်။

"ဘယ်သူများပါလိမ့်"

"အမဲသား လာပို့တာ ဖြစ်ချင်ဖြစ်မှာပါ"

"အဲဒါ ကိုယ့်မိန်းမ ဖြစ်ချင်ဖြစ်နိုင်တယ်"

ဒင်းနစ်က သတိပေးလိုက်၏။

"သွားမဖွင့်နဲ့ကွာ"

"ကျွန်မက တံခါးကို သွားမဖွင့်လို့ ဖြစ်ပါမလား ကိုလူအရဲ့"

ဟက်တီသည် အိပ်ရာဝင်ဝတ်စုံကို ကမန်းကတန်း ရှာ၍ ဝတ်ဆင်လိုက်ပြီးနောက် အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်၏။ တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် ဟက်တီသည် လုံလုံလဲလဲရှိသွားအောင် ညဝတ်အကျႌကို လက်တစ်ဖက်နှင့် ဆွဲစေလိုက်သလို ဆံပင်ကိုလည်း အနည်းငယ် ကြည့်ကောင်းသွားအောင် ကျန်လက်တစ်ဖက်နှင့် ပွတ်သပ်လိုက်သည်။

"ဟယ်လို"

ဟက်တီ အသက်ရှုမှားသွားသည်။ တံခါးဝ၌ မတ်တတ်ရပ်နေသော အရပ်ရှည်ရှည် ပုဂ္ဂိုလ်သည် ဒင်းနစ်ထက် ပို၍ပင် စိတ်ကူးယဉ်စရာကောင်းသူ ဖြစ်သည်။ သူသည် အရောင်ရင့်ရင့်ဝတ်စုံကို ဝတ်ဆင်ထားပြီး တန်ဖိုးကြီးမားသော သားရေအိတ်တစ်လုံး ကိုင်ထားသည်။ ထိုသူက မေးလိုက်၏။

"မစ္စစ် ဒီလန်နီချ်ပါလား ခင်ဗျာ"

သူ့အသံကလည်း အင်တန် ချစ်စရာကောင်းနေသည်။

"ဟုတ်ကဲ့ရှင်၊ ကျွန်မ မစ္စစ်ဒီလန်နီချ်ပါ"

ဟက်တီက မျက်တောင်မွေးများကို ပုတ်ခတ် ပုတ်ခတ် ပြုလုပ်လိုက်၏။

"အထဲကို မဝင်တော့ဘူးလားရှင်"

ဟက်တီက ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

"ကျွန်မ ဘာများ ဆောင်ရွက်ပေးရပါမလဲရှင်"

"ကျွန်တော်ကတော့ 'ဆန်လန်း' အသက်အာမခံ ကုမ္ပဏီရဲ့ ဒေသခံ ကိုယ်စားလှယ်ပါ မစ္စစ်ဒီလန်နီချ်၊ ကျွန်တော်က ခင်ဗျားကို ဝမ်းနည်းစကား

လာပြောတာပါ။ ကျွန်တော် စောစောကတည်းက လာဖို့ပါပဲ။ ဒါပေမဲ့ ပုဆွေးသောကရောက်နေကြတုန်းမှာ ကျွန်တော် လာပြီး ဒုက္ခမပေးချင်လို့ပါ"

"ရှင်"

ဟက်တီက မျက်လွှာချလိုက်ပြီးနောက် ပူပူနွေးနွေး မုဆိုးမကလေးတစ်ဦး၏ ဟန်ပန်အမူအရာကို အပြည့်အဝ သရုပ်ဆောင်လိုက်သည်။

"ဒါပေမဲ့ ခင်ဗျားရဲ့ ပတ်ပတ်လည်မှာ ဖုံးလွှမ်းနေတဲ့ အမှောင်ထုကို လင်းချင်းသွားအောင် ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်၊ ခင်ဗျား ခင်ပွန်းက ကျွန်တော်တို့ကုမ္ပဏီမှာ အသက်အာမခံ ပေါ်လစီတစ်စောင် ဝယ်ထားတာကိုတော့ သိမှာပေါ့နော်"

ဟက်တီက ခေါင်းခါလိုက်၏။ သို့ရာတွင် ကိုရွှေစည်သည်က သားရေအိတ်ကို ဖွင့်လိုက်ချိန်တွင် စိတ်ဝင်တစား ငေးကြည့်နေမိသည်။

"ဟုတ်တယ်၊ သူ ပေါ်လစီတစ်စောင် ဝယ်ထားပါတယ်၊ လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက ရုတ်တရက် သေဆုံးသွားမယ်ဆိုရင် လျော်ကြေးနှစ်ဆပေးတဲ့ ပေါ်လစီတစ်ခုကို သူဝယ်ခဲ့ပါတယ်။ အဲဒီပေါ်လစီအတွက်ရမယ် လျော်ကြေးငွေက ခင်ဗျားဆီကို အလိုလိုရောက်လာပါတယ်"

အာမခံကုမ္ပဏီမှ ပုဂ္ဂိုလ်သည် စာရွက်ကလေးတစ်ရွက်ကို ထုတ်ယူလိုက်၏။

"ကျွန်တော့်ဆီမှာ လျော်ကြေးငွေ အပြည့်ထုတ်ပေးမယ် ချက်လက်မှတ်တစ်စောင် ပါလာတယ်။ ခင်ဗျားက လက်မှတ်ထိုးပေးလိုက်ဖို့ပဲ လိုပါတယ်။

"ဘယ်လောက်လဲ"

ဟက်တီသည် ပူပူနွေးနွေး မုဆိုးမကလေးအဖြစ် ဆက်လက်၍ ဟန်မဆောင်နိုင်တော့ချေ။

"လျော်ကြေးနှစ်ဆပေးရမယ်ဆိုတော့ ရန်းငွေလေးသောင်းရှစ်ထောင်ပါခင်ဗျာ"

ဟက်တီသည် ဝမ်းသာသွားမှုကြောင့် မျက်လုံးမျက်ဆန်ပြူးသွားရလေတော့သည်။

"နိပ်လိုက်တာရှင်၊ သိပ် နိပ်တာပဲ"

❐

[၅၂]

ဟာရီဟာတ်ရှိဖဲလ်၏ မူလ ရည်ရွယ်ချက်သည် နောက်ပိုင်းတွင် သိသိသာသာ ပိုကြီးမားလာသည်။ မူလက အဆောင် ဖြဖြ တွင် ရှိသော ကွန်ကရီလောင်းထားသည် တွင်းဝမှ ကွန်ကရီမျက်နှာပြင်ပေါ်၌ ဂုဏ်ပြုစာတန်း ကပ်ပေးထားမည်ဆိုသည့်အစား ဘစ်ကင်း၏ ရုပ်တုကို ကြေးရုပ် သွန်းလုပ်ပေးရန်အထိ ကြီးကျယ်လာသည်။ ထိုကြေးရုပ်ကို ဆွန်ဒါဒစ်၍ အုပ်ချုပ်ရေးအဆောက်အအုံရှေ့ ရှိ မြက်ခင်းပြင်ပေါ်၌ အနက်ရောင်ကျောက်သား အောက်ခံပေါ်တွင် တင်ပေးထားမည် ဖြစ်ပြီး ကြေးရုပ်ထားမည် နေရာကိုပင် ရွေးချယ်ထားပြီး ဖြစ်ပေသည်။

ထိုဆောင်ရွက်ချက်သည် အလွန်ထိရောက်ပါပေသည်။ ပန်းပုဆရာက ဘစ်ကင်း၏ ခွန်အားဇလကို ပေါ်လွင်အောင် သွန်းလုပ်ပေးနိုင်ခဲ့သည်။ စာတန်းကလည်း ရှင်းလှပါသည်။ ထိုပုဂ္ဂိုလ်၏ အမည်ဖြစ်သော 'ကင်းကုလုံး'နှင့် ကွယ်လွန်သော ရက်စွဲတို့ကိုသာ ဖော်ပြထားသည်။

ဟာရီသည် အခမ်းအနားများကို ရွံမုန်းသောကြောင့် တတ်နိုင်သလောက်ရှောင်လေ့ရှိသော်လည်း ယခု ရုပ်တုဖွင့်ပွဲကိုမူ သူကိုယ်တိုင် တက်ရောက်လာသည်။ သူနှင့် မျက်နှာချင်းဆိုင်နေရာ၌ ရှိနေသော ရှေ့ဆုံးတန်း၌ သူ့မြေးမကလေးတယ်ရီသည် ဒေါက်တာစတန်းဒါးနှင့် အသစ်ကျုပ်ချွတ်ဇနီးကလေး ဖြိုးတို့၏ နံဘေး၌ ထိုင်နေသည်။ တယ်ရီက သူ့အဘိုးအား မျက်စပစ်ပြလိုက် ရာ အဘိုးကြီးက ချစ်စနိုးမျက်နှာထားနှင့် တယ်ရီ့အား မျက်မှောင်ကုပ်ပြီး ပြန်ကြည့်လိုက်၏။

ဟာရီဟာက်ရှိဖဲလ်ဘေး၌ ထိုင်နေသော အိုင်းရှန်းဆိုက်ဒ်သည် ချယ်ယာမင်းကြီးအား ပရိသတ်နှင့် မိတ်ဆက်ပေးရန် မတ်တတ်ရပ်လိုက်သည်။ တယ်ရီသည် ဟာရီအား ကြည့်နေရာမှ လက်နှစ်ဖက်စလုံးကို ပလတ်စတာကိုင်ထားရပြီး လည်ပင်းတွင် သိုင်းကြိုးနှစ်ချောင်းနှင့် ချိတ်ဆွဲထားရသည် အိုင်းရှန်းဆိုက်ဒ်ထံသို့ အာရုံပြောင်းသွားသော သူ့မြေးမလေး၏ မျက်နှာပေါ်မှ အမူအရာ

ကို သတိထားလိုက်မိသည်။

"ဘာပဲပြောပြော ဒီငတိကို အလုပ်က ဖြုတ်ပစ်သင့်တယ်"ဟု ဟာရီ ဟာက်ရှ်ဖဲလ်က တွေးလိုက်၏။

"ငါ့အုပ်စုထဲက ငါ့သွေးသားတစ်ယောက်ကို သူက ဖဲထုတ်သွားတော့မှာ"

ထို့နောက် ဟာရီသည် ဂျင်နရယ် မန်နေဂျာဖြစ်သူ အိုင်းရွန်းဆိုက်ဒ်အား သေားစောင်းမွေ၍ လှမ်းကြည့်လိုက်ပြီး စိတ်ပျက်လက်ပျက်နှင့် ဆုံးဖြတ်ချက် ချလိုက်ပြန်၏။

"ဒါပေမဲ့ သိပ်နောက်ကျသွားပြီ၊ ဘာပဲပြောပြော ဒီသူငယ်ကတော့ မိကောင်းဖခင် သားသမီးတစ်ယောက်နဲ့ တူရှာပါတယ်"

သူတွေးနေသော အတွေးများသည် လိုင်းပြောင်းသွားပြန်၏။

"သူ့ကို ရုံးချုပ် ပြောင်းရွှေ့ပေးဖို့ စပြီး စိစဉ်ရင် ကောင်းလိမ့်မယ် ထင်တယ်။ သူ့ကို မွန်မွန်ရည်ရည် ရှိလာအောင် သင်ပေးဖို့ လိုလိမ့်မယ်"

ဟာရီဟာက်ရှ်ဖဲလ်သည် ဆေးလိပ်သောက်ရန် ရည်ရွယ်ချက်မရှိပါဘဲနှင့် အလွန်ပြင်းပုံရသော ကြီးမားလှသည့် ဆေးပြင်းလိပ်ကြီးတစ်လိပ်ကို ရှေ့ဖုံးအင်္ကျီ အိတ်ထဲမှ ထုတ်ယူလိုက်သည်။ ထိုဆေးပြင်းလိပ်သည် သူ့နှုတ်ခမ်းဆီသို့ ရောက်ရန် လမ်းတစ်ဝက်သို့ အရောက်တွင် ဒေါသနှင့် လှမ်းကြည့်လိုက်သော တယ်ရီ၏ မျက်နှာထားကို မြင်လိုက်ရလေ၏။ သူ့နှုတ်ခမ်းများက အသံမထွက် သော်လည်း 'ဘိုးဘိုး ဆရာဝန်က မသောက်နဲ့လို့ မှာထားတယ် မဟုတ်လား' ဆိုသော စကားကို ပြောနေပုံရသည်။

ဟာရီဟာက်ရှ်ဖဲလ်သည် အပြစ်ရှိသူပီပီ ထိုဆေးပြင်းလိပ်ကြီးကို အင်္ကျီအိတ် ထဲသို့ ပြန်ထည့်လိုက်ရလေတော့သည်။

မောင်မြင့်ကြွယ်

စတင်ပြန်ဆို၊ ၁၉-၆-၈၃။
စာပြီးနေ့၊ ၂၆-၇-၈၃။
စာပြီးချိန်၊ ၂၄:၀၀ နာရီ။